www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇွန်လ ဖေဖေဖြိုးရိုလ၊ အတွဲ (၁)၊ အမှတ် (၁)

ဇာတ်ဆိုးကြီး

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ဘုရား

အောင်စေပိုင် စီစဉ်ဖန်တီးသည်

5 JAN 2014

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ
အတွဲ(၈)၊ အမှတ်(၈)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လတ်ဆေယ်ဖြာထိပ်မှာမိုးဂ၌
ရှိခိုးပူဇော်ကန်တော့ပါ၏။

ခို့တာခန်အစရေးဦးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီး
သူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခေ့ွန်းကြ။

နိုင်ငံခရေး ဦးတည်ချက် (၄) ချပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ပိုမိုရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားခရေး ဦးတည်ချက် (၄) ချပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဇန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုခရေး ဦးတည်ချက် (၄) ချပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်၎င်းအကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည် ပြည်ထောင်စုစိတ်ဓာတ်ရင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး

သက်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယ္ယ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးဘုရားသမိုင်း

- သရက်တောရွာ လောကမာရဇိန်ဘုရား. . . . . ကျော်လင်း(မြစ်ခြေ) ၇
- ခမ္မစတ္တစေတီတော်နှင့်. . . . . မြမင္ဂုဇေ(ကျုံမငေး) ၂၆
- သင်္ဃာဆုတောင်းပြည့်စေတီတော်နှင့်စိန်တုံးမိဖုရား(၄) ... ခင်ခင်ဝင်း(မောရဝတီ) ၅၀
- ၁၀၈ တောင် မဟာဗောဓိ စွယ်တော်ရှင် ... မင်းထက်ကျော် ၈၅
- ဝဋ်ကြွေးတော်ဖြေမှာ အပန်းတော်ပြေစရာ ... ကိုအေးမြင့်(ရွှေး/သု) ၁၁၀
- ညောင်ရွှေမှသည် ကျောက်နီဆီသို့. . . . . ဗေဒသုတေသီဆရာမျိုး ၁၄၀
- ရွှေတိဂုံရင်ပြင်တော်ထက်မှ ရှင်စောပုဘုရား ... သက်နှင်းဆွေ(ပုပ္ပါး) ၁၆၂

ဘာသာရေးသုတ/ရသဆောင်းပါး

- အစားစားရင်း မင်္ဂဖိုလ်ရအောင်. . . . . မေတ္တာရှင်ရွှေပြည်သာ ၁၂
- ကိုယ့်ကိုယ်ကိုချစ် လူအစစ် ... မင်းဓမြင့်(မုဒုံ) ၁၈
- ဗြဟ္မစိုရ်တရားတော် ... ခမ္မာစရိယဦးဌေးလှိုင် ၂၀
- ခမ္မသဝန ... ယောဂီစောလွင် ၃၂
- အံ့ဖွယ် သက်စွန့်လှူဒါန်းသူ ... တက္ကသိုလ်သျှင်သီရိ ၃၆
- မင်္ဂလာအခမ်းအနားနှင့် နေရာထိုင်ခင်းများ ... မောင်မိုးဦး ၃၅

မန္တန်၊ ဂါထာ၊ ကျင့်စဉ်

- ရွှေလင်းယုန်ဆရာတော်ကြီးခံမြွှင့်သော. . . . . ဦးကျော်(မြည်) ၁၆
- မဟာသမယသုတ်တော်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ... သန်းမြင့်ဝေ(ရာမည) ၄၂
- ကျော်အောင်စံထားဆရာတော် ကျန်းမာရေးဂါထာ ... ဂမ္ဘီရဆရာလှမျိုး ၄၉
- ပဌာန်းမြတ်တန်ခိုးတော် ... ခွန်ဦးမွန်(ကျုံဒါး) ၅၈
- သက်ရှည်ကျန်းမာ သက်တော်ဆိုင်ရာသုံးဂါထာ ... အောင်ကောင်းမြ(သာကေတ) ၁၂၉
- ကပ်ရောဂါနှင့် အမိန့်တော်ပြန်တမ်း ... ကျော်သန်းစံ ၁၆၈
- ထီပေါက်စေသောဂါထာ ... ဝေယံဦး ၁၉၃
- အန္တရာယ်လည်းကင်း ဥစ္စာလည်းတိုးတဲ့. . . . . ကိုရွှေမြသန်း ၂၃၅

တိုင်းရင်းဆေး

- ဆေးဖက်ဝင် ဥရွေဂါပင် ... နှောင်းသစ် ၁၃၂
- လူတိုင်းအတွက်သံပရာ ... သျှင်ထွေး(သန်လျှင်) ၁၇၁
- စားတတ်လျှင်ဆေး၊ မစားတတ်လျှင်ဘေး ... ရွှေထွန်းဇံ(ရွှေလှော်ကား) ၁၉၆
- အသုံးတည့်သော ဇော်ဂျီတောင်ဝှေးပင် ... မြည်စိုး ၂၁၁
- တိုင်းရင်းဆေးဝါးများနှင့် ရောဂါကုသနည်း ... ကျော်တင့်ဆွေ ၂၂၆
- လေးဖက်နာရောဂါပျောက်စေရာ ... မောင်မောင်သိန်း(ငယ်ကုန်း) ၃၁၁

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

ဗုဒ္ဓဝင်ရသ

- ဆွေးမအလိမ္မာ ဝိသာခါ ... သူရိန်ဝင်း(ဇီးကုန်း) ၄၅
- ဝစီစရိုက်နှင့် ကံကြီးထိုက်သူအကြောင်း ... လွမ်းသွင်နော်(မဟာသာဂ) ၆၂
- သီလကထာ ... သက်နှင်းဆွေ(ပုပ္ပါး) ၈၀
- ရပ်လျက်သောတာပန်တည်သောအိမ်ကွန်မ ... စိတ်မိုး ၉၆
- အလင်းရှင် ... မိုးဟိန်းကျော်(လပွတ္တာ) ၁၅၂

အထွေထွေသုတ၊ ရသဆောင်းပါး

- ထူးဆန်းထွေလာဤကမ္ဘာ ... မောင်လင်းအောင် ၁၀၁
- ဆန်းကြယ်ထူးခြား ကားဝိညာဉ်များ ... မောင်တင်ကြွယ်(မြည်) ၁၄၈
- စာအုပ်စင် ... သုတအံ့ ၁၅၅
- လှေဆိပ်မှာ ထူးဆန်းစွာပျောက်သွားတဲ့ဆရာတော်... ဦးအောင်စိုး ၁၈၃
- ဒေါ်အောင်ဆန်းစုကြည်အနာဂတ်ကံကြမ္မာ ... ဦးဇေယျာကို ၂၀၂
- တမလွန်သို့ရောက်ရှိနေသော..... ... ဆွေမြင့်(ကျောက်ဆည်) ၂၆၂
- မင်းဘူး နဂါးပွက်တောင်မောင်နှမ ... မကွေးညီစိမ့် ၂၇၂
- ကျိန်စာသင့်ခဲ့လေသလား ... ညွှန့်ဝင်း(နတ္တလင်း) ၂၃၃
- ဂမ္ဘီရဆန်သော ခြသေ့မာန်နှင့် ခြသံ ... ဘုန်းပြည့်လှဇေ(ဟသ်ဘတ) ၂၈၉
- ၇ ရက်သာ နန်းစံခဲ့ရသော..... ... ဦးညီကျော် ၃၀၉

ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ

- ဖြစ်လေရာဘဝဝယ် ... သုခ ၆၆
- ကြီးစိမ့်ရိုးပေါက်ကခြောက်တဲ့တစ္ဆေ ... ဧရာမြေထွန်းထွန်း ၁၂၄
- ထူးဆန်းသောသဲသောင်တံတားပေါ် ... ရိမိုဌေး ၁၃၄
- မှော်ဝင်မျက်နှာဖုံး ... ညီညီနိုင် ၁၅၈
- တောင်စောင့်နတ်ကျား ငန်းမြွေများ..... ... မင်းရဲကျော် ၁၇၂
- ကွန်တော်တွေ့ခဲ့ဖူးသော တစ္ဆေ ... မောင်သစ္စာ(ဃင်းတော်) ၁၈၈
- အကြောပြင်ဆရာကိုယ်တွေ့ ... မောင်မြင့်မား(ဗိုလ်ကလေး) ၁၉၈
- နောက်ဆုံးနှုတ်ဆက်သွားကြသူတွေ ... မင်းဟိန်းထိပ် ၂၁၂
- အဘွားပေးခဲ့သောအမွေ ... မြသိန်း ၂၂၀
- ဖုတ်ဝင်သူ အောင်လံထူ ... ပန်းတနော်နောင်လတ် ၂၂၄
- ထူးပေဆန်းပေသည်..... ... နန္ဒာမိုးကြယ် ၂၂၈
- မြပန်းနွယ် ရွှေဘုံသာဘုရားမှာရှိသည် ... ကောင်းသော် ၂၃၃
- ဝိညာဉ်လျှောက်သောည ... တင့်ထူး(ဇေယျဝတီ) ၂၄၆
- အိမ်တော်ကြီးမှ စန္ဒရားသံ ... ညီလေးငယ်(လယ်တော်) ၂၅၁
- နတ်ဗိုးတောင်ခရီး ... ဇလွန်ကျော်ဦး ၂၆၅
- ခြလူသား ... ဘန္ဒင်း(မြန်မာပြန်) ၂၇၉
- ကန်တော်ရှင်မောင်ဖိုးစိ ... မြရာဝင်မောင်တင်ယုံ ၂၉၃

www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌဂုဏ် အဟံ ဝန္ဒာမိ

အယ်ဒီတာချုပ်
မောင်ညီအေး (ပန်းတော)
တာဝန်ခံအယ်ဒီတာ
ပြည်စိုး (10 D)
မူတ်နာခုံးနှင့် အတွင်းဒီဇိုင်း
ငြိမ်မင်းကော်
ဖုံးပုံရုပ်ရေး
ဇန်းဇန်ဇွေး A7 Group
အတွင်းလေ့ - မိမိလေး၊ ယုန်လေး
ပြင်ဆင်ပုံစံ - ထင်ငင်းဆု
မူတ်နာခုံးအတွင်းဒီဇိုင်း - ကော့ခင်းမောင်
မူတ်နာခုံးနှင့် - မောင်မြင့်ငွေး
အတွင်းဆက်သွယ်ရန်
၁၀၁၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ သန့်စင်၊
ခုနှင့်နိုင်၊ အောင်နိုင်လတ်၊ ကော့ဦး၊ စကျူ၊
ကော့ဦးညီနှံ၊ ဆူးထက်အောင်၊ ပညတ်၊

ဘန်နီး - (၂၂၀၀)ကျပ်
အုပ်ရေ - (၅၀၀)

ထုတ်ဝေသူ
ဦးညီဇော်ထွန်း (၀၄၃၃၇)
အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၅၀၄၇၁။
အတွင်းလေ - ကိုမျိုးညွှန့် (A7 Group)
စာအုပ်ချုပ် - ဦးတင်လှ
မူတ်နာခုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

မန္တလေး	ထွန်းဦးစာပေ
	နဂါးစာပေ
ရှမ်းတောင်၊ ကယား	မီလံနာစာပေ
မော်လမြိုင်	ကျော်ကျော်
ပြည်	သုခ၊ နေစေး
နေပြည်တော်	မြတ်ရွှေတောင်စာပေ
နေပြည်တော်ပျဉ်းမနား	ဖြိုးဝေလွင်စာပေ
ပဲခူး	သဇင်
ဟသ်တ	တာလေးမောင်

အဆောင်၊ အစီအရင်၊ ယတြာ

- သဘာဝဘေးအန္တရာယ်ကင်းစေသောအဆောင် ... သစ္စာဝါဒီမြတ်စောလင်း ၁၀၈
- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၂၄၃
- လဆန်းရက်မှာခေါင်းလျှော်ပါ ... ခုစ်မမသက် ၂၄၅
- ဘုရားငါးဆူအင်းနှင့် စပ်လျဉ်း၍ ... ဦးကျော်(ပြည်) ၂၄၆
- ရှေးဟောင်းအင်းပညာနှင့်ခေါင်းကိုက်ဝေဒနာ ... ကိုနေဦးမောင်(ပခုက္ကူ) ၂၄၂
- သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ... အဝွမျိုး ၃၀၇
- ဇော်ဂျီဆေးကြိတ် စွေးခေါ်အစီအမံ ... ဦးကိုကိုအေး(ကြို့ပင်ကောက်) ၃၁၂
- ကောင်းကျိုးဝေဖြာ အမြစ်အညွှန့်ယတြာ ... ဆရာအောင်တိန်းဆက်(ပြည်) ၃၁၃

အသုံးချပညာရပ်များ

- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၀၈
- နာမကွဲရဆန်း ... ဝမ္မီရဆရာလှမျိုး ၂၃၃
- ၂၀၁၄၊ ဖေဖော်ဝါရီလအတွက် လိုအင်ဆန္ဒပြည့်ဝ
  အောင်မြင်စေမည့် (ကာ၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ ... ဆရာမြတ်ထွဋ်ခေါင် ၂၅၈
- ခုနစ်ရက်သားသမီး ... အောင်အတိတ် ၂၈၅
  ကံကြမ္မာဟောစာတမ်း အောင်နိမိတ်ဆရာ
- ၂၀၁၄၊ ဖေဖော်ဝါရီလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
  ၁၂ ရာသီ လင်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၂၉၈
- ၂၀၁၄၊ ဖေဖော်ဝါရီလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်ဘိုးမိုးနိုင် ၃၁၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လောကမာရဇိန်ဘုရားရှိ ရုပ်ပွားတော်

ဖြစ်ရေးရှိပို့ သရက်တောရှာ။

www.burmeseclassic.com

www.burmeseclassic.com

သရက်တောရွာ လောကဗာဂဝိန်ဒါကျွန်း

ကျော်လင်း(မြစ်ငယ်)



www.burmeseclassic.com

www.burmeseclassic.com

ရတနာပုံ မြို့တည်နန်းတည် ဘဝရှင် မင်းတုန်းမင်း တရားကြီးက သာသနာတော် အခွန်ရှည် တည်တဲ့စေရန် သာသနာသင်္ဂာရုဇ ၂၄၀၀ ပြည့်နှစ်တွင် ပဋ္ဌမ သင်္ဂါယနာကို တင်တော်မူခဲ့ပြီး ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာတင်တော်မူခဲ့ပါသည်။ ကျောက်စာတော်အချပ်ပေါင်း ၇၀၀ ကျော်ကို သီဟိုဠ်ပုံ ဂူငယ်များအတွင်းမှာ စိုက်ထူ ပူဇော်ခဲ့ခြင်းဖြစ်ပါသည်။ ထိုကျောက်စာချပ်တို့၏ အလယ် ၌ ကုသိုလ်တော်ဘုရားတစ်ဆူကိုလည်း တည်တော်မူခဲ့သည်။ ဘွဲ့တော်ကို "လောက မာရဇိန်ဘုရား" ဟု သမုတ်တော်မူခဲ့ပါ သည်။ ပျဉ်းမနားမြို့တွင်လည်း ထိုဘွဲ့တော်မျိုးရှိသည့် ဘုရား တစ်ဆူတည်ရှိသည်ဟု သိရပါသည်။ ဘုရားဒါယိကာမှာ မင်းတုန်းမင်းပင်ဖြစ်သည်ဟု သိရပါသည်။

မြန်မာနိုင်ငံတွင် ဘွဲ့မည်တော်တူသည့် ဘုရားပေါင်း များစွာရှိသည်။ ဥပမာအားဖြင့် ရွှေမုဋ္ဌောဘုရား၊ ဖောင်တော်ဦး ဘုရား စသည်တို့ဖြင့် ရှိကြသည်။ စာရေးသူပင် ဗဟုသုတ နည်း၍လောမသိ၊ "လောက မာရဇိန်" ဆိုသည့် ဘွဲ့တော်နှင့် မည်သည့်မြို့ ရွာများတွင် ရှိကြသေးသည်ကို မသိပါ။

စာရေးသူတို့ မြို့၏ အရှေ့ဖျား၌ မိုးသဲသဲရွာမှသာ ချောင်းကျွတတ်သည့် သဲချောင်းငယ်တစ်ခုရှိပါသည်။ ရွာကို အစွဲပြု၍ ထိုချောင်းကို "သရက်တောချောင်း" ဟု ခေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ချောင်း၏ အရှေ့ဘက်၌ သရက်တောရွာ တည်ရှိပါသည်။ ယခုအခါ မြစ်ခြေမြို့၏ သရက်တောရပ်ဖြစ်နေပါပြီ။ ထိုသရက်တောရွာ၌ ရပ်သူရွာသားအများ ကြည်ညိုသည့် သက်တော် (၇၈)နှစ်၊ ဝါတော် (၅၈)ဝါရှိသည့် ဆရာတော် ဦးသံဝရ သီတင်းသုံးတော်မူသည့် "အောင်မြေရန်ရောင်" ဟု ခေါ်သည့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းက ရွာ၏ မြောက်ဘက်တွင် ကားလမ်းမခြားလျက် တည်ရှိပါသည်။ ထိုအောင်မြေရန်ရောင် ကျောင်ဝင်းအတွင်းတွင် တင့်တယ်သပ်ပယ်လှသည့် စေတီတစ်ဆူလည်း ရှိပါသည်။ ဘွဲ့မည်တော်မှာ "လောက မာရဇိန်" ဟူ၍ပင် ဖြစ်သည်။



လောက မာရဇိန်ဘုရားမှာ ဥဇ္ဈာတော် ၄၃ပေ ၇လက်မ(၄၄ ပေခန့်) ရှိပြီး ကုလားကျောင်းခံ မုခ်ပေါက် ၃ပေါက်ပါ စေတီတစ်ဆူဖြစ်ပါသည်။ ကုလားကျောင်း၏ အထက် ပစ္စယံ ထောင့်လေးထောင့်တို့တွင် စေတီရန်လေးဆူနှင့် အထက်ပစ္စယံ နှစ်ဆင့်တို့၏ ထောင့်အသီးသီးတို့၌ ပန်းစိုက်အိုးများ ရှိကြပါသည်။ တတိယ ပစ္စယံအထက်တွင် စေတီပေါက်ထားပါသည်။ ကုလားကျောင်း၏ လိုဏ်အတွင်းဝယ် အနောက်ဘက်သို့ မျက်နှာတော်မူလျက် ဘူမိဖဿရ မုဒြာဖြင့် သီတင်းသုံးနေသည့် ရုပ်ပွားတော်ငယ် တစ်ဆူရှိပါသည်။ သီတင်းသုံးတော်မူသည့် ပလ္လင်ခုံ၏ အထက်ရှိ တံကဲတော်မှာ ကနတ်ပန်းအထပ်ထပ်ဖြင့် အလွန်ပင် တင့်တယ်လှပါသည်။

ဘုရားပွဲတော်ကို ယခုလက်ရှိ ဆရာတော် ဦးသံဝရ လက်ထက်၌ တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်နေ့နှင့် ၇ရက်နေ့တို့တွင် ကျင်းပပါသည်။ ဆရာတော်မတိုင်မီ ရှေးယခင် ပထမ ဆရာတော်ကြီး၊ အရပ်အခေါ် ဦးဘ၊ ဘွဲ့တော် ဦးဂန္ဓမာ၏ လက်ထက်ကမူ ထိုသို့မဟုတ်။ ရပ်ရွာမှ အလွန်သဘောကျ ကြိုက်နှစ်သက်ကြသည့် တရုတ်မမကြင်စိန်၏ ဇာတ်ပွဲလာရောက် ကနိုင်သည့်ရက်တွင်မှ ကျင်းပသည့်အတွက် ဘုရားပွဲရက်က သတ်သတ်မှတ်မှတ် မထားနိုင်ခဲ့ဟု ဆိုပါသည်။

ထိုစဉ် တရုတ်မ မကြင်စိန်၏ ဇာတ်ပွဲမှာ ချောက်မြို့တွင် အခြေတည်ပြီး ဆင်ဖြူကျွန်း၊ စလင်း၊ ပုဂံ-ညောင်ဦး၊ ချောက်၊ မြစ်ခြေ၊ စလေ ဆိုသည့် အလယ်ပိုင်းမြို့များတွင် အလွန်ပင် နာမည်ကျော်ကြား လူကြိုက်များလှသည့် ရုံ၊ ဗလာ နှစ်မျိုးလုံး ကသည်။ ဇာတ်၏ ဇာတ်စီး တရုတ်မ မကြင်စိန်မှာ စာမတတ်ရာပါ။ ဆရာတော် ဦးဘက ဇာတ်စာအဆို၊ အပြော၊ အပြောအချို့တို့ကို နှုတ်တိုက် သင်ကြားပေး၍ ဆရာရင်း၊ ဒကာရင်းလည်း ဖြစ်ကြပါသည်။ တရုတ်မ မကြင်စိန်၏ ဇာတ်စီးမှာ မင်းသမီးဖြစ်သည့်အတွက် မင်းသား

www.burmeseclassic.com

www.burmeseclassic.com

အပြောင်းအလဲများ ရှိခဲ့သည်။ အလင်္ကာကျော်စွာ ရွှေမန်း တင်မောင်၏ ဆရာအမယ်ကြီးအိုး အောင်စိန်ပင်လျှင် တရုတ်မ မကြင်စိန်၏ ဇာတ်မှာ ကဖူးသည်။ စွဲစွဲမြဲမြဲအရှိ ဆုံး မင်းသားများထဲမှ ရတနာပုံ အေးမောင် ဆိုသည့် မင်းသားမှာ မျက်လုံးမျက်ဖန်ကောင်းကောင်း နာတံပေါ်ပေါ် ဖြင့် ချောမောလှပသူဖြစ်သည်။ သရက်တောသူ/တောသား များသာမက၊ ရွာနီးချုပ်စပ်မှလည်း တရုတ်မ မကြင်စိန်ဇာတ် ဆိုလျှင် စွဲစွဲမြဲမြဲကြည့်ကြသည်။ ကိုးညကလျှင် ကိုးညလုံး ပင် ကြည့်ကြသည်။

ဆရာတော် ဦးဘခေါ် ဦးဂန္ဓမာမှာ သက်တော် ၇၄နှစ် အရွယ် သက္ကရာဇ် ၁၃၁၅ ခုနှစ်မှာ ပျံလွန်တော်မူသည်။ ပျံလွန်တော်မူစဉ်က ရပ်သူရွာသားများက ရက်ရည်လများ ပူတော်ထားကြသည်။ စံကျောင်း၊ ထီးဖြူရုံ၊ လောင်တိုက်၊ ပြာသာဒ်ပေါင်းများစွာ ညှော့ခံမဏ္ဍပ်ပေါင်းများစွာတို့အပြင် ဇာတ်ပွဲများ ရုပ်သေးပွဲ စသည်တို့ဖြင့် အလွန်စည်ကားလှပါ သည်။ ထိုစဉ်က စာရေးသူ၏ အသက်မှာ ၁၃နှစ်သာ ရှိ သေးသည်။ ယခု စာရေးသူ၏ အသက်မှာ ၇၄နှစ်ရှိပြီဖြစ် သည်။



ဆရာတော် ဦးဘခေါ် ဦးဂန္ဓမာသည် သက္ကရာဇ် ၁၂၄၁ ခုနှစ်တွင် မွှားမြင်သူဖြစ်၍ သီပေါမင်း ပါတော်မူသောအခါ ၆နှစ်သားအရွယ်ရှိပြီဖြစ်သည်။ ဆရာတော် ဦးပဉ္စင်းဖြစ်ပြီး လေးငါးခြောက်ဝါအရတွင် လောက မာရဇိန်ဘုရားကို ဘုရား အမ့ မယ်စိမ်းရောင်က ၎င်း၏ သားအား ပစ္စည်းများ လွှဲအပ် ပြီး သူ့အစား ဘုရားတည်ခိုင်းခဲ့သည်ဟု ဆိုပါသည်။ မယ်စိမ်း ရောင်သား၏ အမည်မှာ "ကိုငြိမ်း"ဖြစ်သည်။ ဘုရားတည်ဖို့ မောင်ငြိမ်းအား ဝဘဝန်ပေးထားပါကြောင်း၊ မုခ်ပေါက်ကို ဆင်ပင် ဝင်လောက်အောင် အကြီးကြီးပြုလုပ်ရန် မှာကြား ပါသော်လည်း လက်ရှိအရွယ်လောက်ပင် တည်ခဲ့သည်ဟု ဆရာတော်က ဆိုပါသည်။

ဆရာတော် ဦးဘ ပျံလွန်တော်မူပြီးနောက် ပုဂံ လောကနန္ဒာဘုရားနှင့် တည့်တည့် မြစ်လယ်ရှိ တောင် ဆယ်လံရွာကျောင်း၌ သီတင်းသုံးနေသည့် ဦးနာရဒ ဘွဲ့ တော်ခံ ဦးစောဖေက ဆက်ခံတော်မူသည်။ ဆရာတော် ဦးနာရဒနှင့် အတူ လက်ရှိဆရာတော် ဦးသံဝရမှာ အသက် ၁၇နှစ်အရွယ်နှင့် သရက်တော အောင်မြေရန်ရှောင်ကျောင်း သို့ ရောက်ရှိလာခဲ့သည်။ ဒုတိယဆရာတော် ဦးစောဖေ ခေါ် ဆရာတော် ဦးနာရဒမှာ သက္ကရာဇ် ၁၃၃၀ ခု၊ သက် တော် ၅၆နှစ်တွင် ပျံလွန်တော်မူသည့်အတွက် ထိုစဉ်မှစ၍ လက်ရှိ ဆရာတော် ဦးသံဝရက ဆက်လက် သီတင်းသုံး လျက်ရှိသည်။ ဆရာတော် ဦးသံဝရ၏ ယက်ထက်တွင်

www.burmeseclassic.com



တရုတ်မ မကြင်စိန်မှာလည်း အိုးမင်းရင့်ရော်နေ၍ ဇာတ်မကိုင်တော့ပေ။ သရက်တောသား တက်လူငယ်များလည်း အနယ်နယ်အရပ်ရပ်မှာ သွားရောက် အလုပ်လုပ်ကိုင်နေကြပြီဖြစ်သည်။ သို့ဖြစ်၍ အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေကြသူများကို စုစည်းမိစေရန် ဘုရားပွဲတော်ရက်ကို သတ်သတ်မှတ်မှတ် တန်ဆောင်မုန်းလဆန်း ၅ရက်၊ ၆ရက်ကို သတ်မှတ်လိုက်ကြသည်။

ဘုရားပွဲတော်ကို ထိုကဲ့သို့ သတ်မှတ်သည့်အပြင် ၅နှစ်လျှင် တစ်ကြိမ်ကျ သရက်တောရွာနှင့် မြစ်ခြေမြို့တွင်းသို့ မီးကြာလှည့်ပွဲ ပြုလုပ်ကျင်းပသည်။ မီးကြာ(မီးကျာ)လှည့်ပွဲဆိုသည်မှာ ပုံစံအမျိုးစုံသော မီးပုံးရောင်စုံအမျိုးမျိုးတို့ကို ဖယောင်းတိုင်ထွန်းညှိလျက် တစ်ဦးလျှင် တစ်ခုကျစီ ဝါးတံကလေးများထိပ်တွင် ကြိုးဖြင့် ချည်၍ ကိုင်ဆောင်ပြီး အရပ်ထဲသို့ မောင်ရိုမျိုးဖျအခိုန်မှစ၍ အိုးစည်ဗုံမောင်းအကအခုန်များဖြင့် လှည့်လည်ခြင်းဖြစ်သည်။ ထိပ်ဆုံးတွင် ရုပ်ပွားတော်မြတ်တစ်ဆူကို မီးအလှဆင်၍ လှည့်လည် အပူဇော်ခံခြင်းဖြစ်သည်။ အချို့ မြို့များတွင် ကျင်းပသည့် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲမျိုးဖြစ်သည်။ အနီးစပ်ဆုံး ဥပမာအနေဖြင့် ပခုက္ကူမြို့၌ နှစ်စဉ် သီတင်းကျွတ်လတွင် ကျင်းပသည့် ရွှေကူမြတ်စွာဘုရားလှည့်လည်ပွဲမျိုးပင် ဖြစ်သည်။ ယခုအခါ လျှပ်စစ်ထွန်းကားသည့် ကာလဖြစ်လာသည့်အတွက် လျှပ်စစ်မီးတထိန်ထိန်နှင့် စည်ကားစွာ လုပ်ဆောင်၍ လှည့်လည် အပူဇော်ခံခြင်းဖြစ်သည်။ ပခုက္ကူ၊ ပျဉ်းမနား၊ တောင်ငူ၊ ထားဝယ် စသည့်မြို့ ကြီးများမှာလောက်တော့ မကြီးကျယ်ပါ။ မည်သို့ပင်ဖြစ်စေ၊ ထိုအချိန်၊ ထိုကာလ ရောက်တိုင်း အနယ်နယ်အရပ်ရပ်တို့တွင် ရောက်ရှိနေကြသည့် သရက်တောသူ၊ သရက်တောသားများ ပြန်လာစုစည်းမိကြသည့်အတွက် ထိုအရပ်အတွက် အပျော်ရွှင်ဆုံးဖြစ်ကြသည်ကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။■

* * *

ကျော်လင်း(မြန်ခြေ)

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရှင် (ရွှေပြည်သာ)

အစာစားရင်း မင်္ဂိုလ်ရအောင် ကျင့်ဆောင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဒီတရားစခန်းပွဲမှာ ဝင်ရောက်ပြီး တရားရှုမှား အားထုတ်နေကြတဲ့ ယောဂီများကို ဦးဇင်းရေးသားနေတဲ့ "သညာသိနှင့် ပညာသိ" ကျမ်းစာအုပ်ထဲက "အာရုံခြောက်ပါးကို ဓမ္မအဖြစ် အသုံးချခြင်း" ဆိုတဲ့ အခန်းထဲက အစာစားခြင်းနဲ့ ပတ်သက်ပြီးတော့ စားသောက်ရင်းနဲ့ပဲ မင်္ဂိုလ်ရည်မှားအောင် ကျင့်ဆောင်ပုံများကို ထုတ်နုတ်ပြီး ကျေးဇူးဆပ် ဓမ္မလက်ဆောင်အဖြစ် ဟောပေးမှာ ယောဂီတို့။

ဒီလိုတရားတွေ မသိခင်အခါတုန်းက ယောဂီတို့မှာ အစာကို လောဘ(တဏှာ)နဲ့သာ စားခဲ့ကြတယ်။ ထမင်ဝိုင်းကို ရောက်တာနဲ့ ထမင်းများများစားရဖို့၊ ဟင်းများများစားရဖို့၊ ဒါကိုပဲ အာရုံစိုက်ကြတယ်။ အဲဒါကို လောဘ(တဏှာ)နဲ့ အစာစားတယ်လို့ ဆိုရပါတယ် ယောဂီတို့။

အခု ယောဂီတို့ဟာ အိမ်မှာ နေသလို မဟုတ်ကြတော့ဘူး။ မင်္ဂိုလ်တရားထူးတွေ ရအောင်ဆိုပြီး ဒီတရားစခန်းပွဲကို ရောက်လာကြခြင်းဖြစ်တယ်။ ပထမဆုံးအနေနဲ့ အစားအစာကို မေတ္တာနဲ့ စားပါလို့ အကြံပေးချင်တယ်။ အစားမစားမီမှာ "အစာအာဟာရကို ထုတ်လုပ်သူများ အားလုံး၊ ရောင်းဝယ်သူများအားလုံး လှူဒါန်းသူများအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်းၝ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ" လို့ မေတ္တာပွားပြီးမှ စားကြရမယ်။ မေတ္တာနဲ့ သုံးဆောင်ကြရမယ်။

အဲဒီလို မေတ္တာနဲ့ အစားအစာကို သုံးဆောင်တဲ့ ပုဂ္ဂိုလ်များကို ဗုဒ္ဓက ချီးကျူးစကား မိန့်ကြားတော်မူခဲ့တယ်။ ဘယ်လို မိန့်ကြားတော်မူခဲ့သလဲဆိုတော့ "ဒကာ၊ ဒကာမများနှင့် အလှူရှင်များအပေါ်၌ ငဲ့ညှာထောက်ထားပြီး အနည်းဆုံး နံသာတစ်ရှူလောက် မေတ္တာပွားလိုက်မယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ်၊ အဲဒီ ရဟန်း၊ အဲဒီ ယောဂီဟာ တိုင်းသူပြည်သားတွေရဲ့ ဆွမ်းကို အလကားစားရာ မရောက်တော့ဘူး။ တန်ရာတန်ကြေးပေးပြီး စားရာရောက်တယ်" တဲ့။ ဒါက ပထမအချက်။

ဒုတိယအချက်က အဲဒီလို မေတ္တာပွားပြီး အစာစားတဲ့ ပုဂ္ဂိုလ်ဟာ အလကားနေတာ မဟုတ်တော့ဘူး။ စွာန်တရားနဲ့ နေတဲ့ ပုဂ္ဂိုလ်။ မေတ္တာပွားနေတဲ့ အချိန်မှာ မေတ္တာစွာန်ကို ရနေတာနော်။

စတုတ္ထအချက်ကတော့ အဲဒီလို မေတ္တာပွားနေတဲ့ ယောဂီဟာ ငါဘုရားရဲ့ သာသနာတော်ကို ကြီးပွားတိုးတက်အောင် သာသနာပြုနေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ ချီးမွမ်းတော်မူခဲ့တယ် ယောဂီတို့။

အစားအစာ သုံးဆောင်တဲ့အချိန်မှာ သညာနှစ်မျိုး အကြောင်းကို ပြောပြချင်သေးတယ်။ "သမဏသညာ" နဲ့ "ယောဂီသညာ" ပေါ့။ စာပေမှာတော့ "သမဏသညာ" တစ်မျိုးပဲ ပြတယ်။ အခုအချိန်မှာ ယောဂီများလည်းပဲ သမဏသညာနည်းတူ ယောဂီသညာလည်း ရှိသင့်ပြီလို့ ယူဆတဲ့အတွက် ဒီမှာ ထည့်ပြောလိုက်တယ်။

သမဏသညာဆိုတာ ရဟန်းတစ်ပါးအနေနဲ့ အိပ်ချိန် မုတ်ပါး နှစ်ဆယ့်လေးနာရီကာလပတ်လုံး မိမိကိုယ်မိမိ "ငါသည် ကိလေသာကုန်ခန်းအောင် ကျင့်နေတဲ့ ရဟန်းပါလား" ဆိုတဲ့ အမှတ်သညာ ဘယ်တော့မှ မပျောက်ရဘူး။ အပြော၊ အဆို၊ အနေထိုင်၊ စိတ်ကူးဉာဏ်က စပြီး ရဟန်းဆိုတဲ့ အမှတ်သညာ မပျောက်ရသလို၊ ယောဂီများလည်း "ငါသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် အားထုတ်နေတဲ့ ယောဂီပါလား" ဆိုတဲ့ အမှတ်သညာ ဘယ်သောအခါမှ ပျောက်မသွားပါစေနဲ့။

အစာစားတဲ့အချိန်မှာလည်း "ငါသည် မဂ်-ဖိုလ်ရအောင် အားထုတ်နေတဲ့ ယောဂီဖြစ်တယ်။ သာမန်ကာလမျိုးက အလှူတစ်ခုမှာ စားနေတဲ့ ထမင်းမျိုး မဟုတ်ဘူး" လို့ အမှတ်သတိရှိနေရမယ်။

ယခု အရက်ဆွမ်း နေ့ဆွမ်းလှူကြတဲ့ ပုဂ္ဂိုလ်များဟာ ယောဂီတို့ သန္တာန်မှာ ရှိတဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးကို ရည်မှန်းပြီး လှူဒါန်းပူဇော်ကြခြင်း ဖြစ်တယ်။ ဒါကြောင့် ယောဂီများက သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို အချိန်နှင့်အမျှ မိမိသန္တာန်မှာ ရှိနေအောင် ကြိုးစားကြရမယ် ယောဂီတို့။

အဲဒီလိုလည်း မဟုတ်၊ တရားရအောင်လည်း မကြိုးစားဘဲနဲ့ အစာကိုသာ ဦးစားပေးပြီး စားကြ၊ နေကြမယ်ဆိုရင် အင်မတန် ကြောက်စရာကောင်းတယ် ယောဂီတို့။

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးပြည့်စုံအောင် မကြိုးစားဘဲနဲ့ ဒကာ၊ ဒကာမတွေ လှူးတဲ့ ပစ္စည်းလေးပါးကို မြိုသုံးဆောင်မယ်ဆိုရင် အကြွေးတင်တယ်။ အဲဒီအကြွေးကို နောင်ဘဝမှာ ခန္ဓာနဲ့ ဆပ်ရတယ်။ ဒါကြောင့် အကြွေးမတင်ကြစေနဲ့။

အဲဒီ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ပြည့်စုံနေရင် အလှူရှင်များရဲ့ လှူဖွယ်ပစ္စည်းကို သုံးဆောင်တာဟာ အရှင်သခင်အနေနဲ့ သုံးဆောင်တာ ဖြစ်တယ်။ မြန်မာလို ရှင်းအောင်ပြောရရင် သုံးဆောင်ထိုက်တဲ့ ဂုဏ်အင်္ဂါအရည်အချင်းရှိလို့ သုံးဆောင်နေတာဖြစ်တယ် ယောဂီတို့။

ယောဂီတို့ အစာစားတဲ့အခါမှာ တရားစခန်းမဝင်မီက အချိန်လို သဘောမထားကြနဲ့တော့။ ဗုဒ္ဓက ဓင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် အားထုတ်နေတဲ့ ယောဂီများ အစာစား

www.burmeseclassic.com

www.burmeseclassic.com

တဲ့အခါမှာ နလုံးသွင်းနည်းလေး ဟောပြထားတာ ရှိပါတယ်။

အစာစားတဲ့အခါ ဘယ်လို နလုံးသွင်းရမလဲဆိုရင် သေသွားတဲ့ မိမိရင်သွေးတစ်ယောက်ရဲ့ အသားကို မတတ်သာလို့ စားရတဲ့ သဘောမျိုး စားကြရမယ်တဲ့ ယောဂီတို့။

ဗုဒ္ဓက ဥပမာပေးလိုက်တာက လင်မယားနှစ်ယောက်တို့ဟာ ရင်ခွင်ပိုက် သားလေးကို ခေါ်ပြီး သူတို့မြို့ ရွာက ထွက်ပြေးကြရတယ်။ သူတို့ရဲ့ မြို့ရွာမှာ အင်မတန် ကြောက်စရာကောင်းတဲ့ ရောဂန္တရကပ်(အနာရောဂါဘေး)ကြီး ဆိုက်ရောက်လို့ လက်လွတ်. ထွက်ပြေးကြရတယ်။

သဲကန္တာရကြီးတစ်ခုကို ထွက်ပြေးကြရတဲ့အခါ လူတွေနေတဲ့ ဒေသမရောက်ခင်မှာပဲ နှနယ်တဲ့ သူတို့သားလေးက လမ်းမှာတင် သေဆုံးသွားရှာတယ်။ အစာရေစာလည်း ဘာမှ စားစရာမရှိတော့ဘူး။

ဒီအတိုင်းသာဆိုရင် မိခင်၊ ဖခင်တို့ နှစ်ယောက်ဟာလည်း သားလေးရဲ့ နောက်ကို လိုက်ပြီးတော့ သေကြရတော့မယ်။ အကယ်၍ သေသွားတဲ့ သားလေးရဲ့ အသားကို စားပြီး ခရီးဆက်မယ်ဆိုရင်တော့ လူသူရှိတဲ့ရွာကို သူတို့ ရောက်မှာပေါ့။

အဲဒီတော့ သူတို့ခမျာ သားကလည်း သေသွားပြီ။ သူတို့ပါ ဆက်အသေခံရင်တော့ အကျိုးနည်းတော့မယ်။ လူသူရှိတဲ့ နေရာအရောက် သွားနိုင်အောင် သားကလေးရဲ့ အသားကို စားတော့မယ်ဆိုပြီး ရင်နဲ့အမျှ ချစ်ရတဲ့ မိမိတို့ရဲ့ သားကလေးအသားကို ရင်နာနာနဲ့ပဲ စားရတော့တယ်။ အဲဒီလိုစားပြီးတော့မှ လူသူရှိတဲ့ နေရာကို အရောက်သွားနိုင်ခဲ့ကြတယ်။

ယောဂီများ အခု အစားအစာကို စားသောက်တဲ့အခါမှာ အဲဒီလို နလုံးသွင်းရမယ် ယောဂီတို့။ ယောဂီတို့ရှေ့မှာ ရှိတဲ့ အစားအစာတွေကို မိမိရင်သွေးရဲ့ အသားလို သဘောထားကြ။

ဒီခန္ဓာကြီး ဆက်လက်ရပ်တည်နိုင်ပါစေခြင်းအကျိုးငှာ၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ရစေနိုင်တဲ့ တရားကို နာကြားစေနိုင်ခြင်း၊ အားထုတ်နိုင်ပါစေခြင်းအကျိုးငှာ မတတ်သာလို့ စားရတဲ့ အနေမျိုးနဲ့ စားကြရမယ် ယောဂီတို့။

ယောဂီတို့..ပြတ်စွာဘုရားရဲ့ အဓိက ရည်ရွယ်ချက်က တဏှာဆိတဲ့ လောဘကို လွန်မြောက်နိုင်ဖို့ပဲ။ တဏှာဦးဆောင်တဲ့ ကိလေသာတွေ ကုန်ခန်းသွားစေချင်တာဟာ ဗုဒ္ဓရဲ့ အဓိက ရည်ရွယ်ချက်ကြီးဖြစ်တယ် ယောဂီတို့။

ဒါကြောင့် အစားအစာနဲ့ ပတ်သက်ရင် တဏှာကိလေသာမပေါ်အောင် အခုလိုပဲ ဆင်ခြင်ပေးရမယ်။

ဩော်...ငါတို့ ဒီအစာတွေကြောင့်သာလျှင် လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေ ပေါက်ဖွားတာ။ ဒီအစာတွေဟာ ရောဂါကိုလည်း ဖြစ်စေတယ်။ ကိလေသာကိုလည်း ဖြစ်ပွားစေတဲ့ အုရာတွေပဲလို့ အစားအစာပေါ်မှာ တဏှာမဝင်အောင် ဆင်ခြင်ရမယ် ယောဂီတို့။

တစ်ဖန် ယောဂီတို့ရဲ့ ပါးစပ်ထဲမှာ ဝါးနေတဲ့ အစာတွေကို ထွေးထုတ်ကြည့်လိုက်စမ်း။ ခွေးအန်ဖတ်လို အင်မတန်မှ ရွံစရာကောင်းတယ်။ အဲဒီလို ရွံစရာကောင်းတာကိုလည်း မကြာခဏ ဆင်ခြင်ရတယ်။

"ဩော်...ငါတို့ ပညာနဲ့ ဆင်ခြင်ပြီးတော့ မကြည့်တဲ့အခါ၊ သတိမထားတဲ့အခါ ထမင်းတွေ၊ ဟင်းတွေ ပါးစပ်ထဲထည့်၊ ထွက်လာတဲ့ တံတွေးတွေက စိုစွတ်၊ သွားတွေက ကြိတ်ချေဝါး၊ ခွေးအန်ဖတ်လို ဖြစ်နေတဲ့ဟာကို မမြင်တော့ ငါတို့မှာလေ တပ်မက်တဲ့ တဏှာနဲ့ မျိုချလိုက်ရတာ။ အမှန်စင်စစ် တွေးမြင်ကြည့်လိုက်ရင် ရွံစရာကြီးပါလား" လို့ စက်ဆုပ်ရွံရှာဖွယ်ရာကိုလည်း ဆင်ခြင်ပြီးတော့ အစားအစာကို သုံးဆောင်ရမယ်လို့ ဗုဒ္ဓက မှာခဲ့ပါတယ်။

ယောဂီတို့ အာရုံခြောက်ပါးရှိတယ်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံ။ အဲဒီ အာရုံခြောက်ပါးဟာ ရဟန္တာများလည်း ခံစားတယ်။ ပုထုဇဉ်များလည်း ခံစားတယ်။ ပုထုဇဉ်များကတော့ တရားမသိတဲ့အတွက် အာရုံခြောက်ပါးကို အပါယ်ရောက်ကြောင်းအနေနဲ့ ခံစားကြပါတယ်။ သောတာပန်၊ သကဒါဂါမ် စတဲ့ အရိယာပုဂ္ဂိုလ်များကတော့ ဒီအာရုံခြောက်ပါးကိုပဲ နိဗ္ဗာန်ရောက်ကြောင်းအနေနဲ့ ခံစားကြပါတယ်။

တကယ်တော့ အဲဒီအာရုံခြောက်ပါးက ရုပ်တရားတွေ ဖြစ်တယ်။ အာရုံခြောက်ပါးဟာ ဒုက္ခသစ္စာထဲမှာ ပါတဲ့အတွက်ကြောင့် မမြဘူးလို့ သိရမယ့် တရားသာဖြစ်တယ်။ ပယ်သတ်ရမယ့် တရားမဟုတ်ဘူး။ အာရုံခြောက်ပါးကို မီပြီးတော့ ဖြစ်ပေါ်လာမယ့် တဏှာသည်သာလျှင် ပယ်သတ်ရမယ့် သမုဒယသစ္စာဖြစ်ပါတယ် ယောဂီတို့။

ဒါကြောင့် ယောဂီများလည်း အာရုံခြောက်ပါးနဲ့ တွေ့ကြုံတိုင်း မိမိအတွက် နိဗ္ဗာန်အဖြစ် အသုံးချတတ်မယ်။ အခု အစားအစာကို စားတဲ့အခါ နိဗ္ဗာန်ရောက်အောင် အသုံးချပုံချနည်းကို ဦးဇင်းက ဟောပြပေးမှာ ဖြစ်ပါတယ်။

အကျဉ်းချုပ်ကတော့ အာရုံခြောက်ပါးဆိုတာ မမြဘူးလို့ သိရမယ့် ဒုက္ခသစ္စာသာ ဖြစ်ပါတယ်။ ပယ်သတ်ရမယ့် တရားမဟုတ်ပါဘူး။ ပယ်သတ်ရမယ့် တရားက သမုဒယသစ္စာ(တဏှာ)သာ ဖြစ်တယ်။

အခု ယောဂီတို့ ထမင်းလုတ်ကလေး လက်နဲ့ ပြင်ပြီးတော့ ပါးစပ်ထဲ ထည့်လိုက်တယ်။ ထမင်းလုတ်မှာ ရသာရုံ။ ယောဂီတို့ရဲ့ လျှာအလယ်က ဇိဝှာပသာဒရုပ်(လျှာအကြည်ရုပ်)။ သူတို့နှစ်ခု ထိတဲ့အခါမှာ စားသိစိတ်ကလေး ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

လာပါတယ်။

တကယ်တော့ အဲဒီ စားသိစိတ်ကလေးဟာ ထမင်းလုတ်ထဲမှာလည်း မရှိပါဘူး။ ထို့အတူ ဇိဝှါပသာဒလို့ ခေါ်တဲ့ လျှာအကြည်ရုပ်ထဲမှာလည်း မရှိပါဘူး။ သို့သော် ရသာရုံနဲ့ လျှာအကြည်ရုပ် ထိတွေ့တဲ့အခါမှာ စားသိစိတ်ကလေးဟာ ထွက်ပေါ်လာပါတော့တယ်။

ယောဂီတို့ ရှင်အောင် ဥပမာလေး ပေးရရင် ကြေးစည်ရယ်၊ လက်ရိုက်တုတ်ရယ် ရှိတယ်။ ကြေးစည်ကို လက်ရိုက်တုတ်နဲ့ ထိလိုက်တဲ့အခါ ကြေးစည်သံပေါ်လာတယ်။ သို့သော် အဲဒီ ကြေးစည်သံလေးဟာ လက်ရိုက်တုတ်မှာလည်း မရှိဘူး။ ခံကြေးစည်ထဲမှာလည်း မရှိဘူး။ ကြုံတင်ပြီးတော့ ရှိနေတဲ့ အရာမဟုတ်ဘူး။ ဒါပေမယ့် ကြေးစည်နဲ့ လက်ရိုက်တုတ် တွေ့လိုက်တဲ့အခါ ကြေးစည်သံဟာ ထွက်ပေါ်လာပါတယ်။ အမြဲမရှိဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ ယောဂီတို့။

ထို့အတူ စားရင် သိုးနတဲ့ စားသိစိတ်ဟာ တရားနဲ့ မဆင်ခြင်တတ်ခင် ယောဂီတို့က စားသိစိတ်ဟာ ငါ၊ ငါဟာ စားသိစိတ်၊ စားသိစိတ်ကလေးဟာ ငါ့လျှာမှာ၊ ငါ့ပါးစပ်မှာ အမြဲတမ်း ရှိတယ်လို့ အယူမှားခဲ့တယ်။

အခု ဆရာကောင်းတွေ့တော့ ယောဂီများ အယူမှန်ကို တွေ့ရုပါပြီ။ ဩော်...စားသိစိတ် နာမ်တရားဟာ လျှာထဲမှာလည်း ကြိုမရှိ၊ ရသာရုံထဲမှာလည်း ကြိုမရှိ၊ လျှာနဲ့ ရသာရုံ ထိတွေ့လိုက်တဲ့အခါမှသာ ခဏဖြစ်၊ ခဏပျက်သွားတဲ့ နာမ်တရားလေးပါးလောလို့ ယောဂီတို့ သိလိုက်ရင် သစ္စာလေးပါး တစ်ခါတည်း ပါဝင်သွားပါတယ်။

အဲဒီမှာ ရသာရုံရယ်၊ လျှာအကြည်ရုပ်ရယ်ဆိုတာက ရူပက္ခန္ဓာ၊ ရုပ်တရား။ သူတို့လည်း ဖြစ်ပြီး ပျက်တယ်။ လျှာအကြည်ရုပ်ဟောင်းချုပ်တဲ့ နေရာမှာ ရုပ်သစ် အစားထိုးလဲလှယ်ပေးတယ်။ ဖြစ်တာ၊ ပျက်တာ မြန်လွန်းအားကြီးတော့ ယောဂီတို့က လျှာအကြည်ရုပ်ကို မယျက်ဘူးလို့ ထင်ကြတာပါ။ တကယ်တော့ ဖြစ်လိုက်၊ ပျက်လိုက် တရစပ်ပါပဲ။ တစ်စက္ကန့်မှာ အကြိမ်ပေါင်း ကုဋေငါးထောင်ကျော်ဖြစ်ပြီးတော့ ပျက်သွားတာပါ။

စားသိစိတ် နာမ်တရားသည်လည်းပဲ လျှာအကြည်ရုပ်ပေါ်မှာပဲ တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်းဖြစ်ပြီး ပျက်သွားတာပါ။ စားသိစိတ်နဲ့ အတူဖြစ်တဲ့ စေတသိက် ခုနစ်လုံးထဲက ရသာရုံရဲ့ အရသာကို ခံစားတာက ဝေဒနာစေတသိက်(ဝေဒနာက္ခန္ဓာ)ပဲ ဖြစ်ပါတယ် ယောဂီတို့။

အဲဒီ ဝေဒနာစေတသိက်(ဝေဒနာက္ခန္ဓာ)ဟာလည်း ယောဂီတို့ လျှာထဲမှာလည်း ကြိုမရှိဘူး။ ရသာရုံထဲမှာလည်း ကြိုမရှိဘူး။ လျှာနဲ့ ရသာရုံတိုက်တဲ့အခါမှသာ ခဏဖြစ်ပြီး ခဏပျက်သွားတဲ့ နာမ်တရားပါပဲ ယောဂီတို့။

ဒီအစာကို နှစ်ပန်းကန်၊ သုံးပန်းကန်ကုန်အောင် စားမယ်။ ဝနေအောင် စားမယ်လို့ တိုက်တွန်းနှိုးဆော်တာဟာ စေတနာစေတသိက်(သဒ္ဓါရက္ခန္ဓာ)ဟာလည်း လျှာနဲ့ ရသာရုံထဲမှာ ကြိုမရှိပါဘူး။ လျှာနဲ့ ရသာရုံတိုက်တဲ့အခါမှသာ ခဏဖြစ်ပြီး ခဏပျက်သွားတဲ့ နာမ်တရားပါပဲ။

ဒါကြောင့် ယောဂီများဟာ မိရင် မိသလောက်မှတ်ပါ။ ဆွမ်းလုပ်တိုင်းကို မဆိုလိုပါဘူး။ ဆွမ်းလုတ်ကို ဝါးပြီးတော့ ကြိတ်ချေနေတဲ့အချိန်မှာ သတိပညာနဲ့ ကပ်မိသလောက် "ခန္ဓာငါးပါး အနိစ္စ" လို့ ရှုလိုက်ရင် ဆွမ်းတစ်လုတ်ဟာ တစ်မင်္ဂလာတစ်ဖိုလ်ဖြစ်သွားနိုင်တယ် ယောဂီတို့။

ဆွမ်းတစ်လုတ်က တစ်မင်္ဂ တစ်ဖိုလ်ဖြစ်သွားပုံ နမူနာ တစ်ခုပြောပြမယ်။ ယောဂီတို့ စားနေတဲ့အချိန်မှာ "ခန္ဓာငါးပါး အနိစ္စ" လို့ ရှုလိုက်ရင် အဲဒီခန္ဓာတွေရဲ့ မမြဲမှုကို သိသွားတယ်။ မမြဲမှုကို သိတာဟာ ဒုက္ခသစ္စာကို သိတာပါပဲ။

ဒုက္ခသစ္စာဆိုတာ သိရမယ့် တရား။ ဆင်းရဲတယ်၊ ဆင်းရဲတယ် ဆိုတာ မမြဲတာကို ပြောတာပါပဲ။ အဲဒီလို မမြဲမှု ဒုက္ခသစ္စာကို သိရင် ဒီရုပ်နာမ်ခန္ဓာကို ထပ်မံ လိုလားတဲ့ သမုဒယသစ္စာကို ပယ်ပြီးသားဖြစ်ပါတယ်။ အဲဒါ သမုဒယသစ္စာကို တစ်ခါတည်း ပယ်လိုက်တာ။

သမုဒယသစ္စာကို ပယ်လိုက်ပြီဆိုရင် ဒီအချိန်မှာ တဏှာဦးဆောင်တဲ့ ကိလေသာတွေ ငြိမ်းတယ်။ ခန္ဓာသစ်တွေ သိမ်းတယ်။ အဲဒါ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်တယ် ယောဂီတို့။

အဲဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဉာဏ်ဟာ မဂ္ဂသစ္စာပါပဲ။ ဒီတော့ ယောဂီတို့ ဆွမ်းတစ်လုတ်မှာ သစ္စာလေးပါးပါဝင်ပြီး မဂ်ဖိုလ်ကို တစ်ခါတည်း ရသွားနိုင်တယ် ဆိုတာ သိရမယ်။

ယောဂီတို့ နိဂုံးချုပ်ပြောလိုတာက ဆွမ်းတစ်လုတ်ကို မိမိအတွက် အကျိုးရှိအောင် စားလိုလျှင် တဏှာမဝင်စေဘဲ ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားပြီး ဘယ်အချိန်မှာပဲ စားစား၊ အစားအစာ သုံးဆောင်တိုင်း သုံးဆောင်တိုင်း ရသာရုံ ဆိုတဲ့ ရုပ်တရားကြီးကို မဂ်ဖိုလ်ရတဲ့အထိ အသုံးချနိုင်တဲ့ ပညာရှိသူတော်ကောင်းကြီးများ မုချမသွေဖြစ်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓု

(စာဖတ်ပရိသတ်များ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝကြပါစေ။)

* * *

ဓမ္မဘဏ္ဍာဂါရိကဒေါ်သာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေလင်းယုန် ဆရာတော်ကြီး ချီးမြှင့်သော ပဌာန်းကောင်းကျိုး ဝေဝေဖြိုး

ဦးကျော် (ဖြည့်)

ရွှေလင်းယုန် ဆရာတော်ကြီး၏ ပဌာန်းမြတ်ဒေသနာတရားပွဲကို ဇနီးသည်က မနက်မိုးလင်းတိုင်း ဖွင့်နေကျဖြစ်သည်။ ဆရာတော်ကြီး၏ တရားသံက ကြည်လင်ရွှင်ပျသဖြင့် နာကြားရသည်မှာ အလွန်ကြည်နူးမိပါ၏။ ဤသို့ဖြင့် ဆရာတော်ကြီးအား နေအိမ်သို့ ပင့်၍ ပူဇော်လိုစိတ်ဖြစ်လာရသဖြင့် ပင့်ဖိတ်ဖြစ်သည်။ ယနေ့ထိဆိုလျှင် သုံးကြိမ်ပင် ပြည့်ခဲ့ပြီဖြစ်၏။

ဆရာတော်ကြီးသည် သစ္စာလေးပါး ဝိပဿနာကျင့်စဉ် တရားများ၊ ဒါန, သီလ, သမာဓိတရားများကို ဟောကြားခဲ့ရုံမက၊ မေးလိုသမျှ မေးကြဟူ၍လည်း အမြဲတမ်း ပိန့်ကြားလေ့ရှိသည်။

ကျွန်ုပ်မှာ အမေးအမြန်းထူသူဖြစ်လေရာ သိလိုသမျှကို လျှောက်ထားမေးမြန်းဖြစ်ပါသည်။ ထိုအထဲမှ အစိတ်အပိုင်းတချို့ကို ပြန်လည်မျှဝေပေးလိုက်ရပါသည်။

"ပဌာန်းရွတ်ဖွားရတဲ့ ကောင်းကျိုးတွေကတော့ အနန္တပဲ။ လောကီအတွက်ရော၊ လောကုတ္တရာအတွက်ရော ကောင်းတယ်"ဟု အစချီကာ ဟောပြောပါသည်။ ကျွန်ုပ်နားလည်မိသလို ခြုံငုံရေးသား မျှဝေပေးပါရစေ။

◈◈◈

ပဌာန်းတရားတွင် အကြောင်းအကျိုး ဆက်စပ်ပုံနှည်းမျိုးစုံတို့ ပါဝင်နေပေသည်။ ဤသည်ကို အကြောင်းပြု၍ "အနန္တနယ ပဌာန်းကျမ်း"ဟု ခေါ်ဝေါ်သည်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဓာတ်ဟူသော ပရမတ်တရားကို ခွဲခြမ်း စိတ်ဖြာဝေဖန် ဟောကြားထားသောကြောင့် သိမ်မွေ့ခြင်း၊ နက်နဲခြင်း၊ ကြီးကျယ်မြင့်မြတ်ခြင်း စသော ဂုဏ်အပေါင်းနှင့် ပြည့်စုံသော တရားတော်ပင် ဖြစ်သည်။

ဘုရားရှင်သည် ပဌာန်းကျမ်းကို ဆင်ခြင်ကောင်းမွန်စဉ်းစားတော်မြတ်မှ ရောင်ခြည်တော် ခြောက်သွေးတို့ ကွန့်

www.burmeseclassic.com

www.burmeseclassic.com

မြူး ထွက်ပေါ်လာခဲ့သည်။ ဝဲ/ယာ၊ ရှေ့ /နောက်၊ ထက်/အောက်ဖီလာ အရပ်ဆယ်မျက်နှာတို့မှ အဆုံးအဝိုင်းအခြားမရှိ ထွန်းလင်း တောက်ပလာသည်။ အနှိုင်းမဲ့ သဗ္ဗညုတ ဉာဏ်တော်၏ ကွန့်မြူးခြင်းပင်။

မြတ်စွာဘုရားရှင်သည် ဂုဝါမြောက်တွင် တာဝတိံသာနတ်ပြည်သို့ ကြွသည်။ ဝါဆိုလပြည့်မှ သီတင်းကျွတ်လပြည့်အထိ ရက်ပေါင်း ၉၀လုံး အဘိဓမ္မာ ဂုကျမ်းကို နတ်၊ ဗြဟ္မာ ပရိသတ်အပေါင်းအား ဟောကြားသည်တွင် ပဋ္ဌာန်းကျမ်းကို ၂၅ရက် ဟောကြားတော်မူသည်။

ပဋ္ဌာန်းကျမ်းကို ဟောကြားအပြီးတွင် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း ကုဋေရှစ်သောင်းကျော်တို့ တရားထူး သိမြင်၍ ကျွတ်တမ်းဝင်ကြသည်။ သောတာပန်၊ သကဒါဂါမ်တည်ကုန်သော နတ်ဗြဟ္မာပေါင်းလည်း မနည်းလှပေ။ တကယ်တမ်းတွင် ထိုနတ်ဗြဟ္မာတို့မှာ ပဋ္ဌာန်းပရိသတ်အဖြစ် ပဋ္ဌာန်းဆက်ရိုးခဲ့ကြသူများ ဖြစ်ကြပါသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့အနေဖြင့် ပဋ္ဌာန်းကျမ်းမြတ်ဒေသနာတော်ကြီးကို ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုး ရိုသေစွာ လေ့လာ၊ သင်ယူ၊ ကျက်မှတ်၊ ရွတ်ပွား၊ ကျင့်ကြံကြပါက မိမိတို့အား ဓာတ်သဘောတူလုစွာသော ပဋ္ဌာန်းဆက်နတ်များက ကောင်းကျိုးချမ်းသာ အဖြာဖြာရအောင် ကူညီစောင့်ရောက်ကြမည်သာ ဖြစ်သည်ကို ယုံကြည်ကြရပါမည်။

ဤစကား။ ဤတရားကို ပဋ္ဌာန်းနှင့် စပ်တိုင်း ဆရာတော်ကြီးများစွာ မိန့်ဆိုတတ်ကြမြဲဖြစ်ပါသည်။ ကျွန်ုပ်ကလည်း ဤစာမူဖြင့် ပဋ္ဌာန်းဒေသနာကို အလေးအမြတ်ထား ရွတ်ပွား ပူဇော်ကြပါဟု တိုက်တွန်းပါသည်။ ကျွန်ုပ်ကိုယ်တိုင် မပွားဘဲ၊ မကျင့်ဘဲ၊ မရွတ်ဘဲ၊ မပူဇော်ဘဲ တိုက်တွန်းနေခြင်း မဟုတ်ပါ။ ကြွားသည်ဟု မထင်ပါနှင့်၊ ပဋ္ဌာန်း ၅ကျမ်းကို ကျွန်ုပ် ၅ကြိမ်ပြည့်အောင် အဓိဋ္ဌာန်ထား ရွတ်ပွား ပူဇော်ခဲ့ပြီးပါပြီ။

ထိုအကြောင်းကိုလည်း ရွှေလင်းယုန်ဆရာတော်ကြီးအား သစ္စာစကားဖြင့် မေးမြန်းလျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီးက "အခွင့်အရေးတွေတော့ ပေါ်ပြီး ရလာတော့မယ်။ ဒီအခါမှာ လက်ကုန်မနှိက်နဲ့ပေါ့" လို့ သုံးသပ်ဆုံးဖြတ် ဟောမိန့်ခဲ့ပါသည်။ ဘာပဲပြောပြော သူတော်ကောင်းတို့ မိန့်ကြားသော စကားဖြစ်၍ လေးလေးနက်နက် နလုံးသားထဲ စိမ့်ဝင်နေအောင် ယုံကြည်နေပါသည်။

ကျွန်ုပ်အနေဖြင့် ပဋ္ဌာန်း ၅ကျမ်းကို ရွတ်ပွား သရဇ္ဈာယ် ပူဇော်ကြပါက လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးများ၏ များစွာသောအကျိုးတွေ တသီကြိုးရနိုင်ပါကြောင်း မျှဝေရံ့မှတစ်ပါး ပြောစရာမတတ်တော့ပါပေ။

◈◈◈

ဤနေရာတွင် အကြောင်းသင့်သဖြင့် နိဗ္ဗာန်တော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ၏ အဆုံးအမ ဥပနိဿယကို ပဋ္ဌာန်းအလင်းကျမ်းမှ ကိုးကားပြလိုပါသေးသည်။

* ပထမအဆင့်က နားကိစ္စ။ (သူများရွတ်ဖတ်တာကို နားထောင်ရမည်။)
* ဒုတိယအဆင့်က ပါးစပ်ကိစ္စ။ (ကိုယ်ပါးစပ်နှင့်ကိုယ် ရွတ်ဖတ်ပူဇော်ရမည်။)
* တတိယအဆင့်က စိတ်ကိစ္စ။ (စိတ်ဖြင့် အဖန်ဖန် စဉ်းစားဆင်ခြင်ရမည်။)
* စတုတ္ထအဆင့်က ပညာကိစ္စ။ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမှတ်ရမည်။)

ထိုအဆင့်လေးဆင့်ရလျှင် ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ဘက်သွားပြီဟု မိန့်ပါသည်။ နိဗ္ဗာန်လမ်းပေါ် ရောက်ပြီဟု ဆိုနိုင်ပါသည်။ ဉာဏ်စဉ်အားဖြင့်လည်း အောက်ပါ ဉာဏ်လေးပါး ရနိုင်ကြောင်း ဆိုမိန့်ပါသည်။

* နာမရူပ ပရိစ္ဆေဒဉာဏ် (နာမ်တရား၊ ရုပ်တရား ခွဲခြားသည့်ဉာဏ်)။
* ပစ္စယ ပရိဂ္ဂဟဉာဏ် (အကြောင်းတရားကြောင့် အကျိုးတရားတွေ ဖြစ်နေပါလားဟု အကြောင်းအကျိုး ဆင်ခြင်သည့် ဉာဏ်)။
* သမ္မသနဉာဏ် (လောကထဲရှိသည့် တရားတွေသည် ဒါတွေပါပဲလားဟု နာမ်တရား၊ ရုပ်တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ်ဆင်ခြင်သည့် ဉာဏ်)။
* ဥဒယဗ္ဗယဉာဏ် (ဖြစ်လိုက်၊ ပျက်လိုက်နှင့်မို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိလိုက်သည့် ဉာဏ်။)

ပဋ္ဌာန်းပစ္စည်းတစ်ခု...တစ်ခုတွင် လေးဆင့်ရအောင် ရွတ်ပွားများနိုင်ဖို့ အရေးကြီးကြောင်း မိန့်ကြားပါလေသည်။

ကြိုးစား အားထုတ်နိုင်ကြပါစေ

* * *

ဦးစကျန်(မြည်)

www.burmeseclassic.com

www.burmeseclassic.com

မင်းဇေမြင့်(မုဒုံ)

ကိုယ့်ကိုယ်ကိုယ်ချစ် လူအစစ်

အချစ်ဆိုသည်မှာ နှစ်မျိုးရှိပါတယ်။ တဏှာချစ်တဲ့ အချစ်နှင့် သဒ္ဓါချစ်တဲ့အချစ်တို့ဖြစ်ပါတယ်။ တဏှာချစ်တဲ့ အချစ်ကတော့ အဝိဇ္ဇာနဲ့တွဲလျက်နေပါတယ်။ ကိုယ့်ကိုလည်း ညာတာတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အလိုလိုက်တတ်တယ်။ သဒ္ဓါချစ်တယ်ဆိုတာကတော့ ပညာနဲ့တွဲလျက်နေပါတယ်။ ကိုယ့်ကိုယ်ကိုယ် အလိုမလိုက်ဘူး။ နေစဉ်နှင့်အမျှ အသုံးချပါတယ်။ တရားစွမ်းအားပေါ်အောင်၊ ခိုင်းတယ်၊ စည်းကမ်းနဲ့ မူဘောင်နဲ့ အလေအလွင့်မရှိ သပ်ရပ်တိကျစွာ ထိန်းသိမ်းပြီး၊ အသုံးချသွားတတ်တယ်။

ကိုယ့်ကိုယ်ကိုယ် ချစ်တယ်ဆိုရင်၊ မကောင်းတဲ့ အကုသိုလ်တရားတွေနဲ့ မတွဲမိကြဖို့၊ မကောင်းတဲ့ အကုသိုလ်တရားတွေမလုပ်မိကြဖို့ဘဲဖြစ်ပါတယ်။ မကောင်းတဲ့ အကုသိုလ်တရားတွေကို ပြုလုပ်မိတဲ့ ပုဂ္ဂိုလ်ဟာ၊ ဘယ်နည်းနှင့်မှ ချမ်းသားမှုကိုမရနိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ချစ်တယ်ဆိုရင် ကောင်းတာပြုလုပ်ဖို့မဲ့ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ လိုချင်ကဲ့ ချမ်းသာမှုကို ကောန်မလွဲရနိုင်ပါတယ်။ တကယ် ချမ်းသာတဲ့လူဆိုတာ၊ တရားနဲ့တွေ့တဲ့လူသာ ချမ်းသာတဲ့လူဖြစ်တယ်။

ကိုယ့်ကိုယ်ကိုယ် မုန်းတဲ့သူဟာ၊ ဘာအလုပ်တစ်ခုကိုပဲ လုပ်လုပ်၊ ရေ့နောက်စဉ်းစားနိုင်းချိန်မှုမရှိပါဘူး။ နောင်သောအခါမှာ ဘာပဲဖြစ်ဖြစ် ယခုပစ္စုပ္ပန်အခါကာလမှာ မကောင်းတဲ့ အလုပ်တွေကို၊ လျှောက်လုပ်တတ်တယ်။ လုပ်လည်းလုပ်ရဲတယ်။ ကိုယ့်ကိုယ်ကိုယ် မုန်းတယ်ဆိုတာကတစ်ဘဝသာနှိပ်စက်ခံရမှာ ကိုယ်ဟာကိုယ်မုန်းလို့ မကောင်းတဲ့၊ အလုပ်လုပ်ဘာက တစ်ဘဝသံသရာတစ်လျှောက်လုံးမှာ ခေါင်းမဖော်နိုင်အောင် ဒုက္ခပေးနေတာဖြစ်တယ်။ မကောင်းတာတွေကို စဉ်းစားတွေးတောနေတဲ့သူ၊ သူများပစ္စည်းများကို မတော် မတရားကြံစည်နေတဲ့သူ၊ သူများပျက်စီးရာ ပျက်စီးကြောင်းတွေကို လျှောက်စဉ်းစားနေတယ်ဆိုရင် စိတ်ကို အထိန်းအကွပ်မရှိဘဲ၊ လျှောက်ပြီးစဉ်းစားနေခြင်းဟာ၊ ကိုယ့်ဟာကိုယ် မုန်းနေတဲ့လူတွေပဲဖြစ်တယ်။ အရှုပ်ဆိုးအောင်၊ အသက်တိုအောင်၊ မွဲအောင်၊ ဆင်းရဲအောင် ကိုယ့်ဟာကိုယ်လုပ်နေတာပဲဖြစ်ပါတယ်။ ဒါကြောင့် လူ့လောကမှာ မုန်းစရာအကောင်းဆုံးကဘယ်သူလဲလို့ ရှာကြည့်လိုက်ရင်၊ ကိုယ့်ဟာကိုယ်မုန်းတီးဖြစ်လာအောင်လုပ်နေခြင်းကို တွေ့ရတယ်။ ကိုယ့်ကိုယ်ကိုယ် မချစ်တဲ့သူဟာ၊ ကိုယ့်ရန်သူအစစ်သာဖြစ်ပါတယ်။

မြတ်စွာဘုရားလက်ထက်တော်က၊ တောဒေယျပုဏ္ဏား သူဌေးကြီးဟာ၊ မြတ်စွာဘုရားသီဘင်းသုံးနေတော်မူတဲ့၊ သဝတ္ထိပြိုမှာနေတယ်။ ပစ္စည်း (၈၇) ကုဋေကြွေယ်ဝချမ်းသာတယ်၊ သူကတော့ ကိုယ့်ကိုယ်ကိုယ်မချစ်တတ်ဘူး။ တဏှာချစ်နဲ့သာ၊ အဝိဇ္ဇာနဲ့တွဲပြီး၊ လွဲမှားစွာချစ်နေပါတယ်။ သူကတော့ ပစ္စည်းတွေပေါများလှသားနဲ့၊ အလှူအတန်းမလုပ်ဘူး၊ ကိုယ့်မိသားစုကိုတောင် ဝဝလင်လင်မကျွေးဘူး၊ သဒ္ဓါတရားမရှိဘူး၊ သီလ၊ သမာဓိ၊ ဝိပဿနာဆိုတာ အဝေးကြီးပဲဖြစ်နေပါတယ်။ တဏှာနဲ့ အချစ်လွဲပြီး၊ ကုသိုလ်တွေ ဆုံးရှုံးခဲ့ဘဲယ်။ အပူတွေများလွန်းလို့၊ ကွယ်လွန်သွားတဲ့ အခါမှာ သူ့အိမ်မှာ ခွေးပြန်ဖြစ်ရတာတယ်။ အဲဒါဟာ ကိုယ့်ကိုယ်ကိုယ် မုန်းလို့ပဲ။ အဲဒီလို လောဘ၊ ဒေါသ၊ မောဟတွေကို လက်ခံနေမှုတော့ ကိုယ်ဟာကိုယ်မုန်းရာကရောက်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့သူဟာ၊ ကိုယ့်ဟာကိုယ် လည်းချစ်ရမယ်။ သာသနာတော်ကိုလည်းချစ်ရမယ်။ အလှူဒါနတွေကို ဘာဖြစ်လို့လုပ်နေရတာလဲလို့ မေးရင်၊ ကိုယ့်ဟာကိုယ်ချစ်လို့လုပ်နေတာ၊ သီလကိုလည်းဘာလို့ ဆောက်တည်နေကြရတာလဲ၊ ကိုယ့်ဟာကိုယ် ချစ်လို့သာ ကျင့်သုံးတည်ဆောက်နေတာပဲ ဖြစ်ပါတယ်။ အလှူအတန်း တွေပြုလုပ်ပြန်တော့လည်း ပစ်မထားဘဲ၊ ပြန်ပြန်တွေးနေ ရတယ်။ ဘယ်တုန်းကလှူခဲ့တယ်၊ ဘယ်တုန်းက သာသနာ တော်ကို ချီးမြှင့်ခဲ့တယ်ဆိုပြီး စဉ်းစားနေရင် ဒါနက ဘာဝနာ ပြန်ဖြစ်တယ်။ သီလကျတော့လည်း ထိုနည်းတူ သီလက ဘာဝနာတွေပြန်ဖြစ်နေပါတော့တယ်။

ကိုယ့်ဟာကိုယ် ချစ်တတ်ဖို့ဆိုရင်၊ စိတ်ကောင်းကိုဖော် ထုတ်မွေးပြုပေးတဲ့ သဒ္ဓါတရား၊ စိတ်ကောင်းကိုထိန်သိမ်းပေး တဲ့ သတိတရား၊ စိတ်ကောင်းကို တွန်းအားပေးတဲ့ ဝီရိယ တရား၊ စိတ်ကောင်းကို လမ်းညွှန်ပေးတဲ့ ပညာတရားတွေရှိ ကြရမယ်။

ကျွန်ုပ်တို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ၊ လေးရှိနေပါတယ်။ လေးနေတာကိုပေါ့အောင်၊ ပြုလုပ်ရမှာဖြစ်ပါတယ်။ အိုထုပ်၊ နာထုပ်၊ သေထုပ်ကြီးတွေရထားတော့၊ လေးနေမှာပဲဖြစ် တယ်။ ဒီကြားထဲမှာ တဏှာ၊ မာန၊ ဒိဋ္ဌိ အလေးတွေက လည်း ပိုပြီးဆင့်လိုက်ပြန်တော့ ပိုမိုပြီးတော့ လေးသွားတော့ တာပါပဲ။ သဒ္ဓါ၊ ပညာ၊ မေတ္တာစွမ်းအားတွေနဲ့၊ ရွှင်လန်းအေး မြတဲ့၊ တရားစွမ်းအားကို ရယူတတ်မှသာလျှင် လေးနေတဲ့ ခန္ဓာဝန်ထုပ်ကြီးဟာ၊ ပေါ့သွားအောင်တရားစွမ်းအားကို ရယူပြီး ထမ်းဆောင်တတ်ရမယ်။ လမ်းကောင်းလမ်းမှန်တွေ ညွှန်ပြ ပေးတဲ့ သာသနာတော်မြတ်ကြီးကို အဖိုးတန်တယ်ဆိုပြီး သာသနာကြာကြာတည်တန့်အောင်၊ စစ်မှန်တဲ့သဒ္ဓါ၊ မေတ္တာ အင်အားတွေနဲ့ ရှိတဲ့ပစ္စည်းတွေထုတ်ပြီး၊ ချီးမြှောက်နေ ကြတယ်၊ ဒါမှလည်း ကိုယ့်ကိုယ်ကိုယ်ချစ်တာရောက်ပါ တယ်။

ကိုယ့်ကိုယ်ကိုယ် ချစ်လူအစစ်တစ်ယောက်ဖြစ်ဖို့ရာ မှာ မှန်ကန်တဲ့ အသိပညာလိုတယ်။ အလုပ်တစ်ခုကို လုပ်ရာမှာ၊ လုပ်သင့်မလုပ်သင့်၊ ကိုယ့်အတွက် အကျိုးရှိမရှိ၊ သူများမှာ အနောက်အယှက် ဖြစ်မဖြစ်၊ ပစ္စုပ္ပန်မှာ ဆင်းရဲတွေ ဘယ်လောက်ဖြစ်လာတယ်၊ သံသရာမှာရော၊ ဆင်းရဲတွေ ဘယ်လောက်ဖြစ်လာနိုင်သေးသလဲဆိုတာ၊ ပညာနဲ့ချင့်ချိန်ပြီး ဆန်းစစ်ဝေဖန်ကာ၊ ပြုလုပ်ရန်ဖြစ်ပါတယ်။ ဒါမှလည်း လူလို့ ခေါ်ဆိုနိုင်ပါတယ်။ လူဆိုတာက ထက်မြက်တဲ့စိတ်၊ စွန့်စားလိုတဲ့စိတ်၊ မြင့်မားတဲ့စိတ်နဲ့ မိမိကိုရော၊ သူတစ်ပါးတွေ ကိုပါ၊ အသိစိတ်ဖြစ်လာအောင်လုပ်ခြင်းသည်သာ၊ လူလို့ခေါ် တယ်။

ကိုယ့်ကိုယ်ကိုယ်ချစ် လူအစစ်ဆိုတာ၊ အများကိုလည်း ချစ်တတ်ရမယ်။ သူများကိုလည်း၊ ကုသိုလ်ရအောင်၊ ကူညီတတ်ရမယ်။ တကယ်ချစ်ရာရောက်တာက၊ ကောင်းတဲ့ အလုပ်ကို လုပ်ပြမှ၊ ကောင်းတဲ့အလုပ် လုပ်နိုင်အောင်၊ ဆောင်ရွက်ပေးမှ၊ ကောင်းတဲ့တရားစွမ်းအားတွေ ပေါ်လာ အောင်၊ တိုးလာအောင်၊ ပွားများလာအောင်၊ ဆောင်ရွက်ပေးနိုင် မှ တကယ်ချစ်ရာရောက်ပါတယ်။

လူအစစ်ဆိုတာ၊ မိဘစကားကိုနားထောင်တယ်၊ ဆရာ သမားစကားကိုလည်း နားထောင်တယ်၊ ပုထုဇဉ်ဆိုတာ ကိုယ့်သဘောနဲ့ကိုယ် ရှေ့ပွားလည်းမဖြစ်ဘူး၊ ကိုယ့်သဘော နဲ့ကိုယ် အပေါ်တက်လည်းမရဘူး၊ ကိုယ့်အပေါ်မှာ ဩဇာ ညောင်းတဲ့၊ အထိန်းတစ်ခုတော့၊ အမြဲတမ်း ရှိနေရမယ်။ တွန်းအားတစ်ခုအမြဲရှိနေရမှာဖြစ်ပါတယ်။

လူအစစ်ဆိုတာ၊ မိဘ၊ ဆရာသမား၊ ပညာရှိသူတော် ကောင်းတွေရဲ့ လမ်းညွှန်စကားကို ရတနာထုပ်ကြီး ရထား သလို၊ လေးလေးစားစားတန်ဖိုးထား လိုက်နာတတ်ကြရ တယ်။ ဒါမှလည်း လူမည်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ လောကကြီးမှာ အဆိုနဲ့အကောင်းဆိုပြီး ယှဉ်ကြည့်လိုက်ရင် အကောင်းကတော့ခပ်နဲနဲ၊ အဆိုးတွေကတော့ ခပ်များများ ဖြစ်နေတယ်၊ အကောင်းဟာနဲပင်နဲပြားသော်လည်း စွမ်းအား ပါတဲ့အတွက်၊ အားကိုးရတယ်၊ အဆိုးဆိုတာကတော့ အားမကိုးရပါ။ အဲဒီလိုဆိုရင် ကိုယ့်ဟာကိုယ်လည်း ချစ်ရာ ရောက်တယ်။ သာသနာတော်ကြီးကိုလည်း ချစ်ရာရောက် စေပါတယ်။

ဒါကြောင့် လူဘုံဘဝ၊ လူ့လောကကြီးမှ၊ အသက်ရှင် နေသမျှကာလပတ်လုံး၊ နိဗ္ဗာန်ရည်မှန်းချက်ပန်းတိုင်သို့၊ မရောက်နိုင်သေးမီ အချိန်ကာလအတောအတွင်းတွင်၊ ကိုယ့်ကိုယ်ကိုယ် ချစ်ကြပြီး၊ နေထိုင်တတ်သွားကြဖို့ လိုအပ်ကြောင်း၊ တင်ပြတိုက်တွန်းလိုက်ရပါတယ်■

* * *

မင်းဇေမြင့်(မုခုံ)

ကျမ်းကိုး

- ယောဆရာတော်၏ ဒေသနာတရားတော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖြဟ္မစိုရ် တရားတော်

ယခင်လမှ အဆက်...

(၂) ကရဏာပွားပုံ

ဒီကနေ့ ဟောမည့် တရားကတော့ လွန်ခဲ့တဲ့ ၁၃၂၇ ခုနှစ်၊ ဝါခေါင်လပြည့်နေ့က ဟောခဲ့တဲ့ ဖြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါပဲ။ အလျင်ဟောခဲ့တာ ပထမပိုင်း။ ယခု ဟောတာက ဒုတိယပိုင်းပေါ့။ ပထမပိုင်းမှာ မေတ္တာပွားပုံကို ဟောခဲ့တယ်။ ယခု ဒုတိယပိုင်းမှာ ကရုဏာပွားပုံကို ဟောရမယ်။

"ကရုဏာ"ဆိုတာ ကိုယ့်အောက်က လူတွေ၊ ဒုက္ခရောက်နေရကြတဲ့သူတွေကို ကိုယ်ချင်းစာတရားနဲ့ သနား

www.burmeseclassic.com

www.burmeseclassic.com

ကြင်နာတဲ့ သဘောပဲဆိုတာကို ပထမပိုင်းမှာ ပြောခဲ့ပြီ။ ပါဠိနည်းနဲ့ ပြောရရင်တော့ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို မြင်တွေ့ရ၊ ကြားသိရတဲ့အခါမှာ သူတော်ကောင်းတွေရဲ့ စိတ်နလုံးကို တုန်လှုပ်စေတတ်လို့ ကရုဏာမည်ပါတယ်တဲ့။

ဟုတ်တယ်။ သူတော်ကောင်းတွေမှာ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို မြင်တွေ့ရရင်၊ ကြားသိရရင် ကိုယ်တိုင် ခံစားနေရသလိုပဲ စိတ်နလုံးမှာ ထိခိုက်ပြီး တုန်လှုပ်တတ်ပါတယ်။ နိုင်ရာနိုင်ရာ တိရစ္ဆာန်အချင်းချင်း ညှဉ်းဆဲသတ်ဖြတ်နေတာပဲ ဖြစ်ဖြစ်၊ လူတွေလို စကားမပြောနိုင်၊ မကာကွယ်နိုင်ကြရာတဲ့ တိရစ္ဆာန်တွေကို ညှဉ်းဆဲသတ်ဖြတ်နေကြတာပဲ ဖြစ်ဖြစ်၊ လူလူချင်း နိုင်ရာနိုင်ရာ ညှဉ်းဆဲ သတ်ဖြတ်နေတာပဲ ဖြစ်ဖြစ်၊ သူ့အလိုလို တစ်နည်းနည်းနဲ့ အတိဒုက္ခရောက်နေတာပဲ ဖြစ်ဖြစ်၊ မြင်တွေ့ရ ကြားသိရရင် စိတ်နလုံးမှာ ထိခိုက် တုန်လှုပ်တတ်ပါတယ်။ ဒီလို စိတ်နလုံးမှာ ထိခိုက် တုန်လှုပ်ရင်လည်း အဲဒီလူကို "သူတော်ကောင်" ပဲလို့ ဆုံးဖြတ်နိုင်ပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်ကျမ်းမှာ "ပရဒုက္ခေ - သူတစ်ပါးဆင်းရဲသည်၊ သတိ - ရှိလတ်သော်၊ သာဓုနံ - သူတော်ကောင်းတို့၏။ ဟဒယံကမ္ပနံ - နှလုံး၏ တုန်လှုပ်ခြင်းကို၊ ကရောတီတိ - ပြုတတ်သောကြောင့်၊ ကရုဏာ - ကရုဏာမည်၏"လို့ ဒီလိုပြန်ဆိုထားပါတယ်။

ကရုဏာရဲ့ သဘောလက္ခဏာကတော့ သူတစ်ပါးမှာ တွေ့ကြုံခံစားနေရတဲ့ ဆင်းရဲကို ပယ်ဖျောက်ချင်တဲ့ သဘောပါပဲ။ တတ်နိုင်တဲ့ကိစ္စဆိုရင် အဲဒီ သူတစ်ပါး ဆင်းရဲပျောက်ကင်းအောင်လည်း သူက ကြောင့်ကြစိုက်တတ်တယ်။ မတတ်နိုင်တဲ့ကိစ္စ ဖြစ်နေတောင်မှ အဲဒီ သူတစ်ပါးဆင်းရဲကို ပျောက်စေချင်နေတာပဲ။ ဒါကြောင့် ပရဒုက္ခာ ပန ယနာကာရပ္ပဝတ္တိလက္ခဏာ - သူတစ်ပါး၏ ဆင်းရဲကို ပယ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောလက္ခဏာရှိတယ်"လို့ ပြဆိုထားပါတယ်။ ဒါကြောင့် အတိဒုက္ခရောက်နေတဲ့သူကို တွေ့တဲ့အခါ သနားကြင်နာတတ်တဲ့သူမှာ "ဖြစ်မှ ဖြစ်ရလေခြင်း"လို့ စုတ်တသပ်သပ်နဲ့ သနားတဲ့ အမူအရာတွေ ထင်ရှားပေါ်လာတတ်ပါတယ်။



ဗုဒ္ဓ၏ မဟာကရုဏာအမြွက်

ဒီ ကရုဏာအရာမှာ မြတ်စွာဘုရား၏ ကရုဏာတော်ကတော့ အကြီးမားဆုံးပါပဲ။

မိမိ၏ အကျိုးမဲ့ကို ပြုရုံမျှမကဘဲ၊ မိမိအား သေရာသေကြောင်း ကြံစည်အားထုတ်နေတဲ့ အရှင်ဒေဝဒတ်ကိုတောင်မှ သားတော် ရာဟုလာနဲ့ ညီတူညီမျှ သနားတော်မူပါတယ်။ တစ်လောကလုံးမှာ ရှိသမျှ သတ္တဝါတွေအားလုံးကိုလည်း ယခုမျက်မှောက် ဆင်းရဲလောက်ကိုသာ မဟုတ်ဘဲ၊ သံသရာတစ်လျှောက်လုံးမှာ တွေ့ကြုံသွားရမယ့် ဆင်းရဲတွေကိုပါ မြော်မြင်ပြီးတော့လည်း သနားတော်မူပါတယ်။

သနားတော်မူပုံကတော့ "အခွိန်ကာလတိုင်း၊ ခဏတိုင်း သေဖို့ရာဆီသို့ နီးကပ် နီးကပ်သွားနေကြရရှာတယ်" ဆိုတာ မြင်တော်မူတဲ့အတွက် သတ်မည့်နွားကို သားသတ်ရုံသို့ မောင်းပို့ပေးနေသလိုလည်း မြင်ပြီး သနားတော်မူပါတယ်။

ရာဇဝတ်ပြစ်မှုကို အကြီးအကျယ် ကျူးလွန်ထားတဲ့သူဟာ ရာဇဝတ်အပြစ်ဒဏ်ကို အကြီးအကျယ်ခံရရှာတော့မယ်ဆိုတာကို မြင်သလိုပဲ သတ္တဝါတွေဟာ ညှဉ်းဆဲသတ်ဖြတ်ခြင်း လုယက်ခိုးယူခြင်း အစရှိတဲ့ ဒုစရိုက်တွေကို ကျူးလွန်ထားကြတဲ့အတွက် မကြာခင်ပဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတွေဖြစ်ပြီး အတိဒုက္ခရောက်ရာကြတော့မယ်ဆိုတာကို မြင်တော်မူပြီးတော့လည်း သနားတော်မူတယ်။

အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိတဲ့ သံသရာဆင်းရဲတွေနဲ့ တင်းကြပ်အတိ ပြည့်နေတဲ့ သံသရာခရီးထဲမှာ ဆုံးခန်းရယ်လို့ မရှိဘဲ၊ တစ်သွားတည်း သွားနေရာကြတယ်လို့ မြင်တော်မူပြီးတော့လည်း သနားတော်မူပါတယ်။

ကယ်မည့်သူလည်း မရှိ၊ လွတ်ရက် လွတ်ခွင့်လည်း မရှိတဲ့ သံသရာနှောင်အိမ်ကြီးထဲမှာ အတိဒုက္ခရောက်နေရာကြတယ်လို့ မြင်တော်မူပြီးတော့လည်း သနားတော်မူပါတယ်။

ငါဘုရားမှာ သံသရာဆင်းရဲမှ လွတ်မြောက်ခဲ့ပြီ။

www.burmeseclassic.com



သတ္တဝါတွေမှာ မလွတ်မြောက်ရာကြသေး။ ငါဘုရားမှ တစ်ပါး [illegible] သနားတော်မူပါတယ်။

ဒီနည်းဖြင့် အရာအထောင်မကတဲ့ အကြောင်းခြင်းရာတွေနဲ့ မြင်တော်မူပြီးတော့လည်း အားလုံးသော သတ္တဝါတွေကို သနားတော်မူပါတယ်။

အဲဒါတွေကို ထောက်ဆပြီးတော့ ဘုရားတပည့်ဖြစ်ကြတဲ့ ရဟန်းရှင်လူ မှန်သမျှဟာ ဒီကရုဏာတရားကိုလည်း ပွားများဖို့ သင့်လျော်ပါတယ်။ ယခုလို အကျယ်ချဲ့ပြီး ပြောရတာက ဘာကြောင့်လဲဆိုရင် မေတ္တာကို ပွားများရတယ်ဆိုတာတော့ အများအားဖြင့် သိကြ၊ နားလည်ကြပါတယ်။ ပွားလည်း ပွားများကြပါတယ်။ ဒါပေမယ့် ကရုဏာကိုတော့ ပွားများရမှန်း တယ်မသိကြဘူး။ သိပင် သိသော်လည်း မေတ္တာလို ကျကျနန ပွားများတဲ့သူက အလွန်နည်းနေပါတယ်။ ဒါကြောင့် ကရုဏာကိုလည်း မေတ္တာလိုပဲ လေးလေးနက်နက် ပွားများသင့်တယ်ဆိုတာ သဘောပေါက်အောင်လို့ ယခုလို အကျယ်ချဲ့ပြီး ပြောပြရခြင်း ဖြစ်ပါတယ်။

သနားခြင်း သုံးမျိုး

ပွားများပုံကတော့ ဒီ ကရုဏာမှာလည်း မေတ္တာလိုပဲ ကာယက်၊ ဝစီက်၊ မနောက်အားဖြင့် သုံးမျိုးရှိပါတယ်။

ဒါကြောင့် သူ့အလိုလိုပဲ ဖြစ်ဖြစ်၊ သူတစ်ပါးက နှိပ်စက်လို့ပဲ ဖြစ်ဖြစ်၊ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို တွေ့လို့ရှိရင် တတ်နိုင်သမျှ အကူအညီပေးပါ။ ဥပမာ - မတော်တဆ ခြေချော်ပြီး လဲကျသွားတဲ့သူကို တွေ့ရရင် ဖေးမပြီး ထူပေးပါ။ ဆေးရိုလျှင် လူးလိမ်းပေးပါ။ မသွားနိုင်ဘဲ ဖြစ်နေရင် ဖေးမပြီး လိုက်ပို့ပေးပါ။ မကျန်းမာဖြစ်နေတဲ့သူကို တွေ့ရရင်လည်း နည်းတူပဲ တတ်နိုင်သမျှ အကူအညီပေးပါ။ နှိပ်ထက်စီးနင်း ပြုလုပ်နေတာကို တွေ့ရရင်လည်း တတ်နိုင်ရင် တောင့်ရောက်ကာကွယ်ပေးပါ။ ဒီနည်းဖြင့် တတ်နိုင်သမျှ ကိုယ်နဲ့ အကူအညီပေးတာကို **"ကာယက် ကရုဏာ"** ပွားများတယ်လို့ ဆိုရပါတယ်။

ပြီးတော့ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို အဲဒီ ဆင်းရဲမှ လွတ်မြောက်အောင်၊ သို့မဟုတ် သက်သာရာရအောင် တတ်နိုင်သမျှ နှုတ်နဲ့လည်း အကူအညီပေးရမယ်။ အဲဒီလို နှုတ်နဲ့ ပြောပြီး စောင့်ရောက်ကူညီတာကတော့ "ဝစီက် ကရုဏာ"ကို ပွားများတာတဲ့။

"ဝစီက် ကရုဏာ"ကတော့ ကိုယ့်လက်အောက်ကလူတွေနဲ့ စပ်ပြီး ကျင့်သုံးဖို့ရာ အလွန်အရေးကြီးပါတယ်။ ဘယ်လိုလဲဆိုရင် ဆင်းရဲဒုက္ခရောက်နေတဲ့သူက အကူအညီတောင်းလာရင်၊ အသနားခံလာရင် တတ်နိုင်သမျှ စီမံညွှန်ကြားပေးရမယ်။ ဘာမျှမတတ်နိုင်တဲ့ကိစ္စ ဖြစ်နေတောင်မှ ကရုဏာသက်တဲ့ စကားကို အားပေးပြောဆိုရမယ်။ ဒါဟာ အင်ဗတန် အရေးကြီးပါတယ်။ တချို့ကတော့ ဒီလို အသနားခံလာတဲ့သူ၊ အကူအညီတောင်းလာတဲ့သူကို ဟိန်းဟောက်ငေါက်ငန်းပြီး လွှတ်လိုက်တတ်တယ်။ အဲဒါကတော့ ကရုဏာကင်းမဲ့ရာတင်မကဘဲ၊ မေတ္တာပါ ခြောက်ခန်းနေတယ်ဆိုတာကို ဖော်ပြတဲ့ သဘောပါပဲ။

ဒီနေရာမှာ ကရုဏာပွားပြီး သနားနေရာက ဒေါသဖြစ်မှန်းမသိ ဖြစ်ပြီး ပါဏာတိပါဘာက် အပြစ်ကြီးများ ဖြစ်တတ်တယ်ဆိုတာကိုလည်း သတိပေး ပြောကြားချင်သေးတယ်။

ကိုယ်လက်အင်္ဂါချွတ်ယွင်း ပျက်စီးသွားလို့ပဲဖြစ်ဖြစ်၊ ရောဂါဝေဒနာ အသည်းအသန်နှိပ်စက်လို့ပဲ ဖြစ်ဖြစ်၊ အတိဒုက္ခရောက်နေတဲ့သူကို တွေ့ရရင် သနားပြီးတော့ "မြန်မြန်သေသွားတာကမှ ကောင်းတယ်"လို့ ထင်တတ်ကြတယ်။ အဲဒီလို ထင်တဲ့အတိုင်း မြန်မြန်သေအောင် ညွှန်ကြားတိုက်တွန်းလို့ပဲ ဖြစ်စေ၊ ကိုယ်တိုင်ပြုလုပ်လို့ပဲ ဖြစ်ဖြစ်၊ ရိုးရိုးသေချိန်ထက်စောပြီး သေသွားရင် ညွှန်ကြားတိုက်တွန်းတဲ့သူ၊ ပြုလုပ်တဲ့သူမှာ ပါဏာတိပါတာက် ထိုက်တယ်။ အဲဒီလို ညွှန်ကြားစေခိုင်းလို့ မိဘဖြစ်သူ သေသွားရင် ညွှန်ကြားစေခိုင်းတဲ့ သားသမီးမှာ မာတုဃာတကကံ၊ ပိတုဃာတကကံ ထိုက်တယ်။ ရဟန်း၏ ညွှန်ကြားချက်အရနဲ့ လူ

www.burmeseclassic.com

www.burmeseclassic.com

သားဖြစ်တဲ့ ပုဂ္ဂိုလ်သေသွားရင် အဲဒီ ရဟန်းမှာ ပါရာဇိက အာပတ်သင့်တယ်ဆိုတဲ့အကြောင်း ဝိနည်းပါဠိတော်မှာ ထင်ရှားရှိတယ်။ အဲဒါဟာ အင်မတန် သတိပြုဖို့ ကောင်းပါတယ်။

"မနောက် ကရဏာ" ပွားများပုံကတော့ ...

(၁) စွာန်ရအောင် ပွားများတာလည်း ရှိတယ်။

(၂) လောကဝတ္တရားအရ ပွားများတာလည်း ရှိတယ်။

(၃) ပါရမီဖြစ်၊ ကုသိုလ်ဖြစ် ပွားများတာလည်း ရှိတယ်။

ဒီသုံးမျိုးထဲမှာ စွာန်ရအောင် ပွားများနည်းကိုတော့ ယခုလို အချိန်အနည်းငယ်အတွင်းမှာ ပြောလို့ မပြည့်စုံနိုင်ပါဘူး။ ဒါကြောင့် လောကဝတ္တရားအရနဲ့ ပါရမီဖြစ်၊ ကုသိုလ်ဖြစ် ပွားများမှုကိုပဲ ပြောပါမယ်။

"လောကဝတ္တရား" အရကတော့ မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်တို့ အချင်းချင်း အရေးအကြောင်းရှိတဲ့အခါ သနားကြင်နာစိတ် ဖြစ်ကြသလိုပဲ၊ ကိုယ့်လက်အောက်က လူတွေ၊ အင်အားနည်းတဲ့သူတွေနဲ့ စပ်ပြီး အဲဒီ ပုဂ္ဂိုလ်တွေမှာ တွေ့ကြုံနေရတဲ့ ဆင်းရဲ၊ တွေ့ကြုံရမယ့် ဆင်းရဲတွေမှ လွတ်မြောက်အောင် ဘယ်ပုံဘယ်နည်း စီမံပေးရမယ် စသည်ဖြင့် ကြံစည် စဉ်းစားနေတာတွေဟာ လောကဝတ္တရားနဲ့ စပ်ဆိုင်တဲ့ "မနောက် ကရဏာ"တွေပါပဲ။

"ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများပုံ" ကတော့ ရောဂါဝေဒနာဖြစ်ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့သူကို ဖြစ်ဖြစ်၊ ဘေးရန်အန္တရာယ်ကြောင့် ဒုက္ခရောက်နေတဲ့သူကို ဖြစ်ဖြစ်၊



ချစ်ခင်တဲ့သူတွေနဲ့ သေကွဲ၊ ရှင်ကွဲ ကွဲလို့ ဒုက္ခရောက်နေတ
သူကို ဖြစ်ဖြစ်၊ ပစ္စည်းဥစ္စာတွေ ပျက်စီးလို့ ဒုက္ခရောက်နေ
တဲ့သူကိုပဲ ဖြစ်ဖြစ်၊ စားရမဲ့ ဝတ်ရမဲ့နဲ့ ဒုက္ခရောက်နေတဲ့သ
ကိုပဲ ဖြစ်ဖြစ်၊ အဲဒီလို ဒုက္ခရောက်နေတဲ့သူကို အာရုံပြုပြီ
"သူမှာ တွေ့ ကြုံနေရတဲ့ ဆင်းရဲမှ လွတ်မြောက်ပါစေ
ဆင်းရဲမှ လွတ်မြောက်ပါစေ"လို့ အဖန်ဖန် နလုံးသွင်
ပွားများနေရတယ်။

တစ်မိနစ်လောက် နလုံးသွင်း ပွားများနေရင် အဲ
တစ်မိနစ်အတွင်းမှာ ကရဏာ ဘာဝနာ ကုသိုလ်တွေ ဖြစ်
တယ်။ ဆယ်မိနစ်လောက် ပွားများနေရင် ဆယ်မိနစ်လုံး
ကရဏာကုသိုလ်တွေ ဖြစ်တယ်။ အဲဒါဟာ ဆင်းရဲဒုက္ခ
ရောက်နေတဲ့သူတွေကို အာရုံပြုပြီး သွားလာရင်း၊ လုပ်ကိုင်
ရင်းလည်း "ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်
မြောက်ကြပါစေ"လို့ ပွားများနိုင်ပါတယ်။ ပိုက်ဆံတစ်ပြား
တစ်ချပ်မှ မကုန်ဘဲနဲ့ ဘေးရန်အန္တရာယ်ကင်းကြောင်း
ကောင်းမှုကုသိုလ်တွေ ဖြစ်ပွားပါတယ်။ အင်မတန်ကောင်
တဲ့ အလုပ်ပါပဲ။

သတ္တဝါတိုင်း သနားစရာ

အဋ္ဌကထာမှာတော့ ယခုလောလောဆယ်မှာ ချမ်းသာ
ကောင်းစားနေတဲ့သူကိုလည်း အကုသိုလ်ကံများတဲ့သူဆိုရင်
မကြာခင်ဘဲ လူဘဝက သေပြီးတော့ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ
ဘုံတွေ ရောက်ပြီး အလွန်ကြီးကျယ်များပြားတဲ့ ဆင်းရဲတွေ
ကို ခံစားရတော့မယ်ဆိုတာ မျှော်တွေးပြီး ကရဏာပွားနိုင်
တယ်လို့လည်း ပြဆိုထားပါတယ်။

ပြီးတော့ **မြတ်စွာဘုရား၏ မဟာကရုဏာ**ပွားနည်း
အရဆိုရင် သံသရာဆင်းရဲနဲ့ မကင်းသေးတဲ့ သတ္တဝါအားလုံး
ကိုလည်း အာရုံပြုပြီး ကရဏာပွားနိုင်ပါတယ်။ ဘာကြောင့်
လဲဆိုရင် သံသရာထဲမှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေ
ဟာသမျှဟာ လုံးဝ ဆင်းရဲကင်းတဲ့သုခယ်လို့ မရှိပါဘူး
အနည်းနဲ့ အများ၊ အငယ်နဲ့ အကြီးလောက်သာ ကွာခြား
တယ်။ ဆင်းရဲတွေကတော့ ကိုယ်စီကိုယ်ငှ အသီးသီးရှိနေ
ကြတာချည်းပဲ။ ယခုလောလောဆယ်မှာ မရှိဘူးဆိုတောင်
နောင်ခါ တွေ့ကြုံရမယ့် ဆင်းရဲတွေကတော့ ရှိနေကြတာ
ပဲ။ ဒါကြောင့် အဲဒီလို ဆင်းရဲတွေကို အာရုံပြုပြီးတော
ဆင်းရဲမှ လွတ်မြောက်ကြပါစေလို့ ဒီလိုပဲ ကရဏာ
ပွားများနိုင်ပါတယ်။

ယခု ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြဆိုထားတဲ့ မေတ္တာပွားနည်

www.burmeseclassic.com



အနောဒိသ, ဩဒိသ ကရုဏာ ၁၂ပါးနဲ့ ပေါင်းလိုက်ရင် ကရုဏာပေါင်း ၁၃၂ ပါး ဖြစ်ပါတယ်။

အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြထားတဲ့ မေတ္တာပွားနည်းအရ ကရုဏာပွားပုံတွေပါပဲ။ ယှဉ် ပရိတ်ကြီးထဲမှာပါတဲ့ ဂါထာနဲ့ ရွတ်ဆိုပြီး ကရုဏာပွားလိုက်ဦးမယ်။ အားလုံး ကလည်း စိတ်နဲ့ လိုက်ပြီး ကရုဏာပွားကြပါ။

ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပတ္တာ စ နိဗ္ဘယာ။ သောကပတ္တာ စ နိသ္သောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပတ္တာ - ဆင်းရဲဒုက္ခရောက်၍နေကြကုန်သော၊ သဗ္ဗေပိ - အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနောစ - သတ္တဝါတို့သည်လည်း၊ နိဒ္ဒုက္ခာ - ဆင်းရဲကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု - ဖြစ်ပါစေကုန်သတည်း။ ဘယပတ္တာ - ဘေးဒဏ်သင့်၍ နေကြကုန်သော၊ သဗ္ဗေပိ - အလုံးစုံလည်း ဖြစ်ကြကုန်သော၊ ပါဏိနောစ - သတ္တဝါတို့သည်လည်း၊ နိဗ္ဘယာ - ဘေးဒဏ်ကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု - ဖြစ်ပါစေကုန်သတည်း။ သောကပတ္တာ- စိုးရိမ်ပူဆွေးခြင်းသို့ ရောက်၍နေကြကုန်သော၊ သဗ္ဗေပိ - အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနောစ - သတ္တဝါတို့သည်လည်း၊ နိသ္သောကာ - စိုးရိမ်ကင်းပ ချမ်းသာကြကုန်သည်၊ ဟောန္တု - ဖြစ်ပါစေကုန်သတည်း။

(ပြဟ္မစိုရိတရားတော် ဒုတိယပိုင်းပြီး၏။) ■

* * *

မွေးစရိုးဦးဌေးလွင်

[မွေးစရိယ ဦးဌေးလွင်၏ "ရတနာသုံးပါးကျေးဇူး (ကိုယ်တွေ့ဝတ္ထုများ)စာအုပ်မှ ကူးယူဖော်ပြပါသည်။]

အရ "သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု" စသည်ဖြင့် **အနောဒိသ ကရုဏာ၊ ဩဒိသ ကရုဏာ**ပွားပုံတွေကို ဘုန်းကြီးက ရွတ်ဆိုပြီး ကရုဏာပွားမယ်။ တရားနာနေကြတဲ့ ဓမ္မမာမက ပုဂ္ဂိုလ်အားလုံးကလည်း စိတ်နဲ့ လိုက်ပြီး ကရုဏာပွားကြပါ။

(၁) အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။

(၂) အားလုံးအသက်ရှိသူတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။

(၃) အားလုံး ထင်ရှားဖြစ်သူတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။

(၄) အားလုံးပုဂ္ဂိုလ်တွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။

(၅) အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၆) အားလုံး အမျိုးသမီးတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၇) အားလုံး အမျိုးသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၈) အားလုံး အရိယာပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၉) အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၁၀) အားလုံး နတ်၊ ဗြဟ္မာတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၁၁) အားလုံး လူသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၁၂) အားလုံး အပါယ်ဘုံသူ၊ အပါယ်ဘုံသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ဒါက **ဩဒိသ ကရုဏာ ၇ပါး**တဲ့။ ခုနက ၅ပါးနဲ့ ပေါင်းလိုက်ရင် ကရုဏာ ၁၂ပါး ဖြစ်ပါတယ်။

ဒီနည်းအတိုင်းပဲ "အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ"

စသည်ဖြင့် အရှေ့၊ အနောက်၊ မြောက်၊ တောင်၊ ထောင့်အရပ် ၄ခု၊ အောက်အရပ်၊ အထက်အရပ် ဆိုတဲ့ အရပ်ဆယ်မျက်နှာမှာလည်း ကရုဏာ ၁၂ပါးစီ ဖြစ်ပါတယ်။ အရပ်တစ်မျက်နှာ ၁၂ပါးစီဆိုတော့ ကရုဏာပေါင်း ၁၂၀ ဖြစ်ပါတယ်။ အဲဒီ ၁၂၀ ကတော့ **အရပ်မျက်နှာနဲ့ ဖြစ်တာမို့ ဒိသာဖရဏာ ကရုဏာ** လို့ ခေါ်ပါတယ်။ ပထမ ပွားခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစက္ကစေတီတော်နှင့် ဂန္ဓာရီဓာတ်နန်းတို့တည်ရာ

ရှေးဟောင်း ကိုးသိန်းကိုးသောင်း အစိုင်ဘုန်ရွှေတိဂုံ

မြမာ့ဂူဝေ(ကျုံမင်း)





www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့သည် သောကြာနေ့နှင့် လာ၍တိုက်နေသောကြောင့် ထူးခြားမှန်မြတ်သောနေ့ဖြစ်နေပါသည်။ ဂေါတမဘုရားရှင်၏ မွေးနေ့၊ ဘုရားရှင် စင်စစ်ဖြစ်တော်မူသော သောကြာနေ့သည် ကဆုန်လပြည့်နေ့နှင့် တစ်ထပ်တည်းကျလာသောကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်အခါက ကဆုန်လပြည့်၊ သောကြာနေ့တွင် သုံးလောကထွတ်ထား ဘုရားရှင်စင်စစ်ဖြစ်တော်မူသောနေ့နှင့် ထပ်တူကျနေပါသည်။

ထို့ကြောင့် ထူးခြားသည့် ဤရက်မြတ်မှာ ထူးခြားသော အမှုကိစ္စကောင်းမှုကို ပြုရန် စိတ်ကူးထားပြီး ကဆုန်လပြည့် နံနက်စောစောမှာ ဘုရား၊ စေတီများနှင့် လျောင်းတော်မူ သုံးဆူတည်ရှိ ကိန်းဝပ်ရာ ပဲခူးမြို့သို့ ဘုရားဖူးခရီး ထွက်ခဲ့ပါသည်။

ပဲခူးမြို့၏ ကျက်သရေဆောင် ရှေမောဓောဘုရားကြီးတွင် နားနားနေနေ ဖူးမျှော်အပြီးမှာ ရောက်ရန် မလွယ်ကူ၍ တစ်ခါမှ မရောက်ဘူးသေးသော ဘုရားစေတီများကို ဦးစားပေး သွားကြမည်ဟု တိုင်ပင်ကြပြီး ခရီးစခဲ့ပါသည်။ မြင်ကွင်းအရ ရွှေအောင်ဈေး၊ ရွှေဂူလေးဘုရားများကို ကျော်ပြီး သွားခဲ့ကြသည်က "ကိုသိန်း ကိုးသန်းဘုရားသို့"ဟု သိရပါသည်။

ကြိုတင် လေ့လာသိထားသည်က ကိုးသိန်း ကိုးသောင်းဖြစ်ပါသည်။ ယခု ကားဆရာက ကိုးသိန်း ကိုးသန်းဟု ဆိုနေသဖြင့် ကိုးသန်းနှင့် ကိုးသောင်း ဘာကြောင့် လွဲနေရပါသလဲဟု မေးဖို့ လိုနေပါပြီ။ ထိုနယ်မြေသည် ရှေးယခင်က လောကီဝိဇ္ဇာ၊ ဂန္ဓာရီ၊ ဓာတ်၊ နတ်တို့၏ ဘူမိနယ်မြေဟု သိထားသလို၊ ယခုလည်း ရှိနေဆဲဟု သိရပါသည်။

ရွှေဂူလေးဘုရားနှင့် အလှမ်းမဝေးသော ကုန်းပေါ်တွင် ကျယ်ဝန်းစွာ တည်ရှိနေသော သာသနာ့မြေဖြစ်ပါသည်။ စေတီကြီးငယ်များစွာနှင့် ကျယ်ဝန်းသန့်ရှင်းသည့် သာသနိကနယ်မြေတွင် ရုပ်ပွား၊ ဆင်းတု၊ ဓာတ်ခန်း၊ နတ်ခန်းများ၊ မြေစိုက်စေတီများနှင့်အတူ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ ဓမ္မာရုံများ စုံလင်စွာတည်ရှိနေပြီး ဘုရားရှင်၏ ဖြစ်စဉ်တော်ငါးရာငါးဆယ်နိပါတ်တော်လာ ရုပ်လုံးရုပ်ကြွအသွယ်သွယ်ကိုလည်း တွေ့ရပါသည်။

ရှေးယခင်အခါက ပဲခူးမြို့၏ အနောက်ဘက်အရပ်သည် တောထူထပ်သော အရပ်ဖြစ်သောကြောင့် 'အေးချမ်းဆိတ်ငြိမ်လှ'၏။ သာသနာအတွက် ကောင်းကျိုးသိလားသော သာသနာပြု ကျင့်စဉ်စခန်းဝင်ကြသူများ ပျော်မွေ့ရာအရပ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့၏။

ထိုအချိန်မှ စ၍ ဝိဇ္ဇာအောင်မြေများအဖြစ် ရှိနေခဲ့သည်ဖြစ်၍ ဤအနောက်တောတန်းကြီးသည် ယခုအခါ "ကိုသိန်းကိုသန်း" ဟူသော သာသနာထွန်းရာ ဝိဇ္ဇာ၊ ဂန္ဓာရီတို့ စခန်းတည်ရာဖြစ်လာရန် စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

သာသနာနှစ် ၇၃၄ ခုနှစ်၊ ဒေါဒေါရသ သက္ကရာဇ် ၁၁၂ ခုနှစ်တွင် ယခင်အခါက "ပဲကူး" တိန်မယ်ပြည်၏ ဖခုပါးမြောက် ပဗ္ဗမင်း "လက်ပန်းချေ" သည် ကိုးသောင်းကုန်း၌ ဘိက္ခုနီကျောင်းအုပ်ဆရာကြီး အိုင်ကိုင်သောင်းမှ ပဗ္ဗမင်းမှ ဘိက္ခုနီကျောင်းကို လှူဒါန်းခဲ့၏။ သာသနာနှစ် ၁၃၅၇ ခုနှစ်တွင် ကိုးပါးမြောက် တိန်မယ်ပဗ္ဗမင်း "အဓိယိမ်း" မှ ကျောင်းဆောင်ကို ပြုပြင်ခဲ့သော်လည်း ကိုးသောင်းသာသနာသည် နှစ်ပေါင်း ၂၄နှစ်တိုင်တိုင် တိမ်မြုပ်နေခဲ့ပါသည်။

သာသနာနှစ် ၁၅၂၀-ခုနှစ်တွင် ကိုးသောင်း ဘိက္ခုနီများ ဘေးကြုံခဲ့ရသည်မှာ ကရွှမ်စစ်သည်များက နရသူရွာနှင့်အတူ ကိုးသောင်း ဘိက္ခုနီကျောင်းနေ ရဟန်းမ အငယ်/အလတ်ဟူသမျှကို သားမယားပြု၍ ကရွှမ်ပြည်သို့ ခေါ်သွား



ဤနယ်မြေကို စတင်ဖော်ထုတ်ခဲ့သည်ဖြစ်၍ ဆရာကြီး၏ အမည်ကို အစွဲပြု၍ "ကိုးသောင်းကျောင်း။ ကိုးသောင်းနယ်မြေ" ဟူသော အမည်တွင်ခဲ့၏။ နောက်ပိုင်း ပဗ္ဗမင်းဆက် ၁၀-မြောက် "ပျင်မာထီ" ၏ ကောင်းမှုဖြင့် ဒေါဒေါရသ သက္ကရာဇ် ၂၆၃ခုနှစ်၊ သာသနာနှစ် ၈၈၅ ခုတွင် "ကိုးသောင်းစေတီ" ဟူ၍ တည်ခဲ့ပါသည်။

ထို့နောက် "သေဉ်ဖကူမင်း" လက်ထက် ဒေါဒေါရသ သက္ကရာဇ် ၅၁၀-ခု၊ သာသနာနှစ် ၁၁၄၀ ခုတွင် ကိုးသောင်းစေတီကို ပြုပြင်ခဲ့ပြီး သာသနာနှစ် ၁၂၆၄ ခုနှစ်တွင် တိန်မယ်ခဲ့သဖြင့် ကိုးသောင်း သာသနာနယ်သည် ဂုဏ်ဝ ပျက်စီးသွားခဲ့ရာ အလောင်းစည်သူမင်းကြီးမှ သာသနာနှစ် ၁၆၆၅ ခုနှစ်တွင် ၄၅ပါးမြောက် ဘိက္ခုနီဆရာတော် "အိုင်ဆင်ကလန်း" ကို ပိဋကတ်ပဏ္ဍိတဘွဲ့ ဆက်ကပ်တော်မူခဲ့ရာမှ အစပြု၍ ကိုးသောင်းကျောင်းကို ပြန်၍ တည်ခဲ့ပါသည်။

နောက်ပိုင်း "မုတ္တမ စာရီရူမင်း" လက်ထက်တွင် ပဲကူးစား တူဖျားမင်းကို သတ်၍ ဘိက္ခုနီများကို ဖမ်းကာ စစ်သည်တော်တို့အား ဆုအဖြစ် ပေးခဲ့သောကြောင့် ဘိက္ခုနီ သာသနာနှင့် ကိုးသောင်းအရပ်သည် ပျက်စီးခဲ့ပြန်၏။ သို့သော် ပဲကူး

www.burmeseclassic.com

www.burmeseclassic.com

သားများ၏ ကြီးပမ်းမှုဖြင့် ကိုးသောင်းကျောင်း၌ ဘိက္ခုနီ အစား သီလရှင်များ ပေါ်ပေါက်ခဲ့ရပါသည်။ မဟာဒေဝီ မင်းသမီးကြီးနှင့် မိဖုရား၊ မင်းသမီးများက ကိုးသောင်း သီလရှင် တိုက်အနီး မြေစိုက်စေတီငယ်ပေါင်းများစွာကို ကုသိုလ်ပြု တည်ထားခဲ့ကြပါသည်။

ရာဇာဓိရာဇ်ဘွဲ့ကို ခံယူခဲ့သော ဗညားဦးသည် ဟံသာဝတီကို အုပ်စိုးသောအခါ ပီယရာဇဒေဝီဘွဲ့ခံ မိဖုရား "မွေမနိတ်"၊ သုတမာယာဘွဲ့ခံ "မွေမသင်"၊ သုပဘာဒေဝီဘွဲ့ခံ "မင်းလုမြတ်"၊ ရဒိဝင်ဘုရင်ခံ ကာမဇာ၏ ကြင်ယာဟောင်း မိဖုရား "စောပြည့်ချမ်းသာ"၊ အင်းဝဘုရင်မင်းခေါင်၏ မိဖုရား "ရှင်မိနောက်"၊ ရာဇဒေဝီဘွဲ့ခံ မိဖုရား "မိအုန်းနောင်"၊ လောကဒေဝီဘွဲ့ခံ မိဖုရား "ဝိုးသောက်"၊ သီရိမာယာဒေဝီ ဘွဲ့ခံ မိဖုရား "မည်ဦးစည်"၊ မိဖုရား "မည်ထော"၊ မိဖုရား "မွှေကနောက်ရွတ်"၊ မိဖုရား "မွှေမရှမ်း"၊ ကိုယ်လုပ်တော် "နှင်းကေသရာ"နှင့် သမီးတော် အရှင်မ "စောပု"တို့လည်း စေတီတစ်ဆူစီ တည်ခဲ့ကြ၏။ ထိုနှစ်ကား သက္ကရာဇ် ၇၄၆ ခုနှစ်မှ ၇၇၄ ခုနှစ်အတွင်း ဖြစ်ပါသည်။

ကိုးသောင်း သီလရှင်များအား သက္ကရာဇ် ၈၃၂ ခုနှစ်တွင် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခဲ့သူမှာ ဘုရင်မရှင်စောပုပင်ဖြစ်ပါသည်။ မင်းသမီးသည် ကိုးသောင်းသီလရှင် စာသင်တိုက်အသစ်တစ်ကျောင်းကို ကိုးသောင်းကုန်း တောင်ဘက်သို့ ရွှေကာ ဆောက်စေခဲ့ပြီး သီလရှင်ဆရာကြီး ဒေါ်မွဝတီသို့ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ကိုးသောင်းကုန်း သာသနိက နယ်မြေတွင် အထွတ် အမြတ် စံပြုရမည့် သာသနာ့အမွေခံအဖြစ် "ဓမ္မစက္ကပဝတ္တန" စေတီတည်ထားရန် သားတော် မဟာရာဇဒေဝ၊ သမီးတော် စပြင်ပြို့စား "သင်ဇာသမီးတော်"၊ သန်လျင်ပြို့စား "မေဇနောက်"၊ သမီးတော် ဒဂုန်ပြို့စား "မေစန္ဒာ"တို့နှင့် တူ၊ တူမ၊ ဇနီး၊ ခင်ပွန်းတို့ကို တာဝန်ပေးခဲ့၏။ ဓမ္မစက္ကသုတ်ကို ပဋ္ဌဝဂ် ရဟန်းတို့အား ဟောကြားရာအရပ်သည် အမြင့်ဆုံး နေရာဖြစ်သောကြောင့် ကိုးသောင်းကုန်း၏ အမြင့်ဆုံး ကုန်းတော်၌ သက္ကရာဇ် ၈၄၂ ခုနှစ်၊ ဝါဆိုလဆန်း ၃ရက်၊ အင်္ဂါနေ့တွင် "ဓမ္မစက္ကစေတီ"၏ ပန်းတိုင်အား စတင်တူးခဲ့လေသည်။

ယခုအခါ ဓမ္မစက္ကစေတီကြီး တည်ခဲ့ပြီးသော နှစ်သက် တမ်းမှာ ၅၃၃ နှစ်ခန့်ရှိခဲ့ပြီ ဖြစ်ပါသည်။ ဤသာသနာ့ နယ်မြေကိုလည်း "ကိုးသိန်း ကိုးသန်း"အဖြစ် အမည်တွင် နေခဲ့သည်မှာ ယနေ့တိုင် ဖြစ်နေ၏။ ကိုးသိန်းကိုးသောင်း ဟူသော အမည်မှာ မူလအစ ဘိက္ခုနီသာသနာအစအခြိုက ကိုးသောင်းကုန်းတော်ကို အခြေပြု၍ ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ကုန်းတော်မြတ်၏အမည်ဖြင့် စခဲ့သော ဘိက္ခုနီ သာသနာသည် ပဲကူးမြေ၌ စတင်ခဲ့သောအချိန်ဟုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ပါသည်။

သမိုင်းမှတ်တမ်းများအရ ပထမ ၆ဘုံးမြောက် ပျူမင်း "လက်ပန်းချေ"သည် သက္ကရာဇ် ၁၁၂ ခုနှစ်ခန့်ကပင် ကိုးသောင်းသိမ်နှင့် ဘိကျူနီကျောင်းကို စတင်ဆောက်လုပ်လှူဒါန်းခဲ့သည်ဟု ရေးသားထားပါသည်။ ထို့ကြောင့် ကုန်းတော်မြတ်မှာ နှစ်ပေါင်း ၁၂၁၁ နှစ်ခန့်ရှိနေပြီဟုလည်း ဆိုထားပါသည်။ ကိုးသောင်းနယ်မြေသည် ထိုစဉ်အခါကပင် သိုက်ဆက်၊ ဓာတ်ဆက်၊ ဘုမ္မိယသိုက်များ ပေါများပြီး အမှားအယွင်းမခံသော နယ်မြေဖြစ်ခဲ့၏။ ရှေးယခင်က ကြည်လင်စွာ စီးဆင်းနေသော "မင်းချောင်း"ကလေးမှာလည်း ယခုအခါ ရေရှိရုံသာဖြစ်သော်လည်း မင်းချောင်းအမည်ဖြင့်ပင် ချောင်းရေစီးဆင်းနေဆဲဖြစ်ပါသည်။

ယခုအခါ ကိုးသိန်းကိုးသန်း သာသနိကမြေအဖြစ် ဘုရားဖူးများ အသွားအလာများနေပါသည်။ ပရိဝုဏ်အတွင်း၌လည်း သိုက်ဆက် သိုက်နန်းရှင် သခင်မများ၊ ရှမ်းသိုက်များ၊ အစ်မတော် စောမွန်လှ၊ အစ်မကြီး မြနန်းနွယ်တို့ ဘုမ္မိယနန်းဆောင်တော်ကြီးများ၌ သိုက်ဆက်၊ နဂါးဆက်ပွဲများဖြင့် စည်ကားစွာ ကျင်းပနေသည်ကိုလည်း တွေ့ခဲ့ရပါသည်။

ရှေးဟောင်း သာသနိကနယ်မြေအတွင်း ရေနှစ်ပေါင်းများစွာမှ တည်ထားခဲ့သော စေတီဘုရားများကို ပြုပြင်မွမ်းမံ၍ ထပ်မံတိုးချဲ့တည်ထားသော ကျောင်း၊ ဇရပ်၊ ဓမ္မာရုံများ၊ ရေကန်တော်များနှင့်အတူ သာယာချမ်းမြေ့လှသော နယ်မြေအတွင်း အေးချမ်းစွာ ဘုရားဖူးနေသူများ၊ သိုက်ဆက်၊ ဓာတ်ဆက်၊ ဂန္ဓာရီအဆက်များ၏ နွေးထွေးသော တီးမှုတ် ကခုန်မှုများဖြင့် ထာဝစဉ် စည်ပင်နေသော ကုန်းတော်မြတ်ဖြစ်ပါသည်။

ကိုးသိန်းကိုးသန်း အဓိဋ္ဌာန်နယ်မြေဟုလည်း ဂုဏ်သတင်းကြီးနေသောကြောင့် အဓိဋ္ဌာန်ပြုသူများဖြင့်လည်း အလွန်စည်ကားနေပါသည်။ ပဲခူးမြို့ဘုရားဖူးခရီးတွင် "ကိုးသိန်း ကိုးသန်း"သာသနိက နယ်မြေသည် ကျွန်မအတွက် တစ်ခါဖူးမျှ မရောက်ရသေးသောနယ်မြေဖြစ်၍ စာတစ်စောင်အဖြစ် ရေးဖွဲ့နိုင်ရန် ဥပါသကာ လူကြီးများကို ရှာဖွေမိသော အခါ စာပေဝါသနာပါသော ဆရာသိုက်(အဓိဋ္ဌာန်ပါရမီရှင်၊ ကိုးသိန်းကိုးသန်း၊ ဘုရား၏ ဥပါသကာ)နှင့် ရင်းနှီးခဲ့ရပြီး သိလိုသမျှလည်း မေးမြန်းနိုင်ခဲ့ပါသည်။ ကုန်းတော်မြတ်တွင် တိုးချဲ့ ပြုပြင်မှုများလည်း ရှိနေသောကြောင့် လှူဒါန်းလိုသော ဒါယိကာများသည် ဖော်ပြပါ ဖုန်းနံပါတ်ဖြင့် ဆက်သွယ်လှူဒါန်းနိုင်ပြီး သိလိုသမျှလည်း မေးမြန်းနိုင်ပါသည်။

(ကိုးသိန်း ကိုးသောင်း ဂေါပကအဖွဲ့၏ ဖုန်းမှာ - ၀၉ ၄၅၈၀၂၀၄၃၅ ဖြင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။) ■

* * *

မြမခင္ဦဝေ(ကျုံမခင်း)

မှီငြမ်းမှု

- ဆရာကြီး ဦးမြမောင်(ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိုက်၏ ဖခင်)၏ ရေးမှတ်တမ်းများ။
- စာရေးဆရာ ရွှေဘုန်းကံ၏ မှတ်တမ်းများ။
- စာရေးသူ၏ ဘုရားဖူးခရီးမှတ်တမ်း(၂၄-၅-၂၀၁၃၊ ကဆုန်လပြည့်နေ့)။

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓ၏ ဆုံးမနည်း
ဒဒသနာမွေ့
ဒါန၊ သီလ၊ ဘာဝနာ
အစရှိသော ကောင်းမှုကုသိုလ်၊
ပုညကြီးယာ ၁၀ ပါးတို့တွင် တရား
တော်ကို နာယူခြင်း၊ ဓမ္မသဝနနှင့်
တရားတော်ဟောပြခြင်း၊ ဓမ္မဒေသနာ
တို့သည်လည်း ပါဝင်ကြသည်။

ယောဂီတော်လှိုင်

ဓမ္မသဝန

www.burmeseclassic.com

www.burmeseclassic.com

ဒါနကို သုစရိုက်အနေဖြင့်၊ ကာယသုစရိုက်ခေါ်ရ၏။ ဘာဝနာနှင့် ဓမ္မဒေသနာတို့ကို ဝစီသုစရိုက်တွင် ထည့်သွင်းထားသည်။ သီလနှင့် ဓမ္မသဝနတို့ကား မနောသုစရိုက်များဖြစ်ကြ၏။

သင့်တင့်လျောက်ပတ်သော အချိန်အခါတိုင်းတွင် တရားတော်ကို နာယူခြင်းသည် မင်္ဂလာဖြစ်၍ "ကာလေန ဓမ္မသဝန မင်္ဂလာ" အမည်ရှိပါသည်။ တရားတော်ကို နာယူ၍ နလုံးသွင်းခြင်းအမူကြောင့် ပုထုဇဉ်တို့၏ စိတ်သန္တာန်၌ ဖြစ်နေသော စိတ်ပုံလွှမ်မှု (ဥဒ္ဓစ္စ) ကာမဂုဏ်ကြံတွေးမှု (ကာမဝိတက်)၊ လက်စားချေရန်ကြံတွေးမှု (ဗျာပါဒဝိတက်) နှင့် နှိပ်စက်ညှဉ်းဆဲ ရန်ကြံတွေးမှုမှု (ဝိဟိံသဝိတက်) တို့ကိုပယ်ဖျောက်ခွင့် သက်သာကင်းဝေးခွင့်တို့ကို ရရှိစေနိုင်ပါ၏။

ပုထုဇဉ်မျှသာဖြစ်ကြသော စာရှုသူ ဓမ္မပရိသတ်တို့သည် သင့်တင့်လျောက်ပတ်သောအချိန်အခါတို့တွင် အဆွေခင်မွန်းကောင်းဖြစ်၍ အကြားအမြင်များကြသောပုဂ္ဂိုလ် သို့မဟုတ် ဓမ္မကထိကတို့၏ထံပါး၌ ဆည်းကပ်၍ မိမိတို့၏ ယုံမှားမှု၊ တွေးမှားမှုတို့ကို ပယ်ဖျောက်ရန်တရားတော်ကို နာယူအပ်ကြ၏။ စာရှုသူဓမ္မပရိသတ်တို့သာမက သာသနာဝန်ထမ်း ရဟန်းတော်များလည်း တရားတော်ကို နာယူအပ်ပေ၏။

ပဌမက အင်္ဂုတ္တိရ်၊ စတုတ္ထပဏ္ဏာသ ပထမဝဂ် ၌ ကာလေန ဓမ္မသဝနသုတ်၏ အဖွင့်စကားအဖြစ် မြတ်ဗုဒ္ဓက အောက်ပါကဲ့သို့ ဟောပြထားတော်မူပါသည်။

"ချစ်သား ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းတို့သည် ဓမ္မတရားကို ရိုသေစွာသင်ကြားကြ၏။ ရိုသေစွာ ဆောင်ထားအပ်ကြ၏။ ဓမ္မတရားတို့၏ အနက်ကို ဆင်ခြင်ကြ၏။ ပါဠိအနက်တို့ကို သိမြင်၍ လောကုတ္တရာ အားလျော်သော အကျင့်ကို ရိုသေစွာကျင့်ကြ၏။ ဤတရားငါးပါးတို့သည် သာသနာတော်၏ မပျက်စီးခြင်းအတွက်၊ မကွယ်ပျောက်ခြင်းအတွက်ဖြစ်၏"

"ဣဓ ဘိက္ခဝေ ဘိက္ခု - သက္ကစ္စံ ဓမ္မံ သုဏာတိ" ဟု ပါဠိတော်၌တွေ့ရပေ၏။

ထို့အပြင် မြတ်ဗုဒ္ဓသည် ပရိသတ်လေးပါးတို့အား "ဆုံးမနည်း ဒေသနာ" တရားကိုလည်းဟောကြားတော်မူရာတွင် ဒါယကာ ပရိသတ်အနေဖြင့် ၄ မျိုး ၄ စားခွဲခြား၍ နားလည်ထားရန်လိုအပ်ပါသည်။

၁။ သံယောဇဉ် ၃ ပါး အနောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ဆုံးခြင်းကြောင့် အပါယ်သို့မကျခြင်းသဘော၌ ကိန်းသေမြဲသော၊ အထက်မဂ် ၃ ပါးသို့လားရာရှိသောပုဂ္ဂိုလ် သောတာပန်ဖြစ်အံ့ဟု ဆုံးမနည်း။

၂။ သံယောဇဉ် ၃ ပါး အနောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ဆုံးခြင်းကြောင့် ကာမဘုံ၌ ပဋိသန္ဓေမနေဘဲ၊ ဗြဟ္မာ့ဘုံ၌ဥပပါတ်ဘဝကို ရယူလျက် ပရိနိဗ္ဗာန်ပြသော ပုဂ္ဂိုလ် အနာဂါမ်ဖြစ်အံ့ဟု ဆုံးမနည်း။

၃။ အာသဝေါတရား ၄ ပါးတို့၏ ကုန်ကင်းခြင်းကြောင့် လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သည့် အရဟတ္တဖိုလ်ပညာကို လက်ရှိဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုသော ပြည့်စုံစေ၍ ရောက်ရှိနေသော ပုဂ္ဂိုလ် ရဟန္တာဖြစ်အံ့ဟုဆုံးမနည်း။

မြတ်ဗုဒ္ဓ၏ ထိုဆုံးမနည်းဒေသနာတော်သည် အလွန်အကဲ မြင့်မြတ်လှပေ၏ဟု ခံယူထိုက်၏။ သာသနာ့ဝန်ထမ်း ရဟန်းတော်များအနက်မှ "ဓမ္မဒေသနာ" ဟောပြလိုကြသော ပုဂ္ဂိုလ်သဲ့ဃာမထေရ်မြတ်တို့သည် ဓမ္မကထိကနေရာဌာနဉ် ကြိုးပမ်းရပ်တည်တော်မူလာကြသည်။ ထိုထို ဓမ္မကထိကတို့သည်လည်း မြတ်ဗုဒ္ဓ၏ ထိုဆုံးမနည်းဒေသနာတော်နှင့်အညီ လိုက်နာကြိုးကုတ်လျှက်အားထုတ်ဟောပြတော်မူကြပါသည်။

မြတ်ဗုဒ္ဓအမှူးရှိသော အရှင်သာရိပုတ္တရာ မထေရ်မြတ်အပါအဝင်ရဟန္တာအရှင်မြတ်တို့သည်လည်းကောင်း၊ သာသနာ့ဝန်ထမ်း ထိုထိုဓမ္မကထိက ရဟန်းတော်မြတ်တို့သည်လည်းကောင်း အကြင်ဒေသနာအားဖြင့် ကုသိုလ်တရားတို့၌ ဓမ္မတရားအသီးသီးကို ဟောတော်မူခဲ့ကြသည်သာဖြစ်ပါ၏။ အလွန်အကဲမွန်မြတ်ကြီးကျယ်သော ထိုထိုဒေသနာတို့၌ ဓမ္မတရားအသီးသီးကို ဟောတော်မူခဲ့ကြသည်သာဖြစ်ပါ၏။ အလွန်အကဲ မွန်မြတ်ကြီးကျယ်သော ထိုထိုဒေသနာတို့၌ ဟောကြားအပ်သော ကုသိုလ်တရားကား အဘယ်နည်း။

စာရှုသူ ဓမ္မပရိသတ်တို့ ဖတ်ရှုဖူး၊ နာကြားဖူးကြသော တရားများ၊ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မြတ်သော မဂ္ဂင်ရှစ်ပါး အပေါင်းအစုမျှသာရှိသော ဗောဓိပက္ခိ

www.burmeseclassic.com

www.burmeseclassic.com

ယတရား ၃၇ ပါးသည် ကုသိုလ်တရားတို့ပါတည်း။

မြတ်ဗုဒ္ဓသည် ကုသိုလ်တရားတို့၌ ထိုထိုဓမ္မဒေသနာကို အကြွင်းမဲ့သိတော်မူ၏။ ထိုထိုဓမ္မဒေသနာကို သိတော်မူသော မြတ်ဗုဒ္ဓအား ထို့ထက်ပိုလွန်၍ သိအပ်သော တရားသည်မရှိပေ။ ကုသိုလ်တရား (ဗောဓိပက္ခိယ)တို့၌ တစ်ပါးသူတို့မသိအပ်၊ မသိနိုင်သောတရားကို သိတော်မူပြီးသော မြတ်ဗုဒ္ဓထက် ပိုကဲသာလွန်သော ဗြဟ္မာဏတစ်ယောက်ဟူ၍ သာမဏတစ်ပါးဟူ၍မရှိနိုင်ပေ။

စာရှုသူ ဓမ္မပရိသတ်သည် မြတ်ဗုဒ္ဓအား ရည်မှန်း၍ ဤကဲ့သို့ကြည်ညိုသင့်ကြပါသည်။

"တရားအလုံးစုံကို သိတော်မူခြင်း၌ မြတ်ဗုဒ္ဓထက် ပိုကဲသာလွန်စွာ အသိဉာဏ်မြင့်သော သာမဏ ဗြဟ္မာဏသည် ရှေးကမရှိစဖူး။ နောင်တွင်မရှိနိုင်။ ယခုလည်းမရှိ ဟူ၍ ကြည်ညိုအပ်ပေ၏။"

တရားနာနည်းနှင့် တရားနာယူခြင်းအကျိုးများ

ဓမ္မဒေသနာသဘင်သို့ ပါဝင်ဆင်နွှဲလိုသော၊ ဓမ္မသဝန ကုသိုလ်အမှုကို သန့်ရှင်းဖြူစင်စွာ ပြုချင်ကြသော စာရှုသူ ဓမ္မပရိသတ်ကြီးသည် ဒေသနာနှင့်ကိုက်ညီသော လူတို့၏ သီလအကျင့်နှင့် ဤသို့ပြည့်စုံစေအပ်၏။

- တရားနာကြားခြင်းကာလမတိုင်မီ အနီးကပ်ချိန်နှင့် နားကြားဆဲကာလတွင် မှန်သောစကားရှိရန်။
- သဒ္ဓါတရားနှင့်ပြည့်စုံစေ၍ ဣန္ဒြေတို့၌ ပိတ်သော တံခါး ရှိနေရန်။
- ကိုယ်နှုတ်နလုံး ၃ ပါးလုံးဖြင့် ဖြောင့်မတ်စွာ ကျင့်သုံးခြင်းရှိရန်။
- ပျင်းရိထိုင်းမှိုင်းခြင်းမှ ကင်းဝေးစေ၍ ပြင်းစွာအားထုတ်သော လုံ့လရှိရန်။
- ဘဝနှာနှင့် ယှဉ်စပ်သော သတိကြပ်မတ်မှုရှိရန်။
- တရားတော်ကို ဆောင်ယူနိုင်စွမ်းသော၊ ချိန်ဆဆင်ခြင်နိုင်သော ပညာကိုရှေးရှုရန်။

ဤကဲ့သို့ ပြည့်စုံစေလျက် တရားနာယူသော စာရှုသူ ဓမ္မပရိသတ်သည် အဂ်ံတို့၏၊ ဓမ္မသဝနသုတ်၌ ဟောကြားသော တရားနာယူခြင်း၏ အကျိုး ၅ ပါးကို ပါရမီအားလျော်စွာ ရရှိခံစားကြရ၏။

၁။ မိမိမကြားဖူးသော တရားများကို ကြားသိရခြင်း။

၂။ ကြားဖူးပြီးသော တရားများကို ပို၍ရှင်းလင်းစွာ နားလည်ရခြင်း။

၃။ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်း။

၄။ အယူဝါဒကိုဖြောင့်မတ်မှန်ကန်စေနိုင်ခြင်း။

၅။ သဒ္ဓါ ပညာ တိုးပွား၍ စိတ်ကြည်လင်မှုရရှိခြင်း။

တရားတော်ကို နာယူခြင်း ဓမ္မသဝနသည် ခဏကြာပြီး ချိန်တွင် ဓမ္မဒေသနာသဘင်၌ ချန်ထားခဲ့ခြင်း၊ နေအိမ်အပြန် လမ်းခုလတ်၌ စွန့်မစ်ခဲ့ခြင်းကို ခွင့်မပြုခေ။ နာယူခြင်းဝေါဟာရနှင့် အညီနာကြာပြီးလျှင် မိမိစိတ်သန္တာန်၌ တည်ကိန်းနေစေရန် ဆောင်ယူရမည့် တာဝန်ရှိလေသည်။

ဤကဲ့သို့ ဆောင်ယူထားနိုင်ပါမှ စိတ်အညစ်အကြေးနိဝရဏကို ပယ်ခွာနိုင်ပေမည်။ အကျိုးဆက်အာနိသင် တရား ၄ ပါးနှင့်တကွ အာသဝက္ခယဉာဏ်အထိ ရရှိခြင်း စသော အကျိုးထူးဝိသေသကို စံစားနိုင်ကြပေလိမ့်မည်။ ဒေသနာကို ဆောင်ယူခြင်း။ ဆင်ခြင်ခြင်းပညာမဲ့နေပါက အကျိုးထူးမရနိုင်ခေ။

မြတ်ဗုဒ္ဓသည် မဟာဝဂ္ဂ၊ ဗောဇ္ဈင်္ဂသံယုတ်ပါဠိတော်၌ ဤကဲ့သို့ ဟောတော်မူပါ၏။

"ချစ်သားရဟန်းတို့... အကြင်အခါ၌ တပည့်သာဝကသည် ဒေသနာကို ရိုသေစွာ နလုံးသွင်း၏။ အချင်းခပ်သိမ်းနလုံးသွင်းသောစိတ်ဖြင့် ကြားအပ်သော သောတပသာဒဖြစ်၍ တရားတော်ကို နာကြား၏။ ထိုအခါ သာဝကအား နိဝရဏာတို့ မဖြစ်ကြ။ ဗောဇ္ဈင်တရားတို့သည် ပွားခြင်း၊ ပြည့်ခြင်းသို့ ရောက်ကြ၏"

တရားအလိုဆန္ဒပြည့်ခဲ့ကြသော ဘိက္ခုနိဒါးရာ

ဓမ္မသဝန ကုသိုလ်မှုကို အထူးပြုကြ၍ အားလုံးအလိုဆန္ဒပြည့်ဝသွားခဲ့သော ဓမ္မသဘင်တစ်ခု၏ မြင်ကွင်းကို ရှင်းလင်းစွာထုတ်ဖော်ပြလျက် နိဂုံးချုပ်ပါရစေ။

မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ် ဓမ္မကထိကမှာ ရဟန္တာမထေရ်အရှင်နန္ဒက ဖြစ်တော်မူပါသည်။ ဓမ္မသဝန တရားနာပုဂ္ဂိုလ်များကား ကပိလဝတ်၊ ကောလိယမှ သာကီဝင်မင်းသမီးတဖြစ်လဲ ဘိက္ခုနိဒါးရာဖြစ်ပါသည်။ ဘိက္ခုထံမှ ဩဝါဒပေးခြင်းကို အလှည့်ကျတရားနာယူရခြင်းပင်။

ရှေးဘဝများက မောင်းမဲသဲ အခွေအရံများအဖြစ် ပျော်ပျော်ပါးပါးခစားနေထိုင်ခဲ့ဖူးကြသော အထုံဓာတ်များပါရှိနေသောကြောင့် ယခုဘဝ ဘိက္ခုနိဒါးရာသည် ဘုရင်ဖြစ်လိုသော အရင်နန္ဒက ကိုဖူးမြင်ရသောအခါ မြူးရွှင်နေကြသည်။ ခြေဆေးရေခပ်သူ၊ ခြေဆေးနေရာပြုသူတို့ပေါ်နေကြသည်။

"ကနေ့တရားပေးပုံက ပရိသတ်ကို ပြန်မေးပြီးဟော

www.burmeseclassic.com

www.burmeseclassic.com

မယ်နည်းနော်။ မေးမယ်။ မေးတဲ့အခါ မသိရင် မသိဘူးလို့ ရှင်းရှင်းလျှောက်ရမယ်။ နားမလည်ဘူး၊ သဲသဲယဖြစ်နေရင် သဲသဲယဖြစ်တာကို ထပ်မေးရမယ်နော်။ သိရင်လည်း သိတယ်လို့ သိတဲ့အတိုင်း အမှန်ဖြေပါ - ဟုတ်ပြီလား။"

" အရှင်ဘုရားက တပည့်တော်တို့ကို ဒီလိုမိန့်တော်မူတာနဲ့ပဲ ဝမ်းသာလိုက်တာ ဘုရား···။"

"ဘဂိနိယော···နမတို့၊ စက္ခု - မျက်စိအကြည်ဓာတ်သည်။ နိစ္စံ ဝါ - မြဲသည်ဟုထင်ကြသလော။ အနိစ္စံဝါ - မမြဲဟုထင်ကြသလော။

" အနိစ္စံ ဘန္တေ - မမြဲပါဘုရား။

" ထိုမျက်စိအကြည်ဓာတ်သည် ဖြစ်ပြီးပျက်သဖြင့် မမြဲ၊ ထိုမမြဲသော မျက်စိအကြည်ဓာတ်သည် မကောင်းသော ဆင်းရဲကို ဖြစ်သလော။ ကောင်းသောချမ်းသာကို ဖြစ်သလော"

"ဆင်းရဲကို ဖြစ်ပါသည် အရှင်ဘုရား"

"ထိုမျက်စိအကြည်ဓာတ်သည် ဆင်းရဲဖြစ်၏။ မြဲခြင်းလည်းမရှိ၍ ဖောက်ပြန်ခြင်းသဘောပင်။ ထိုမျက်စိအကြည်ဓာတ်ကို ဤအကြည်ဓာတ်ကား ငါဉစ္စာ၊ ဤအကြည်ဓာတ်သည် ငါ၊ ဤအကြည်ဓာတ်မှာ ငါ၏ အတ္တာဖြစ်သည်ဟု ပြောသင့်ပါသလော။ ဤသို့အဖန်ဖန်ရှုမြင်နေရန်သင့်တော်ပါဦးမည်လော···။"

"အရှင်ဘုရား····ဤမမြဲ ဆင်းရဲသော မျက်စိအကြည်ဓာတ်ကို ငါ၊ ငါဉစ္စာ၊ ငါ၏အတ္တာဖြစ်သည် ဟု ပြောဆိုခြင်း၊ ရှုမြင်ခြင်းမှာ မသင့်တော်ပါ··· ဘုရား။"

အမေးအဖြေနှင့် အနက်အဓိပ္ပါယ်ရှင်းလင်းလိုက်ပုံကား ဘိက္ခူနီငါးရာလုံး နားလည်ကြပါသည်။ တစ်ကိုယ်လုံးအနက်မှ မျက်စိအကြည်ဓာတ် ကိစ္စရှင်းသွားသည်။ အနိစ္စ - မမြဲ၊ ဒုက္ခ - ဆင်းရဲ၊ အနတ္တ - အစိုးမရ။ ဤသို့အားဖြင့် ခြေဆုံခေါင်းဆုံး တစ်ကိုယ်လုံးသည် အနိစ္စ၊ ရုပ်နာမ်တို့လည်း အနိစ္စ၊ ဓာတ်ရှစ်ပါး အနိစ္စပင်။

တရားဟောကောင်းလှသော အရှင်နန္ဒကသည် အကုန်လုံးမေးသမျှ ရှင်းလင်းစွာ မြင်သိကြသော ဘိက္ခူနီငါးရာတို့အား ဆီးမီးစောက်ဥပမာ၊ သစ်ပင်ဥပမာ၊ နွားသတ်သမားဥပမာ တို့ကိုပြောပြပြန်သည်။

"ဒီရုပ်နာမ်ခန္ဓာကြီးကို တဏှာရာဂများက တွယ်တာနေကြတာကြောင့် ခန္ဓာကိုယ်အဖြစ်နဲ့ ဒီလိုမြင်နေ ကြတာပါ။ အဲဒီခန္ဓာငါးပါးကို မတွယ်တာခဲ့လျှင် ဒီလိုမဖြစ်၊ ဒီလိုမမြင်တော့ဘူး···· ။"

အရှင်နန္ဒက တရားနိဂုံးချုပ်ပြီးနောက် ဘိက္ခူနီတို့၏ ဓမ္မသဘင်မှ ပြန်လည်ထွက်ကြတော်မူ၏။ အရှင်နန္ဒက၏ ဩဝါဒကထာကြောင့် ဘိက္ခူနီများ၏ စိတ်သန္တာန်မှာ ၁၄ ရက်ညထွက်ပေါ်လာသော လဝန်းကဲ့သို့ မပြည့်တတ်သော သဘောရှိလေသည်။ မြတ်ဗုဒ္ဓသည် - နန္ဒက နက်ဖြန်တရား ထပ်ဟောပါဟု မိန့်တော်မူ၏။ နောက်တစ်ရက်တွင် အရှင်နန္ဒကသည် မြတ်ဗုဒ္ဓအလိုတော်ကျ၊ တရားကိုဆက်လက် ဟောတော်မူပါသည်။

ဒုတိယနေ့ ဓမ္မသဘင်အပြီးတွင် မြတ်ဗုဒ္ဓက ဤသို့ သုံးသပ်စကားကို မြွက်ကြားတော်မူပါသည်။

"ချစ်သား ရဟန်းတို့ ယနေ့သည် ၁၅ ရက်လဆန်းတွင် ထွက်ပေါ်သော လပြည့်ဝန်းပမာ ပြည့်ပြည့်ဝဝဖြစ်ကြလေပြီ၊ သောတာပန်ဖြစ်ချင်သူ ဘိက္ခူနီတို့သည် သောတာပန်ဖြစ်ကြ၏။ သကဒါဂါမ်ဖြစ်လိုသူ ဘိက္ခူနီတို့သည် သကဒါဂါမ်ဖြစ်ကြ၏။ အနာဂါမ်ဖြစ်ချင်သူ အနာဂါမ်ဖြစ်ကြပြီ။ ရဟန္တာအရှင်မကြီး ဖြစ်လိုသူ ရဟန္တာဖြစ်ကြပြီ။ လဆန်း ၁၅ ရက်နေ့၏ လဝန်းကြီးပြည့်စသကဲ့သို့ အားလုံးအလိုဆန္ဒပြည့်စုံကြချေပြီ။"

ဓမ္မသဝနကုသိုလ်အမှုဌ် သန့်ရှင်းစင်ကြယ်စွာပြုနိုင်စွမ်းရှိကြသော ဘိက္ခူနီငါးရာတို့သည်၊ တရားနာယူသော အရပ်၌ပင် နိဝရဏများကင်းကွာသွားကြ၏။ တရားအထူးဖြစ်စေလျက်၊ ဟော့ဖျင်တရားတို့သည် တိုးပွားခြင်း၊ ပြည့်စုံခြင်းသို့ ရောက်ကြလေ၏။

စာရှုသူ ဓမ္မပရိသတ်သည် တရားနာသောအရပ်၌ အကယ်၍ တရားထူးကို မဖြစ်စေနိုင်ပါလျှင် နေ့ နေရာ၊ ညဉ့်နေရာတို့၌ချည်းကပ်၍ ဓမ္မပီတိကို ထိန်းသိမ်းအပ်၏။ ကာလအားလျော်စွာ တရားနာယူခြင်း၊ ကာလအားလျော်စွာ တရားဆွေးနွေးခြင်း၊ ကာလအားလျော်စွာ တရားသုံးသပ်ခြင်းနှင့် ကာလအားလျော်စွာပင် ဝိပဿနာရှုပွားခြင်းတို့ကို ပြုလုပ်အပ်၏။ ကောင်းစွာဖြစ်စေအပ်သော၊ အစဉ်တစိုက်လိုက်အပ်သော၊ ကာလအားလျော်စွာဖြစ်သော ထိုတရား(နာယူ၊ ဆွေးနွေး၊ သုံးသပ်၊ ရှုပွားခြင်း) ၄ ပါးတို့သည်၊ အာသဝေါတရားတို့၏ ကုန်ကင်းရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်စေတတ်၏။ မျက်မှောက်ပြု၍ ပြည့်စုံစေတတ်ပေသတည်း။

အကြင်သူသည် ရှိသေစွာ တရားကိုနာယူပါအံ့။ ထိုသူသည် သာသနာတော်ကို မပျက်စီးစေရန် မကွယ်ပျောက်စေရန် ကျင့်ကြံသူမည်ပေသတည်း။

* * *

ဧယာဒီကလောင်

www.burmeseclassic.com

www.burmeseclassic.com

အံ့ဖွယ် သက်စွန့်လှူဒါန်းသူ

တက္ကသိုလ်သျှင်သီရိ
(ဆွာစရိယ တီ-အေ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ကောဇာဂုံဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ထိုဘုရားရှင်၏ သာသနာတော် ထွန်းကားနေချိန်ဖြစ်သည်။

စိန္ဓမြို့တွင် စိန္ဓမင်းသည် မင်းပြုနေပြီး ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် မိဿာဒိဋ္ဌိအယူရှိသည်။

တစ်နေ့တွင် ရဟန်းသာမဏော ဉာဝါးသည် တင့်တယ်ကြည်ညိုဖွယ်သော ကျက်ရိယာပုတ်ဖြင့် မြို့လယ်လမ်းသို့ ကြွလာကြသည်။ ပုရောဟိတ် မိဿာ ပုဏ္ဏားသည် ထိုရဟန်းတို့ကို မြင်တွေ့ရသောအခါ...

"ဤရဟန်းတို့ ကြွလာသည်ကို မင်းကြီး မြင်ရသော်ကြည်ညိုမှု၊ ဝမ်းမြောက်မှုဖြစ်ပြီး ကြီးစွာသော ပူဇော်သက္ကာရများ ပြုပါက ငါတို့ ပုဏ္ဏားများ လာဘ်လာဘတိတ်ကြပေလိမ့်မည်။ မင်းကြီးကို ကြည်ညိုမှု မဖြစ်စေရန် ထိုရဟန်းတို့ကို ဖျက်ဆီးအံ့"

ဟု စဉ်းစားကြံစည်လေသည်။

ထို့နောက် မင်းကြီးထံသို့ ချက်ချင်းသွားရောက် ခစားကာ မင်းကြီး၏ လက်ကို ဆွဲကိုင်ပြီးလျှင် ပြာသာဒ်အထက်သို့ တက်ကာ...

"မင်းကြီး...ခိုးသူတို့သည် မြို့ထဲသို့ ဝင်လာကြသည်။ ထိုသူတို့သည် တစ်မြို့လုံးကို လုယက်ကြလိမ့်မည်"

ဟု လက်ညှိုးညွှန်ကာ ပြောကြားသည်။

မင်းကြီးသည် လမ်းမဘက် ပုဏ္ဏားညွှန်ရာကို လှမ်းကြည့်သော် ရဟန်းတို့ကို တွေ့မြင်ရသဖြင့်...

"လမ်းမ၌ သွားနေကြကုန်သောသူတို့သည် ဘုရားသာသနာဝန်ထမ်း ရဟန်းများ ဖြစ်ကြသည်။ ခိုးဆိုးလုယက်သူတို့ မဟုတ်နိုင်ပါ။ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ဤရဟန်းတို့သည် အဘယ်ကြောင့် ဤအရပ်သို့ လာကြသနည်း"

ဟု မင်းကြီးသည် တွေးတောစဉ်းစားမိသည်။

ထိုအခါ မိဿာ ပုရောဟိတ်က...

"မင်းကြီး...ခိုးသူတို့သည် ရဟန်းအသွင်ဆောင်၍ လုယက်ရန် မြို့ထဲသို့ လာကြခြင်းဖြစ်ပါသည်။ မင်းကြီး... သူတို့သည် မြို့ကို လုည့်ပတ်ကြည့်ပြီးနောက် တစ်မြို့လုံးကို လုယက်ဖျက်ဆီးကြပါလိမ့်မည်"

ဟု ချောက်တွန်းစကား ဆက်လျှောက်ထားသည်။

"တစ်ခါတစ်ရံမျှ ရဟန်းတို့သည် စိန္ဓမြို့တွင်းသို့ ကြွသွား လာသွားခြင်း မရှိဘူးဘဲ ယခုမှ ထူးခြားစွာ မြို့လမ်းမ၌ စီတန်းသွားနေကြသည်"

ဟု မင်းကြီးစိတ်ထဲဝယ် တွေးမိပြီး မိဿာ ပုရောဟိတ် ပုဏ္ဏား၏ လျှောက်ထားမှုကို ယုံမှား သံသယဝင်ပြီး စိုးရိမ်စိတ်များပါ ပေါ်လာမိသည်။

"ပုရောဟိတ်...ဤသူတို့သည် ရဟန်းမဟုတ်။ ခိုးသူတို့ ဖြစ်နေလျှင် အဘယ်သို့ ပြုလုပ်သင့်သနည်း"

မိဿာ ပုရောဟိတ် ပုဏ္ဏားသည် မင်းထံမှ အမိန့်ရသော အခါ ချက်ချင်းပင် သူသတ်တို့ကို ခေါ်ကာ ရဟန်းတို့ကို ဖမ်းဆီးစေသည်။ ခြေ၊ လက်၊ လည်ပင်းတို့ကို ကြိုးဖြင့် တုပ်နှောင်ကာ ရိက်နက် ပုတ်ခတ်ကာ သုသာန်သို့ ခေါ်ဆုတ်သွားကြသည်။ လမ်းခရီး၌ လူသတ်သမားတို့က ရဟန်းတို့၏ သင်္ကန်းတို့ကို ချွတ်ယူကြသည်။ ရဟန်းတို့၏ မျက်နှာကို လက်သီးဖြင့် ထိုးနှက်ကြသည်။ ခေါင်းကို ရိုက်နှက်ကြသည်။

သုသာန်သို့ ရောက်သောအခါ တံကျင်ထက်၌ ချည်တုပ်နှောင်ထားကြသည်။ အကြီးဆုံး မထေရ်ဖြစ်သော အရှင် "နာဂဒီပ"သည် မိမိ၏ နောက်ပါ ရဟန်းတို့ကို...

"ငါ့ရှင်တို့...သင်တို့သည် ကြောက်ရွံ့၍ မငိုကြွေးကြကုန်လင့်။ ငိုကြွေးခြင်းသည် ရဟန်းတို့၏ အလုပ်မဟုတ်။ ဤဆင်ရဲသည် မည်သူ၏ အပြစ်မှမဟုတ်။ ငါတို့၏ ရှေးဘဝ အကုသိုလ်ကံ ဝဋ်ကြွေးသာဖြစ်သည်။ လောကဥ္စ ဖြစ်လာသမျှသော သတ္တဝါတို့မှာ စိုးရိမ်ဖွယ်၊ ကြောက်ရွံ့ဖွယ်တို့ အမြဲရှိသည်သာ။ ဖြစ်လာသမျှ သခါရတရားတို့သည် မမြဲဟု ဘုရားရှင်တိုင်း ဟောကြားခဲ့သည်။ မိမိပြုသမျှ ကောင်းမှုကိုသာ အောက်မေ့ သတိရကြကုန်"

"ငါ့ရှင်တို့...အလုံးစုံသော ဘဝတို့၌ သူတစ်ပါးက သတ်ဖြတ်၍ သေရသော ဥပစ္ဆေဒကကံသည် သတ္တဝါတိုင်း၌ အရိပ်သဖွယ်ရှိသည်။ ငါတို့သည် ကံသာလျှင် အမိ၊ ကံသာလျှင် အဖ အားထားရာရှိသည်။ သင်ကိုသည် အကုသိုလ်ဝဋ်ကြွေးအတွက် စိုးရိမ်ပြီး မငိုကြွေးကြကုန်လင့်"

ဟု အဆုံးအမပေးတော်မူသည်။

မထေရ်ကြီး၏ စကားကို ကြားရသောအခါ ရဟန်းသာမဏောအားလုံးသည် စိတ်သက်သာရာရကြလျက် သူသတ်တို့၏ ရှေ့၌ ရဲဝံ့စွာ ရပ်တည်ကြသည်။

ရဟန်းတို့ကို မင်းအမိန့်ဖြင့် သတ်သောသတ္တိသည် စိန္ဓတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကာ တုန်လှုပ် ချောက်ချားသွားလေသည်။

www.burmeseclassic.com

ထိုအကြောင်းကို ကြားရသော "တုလပဏ္ဍိတ"မည်သော အမျိုးသားသည် သုသာန်သို့ လိုက်လာပြီး နာဂဒီပ မထေရ်နှင့် တွေ့ခဲ့သည်။

ထို တုလပဏ္ဍိတဟူသော အမျိုးသားသည်ကား စိန္ဓမြို့နေ သုဇာတ ပုဏ္ဏား၏ သားဖြစ်သည်။ သူသည် ငယ်စဉ်က ပင် အိမ်မှုကိစ္စများကို မိမိဉာဏ်ပညာဖြင့် ချင့်ချိန်နှိုင်းဆလွန် ဆောင်ရွက်တတ်၊ ပြောဆိုတတ်သောကြောင့် နှိုင်းနှိုင်းချိန်ချိန် သုခမိန်(တုလပဏ္ဍိတ)ဟူသော အမည်ကို ပေးထားခြင်း ခံရသူဖြစ်သည်။ အရွယ်ရောက်လတ်သော် "သမ္ဘာရ"မည်သော ပုဏ္ဏေးမနှင့် မိဘတို့က လက်ထပ်ပေးထား၍ "သုဝစ" အမည်ရှိသော သားတစ်ယောက်ရခဲ့သည်။

တုလပဏ္ဍိတသည် နာဂဒီပ မထေရ်ထံ ချဉ်းကပ်၍-

"အရှင်ဘုရား···အရှင်ဘုရားနှင့် ဤရဟန်းများသည် အဘယ်အပြစ်ကြောင့် ဤသုသာန်သို့ လူသတ်သမားတို့က ခေါ်ဆောင်လာရပါသနည်း"

ဟု မေးလျှောက်သည်။

"ဒါယကာ···ဤဘဝ၌ ငါတို့သည် အပြစ်တစ်စုံတစ်ရာ မပြုခဲ့ဘူးပါ။ အတိတ်ဘဝက ပြုခဲ့ဖူးသော အပြစ်မကောင်းမှုတို့ကိုမူကား မသိပါ။ ငါနှင့် အတူပါလာကြသော ရဟန်း သာမဏေတို့သည်လည်း ယခု ပစ္စုပ္ပန်ဘဝ၌ အပြစ်တစ်စုံတစ်ရာ ပြုခဲ့ဖူးကြသည် မရှိပါ။ ရှေးအတိတ်က အပြစ်ကိုကား မသိပါ။ ဤရဟန်းသာမဏေများသည် ရဟန်းကျင့်ဝတ်နှင့်အညီ ကောင်းစွာ နေကြသူများ ဖြစ်ကြပါသည်။ အပြစ်ဟူသည်ကား မြို့မှ မရှိသူများ ဖြစ်သည်ကို သင်သိပါလေ"

"အရှင်ဘုရား···ထိုသို့ဆိုက မစိုးရိမ်ပါလင့်။ တပည့်တော်သည် အရှင်ဘုရားတို့အတွက် အသက်စွန့် ဆောင်ရွက်ပေးပါမည် ဘုရား"

ဟု တုလပဏ္ဍိတက လျှောက်ထားပြီးလျှင် လူသတ်သမားတို့ထံသို့ သွားရောက်ကာ မိမိ၏ လက်ဝတ်တန်ဆာတို့ကို ချွတ်ပေးပြီး···

"အမောင်တို့···သင်တို့သည် ဤရဟန်းများကို သတ်ရန် ခေတ္တဆိုင်းငံ့ထားပေးကြပါ"

ဟု ပြောပြီး မင်းကြီးထံသို့ သွားရောက် ခဲ့စားလေသည်။ မင်းကြီးထံသို့ ရောက်သောအခါ ရှိခိုးဝပ်ချ ဒူးတုပ်၍···

"အရှင်မင်းကြီး··· ကျွန်ုပ်ကိုသော် လည်းကောင်း၊ သုံးဆယ့်သုံးပါးသော ရဟန်း သာမဏေတို့ကိုလည်း သနားသောအားဖြင့် ကျွန်ုပ်ပိုင် ရွှေငွေတို့ကိုသော် လည်းကောင်း၊ အဖိုးအခပြု၍ ယူတော်မူပါ။ ကျွန်ုပ်ပေးပါမည်။ ထိုရဟန်း သာမဏေတို့ကို ဤဆင်းရဲမှ လွှတ်ပေးတော်မူပါ"

ဟု လျှောက်ထားသည်။

"အို··· တုလ၊ သင်သည် ချိန်ခွင်ပမာဏဖြင့် သုံးဆယ့်သုံးယောက်သော ရဟန်း သာမဏေတို့၏ ကိုယ်အလေးချိန်နှင့် ညီမျှသော ရွှေငွေတို့ကို ပေးနိုင်ပါက ဤရဟန်း သာမဏေတို့ကို သင့်အား ပေးပါမည်"

မင်းကြီး၏ ထိုစကားကို ကြားရသော တုလပဏ္ဍိတသည် ဝမ်းမြောက်ရွှင်ပြုံးသောစိတ် ရှိသည်ဖြစ်၍ မင်းကြီးကို ရှိခိုးကာ မိမိအိမ်သို့ ပြန်ခဲ့သည်။

အိမ်သို့ ရောက်သောအခါ မိခင်ကို···

"မိခင်··· ကျွန်ုပ်၏ စကားကို သေချာစွာ နားထောင်ပေးပါ။ သုသာန်၌ ရဟန်း သာမဏေတို့သည် ဆင်းရဲရောက် နေကြရပါသည်။ ထိုရဟန်းတို့ကို ဝယ်ယူရန်အတွက် မိခင်ထံမှ ရွှေများကို တောင်းခံရန် ကျွန်ုပ်လာပါသည်။ ထိုရွှေဖြင့် ရဟန်းသံဃာတို့ကို ဝယ်၍ ဆင်းရဲမှ လွတ်စေပါမည်။ မိခင်···ဘုရားရှင်၏ သာသနာသည် ရခဲလှပါသည်။ ရွှေငွေ ဥစ္စာကား ရလွယ်ပါသည်။ သို့အတွက် ရွှေတို့ကို ပေးစေလိုပါသည်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကာ တောင်းပန်သည်။

"သားငယ်...သင်သည် ငါ့အား အကျိုးရှိသော၊ ကောင်းသော စကားကို လာဆိုသည်။ သင်လိုသမျှ ရွှေတို့ကို ယူသွားပါလော့"

မိခင်က ဝမ်းမြောက်ဝမ်းသာပေး၍ တုလပဏ္ဍိတသည် ဝမ်းသာရွှင်လန်းသောစိတ်ဖြင့် မိခင်ထံမှ ဖယ်ခွာကာ အဝတ်အစားအသစ်တို့ကို ဝတ်ဆင်သည်။ ထို့နောက် အလုပ်သမားတို့ကို ခေါ်ကာ ဘဏ္ဍာတိုက်မှ ရွှေတို့ကို မင်းရင်ပြင်သို့ သယ်ဆောင်ယူလာခဲ့သည်။

ထို့နောက် မင်းကြီးထံသို့ ဝင်ကာ ရှိခိုး၍...

"အရှင်မင်းကြီး... ရဟန်းသံဃာအတွက် ကျွန်ုပ်၏ ရွှေတို့ကို ယူတော်မူပါ။ ရဟန်းသာမဏေတို့ကို ကျွန်ုပ်အား ပေးပါလော့"

"အမောင် တုလ... ရဟန်းတို့၏ ကိုယ်အလေးချိန်ကို ပေး၍ ယူပါ"

မင်းကြီးထံမှ ခွင့်ပြုချက် စကားကို ရသောအခါ တုလပဏ္ဍိတသည် မထေရ်ကြီးထံသို့ သွားကာ ရှိခိုးပြီးလျှင်...

"အရှင်ဘုရား...တပည့်တော်အား သနားသောအားဖြင့် သားရေဖြင့် ပြုလုပ်ထားသော ဤချိန်ခွင်ပေါ်သို့ တက်တော်မူပါ။ တပည့်တော်သည် အရှင်ဘုရား၏ ကိုယ်အလေးချိန်နှင့်အမျှ ရွှေကို မင်းအား ပေးပြီး အရှင်ဘုရားကို ဆင်းရဲမှ လွတ်စေပါမည်"

ဟု လျှောက်ထားပြီးလျှင် မထေရ်ကြီးမှအစ တစ်ပါးပြီး တစ်ပါး ချိန်ခွင်ပေါ် တက်စေပြီး ရွှေဖြင့် ချိန်စက်ကာ ရွေးယူလေသည်။ ဤသို့အားဖြင့် သံဃာအပါး ၃၀ ရွေးပြီး သွားသောအခါ တုလပဏ္ဍိတ၌ ရွှေများ ကုန်သွားသည်။

"အမောင် တုလ... သင့်မှာ ရွှေရှိသေးသလား"

"အရှင်မင်းကြီး... ကျွန်ုပ်မှာ မရှိတော့ပါ"

"အမောင် တုလ... ကျန်သုံးပါးအတွက် မည်သို့ ပြုမည်နည်း"

"အရှင်မင်းကြီး ခေတ္တခဏ ဆိုင်းငံ့ပါ"

တုလပဏ္ဍိတသည် မင်းကြီးကို ရှိခိုးပြီးလျှင် အိမ်သို့ ပြန်၍ မိမိ၏ မယား သမ္ဘာရကို...

"ရှင်မ...ငါတို့၏ ရွှေများဖြင့် ရဟန်း သုံးဆယ်တို့ကို ဆင်းရဲမှ လွတ်စေခဲ့ပါပြီ။ ယခု ရဟန်းနှစ်ပါး၊ သာမဏော တစ်ပါး ကျန်နေပါသည်။ ရွှေများလည်း ကုန်ပါပြီ။ ငါသည် ငါ၏ ကိုယ်ကို ရောင်း၍ နောင်အခါ ဘုရားဖြစ်ရန် အထောက်အပံ့ဖြစ်စေဖို့ ဒါနပြု၍ ကျန်သုံးပါးကို ရွေး၍ ဆင်းရဲမှ

လွတ်စေပါမည်။ ခွင့်ပြုပေးပါ"

ဟု တောင်းပန်စကား ပြောကြားသည်။

"အရှင်... သင့်ကိုယ်ကိုတော့ မရောင်းပါလင့်။ ကျွန်ုပ်နှင့် သားတို့ကိုသာ ရောင်း၍ သင် စိတ်ချမ်းသာမှုကို ပြုပါ"

"ချစ်နမ... ကောင်းပါပြီ။ သမ္ဘည္ဇတ ဉာဏ်တော်အတွက် ချစ်စွာသော မယားနှင့် သားကို ရောင်းပါအံ့"

တုလပဏ္ဍိတသည် မယားနှင့် သားကို လက်ဆွဲကာ ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာသောသူတို့ထံ သွားရောက်ကာ အကျိုးအကြောင်းပြောပြပြီး သားနှင့် မယားတို့ကို ရောင်းချခဲ့သည်။

ထိုရောင်းရသောရွှေကို ယူ၍ ကျန်သော ရဟန်းသာမဏေတို့ကို ရွေးပြန်သည်။ ရောင်းရသမျှသောရွှေသည် ရဟန်းနှစ်ပါးအတွက်သာ ရွေးရသည်။ သာမဏေတစ်ပါးအတွက် မလောက်၊ ကျန်ပြန်သည်။

ထိုအခါ သာမဏေသည် ကြောက်ရွံ့ ထိတ်လန့်လျက် ဦးခေါင်းငိုက်စိုက်ချ၍ မျက်ရည်ယိုစီးကာ သူသတ်သမားတို့ထံ သွားပြီး...

"ဒါယကာတို့... ကျွန်ုပ်၌ တင်းကျပ်စွာ ချည်ထားသောကြိုးတို့ကို လျော့ပေးပါ။ ဘောင်းပန်အပ်ပါသည်"

ဟု ပြောသည်။ သူသတ်တို့သည် သာမဏော တောင်း

www.burmeseclassic.com

www.burmeseclassic.com

ပန်သည်ကို လိုက်လျော၍ ကြိုးကို လျော့ပေးကြသည်။ ထိုအခါ သာမဏေသည် နေရာမှထကာ နာဂဒီပ မထေရ်မြတ်ထံသို့ သွားပြီး ရိုခိုးကာ...

"အရှင်ဘုရား...တပည့်တော် ပန်ကြား လျှောက်ထားအပ်ပါသည်။ တပည့်တော်သည် အရှင်ဘုရားထံ၌ သာမဏော ပြုခဲ့ပါသည်။ တပည့်တော်၌ အပြစ်တစ်စုံတစ်ရာရှိခဲ့လျှင် သည်းခံတော်မူပါ ဘုရား"

ဟု အပြစ်ခွင့်ပန်စကား လျှောက်ထားပြီး ဆက်လက်၍...

"အရှင်ဘုရား... သာသနာတော်၌ အကျင့်သီလနှင့် ပြည့်စုံသော တပည့်တော်၏ မိတ်နှစ်ပါးသည် သာသနာတော်၌ အလှူပေးခဲ့ကြပါသည်။ တပည့်တော်တို့ကိုလည်း သာမဏေပြုပေးခဲ့ပါသည်။ တပည့်တော် မရှိပြီးနောက် တပည့်တော်၏ ပရိက္ခရာတို့ကို မိဘတို့အား ပေးပေးပါ။ မိဘတို့သည် ထိုပရိက္ခရာတို့ကို မြင်ပြီး တပည့်တော်ကို မမြင်ကြလျှင် ကြီးစွာသော ပူဆွေးဒဏ်ကို ခံကြရပါလိမ့်မည်။ ထိုအတွက်တော့ တပည့်တော် စိတ်မကောင်းလှပါ ဘုရား"

ဟု လျှောက်ထားပြီး မျက်ရည်ယိုစီးလျက် နေလေသည်။

မထေရ်ကြီးသည် သာမဏော၏ စကားကို ကြားရလျှင် သနားကရုဏာစိတ်ဖြင့် ပြင်းစွာ တုန်လှုပ်သော စိတ်ရှိကာ-

"ငါ့ရှင် သာမဏော... ဤသို့ဆို၍ မငိုကြွေးပါလင့်။ ငါသည် သင့်အတွက် အသက်ကို စွန့်လွှတ်ပေးပါမည်"

ဟု မိန့်ကြားလေသည်။

တုလပဏ္ဍိတသည် မထေရ်ကြီး၏ စကားကို ကြားရသောအခါ မိမိကိုယ် မိမိ...

"အို...ပညာရှိ၊ သင်သည် ဘုရားရှင် သာသနာကို ပိုမိုချစ်ခင်ပါသလော။ မိမိကိုယ်ကို ပိုပြီးချစ်ခင်ပါသလော။ ငါသည် ငါ၏ကိုယ်ထက် အဆအရာအထောင် အဆတစ်သိန်းမက ဘုရားရှင်၏ သာသနာတော်ကို ပိုမိုချစ်မြတ်နိုးပါ၏"

ဟု ဆုံးမ သုံးသပ်ပြီးလျှင် မင်းကြီးထံသို့ သွားကာ ရှိခိုးပြီးလျှင်...

"မင်းကြီး... ဤသာမဏောအတွက် ကျွန်ုပ်၏ အသက်ကို စွန့်ပါ၏။ ဤသာမဏောကို လွှတ်၍ ကျွန်ုပ်၏ အသက်ကို ယူပါလော"

ဟု လျှောက်ထားသည်။

"အမောင် လုလင်... မှန်ကန်သော စကားကို ဆိုပါသလော"

"အရှင်မင်းကြီး... ကျွန်ုပ်သည် မှန်ကန်သော စကားကိုသာ ဆိုပါ၏။

"အမောင် လုလင်... ဤသို့ဆိုလျှင် ကောင်းပါပြီ"

တုလပဏ္ဍိတသည် မင်းကြီးထံမှ ဝန်ခံစကားကို ရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် သာမဏောထံသို့ သွားကာ ရှိခိုးပြီးလျှင် တုပ်နှောင်ထားသောကြိုးကို ဖြေပေးသည်။ ထို့နောက် ကောင်းကင်သို့ မော့ကြည့်လျက်-

"အို...နတ်များတို့၊ ကျွန်ုပ်သည် သာမဏောအတွက် အသက်ကို စွန့်၍ လှူပါ၏။ ကျွန်ုပ်၏ ကုသိုလ်အဖို့ကို လာ၍ သာဓုအနုမောဒနာပြုကြပါကုန်။ ဤအလှူဒါနအကျိုးကြောင့် နောင်အခါ ဘုရားအဖြစ်ကို ရ၍ လူအပေါင်းကို ကယ်တင်ရပါလို၏။ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုရပါလို၏"

ဟု တိုင်တည်ကာ သာမဏောကိုလည်း...

"အရှင်ဘုရား... သီလကို စောင့်ထိန်းပါ။ သာသနာကို တိုးပွားအောင် ပြုပါ။ မိမိ၏ မေတ္တာ စေတနာဖြင့် ရဟန်းတရားကို အားထုတ်ပါ။ ယခု လိုရာသို့ ကြွတော်မူပါဘုရား"

ဟု လျှောက်ထားသည်။

ရဟန်းတို့သည် တုလပဏ္ဍိတကို မေတ္တာစကား မိန့်ကြားပြီး ခရီးဆက် ကြွသွားတော်မူကြသည်။

* * *

တက္ကသိုလ်သူငယ်ချင်း(မွေးစရိယ၊ ဘီ-၈၈)

www.burmeseclassic.com

www.burmeseclassic.com

မဟာသမယ သုတ်တော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၏ ကောင်းကျိုးချမ်းသာများ

သန်းမြင့်ဝေ (ရာမည)

လောကဝိဒူ - လောကအားလုံးကို သိမ်းကြုံးကုန်စင် သိမြင်တော်မူပါပေသော မြတ်စွာဘုရားအား ရိုသိုးပါ၏။

စာရေးသူသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များအား "မဟာသမယ" သုတ်တော်ကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အကျိုးထူးများ ခံစားရပုံကို လက်လှမ်းမီသမျှ တင်ပြလိုပါသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သော သုတ်တော်မြောက်များစွာရှိသည့်အနက် မဟာသမယသုတ်တော်ကို ဗုဒ္ဓဘာသာဝင်များ အသိနည်းလှပါသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက မဟာသမယသုတ်တော် ဟောကြားထားသည့် အကြောင်းရင်းကို တင်ပြပါမည်။

◈◈◈

မြတ်စွာဘုရားရှင်လက်ထက်တော်က "ကပိလဝတ်" ပြည်သား တောင်သူလယ်သမားများနှင့် "ကောလိယ" ပြည်သား တောင်သူလယ်သမားတို့သည် ရောဟိဏီမြစ်ရေကို အဓိပ္ပါယ် ဆည်မြောင်းများ တူးသွယ်ဖောက်လုပ်ကာ ကောက်ပဲသီးနှံများ စိုက်ပျိုးကြလေသည်။ ဤသို့ မြစ်ပေးရေ သွယ်ယူသုံးစွဲကြရာမှ တစ်နှစ်သော နယုန်လတွင် မိုးခေါင်သဖြင့် မြစ်ရေနည်းပါးသွားသည်။ ထိုအခါ နှစ်ပြည်သားတို့သည် ထိုမြစ်ရေကို အတူတကွသုံးစွဲနိုင်ရန် ခွဲဝေကြသော်လည်း ရေရှည်တွင် အဝေမသင့်၊ အချင်းများ အငြင်းပွားကြလေသည်။ နောက်ဆုံး အချင်းချင်းတိုက်ခိုက်ရန် စစ်ကြေညာပြီး နှစ်ပြည်ထောင် မင်းနှစ်ပါးတို့ ဦးဆောင်မှုဖြင့် လူသတ်လက်နက်များ စွဲကိုင်ကာ တိုက်ခိုက်ဖြေရှင်းရန် စစ်ချီခဲ့ကြပါတော့သည်။

မြတ်စွာဘုရားရှင်သည် သမာပတ်မှထ၍ လောကကို ကြည့်ရှုသုံးသပ်တော်မူသောအခါ ရေပြဿနာဖြင့် နှစ်ပြည်ထောင် ပြည်သူတို့ အငြင်းပွားပြီး စစ်ခင်းရင်ဆိုင်ရန် ပြင်ဆင်နေကြသည်ကို သိတော်မူပါသည်။ ဆွေတော်မျိုးတော် အချင်းချင်း သတ်ဖြတ်ကြခြင်းဖြင့် ပျက်စီးမည့်ဘေးကို မဟာကရုဏာသက်တော်မူသဖြင့် ထိုစစ်ဘေးမှ လွတ်မြောက်ကြစေရန်အလို့ငှာ ဈာန်ဖြင့် ကြွသွားတော်မူပြီး နှစ်ဖက်သော စစ်သည်တို့ အလယ်ကောင်းကင်ထက်တွင် ရောင်ခြည်တော် ခြောက်သွယ် လွှတ်တော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပါသည်။

ထိုအခါ နှစ်ဖက်သော စစ်သည်တို့က လက်နက်များချ၍ မြတ်စွာဘုရားရှင်အား ရိုကျိုးစွာ ရိုသိုးငြိုးခိုက် ဖူးမြော်ကြပါသည်။ မြတ်စွာဘုရားရှင်က ရေထက်မြေကြီးက တန်ဖိုးကြီးပုံ၊ မြေကြီးထက် လူသားက တန်ဖိုးကြီးမားပုံ၊ တန်ဖိုးနည်းပါးသောရေကို အကြောင်းပြုပြီး တန်ဖိုးကြီးမားသည့် လူသားများအချင်းချင်း မသတ်ဖြတ်၊ မပျက်စီးသင့်ပုံကို အကျယ်တဝင့် ဟောကြားတော်မူပါသည်။ စစ်ပြေငြိမ်းကြောင်း တရားတော်၏အဆုံးတွင် မြတ်စွာဘုရားရှင်အား အမှီပြုကာ ဆွေတော်မျိုးတော်အပေါင်းတို့ အသက်ချမ်းသာကြောင်းကို သတိရ၍ သာကီဝင် မင်းသားငါးရာတို့သည် မြတ်စွာဘုရားထံ ရဟန်းပြုကြပါသည်။ ထိုနေ့ကား နယုန်လပြည့်နေ့ဖြစ်ပါသည်။ ထိုရဟန်းငါးရာတို့သည် ကပိလဝတ်နေပြည်တော်အနီးရှိ မဟာဝုန်တောသို့ ကြွ၍ ကမ္မဋ္ဌာန်းတရားများ ပွားများကြရာ အားလုံးပင် ရဟန္တာများဖြစ်တော်မူကုန်ကြပါသည်။

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၇ ခုနှစ်၊ ငါးဝါမြောက်၌ သက္ကတိုင်း၊ ကပိလဝတ်ပြည်အနီး ဟိမဝန္တာတောကြီး၏ တစ်နေရာ၊ မဟာဝုန်တောတွင် သာကီဝင် ရဟန္တာငါးရာနှင့်အတူ ငြိမ်းချမ်းတင့်တယ်စွာ စံနေတော်မူစဉ် မြတ်စွာဘုရားနှင့် ရဟန္တာများကို ဖူးမြော်ရန် စက္ကဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့ စုရုံးလာကြသည်။ နတ်ပြည် ၆ထပ်၊ ဗြဟ္မာဘုံ ၂၀ ရှိသည့်အနက် အရူပဗြဟ္မာများမှအပ များစွာသော ဗြဟ္မာကြီးတို့ စုရုံးရောက်ရှိလာကြပါသည်။ ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့အား "ချစ်သား ရဟန်းတို့....နတ်ပြဟ္မာအပေါင်းတို့သည် ရှေးရှုလာရောက်လျက် ရှိကြကုန်၏။ ယင်းတို့ကို သိကုန်လော့" ဟူ၍ မိန့်ကြားပြီးလျှင် နတ်ဗြဟ္မာတို့ စုရုံးရောက်ရှိခြင်းကို သိစေလိုသော မဟာသမယသုတ်တော်ကို ဟောကြားတော်မူပါသည်။ မဟာသမယသုတ်တော်ဟူသည်မှာ "ကြီးကျယ်သော အစည်းအဝေး" ဟူ၍ အဓိပ္ပာယ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို မဟာသမယသုတ်တော်ကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် နတ်၊ ပြဟ္မာတို့ ချစ်မြတ်နိုးခြင်း၊ ပစ္စည်းဥစ္စာ လာဘ်လာဘနှင့် ရာထူးဂုဏ်သိန်၊ စည်းစိမ်ချမ်းသာ၊ ဥစ္စာတိုးပွားခြင်း မဟာသမယ သုတ်တော်ကို ရွတ်ဆိုရာသို့ တရားနာယူရန် နတ်ပြဟ္မာတို့ စုရုံးလာကြသဖြင့် သရဲ၊ တစ္ဆေ ပြေးကုတ်၊ ဘီလူး စသည့် မကောင်းဆိုးရွား အနောင့်အယှက်တို့ ရှောင်ရှားကြခြင်း၊ ဘေးဆိုးရန်ဆိုး အန္တရာယ်အမျိုးမျိုး ဘေးမှ လွတ်ကင်းခြင်း၊ အသက်ရှည်ရှည်နေရခြင်း စသည့် လောကီကောင်းကျိုးများကို ခံစား၊ စံစားနေနိုင်သည့်အပြင် ဒေသတရားနည်းပါးလာခြင်း၊ မောဟစိတ်များ မဖုံးလွှမ်းနိုင်ခြင်းဖြင့် လောကီကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကာ လောကုတ္တရာကောင်းကျိုးများ သယ်ပိုးဆောင်ရွက်နိုင်သော သတ္တိထူးများကို ရရှိစေနိုင်ပါသည်။

ထို့ကြောင့် မဟာသမယသုတ်တော်ကို နိစ္စဓူဝ စွဲမြဲယုံကြည်အားကိုးစွာ ရွတ်ဖတ်သရဇ္ဈာယ်ကြသူများဖြစ်သည့် စာရေးသူ၊ သမီးကြီးနှင့် မိတ်ဆွေနှစ်ဦးတို့၏ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝ ခံစားကြရပုံများကို အောက်ပါအတိုင်း လက်လှမ်းမီသမျှ စုစည်းတင်ပြလိုပါသည်။

◈◈◈

စာရေးသူကိုယ်တွေ့ ဝန်ထမ်းဘဝအတွေ့အကြုံဖြစ်ပါသည်။ ဝန်ထမ်းဘဝတွင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို အတတ်နိုင်ဆုံး လိုက်နာပြီး ပေးအပ်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်လေ့ရှိပါသည်။ အထက်အရာရှိ၏ ပြုပြင်မှု၊ ဆုပူမှု မခံရအောင် အလုပ်တာဝန်ကို ကြိုးကြိုးစားစားဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သလို၊ အထက်ဖား အောက်ဖို ပြုလုပ်ခြင်းမရှိဘဲ တည်တည်တံ့တံ့ နေသည်။ ထိုသို့ နေထိုင်ပြုမူတတ်ခြင်းကပင် တစ်ချိန်ချိန်တွင် စာရေးသူကို ဒုက္ခပေးပါတော့သည်။ စာရေးသူတို့ဌာနတွင် ဦးစီးအရာရှိ အပြောင်းအရွှေ့ ဖြစ်လာရာ နောက်ရောက်လာသည့် ဦးစီးအရာရှိသည် ရုံးထိုင်ပြီး နှစ်လကျော်အကြာတွင် ယခင်ရုံးတွင်ရှိသော အရာရှိနှင့် တာဝန်ရှိသူတစ်ဦးအပါအဝင် ပေါင်း သုံးဦးတို့က စာရေးသူကို အခြားရုံးဝန်းထမ်းများ မလုပ်ချင်သော(မလုပ်နိုင်သော) အလုပ်တာဝန်ကို ရွှေ့ပြောင်း ထမ်းဆောင်ရန် အမိန့်ထုတ်တော့သည်။ မိမိက ဘာဝန်ကျေပွန်ပြီး ပျက်ကွက်လစ်ဟင်းမှု မရှိ၊ ဝန်ထမ်းပြစ်မှု တစ်စုံတစ်ရာမရှိပါဘဲလျက် နေရာအရွှေ့အပြောင်းခံရခြင်းကို စာရေးသူအနေဖြင့် အလွန်ခံပြင်းနေမိသည်။

နောက်နေ့နံနက် ရုံးမတက်ခင် စာရေးသူနှင့် သူငယ်ချင်းတို့ လက်ဖက်ရည်ဆိုင်ထိုင်စဉ် မြို့ဦးလွင် ဆရာတော်မှ မဟာသမယသုတ်တော်ကို ထူးခြားဖြစ်စဉ်များဖြင့် ရှင်းပြသည့် တရားခွေကို နာကြားကြရပါသည်။ မဟာသမယသုတ်တော်သည် မိမိ၏ အခက်အခဲများကို ပြေပျောက် ကျော်လွှားနိုင်ပေသည်ဟု ယုံကြည်သည့်အလျောက် စာရေးသူသည် နောက်တစ်နေ့မှစ၍ နံနက်တိုင်း မြတ်စွာဘုရားရှင်ထံတော်ပါးတွင် ငါးပါးသီလ ခံယူဆောက်တည်ပြီး ဤမဟာသမယသုတ်တော်ကို အသံထွန်မှုန်မှုန်ဖြင့် သုံးခေါက်ရွတ်ဆိုပွားများလျက်ရှိသည်။ ထို့ပြင် ရုံးတွင်လည်း အချိန်ရသလောက် အဆိုပါ သုတ်တော်ကို အခေါက်ရေရသလောက် ရွတ်ဆိုပွားများခဲ့သည်။ စာရေးသူသည် သုတ်တော်ကို နေ့စဉ်နံနက်တိုင်း နာရီတိုက်ချိန် ရွတ်ဆိုပွားများမှကြောင့် နှစ်လခန့်အကြာတွင် ယခင် ဦးစီးအရာရှိပြောင်းရွှေ့သွားပြီး နောက်ဦးစီးအရာရှိ ပြောင်းရွှေ့လာ၍ မကြာမီကာလတွင် စာရေးသူအား သင့်တော်သည့်နေရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ယင်းနေရာသည် စာရေးသူ စိတ်ချမ်းသာ၍ ကျေနပ်သည့်နေရာဖြစ်ခဲ့ရသည်။ ဤသည်ကား မဟာသမယသုတ်တော် ရွတ်ဆိုခြင်း၏ အကျိုးတည်း။

ထို့အပြင် မဟာသမယသုတ်တော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့် ရာထူးတက်ခြင်းအကျိုးသွားကို ကိုးကား တင်ပြပါရစေ။

စာရေးသူ၏ သမီးကြီးက ရုံးတစ်ရုံးမှ ဝန်ထမ်းတစ်ဦးပါ။ ဝန်ထမ်းလုပ်သက်လည်း အသင့်အတင့်ရထားပြီးသူပါ။ တစ်နေ့ သမီးကြီးက စာရေးသူကို ပြောလာပါသည်။ သူက ဌာနအတွင်း ရာထူးတိုးရေး စာမေးပွဲကို နောက်တစ်လကျော်မှာ ဝင်ရောက်ဖြေရမယ်။ ဒါပေမယ့် သူ မမျှော်မှန်းနိုင်ပါ။ ဖြေဆိုမည့်ဝန်ထမ်းက များပြီး၊ ခန့်အပ်မည့် ရာထူးနေရာက အနည်းငယ်သာ ရှိသည်ဟု ပြောပါသည်။ သူ့ကို စိတ်အားမငယ်ရန် စာရေးသူမှ အားပေးပြီး စာရေးသူ၏ ရုံးတွင်း အခက်အခဲကို မည်ကဲ့သို့ ကျော်လွှားကြီးစား ဖြတ်သန်းခဲ့ရသည်ကို သူ့အား ပြောပြပြီး အားပေးရပါသည်။ သမီးကြီးက နေ့စဉ် နံနက်စောစောမှာ ဗုဒ္ဓဘာသာပီပီ ဝတ်မပျက် ဘုရားရှိခိုးနေကျပါ။ စာရေးသူ အမြဲရွတ်ဖတ် သရဇ္ဈာယ်သည့် မဟာသမယသုတ်တော်ကိုတော့ သမီးကြီးက အခုမှ ကြားဖူးတာပါ။ နံနက် ဘုရားရှိခိုးပြီးပါက ယင်းသုတ်တော်ကို ယုံယုံကြည်ကြည်ဖြင့် နေ့စဉ် ဝတ်မပျက် သုံးခေါက်ရွတ်ပွားရန်နှင့် ရုံးတွင်လည်း အချိန်ရလျှင် ရသလို ရွတ်ဆိုရန် သမီးကြီးကို စာရေးသူက နည်းပေးလမ်းပြ လုပ်ရပါသည်။ သမီးကြီးကလည်း ပုထုဇဉ်လူသားတို့၏ သဘာဝအတိုင်း ရာထူးတိုးချင်သူဖြစ်၍ သုတ်တော်ကို ရိုရိုသေသေဖြင့် နိစ္စဓူဝ ကြိုးစားရွတ်ပွားပါတော့သည်။ သုတ်တော်၏ တန်ခိုးက ထက်မြက်လှပါသည်။ သမီးကြီးလည်း ရာထူးတိုး စာမေးပွဲ

www.burmeseclassic.com

www.burmeseclassic.com

၌ ရေးဖြေ၊ နှုတ်ဖြေ နစ်မျိုးလုံးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ပြီး ရာထူးတိုး ခံစားနေရပါသည်။ သုတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်ခြင်း၏ အကျိုးကား ထိရောက်လှပေစွ။

တစ်နေ့ ရုံးတွင် တာဝန်ထမ်းဆောင်နေစဉ် စာရေးသူ၏ မိတ်ဆွေတစ်ဦးရောက်ရှိလာ၍ သူသည် မိမိ မကျူးလွန်ခဲ့သောကိစ္စအတွက် မိမိအပေါ် ထောင်ချောက်ဆင်၊ အမှုဆင်ကာ အပူဖွင့်နိုင်ရေး၊ တရားစွဲဆိုနိုင်ရေးတို့အတွက် အဖွဲ့အစည်းတစ်ခုမှ အုပ်စုဖွဲ့၊ အရှိန်အဝါ၊ မလျော့သြဇာသုံးပြီး ဆောင်ရွက်ခဲ့ကြောင်း၊ အဖွဲ့အစည်း၏ ငွေကြေးကိစ္စတွင် ကိုယ်တိုင် ကိုင်တွယ်သုံးစွဲ စီမံခန့်ခွဲရသူမဟုတ်ဘဲ တာဝန်ရှိသည်ဆိုကာ သူတို့အပြစ်ကို မိမိအပြစ်လုပ်၍ ငွေကြေးအလွဲသုံးမှုဖြင့် တရားစွဲရန် ဆောင်ရွက်ကြကြောင်း၊ ထိုကိစ္စအတွက် မိမိနှင့် မိသားစုမှာ စိတ်သောကများ ခံစားနေကြရကြောင်း၊ ထို့အတွက် အကူအညီပေးပါရန် ပြောလာပါသည်။

စာရေးသူလည်း အငြိမ်းစား ကျောင်းဆရာမတစ်ဦး၏ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို ပြောပြလိုက်သည်။ ထိုဆရာမသည် မဟာသမယသုတ်တော်ကို ရွတ်ဆိုလာသည်မှာ ၆လခန့်ရှိပြီဖြစ်ရာ အဓိပ္ပာယ်ကို ကောင်းစွာ မသိသော်လည်း နံနက်ပိုင်း အချိန်တိကျစွာ ဝတ်မပျက် ရွတ်ဆိုလျက်ရှိပါသည်။ ထိုဆရာမ၏ နေအိမ်တွင် ကုန်စုံဆိုင်ဖွင့်ထားရာ ကုန်မျိုးစုံနှင့်အတူ ရေခဲ၊ အအေး၊ ယမကာ၊ ချိုတိပ်ပုလင်းမျိုးစုံတို့ကို တွဲဖက်ရောင်းချ၍ စီးပွားဖြစ်ထွန်းခဲ့ပါသည်။

တစ်နေ့တွင် အရပ်လူကြီးတစ်ဦးနှင့်အတူ ဟောင်နွမ်းသော အဝတ်အစားဝတ် လူတစ်ယောက်တို့ အိမ်ကို ရောက်လာပြီး တရားမဝင် ယမကာရောင်းချနေသည့်အတွက် ဖမ်းမည်ဟု ပြောပါသည်။ ထိုသူသည် နယ်ထိန်းရဲဖြစ်ရာ အမှုအတွက် ပြေလည်ရာပြေလည်ကြောင်း ညှိနှိုင်းသော်လည်း သက်ဆိုင်ရာ လူကြီးများ၏ တစ်ဆင့်စကားကြောင့် အခက်အခဲတွေ့နေစဉ် အောင်ဆန်းကျောင်းဂိတ်မှတ်တိုင်အနီးရှိ နှစ်ချို့ ကုက္ကိုပင်ကြီး လဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်နေကြောင်း လာရောက် အကြောင်းကြားသဖြင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်က ညနေမှ လာမည်ပြောကာ အချင်းဖြစ်နေရာသို့ ထွက်သွားကြသည်။ ထို့နောက် ဆရာမလည်း ယမကာများကို အခြားအိမ်တစ်လုံးသို့ အချိန်မီ ပြောင်းရွှေ့နိုင်ခဲ့သည်။ နောက် နစ်ရက်ကြာမှ နယ်ထိန်းရဲ ရောက်ရှိလာပြီး နောင် ဒီလိုမစွဲညီးတွေ့ ရောင်းလျှင် လိုင်စင်လုပ်ရကြောင်း ပြောဆိုပြီး ပြန်သွားပါသည်။

နောင်တွင် ထိုနယ်ထိန်းရဲနှင့် ဆရာမတို့ မိတ်ဆွေဖြစ်သွားရာ နယ်ထိန်းရဲမှ -

"ဆရာမက ဘုရားစာတွေ ရွတ်လို့လား။ ဆရာမအိမ်ကို ကျွန်တော် စဝင်ကတည်းက ကြက်သီးတွေ တဖြန်းဖြန်း ထပြီး ဖမ်းမယ်လို့သာ ပြောရတာ စိတ်ထဲက သိပ်မထိကြောင်း၊ မိမိအိမ်ရောက်၍ မိသားစုကို ပြောမိရာ အိမ်ရှင်မက အဲဒီဆရာမ ဘုရားဂုဏ်တော်တစ်ခုခုကို စွဲမှတ်ယုံကြည်ပြီး ရွတ်နေလို့၊ ဒါမှမဟုတ် အဓိဌာန်တစ်ခုခုဝင်နေလို့ မြင်အပ်မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေက စောင့်ရှောက် ကာကွယ်ပေးနေတာ ဖြစ်နိုင်ကြောင်း"

ပြောသည်ဟု ဆိုသည်။

ထို့နောက် ဆရာမကို ပြန်မေးကြည့်ရာ မဟာသမယသုတ်တော်ကို နေ့စဉ်နံနက် ၆နာရီ (သို့မဟုတ်) ၈နာရီ အချိန်၊ ကိုယ်အားသည့်ရက်နှင့် တိုက်ဆိုင်ပြီး ရွတ်ပွားလျက်ရှိကြောင်း၊ မေတ္တာဝါဒီ ဆရာတော်ကြီး၏ တရားခွေကို နာကြားရ၍ ဤသုတ်တော်၏ အစွမ်းထက်ပုံကို သိရသဖြင့် အားကိုးအားထားပြုပြီး ယင်းသုတ်တော်ကို ရွတ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ပြောဆိုရှင်းပြရာ နယ်ထိန်းရဲမှ မိမိလည်း ရွတ်ကြည့်မယ်။ အဲ့ဒါဆရာကောင်းလိုက်တာ ပြောပြီး အမှုမဖြစ်ဘဲ အေးအေးချမ်းချမ်းဖြင့် မိတ်ဆွေများ ဖြစ်သွားကြကြောင်းကို စာရေးသူအား ပြောပြခဲ့ကြောင်း ရုံးမှ မိတ်ဆွေကို ရှင်းပြလိုက်သည်။

မိတ်ဆွေလည်း သုတ်တော်ကို ယုံယုံကြည်ကြည် ရွတ်ပွားပါမည်ဟု ပြောပြီး ရုံးမှ စိတ်လက်ပေါ့ပါးစွာ ပြန်သွားသည်။ နောက် နစ်လခန့်အကြာတွင် မိတ်ဆွေသည် စာရေးသူထံ စိတ်ရှင်လန်းစွာ ဖုန်းဆက် အသိပေးပါသည်။ ဆရာညွှန်ပြသည့်အတိုင်း သုတ်တော်ကို ယုံယုံကြည်ကြည် နည်းစနစ်ကျကျ ရွတ်ပွားခဲ့သည့်အတွက် မိမိအား မတရား အမှုဆင်ခံရခြင်းဘေးမှ လွတ်ကင်းခဲ့ပြီဖြစ်ကြောင်း၊ မိမိနှင့် မိသားစုများ စိတ်အေးချမ်းသာစွာ ရှိနေကြပြီဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ အခက်အခဲများ တွေ့ကြုံ ခံစားနေရသူများလည်း သိရှိပွားများနိုင်ရန် ဆောင်းပါးရေး၍ စာအုပ်၊ စာစောင်များသို့ ထည့်သွင်းပေးပို့သင့်ကြောင်း အကြံပြုလာသည်။

လောကီအကျိုးစီးပွားကို လိုလားကြကုန်သော ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသားသမီးတို့သည် မြတ်စွာဘုရား ရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ဤ မဟာသမယသုတ်တော်ကို နေ့စဉ် အချိန်မှန်မှန် ယုံကြည်စွာ ရွတ်ပွားသရဇ္ဈာယ်ကြခြင်းဖြင့် လောကီအကျိုး၊ လောကုတ္တရာအကျိုးတရားများကို ရယူခံစား စံစားနိုင်ကြပါစေကြောင်း ဆန္ဒပြုရှင်း · · · ■

* * *

သန်းမြင့်ခေ(ရာမည)

www.burmeseclassic.com

www.burmeseclassic.com

သူရိန်ဝင်း (ဇီးကုန်း)

ချွေးမအလိမ္မာ ဝိသာခါ

သူဌေးကြီး မဂဓရသည် သူ့သား မင်္ဂလာပွဲကို ကောသလဘုရင်ကိုယ်တော်တိုင် လိုက်ပါ ချီးမြှင့်မည်ဟု သိရသောအခါ ဝမ်းအသာကြီး သာမိလေသည်။ အဘယ့်ကြောင့်ဆိုသော် တိုင်းပြည်အတွင်းရှိ သူလို သူဌေးကြီးများ၏ သားသမီးမင်္ဂလာကိစ္စတွင် ဘုရင်ကိုယ်တိုင် ချီးမြှင့်သည့်ပွဲ မရှိခဲ့ဘူးချေ။

"တို့သား မင်္ဂလာပွဲကတော့ သာဝတ္ထိနဲ့ သာကေတာတင်မကဘူး၊ မဇ္ဈိမတစ်တိုင်းလုံးတောင် ကျော်လောက်မယ်ထင်ရဲ့"

"ဒါ မဆန်းပါဘူးရှင်။ ရှင်ကလည်း ဘုရင်အသိအမှတ်ပြုတဲ့ သူဌေး၊ သာကေတမြို့က ဓနဥယကလည်း ကောသလဘုရင် လေးစားချစ်ခင်တဲ့ သူဌေးမဟုတ်လား"

"ဟုတ်ပါတယ်လေ။ သို့ပေမယ့် ဘုရင်ကိုယ်တော်တိုင် တို့နဲ့အတူ လိုက်ပါပြီး မင်္ဂလာပွဲပြီးတဲ့အထိ သာကေတမြို့မှာ ယာယီစံမြန်းမယ်လို့ ကျူပ်ကြားခဲ့ရလို့ပါ"

"ဒီလိုဆိုရင် သူဌေးကြီး ဓနဥယနဲ့ သူဌေးကတော် သုမနဒေဝီထံ ကြိုတင် အကြောင်းကြားထားမှ ဖြစ်မယ်နော်"

"မလိုပါဘူး သူဌေးကတော်ကြီးရယ်၊ ဘုရင်ကိုယ်တိုင် မင်းချင်းတွေ လွှတ်ပြီး အကြောင်းကြားလိုက်ပါပြီ။ ကဲ···ကဲ တို့ဘက်ကလည်း အချိန်ရှိခိုက် ပြင်ဆင်သင့်တာတွေ ကြိုတင် ပြင်ဆင်ကြစို့ရဲ့"

◈◈◈

ရာဇဂြိုဟ်သည် တိုင်းကြီးပြည်ကြီးဖြစ်သည့်အလျောက် အတိုင်းမသိ ကြွယ်ဝချမ်းသာသော သူဌေးကြီးများ ပေါများ၏။ မိမိ၏ သာဝတ္ထိပြည်ကလေးတွင်လည်း ချမ်းသာကြွယ်ဝသော သူဌေးကြီးများ ရှိပါသည်။ သို့ရာတွင် အတိုင်းမသိ ချမ်းသာသော သူဌေးကြီးတစ်ဦးစ နှစ်ဦးစတော့ ရှိစေချင်သည်။ သို့အတွက် ကောသလဘုရင်သည် ရာဇဂြိုဟ်ဘုရင်ထံ သူဌေးတစ်ဦးတောင်းခံလာသောအခါ "မေဏ္ဍက" သူဌေးကြီးကို ရရှိ၏။ ဥစ္စာဓန လွန်စွာကြွယ်ဝသော သူဌေးကြီးဖြစ်သည့်အားလျော်စွာ ကျေးကျွန်အခြွေအရံ ပရိသတ်များပြား၏။ သို့ကြောင့် သာဝတ္ထိပြည်အတွင်းဝယ် မနေလို။ ကောသလဘုရင်ကို ပန်ကြား၍ သာဝတ္ထိနှင့် ခုနစ်ယူဇနာဝေးသောအရပ်တွင် မြို့တည်ထောင်နေ၏။ "သာကေတ"ဟု အမည်တွင်လေသည်။

မေဏ္ဍက သူဌေးကြီး၏ သား ဓနဥယတွင် "ဝိသာခါ" အမည်ရသော သမီးပျိုကလေး ရှိ၏။ အလှဝေဖြာလျက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု ကျော်ကြားလှသည်။ ပန်းတင်း လေညင်းဆော်၊ လူဃတင်း လူချင်းဆောင်လေပြီ။ သူဌေးကြီး မိဂဓရသည် သူ့သားကို ဝိသာခါကလေးနှင့် လက်ဆက်ပေးချင်၏။ သို့ဖြင့် သူဌေးကတော်နှင့် တိုင်ပင်ပြီး ပညာရှိ ပုဏ္ဏားတို့ကို စေလွှတ်တောင်းခံရန် စီမံလေသည်။

ကြည်လင်နွေးထွေးသော နံနက်ခင်းအလှကို ချီးငှက်ကလေးတို့၏ ကူသံက သာယာငြိမ်ညောင်းစွာ အားပြုသွင်

www.burmeseclassic.com

www.burmeseclassic.com

ပေးနေ၏။

"နောင်း...နောင်..."

အဝေးတစ်နေရာ နန်းတော်ဗဟိုစည်မှ ခြောက်မောင်းတိတိ အချက်ပေးတီးသံကို ကြားရ၏။

သုဒ္ဒကွတ်၊ သုမင်္ဂလဲ ဟူသော ဆိုစကားအတိုင်း သူဌေးကြီး မိဂါရအဖို့ ယနေ့နံနက်ကို မင်္ဂလာအခါဟု သတ်မှတ်ပြီး သူကိုးကွယ်သော အစေလ တက္ကတွန်းတို့ကို အရက်ဆွမ်း လုပ်ကျွေး၏။ ပညာရှိ ပုဏ္ဏား သုံးဦးကိုလည်း ခေါ်ထားပြီးဖြစ်သည်။ ဆွမ်းလုပ်ကျွေးပြီးသောအခါ မိဂါရသည် အိမ်အပေါ်ထပ် လေသာပြတင်းမှ ခန်းဆီးဖယ်လျက် တက္ကတွန်းဆရာကြီးများ ပြန်သွားသည်ကို ကြည့်နေ၏။ သာယာသော နံနက်ခင်းအချိန်အခါဖြစ်ပါလျက် မိုးရွာတော့မည့်နယ်၊ သူ့ထက်ငါ တိုးဝှေ့လျက် တက္ကတွန်းဆရာကြီးတို့ ကွန်ပွေမဲ့စွာ ပြန်ကြလေကုန်ပြီ။

ကျေးကျွန်မတစ်ယောက်က အိမ်အောက်ထပ်တွင် ပုဏ္ဏားများ စောင့်ဆိုင်းနေကြောင်း လာပြောမှ သတိရကာ အောက်ထပ်သို့ ဆင်းခဲ့၏။ သူဌေးကြီး မိဂါရသည် ဧည့်ခန်းတွင် ထိုင်လိုက်ပြီးနောက် ခေါ်ယူရသောကိစ္စကို ပုဏ္ဏားတို့အား ရှင်းပြ၏။

"ကိစ္စကတော့ အခုရှင်းပြတဲ့အတိုင်းပဲ။ ယနေ့ သာကေတမြို့ကို သွားပါ။ အဖိုးတစ်သိန်းထိုက်တဲ့ ရွှေပန်းကုံးကို သူဌေးကြီး ဓနဉ္ဇယနဲ့ သူဌေးကတော်ကြီး သုမနဒေဝီတို့လက်ထဲ ထည့်ပေးပြီး သမီးကညာ တောင်းခံပါကြောင်း ပြောပါ"

ဤသို့ မှာကြားပြီး ပုဏ္ဏားပညာရှိ သုံးဦးလည်း ခဏမှာပင် သာကေတ်မြို့ကို သွားကြလေ၏။ နှစ်ရက်မျှ ကြာသော် ပုဏ္ဏားများ ပြန်လည်ရောက်ရှိလာကြသည်။

"ဘယ်နယ်လဲ ပုဏ္ဏားကြီးတို့ မင်္ဂလာကိစ္စ အဆင်ပြေမပြေ သိချင်လှပြီ"

ဟု မိဂါရ သူဌေးကြီးက ခရီးရောက်မဆိုက် မေးမြန်းလိုက်၏။

"အဆင်ပြေပါ့၊ အဆင်ပြေပါ့။ ဓနဉ္ဇယ သူဌေးကြီး ဇနီးမောင်နှံက သူတို့သမီးနဲ့ မငြင်းမယဉ် လက်ဆက်ပေးပါ့မယ်လို့ ကတိစကား ပြန်ကြားလိုက်ပါတယ် သူဌေးကြီး"

"အင်း...ဟုတ်ပြီ၊ ဟုတ်ပြီ။ နို့...နေပါဦး၊ ချွေးမလောင်းကလေးရဲ့ ကြန်အင်လက္ခဏာကိုရော ကြည့်ခဲ့သေးသလား"

"ကြည့်ခဲ့ရပါတယ် သူဌေးကြီး။ ဝိသာခါ သတို့သမီးကလေးဟာ ပြစ်မှီးလွတ်ကင်း အဆင်းလက္ခဏာရိုသူ ဖြစ်ပါတယ်။ နက်မှောင်ရည်လျားတဲ့ ဆံပင်၊ ဖြူစင် ညီညာတဲ့ သွား။ ဝါရွှေတဲ့ အသားအရေ၊ ကိုယ်ဟန်အနေ ပြေပြစ်လှပေတယ်။ ခဲ့အပြင် ဆွေမျိုးအင်အားက ကောင်း၊ ဥစ္စာပေါရုပ်ချော၊ သားရတနာ ထွန်းကားခြင်း၊ ကိုယ်ကျင့်တရား ကောင်းခြင်းဆိုတဲ့ ဥာတိ၊ ရှုပ၊ ဘောဂ၊ ပုတ္တ၊ သီလဗလအားတွေ ရှိနေပြန်တော့ ရွှေပေါ် မြတင်ဆိုသလိုပေါ့ သူဌေးကြီး"

"အို...ဒါဆိုရင် ကျုပ် စိတ်အေးရပါပြီ။ ကောသလမင်းကြီးကိုလည်း ဒီမင်္ဂလာအရေးကိစ္စကို လျှောက်တင်ရမယ်။ ကဲ-ကဲ...ပုဏ္ဏားတော်ကြီးများလည်း တာဝန်ဝတ္တရားကျေပွန်ကြတဲ့အတွက် ကျွန်ုပ် ထိုက်တန်တဲ့ အခကြေးငွေနဲ့ ပူဇော်ပါ့မယ်"

မိဂါရ သူဌေးကြီးက ကျေနပ်သော အပြုံးဖြင့် ကြည့်ရင်း ပြောလိုက်သည်။

◈◈◈

ဤသို့ဖြင့် ရက်မြတ်မင်္ဂလာအခါကောင်းသောနေ့တွင် မိဂါရ သူဌေးကြီးသည် သာဝတ္ထိပြည် တွင် နေထိုင်သော ဂုဏ်သရေရှိ သူဌေး၊ ကုန်သည်၊ ဆွေမျိုး မိသင်္ဂဟများ ခြံရံလျက် လည်းကောင်း၊ ကောသလမင်းကြီးသည် အရောင်အသွေးစိုပြည်လှပသော မြင်းခြောက်ကောင် ကသည့် ရထားယာဉ်ကို စီးလျက် မင်းညီမင်းသား၊ မောင်းမမိတ်သံ၊ ဆင်စီး၊ မြင်းစီး၊ ရထားယာဉ်၊ ခြေလျင် ရဲမက်အစုံအလင်ဖြင့် လည်းကောင်း၊ ကြီးကျယ်သည့်အခမ်းအနားဖြင့် သာကေတမြို့သို့ ထွက်ခွာခဲ့ကြလေသည်။

သမီးရှင်ဖြစ်သူ သာကေတမြို့ သူဌေးကြီး ဓနဉ္ဇယကလည်း သာဝတ္ထိမှ ရောက်လာသော မင်းနှင့်တကွ၊ မိဂါရ သူဌေးကြီးအပါအဝင် ဧည့်ပရိသတ်တို့ကို ခမ်းနားစွာ ကြိုဆို၏။ ဘုရင်ကိုယ်တိုင် ခိုးမြောက်သည့်ပွဲဖြစ်သဖြင့် နေ့ည မပြတ် ဧည့်ခံကျွေးမွေးရာ ပွဲတော်ကြီးတမျှဖြစ်၏။

"အရှင်မင်းကြီး... သမီးကလေး ဝိသာခါ မင်္ဂလာပွဲမှာ ဝတ်ဆင်ရန် မဟာလတာ တန်ဆာချုပ်လုပ်နေစဉ် လအနည်းငယ် ကြာမြင့်ပါမည်။ မင်္ဂလာပွဲအကြိုရက်များအဖြစ် သတ်မှတ်ပြီး ပျော်ရွှင်ချမ်းမြေ့စွာ စံနေတော်မူပါ"

ဓနဉ္ဇယ သူဌေးကြီး ကြိုတင်လျှောက်ထားသည့်အတိုင်း မဟာလတာ တန်ဆာသည် အံကယ်ပင် လေးလံကြာမှ ပြီးစီး၏။ သို့ဖြင့် မင်္ဂလာရက်သတ်မှတ်လျက် မင်္ဂလာပွဲကြီးကို ခမ်းနားစွာ ဆင်ယင်ကျင်းပလေသည်။ လက်ခအသပြာတစ်သိန်းပေးရ၍ ပန်းချီဆရာ၊ ပန်းပဆရာ၊ ဂန္ဓာန

www.burmeseclassic.com

ဆရာတို့၏ စိတ်ကူးပုံဖော် အနလင်္ကာရဖြစ်သော ကိုးကုဋေတန် မဟာလတာ ဝတ်ရုံလွှာကြီးကို ဝတ်ဆင်ထားသည့် သတို့သမီးကလေး ဝိသာခါကို မြင်တွေ့ရသူအပေါင်းမှာ -

"လှလိုက်တဲ့ ဝိသာခါကလေး"

"အကျိုးပေးကောင်းတဲ့ ဝိသာခါကလေး"

ဟူ၍ ချီးကျူးမဆုံးနိုင်အောင် ရှိနေတော့သည်။ ဤသည်မှာလည်း ရှေးအတိတ်ဘဝမှာ ကဿပဘုရားရှင် လက်ထက်၌ ရဟန်းနှစ်သောင်းကို သင်္ကန်းများ လှူခဲ့ဖူးသော ဒါနအကျိုးပင် ဖြစ်ပေသည်။

မင်္ဂလာပွဲပြီးဆုံးသောအခါ ဓနဥယ သူဌေးကြီးသည် သမီး ဝိသာခါကို ဆုံးမစကားပြောကြား၏။ အမြဲမပြတ် ဆုံးမနိုင်ရန်လည်း သူကြွယ် ရှစ်ဦးကို ထည့်ပေးလိုက်၏။

မြတ်စွာဘုရားရှင် ဒေသစာရီကြွချိန်ခိုက် ဘဒ္ဒိယမြို့တွင် တရားနာကြား၍ ခုနစ်နှစ်သမီးအရွယ်ကပင် သောတာပန်တည်ပြီးသော ဝိသာခါ၊ ဗုဒ္ဓဝါဒတည်းဟူသော ကိုးကွယ်မှုမှန်ကန်သည့် ဘိုးဘွားမိဘများ၏ သွန်သင်မှုဖြင့် ကြီးပြင်းလာသော ဝိသာခါ၊ အနို ဝိသာခါ သတို့သမီးကလေးသည် ယဉ်ကျေးလိမ္မာပြီးသူဖြစ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်ပြီးနောက် မကြာမီပင် ပြည်သူအားလုံးနှင့် ဆွေမျိုးရင်းချာပမာ ဖြစ်လာခဲ့လေသည်။

◈◈◈

"ကဲ - ဒီနေ့နံနက် အဖေတို့အိမ်မှာ သားနဲ့ သမီးတို့ရဲ့ မင်္ဂလာဆွမ်းကျွေးပွဲပြုလုပ်မယ်"

တစ်နေ့သော နံနက်တွင် မိဂါရ သူဌေးကြီးက သားဖြစ်သူ "ပုဉ္ဉဝဍ္ဎန"နှင့် ခွေးမဖြစ်သူ ဝိသာခါတို့ကို အသိပေးထား၏။

အချိန်ကျသောအခါ မိဂါရ သူဌေးကြီး ကိုးကွယ်သော အစေလက တက္ကတွန်းတို့သည် အဝတ်မပါ၊ ဗလာကိုယ် ထည်ဖြင့် ရောက်လာကာ နို့ယနာဆွမ်းကို စားသောက်ကြ၏။

သူဌေးကြီးသည် ဆွမ်းကျွေးပြီးသော် ခွေးမ ဝိသာခါကို ရဟန္တာကြီးများအား လာရောက် ကန်တော့ရန် အကြောင်းကြားစေ၏။

"ရဟန္တာကြီးတွေ ကြွလာပြီလား၊ ဒါဆို အခုပဲ လိုက်ခဲ့ပါ့မယ်"

ဝိသာခါသည် မိမိအဆောင်တွင်းမှ ရဟန္တာကြီးများ ဆွမ်းကျွေးရာ အဆောင်သို့ ရွှင်လန်းစွာဖြင့် ခပ်သွက်သွက် ထွက်လာခဲ့၏။ ဆွမ်းကျွေးရာ အဆောင်သို့ ဝင်မိသောအခါ ဆံမုတ်ဆိတ်၊ အဝတ်ဗလာဖြင့် ဖရိုဖရဲထိုင်နေကြသော တက္ကတွန်းများကို မြင်၏။

"ဟင်...ရဟန္တာကြီးတွေလည်း မဟုတ်ဘူး။ ထွီ... ထွီ..."

အဆောင်တွင်းမှ ချက်ချင်းပြန်ထွက်သွားသော ခွေးမဖြစ်သူကို ကြည့်လျက် သူဌေးကြီးသည် အမျက်ထွက်သော်လည်း သည်းခံနေလိုက်၏။ တက္ကတွန်းများ ပြန်သွားသော အခါ မိဂါရ သူဌေးကြီးသည် နို့ယနာကို စား၏။ ခွေးမဖြစ်သူ ဝိသာခါသည် သူဌေး နို့ယနာစားနေသည်ကို မြင်သဖြင့် အနီးတွင် ထိုင်လျက် ရိသေစွာ ယပ်ခတ်ပေးနေလေသည်။

ထိုအချိန်တွင် ရဟန်းတစ်ပါးသည် အိမ်ရှေ့တွင် ဆွမ်းရပ်၏။ သူဌေးကြီးက မမြင်ဟန်ဆောင်ကာ စားမြဲစား၏။ အရိပ်အကဲကို ခတ်မိသော ဝိသာခါက ရဟန်းအား လက်အုပ်ချီလျက်...

"ကန်တော့ဆွမ်းပါ ဘုရား။ တပည့်တော်ရဲ့ ယောကျ်မဟာ အဟောင်းကိုသာ စားသောက်ပါတယ် ဘုရား"

ဤစကားကို ကြားလိုက်ရသော သူဌေးကြီးအဖို့ အမျက်ပြင်းစွာ ထွက်လေတော့သည်။

"ဟဲ့ - သူယုတ်မ၊ နင်က ငါ့ကို မစင်စားတယ်လို့ ဆိုတာပေါ့လေ။ နင် အခု အိမ်က ထွက်သွားစမ်း"

"ဒီစကားနဲ့တော့ ကျွန်မ ထွက်အသွားနိုင်ပါ။ ကျွန်မကို ဆုံးမဖို့ ထည့်ပေးလိုက်တဲ့ သူကြွယ် ရှစ်ဦးကို အပြစ်ရှိမရှိ မေးပါ"

"ဟော်...သူကြွယ် ရှစ်ဦးကို အခုမြန်မြန်သွားခေါ်ကြစမ်း"

ကျေးကျွန်များက သူကြွယ် ရှစ်ဦးကို ချက်ချင်းခေါ်လာခဲ့လေသည်။ ထိုအခါ သူဌေးကြီးက...

"ငါ နို့ယနာကို ရွှေခွက်မှာ ထည့်စားနေတုန်း ဟောဒီ သူယုတ်မက ငါ့ကို မစင်စားသောက်တယ်လို့ ဆိုတယ်"

"ကျွန်မ ဒီလို မဆိုရပါ။ သူဌေးကြီးက ဆွမ်းလာရပ်တဲ့ ရဟန်းကို မမြင်ဟန်ဆောင်နေလို့ ဪ...ငါ့ယောကျ်မဟာ ဒီဘဝမှာ ကောင်းမှုကို မပြု၊ ရှေးကောင်းမှုကံအကျိုးကိုသာ ခံစားဘိ၏"လို့ တွေးမိလို့ အဟောင်းကိုသာ စားသောက်ပါတယ်လို့ ရဟန်းကို လျှောက်လိုက်ခြင်း ဖြစ်ပါတယ်။ ဒီစကားကြောင့် ကျွန်မမှာ အပြစ်ရှိပါသလား"

သူကြွယ် ရှစ်ဦးစလုံးက ဤစကားအရ ဝိသာခါတွင် အပြစ်မရှိပါဟု ဆိုကြ၏။ သူဌေးကြီးလည်း ကျေနပ်သွားသည်။ ဝိသာခါက စကားဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မဟာ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာကို မတုန်မလှုပ် ယုံကြည်သူဖြစ်တဲ့အတွက် ရဟန်းသံဃာနှင့် ကင်းကွာ၍ မနေနိုင်ပါ။ ရဟန်းသံဃာများကို လုပ်ကျွေးခွင့်မရလျှင် ဒီအိမ်မှာ မနေလိုပါ"

"ချစ်သမီး... ရဟန်း သံဃာများကို အလိုရှိတိုင်း လုပ်ကျွေးပါ"

"ဒီလိုဆိုရင် မနက်ဖြန်နံနက်မှာပဲ ဘုရားရှင်နဲ့ သံဃာများကို ပင့်ဖိတ်ပြီး ဆွမ်းကပ်လှူပါမယ်"

◈◈◈

ဤသတင်းသည် အစေလ တက္ကတွန်းထံသို့ ရောက်သွား၏။

နောက်တစ်နေ့ နံနက်စောစောအချိန် တက္ကတွန်းတို့သည် သူဌေးကြီး၏ အိမ်နောက်ဖေးတွင် သွားနေကြ၏။ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့သည် သူဌေးကြီး၏ အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာ၏။ ဝိသာခါက ယောက္ခမကြီးကိုယ်တိုင် မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးစေလို၏။ သို့ဖြင့် ကျွန်မတစ်ဦးကို စေလွှတ်၍ အကြောင်းကြားစေ၏။ အိမ်နောက်ဖေးတွင် ရှိသော တက္ကတွန်းတို့က တားသဖြင့် သူဌေးကြီး မသွားသာချေ။

ဆွမ်းလုပ်ကျွေးပြီးသော် တရားနာပယ်စေရန်အတွက် ကျွန်မတစ်ဦးကို သူဌေးကြီးထံ ထပ်မံ စေလွှတ်ပြန်၏။ သူဌေးကြီး စဉ်းစားပြီ၊ ပထမတစ်ခါ အခေါ်ခိုင်းစဉ်ကလည်း မသွားဘဲ နေခဲ့၏။ ယခုတစ်ကြိမ်ဆိုလျှင် မသင့်၊ သွားမှတော်မည်ဟု ဟန်ပြင်စဉ် တက္ကတွန်းတို့က ကန့်ဝန်း နောက်ကွယ်မှပင် တရားနာပါဟု ပြောသဖြင့် မသွားသာပြန်။

မြတ်စွာဘုရားသည် ကြွလင်ပြတ်သားသော အသံတော်ဖြင့် မဂ္ဂင်ရှစ်ပါး သစ္စာတရားမိုး ရွာသွန်းပြီးလျက် ဟောကြားတော်မူလေ၏။ တရားတော်ကို နှလုံးသွင်းမှန်စွာ နာကြားလိုက်ရသဖြင့် သူဌေးကြီးသည် တရားဆုံးသော် သောတာပန်တည်လေ၏။ သူဌေးကြီးသည် မနေနိုင်တော့သဖြင့် ကန့်လန့်ကာနောက်ကွယ်မှ ထွက်လာပြီး မြတ်စွာဘုရား၏အား ရှိခိုးကာ ဤသို့လျှောက်၏။

"ဤသာသနာတော်အား ပေးလှူခြင်းသည် အကျိုးအမြတ်ကြီးလှပါပေတယ်လို့ ဤမျှ ကာလပတ်လုံး တပည့်တော် မသိမိပါ။ အခုမှ သွေးမကို မိုးပြီ သိရပါတယ်။ အပါယ်မှ လွတ်ကင်းရပါပြီ ဘုရား"

မြတ်စွာဘုရား၏နှင့် သံဃာတော်တို့အား ဦးအကြိမ်ကြိမ်ချ၏။

နောက်တစ်နေ့နံနက်တွင်လည်း ဆွမ်းလုပ်ကျွေးလိုပါကြောင်း ပင့်ဖိတ်၏။ မြတ်စွာဘုရားရှင်နှင့် သံဃာတော်များလည်း နောက်တစ်နေ့တွင် ဆွမ်းဘုဉ်းပေးရန် ကြွလာ၏။ ဆွမ်းဘုဉ်းပေးပြီး တရားဒေသနာကို နာကြားရသောအခါ သူဌေးကတော်ကလည်း သောတာပန်တည်ပြန်သည်။ သူဌေးကြီးသည် ဝမ်းအသာကြီးသာလျက် မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့ကို ဦးအကြိမ်ကြိမ်ချ၏။

ဘုရားရှင် ပြန်ကြွသွားသော်လည်း ကြည်ညိုမှု မဆုံးနိုင်သဖြင့် အိမ်ပေါ်ထပ်သို့တက်ကာ လေသာပြတင်းမှ ကြည့်လျက် မြင်ကွင်းတစ်ဆုံး ကြည်ညိုပြန်၏။ စိတ်ထဲမှာလည်း "အင်း... ဟို တက္ကတွန်းကြီးတွေနဲ့ သွားပုံလာပုံ ကွာခြားရှိပုံကအစ၊ ကွာပါ့" ဟု တွေးမိလေသည်။

ခဏမှာပင် သူဌေးကြီးသည် မိမိ၏ အိမ်သားများကို လှမ်းပြောလိုက်၏။

"အလင်းရောင် ပိတ်ပုံနေတဲ့ အမောင်တွေ ဖယ်ရှားပစ်ရမယ်ဟေ့။ ဟောဒီအိမ်ရဲ့ တံခါးပြတင်းတွေမှာ ကာရံထားတဲ့ ခန်းဆီးတွေ ဖယ်ပစ်လိုက်ကြ။ အယူမှားခဲ့တဲ့ ဘာသာရေးအမောင်ကြီးထဲကလည်း လွတ်ပြီ"

"အဲဒါ အဖေ့ချွေးမ အလိမ္မာလေးကြောင့် မဟုတ်လား"

ပြတင်းခန်းဆီးများကို ဖယ်ရှားနေသော သား ပုညဝပုန က လှမ်းပြောလိုက်ခြင်းဖြစ်၏။

မိဂါရ သူဌေးကြီးက ပြိုးပြိုးကြီးဖြင့် သားတော်မောင် ပုညဝပုနကို ခေါင်းညိတ်ပြ၏။

ခန်းဆီးများအားလုံး ဖယ်ရှားလိုက်သောအခါ အရှေ့ဘက်ဆီမှ ကြည်လင်တောက်ပသော နေရောင်ခြည်သည် အိမ်ပြတင်း၊ တံခါးတို့ကို ထွင်းဖောက်လျက် ဖြာဆင်းကျလာ၏။ ဤနေရောင်ခြည်အလင်းဓာတ်သည် ညကာလတွင် ပြန်လည် ပျောက်ကွယ်ပေဦးမည်။

ဝိသာခါ သတို့သမီးကလေး၏ ကျေးဇူးကြောင့် မိဂါရ သူဌေးကြီးနှင့် အိမ်သားများ ဗုဒ္ဓဘုရားရှင်ထံမှ ရရှိခဲ့သည့် စစ်မှန်သော ဘာသာရေးအလင်းဓာတ်သည်ကား အမောင်တကာတို့ကို ခွင်းလျက် ထာဝရ အလင်းဖြာနေမည်သာတည်း ■

* * *

သူရိန်ဝင်း(ဒီးကုန်း)

မှီငြမ်း

- မမွေပဒ၊ ပုပ္ပဝဂ်၊ ဝိသာခါကျောင်းအပဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော် ချီးမြှင့်သော ကျန်းမာရေးဂါထာ

ဂဏ္ဍီရ ဆရာလှမျိုး (B.Sc)

တစ်နေ့တွင် ကျွန်ုပ်သည် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိသွားပါသည်။ ဘုရားရင်ပြင်တော် မရောက်မီ လေ့ကားအတက်တွင် ဝင်ပေါက်မှသာ ဝင်ရသည်။ ထိုဝင်ပေါက်တွင် လုံခြုံရေးတာဝန်ကျ(လူ၊ ရဟန်း)ထိုင်နေကြပြီး ဘုရားဖူးလာသူများ၏ အိတ်ကို စစ်ဆေးကြသည်။ ပုံစံကြည့် ရုတာတော့ မစစ်ချင် စစ်ချင်ဖြင့် တာဝန်အရ စစ်နေကြရသည့်ပုံစံဖြစ်သည်။ တစ်ခါတစ်ရံ မစစ်ဘဲ နေကြ၊ တစ်ခါတစ်ရံ စစ်ဆေးမှုပြုတာ ကြုံတွေ့ရသည်။ အကြမ်းဖက်ဆိုတာ အခွိုန်မရွေးရောက်လာတတ်၍ ကြိုတင် ကာကွယ်တာ ကောင်းပါသည်။

ဘုရားရင်ပြင်ပေါ်ရောက်သောအခါ ရာဟုထောင့်အနီး ရှိ တန်ဆောင်းတစ်ခုကို သွားသည်။ ထိုတန်ဆောင်းမှ ရွှေတိဂုံဘုရားကြီးအား ဖူးမြော်ကန်တော့ပြီး ဓမ္မမိတ်ဆွေဖြစ်သူ ဦးမျိုးချစ်နှင့် ဆုံတွေ့သည်။ ဦးမျိုးချစ်သည် နေ့စဉ် ဘုရားရောက်အောင် လာပြီး ပတ္တာန်းရွတ်၊ ပုတီးစိပ် အမိဋ္ဌာန်ပြုလုပ်သည်။ ဗုဒ္ဓဟူးနေ့တိုင်း သတ္တမမြောက် ကျော်အောင်စံထားဆရာတော်၏ တပည့်တွေမှ အလှူဒါနပြုကြ၊ စုပေါင်း၍ ပတ္တာန်းရွတ်ဆို ပူဇော်လေ့ရှိကြသည်။ ဦးမျိုးချစ်မှာလည်း ဆရာတော်၏ တပည့်တစ်ဦးဖြစ်သည်။ ဆရာ ဦးမျိုးချစ်မှ စာရေးသူအား တွေ့လျှင် အားရဝမ်းသာ နှုတ်ဆက်မင်္ဂလာ စကားပြောကြားသည်။ ထို့နောက် စာအုပ်တစ်အုပ် ဓမ္မဒါန ပြုသည်။ ထိုစာအုပ်မှာ မိတ္တူကူးထားသော စာအုပ်ဖြစ်သည်။ ကျေးဇူးတော်ရှင် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော် ဦးဝါယာမာ ဘိဝံသ၏ ဂုဏ်တော်ပုတီးစိပ်နည်းနှင့် အခြား ပုတီးစိပ်နည်းများစာအုပ်ဖြစ်သည်။ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်သည် ယခုအခါ သက်တော် ၉၀ ရှိနေပါပြီ။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ကျော်အောင်စံထားတိုက်တွင် ကျန်းမာစွာ သီတင်းသုံးကာ သာသနာပြုလျက်ရှိပါသည်။ ဆရာတော်သည် ပုတီးစိပ်နည်းများကို ကိုယ်တိုင်လည်း ဆောင်ရွက်ပြီး ခုနစ်နေ့သားသမီးများအတွက်လည်း ပြန်လည်ဝေငှပေးပါသည်။

ယခုစာအုပ်တွင် ဂါထာ၊ မန္တန်၊ အဓိဋ္ဌာန်ကျင့်စဉ် အပုဒ် ၂၀ ကျော်ခန့် ဖါဝင်ပါသည်။ ဆရာတော် ချီးမြှင့်သော "သုဂတောဝါဒဂါထာ" "ဘိုးဝါယမ" ဟု ခေါင်းစဉ်တပ် ရေးသားသည်။ အချို့လည်း "ဘိုးဝါ" ဟု နာမ်စားသုံး ရေးသည်။ မည်သည့်အသုံးအနှုန်းသုံးသုံး၊ အများအားဖြင့် ဂါထာမန္တန်ကျင့်စဉ်များမှာ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကျမ်းများမှ ကောက်နုတ်ရေးသား ဖော်ပြတာ တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခု ဦးမျိုးချစ် ပေးသော ဓမ္မဒါန စာအုပ်တွင် ကျန်းမာရေးဆိုင်ရာ ဂါထာတော်တစ်ပိုဒ် ပါရှိလာသည်။ စာရေးသူအား ဦးမျိုးချစ်မှ "စာအုပ်ထဲမှာ ရေးထားတဲ့အတိုင်း ကင်ဆာရောဂါဝေဒနာရှင်တောင် ဆရာကောင်း ဆေးကောင်းတွေပြီး ပျောက်သွားတယ်"ဟု ပြောပါသည်။ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးသည် အသက် ၉၀ ရှိသည့်တိုင် အင်္ဂလိပ်ဆေးထိုး၊ ဆေးသောက်၊ ဆေးသွင်း ခွဲစိတ်ကုသမှုများ မပြုလုပ်ရပေ။ တပည့်များ အတင်းတိုက်တွန်း၍ ရံဖန်ရံခါ ဆေးရုံပြသခြင်း၊ သွားဆေးခန်း ပြသခြင်းသာ ရှိသည်။ ဆရာတော်မှာ ဂါထာမန္တန်အစွမ်းထက်မှုနှင့် တိုင်းရင်းဆေးကို ယုံကြည်သူဖြစ်သည်။ အချို့က ဝိဇ္ဇာလမ်းလျှောက်လှမ်းသူတို့မှာ ခွဲစိတ်ကုသခြင်း မပြုကြဟု ပြောဆိုသည်။

ကျွန်ုပ်လည်း ရောဂါဝေဒနာပျောက်သော ဂါထာတော် အနက်ပါ ပါ၍ စိတ်ဝင်စားသွားသည်။ ကိုယ်တိုင်လည်း ကျန်းမာရေး ရာနှုန်းပြည့် မကောင်းဘဲ ခေါင်းထိုး လေအောင့် ကျောအောင့်ဖြစ်တတ်၍ ရွတ်ဆိုရန် ဆုံးဖြတ်လိုက်သည်။ ဦးမျိုးချစ်နှင့် လမ်းခွဲပြီး ပြန်လာ၍ အိမ်ရောက်သောအခါ တစ်ပတ်ခန့်ကြာသည့်တိုင် ပုံမှန် မရွတ်ဆိုဖြစ်သေးပေ။ ဗုဒ္ဓဟူးနေ့သတစ်ညမှ စ၍ နေ့စဉ်ပုံမှန် ရွတ်ဆိုသည်။ လေပူထ၍ သတိရပြီး စတင်ရွတ်ဆိုခြင်း ဖြစ်ပါသည်။ နောက်ရက်တော်တစ်ခွက် ရေမှာ ထားပြီး ရွတ်ဆိုပါသည်။ ထိုရေကို သောက်သည်။ ရင်ထဲမှာ အေးချမ်းသွားသည်။ လေပူ၊ လေအောင့်ရောဂါ တဖြည်းဖြည်းသက်သာရာမှ ပျောက်ကင်းလျက်ရှိသည်။ လေစာများကိုလည်း ရှောင်သည်။ တာမွေ ကျောက်မြောင်းဘက်မှ ဗေဒင်မေး အမျိုးသမီး ပရိသတ်တစ်ဦး တအေ့အေ့နှင့် လေတက်နေသည်။ နဝင်းယဘြာချေပြီးသောအခါ ထိုဂါထာကို ရေပေးလိုက်သည်။ တစ်ပတ်ခန့်အကြာတွင် သက်သာသွားသည်။ ခေါင်းမူး၊ ခေါင်းကိုက်နေသူတစ်ဦးကို ဆီမန်း မန်းပြီး ထိုဂါထာရွတ်ဆို၍ လိမ်းခိုင်းလိုက်ပါသည်။ မကြာမီ သက်သာပျောက်ကင်းသွားသည်။ ရောဂါဝေဒနာဖြစ်သူ ၁၀ဦးထက်မနည်း သက်သာပျောက်ကင်းသွားကြသည်။ ကိုယ်တိုင် မရွတ်ဆိုနိုင်ပါက ကိုယ်စား ဆောင်ရွက်ပေးနိုင်သည်။

အသက်ရှည် သက်တော်မြဂါထာကဲ့သို့ ကျန်းမာရေးကောင်း၊ ဝေဒနာပျောက်စေသော ဂါထာတစ်ပုဒ်ဟု ယုံကြည်ပါ။ ယခု မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

ကျန်းမာရေးကောင်း၊ ဝေဒနာပျောက်သော ဂါထာ

ဝါတာပိတ္တာ ဒိသဉ္စတာ၊
ဘာဟိ ရဋ္ဌ တုပ္ပဒဝါ၊
သဗ္ဗေသံ ဝိနာသံ၊
ယံတု အနန္တဂုဏာ တေဇသာ။ ။

တစ်ပုဒ်ဆုံး တစ်လုံးချ။ နံနက် သုံးပတ်၊ ည သုံးပတ် (၁၀၈)လုံး ပုတီးနှင့် စိပ်ပါ။

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ U.S.A မှ ကင်ဆာဝေဒနာရှင်တစ်ဦးအား ချီးမြှောက်သော ဂါထာဖြစ်ပါသည်။

အနက်

ဝါတာ ပိတ္တာ ဒိသဉ္စတာ - လေ၊ သည်းခြေ စသည်တို့ကြောင့် ဖြစ်ကုန်သော၊ ဘာဟိရဋ္ဌတုပ္ပဒဝါ - အတွင်းအပ၌ ဖြစ်သော ဘေးရန်တို့သည်၊ အနန္တဂုဏာတေဇသာ- အဆုံးမရှိသော ဂုဏ်ကျေးဇူးတော်ရှိသော ရတနာသုံးပါး၏ တန်ခိုးတော်အားဖြင့်၊ သဗ္ဗေသံ - အလုံးစုံကုန်သော၊ အသေသာ ယံတု ပါပေန္တု - ရောက်စေကုန်သတည်း။

စာရေးသူအနေဖြင့် တစ်နေ့ နှစ်ကြိမ် မစိပ်ဖြစ်ပါ။ ညဘက်သာ စိပ်ဖြစ်ပါသည်။ ညွှန်ကြားထားသည့်အတိုင်း စိပ်နိုင်လျှင် ပိုကောင်းပါသည်။ ရောဂါဝေဒနာမကြီးဘဲ ကိုယ်တိုင် စွမ်းအားရှိပါက မိမိကိုယ်တိုင် ဘုရားရှေ့မှာ ငါးပါးသီလခံယူ၍ ကုသိုလ်ဒါနပြုပြီး စိပ်ပါ။ ရေ၊ အစားအစာ၊ ဆီ၊ ဆေးတို့ကို ရှေ့မှာ ထား၍ ထိုဂါထာနှင့် ရွတ်ဆို သောက်သုံး စားသောက်ပါက ပိုကောင်းမည်ဟု ယုံကြည်ပါသည်။

ကြီးမားသော ကင်ဆာဒေဝနာရှင်ပင် ပျောက်ကင်းသည်ဟု ဆိုသောကြောင့် အခြားရောဂါ(ကုလျှင် ပျောက်သော ရောဂါ)အားလုံး သက်သာပျောက်ကင်းစေမည်မှာ အမှန်ပင် ဖြစ်ပါသည်။ အဓိကမှာ ရတနာသုံးပါး ဦးထိပ်ထား၍ ယုံကြည်စွာ ရွတ်ဆိုမှုသည် အရေးကြီးသည်။ စာဖတ်ပရိသတ်များ ကျန်းမာမှု ချမ်းသာမည်။ ဝေဒနာဖြစ်ပါက ဆေးကုစရိတ် ကြီးမားသောခေတ်ဖြစ်သည်။ ရောဂါဝေဒနာမရှိပါကလည်း ကြိုတင် ရွတ်ဆိုထားနိုင်ပါသည်။ ခန္ဓာရှိလျှင် ဝေဒနာရှိမည်။ ဝေဒနာပေါ်တိုင်း "ဝေဒနာ အနတ္တ"ဟု မှတ်ပါဟု ဆရာတော်ကြီးတစ်ပါး မိန့်ဆိုတာ မှတ်သားရပါသည်။ ဂါထာတော်ကို ဥရက် ရွတ်ဆိုပြီးပါက ထူခြားလာမည်။ ဝေဒနာရှိသူ သိသာသည်။

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး ကျန်းမာချမ်းသာပါစေ၊ သက်တော် ရာကျော်ရှည်ပါစေ ■

* * *

ဂန္ဓိရုဆရာလှမြိုင် (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

မိဖုရားကြီးဘုရား (သို့) ရန်ငြမာန်ရှင်းဘုရား

မော်လမြိုင်မြို့၊

www.burmeseclassic.com

www.burmeseclassic.com

ဆစ်ဇာ ဆုတောင်းပြည့်စေတီတော်နှင့် စိန်တုံးမိဖုရားကြီး

အပိုင်း (၄)

ခင်ခင်ဝင်း (မောရဝတီ)



ဧရိုစ်ဆလွဲဘုရား ရောင်ပြည်တော်ကို ပြုလုပ်နေသောပုံ
20.4.12 တနင်္ဂနွေ ည ၇း၁၅

အလှူရှင် အောင်ကောင်းစက်ဆော်ဂါလုပ်ရေးမှူး ဦးဇေဇော်(ကြည်)(ဒါရိုက်တာ)၊ ဦးထင်ဝေကျော်(ဇာတ်သဘောဆောင်)၊ ဦးစောမင်းအောင် (ဝတ်ဆောင်စီစဉ်ရေးဦးစီးမှူး) နှင့် ဆောင်ပဒေသူ ဇင်မိုး လှုပ်ရှားနိုင်းထည်း

မန္တလေးမြို့ ရွှေနန်းတော်ကြီး အလွမ်းပြေ ဆောက်လုပ် လှူဒါန်းခဲ့သော ရတနာဘုံပြင့်ကျောင်းသို့ သီတင်းနေ ဥပုသ်စောင့်ရင်း ကျွန်မ ရောက်ခဲ့ပါသည်။ လက်ရှိကျောင်းထိုင်ဆရာတော်ကြီး ပြန်ကြွလာပြီဟု ကြားရ၍ဖြစ်သည်။ ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသသည် သက်တော် ၈၀၊ ဝါတော် ၆၀ ငယ်ဖြူဆရာတော်ဖြစ်သည်။ ကျမ်းကြီးကျမ်းစာပေါက် ဆရာတော်လည်းဖြစ်သည်။ ဆရာတော်အား လှူဖွယ်များ လှူခြင်း၊ သီလယူ တရားနာပြီး အားလပ်ချိန်မှာ သိချင်တာများ မေးလျှောက်ရသည်။

"ဆရာတော်ဘုရား... တပည့်တော်မ အရင်အခေါက်တွေ လာတုန်းက ဆရာတော်နဲ့ မတွေ့ခဲ့ရလို့ အခုမှပဲ မေးလျှောက်ရပါတယ် ဘုရား။ စာတွေထဲမှာ လေ့လာတွေ့ရှိရတာတော့ စိန်တုံးမိဖုရားကြီးဟာ မင်းတုန်းမင်းရဲ့ ဝတ်လဲတော်ကို ပြာချပြီး ကမ္မဝါအဖြစ် စီမံကာ ဒီကျောင်းမှာ ထုံ့ထားတယ်လို့ သိရပါတယ်။ ကြည့်ခွင့်ရှိရင် ကြည့်ပါရစေဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်ရပါတယ်"ဟု ဆိုပြီး ဦးဇင်းလေးတစ်ပါးကို အယူခိုင်းလိုက်သည်တွင် များစွာသော ပေစာထုပ်တွေထဲ ရှာမတွေ့ဖြစ်နေ၍ ဆရာတော်ကိုယ်တိုင် ဖျတ်လတ် သွက်လက်စွာ ချက်ချင်းထ,ယူပေးပါသည်။ အရွယ်နှင့် မလိုက်အောင် ဖျတ်လတ် သွက်လက် ကျွန်းမာလှပါသည်။ မင်းတုန်းမင်း၏ ဝတ်လဲတော်ကို ပြာချ၍ စီမံထားသော ကမ္မဝါမှာ သာမန် ပေစာများထက် ကြီး၏။ ထူ၏။ ရွှေအစစ်ဖြင့် ရွေပိန်းချထားသော ယွန်းအနုပညာဆန်သည်ဟု ယူဆစိတ်၏။ စာလုံးများလည်း ကြီး၏။ ရွှေရောင် ဝင်းလက်တောက်ပနေ၏။ အပုံးကတ်ပြားက ပိထူ၏။ ကျွန်းပြားဖြင့် ပြုလုပ်ထားဟန်ရှိ၏။ ထိုအပုံးကတ်ပြားပေါ်တွင် ရွှေရေးအရုပ်

များ တန်းစီ၍ ပုံဖော်ထား၏။ ကျွန်မသည် ထိုကမ္မဝါကို ကိုင်ကြည့်စဉ်မှာပင် ရေးအစဉ်အလာ အနုပညာ၏ အဖိုး မဖြတ်နိုင်သော သမိုင်းဝင်ပစ္စည်းအပြင် သရီးရွှေရေး အနုပညာလက်ရာအဖြစ် လုပတင့်တယ်စွာ တွေ့ရှိရလေသည်။ စိန်တုံး မိဖုရား၏ ကောင်းမှုတော် သမိုင်းဝင် မင်းတုန်းမင်း အလွမ်းပြေ အလှူတော်တစ်ခုအဖြစ် နောင်လာ နောက်သားများအတွက် မှတ်သားဖွယ် ချန်ထားပေးခဲ့သည်ကို ကျေးဇူးတင် လေးစားမိပါသည်။ စိန်တုံး မိဖုရားကြီး၏ ဘဝကို လည်း ပြန်တွေးကြည့်မိပါသည်။

မင်းတုန်းမင်း၏ သီရိသုပဘာ ရတနာဒေဝီ ဘွဲ့တံဆိပ်တော် ခံစားပြင့်ခြင်းခံရသော မိဖုရားတစ်ပါးဖြစ်သည့်အပြင် တလုတ်ပြိုနှင့် စလေပြိုတို့ကို အဝိုင်စား ပေးသနားခြင်းခံရသော၊ ဘာသာ, သာသနာကို လေးစားကြည်ညိုသူဖြစ်သော မိဖုရားတစ်ပါးဖြစ်သည်။ မောင်တော် မင်းတုန်းမင်းကြီးနှင့်အတူ လက်တွဲ၍ သာသနာပြုခဲ့သည်။ မန္တလေးမြို့ရှိ ဝဠီရာ ရာမကျောင်းတိုက်ကြီးနှင့် မဟာမင်္ဂလာကျောင်းတိုက်ကြီးတို့ကို ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းအမလည်း ဖြစ်သည်။

မင်းတုန်းမင်းကြီး နာမကျန်းဖြစ်သောအခါ ဆင်ဖြူရှင်



မိဖုရား၊ တောင်ဆောင် မိဖုရား၊ စိန်တုံး မိဖုရား၊ လက်ပံစည် မိဖုရား၊ သရစိန် မိဖုရား၊ လဲချာ မိဖုရား၊ သံနတ်စည် မိဖုရား တို့သာ နေ့-ည စောင့်ကြပ်၍ သမားတော်အကျော်အမော် တို့နှင့် ပြုစုခွင့်ရခဲ့ကြသည်။ စိန်တုံး မိဖုရားကြီးသည် မင်းတုန်းမင်းအပေါ် အတော်သံယောဇဉ်ကြီးပုံရသည်။ မိဖုရား အလွန်များသော မင်းတုန်းမင်းကြီးသည် **မိဖုရားတစ်ပါးဆီသို့** တစ်လ တစ်ကြိမ်ရောက်အောင် ဆောင်တော်ကူးသည်။ ဆောင်တော်ကူး မှတ်တမ်းလည်း ထားရှိသည်။ အလှည့်ကျ

www.burmeseclassic.com

www.burmeseclassic.com

မိဖုရားသည် အမွေးနုံသာ လိမ်းကျံလျက် သင္ဘာလီတွင် ပန်းခင်းထားရပြီး ဆောင်တော်ကူးလာလျှင် ဆက်သရန် ဝတ်လဲတော်ကို အဆင်သင့်ပြင်၍ အငြိမ့်တော်၊ အတီး အမှုတ်တို့ဖြင့် စောင့်နေရသည်ဟု မှတ်တမ်းများတွင် ဖတ်ရပါသည်။

စိန်တုံး မိဖုရားကြီးသည် ထိုဝတ်လဲတော်ကို မော်လမြိုင်ထိ တစ်ပါတည်းယူဆောင်လာဟန်ရှိသည်။ ထို ဝတ်လဲတော်ကို ပြာချ၍ ကမ္ဘဝါအဖြစ် ဖန်တီး လှူဒါန်းခြင်း ဖြင့် နတ်ရွာစံ မင်းတုန်းမင်းကြီး ကုသိုလ်ရစေရန်ဟု ယူဆ မိပါသည်။ ကျေးဇူးတော်ကို တုံ့ပြန်ခြင်းဟုလည်း ယူဆနိုင် ပါသည်။

မင်းတုန်းမင်းသည် နန်းရ၊ အဆောင်ရ မိဖုရားများကို ရွှေငွေရတနာ၊ အစေအပါး၊ အမှုထမ်းများနှင့် ခမ်းခမ်းနားနား ထားသည်။ မိဖုရားများအား ရွှေတိုက်တော်မှ ရွှေချိန်တစ်ရာ ကို မင်းတုန်းမင်း၏ အမိန့်ဖြင့် ထုတ်ပေးရသည်။ ထမီးစင် တော်ထမီး၊ လှေတော်ထမီး၊ ရထားဆွဲ၊ ဝေါတော်ထမီး၊ ခဝါတော်၊ အချုပ်တော်၊ သမားတော်၊ ကွန်းတော်ဆက်၊ ဆတ္တာတော်၊ ပန်းချီတော်၊ ပန်းတိမ်တော်၊ စာတော်ဖတ်၊ အပျိုတော်၊ အချိုတော်၊ အချောတော်၊ အထိန်းတော်၊ အဆို တော်၊ အငြိမ့်တော်၊ ကွမ်းတော်ဆက်၊ ဆေးလိပ်တော်ဆက်၊ ထီးတော်ပို့၊ ဆံတော်ရှင်း၊ ဘဏ္ဍာစိုး၊ ကတော်ဝန်၊ ကတော် စာရေး၊ မိန်းမစိုး စသည့် အပါးတော်တွင် အမှုထမ်းရသော အမှုထမ်းတို့အား မိဖုရားက လစာထုတ်ပေးရသည်။

မင်းတုန်းမင်းလက်ထက် ကောင်းစားခဲ့သော စိန်တုံး မိဖုရားကြီးသည် မင်းတုန်းမင်း နတ်ရွာစံပြီး အလောင်းတော် ကို (၇-၁၀-၁၈၇၈)တွင် သင်္ဂြိဟ်၍ (၁၇-၁၀-၁၈၇၈)နေ့တွင် အကျဉ်းချခံရလေတော့သည်။ မင်းတုန်းမင်း ပေးသနားတော် မူသော ရွှေ ငွေ စိန်၊ ကျောက် အကွင်းအချည် ဘဏ္ဍာတော် များကို စာရင်းစစ် သိမ်းသည့် ပြတိုက်အရာရှိ၊ ရွှေတိုက် အရာရှိတို့အား အကုန်အစင် မအပ်နိုင်၍ဟု မှတ်သားရပါ သည်။ မိဖုရားဘဝမှ ဆယ်ရက်အတွင်း အကျဉ်းသားဘဝသို့ ရောက်သွားသော စိန်တုံး မိဖုရားကြီးသည် သားသမီးမထွန်း ကားခဲ့၍သာ ချက်ချင်း အသတ်မခံရသော်လည်း ဘယ်နေ့မှာ ဘယ်လိုဖြစ်ဦးမလဲဟု ကြေကွဲ စိုးရိမ်ထိတ်လန့်နေရရှာ သည်။

ငယ်စဉ် စိန်တုံး ထိပ်ခေါင်တင်ဘဝတွင် သီပေါမင်း၏ မယ်တော် လောင်းရည် မိဖုရား(နန္ဒာဒေဝီ)အား မင်းတုန်းမင်း က အပြစ်တော်ပေး၍ တပယ်မင်းသား၏ အိမ်တော်တွင် ထားစေသည်။ စိန်တုံး ထိပ်ခေါင်တင်သည် တပယ်မင်းသား နှင့် မောင်နှမဖြစ်သည်။ ထိုအချိန်က သီပေါမင်းသားလေး သည် မယ်တော် လောင်းရည် မိဖုရားနှင့်အတူ လိုက်နေ



၁၂၇၇ ခုနှစ်က ဝွန်းလုပ်ခဲ့သော ခေါင်းခုံး

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ခွင့်ရလေတော့သည်။

ကျွန်မသည် စိန်တုံး မိဖုရားကြီး၏ နန်းတော်၊ အလွမ်းပြေ ရတနာဘုံမြင့်ကျောင်းကြီးနှင့် မန္တလေး မဟာမြတ်မုနိဘုရားကြီး အလွမ်းပြေ၊ မော်လမြိုင် မဟာမြတ်မုနိကြီး အကြောင်းကို ရေးသားခဲ့ပြီးဖြစ်သည်။ သည်လောက်ဆို အလွမ်းပြေလောက်ပြီဟု ယူဆသင့်သော်လည်း မပြေသော အလွမ်းများနှင့် မလုပ်သား၊ မစွမ်းသာသောဘဝကို ပုံဖော်တည်ဆောက်ထားသော ဘုရားတစ်ဆူကို အထင်ကရ နေရာတွင် ဖူးတွေ့လိုက်ရပြန်သည်။ စိန်တုံး မိဖုရားကြီး၏ သမိုင်းသိုက်စာကို တူးရင်း တူးရင်း အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးကို ထပ်မံ တူးဆွရရှိသဖြင့် စာဖတ်သူများအား တင်ပြလိုက်ရပြန်ပါသည်။

◈◈◈

ထိုဘုရားကား မြတ်စွာဘုရား၏ သွားတော်ဓာတ်ကို ဌာပနာပြုစေတီဖြစ်သော ရောင်ခြည်တော်များ လွှတ်၍ တန်ခိုးတော်ပြတတ်သော မော်လမြိုင်မြို့၏ ကျက်သရေဆောင် နာဂဝံသတောင်ထွဋ်ပေါ်ရှိ ကျိုက်သလွဲစေတီတော်မြတ်ကြီး ရင်ပြင်ပေါ်တွင် တည်ထားပါသည်။ သင်္ဂဇ ဆရာတော်ကြီး၊ ဝဇီရ ရာမ ဆရာတော်၊ စိန်တုံး မိဖုရားတို့သည်

တော်မူရသည်။ ထိုအိမ်တွင် နေထိုင်စဉ် တပယ်မင်းသား၏ သားတော် မြောက်ဖြူမင်းသားလေးနှင့် သီပေါမင်းသားလေး တို့သည် ကလေးတို့သဘာဝ မကြာခဏ ခိုက်ရန်ဖြစ်ကြရာ တပယ်မင်းသား၏ အစ်မတော် စိန်တုံး ထိပ်ခေါင်တင်က သီပေါမင်းသားလေးကိုသာ ရိုက်၍ ဆုံးမတတ်သည်။ ထို အချိန်တွင် မင်းတုန်းမင်းကြီးက သားတော်၊ သမီးတော်များ ပထမပြန် စာမေးပွဲများ ဝင်ရမည်ဟု အမိန့်တော်ကြောင့် ပိဋကတ်စာပေကို သီပေါမင်းတစ်ပါးသာ အောင်မြင်တော်မူသဖြင့် မယ်တော် လောင်းရည် မိဖုရားအား အပြစ်မှ လွတ်စေ၍ အိမ်တော်နှင့် စံခွင့်ရသွားလေသည်။ ထိုသီပေါမင်းသားလေး ဘုရင်ဖြစ်နေချိန်တွင် စိန်တုံး မိဖုရားဟောင်းက အကျဉ်းသားဖြစ်နေပေပြီ။

သီပေါမင်း၏ မင်းဆရာတော် ဝဇီရ ရာမ ဆရာတော်သည် မိမိ၏ ကျောင်းဒါယိကာမ စိန်တုံး မိဖုရားဟောင်း၏ အသက်ကို အလှူခံတော်မူပြီး သီပေါမင်း ပါတော်မူချိန်တွင် မော်လမြိုင်မြို့သို့ ခေါ်ဆောင် တိမ်းရှောင်ခဲ့ကြောင်း အထက်စာများတွင် ရေးသားခဲ့ပြီးဖြစ်ပါသည်။ မော်လမြိုင်ရှိ သင်္ဂဇ ဆရာတော်ဘုရားကြီး၏ တပည့်များက စိန်တုံး မိဖုရားကြီးကို လုံခြုံမှုပေးခြင်း၊ ဦးဆောင်ဦးရွက်စေခြင်း အစစ ကူညီကြခြင်းတို့ကြောင့် စိန်တုံး မိဖုရားကြီး၏ အခန်းကဏ္ဍသည် ထင်ပေါ်လာပြီး သာသနာပြု လုပ်ငန်းများတွင် စိတ်တိုင်းကျ





www.burmeseclassic.com

www.burmeseclassic.com

သူကျွန်ဘဝရောက်ရှိနေသော မော်လမြိုင်နယ်တစ်လွှားကို သာသနာမပျောက်ပျက်စေဖို့ ကျိုက်သလ္လံတောင်ကို ဗဟိုပြုပြီး သာသနာပြုခဲ့ကြသည်။ လောကီ လူထုအဖြစ်သော စိန်တုံမိဖုရားကြီးသည်ကား ကျိုက်သလ္လံစေတီမြတ်ကြီးကို ဖူးရင်းလွမ်းမော သာယာဖွယ်-ပတ်ဝန်းကျင်ရှုခင်းကို ကြည့်ရှုရင်း မောင်တော် မင်းတုန်းမင်းကြီးကို သတိရ လွမ်းဆွတ်ခြင်း၊ ဘဝ၏ မာန်တွေ၊ ရန်တွေ ပြေစေခြင်းအကျိုးငှာ ကျိုက်သလ္လံစေတီအနီးတွင် ဆင်းတုတော်တစ်ဆူကို သွန်းလုပ် လှူဒါန်းခဲ့လေသည်။ "ရန်ပြေ မာန်ရှင်း ကြေးသွန်းဘုရား"ဟု ဘွဲ့တော်တပ်ထားသည်။ မော်လမြိုင်သားတွေကတော့ "မိဖုရားကြီးဘုရား"ဟုသာ ခေါ်တွင်ကြသည်။ ထိုဘုရား၏ အပြင်အဆောက်အအုံကို အဝေးက ကြည့်မည်ဆိုလျှင် ခြူးသီးခြူးရွက်၊ ခြူးဖက်ခြူးညွှန့်၊ ခြူးနွယ်ခြူးပွင့်တို့နှင့် စုံလင်စွာ ဇာခန်းစီးသဖွယ် ပန်းပုပန်းခင်းအလှ ရုပ်လုံးရုပ်ကြွများဖြင့် မြန်မာ့ပန်းပုပညာဖြင့် လက်စွမ်းပြ ခြယ်သထားသည်။

ရိုးတံတွင် ပွင့်နေသော ပန်းပွင့်၊ ပန်းဖူး၊ အထူးထူးသော လူ၊ ငှက်၊ လှည်း တွဲရထွဲနှင့် သက်ဝင် ပွဲဆင်၊ နွှဲသဘင်သွင်သို့ ထင်ထင်ရှားရှားမြင်ကြရသည်။ ကြက်လျှာစွန်း၊ ကြက်မောက်စွန်း၊ စုလစ်မွန်းချွန်းတို့မှာလည်း ပြာသာဒ်၏ အလှကို ကျကျနန လှပနေစေသည်။ အမိုးထိပ်ဆုံးပြာသာဒ်ခေါင်အုပ်ကို ရှေးမြန်မာဘုရင် စစ်သည်တို့၏ ခေါင်းဆောင် သံဃာမောက်ဖြင့် အုပ်ထားသည်မှာ ထူးခြားချက် အမှတ်အသားတစ်ခုပင်ဖြစ်ပါသည်။ အောက်ခြေ အဆောက်အအုံ၏ ဝရံတာအကာကို သံကျွတ် ပန်းကြဲတွင် ကဒ္ဒေါင်းရုပ်များ တစ်ကောင်စီ စီတန်းနေသည်။ မန္တလေး နေပြည်တော်သုံး ခေါင်းတံဆိပ် ငွေဒင်္ဂါးများကိုလည်း အမှတ်ရနေဟန်ဟု ယူဆမိပါသည်။

အဆောက်အဦ၏ အလယ်တွင် တံခါး ခိုင်ခန့်စွာဖြင့် ကြေးသွန်း ဆင်းတုတော်ကို ပလ္လင်ပေါ်တွင် ဖူးတွေ့ရသည်။



ဘူဓိဖသမုဒြာဖြစ်သည်။ ရန်သူတကာကို အောင်မြင်နိုင်ခြင်း၊ တရားအမှုတွင် မိမိမှ အနိုင်ရခြင်း၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်း၊ သရဲအစိမ်းကြမ်းတို့ကို အောင်နိုင်ခြင်း၊ ရဲရင့်စေခြင်း၊ အာဏာတန်ခိုး ထက်မြက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးမားခြင်း စသည့် အကျိုးကျေးဇူး ခံစားစေသည်ဟု ကျမ်းစာများက ဖော်ပြကြပါသည်။ ပလ္လင်တော်ကို ကျောက်အဖြူများနှင့် အလှဆင်ထားသည်။ မှန်စီ ရွှေချထားသည်။ ဘုရား၏ လက်မောင်းဗောဟျများအနီးတွင် ခေါင်းရုပ်၊ ယုန်ရုပ်များ ထုထားသည်။ ဝိဇ္ဇရအမတ်၊ ပဒ္မာကမြင်းတို့၏ ရုပ်လုံးရုပ်ကြွများ၊ ပန်းခက်ပန်းနွယ်များ သွယ်တက်၍ ပလ္လင်ကို အလှဆင်ထားသည်။ ပလ္လင်၏ အနောက်နံရံတွင် ငွေရောင်လင်း

www.burmeseclassic.com

www.burmeseclassic.com



လက်သော ရွှဲခြမ်းကို အလယ်တွင် ထား၍ ရွှဲတောင့်ငယ်များနှင့် အနားကွပ် လေးထောင့်ကွက်များ အပြည့်ကာရံထားသည်။ စိန်တုံး မိဖုရားကြီး၏ စိတ်အစဉ်မှာ မောင်တော်မင်းတုန်းမင်းကြီးကို လွမ်းဆွတ်ဟန် ပေါ်လွင်စေသော အထင်အရှားပြကွက်တစ်ခုမှာ ဘုရားအတွင်း ကနတ်ပန်းဆွဲတိုင်း၏ အောက်ခြေတိုင်းတွင် ကိန္နရီ-ကိန္နရာ ရုပ်ကြွများနှင့် အခြေတည်ထားသည်။ အခန်းထောင့်များတွင်လည်း ကိန္နရီ-ကိန္နရာ ရုပ်ကြွပုံများဖြင့် အခြေတည် ပန်းနွယ်တက်ခန်းစီး ပန်းပုရုပ်ကြွများ ဖြစ်သည်။ ကိန္နရီ-ကိန္နရာတို့၏ ရုပ်ကြွများသည် အတူယှဉ်တွဲခြင်း မရှိဘဲ တကွဲတပြားစီ ဖြစ်သည်။ ကွဲကွာ၊ ချောင်းခြားသောပုံရိပ်ကို စိတ်ဖြင့် ခံစားဖော်ပြထားဟန် ရှိပါသည်။

အရှင်အဂ္ဂသမာဓိ၏ နေမိဇာတ်တော်လာ ဘုံခန်းပျိုမှ -

မျက်ခွက် မျက်လုံး၊ ရင်ဖုံး ရင်ဝ၊
လက်မ လက်သန်း၊ သွန်းရွှန်းလျှင်၊
လည်ရန်းတောင်ပန်၊ ခါးဆံပြီးပေါက်၊
ညီးညီးတောက်မျှ။
နှစ်ယောက်ဖော်စဉ်၊ ပျော်ဖက်ယှဉ်လျက်၊
ဝိညာဉ်ပွင့်ထွား၊ အရှင်လားသို့၊
နှစ်ပါးညီညွတ် . . .

ဟူ၍ သရုပ်ဖော် ဖွဲ့ထားသလို၊ ကိန္နရီ-ကိန္နရာတို့၏ ရုပ်ပုံ ရုပ်ကြွများက အသက်ဝင်လှပေသည်။

ကျွန်မသည် စိန်တုံး မိဖုရားကြီး၏ စိတ်အစဉ်ကို ပျော်ဝင် ခံစားပြီး သမိုင်းမှတ်၊ စာမတင်သော ရတနာသိုက်ကြီးကို ဆက်လက် တူးဖော်နေမိပါတော့သည် ■

* * *

ခင်ခင်ဝင်း(မောရေတီ)

ကျမ်းကိုး

- ရတနာပုံရှင်းတမ်း (ကောင်းထက်)။
- ကုန်းဘောင် မဟာရာဇဝင်အကျဉ်း (နဂါးဗိုလ် ထီးပင်ထွေး)။
- ကိုယ်တိုင်သွားရောက် လေ့လာခြင်း။

www.burmeseclassic.com

www.burmeseclassic.com

ကိုခင်မောင်ဝင်း သည်ခြင်ကို ဝယ်ယူခဲ့သည်မှာ သုံးနှစ်ရှိပေပြီ။ သည်ခြင်ကို မဆင်မခြင်ဝယ်ယူခဲ့မိသည့်အတွက် သူနောင်တ,ရနေပါသည်။ ဤခြင်ကို မဝယ်မီက မစုံစမ်းမိခဲ့သောကြောင့် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ သည်ခြင်အနေအထားအရ သူ၏လယ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်၍ လုပ်ငန်းခွင် အဆင်ပြေသောကြောင့် သည်ခြင်ကို အလွယ်တကူ ဝယ်ယူလိုက်ခြင်းဖြစ်သည်။

နွဲ့ဦးမွန်(ကျုံ့ဒါး)

ပဒုန်းမြတ် တန်ခိုးတော်

www.burmeseclassic.com

www.burmeseclassic.com



အခုချိန်တွင် မှားသည်ဟု ခံစားနေရသည်။

အဘယ်ကြောင့်ဆိုသော် သူတို့မိသားစု ဂျီခြံထဲသို့ ပြောင်းလာသည့်နှစ်မှာပင် မိုးကျသည်နှင့် ထူးထူးဆန်းဆန်းတွေ ဖြစ်နေခြင်းကို ကြုံရသည်။ လက္ခယ်ညသို့ ရောက်လေတိုင်း လူခြေတိတ်ပြီဆိုလျှင် ကျွဲဘို့ဇင် (ကျွဲသိုးအကြီးစား) ကြီးတစ်ကောင် တစ်ခြံလုံး လျှောက်သွားနေသည့် ခြေသံတွေကို အတိုင်းသား ကြားနေရသည်။ လက်နိပ်ဓာတ်မီးနှင့် ထိုးကြည့်သော်လည်း ဘာကောင်ကိုမှ မတွေ့ရပါ။ သို့သော် မီးထိုးလိုက်သည်နှင့် လုံးဝ အသံတိတ်ပြီး ငြိမ်သွားပါတော့သည်။

ဤကဲ့သို့ အသံတိတ်သွားပြီး များမကြာမီ တစ်နာရီ တစ်နာရီခွဲခန့်တွင် ပြန်ပေါ်လာတတ်ပြန်ပါသည်။ တစ်ကြိမ်နှင့် တစ်ကြိမ် အသံတွေ မတူပါ။ တစ်မျိုးစီ ဖြစ်နေတတ်ပါသည်။ တစ်ခါတလေ ချုံတွေကို ဦးချိုနှင့် ခတ်နေသော အသံမျိုးတွေလည်း ကြားရသည်။ မြေကြီးကို ကျွဲခွာနှင့် ယက်နေသောအသံတွေလည်း ကြားရသည်။ ကျွဲတစ်ကောင်နှင့် တစ်ကောင် လိုက်ခတ်နေသော အသံမျိုးတွေလည်း ကြားရသည်။

ကိုခင်မောင်ဝင်းသည် လက္ခယ်ညရောက်တိုင်း သတိအနေအထားနှင့် စောင့်ကြည့်တိုင်းလည်း ထိုနည်းပင် ဖြစ်နေသည်ကို စဉ်းစားနေမိသည်။ သို့သော် အဖြေတိတိကျကျ ရယ်လို့တော့ မရသေးပေ။ ရိုးရိုးသားသားမဟုတ်သည်ကတော့ သေချာသည်။

သည်ညသည် လက္ခယ်ညဖြစ်သည်။ ကိုခင်မောင်ဝင်း သတိထား၍နေသည်။ ညသည် တဖြည်းဖြည်းနက်လာပါသည်။ ကိုခင်မောင်ဝင်းသည် သည်ည ဘာဖြစ်လာဦးမှာလဲဟု စောင့်ကြည့် နားထောင်နေရင်းမှ နေ့ခင်းကလည်း အလုပ်ပင်ပန်းသောကြောင့် မေးခနဲ အိပ်ပျော်သွားသည်။

သူ၏ အိပ်မက်ထဲ ဦးခေါင်းတစ်လုံးတွင် ဦးချိုရုစ်ချောင်းပါသော ကျွဲပေါက်ကြီးတစ်ကောင်သည် သူ့အား လိုက်ခတ်နေသဖြင့် ကြောက်အားလန့်အား အသားကုန်ပြေးနေရသည်။ တအားမောနေပြီး ပစ်လဲမတတ်ဖြစ်နေသည်။ သူလည်း ပြေးမိပြေးရာ စွတ်ပြေးနေသည်။ သူ၏ ခြေထောက်များသည် တုံ့ဆိုင်းလာသည်။ သူ သိပ်ကြာကြာ မပြေးနိုင်တော့မည်ကို သိသည်။ လဲရင် ကျွဲချိုနှင့် ခတ်မှာ သေချာသည်။ ကျွဲခတ်လျှင် သေမည်ကို ကြောက်သောကြောင့် မချိမဆံ့ပြေးနေရသည်။ သို့သော် သူ့ခြေလှမ်းတွေ လေးလာပြီး လဲတော့မည့်ဆဲဆဲတွင် ဘုန်းတော်ကြီးတစ်ပါးသည် ကောင်းကင်ပေါ်က ဆင်းလာပြီး ကျွဲကြီးနှင့် သူ၏အကြားတွင် ရပ်တော်မူပြီး လက်နှင့် ကာလိုက်ရာ ကျွဲကြီးသည် တစ်ချီးတည်း လုံ့လဲပြေးသွားပါတော့သည်။

ကိုခင်မောင်ဝင်း နိုးလာသောအခါ တကယ်ပင် မောနေပါသည်။ သူ့ကိုယ်မှာလည်း ခွေးများ စိုရွှဲနေပါတော့သည်။ သူ၏ နားထဲသို့ တိုးဝင်လာသော အသံများမှာလည်း ခြံထဲမှ သူ ကြားဖူးနေသော အသံများပင် ဖြစ်ပါသည်။ ကြောက်စရာကောင်းသော အိပ်မက်များ မက်နေခြင်းမှာလည်း ထို အသံများကို နားထဲမှာ ကြား၍ မက်သော အိပ်မက်ပင် ဖြစ်သည်ကို ကိုခင်မောင်ဝင်း သဘောပေါက်သွားသော ကြောင့် ကြောက်စိတ်များ ပြယ်သွားတော့သည်။

အနီးတွင် အဆင်သင့်ထားသော လက်နိပ်ဓာတ်မီးနှင့် တုတ်ကို ကိုင်၍ ခြံထဲသို့ ပြေးဆင်းပြီး အသံလာရာဘက် ဆီသို့ မီးထိုးပြီး ရှာပါတော့သည်။ ကြားနေသော အသံများသည် လုံးဝ ပျောက်သွားပါသည်။ ထူးဆန်းသည်မှာ အသံများသည် ဘယ်နေရာကိုမှ မရွှေ့ဘဲ ပျောက်သွားခြင်း ဖြစ်ပါသည်။

ဤသို့ဖြစ်သော အဖြစ်များသည် တစ်ည၊ နှစ်ည မဟုတ်ပါ။ တစ်ပိုးတွင်းလုံး လက္ခယ်ညတိုင်း ဖြစ်သော အဖြစ်များ ဖြစ်ပါသည်။

မိုးကုန်၍ ဆောင်းတက်လာသောအခါ အလိုလို ပျောက်သွားပါတော့သည်။ ကိုခင်မောင်ဝင်းလည်း မိုးတွင်းက ဖြစ်ခဲ့သော အဖြစ်ဆန်းများကို မည်သူ့ကိုမျှ မပြောဘဲ နေလိုက်သည်။ ပြောလိုက်လျှင် တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ပြဿနာကြီးသွားကာ မလိုအပ်သော ဆိုးကျိုးများ ဖြစ်လာမည်စိုးသောကြောင့်ဖြစ်သည်။

သည်လိုနှင့် မေ့မေ့လျော့လျော့ဖြစ်သွားကာ တစ်ဆောင်း၊ တစ်နွေကုန်၍ မိုးပြန်ကျလာပြန်ပါသည်။ အမှတ်တရရှိနေသည်ကတော့ မိုးဖြိုင်ဖြိုင်ကျပြီဖြစ်သော နယုန်လ၏ လက္ခယ်ညတွင် ဇာတ်လမ်းက ပြန်စလာပါတော့သည်။

ခါတိုင်းကဲ့သို့ပင် လူခြေတိတ်ချိန်ရောက်သည်နှင့် အသံများကို ကြားရပြန်ပါသည်။ ရုတ်တရက်မို့ ကိုခင်မောင်ဝင်း သည်းထိတ်သွားပါသည်။ သတိလက်လွတ်ဖြစ်သွားပြီး တွေဝေသွားကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပါသည်။ ခဏကြာမှ သတိရပြီး ဘုရားစင်ပေါ်တွင် ရှိနေသော လက်နိပ်ဓာတ်မီးကို ပယူပြီး အသံကြားရာဘက်ဆီသို့ မှန်းပြီး မီးထိုးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါမှာတော့ တစ်မျိုးပြောင်းသွားသည်။ ခါတိုင်းလို နေရာတွင် ဘယ်မှမရွေ့တဲ့ အသံပျောက်သွားခြင်းမျိုး မဟုတ်ပါ။ လာလမ်းကို ပြန်လှည့်သွားသော အသံများကို ကြားပြီး ခြင်၏ အနောက်စည်းရိုးအရောက်လောက်တွင် ပျောက်သွားပါသည်။

ကိုခင်မောင်ဝင်းသည် နောက်ထပ် လာလိမ့်ဦးမည် အထင်နှင့် ထိုင်စောင့်နေသော်လည်း မိုးလင်းသည်အထိ မလာတော့ပါ။ သို့သော် နောက် လကွယ်ညတိုင်း လာမြဲ တိုင်း လာပါသည်။

သည်လိုနှင့်ပင် ချောက်ချားဖွယ် လကွယ်ညများကို တစ်မိုးတွင်းလုံး ရင်ဆိုင်ရင်း ကျော်ဖြတ်ခဲ့ရပြန်ပါသည်။

ဆောင်းဝင်လာသည်နှင့် သူ့အလိုလို ပျောက်သွားပြန်ပါသည်။ သည်အခါမှာတော့ ကိုခင်မောင်ဝင်းတစ်ယောက် ပေါ့ပေါ့မတွေးတော့ပါ။ အဘယ်ကြောင့်ဆိုသော် သည်အဖြစ်သည် အပသဝစ္စမဟုတ်သည်မှာ သေချာလှသည်ကို နားလည်သွားသောကြောင့်ပင် ဖြစ်သည်။

သူသည် မဆင်မခြင် ကြောက်တတ်သူမဟုတ်သော်လည်း ဝိုးရိမ်လာသည်မှာတော့ အမှန်ပင် ဖြစ်သည်။ နှစ်မိုးခံလိုက်ရသောကြောင့် ရေရေလည်လည် သဘောပေါက်သွားသည်။ တစ်ခုခုတော့လုပ်မှ ရတော့မည်ကို သူ သိသည်။ ဘာလုပ်ရမည်ကိုတော့ မသိသေးပါ။

ကိုခင်မောင်ဝင်းသည် နလပိန်းတုံးတော့ မဟုတ်ပါ။ ဉာဏ်ရည်ဉာဏ်သွေးရှိသည်။ ဗဟုသုတရှိသည်။ အနီးဆုံး မှန်ကန်အောင် စဉ်းစားနိုင်သည်။ သူ နားမလည်သော အကြောင်းတို့ကို နားလည်သောသူတွေကို ချဉ်းကပ် မေးမြန်းပြီး အကြဉာဏ်တောင်းတတ်သည်။ စေ့စပ် သေချာမှု ရှိသည်။

◈◈◈

တစ်နေ့ ကိုခင်မောင်ဝင်းသည် သူ၏ ဘကြီးရှိသော ဖျာပုံမြို့သို့ ရောက်လာသည်။ ဘကြီးလုပ်သူထံတွင် အကျိုး အကြောင်းပြောပြ၍ အကြံတောင်းလေသည်။ ဘကြီးလုပ်သူက စဉ်းစားပြီး ချင့်ချိန်၍ ပြောလေသည်။

"ခင်မောင်ဝင်း···မင်းတို့ရွာမှာ ပဒ္ဓာန်းပွဲလုပ်သလား"

"လုပ်တယ် ဘကြီး။ သင်္ကြန်တွင်းမှာ ခုနစ်ရက် ပဒ္ဓာန်ရွက်တယ်"

"အဲဒီ ပဒ္ဓာန်းပွဲကျရင် ဆန်တစ်ပြည်ရယ်၊ လောက်စလုံး ငါးလုံးရယ်ကို ယူသွားပြီး ဆန်ကို လင်ဗန်းထဲ ထည့်၊ ဆန်ပေါ်မှာ လောက်ဝလုံးကို တင်၊ ဆန်ဗန်းကို ဘုန်းကြီး

တွေ ပဒ္ဓာန်ရွက်တဲ့ ရေတွာဉ့်တည့်မှာ ချထား၊ ပဒ္ဓာန်းပွဲပြီးမှ ပြန်ယူလာပြီး ဆန်ကို အဝတ်သန့်သန့်နဲ့ ထုပ်ပြီး မြင့်မြင့်မှာ ဆွဲထား။ လောက်စာလုံးကို ဘုရားစင်ပေါ်မှာ တင်ထား၊ မပျောက်စေနဲ့။ တကယ်လို့ မင်းပြောသလို ဒီမိုးမှာ လာတယ် ဆိုရင် အသံကြားတဲ့ဆီကို မှန်းပြီး လောက်လေးငွေကို ပဒ္ဓာန်လောက်စလုံးနဲ့ ထည့်ပြီး ဘုရား၊ တရား၊ သံဃာကို အာရုံပြုပြီး ပစ်ရမယ်။ ထူးခြားသွားလိမ့်မယ်။ နောက်နေ့ မိုးလင်းတာနဲ့ ဆန်ကို ယူပြီး ခြံပတ်လည်ကို ကြဲလိုက်ပါ။ အားလုံး ရှင်းသွားပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဘကြီး၊ ကျွန်တော်လုပ်ပါ့မယ်"

ကိုခင်မောင်ဝင်းသည် သူ့ဘကြီး မှာလိုက်သော အစီအမံများကို တစ်သွေဝေမတိမ်း ကျကျနန စီစဉ်ထားပြီး မိုးတွင်း လကွယ်ညကို စောင့်နေပါတော့သည်။

◈◈◈

သုံးနှစ်မြောက် မိုးတွင်းဖြစ်သော လကွယ်ညတစ်ည ကို ရောက်ခဲ့ပါသည်။ မိုးသည် တစ်နေ့လုံး သဲကြီးမဲကြီး ရွာထား၍ မောသွားသည်လား မပြောတတ်ပေ။ ညရောက်သောအခါ လုံးဝ စဲသွားလေတော့သည်။

တစ်ညလုံး အော်နေကြသော ပုရစ်ကောင်များနှင့် အသံတွေလည်း တစ်ချက်တစ်ချက်သာ ကြားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

လူခြေတိတ်သွားသောကြောင့် ညသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဆိတ်ငြိမ်လှပါသည်။ ချောက်ချားဖွယ် အခြေအနေကြောင့် ကိုခင်မောင်ဝင်း ကျောစိမ့်သွားပြီး ပြန်းခနဲ တစ်ချက်ဖြစ်ကာ ခေါင်းနားပန်းကြီးသွားသဖြင့် အလျင်အမြန် စိတ်ကို ထိန်းလိုက်ရပါသည်။

အချိန်ကား သန်းခေါင်နားသို့ပင် ချဉ်းကပ်ခဲ့ပေပြီ။ ခါတိုင်းဆိုလျှင် ဒီအချိန်လောက်တွင် လာနေကျဖြစ်သည့် အတွက် သတိထားပြီး စောင့်နေမိသည်။ သူ၏ ဘကြီးမာလိုက်သော အစီအမံ အစုံအလင်ကိုလည်း အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ထားပြီးဖြစ်သည်။

ဟော··· သူ မျော်လင့်ထားသည့်အတိုင်း လာချေပြီ။ တစ်ခြေလုံး တဝေါဝေါနှင့် အသံတွေကို ကြားနေရသည်။ ဟုတ်ပြီ၊ သေချာမှ ပစ်မည်။ ဝိုင်အောင် ပစ်မည်။ သူ့လက်ကို သူ ယုံသည်။ လေးငွပစ်လာသည်မှာ ကြာပြီဖြစ်သည်။ သူ ပစ်လိုက်လျှင် လွဲခဲသည်။ မှန်သည်သာ များသည်။

ခြေသံများသည် လောက်လေးငွတစ်ကမ်းသို့ ရောက်လာပါတော့သည်။ ကိုခင်မောင်ဝင်းသည် ပဌာန်းလောက်စာလုံးနှင့် လေးငွကို ချိန်ပြီး အသံကြားရာတည့်တည့်သို့ ပစ်လိုက်ပါတော့သည်။ ဘုရားကိုလည်း အာရုံပြုထားပါသည်။

"ဘုန်း···ဝုန်း···ဝုန်း···ဝုန်း"

"မှန်ပြီကွ"

ကိုခင်မောင်ဝင်း နှုတ်မှ အလိုလိုအော်မိရက်သား ဖြစ်သွားပါတော့သည်။ ဟုတ်ပါသည်။ အိမ်ထရံကို ဝိုးလုံးတုတ်နှင့် တအားလွှဲရိုက်သကဲ့သို့ ကျယ်လောင်သော ဘုန်းဆိုသည့် အသံကြီး ထွက်ပေါ်လာပြီး မရွေးမနှောင်းမှာပင် ကွဲငါးကောင်ခန့် ချောင်းထဲသို့ ခုန်ချသောအသံများနှင့်အတူ ချောင်း၏ တစ်ဖက်ကမ်းသို့ ကူးတက် ပြေးပါတော့သည်။ ထိုအသံများသည် ချောင်း၏ တစ်ဖက်ကမ်း ခပ်လှမ်းလှမ်းတွင် ရှိသော အကယ်ချောင်းဝ သခ္ဘိုင်းကုန်းဘက်ဆီသို့ ဦးတည်ပြေးသည့်အသံများကို အတိုင်းသား ကြားနေရပါသည်။

ကိုခင်မောင်ဝင်းသည် အသံများ လုံးဝ တိတ်သွားပြီး မကြားရတော့မှပင် အိမ်ထဲသို့ ဝင်ခဲ့ပါတော့သည်။ သူ၏ စိတ်ထဲမှာလည်း ကြည်ကြည်လင်လင်နှင့် ပေါ့ပေါ့ပါးပါးဖြစ်သွားသည်ကို ထူးထူးခြားခြား ခံစားလိုက်ရသည်ဟု ယုံကြည်လိုက်မိသည်။

သည်လကွယ်ညမှ နောက်သို့ ပြန်ကြည့်လိုက်သော် သူ တထိတ်ထိတ်နှင့် ကျော်ဖြတ်ခဲ့ရသော ၂နှစ်ကျော်သည့် အချိန်အတွင်း လကွယ်ညများအနက် ဤလကွယ်ညသည် သူ စိတ်ချလက်ချ အိပ်ရေးဝအောင် အိပ်ရသည့်ညပင် ဖြစ်တော့သည်။

သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

ကိုခင်မောင်ဝင်းသည် မိုးလင်းခါနီးတွင် အိပ်မက်မက်နေသည်မှာ သူ၏ တစ်ခြေလုံးတွင် ရှိသော သစ်ပင် ပန်းပင် များအားလုံး ပင်လုံးကျွတ်မျှ ပန်းတွေ ဖူးပွင့်နေကြသည်။ ပွင့်သော ပန်းတိုင်းလည်း အားလုံးနီးပါး မွှေးကြသည်ဟု မြင်မက်လေသည်။ တစ်ခြေလုံးလည်း ဝင်းထိန်သောအရောင်များဖြင့် လင်းနေသည်ကို မြင်မက်လေသည်။

ကိုခင်မောင်ဝင်းသည် အိပ်မက်ထဲတွင် ပျော်ရွှင်ကြည်နူးနေလေသည်။ သူသည် ကောင်းစွာ နိုးလာခဲ့ရပါသည်။

မိုးလင်းသည်နှင့် ပဌာန်းဆန်များကို တစ်ခြေလုံး ကြဲပက်လိုက်လေတော့သည်။ ထိုကဲ့သို့ ပြုလုပ်ပြီးသောအခါမှ စ၍ နောက် လကွယ်ညများတွင် ဘာအသံမှ မကြားရတော့ဘဲ အားလုံး ကင်းရှင်းသွားကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ ပဌာန်းတရားတော်ရဲ့ တန်ခိုးတော်အား အကြွင်းမရှိ ယုံကြည်သွားကြောင်း၊ အကယ်၍များ သူ့ကဲ့သို့ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာဖြစ်ခဲ့သည်ရှိသော် ပဌာန်းဆန်၊ ပဌာန်းသဲ၊ ပဌာန်းလောက်စာလုံးများကို ယုံယုံကြည်ကြည်နှင့် ကိုးကွယ်ဆည်းကပ် ဆောင်ရွက်မည်ဆိုပါက အမှန်ပင် ဘေးရန်အန္တရာယ်တို့ လွှင့်စဉ် ကင်းပျောက်သည်ဖြစ်ကြောင်းကို ဒေးဒရဲပြီနယ်၊ အကယ်ချောင်းဝကျေးရွာတွင် နေထိုင်သော ကိုခင်မောင်ဝင်းမှ သူ၏ ကိုယ်တွေ့ ဖြစ်ရပ်ဆန်းကို စာရေးသူအား ပြောပြခဲ့ခြင်းအပေါ် အရင်းအတိုင်း ရေးသားတင်ပြလိုက်ရပါသည်။

* * *

နွဲ့ဦးမွန်(ကျုံခါး)

www.burmeseclassic.com

www.burmeseclassic.com

လွမ်းသျှင်နော်
(မဟာသာဂ)

ဝမ်းစရိကနှင့်
ကကြီးထိကသုနာဇကြောင်း

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဦး၏ နှုတ်ပါးစပ်သည် သူတစ်ထူးကို ချစ်စေလိုကလည်း ချစ်စေနိုင်၏။ မုန်းစေလိုကလည်း မုန်းစေနိုင်၏။ ထို့အပြင် ထိုနှုတ်ပါးစပ်ဖြင့်ပင် မိမိကိုယ်ကို ခုတ်သတ်သလိုဖြစ်နေသည့် သာဓကများလည်း ရှိ၏။ ဘုရားရှင် လက်ထက်တော်အခါက ဝစီစရိုက်ဖြင့် ကံကြီးထိုက်ခဲ့သူ တစ်ဦး၏အကြောင်းကို ဗဟုသုတအဖြစ် တင်ပြပါမည်။

ဂေါတမဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်သည်။ လက်ဝဲရံ၊ လက်ျာရံဟု ထင်ရှားသော အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးနှစ်ပါးကို ပြစ်မှားခဲ့သူတစ်ဦး၏ အကြောင်းဖြစ်ပါသည်။

◈◈◈

မဟာ သာဝကကြီးနှစ်ပါးသည် နောက်ပါ သံဃာတော်များနှင့် အတူတကွ ဒေသစာရီ ကြွချီ၍ တရားများ လှည့်လည် ဟောကြားရင်း ခရီးနယ်ကျွံနေကြ၏။ ဘုရားရှင်ရှိရာ သာဝတ္ထိသို့ ပါဆိုအမီ ပြန်လာကြသော်လည်း ခရီးတာမှာ ဝေးကွာလှသဖြင့် အချိန်မီ မရောက်နိုင်ရှိလေ၏။ ထို့ကြောင့် ကောကာလိကတိုင်း၊ ကောကာလိကမြို့တွင် ပါဆိုဝါကပ်ရတော့မည်ဖြစ်သည်။ ကိုယ်တော်ကြီးနှစ်ပါး ပါဆိုဝါကပ်ရမည့် ကျောင်း၏ ကျောင်းထိုင်ပုဂ္ဂိုလ်မှာ "အရှင်ကောကာလိက" ဟု အမည်ရှိလေ၏။

သည်လိုနှင့် အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာ အဂ္ဂမဟာ သာဝကကြီးနှစ်ပါးသည် ကျောင်းထိုင် ပုဂ္ဂိုလ်ထံ ခွင့်ပန်၍ နောက်လိုက် သံဃာတော်များနှင့် အတူတကွ ဝါဆိုတော်မူကြရ၏။ သီတင်းဝါလကျွတ်သို့ ရောက်သောအခါ "ငါတို့ ပြန်ကြတော့မည်"ဟု အရှင်ကောကာလိကထံ ပန်ကြား၏။ ထိုအခါ အရှင်ကောကာလိကမှ···

"အရှင်ဘုရားတို့ တစ်ရက်တာမျှ ဆိုင်းငံ့တော်မူပါဦး ဘုရား"

ဟု လျှောက်ထားကာ မြို့တွင်းသို့ ကြွ၍ လူတို့အား လှုံ့ဆော်ခြင်းကို ပြုလေ၏။

"ဒကာတို့···အကျော်ဇောဖြစ်တော်မူသော အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးနှစ်ပါးသည် ရဟန်းသံဃာတော်များနှင့် အတူတကွ ငါ၏ ကျောင်း၌ ဝါဆိုဝါကပ်တော်မူကြ၏။ ဤသို့သော ပုဂ္ဂိုလ်ကြီးများကို လူဒါန်းရန် ကြံကြိုက်ခဲလှ၏။ ကြံတုန်းကြိုက် လူဒါန်းကြလော့"

ဤသို့ အရှင်ကောကာလိက၏ တိုက်တွန်း နှိုးဆော်မှုကြောင့် ကောကာလိကမြို့သူမြို့သားတို့လည်း ဝမ်းမြောက်ဝမ်းသာဖြင့် ရုတ်ခြည်း စည်းဝေးတိုင်ပင်ကြပြီး ထောပတ်၊ တင်လဲ စသော လူ့ဖွယ်တန်းဖွယ် အသွယ်သွယ်တို့ကို တွင်ကို စီရင်ကြလေ၏။ ထိုအခါ၌ အရာဝတ္ထု သီးမျိုးစုံ ပဒေသာတို့သည် မကြုံစဘူး ထူးထူးခြားခြား ပေါက်လာကြလေကုန်၏။

ကျောင်းထိုင် အရှင်ကောကာလိကမှာ ပဒေသာပင်တို့ကို မြင်တွေ့လာရသောအခါ စိတ်သန္တာန်၌ လောဘဇောကပ်၍ တပ်မက်ခြင်းတို့ ဖြစ်လာလေ၏။

"ဤပုဂ္ဂိုလ်ကြီးတို့ကား အလိုနည်းပါးကြကုန်၏။ ငါ၏ စီမံဆောင်ရွက်ကြောင့် ဖြစ်ပေါ်လာသော ဤလူ့ဖွယ်တန်းဖွယ်တို့ကို သာယာကြမည် မဟုတ်။ အလှူခံမည် မဟုတ်။ ကျောင်းထိုင်ဖြစ်သော ငါ့အားသာ လူဒါန်းကြလော့ဟု ညွှန်ကြားကြလိမ့်မည်"

ထိုသို့တွေးတောကာ လောဘဇောကပ် အကြံဖြစ်ပေါ်နေလေတော့၏။

မြို့သူမြို့သားတို့က ထိုလူ့ဖွယ် ဝတ္ထုတို့ကို မဟာသာဝကကြီးနှစ်ပါး အမှူးပြုသော သံဃာတော်တို့အား လူဒါန်းကြလေသောအခါ မဟာသာဝကကြီးနှစ်ပါးက···

"ဤပစ္စည်းတို့သည် ငါတို့အား လည်းကောင်း၊ ကျောင်းထိုင် အရှင်ကောကာလိကအား လည်းကောင်း မအပ်စပ်ကုန်။ အလှူမခံထိုက်"

ဟု အလှူမခံလေဘဲ သာဝတ္ထိသို့ ပြန်ကြွကြလေသည်။

အရှင်ကောကာလိကမှာ ပဒေသာပင်တို့ကို ကြည့်၍ စိတ်မသက်မသာဖြင့် ကျန်ရစ်ခဲ့ရလေ၏။ သူစိတ်တွင်···

"ဘယ်လို ကိုယ်တော်တွေလဲ။ လူ့ဖွယ်ပစ္စည်းတို့ကို ကိုယ်တိုင်လည်း အလှူခံမသွား၊ သူ့အားလည်း ပေးမသွားရကောင်းလားဟု အခံမကြေဖြစ်ကာ အငြိုးသိုဝှက်လာခဲ့လေတော့သည်။

◈◈◈

တစ်နေ့ မဟာသာဝကကြီးနှစ်ပါးနှင့် သံဃာတော်များသည် နောက်တစ်ကြိမ် ကောကာလိကကျောင်းသို့ ရောက်လာကြလေ၏။ မြို့သူမြို့သားတို့လည်း မိမိတို့ သဒ္ဓါတရား အလျောက် လူဒါန်းခြင်းအမှုကို ပြုကြလေရာ မဟာသာဝက ကိုယ်တော်မြတ်ကြီးနှစ်ပါးတို့သည် ဤအခါ၌ကား အလှူခံတော်မူကြလေသည်။

ထိုဖြစ်ရပ်က ကျောင်းထိုင်ပုဂ္ဂိုလ် အရှင်ကောကာလိက

www.burmeseclassic.com

www.burmeseclassic.com

ဇာ၏ အငြိုးတို့ကို နိုးဆွပေးသလိုဖြစ်နေတော့သည်။ နောက်ဆုံး၌ သာဝကကြီးနှစ်ပါးထဲ ချဉ်းကပ်ကာ သူ၏ ရင်ထဲက သိုဝှက်ထားသော အငြိုးတို့ဖြင့် စွပ်စွဲခြင်းအမှုကို ပြုလေတော့၏။

"ငါ့ရှင်တို့... သင်တို့ကား ဟိတုန်းက အလိုနည်းသယောင်နှင့် လှုဖွယ်ပစ္စည်းတို့ကို ရှောင်သွားခဲ့ပြီးမှ ယခုတစ်ဖန် အလှူခံရအောင် ပြန်လာကြကုန်၏။ သင်တို့ကား အလိုရမ္မက်ကြီးသော ဘိက္ခုကြီးများပါတကား"

"သူစိတ်တွင် ရင်တွင်းက လောဘကို အခြေခံ၍ ဖြစ်ပေါ်လာရသည့် ဝန်တိုမှုမီးက ထိုမျှနှင့်ပင် မရပ်နိုင်။ စိတ်တွင် နလုံးကြီးပေါက်လေသည့်အလား၊ သာဝတ္ထိပြို့သို့ပင် သွားကာ ဘုရားရှင်အား လျှောက်ထား တိုင်ကြားလေ၏။

"အရှင်ဘုရား...သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် ရဟန်းတန်မဲ့ အလိုဆိုးရွဲကြပါသည်။ အလိုဆိုးနောက်သို့ တကောက်ကျောက်လိုက်နေကြပါသည် ဘုရား"

ဘုရားရှင်က သူ၏ အနာဂတ်ကို မြင်တော်မူသဖြင့်-

"ကောကာလိက... သင် ဤသို့ မဆိုသင့်။ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် သင် ထင်မြင်သလို မဟုတ်ကြ။ သိလကို အလွန်မြတ်နိုးကြ၏။ သူတို့အပေါ် သင့်စိတ်ကို ကြည်ကြည်လင်လင်ထားလော့။ စိတ်ကောင်းကို မွေးလော့"

ဟု တားမြစ်တော်မူ၏။

ကောကာလိကကား ဘုရားရှင် တားမြစ်နေသည့် ကြားမှပင် မဟာသာဝကကြီးနှစ်ပါးအပေါ် အကျိုးအခဲ မကျေနိုင်ဘဲ သုံးကြိမ်တိုင်တိုင် စွပ်စွဲပုတ်ခတ်လျက် တိုင်ကြားနေတော့သည်။ ဘုရားရှင်က သုံးကြိမ်တိုင် ဟန့်တားတော်မူသောအခါမှ မကျေမချမ်းဖြင့် ဘုရားရှင်ရှေ့မှောက်မှ ထ၍ ပြန်လေတော့၏။

သို့နှင့် သာဝကကြီးများအပေါ် ကျူးလွန်ခဲ့သည့် သူ၏ ဝစီကံတရားက ဇေတဝန်ကျောင်းအပြင်ဘက်သို့ မရောက်မီမှာပင် ဒုက္ခကောင်းကောင်းပေးလာတော့သည်။

မုန်ညှင်းစေ့ခန်း၊ ပဲစေ့ခန်း၊ ဆီးသီးခန်း၊ ဖန်းခါးသီးခန်း အဖုအပိန့်တို့သည် သူ၏ တစ်ကိုယ်လုံးတွင် အပ်ချစရာမရှိအောင် ပေါက်လာကြလေသည်။ ထိုအဖုအပိန့်တို့မှ သွေးပြည်တို့သည် တစ်စက်စက်ထွက်လာကြပြီး ကျောင်းပရဝုဏ် တံခါးဝတွင် လဲကျကာ ဝေဒနာတို့ကို ပြင်းစွာ ခံစားနေရတော့သည်။ အချိန်ကလည်း နေမှ ညသို့ ကူးလာခဲ့၏။ ထိုခဏ၌ အရောင်အဝါတစ်မျိုး ပြာလက်လာပြီး သူ့အနီးသို့ "တုရူ" မည်သော ဗြဟ္မာကြီးတစ်ပါး ရောက်လာလေသည်။

ထိုဗြဟ္မာကြီးမှာ တစ်ချိန်က အရှင်ကောကာလိက၏ ဥပဇ္ဈာယ်ဆရာဖြစ်ခဲ့ဖူးသော မထေရ်ကြီးပင် ဖြစ်သည်။ တပည့်ဖြစ်သူ၏ ဖြစ်ရပ်ကို ရင်သပ်ရှုမော သနားကရုဏာရှိလှသဖြင့် သတိပေး ဆုံးမရန် ရောက်လာခြင်းဖြစ်သည်။

"ကောကာလိက... သင်၏ စိတ်ကို သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့အပေါ်တွင် ဖြူဖြူစင်စင်ထားပါ။ စိတ်ကောင်းမွေးပါ။ သူတို့သည် သင် ထင်သလို မဟုတ်။ သီလကို မြတ်နိုးသော သူတော်စင်များ ဖြစ်ကြသည်"

ဟု ဆုံးမလေ၏။

ကောကာလိကမှာ စကားသံကို ကြားသောအခါ မျက်စိကို ဖွင့်လျက်...

"အသင်...မည်သူနည်း"

ဟု မေး၏။ ဗြဟ္မာကြီးက...

"ကောကာလိက... ငါသည် တုရူမည်သော သင်၏ ဆရာဖြစ်သည်။ သင်၏ ပျက်စီးမှုကို မရှုနိုင်၍ လာရောက်ခြင်းဖြစ်သည်။ ကိုယ်တော်မြတ်ကြီးနှစ်ပါးအပေါ် စိတ်ကောင်းထားပါ"

ကောကာလိကမှာ ဝေဒနာများကြားမှ သာဝကကြီးနှစ်ပါးအပေါ် မကျေမချမ်းစိတ်ကို မထိန်းနိုင်ပြန်ဘဲ ဆရာကိုပင် နှုတ်လှန်ထိုး စော်ကားလေ၏။

"ဗြဟ္မာ...သင့်ကို ဘုရားရှင်က အနာဂါမ်ဟု မြွက်ကြားမူး၏။ သို့ပါလျက် ဘာကြောင့် ငါ့ထံ လာရသနည်း။ ကိုယ့်အပြစ်ကို မမြင်ဘဲ ငါ့ကို အပြစ်လာပြောရသလော"

ဟု ဆိုလေ၏။

ဗြဟ္မာကြီးမှာ တပည့်ဖြစ်သူ၏ မိုက်မဲမှုကို ကြည့်ရင်း ဆုံးမ၍မရနိုင်သည့်အဆုံးတွင် ပြန်သွားရလေတော့သည်။

ကောကာလိကမှာ ထိုညမှာပင် ဇေတဝန်ကျောင်းတံခါးဝ၌ ဝေဒနာများကို ပြင်းစွာ ခံစားရင်း ကွယ်လွန်ရလေ၏။ မဟာသာဝကကြီးနှစ်ပါးအပေါ် ပြစ်မှား စွပ်စွဲခဲ့သော သူ၏ အပြစ်ကံကြောင့် "ပဒုမ" မည်သော ငရဲအိုးတွင် ချိုးကပ်အောင် ဂျုံခံရလေတော့၏။

သူတော်ကောင်း ပုဂ္ဂိုလ်တို့အား မဟုတ်မဟတ် စွပ်စွဲပြစ်မှားမိခြင်းက အပြစ်ကြီးလေးလှပေသည်။

* * *

လွမ်းသူငှက်ခနာဝင်(မဟာသာဓွာ)

ကိုးကား

- ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့သော မေးခွန်းပြဿနာများ၊ ပေါင်းချုပ်(ဒဂုန် ဦးစန်းငွေ)။

www.burmeseclassic.com

www.burmeseclassic.com

ကေသီပန်

တိုင်းရင်းဆေးဝါး
ထုတ်လုပ်ရေး

ကေသီပန်
မြတ်သုခ
အမှတ်တံဆိပ်
အဆီကျဆေး

ပိန်ဆေး
ပယ်တ်ပါ

TMR 008397(0314)

အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဝိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူပြိုးနေသော ကိုယ်ခန္ဓာကို အဆီကျ ကျစ်လျစ်လှပ သွားစေရမည်။

- ကေသီပန်သွေးပုပ်ချဆေး
- ကေသီပန်ဝမ်းပျော့အကြောပြေဆေး
- ကေသီပန်ဆေးပရုတ်ဆီ
- မင်းသုခ ခေါင်းကြည်ရုပ်ပေါ့ဆေး
- ရွှေသွေး သူငယ်နာရင်လူးဆေး
- ထူးရှယ် ဒဏ်ကျေလိမ်းဆေး
- မြတ်သုခ အဆီကျဆေး

မြတ်ချမ်းသာဆေးတိုက်
အမှတ် ၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၅၁၀၃၆၇၊ ၅၁၀၆၁၇

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေရာဘဝဝယ်
သုခ

မင်းခိုင်စွယ်ဇော်



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ်တွင် ပိုးလိုးပက်လက်လန်နေသော လင်သည် ကိုဘိုးဟန်ကို ကြည့်ရင်း စိတ်ပျက်၍ စက်ဆုပ်လာခဲ့သည့်အကြိမ်ပေါင်းမှာ မယားဖြစ်သူ မသန့်အဖို့ မရေမတွက်နိုင်အောင် ရှိလှပြီ။

မုန်းသည်...မုန်းသည်၊ သို့သော် ပစ်နိုင်လောက်အောင်၊ ကွာနိုင်လောက်အောင်၊ ထွက်ပြေးနိုင်လောက်အောင် မုန်း၍တော့ မရ။

မုန်းမယ့် မုန်းလျှင် သို့ကလို အထိ မုန်း၍မရနိုင်သည့်အတွက် ဂုဏ်ယ်ကိုယ်ကို ဒေါသထွက်မိပြန်သည်။ သူ့ကို ငါ ဘာမက်စရာရှိလဲ။ နေရေထိုင်ရေး၊ စားရေး ခါးရေး၊ ဒါတွေကို အပထား၊ နေ့တိုင်း နေ့တိုင်း စိတ်ချမ်းသာလား။ နည်းနည်းလေးမှ စိတ်မချမ်းသာ။ ဒါနဲ့ ဘာကို မက်၍ အရက်သမားကို လင်ပြုနေရပါလိမ့်။

အဲဒါကျတော့ မိန်းမ။ မသန့်မှာ မိန်းမဖြစ်နေ၍သာ ကျိတ်မိုတ်ပိန်လိန်၍ သူဘဝ၏ အညစ်အကြေးကို မျက်ရည်နှင့် ဆေးဆေးနေမိတော့သည်။

မသန့်သည် သူလင်၏ မျက်နှာကို စေ့စေ့စပ်စပ် ငဲ့ကြည့်နေသည်။ ခုတင်တစ်ခုလုံးကို လေးဘက် လေးတန် ကား၍ ပစ်ဝလက်ခတ် အိပ်မောကျနေသည်။ ခွီး...ခွီး...ဟူသော ဟောက်သံသည် ကြမ်းတမ်းခက်ထန်သော သူမျက်နှာနှင့် လိုက်အောင် မနှစ်မြို့စရာဖြစ်သည်။ ခက်ထန်သော မျက်နှာထားမှာ အိပ်မောကျနေပြီဖြစ်၍ ပြေသင့်သလောက် ပြေနေစေကာမူ မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်တော့သော သူ၏ ပါးစုံ၊ သူ၏ နှာတံ၊ သူ၏ နှုတ်ခမ်း ကြီးကြီးမားမား သူ၏ မျက်ခွံတို့မှာ ညြာဇာသီးများလို အဖုအပိန့်တွေ ထနေပေသည်။ အရက်တွေ အရောင်တက်သလိုပင် ပြောင်လက်နေသည်။ အရက်ခွေးပြန်သလို စေးထန်း နံစော်သော ပေါင်းအိုးက ခွေးတွေကဲ့သို့ စွတ်စိုနေသည်။ ဒီကြားထဲတွင် ပါးစောင်းမှ အာရေတို့သည် သူ ဖြစ်ကတတ်ဆန်း ပရမ်းပတာ ဆွဲအုံးထားသော ခေါင်းအုံးပေါ်မှာ တတွေတွေကျဆင်းနေသေးသည်။

မြင်ရသူအဖို့ ဣန္ဒိယ၊ ဣန္ဒိပုံ အနိဋ္ဌာရုံတွေ မြင်တွေ့နေရလင့်ကစား အရက်သမားဖြစ်သော သူ့အဖို့မှာတော့ ဣဋ္ဌာရုံချည်းသာ အိပ်မက် မက်ချင် မက်နေပေသည်။

မသန့်သည် မရှုနိုင် မကယ်နိုင် ဖြစ်နေသော ရင်ထဲက အလုံးကို ဖုန်ဖုန်း ကျအောင် သက်မနှင့် ရောချချလိုက်ရသည်။ ချ၍မှ ကျတော့မည်ကြံကာ ရှိသေးသည်။ မခင်မြ အစရှိသော ခုတင်ခြေရင်းက သားသမီးသုံးယောက် လူးကြလိမ့်ကြသံကြောင့် သူတို့ထံ အာရုံရောက်သွားရပြန်သည်။

အကြီးဆုံးသမီး မခင်မြအသက် ၁၃နှစ်။ မသန့်သည် ကလေးတွေ၏ မျက်နှာကို အဝေးက လှည့်ကြည့်လိုက်ရုံနှင့် အပြစ်ကင်းမဲ့စွာ ကြောင့်ကြပူပင်မှု မရှိ၊ နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်နေကြသည့် မျက်နှာထားကို မြင်လိုက်ရပါသည်။ ကလေးတွေ အကုသိုလ်ကင်းစင်သလို၊ သူတို့အဖေ ကင်းစင်နေပါလျှင် ဘယ်လောက်ဆင်းရဲ ဆင်းရဲ ဆင်းရဲပါစေ၊ ကျေနပ်နိုင်ပါသေးသည်။ ယခုကား သူကိုယ်တိုင် မကင်းသည် မဟုတ်၊ ယနေ့လား၊ မနက်ဖြန်လား အပျိုသွေးဝင်တော့မည့် သမီးကလေးကို လူကြမ်း လူသရမ်း၊ ကြောကြမ်း ဟောရမ်းသူတို့၏ သားရဲတွင်းဖြစ်သည့် အရက်ဆိုင်သို့ အရက်ပုလင်းအဝယ် လွှတ်တတ်ပါသေးသည်။ သူ့အဖို့တော့ "ခိုင်းလာတာပဲ သုံးလေးနှစ်ရှိမှကွာ" ဟူ၍ မထူးဆန်းသော ဘဝကို အကြောင်းပြတတ်သည်။ ဣန္ဒိသို့ ပြသလို၊ အရက်ကိုသာ ရမည်ဆိုက မယားကိုပါ ခိုင်းချင် ခိုင်းပါလိမ့်မည်။

အရက်သည်သာ သူ့အတွက် အရေးအကြီးဆုံး။ အရက်သည်သာ သူ၏ မွေ့လျော်ရာ အရည်ယမကာ။ အရက်သည်သာ သူ အတပ်မက်ဆုံး၊ အနှစ်သက်ဆုံး။ အရက်သည်သာ သူ၏ အာဘဝမုဇ္ဇ။

ဒေါင်ခနဲနေအောင် တီးလိုက်သော သံချောင်းသံကြောင့် တစ်နာရီထိုးပြီဖြစ်ကြောင်း မသန့် သိလိုက်ရသည်။ ညတိုင်းဆိုလျှင် မသန့်ပါ စိတ်ညစ်ညစ်နှင့် အိပ်ပျော်ခဲ့သည်။ ယနေ့ညတော့ အိပ်၍မပျော်။ လုံးဝ အိပ်ချင်စိတ်မရှိတော့သလို၊ မျက်လုံးတွေ ကြောင်နေသည်။ ဣန္ဒိလို မအိပ်ချင်ခြင်းက မသန့်အား တောင်တွေး မြောက်တွေးနှင့် စိတ်ညစ်ဆေးဖော်တော့မည်။ ဒါကို သိ၍ ဇွတ်အိပ်ကြည့်သည်။ ပရမ်းပတာ ကြမ်းတမ်းစွာ လှုပ်ရှားသော ကိုဘိုးဟန်၏ ခြေနှင့် လက်တို့က မသန့်၏ ပါးကို လာရိုက်သည်။ မသန့်၏ ခါးကို လာ၍ကန်သည်။

ထိုအခါ "အင်း...အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ" ဆိုတာ ဒါတွေကို ပြောတာများလားဟု စဉ်းစားလိုက်မိသည့် အစကလေးက သံသရာအမျှင်တန်း၊ မဆုံးခန်းသော တွေးတောမှုတွေ ဖြစ်ပေါ်နေတော့သည်။

◈◈◈

"မသန့်...မင့်ကို ကျုပ်မေတ္တာ ရှိနေတာ"

www.burmeseclassic.com

www.burmeseclassic.com

"အို...ကိုဘိုးဟန်၊ ရှင် အရက်တွေ သောက်လာပြီး ဘယ်နှယ်စကားတွေ..."

"ဟဲဟဲ...ဟုတ်တယ်၊ ကျုပ် အရက်တွေ သောက်လာတယ်။ ဒါကြိုက်လို့ သောက်တာ မဟုတ်ဘူး။ မင့်ကို မပြောရဲလို့ ရဲဆေးတင်လာရတာ သိလား...သိလား"

မညားခင်က တစ်ဖွတ်ထိုး ပြောလိုက်ပုံကလေးမှာ အဲဒီတုန်းက မသန့်အဖို့ အတော်ဝမ်းသာသွားမိသည်။ အတော်သွေးကြီးမိသည်။

ငါ့ကို ကြိုက်ပါတယ် ဆိုတာလေးတောင် မပြောဝံ့လို့ အရက်သောက်လာရသတဲ့။ ငါ့ကို အတော်ကြောက်နေပါလား။ လေးစားလွန်းလုပါကလား။ သူ မကြိုက်ဘဲနဲ့တောင် ငွတ်မိတ်မျိုလာရ ဆိုပါလားဟု ကိုယ့်ဘက် ကိုယ်ယက်တွေးပြီး အတော်ကလေး ဘဝင်မြင့်ခဲ့မိသည်။ စင်စစ်မှာလည်း ကိုဘိုးဟန်မှာ မျိုးသန့်ရိုးသန့် ခေတ်ပညာတတ်။ အလုပ်နှင့် အကိုင်နှင့်။ ကိုယ်လွတ်လက်လွတ်ဖြစ်ခြင်းကြောင့် မသန့်ကိုယ်တိုင်က ငြင်းလိုက်မဟဲ့ဟု မတွေးခဲ့ဘူး။ ဘယ်တော့ စပါ့မလဲဟု အရိပ်အကဲကို စောင့်မျှော်နေစဉ်ဖြစ်ပါသည်။

"ဟင့်အင်း...ကွ၊ ငါကတော့ တားမရဘူး၊ ချစ်မှာပဲ...ချစ်မှာပဲ။ ငွတ်ချစ်မှာပဲ။ အသေဝနာစ ဗာလာန်-မသေချာသမျှ ငါ မပြန်။ ဘာရမလဲ၊ အရက်ကိုးမောင်းတင်လာခဲ့ရတာက အရှုံးခံလို့ - ဟင်း...ဟဲဟဲဟဲ..."

ကြိုက်ကြပြီး၍ နှစ်ယောက်ချင်း ချိန်းတွေ့ပြန်တော့လည်း အရက်ကလေးကို အဖော်လုပ်ကာ အပိုင်စီး၍ နိုင်နည်းကားကြီး နိုင်လိုက်ပြန်သည်။ ထိုစဉ်ကလည်း မသန့်မှာတော့ ဝမ်းသာလွန်း၍ ငိုမိသည်။ အရက်ကြောင့်သာ ဤမျှ ရဲတင်းသည်၊ မြန်ဆန်သည်၊ စိတ်အားထက်သန်သည်။ နိဂုံးချုပ်လိုက်တော့ အရက်ကြောင့်သာ တောင့်တအပ်သော ပန်းတိုင်ကို အမြန်ဆုံး ရောက်ခဲ့ရသည်။ မသန့်သည် ပီတိကြောမှာ မြောချ မောသွားသည်အထိ ဖြစ်ရသည်။

"ကဲ - ကိုဘိုးဟန်၊ ပြန်ပါတော့၊ အမေတို့ နီးကုန်တော့မယ်"

ဟု မသန့်က နွဲ့လျဲလျဲနှင့် နှုတ်ဆက်၍ နင်လွတ်သည်ကိုပင် ကိုဘိုးဟန်ကတော့ ပီးစပ်က ပြုံးပြီးဖြီး ခေါင်းကြီး ယမ်းတမ်းတမ်း အငမ်းမရ တတမ်းတတ၊ တစ်လှမ်းစ ပြန်ပါသေးသည်။

"ဟင့်အင်း...ပြန်ဘူး...ပြန်ဘူး။ ဘယ်သူ ဂရုစိုက်ရမလဲ၊ ငါ့မယားဆိုငါလာတာ။ ချစ်စရာတွေ တစ်ပုံကြီး ရှိသေးတယ်...သိလား၊ တစ်ပုံကြီး ရှိသေးတယ်...ဟီးဟီးဟီး"

ဤကဲ့သို့ မူးတည့် မူးရမ်း၊ ရူးတည့် ရူးနမ်း ဘီလူးဖမ်းသလို ဖမ်းပြန်တော့လည်း မသန့်မှာ ဘာမှမတတ်နိုင်။ ချဉ်တင်တင် စူးဝါးဝါးအနံ့အသက်ကြားမှာ အသက်ရှူမျှားပင် မှားခဲ့ရပါသည်။

"ညော်...ကိုဘိုးဟန်...ကိုဘိုးဟန်"

သူ ပြန်သွားတော့ မသန့်၏ တစ်ကိုယ်လုံးမှာ အရက်နံ့ကလေးတွေ စွဲထင်ကျန်ရစ်ခဲ့သည်။ သူ့ကို အလွန်အမင်း ခပ်ပြင်းပြင်းကလေး ချစ်သွားသည်မှာ အရက်ကလော၊ လူကလော ဟု တွေးတော၍ပင် နေမိသည်။ အစက ချဉ်တူးတူး အော်ကလီဆန်စရာကောင်းသော အနံ့ဟု မသတီခဲ့ပေမယ့် ကိုဘိုးဟန်၏ ဖောင်ဆွဲကို စမြို့ပြန်လိုက်လျှင် ဤအနံ့ကလေးကူမှ တင်းပြည့် ကျုပ်ပြည့် အရသာကို ခံစားနိုင်မှန်း သတိရသည်။

တင့်တင့်တယ်တယ် ညားကြသည့် ပထမညကများဆိုလျှင် ကိုဘိုးဟန်သည် အလုပ်က ပြန်ကတည်းက ပုလင်းကြီးကို ပိုက်၍ ပြန်လာသည်။

"ကိုဘိုးဟန်... ရှင် အရက်သမားဖြစ်တော့မှာလား"

ဟု ဆီး၍ဆူလိုက်သည်။

"ဟားဟားဟား...မင်းနဲ့ ညားရတာ ဝမ်းသာလွန်းလို့ပါ မိန်းမရာ"

"ကြည့်စမ်း၊ သောက်လည်း လာသေးတယ်၊ ပါးစပ်က နံလို့"

"ဟော်...ဟော်...သောက်တာ အဆန်းမှတ်လို့။ သောက်တော့ ဘာဖြစ်တုန်း။ စားကောင်းတယ်၊ သောက်ကောင်းတယ်၊ သွေးသားညှီညှတ်တယ်၊ အားရှိတယ်။ ဒီတော့...ဒီတော့ တို့လင်မယား အားရပါးရတောင် ချစ်နိုင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အို...ကိုဘိုးဟန်..."

"မအိုနဲ့ အစ်မ၊ မင့်အတွက် ငါ သောက်ရတာ သိလား"

"အို...ဘာတွေ လျှောက်ပြော နေတာလဲ၊ နားရွက်ပါတယ်"

"ဟားဟားဟား...တခြားမဟုတ် ပါဘူး၊ ကျန်းကျန်းမာမာနဲ့ လုပ်နိုင် ကိုင်နိုင်မှ စားရေး၊ နေရေး ဟန်ကျပြီး တင့်တင့်တယ်တယ် ထားနိုင်မှာပေါ့၊ ဟုတ်ဘူးလား...ဟုတ်ဘူးလား၊ အဟီး ...ဟီးဟီး...မသန့်လေး ချစ်လိုက်ပါ တဲ့ အာရုံ...ဟုန်...ဟုန်...ဟုတ် ရွှေမြင်းပိုရ်တစ်တောင်လုံး ဟုန်း... ဟုန်း...ဟုန်းကို..."

"ညော်...ဘယ်နယ် အော်ကြီး ဟစ်ကျယ်လုပ်နေရတာတုန်း။ ကျုပ် စိတ်ရှုပ်လာပြီနော်၊ သိလား"

မသန့်မှာ တကယ်ပင် ကသိ ကအောက်ဖြစ်၍ ငိုသံပေါက်လာသည်။ အိမ်နီးပါးချင်းများကို ရှက်၍ စိတ်ညစ် ရသည်။ ဒီလို ငိုလိုက်ပြန်တော့ ကိုဘိုး ဟန်က ပျာပျာသလဲ ချော့သည်။ ခဏ ယဟ် တောင်းပန်သည်။ ချဲ့ချဲ့ပျစ်ပျစ် အောက်ကျိုး အသနားခံသည်။ မသန့် သည် ဣလိုနှင့်သာ ကိုဘိုးဟန်၏ အရူးအမူးချစ်မှုကို သာယာရပြန်သည်။ မှန်ပေ၏။

ကိုဘိုးဟန်မှာတော့ အရက်ကို တစ်ခွက်ပြီး တစ်ခွက်သောက်ရင်း ရူး သလိုလိုနှင့်လည်း ချစ်သည်။ မူး သလိုလိုနှင့်လည်း ချစ်သည်။ ထို့ကြောင့် ပင်လျှင် မသန့်ကိုယ်တိုင် "ငါ့တော့ အချစ်သားပဲ"ဟု ခွင့်လွှတ်လိုက်ရသည်။

◈◈◈

သို့သော် ကာလတာတောင် ကြာမြင့်မီပင် မိမိထက် အရက်ကို ပို၍ချစ်ကြောင်း ဇာတိပြလာတော့ သည်။

တစ်ညတွင် ကိုဘိုးဟန် အလွန် အကျွံနူးလာသည်။ သူ့အပေါင်းအသင်း သောက်ဖော်သောက်ဖက်တစ်ယောက် က တွဲ၍ ထိန်းလာရသည်။ သူ တကယ်မူးလာတော့ တကယ်စိတ် ပျက်စရာကောင်းကြောင်း ယခုမှ သိရ သည်။ အဝတ်အစားအကျွတ်ကျွတ်၊ ကွေ့ခြွေအလွတ်လွတ်။

"သန့်...သန့်...ကိုယ်တော့ မူးလာပြီကွ၊ လခွီး..."

မသန့်သည် ထ၍ တွဲယူရမှာကို ပင် စိတ်နာသည်။ ထို့ကြောင့် ဘာ တစ်ခွန်းမှလည်း မပြော၊ ဘာတစ်ခုမှ လည်း မလုပ်၊ ငုတ်တုတ်ထိုင်ကြည့် နေလိုက်သည်။

"ဟေ့...မသန့်...မသန့်၊ ဟဲ့ ကောင်မ မိသန့်၊ နင် ဘယ်လင်ငယ် တွေ့နေလို့ ငါ့ကို ဂရုမစိုက်တာလဲဟင်၊ သောက်ကမြင်းမ...ဗိုင်းတာမ"

မသန့်သည် ယခုလို မဆဲစဖူး အဆဲခံရတော့ မှန်ထူသွားလေ၏။ ဝမ်းနည်းတာထက် ဒေါသထွက်လာမိ ၏။

"ရှင် အရက်တွေ သောက်လာ ပြီး ဒီလို မပိုက်ရိုင်းနဲ့နော်...ဟင်း"

"အောင်မာ... ကောင်မက လူပါးဝလို့၊ လင်ငယ်အားကိုးနဲ့လား၊ ဟုတ်လား"

မသန့်သည် ရှိုက်ကြီးတငင်ငို၍ အခန်းထဲ ဝင်သွားသည်။ အပြင်ဘက် မှာတော့ ကိုဘိုးဟန်က ဆူချင်တိုင်း ဆူနေသည်ကို သူ့အပေါင်းအသင်းက သူ့ကို ချော့မော့ ဖျောင်းဖျနေသည်။ မသန့်သည် အဝတ်အစားအနည်းငယ် ယူ၍ အိမ်ပေါ်မှ ဆင်းသွားရန် ပြင်နေ သည့်အခိုက် ကိုဘိုးဟန်က...

"အောင်မယ်...အောင်မယ်၊ ငါ့ကို မပေါင်းနိုင်ဘူးပေါ့လေ၊ ဟုတ်လား။ ငါ အရက်သောက်လို့ပေါ့လေ။ ဟဲဟဲ ...မပေါင်းချင်ရင် ဆင်းသွား၊ ဟောသည့် လမ်းက ကြွ"

"သွားမယ်...သွားမယ်၊ ရှင် ပြောဖို့ မလိုဘူး"

"ဟားဟား...လိုသေးသပေါ့ အဓိရယ်။ ဒီမယ်...ဟဲ့ကောင်မ၊ နင် ဆင်းသွားတော့ ငါ ဘာဖြစ်ရမလဲ၊ နင့် လို မိန်းမကို အရက်တစ်ခွက်လောက် မမက်ဘူးကွ၊ သိလား"

မသန့်အဖို့မှာတော့ ဒီစကားမှာ အသည်းကို လုံစိုက်လိုက်သလိုဖြစ် သွားလေသည်။ ထို့ကြောင့် ထိုနေ့ည ကပင် မအေ့အိမ်သို့ ဒေါနှင့် မောနှင့် ပြန်ရောက်ရသည်။

အိမ်မှာ လင်နှင့် ကတောက် ကဆဖြစ်၍ မိခင်ကြီးအိမ် စိတ်ချမ်းသာ လက်ချမ်းသာ လာ၍ ခိုလှုံမည် ကြံပါ သည်၊ မိခင်ကြီးက ရင်ထုမနာနှင့် ဆီး၍ အပြစ်တင်ပါသေးသည်။

"ညည်း အစက မသိဘူးလား ဟင်၊ သူ အရက်သောက်တတ်တာ ညည်းသိရဲ့သားနဲ့၊ မနေနိုင် မထိုင်နိုင် ထွန့်ထွန့်လူး ကြိုက်နေတာ။ ငါက ပေးစားတဲ့ လင်ဧည်း။ ညည်းကြိုက်လို့ ညည်းယူခဲ့တာ မဟုတ်လား။ အခု ညည်းဗိုက်ထဲမှာ ကလေးရမှ ကွဲလာ တော့ရော ဘာထူးဦးမှာလဲ။ လင်ကို နိုင်အောင် ဖျောင်းဖျနိုင် ဖျောင်းဖျ ဖျောင်းဖျလို့ မရရင် ညည်းထိုက်နဲ့ ညည်းကဲ့ပဲ။ မိန်းမဆိုတာ တစ်မျက်နှာ က နှစ်မျက်နှာပြောင်းရအောင် လွယ် တာမှတ်လို့"

ဣလို ကြားရတော့ မသန့်မှာ ဒူးနဲ့ မျက်ရည်သုတ်နေရရုံသာ ရှိသည်။ မိခင်ဆိုပေမယ့် ကိုယ်က အိမ်ထောင် ရက်သားနှင့် နေမိတော့ သူစိမ်းလိုလို ဖြစ်ရကြောင်း ခံစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီးတော့တော်... ကျုပ်ကိုပါ ညည်းလင်က ရန်လုပ်နေပါဦးမယ်။ ပြန်သာ ပြန်ပါ။ တော်တော်ကြာ မူးလာမှဖြင့် သူမယား လက်ခံထားရလားဆိုပြီး..."

မှန်ပေသည်။ လင်ရယ်လို့ ဖြစ်လာမှတော့ သူပြုသမျှ နရတော့မည်။ မိခင်ဆိုတာက ဆိုင်ရံသာ ဆိုင်သည်၊ မပိုင်တော့ပါတကား။ မယားဟူသည် လည်း လင်က မကွာသမျှ မိန်းမသာ တစ်ထစ်ချ ဖြစ်ကြရသည်ချည်း မဟုတ်လား။ ဒီကြားထဲတွင် မိမိမှာ ကိုယ်ဝန်နှင့် ဖြစ်နေပေပြီ။ ထို့ကြောင့် အကြောင်းကြောင်းတွေ ထောက်၍ ရေရေးကို တွေးကြည့်လိုက်သော် မြေးဖို့လည်း မလွယ်၊ အေးဖို့လည်း မလွယ်။ ကယ်မယ့်သူ နတ္ထိ။

မိခင်ကြီးအိမ်တွင် တစ်ညသာ အိပ်လိုက်ရသည်။ နောက်တစ်နေ့ မနက်ကျတော့ မိခင်ကြီး ဗေဒင်တွက်ထားသည့်အတိုင်း ကိုဘိုးဟန်ကိုယ်တိုင် ဆိုက်ဆိုက်မြိုက်မြိုက် လိုက်လာခေါ်ပြီ။ တော်ပါသေး၏။ မူးမူးရူးရူး ရမ်းရမ်းကားကားမဟုတ်။ ညက ကျားသတ္တဝါလောက် ကြမ်းတမ်း မာန်ဖီသမျှ မနက်ကျတော့ ယုန်သူငယ်လို နူးနူးညံ့ညံ့နှင့် ချော့လာသည်။

"ငါ ညက မူးလို့ပါကွာ။ စိတ်မဆိုးပါနဲ့။ ငါ တောင်းပန်ပါတယ်။ နောက် ဒီလို မဖြစ်စေရပါဘူး။ ငါ ဘာတွေ ပြောမိတယ်ဆိုတာ သိတာ မဟုတ်ပါဘူး။ လာပါ၊ မင်းမရှိရင် ငါ ဘယ်လိုနေရမလဲ"

ကညဝတ်တွေ တောင်းပန်သည်။

သူ တောင်းပန်သမျှ စကားတွေထဲက မင်းမရှိရင် ငါဘယ်လိုနေရမလဲ ဆိုတဲ့ စကားလုံးလေးတွေကား မသန့်၏ အသည်းကြားကို သကာပျားနဲ့ ဖုံးလိုက်ပြန်ပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် မိခင်ကြီးကို နှုတ်ခွန်းမှ မဆက်ခဲ့မိ။ ကိုဘိုးဟန်နောက် ကောက်ကောက်ပါအောင် ပြန်လိုက်ခဲ့ဖြစ်တော့သည်။

◈◈◈

သို့နှင့် သမီးဦးကလေး မခင်မြလှူပြည်သို့ ရောက်ခဲ့ရသည်။ ကိုဘိုးဟန်သည် မမူးလျှင် အလွန်သဘောကောင်း၍၊ မယားကို ချစ်သလောက်၊ ကြင်နာသလောက်၊ အလိုလိုက်သလောက်၊ မူးလျှင်တော့ အရက်ကလွဲ၍ မည်သူ့ကိုမှ မျက်နှာသာမပေး။ မည်သူ့ကိုမျှ သတိမရ။

သို့သော် တစ်နေ့တခြား မမူးသည့်အချိန်ထက် မူးနေသည့်အချိန်က ပို၍ပို၍များလာလေသည်။ မခင်မြအောက် ယောက်ျားကလေး တစ်ယောက်၊ မိန်းကလေး အငယ်ဆုံး သုံးနှစ်လောက် တစ်ယောက်ရလာသည့် အချိန်အထိ မသန့်အဖို့တော့ စိတ်ချမ်းသာကွက် မရှိ။

နံနက် အိပ်ရာက ထလျှင်ထချင်း အရက်ကလေး တစ်ခွက်မှ မသောက်လိုက်ရလျှင် ခေါင်းကိုက်သည်၊ ဇက်လေးသည်၊ မူန်တီမူန်ဝေနေသည်၊ စိတ်တိုတတ်သည်။ ကိုဘိုးဟန်မှာ အရက်နာကျနေခဲ့ပြီ။ အရက်ကလေးတစ်ခွက် သောက်လိုက်ရမှ ရွှင်ရွှင်ပျပျ မျက်နှာကလေးကို မြင်ရသည်။

မသန့်သည် အရက်သောက်မှုနှင့် ပတ်သက်၍ ကိုဘိုးဟန်အား လုံးလုံးကြီး လက်လျှော့လိုက်ရရှာသည်။ သို့နှင့် အလုပ်ကို သွားနေစဉ် သားသမီးတာဝန်ကို တစ်နေ့လုံး တကုန်းကုန်းနှင့် ရုန်း၍ ထမ်းဆောင်၊ ညနေဘက်လောက် နေရပြီးနောက် တွင် ပြန်လာလတ္တံ့သော လင်သည်ကို တထိတ်ထိတ် တလန့်လန့်နှင့် စောင့်မျှော်နေရလေ့ရှိသည်။ တထိတ်ထိတ် တလန့်လန့်ရှိမည်ဆိုလျှင် ရှိလောက်စရာပါပေ။ အမြဲတမ်းလိုလို အရက်တမြူပြန့်နှင့် ပြန်လာတတ်သည်။

သောက်လေ...သောက်လေ တော်မပြောသည်။ "ကာမေ ငါးတန် ဆားရေနံ" ဆိုသည့် စကားမှာ ကိုဘိုးဟန်နှင့် သေအရက်ကို ဆိုမှ ပို၍မှန်ကြောင်း မသန့် တွေးမိသည်။ သောက်စရိုလျှင် အိမ်မှာ အဆင်သင့် ဝယ်ထားသော ပုလင်းထဲက အရည်ကိုပါ၊ မျက်စောင်းထိုးလာတတ်သည်။ ဒီအတောအတွင်း အပေါင်းအသင်း သောက်ဖော် သောက်ဖက်များ အိမ်ရောက်လာပါက ရှိတာ အကုန်ထုတ်၍ ဝေဿန္တရာလုပ်တော့သည်။ ကလေးတွေနှင့် သားမယားအတွက် မုန့်ပဲသရေစာ ဝယ်မကျွေးလျှင်သာ ရှိမည်၊ သောက်ဖက်များကို အရက်ပုလင်းနှင့် ညှဉ်ခံရာမှာမူ

www.burmeseclassic.com



အတော်ရက်ရောနိုင်သည်။ သူ အရက်ပုလင်းငွေ့တိုင်း ငွေတိုင်း မသန့်အမြင်ကတော့ ငွေတွေ အရက်ကျိုး၍ လုံထဲက လောင်းသွန်သလိုသာ မြင်မိသည်။

စီးပွားရေးအခြေအနေအရ သူ့လခ၏ တစ်ဝက်ကျော်ကျော်မှာ ဤလို အရည်ဖျော်၍ သောက်ပစ်တာ၊ သူ တစ်ပါးကို တိုက်ပစ်တာနှင့် တစ်အိမ်လုံး မလုံမလောက်ဖြစ်ရသည်။ တစ်နေ့လျှင် ငွေငါးကျပ်၊ တစ်လမှာ ကျပ် တစ်ရာ့ငါးဆယ်၊ လွယ်လွယ်နှင့် ထွက်နိုင်ပါသည်။ ဤသခ်ာကား အနည်းဆုံး အတန်းအစားဖြစ်၍၊ နိုင်ငံခြားချက် အရက်တစ်ပုလင်းဆိုလျှင် ငွေလေးငါးဆယ်ကို သုံးရက်မှ မလည်ခင် ကုန်တတ်ပြန်ပါသေးသည်။

မုန့်မစားရသော ကလေးငယ်တွေကို ချော့၍ ရနိုင်ပါလျက်၊ ထို အရက်ကို လျှော့၍ သောက်ရန် ဖျောင်းဖျမရနိုင်သော လင်သည်အတွက် သားသမီးတွေပါ ဖြစ်သလို ရောင့်ရဲရှာသည်။

ကိုကိုးဟန်၏ လက်အောက်တွင် လုပ်လာခဲ့သမျှ စာရေးကလေးတိုင်း လိုလို သူ့အား လွှားခန့် လွှားခန့်တက်၍ ရာထူးရာခံ လခဝင်ငွေ တိုးသည် ထက် တိုးလျက်ရှိသော်လည်း ကိုကိုးဟန်လုပ်သက်မှာတော့ မပြုတ်ရဲ့ တစ်မည်၊ တည်းတည်းကလေးသာ ရှိတော့သည်။ အရက်ရှိန်ကြောင့် အလုပ်များ ကပြောင်းကပြန်ဖြစ်ခဲ့ဖူးပေါင်း များလှပြီ။ အမှားမှားအယွင်းယွင်းတွေလည်း မနည်း။ နောင့်နှေးကြန့်ကြာမှု၊ လစ်ဟင်း ပျောက်ဆုံးမှု၊ ဒါတွေမှာ အရင်းစစ် အမြစ်မြေက ဆိုသလို၊ အရက်၏ ပယောဂမှန်း ကိုကိုးဟန် ကိုယ်တိုင်သိခဲ့ပါသည်။ သူကား မိုက်တွင်းနက်လှသော လူ့အစ္စိမ မဟုတ်။ အမြော်အမြင် ဆင်ခြင်တုံတရား အသိများသော ခေတ်ပညာတတ်ယောကျ်ားဖြစ်သည်။ အရက်မသောက်ရန် တားဆီးမရလှသည့်အဆုံး စိတ်နလုံး ချမ်းသာသည် မရှိ၊ တအိအိနှင့် မချိတရီ ကြိတ်ငိုတတ်သည့် မယားကိုလည်း မြင်ပါသည်။ ဝမ်းမဝ တစ်ဝခါး၊ မလှတလှ အောက်တန်းကျနေသော ကလေးများကိုလည်း မြင်ပါသည်။ လုပ်သက်ရင့်သလို၊ လခ မရင့်သည်ကိုလည်း သတိရပါသည်။ အသက်ကြီးလာသလို၊ ရာထူးကြီး မရသည်ကိုလည်း မခံချင်ဖြစ်မိပါသည်။ ထို့ကြောင့် မကြာမကြာ ကိုယ့်ကိုယ်ကို တရားချ၍ ရပ်တန်းကို ရပ်ပြီး ပြတ်တန်းက ပြတ်နိုင်ရန် ကြိုးစားကြည့်ပါသည်။

တစ်ဆယ့်သုံးနှစ်ကျော်ကျော် ရှိလာပြီဖြစ်သော သမီးကလေး မခင်မြမမွေးခင်ကတည်းက ဆိုတော့ တစ်ဆယ့်လေးနှစ်လုံးလုံး လနှင့် တွက်သော် လပေါင်း တစ်ရာ့ခြောက်ဆယ့်ရှစ်လ။ ထိုကမ္ဘာတစ်ဆင့် ရက်နှင့် ချင့်က ရက်ပေါင်း ငါးထောင့်လေးဆယ်။ တစ်နေ့ဝယ် သုံးခွက်၊ ထိုအရက်ကို ပေါင်းလိုက်လျှင်ကား ခွက်ပေါင်း သောင်းငါးထောင်။ ဤရွှေ့ ဤမျှ ဝင်လာသမျှတို့ကို လက်သင့်ခံလာခဲ့ရပြီဖြစ်သော အစာအိမ်နှင့် အူသေးအူမ အကြောပေါင်း မြောက်မြားစွာတို့က ယခုမှတော့ အလျှော့မပေး။ သောက်မချလျှင် ခေါင်းနောက်ကျိလာအောင် ဒုက္ခပေးတော့သည်။ လေတွေ ပျို့ခန့် ဝေါ့ခန့် တက်ဆောင့်သည်။ နှုတ်လေး၊ ကိုယ်လေး။ မျက်တောင်ပါ မွေးရှိတဲ့တွေး သွားရည်မှ မထိန်းနိုင်အောင် ဂျွန်ဖြေပျက်လာသည်။ ခြေတွေ လက်တွေ တုန်လာကာ လူမမာ လေငန်းဖောက်သလို ကယောက်ကယက်ဖြစ်လာပြီးလျှင် နေမထိ ထိုင်မရ။ ထ၍မှ မလျှောက်နိုင်အောင် အဖြစ်ဆိုးကြီးက နှိပ်စက်တတ်သောကြောင့် "ဘိုးဟန်၊ မင်းတော့ ဘဝဆုံးပါပကော" ဟု ဝမ်းနည်းပက်လက် အသံမထွက်ဘဲ စဉ်းစားမိသည်။ မယားကိုလည်း သနားသည်။ သမီးသားကိုလည်း ကြင်နာပါသည်။ ဂုဏ်လောက၊ ငွေလောက၊ ပကာသနလောကကြီးကိုလည်း ခုံမင်ပါသည်။ သို့သော် အရက်က သူ့ကို နိုင်နေသောကြောင့် ငါးနှုန်းမျက် လက်တို ဘယ်လိုမှ မတတ်နိုင်။

တစ်ရက် နှစ်ရက် ငွတ်တင်း၍ နေကြည့်သည်။ ပူရှုရှု ခါးသက်သက် ကလေးကိုမှ ခံတွင်းမျက်နေသော လျှာသည် အရက်မှလွဲ၍ ဘာကိုမှ လက်မခံချင်တော့။ ထို့ကြောင့် အစားအပျက်ကြီး ပျက်လာသည်။ ရီဝေအုံ့မှိုင်းသော ဦးနှောက်နှင့်မှ နှစ်နှစ်ကာကာ အိပ်ပျော်စေသော သွေးကြောတွေက မျက်စိမှိတ်၍ အိပ်ပါသော် မရ။ အပြောကျယ်စွာ ပူလောင်သည့် သဲကန္တာရကြီးထဲတွင် ရေတစ်သူပမာ လျှာတွေ၊ နှုတ်ခမ်းတွေပါ ခြောက်သွေ့ အက်ကွဲ၍လာတော့သည်။ ထို့ကြောင့် အလိုလိုမောလာသည်။ အလိုလိုအားအင်တွေ ဆုတ်ယုတ်လာသည်။ ခန္ဓာကိုယ်ပါ ကတိမ်းကယိုင် ချည့်နဲ့လာသည်။

◈◈◈

သုံးရက်က လေးရက်၊ ဆက်၍ ဆက်၍ ငွတ်တင်းကြည့်သည်။ အရက်ငွေ့တွေကလည်း တက်၍တက်၍ ကိုဘိုးဟန်ကို ညှဉ်းတော့သည်။ သူခံစားရသော အရက်နှင့် ကင်းကွာမှု ဝေဒနာသည် နောက်ဆုံး၌ကား မယားဖြစ်သူကပင် မကြည့်ရက်တော့ပေ။ ကြာကြာနေလျှင် သေမင်းက ဆွဲယူတော့မလို ထင်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com

"မသန့်...မသန့် ငါတော့ အရက်ဖြတ်လို့ မဖြစ်တော့ဘူး"

ကိုဘိုးဟန်သည် မယားကို ဖက်၍ ဝမ်းနည်းပက်လက်နှင့် ငိုမိသည်။ တကယ်ပင် မချိတရိ အူလိုက်သည်လိုက်ဖြစ်သောကြောင့် ယောကျ်ားကြီးတစ်ယောက် မျက်ရည်ပေါက်ပေါက်ကျသည်ကို တွေ့ရသည့် မယားမှာ ချုံးပွဲချ၍သာ ငိုကြွေးရကျာတော့သည်။

"သောက်ပါ ကိုဘိုးဟန်ရယ်၊ သောက်ပါ။ ကျွန်မ ရှင့်ကို မမြင်ရက်ပါဘူး။ ရှင်သောက်သမျှ ကျွန်မတို့က အသုံးအစားလျော့ပေးပါ့မယ်။ တစ်ခုတော့ တောင်းပန်ပါရစေ၊ တန်ဆေးလွန်ဘေးတဲ့၊ အဲဒါကလေး သတိထားပါနော်"

မသန့်က တကယ့်စေတနာနှင့် ခွင့်ပြုလိုက်ပြန်တော့ သူ့ကို ဆုပ္ပစိတ်ကောက်၍ ထားတာထက် တကယ် ရင်ထုမနာဖြစ်ရပြန်သည်။

"ငါ အောင့်ကြည့်နေတယ် မသန့်ရယ်။ ဒါပေမယ့် အာရုံကြောတွေက အရင်ဖြစ်ပြီး သွေးတောင်းနေကြတာတော့ ငါ ခံနိုင်ရည်မရှိတော့ဘူး။ မင်း ငါ့ကို ဘယ်လောက် ချစ်တယ်ဆိုတာ အခု သိရပါပြီကွယ်၊ သိရပါပြီ။ သိရတော့ သာပြီး အသည်းနာပါသေးတယ်။ ငါ့ကို မင်း ပစ်ထွက်သွားချင်တောင် သွားပါကွာ၊ ငါ ခွင့်ပြုပါတယ်"

"ကျွန်မ ဘယ်သွားရမလဲ။ ဒီကလေးသုံးယောကျ်နဲ့ ကျွန်မ ဘယ်သွားပြီး ဘာလုပ်ကိုင်စားရမလဲ။ ရှင် သက်ဆိုးရှည်အောင် အခြေအနေသာကြည့်သောက်ပါတော့။ ကျွန်မ ခွင့်ပေးပါတယ်...ခွင့်ပေးပါတယ်"

ကိုဘိုးဟန်၏ မျက်စိထဲမှာ မျက်ရည်တွေ တဝဲဝဲလည်နေသည်။ ထို့နောက် တဖြည်းဖြည်း မျက်နှာထား တင်းလာပြီး အံကြိတ်လိုက်သည်။ ဒါကို မြင်လျှင် သူ့ကိုယ်သူ ဒေါသထွက်နေမှန်း သိသည်။

"ကဲ - မသန့်၊ ငါသွားမယ်"

"ဘယ်သွားမှာတုန်း"

"အရက်ဆိုင်ကို...အရက်ဆိုင်ကို"

"ဆိုင်မှာတော့ သွားမသောက်စေချင်ဘူး ကိုဘိုးဟန်ရယ်။ သောက်ချင်သောက်ရင် အိမ်ထဲမှာ ဣန္ဒြေရရသောက်ပါ။ ကျွန်မ တောင်းပန်ပါရစေ"

မသန့်က ချော့ပြောတော့ ကိုဘိုးဟန်မှာ ခေါင်းကြီးငိုက်စိုက်ချ၍ နားထောင်နေရသည်။ သို့သော် သူ ဝမ်းတွင်းကတော့ ဗလောင်ဆူလှုပ်လေပြီ။

"အဲဒါနဲ့ သမီးလေးကို အဝယ်ခိုင်းလိုက်စမ်း။ ဟောဒီ လမ်းထိပ်က တရုတ်ဆိုင်မှာ"

"တော်ပါ့မလား ကိုဘိုးဟန်"

"နို့...မင်းကိုယ်တိုင် သွားဝယ်မလား၊ ငါ့သမီး ဘယ်သူ စော်ကားဝံ့မလဲ၊ ငါ့ဒေါသကို တစ်လမ်းလုံး သိတယ်။ ဘယ်သူမှ ငါ ဂရုမစိုက်ဘူး"

သို့နှင့် သမီးကလေးကို အဝယ်လွှတ်လိုက်ရသည်။ ကလေးမကလေးကတော့ ရုက်ရမှန်း၊ ကြောက်ရမှန်း သိတတ်သော အရွယ်မဟုတ်သေးသဖြင့် သူ့ကို မုန့်ဖိုးကလေး ပေးမည်ဆိုကတည်းက ပေါ့ပေါ့ပါးပါးဝယ်ပေးလိုက်သည်။

"အဲဒါမှ ငါ့သမီးကွ။ အဝယ်တတ်သားပဲ။ ကဲ - ဒေါ်ဘိုးဟန် ဒီလောက် သွေးတောင်းလှတာ သောက်စမ်းကွာ၊ သောက်စမ်းကွာ။ မသောက်ရရင် သေတော့မတတ်ဖြစ်နေတာ အားရပါးရ တစ်ဝကြီး သောက်လိုက်ကွ"

ပြောပြောဆိုဆိုနှင့် ရေတံလွှန်းသူ ရေဒိုးစင်တွေ့တော့သလို သောက်လိုက်သည်မှာ မသန့်က ချင့်ချိန်ရန် သတိပေး၍ မရ။ ကလေးမကလေး မခင်မြပင် အခေါက်ခေါက်အခါခါသွား၍ ဝယ်ပေးရသည်။

ဒေါက်ခနဲ...ဒေါက်ခနဲ ဆက်ကာ...ဆက်ကာ တီးလိုက်သည့် သံချောင်းသံကား သုံးချက်တိတိဖြစ်တော့သည်။ ထိုအသံနှင့် တစ်ဆက်တည်းလိုလို...

"အမေ...ထမင်းဆာလှပြီ"

ဟု သားအလတ်ကလေး အိပ်ရာမှ ယောင်နေသံ ကြားလိုက်ရသဖြင့် မသန့်သည် သူတွေးနေသမျှ လွင့်ပျောက်ကုန်ကြသည်။ ခုတင်ခြေရင်းက ဖျာကလေးပေါ်တွင် စီရီရီ သိပ်ထားသော သားသမီးကလေးများအား သွား၍ စောင်ကလေး ခေါင်းအုံးကလေး ပြင်ပေးလိုက်ရသည်။ ထို့နောက်တွင်မူ လင့်အပါးက ဝင်၍ မတွေးမိအောင် ငွတ်မှိတ်၍ အိပ်ချလိုက်ရသည်။

◈◈◈

နောက်တစ်နေ့....

မိုးလင်းကတည်းက ရာသီဥတုသည် အံ့ဩိုင်း၍နေသည်။ မိုးရိပ်မိုးသားများသည် နေရောင်ကို လုံးဝပုံးကွယ်မင်းမူနေကြသည်။ လောကဓာတ်ကြီးတစ်ခုလုံး ပျင်းရိထိုင်းမှိုင်းစရာကောင်းလှသည်။ မသန့်၏ စိတ်ထဲမှာ ကြည်ကြည်လင်လင်မရှိလှ။ ပတ်ဝန်းကျင် သဘာဝအတိုင်း ထိုင်းမှိုင်းလေးလံနေတော့သည်။

ညက အအိပ်ပျက်ထားသော မျက်စိများက ဖန်စပ်စပ်ဖြစ်နေသည်။ ညက တွေးတောနေမိသော အကြောင်းများက ခပ်ထွေထွေ ခပ်သဝေသဝေ နောက်ကျိနေသည်။

www.burmeseclassic.com

အိတ်ထဲမှာ ပိုက်ဆံမရှိ။ မီးဖိုခွင်ထဲတွင် ချဉ်ရည်ဟင်းက လွဲ၍ ဆီပြန်တစ်ခွက်မှ မရှိ။ ထို့ထက် စိုးရိမ်မိတာက ကိုဘိုးဟန်အတွက် အရက်ကျန်မရှိ။ မနက်အိပ်ရာက ထကတည်းက ပုလင်းကျန်ကလေးနှင့် သူ့အရက်နာကျသမျှ စောစောစီးစီး ကုစားသွားခဲ့ပြီမဟုတ်လော။

ညနေ ပြန်လာလျှင် ထမင်းမစားခင် အရက်ကလေးနှစ်ခွက် သုံးခွက်ဝင်မှ ထမင်းပွဲမှာ ဖြောင့်ဖြောင့်တန်းတန်း ဝင်ထိုင်ချင်သည်။ အရက်ကလေး တမြမြဖစ်ပြန်တော့ ဆီပြန်ဟင်းကလေး အကြော်ကလေးများပါမှ အာဟာရခံတွင်းတွေ့တတ်သည်။

ယနေ့တော့ ခက်ကပြီ။ ပြန်လာလျှင် ကိုယ်က ချော်၍ တစ်နေ့တလေတော့ ခြိန်ခြရအောင် ပြောရတော့မည်။ မသန်းသည် ဤသို့နှင့်သာ စိတ်လေးနေမိ၏။

"မသန်ရေ···အေ့···မသန်"

ဟု ဖိနပ်ချွတ်လောက်က ကိုဘိုးဟန်၏ အသံကို ကြားလိုက်ရပါပြီ။ သို့နှင့် ဟင်းအိုးကလေး နွေးနေရာက အထဲတွင်···

"ထိုင်ဗျာ···ကိုစိုးမြင့်"

ဟု ထပ်၍ကြားရသောကြောင့် ညည့်သည်ပါလာမှန်း သိရပြန်ပါသည်။ ခက်တာက ညည့်သည်ပါလာလျှင် ကိုဘိုးဟန်က ပျော်ပျော်ပါးပါးသောက်တတ်သည်။

"ဟောဒါ ကျွန်တော့်မိန်းမပဲဗျ။ ဟဲဟဲ···ဟေ့···မသန်၊ ဒါ တောင်ငူက သစ်ကုန်သည်ကြီး ကိုစိုးမြင့်တဲ့၊ မှတ်ထားနော်"

ဟု မိတ်ဆက်ပေးသောကြောင့် မသန်က ကြည့်ပြီး ပြုံးလိုက်ရသည်။ ညည့်သည်မှာ မွန်မွန်ရည်ရည်၊ သိက္ခာသမာဓိရှိပုံ ရသည်။ ဣန္ဒြေတည်တဲ့သည်။ ရတနာသုံးပါးကိုင်းရှိုင်းပုံရသည်။ သူ့ယောကျ်ား ဒီလိုလူစားမျိုးနဲ့ တွဲလာတော့ ပေါင်းသင်းဆက်ဆံမှုအတွက် အတော်ကျေနပ်သည်။ အားရှိသည်။ ဂုဏ်ယူဝိသည်။

သို့သော် ကိုဘိုးဟန်က နောက်ဖေး မီးဖိုဆောင်သို့ လိုက်လာပြီး···

"ဟေ့···မသန်၊ ညည့်သည်ကို ထမင်းကျွေးရမယ်ကွာ။ ဘာဟင်းရှိသလဲ"

ဟု ကြိုတင် စီစဉ်မှု မပေးဘဲ အရေးပေါ် လတ်တလော ပြောလာသောကြောင့်···

"ဟာ··· ကိုဘိုးဟန်ကလည်း လုပ်တော့မယ်၊ အိမ်မှာ ချဉ်ရည်တစ်ခွက်တည်း"

"ဒါဖြင့်လည်း အခေါက်ကင်၊ အသားကင်၊ ဆယ့်နှစ်မျိုးကြော်ကလေး ဘာလေး ဝယ်ပေါ့ကွာ။ နို့···အရက်ရော အရက်"

"ဟောတော့်···ညည့်သည်ကိုပါ တိုက်မှာလား၊ သောက်တတ်လို့လား"

"အေးပေါ့ကွ၊ ငါနဲ့ သောက်ဖက်ပဲ။ သူကချည်းပဲ တိုက်ပေါင်းများလို့ပြီ။ ဒါကြောင့် ဒီတစ်ခါ အိမ်ခေါ် ထမင်းကျွေးတာ"

မသန်စိတ်ထဲမှာတော့ အထင်နှင့် အမြင်ကွာသွားသဖြင့် ဝမ်းနည်းမိသည်။

"သူတို့ယောကျ်ားများ အကဲခတ်ရတာ မလွယ်ပါကလားနော်"

ဟု ညည်းလိုက်ချင်သည်။

"စောစောစီးစီးက သမီးလေးကို အဝယ်ခိုင်းမထားဘူးလား။ ဟိုပုလင်းထဲကဟာ မနက်က ငါသောက်ကတည်းက ကုန်တာ၊ မင်းလည်း အသိသားနဲ့"

"ပိုက်ဆံမှ မရှိဘဲ ကိုဘိုးဟန်ရယ်"

"အေး ဟုတ်သားပဲ၊ ဟုတ်သားပဲ။ ကဲ···ပြန်ပြန်အဝယ်ခိုင်းလိုက်စမ်း၊ ရော့၊ ငါ လခထုတ်လာတယ်"

ကိုဘိုးဟန်က သူ့အိတ်ထဲက ကျန်သမျှ ပိုက်ဆံကလေးကို အိတ်ထွန်ဖာမှောက် ထုတ်ပေးရသည်။ အရက်ကြွေး၊ လပေါင်၊ အတိုး စသည်တို့ကို ပေးခဲ့ရပြီးသည့်နောက် သူ့ထံက ရသမျှမှာ လခ၏ တစ်ဝက်စာလောက်သာ ရှိသည်။ ဒီအထဲက အိမ်အတွက် သုံးစားလာခဲ့သော ဆန်ကြွေး၊ ဆီကြွေး၊ ငရုတ်၊ ကြက်သွန်ကြွေးတွေကို ဖဲ့ဆပ်လိုက်ရဦးမည်ဖြစ်ရာ တစ်လလုံးလုံး ခြိုးခြိုးခြေခြေနှင့် သုံးသွားဖို့ကတော့ တစ်လနှင့် တစ်လ ပဋိစ္စသမုပ္ပာဒ်လည်သလို လည်ခဲ့ဖူးပေါင်း များလှပြီဖြစ်၍ အကျင့်ရလုပါပြီ။

ထို့ကြောင့် ကိုဘိုးဟန် ပြန်သွားပြီး အိမ်ရှေ့တွင် ညည့်သည်နှင့် စကားဖောင်လောက်အောင် ပြောနေစဉ် အခိုက် သမီးကလေးကို ကျိတ်၍ လွယ်အိတ်ကလေးပေးကာ မှာတန်တာတွေ မှာလိုက်ရသည်။

"တော်ပါသေးရဲ့ ပိုက်ဆံကလေး

www.burmeseclassic.com

www.burmeseclassic.com

ပါလာလို့"

မသန့်သည် သားနားသော ဂုဏ်သရေရှိ ညှဉ်သည်အတွက် အရေးပေါ် ထမင်းပွဲအတွက် ရှိသလောက်နှင့် လှလှပပကလေးဖြစ်စေရန် လက်မလည်အောင် စီစဉ်နေရသည့်အချိန်မှာ ကုန်မှန်းမသိ ကုန်သွားခဲ့ရာမှ...

"ဟဲ့...သမီး ဘာဖြစ်လို့လဲဟင် ဘာဖြစ်လာသလဲ"

ဟု ကိုဘိုးဟန်၏ ပျာပျာသလဲ မေးသံမှာ မသန့်အဖို့ ခေါင်းနပန်းများ ကြီးသွားမိသည်။ ထိုမှတစ်ဆက်တည်း သမီး၏ ငိုရှိက်သံမှာ အိမ်ပေါ် ရောက်လာမှန်း သိသဖြင့် ကမန်းကတန်း ထွက်ကြည့်မိလေ၏။ မသန့်၏ မြင်ရချက်မှာ မျက်စိနှစ်ဖက်စလုံး ပြာသွားသလား ထင်ရသည်။ ကြီးကောင်မဝင့်စာဝင် သမီးကလေး၏ အပေါ်ရှုန်သားအကျီကလေးမှာ စုတ်ပြဲ၍ရှိလေ၏။ မအေ့ကို မြင်လိုက်သောအခါ သမီးလေးက ပြေးဖက်၍ အရက်ပုလင်းလွယ်အိတ်ကို ပစ်ချပြီး...

"အမေ...ကျွန်မကို ဟိုအရက်ဆိုင်ထဲက လူကြီးတစ်ယောက်က အတင်းဖက်နမ်းတယ်။ ပြီးတော့..."

"ဟဲ့...သမီး"

မသန့်၏ ရင်ထဲမှာ မီး ဟုန်းခနဲ တောက်သွားကာ မျက်နှာတွေပါ ပူလာသောကြောင့် သူပါးစပ်ကလေးကို အတင်း မရအရ လိုက်ပိတ်လိုက်ရသည်။ အမှန်စင်စစ် သမီးကလေးမှာ ကလေးစိတ်နှင့် ကလေးကိုယ်သာသာမျှသာ ဖြစ်သောကြောင့် ညှဉ်သည်ရှေ့ဖအရှေ့မှာ ရုက်ရ၊ ကြောက်ရမှန်းမသိ။ ငွတ်တိငွတ်ထိုး ပြောချလိုက်သည်။

ကိုဘိုးဟန်သည် ညှဉ်သည်၏ မျက်နှာကို တစ်ချက်မျှ လှည့်ကြည့်ပြီးနောက် ဆတ်ခနဲ ထိုင်ရာမှ ထ၍-

"ဘယ် မအေလဲကွ၊ ငါ့သမီးကို စော်ကားတာ"

ဟု တစ်ခွန်းတည်း ပြောပြီး ကမူးရူးထိုး အိမ်ပေါ်မှ ဆင်းပြေးလေတော့ရာ မြွေပူရာ ကင်းမောက်ဆိုသလို သမီးနှင့် လင်ကြား ဗျာများလိုက်ရပြန်သည်။

"လုပ်ပါဦး ဦးစိုးမြင့်၊ မြန်မြန်လုပ်ပါဦး၊ လက်လွန်ကုန်တော့မယ်"

"ဟေ့...ကိုဘိုးဟန်၊ ကိုဘိုးဟန်၊ အရမ်းမလုပ်နဲ့"

အပြေးအလွှားနှင့် နှစ်ယောက်သား မသန့်မျက်စိအောက်မှ ပျောက်သွားကြသည်။ မကြာမီ လမ်းထိပ်က ဆူဆူညံညံအသံတွေကို တထိတ်ထိတ်နှင့် ကြားရသည်။ ကြောက်လွန်းနေသော သမီးကလေးကိုလည်း ထားမပစ်ရက်။ လင်ကိုလည်း စိတ်မချ။ ရင်တမမနှင့် ဆဲသံဆိုသံ၊ ကြိမ်းမောင်းသံ၊ ရိုက်သံနက်သံ အော်သံတွေကိုသာ ဘုရားတ,နေမိသည်။

မနေနိုင်လွန်း၍ နောက်ဆုံး အိမ်ပေါက်ဝက ပြေးထွက်လိုက်သည်။ လူတွေ ဝိုင်းအုံကာ ရက်ရက်စက်စက်သဲသဲကြားတွင် ဒေါသူပုန်ထနေသော ကိုဘိုးဟန်အား ကိုစိုးမြင့်က အတင်းဆွဲလာရသည်။

"မြတ်စွာဘုရား...ကယ်တော်မူပါ"

မသန့်က လန့်အော်မိအောင် သွေးများသည် သူ့ချိုစောင်းက တတွေတွေစီးဆင်း၍ ရုပ်အကျီတစ်ခြမ်းလုံး ရဲရဲနီနေသည်ကို မြင်လိုက်ရသည်။

"ခွေးမသား...ငါ့ကို ရိုက်ပြီး ထွက်ပြေးတယ်။ တစ်နေ့ သိမယ်။ မအေ...ကို အရှင်မထားဘူး။ ဘိုးဟန်ကွ၊ တစ်ဟန်တည်းရှိတယ်...လရှိုး"

ဤသို့သော အယုတ္တအနတ္တတွေ ဆဲဆိုရေရွတ်နေသည်။ သူမှာတော့ ဒဏ်ရာနှင့် ပြန်လာခဲ့ရပြီ။

ကိုစိုးမြင့်နှင့် မသန့်က ချော့မော့ဖျောင်းဖျ၍ မနည်းငြိမ်အောင်လုပ်ကာ ဒဏ်ရာဒဏ်ချက်တွေကို ဆေးကြောသုတ်သင်ပေးရသည်။ ထိုစဉ်အတွင်း ကိုဘိုးဟန်သည် ကြောက်လန့် တုန်လှုပ်၍ ရုပ်ဆင်းသံပျက်ဖြစ်နေသော သမီးကလေးကို စိုက်ကြည့်ရင်း ပြင်းပြင်းထန်ထန် တက်တစ်ချက်ခေါက်လိုက်ကာ မသန့်တို့လက်မှ ရုန်းထွက်သည်။ သို့သော် မသန့် စိုးရိမ်သလို အိမ်အပြင်ဘက်သို့ ဦးတည် ရှေ့ရှသွားပြီး ငုတ်တုတ်ထိုင်ကာ ရိုရိသေသေ ဦးချလိုက်သည်။

"ဖြစ်လေရာ ဘဝတိုင်း အရက်သမားမဖြစ်ပါရစေနဲ့ မြတ်စွာဘုရား"

ဟူသော ဆုတောင်းသံကို မသန့်က အတိုင်းသား ရင်ထုမနာ ကြားလိုက်ရပါပြီ။ သာခုခေါ်မိပါပြီ။

သို့သော် ဘုရားစင်မှ ပြန်အလာတွင်ကား...

"ဟေ့...မသန့်၊ ယူခဲ့စမ်း အရက်ပုလင်း"

ဟူသတည်း။

မှန်ပါသည်။ ကိုဘိုးဟန်ခမျာမှာတော့ နောက်ဘဝက အစပြု၍ ဖြစ်လေရာ ဘဝတိုင်းသာ ဆုထောင်းပြည့်ချင် ပြည့်ပေမည်။ ဝေရာမကို ရောင်နိုင်လျှင် ရောင်နိုင်ပေလိမ့်မည်။ ယခုကျန်သေးသမျှ သူ့ဘဝသက်တမ်းတိုကလေးမှာတော့ ဒါကို ရွံ၍၊ မုန်း၍၊ စက်ဆုပ် နောင်တရ၍ ကင်းချင်ပေမယ့် မကင်းနိုင်၊ မငြင်းနိုင်၊ မတင်းနိုင်တော့ပါတကား ■

* * *

ဆုခ

www.burmeseclassic.com

မင်္ဂလာအာခံမ်းအာနားနှင့် နေရာထိုင်ခင်းများ

ရာစုသစ်၏ အမိုးအကာအောက်တွင် ကမ္ဘာကြီးက နည်းပညာအသစ်များဖြင့် တိုးတက်လျက်ရှိရာ လူတို့ ဖန်တီးထားသော ရုပ်ဝတ္ထုအသစ်များက အဟောင်းပွားတို့၏ နေရာသို့ အစားထိုး ဝင်ရောက်ခဲ့သည်မှာ အသေအချာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ - ဖလင်ကင်မရာအစား ဒီဂျစ်တယ်ကင်မရာ၊ လက်နိပ်စက်နေရာမှ ကွန်ပျူတာ ဆိုသည့် ပစ္စည်းမျိုးတို့ ဖြစ်သည်။ အွန်လိုင်းမှ စကားပြောနိုင်သောခေတ်တွင် အသစ်များနှင့် အစားထိုးကြသည်မှာ မဆန်းပေ။ သို့သော် ဘာသာတရား၏ အဆုံးအမနှင့် ပတ်သက်ပြီး "ခေတ်၏ အခြေအနေအရ" ဆိုသော စကားလုံးနှင့် အကုသိုလ်ကို ရှောင်လွှဲလို့တော့ မရနိုင်ပေ။

◈◈◈

"ရှေးတုန်းက သူတော်ကောင်းများက ဘုရားရှင်ကို မဖူးမြော်ရခင် ဇေတဝန်ကျောင်းတော်ကို မြင်ရရင်ပဲ ကြက်သီးတွေ တဖြန်းဖြန်းထလာကြတယ်။ ကျောင်းတော်ရဲ့ တိတ်ဆိတ်ငြိမ်သက်မှု၊ သန့်ရှင်းမှု အသွင်သဏ္ဌာန်တွေကြောင့် ရင်ထဲ ကြည်ညိုဂိုတ်ဖြစ်ကြရလွန်းလို့"ဟု မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက မိန့်ဆိုခဲ့ဖူးသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် တိတ်ဆိတ်ငြိမ်သက်ခြင်းကိုသာ လိုလားတော်မူသည်။ မလိုအပ်သော စကားပြောခြင်း၊ ဆူညံခြင်းများကို နှစ်မြို့တော်မမူပါ။ ဘုရားရှင်သည် အကျိုးမရှိသော စကားကို ဆူညံစွာ ပြောဆိုနေကြသော ပုထုဇဉ် ရဟန်းတချို့ကို ပြစ်တင် ကဲ့ရဲ့တော်မူပါသည်။ ဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းတော်တွင် နေတော်မူကြသော ရဟန်းများသည် ဘုရားရှင်၏ အလိုတော်ကို သိသောကြောင့် ထာဝစဉ် တိတ်ဆိတ်ငြိမ်သက်စွာ နေတော်မူကြ၏။

အဇာတသတ်ဘုရင်သည် ဘုရားရှင်ထံ ပ[illegible] အကြိမ် လာရောက်ဖူးမြော်စဉ်က မြတ်စွာဘုရားနှင့် တပည့်သံဃာများ၏ တိတ်ဆိတ်အေးချမ်းစွာ နေထိုင်မှုကို တအံ့တသြ အသိအမှတ်ပြုခဲ့ရသည်။ ရဟန်း သံဃာများ ရာနှင့်ချီပြီး သီတင်းသုံးတော်မူသည့်တိုင် မည်သည့် ဆူညံသံမျှ မကြားရပေ။ စင်စစ် တိတ်ဆိတ်အေးချမ်းမှုသည် ဓမ္မကို အထောက်အကူပြုသည်။ ဆူညံခြင်းသည် ဓမ္မကို အဟန့်အတားဖြစ်စေသည်။ တိတ်ဆိတ်ငြိမ်းချမ်းမှုက ကိုယ်၊ နှုတ်၊ နလုံးကို အနားရစေသည်။ အေးမြစေသည်။ ဆူညံခြင်းသည် ကိုယ်၊ နှုတ်၊ နလုံးတို့ကို လှုပ်ရှားစေသည်။ ပူလောင်စေသည်။

ဘုရားရှင်ကို အထူးကြည်ညိုတော်မူသော မဟာဂန္ဓာရုံ ဆရာတော်ကြီး(အရှင်ဇနကာဘိဝံသ)သည်လည်း ဘုရားရှင်၏ တပည့်ပီသစွာ(ထိုစဉ်က) သံဃာအပေါင်း ၆၀၀ ခန့်ရှိသော တောင်ပြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို အစဉ်တိတ်ဆိတ်အေးချမ်းနေအောင် ဦးဆောင် သွန်သင်ခဲ့ပါသည်။ တိတ်ဆိတ်အေးချမ်းမှုဌ မွေ့လျော်ခြင်းသည် သူတော်ကောင်းလက္ခဏာဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်နေသောအခြေအနေတွင်သာ တရားဓမ္မတို့ကို လေ့လာခွင့်၊ အားထုတ်ခွင့် ရသည်။ ငြိမ်သက်နေသော ကန်ရေပြင်ဌသာ ပုံရိပ်တို့ ကြည်ကြည်လင်လင် ထင်ဟပ်နေသလို၊ တည်ကြည် ငြိမ်သက်နေသော စိတ်နလုံးဌသာ ဓမ္မစာပေတည်ကိန်းပါသည်။ ဘောင်ဘင်ခတ် လှုပ်ရှားနေသော ကန်ရေပြင်ဌ ပုံရိပ်တို့ ဝေဝေဝါးဝါးထင်သကဲ့သို့ မငြိမ်မသက်လှုပ်ရှားနေသော ကိုယ်၊ နှုတ်၊ စိတ်တို့ဌ ဓမ္မဓာတ် မတည်ကိန်းနိုင်ပေ။

◈◈◈

ကျွန်တော်တို့ လူသားတွေ၏ ရင်ထဲဌ် အသည်းနလုံး ရှိသည်။ ထို့ကြောင့် အချစ်လည်း ရှိသည်။ ရင်ခုန်သံတွေ ပူနွေးလာပြီး ဆန့်ကျင်ဘက် တစ်ယောက်ယောက်ကို ချစ်မိသည်နှင့် ချစ်သူ၏ ရင်ခုန်သံကို ရေတွက်ချင်သည်။ ချစ်သူ၏ ကိုယ်သင်းရနံ့ကို တွယ်တာသည်။ ချစ်သူ၏ အပြုံးများကို အားဆေးဟု ထင်သည်။ ချစ်သူနှင့် တစ်လက်မလောက်မှ ဝေးမနေချင်ကြတော့ပေ။ နောက်ဆုံး အတူနေချင်လာတော့သည်။ ထိုအခါ တချို့က မိမိသဘောနှင့် မိမိ လက်ထပ်သလို၊ တချို့က လူကြီးဆုံရာနှင့် လက်ထပ်ကြသည်။ တချို့က နှစ်ဦးသဘောတူ တရားရုံးမှာ လက်ထပ်ပြီးမှ မင်္ဂလာဆောင်ကြသည်။ ချစ်သူဘဝ၏ နောက်ဆုံး ဇာတ်ဝင်ခန်းလည်း ဖြစ်သည်။

ထိုအခါ မင်္ဂလာဆောင် (သို့) မင်္ဂလာညခံပွဲကို သတို့သမီးအိမ်မှာ လုပ်သည်။ အိမ်ကျဉ်းလျှင် အိမ်ရှေ့မှာ မဏ္ဍပ်ထိုးပြီး ကျင်းပသည်။ တချို့က ခန်းမ၊ တချို့က ဟုတယ်၊ တချို့က ဓမ္မမိဟန်၊ တချို့က ဘုန်းကြီးကျောင်းစသဖြင့် ကိုယ့်စိတ်ကူး၊ ကိုယ့်အင်အားနှင့် စီစဉ်ကြသည်။ (မင်္ဂလာဆွမ်းကျွေးကြသည်။) ကျွန်တော် မင်္ဂလာဆွမ်းကျွေးပြုလုပ်စဉ်က နှစ်ယောက်စလုံး၏ မိဘအိမ်က ကျဉ်းလွန်းသဖြင့် အတူနေရန် အိမ်ခန်းတစ်ခန်းရှာပြီး အိမ်ခန်းရမှပင် ထိုအိမ်ခန်းမှာ မင်္ဂလာဆွမ်းကျွေးပြုလုပ်ခဲ့ရသည်။

မကြာခင်က ကျွန်တော့်ထံသို့ မင်္ဂလာစာဖိတ်စာ နှစ်စောင်ရောက်လာသည်။ ထို့ကြောင့် ကျွန်တော် စိတ်ဝင်စားသော မင်္ဂလာနေရာကို အရင်ဆုံး ကြည့်လိုက်၏။ ကျွန်တော်ထင်သည့်အတိုင်းပင် မင်္ဂလာပွဲပြုလုပ်မည့် နေရာမှာ နှစ်စောင်စလုံး ဘုန်းကြီးကျောင်းတွေမှာ ဖြစ်နေခြင်းကို

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် စိတ်မကောင်းစွာ တွေ့လိုက်ရ၏။ ထိုအခါ ဘုရားရှိ၊ တရားရှိပုံများတွင် တုဏှာနှင့် ပတ်သက်သော အခမ်းအနားမျိုး ပြုလုပ်သင့်. မသင့်ကို ကျွန်တော် ဖတ်ထား။ မှတ်သားထားသမျှနှင့် တွေးဆဆင်ခြင်ကြည့်မိသည်။

◈◈◈

ထို့ကြောင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတချို့ကို ဘုန်းကြီးကျောင်းများနှင့် ဓမ္မဗိမာန်များတွင် မင်္ဂလာဆောင်သော(မင်္ဂလာဆွမ်းကျွေးသော)ကိစ္စနှင့် ပတ်သက်ပြီး သူတို့၏ သဘောထားကို လေ့လာကြည့်မိသည်။

"မင်္ဂလာည့်ခဲ့ပွဲ မဟုတ်ပါဘူး။ မင်္ဂလာဆွမ်းကျွေးတာပါ။ ကျောင်းထဲမှာ ဘိသိက်မသွန်းပါဘူး။ လက်ထပ်ခြင်းကိစ္စ မလုပ်ပါဘူး။ ဩဘာစာလည်း မဖတ်ပါဘူး။ ဆွမ်းကျွေးရုံသက်သက်နဲ့ ဧည့်ခံရုံလောက်ပါ။ ဒီလောက်တော့ ပြဿနာမရှိပါဘူး"

"ခေတ်ကာလက ပြုပြင်ပေးလိုက်တာပဲ။ အခုခေတ် ၁၀ပေ၊ ၁၂ပေလောက်ရှိတဲ့ အိမ်ခန်း တိုက်ခန်းလေးတွေမှာ လူသုံးလေးရာ ဘယ်လိုည့်ခံမှာလဲ။ ဒီတော့ ခန်းမကြီးတွေမှာ ငွေများများအကုန်ခံမဲ့အစား ဘုန်းကြီးကျောင်းမှာ ရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်ပြီး ကျောင်းမှာ ကျင်းပတာကမှ ဝိုကောင်းပါတယ်"

"စာရေးဆရာရယ်... ဒီကိစ္စအတွက် ခေါင်းရှုပ်ခံမနေပါနဲ့ဗျာ။ သံဃာတော်တွေအတွက်လည်း မကြည်ညိုဖွယ်ရာ မဖြစ်လောက်ပါဘူး။ သံသဂ္ဂလည်း မဖြစ်တန်ပါဘူး။ ဖြစ်ရင်တောင် မင်းတုန်းမင်းကြီးရဲ့ သံဃာတွေအပေါ် ကြည်ညိုပုံကို ပြန်မြင်ကြည့်ပါလား။ (ဦးခေါင်းတုံးပြီး ထမင်းတစ်နပ်အတော်ခံနေရတာကိုက သူတို့ကို ငါကြည်ညိုနေပြီတဲ့။) ဒီတော့ ဘာမှ ရှည်ရှည်ဝေးဝေး တွေးမနေပါနဲ့ဗျာ။ သံဃာနဲ့ပတ်သက်ရင် မင်းတုန်းမင်းရဲ့ ကြည်ညိုပုံကို အတုယူလိုက်ပါ"

"ခင်ဗျားကလည်းဗျာ၊ စာတွေ လျှောက်ဖတ်ပြီး အတွေးချော်နေလိုက်တာ။ မင်္ဂလာည့်ခဲ့ပွဲ၊ မင်္ဂလာဦးဆွမ်းကျွေးတွေကို ထင်ရှားတဲ့ ကျောင်းတိုက်တွေ၊ စာသင်တိုက်ကြီးတွေမှာ တွေ့မြင်နေရတာဆိုတော့ ပညာရှိတွေက သင့်လျော်လို့ ခွင့်ပြုထားတာ နေမှာပေါ့။ ကျုပ်ဆို ဒီလိုရိပ်သာမျိုးမှာ ဒီလိုဆွမ်းကျွေးမျိုး မကြာခဏကြုံဖူးတယ်။ အပြစ်ရှိတယ်ဆိုရင် ဘာအပြစ်လဲ၊ ဝိနည်းငြိရင် ဘာဝိနည်းလဲ၊ ပြောလေ"

ဘုန်းကြီးကျောင်းနှင့် ဓမ္မရိပ်သာတို့တွင် မင်္ဂလာည့်ခဲ့ပွဲလုပ်ခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးကြည့်ရာမှ ကျွန်တော့်ကို တုံ့ပြန်လိုက်သော စကားတချို့ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သာ တွေးကြည့်မိသည်။ ဘုန်းကြီးကျောင်းအတွင်း ကျင်းပသော မင်္ဂလာည့်ခဲ့ပွဲတွင် သတို့သားနှင့် သတို့သမီးက ဝတ်စုံပြည့် ဝတ်ဆင်ပြီး ပရိသတ်အပေါင်းအား ဧည့်ခံကျွေးမွေးခြင်း၊ လက်ဖွဲ့ လက်ခံခြင်း၊ ဗီဒီယိုနှင့် မှတ်တမ်းတင်ခြင်း စသည့် ကိစ္စများကို ပြုလုပ်နေကြခြင်းသည် အသေအချာတွေးကြည့်သော် ဘာသာခြားတို့၏ ယဉ်ကျေးမှုက ကျွန်တော်တို့၏ ထေရဝါဒ ဗုဒ္ဓဘာသာယဉ်ကျေးမှုသို့ တစ်နည်းအားဖြင့် ဝင်ရောက်ကျူးကျော်လာခြင်းပင် ဖြစ်သည်။ ထိုအခါ ဘာသာခြားတို့က သူတို့၏ ဘုရားရှိခိုးကျောင်း၌ အစဉ်အလာအတိုင်း ပြုလုပ်၍ သင့်တော်သော်လည်း၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များအဖို့ ဘုရားရှင်၏ မျက်နှာကို ထောက်ထား ရှိသေရမည်ဖြစ်၏။

အာဝါဟ-ဝိဝါဟ မင်္ဂလာဟူသည် ကမ္ဘာဦးအစမှ ပြန်ကြည့်လျှင် လူတို့၏ တစ်စတစ်စ စိတ်ရိုင်းဝင်မှုကြောင့် ဖိ-မ အတူနေ ပေါင်းသင်းကြရာမယ် ခဲနှင့် ဝိုင်းပေါက်သည် အထိ ရှေးကတည်းက ဆန့်ကျင်ခဲ့ဖူးသော ယဉ်ကျေးမှုတစ်ခု ဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ဘုရားရှင် ပွင့်ထွန်းလာပြီး သာသနာခေတ် ရောက်ရှိလာသော် ဘုရားရှင်မှ ဤသို့ ကာမ-ရာဂ အပါအဝင်၊ ကာမဂုဏ် ခံစားခြင်းကိုသာ အလေးဂရုပြုနေခြင်းတို့အား "ဟီနော"(ယုတ်မာသည့်အကျင့်)၊ "ဂါမော"(ပေါက်ပန်းစေးရွာသူ ရွာသားတို့အကျင့်)၊ "ပေါထုဇ္ဇနိကော"(လောကုတ္တရာကို မသိသော လူသားတွေ၏ အကျင့်)၊ အနတ္ထ သံဟိတော(လောကုတ္တရာအကျိုးနှင့် ဆန့်ကျင်တဲ့ အကျင့်)ဟု တရားဦးဓမ္မစကြာတွင် ဟောပြောဆန့်ကျင်ခဲ့သည်။

မင်္ဂလာည့်ခဲ့ပွဲများအား ဘုန်းကြီးကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် သံဃာတော်များရှေ့မှောက်သို့ ပေါ်ပေါ်ထင်ထင် ဝင်ရောက်လာခြင်းအပေါ် ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးက "ကိလေသာဝီးအား မိမိလောင်ရုံနှင့်ပင် အားမရ၊ တခြားတစ်ပါးသို့ပါ ထိန်ညီးအောင် လောင်မြိုက်နေသည့် လူပုဂ္ဂိုလ်တို့ဘက်မှ အပြစ်ကို လည်းကောင်း၊ သူ မဆွလေမှ၊ သူဆွလျှင် ဘလောင်ဆန်လို့ဟူသည့် ပုထုဇဉ်တို့ သဘာဝဟူသည် နိဗ္ဗာန်ကို ရည်မှော်၍ ပုထုဇဉ်သမုတ် သံဃာတော်များအတွက် လည်းကောင်း ကွန်မြူနစ်များ ယိုယွင်းသွားခဲ့သော် များစွာအပြစ်ဖြစ်လာနိုင်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း မိန့်ဆိုခဲ့၏။

ထိုနည်းတူပင် ဆရာ-ဒကာ ဆက်ဆံရေးကို မျှော်တွေး ထောက်ဆတော်မူခဲ့သော ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီးက အနာဂတ် သာသနာရေးအတွက် ကျောင်းဝင်းထဲသို့ လူပုဂ္ဂိုလ်များ ဝင်ထွက်သည့် ကိစ္စလေးကို ပင်...

"ခုခေတ် လူတွေက ကျောင်းထဲမှာ ဆူညံဆူညံနဲ့၊ မကောင်းဘူး။ ဘုန်းကြီးက ဒီကျောင်းမှာ ဆူညံတာ မကြိုက်ဘူး။ မလာချင် နေနိုင်ပါတယ်။ ဆူတော့ မဆူကြပါနဲ့"

ဟု ပြတ်သားစွာ မိန့်တော်မူခဲ့သည်။ (ယခုလို ဘုန်းကြီးကျောင်းများတွင် မင်္ဂလာပွဲကျင်းပသည်ကို ဆရာတော်ကြီး သိမသွားခဲ့ပေ။)

◈◈◈

ခေတ်ကာလရေစီးကြောင်းကြောင့် ဖြစ်ရသည်ဟု ဆိုလျှင် ခေတ်ကို ယိုးမယ်ဖွဲ့သူများသာဖြစ်ပြီး "ခေတ်နှင့် အပြေ" ကို ခွဲခြားမသိသူများလည်း ဖြစ်သည်။ ခေတ်သည် ခေတ်ဖြစ်ပြီး အပြစ်က အပြစ်သာ ဖြစ်သည်။

ဥပဟာဆိုရသော်၊ ပထမ ကမ္ဘာစစ်က လူသတ်မှုကျူးလွန်သူနှင့် ယခုခေတ် လူသတ်မှုကျူးလွန်သူတို့သည် "ပါဏာတိပါတက်" ထိုက်ကြသူများပင် ဖြစ်၏။ စေတနာဇောအလိုက် အကျိုးပေးနိုင်ရာ၏။ "စစ်ကြောင့် ကျူးလွန်ရတာပါ" ဟု ကာကွယ်ပြောလို့ မရပေ။ အပြစ်ဟူသည်ကား သူတစ်ပါး တစ်ဦးဦးကို ထိခိုက်လျှင် အပြစ်ပင်ဖြစ်သည်။ ထို့ကြောင့် "ခေတ်သည် သာမည၊ အပြစ်သည် ပဓာန" ဟု နားလည်ကာ ခမ္မအလိုကိုသာ ကြည့်သင့်ပေသည်။

ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်သော မြန်မာလူမျိုးများအနေနှင့် မိမိတို့၏ ကိလေသာနှင့် နွယ်သော ကိစ္စများအတွက် ဗုဒ္ဓဘာသာကို အခွန်ရှည် တည်တံ့အောင် အသက်စွန့် ထိန်းသိမ်းတော်မူခဲ့ကြသော၊ နောင်တွင်လည်း သာသနာတည်တံ့ရန် အဓိက အားထားစရာ မဏ္ဍိုင်များဖြစ်သော ဘုရားရှင်၏ သားတော်များဖြစ်သည့် သံဃာတော်များ သိတင်းသုံး နေထိုင်ရာ သာသနာ့နယ်မြေကို ရှောင်ကြဉ်ကာ၊ တခြားသင့်တော်သည့် နေရာများတွင်သာ ပြုလုပ်ကြပါရန် တိုက်တွန်းလိုက်ပါသည်။

* * *

မောင်မိုးဦး

www.burmeseclassic.com

www.burmeseclassic.com

နေစေး

စာပေမှ

သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက်ဖွင့်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အတုံးဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ဝင်ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား "နေစေး" စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက်ပါသည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ သုတ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ဝတ္ထုစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချီရောင်းချပေးနေပါသည်။

ဆက်သွယ်ရန်လိပ်စာ

ပင်ရင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ဆိုင်ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com



(၁)

လွန်ခဲ့သည့် ရှေးနှစ်ပေါင်းများစွာက ဖြစ်သည်။ သီဟိုဠ်ကျွန်း၊ သီရိလင်္ကာနိုင်ငံ၏ တောတွင်းတစ်နေရာရှိ လိုဏ်ဂူကြီးတစ်ခုတွင် ဖြစ်၏။

ထိုနေ့က ဥပုသ်သီတင်းနေ့ဖြစ်သည်။ ရာသီဥတုက ထူးထူးခြားခြား သာယာနေသည်။ တောတောင်တစ်ခွင်ရှိ သစ်ပင်ပန်းမန်တွေက ယခင်နေ့တွေကထက် ပိုပြီးစိမ်းစို လန်းစွင့်နေသည် ထင်ရ၏။ သီရိလင်္ကာနိုင်ငံ၏ အနုရာဓပြီ တွင် ထီးနန်းစိုးစံတော်မူသည့် တိဿမဟာရာဇာဘုရင်ကြီး သည် နောက်လိုက်နောက်ပါ အခြွေရံများနှင့် လာလမ်းခရီး အတိုင်း ထိုလိုဏ်ဂူကြီးဆီသို့ ကြွခဲ့လာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

များတွင်လည်း သံယာတော်များကို ပင့်ဖိတ် ကာ ဆွမ်းအလုပ်အကျွေးပြုလေ့ရှိ၏။ ထိုသို့သော ဥပုသ် သီတင်းနေ့များမှာပင် ဘုရားကျောင်းကန် စေတီပုထိုးများသို့ သွားရောက်ဖူးမြော်ခြင်း၊ သက်တော်ရှည် ဝါတော်ရင့် ဆရာတော်ကြီးများကို သွားရောက် ဆည်းကပ်ကြည်ညိုခြင်းတို့ ကိုလည်း အလျှဉ်းသင့်သလို ပြုတော်မူလေ့ရှိသည်။

ဘုရင်ကြီးသည် မြို့ပြင် တောတွင်းရှိ လိုဏ်ဂူကြီး တွင် သီတင်းသုံးကာ တရားအားထုတ်တော်မူနေသည့် ဆရာ တော်ကြီးအား ဖူးမြော်ကြည်ညိုရန် ရောက်ရှိလာခဲ့ခြင်းဖြစ် လေသည်။

မင်းကြီးရောက်သွားချိန်တွင် ဆရာတော်ကြီးကို အလုပ်အကျွေးပြုနေသည့် ရဟန်းငယ်သည် လိုဏ်ဂူ အပြင်ဘက်တွင် ဝေယျာဝစ္စတချို့ ဆောင်ရွက်နေ၏။

ထိုလိုဏ်ဂူကြီးတွင် ဆရာတော်ကြီးတစ်ပါးသည် စ်ပေါင်းများစွာ သီတင်းသုံးလျက် ခြိုးခြံသော ဟန်မြတ်တို့၏ အကျင့်ဖြင့် တရားဘာဝနာများ ပြုနေတော်မူနေခဲ့ခြင်းဖြစ်၏။ ဆရာတော်၏ ခြိုးခြံမှု အကျင့်မြတ်နှင့် သီလဂုဏ်၊ သမာဓိဂုဏ်တို့က ဥန်စွာကျော်ကြားခဲ့လေသည်။

ထိုမင်းကြီးသည်လည်း မြတ်ဗုဒ္ဓ၏ ဩသနာတော်ကို အထူးပူဇော် ပဲ့ပိုး လေသည်။ နိုင်ငံတော်တွင် ရာအို၊ ကျောင်းပျက် မရှိ ဆေအောင် အင်တိုက်အား ိုက် ပြုပြင် လှူဒါန်းနေခဲ့ ဩသည်။ လပြည့်၊ လကွယ် စဆိုသည့် ဥပုသ်သီတင်းရက်

www.burmeseclassic.com

ကျေးငှက်သာရကာတို့၏ အသံ၊ သစ်ရွက် သစ်ခက်တွေကို လေတိုးသံတို့မှအပ လိုဏ်ဂူဝန်းကျင်က အထူးဆီတ်ငြိမ်အေးချမ်းနေသည်။ တောပန်းတို့၏ ရနံ့တို့က သင်းပျံ့နေလေသည်။

နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းတို့ဖြင့် ကြွရောက်လာသည့် ဘုရင်မင်းမြတ်ကို တွေ့သောအခါ ရဟန်းငယ်က...

"အာဘယ်အကြောင်းနဲ့ ကြွရောက်လာပါသလဲ အရှင်မင်းကြီး"

ဟု ခရီးဦးကြိုပြုကာ လောကဝတ်စကား ဆိုလေသည်။

"အရှင်ဘုရားတို့ရဲ့ ဆရာတော်ကြီးကို လာရောက်ဖူးမြော်တာပါ ဘုရား"

"ဒါဆိုလည်း ဖူးတာပေါ့ ဒကာတော် မင်းကြီး။ လိုဏ်ဂူထဲကြွပါ။ ဆရာတော်ကြီး လိုဏ်ဂူထဲမှာ ရှိနေပါတယ်"

ရဟန်းငယ်က ဂူတံခါးကို ဖွင့်ပေး၏။ ဘုရင်မင်းမြတ်နှင့်တကွ အခြွေအရံ နောက်ပါတချို့သည် ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ကျောင်းသခိမ်းဖြစ်သည့် လိုဏ်ဂူကြီးထဲသို့ ဝင်သွားကြလေသည်။

လိုဏ်ဂူကြီးထဲတွင် အပြင်မှာထက် ပိုပြီး တိတ်ဆိတ်နေသည်။ မှုန်ပျပျအလင်းရောင်ထဲတွင် ဆရာတော်ကြီးက ကွပ်ပျစ်တစ်ခုထက်မှာ ခပ်ခွေခွေလေး လဲလျောင်းနေသည်။ သက်တော် ရှစ်ဆယ်ကျော်အရွယ်၊ ဇရာ၏ ဖိစီးမှုကြောင့် အိုမင်းလှပြီဖြစ်၏။ ထို့အပြင် ရောဂါ၏ နှိပ်စက်မှု ဝေဒနာဒဏ်ကိုလည်း အလူးအလဲ ခံစားနေရရှာခြိန်ဖြစ်၏။ ကွပ်ပျစ်ထက်တွင် ကေသီ ဝတ်ရုံသက်နှံးကို ဘေးမှာ ပုံပြီး ဗိုက်ကို လက်ဖြင့် နှိပ်ကာ ညည်းညူနေတော်မူရာလေသည်။

ဘုရင်ကြီးသည် "ရဟန္တာ"ဟု ကျော်ကြားနေသည့် ဆရာတော်ကြီးကို ကြည်ညိုဖွယ်ရာ ဖူးမြော်လိုက်ရတော့မည်အထင်နှင့် ဝင်လာခဲ့ခြင်းဖြစ်၏။ ဆရာတော်ကြီး၏ အရဟန္တဂုဏ်ကို ကြည်ညိုလိုသည့်စိတ်ဖြင့် အထူးသဒ္ဓါတရား ထက်သန်တက်ကြွစွာ ဝင်လာခဲ့ခြင်းဖြစ်၏။ သို့သော် ပြင်းထန်သော ဝေဒနာကို ခံစားနေရသည့်အတွက် ရုန်းရုန်းမဲ့နှင့် တညည်းညည်းတညူညူဖြစ်နေရှာသော ဆရာတော်ကြီးကို မြင်တွေ့လိုက်ရသောအခါ ရုတ်တရက် ကြည်ညိုဒျခင်စိတ်တို့ ပျက်ပြယ်သွားလေတော့သည်။

"အရှင်ဘုရား...ဘာဖြစ်နေတာပါလဲ ဘုရား"

ဘုရင်ကြီးက မတ်တတ်ရပ်လျက်ကပင် မေးလျှောက်လေ၏။

"ဝေဒနာ နှိပ်စက်နေလို့ပါကွယ်"

ဆရာတော်ကြီးက မျက်စိမှိတ်ထားရာမှ တစ်ချက်မျှောကြည့်ကာ အားယူပြီး ပြန်ဖြေတော်မူရာလေသည်။

"ဘာဝေဒနာပါလဲ ဘုရား"

ဘုရင်ကြီးက ထပ်မံ မေးလျှောက်ပြန်သည်။

"လေနာ ဝေဒနာပါ ဒကာ"

ဘုရင်ကြီးသည် ဆရာတော်ကြီးကို တွေ့၍ကြည့်နေသော်၏။ ရဟန္တာလို့ ကျော်ကြားနေပြီး သည်ဝေဒနာလောက်ကိုပင် မကျော်လွှားနိုင်သေးပါလားဟုလည်း ဆရာတော်ကြီး အပေါ်တွင် အထင်အမြင်သေးကာ သဒ္ဓါတရားတို့ လျော့ပါးသွားလေတော့သည်။ ထို့ကြောင့် စိတ်ပျက်လက်ပျက် အမှုအရာဖြင့် ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်ကာ ဦးတင် ရှိခိုးခြင်းမျှပင် မပြုတော့ဘဲ ဂူထဲမှ ပြန်ထွက်ခဲ့လေသည်။

(၂)

အပြင်သို့ ချက်ချင်းပြန်ထွက်လာသည့် ဘုရင်ကြီးကို မြင်လိုက်သောအခါ ရဟန်းငယ်က အံ့သြသွား၏။ ဘုရင်ကြီးမျက်နှာထားတွင် စိတ်ပျက်လက်ပျက် အမှုအရာများ ထင်ဟပ်နေ၏။ ဘုရင်ကြီး၏ နောက်ပါ ခြွေရံသင်းပင်းတို့၏ လက်ထဲမှ လှုံဖွယ်ပစ္စည်းတို့ကလည်း ဝင်သွားစဉ်က အတိုင်း ပြန်ပါလာ၏။ ဘုရင်ကြီးကလည်း ဂူထဲတွင် ထိုင်ပင် ထိုင်ခဲ့ဟန်မတူ။ ဘယ်အကြောင်းကြောင့် အမြန်ပြန်ထွက်လာလေသလဲဟု ဝေခွဲ၍မရအောင် ဖြစ်သွားလေတော့သည်။

"ကျွန်ုပ်တို့ရဲ့ ဆရာတော်ကြီးကို ဖူးမြော်ကန်တော့ပြီး ခဲ့ပါပြီလား အရှင်မင်းကြီး"

ရဟန်းငယ်၏ မေးခွန်းကို ဘုရင်ကြီးက စိတ်လက်မကြည်မလင်နှင့် မဖြေချင့်ဖြေချင် ဖြေတော်မူလေသည်။

"တော်ပါပြီ ဘုရား။ အရှင်ဘုရားတို့ဆရာကို ရဟန္တာလို့ ကျော်ကြားနေတာကြောင့် တပည့်တော်က အရဟတ္တဖိုလ်ပညာကို ရှိခိုးချင်၊ ပူဇော်ချင်လွန်းလို့ အားကြိုးမာန်တက်လာခဲ့မိတာ။ အရှင်ဘုရားတို့ ဆရာတော်က လေနာဝေဒနာလေးနှိပ်စက်တာလောက်ကိုတောင် ခံနိုင်စွမ်းမရှိတာ၊ တပည့်တော်က ဘာကို ဦးတိုက် ရှိခိုးရတော့မှာလဲ ဘုရား"

ဘုရင်ကြီး၏ စကားကြောင့် ရဟန်းငယ်၏ မျက်နှာတွင် ရှက်စိတ်တို့ ထင်ဟပ်သွားလေသည်။ ဘုရင်ကြီးသည် ပြောပြီးသည်နှင့် ပြန်လည်ထွက်ခွာဖို့ ပြင်ဆင်လေသည်။

ရဟန်းငယ်သည် ဂူတွင်းသို့ ခပ်သွက်သွက်လှမ်းရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

"အရှင်ဘုရားတို့များ တယ်ခက်တာပဲ ဘုရား။ ကိုယ့်ဆီကို ဘုရင်ကိုယ်တိုင်က တကူးတက လာပြီးဖူးတဲ့ အခိုက်အတန့်လေးတောင် အောင့်အည်း သည်းခံပြီး မနေနိုင်ဘူး"

တပည့် ရဟန်းငယ်သည် ရုက်စိတ်ဖြင့် တစ်ကြိမ်တစ်ခါမျှ မလျှောက်ထားဝံ့ခဲ့ဘူး၊ မပြောဆိုဝံ့ဘူးသော စကားကို ဆိုမိလေတော့သည်။

"ပဲ့တဲ့…ဒီမှာ လေနာဝေနာ နိပ်စက်နေတာကို ခံနေရပါတယ်ဆို၊ ဘာကို သည်းခံရဦးမှာလဲ မောင်ပဉ္စင်းရဲ့"

"အဲဒီ ဝေဒနာကိုပဲ ခဏလောက်ဖြစ်ဖြစ် သည်းခံတော်မူနေလိုက်ဖို့ ကောင်းတာပေါ့ ဘုရား။ ဘုရင်ကြီးက အရှင်ဘုရားကို ရဟန္တာပုဂ္ဂိုလ်လို့ ကျော်ကြားနေလို့ အရှင်ဘုရားရဲ့ အရဟန္တဂုဏ်ကို ပူဇော်ချင်လို့ ရောက်လာခဲ့တာတဲ့။ အခုတော့ စိတ်ပျက်လက်ပျက် ပြန်သွားပြီ။ လူဖို့တန်းဖို့ ယူလာတာလေးတွေကိုတောင် ပြန်သယ်သွားတာ ဘယ်လောက်ရှက်ဖို့ ကောင်းလိုက်ပါသလဲ ဘုရား"

ဆရာတော်ကြီးသည် သူတပည့်၏ စကားကို စိတ်ဆိုးတော်မူခြင်း မရှိ။ လေနာဝေဒနာတို့ ခံစားနေရဆဲကြားမှာပင် စကားတစ်ခွန်းကို ပြန်မိန့်ဟတော်မူလိုက်လေသည်။

"ဩော်…ဩော်… မင်းတို့ဘုရင်က အရဟန္တဂုဏ်ကို ပူဇော်ချင်လို့ ရောက်လာတာတဲ့လား။ အေးလေ၊ ငါ့မှာ ကလည်း အဲဒီဂုဏ်မှ တကယ်ရှိမနေခဲ့သေးတာပဲ။ ကဲ-ကဲ၊ မင်းတို့ဘုရင်ကို ခဏလေးစောင့်ပေးပါလို့ သွားပြောချေ။ ဂူတံခါးကို ခဏပိတ်ထားလိုက်"

ဆရာတော်ကြီး၏ စကားတော်က တည်ကြည်ပြတ်သားတော်မူလှ၏။ ရဲရဲဝံ့ဝံ့ခန့်မှုလည်း ရှိလှလေသည်။ ရဟန်းငယ်က လိုဏ်ဂူတံခါးကို ပိတ်လိုက်သည်။ တရွေ့ရွေ့ ပြန်လည်ထွက်ခွာသွားနေသည့် ဘုရင်ကြီးကို ခေတ္တမျှ ဆိုင်းငံ့ပါရန် တောင်းဆိုလိုက်လေသည်။

(၃)

ဆရာတော်ကြီးသည် ဝေဒနာကြားမှပင် ကြိုးစားပြီး ကိုယ်ကို ပြင်၍ ထိုင်တော်မူလိုက်၏။ သက်ိန်းကို သပ္ပာယ်စွာ ဝတ်ရုံတော်မူလိုက်၏။ တင်ပျဉ်ခွေ ထိုင်တော်မူလျက်မှ မျက်လွှာကိုချကာ လေနာဝေဒနာ ခံစားနေခဲ့ရသည့် စိတ်အာရုံတို့ကို ပြန်လည် စုစည်းတော်မူလိုက်လေသည်။ သို့သော် ခံစားနေရသည့် လေနာရောဂါကို ဝေဒနာ နယ်ဿနာ ရှုမှတ်တော်မူခြင်းတော့ မဟုတ်။

ဆရာတော်ကြီးသည် သက်တော် ရှစ်ဆယ်ကျော်ပြီဖြစ်၏။ ရဟန်းမြတ်ဘဝသို့ တက်လှမ်းခဲ့ရာ သိမ်မှ ဆင်းခဲ့သည့်အချိန်မှ အစပြုကာ ထိန်းသိမ်းတော်မူလာခဲ့သည့် သိက္ခာပုဒ်တော်များကို တစ်ပုဒ်စီ တစ်ပုဒ်စီ ပြန်လည်သုံးသပ်တော်မူနေလေသည်။ ထိုအခါ နှစ်ပေါင်း ၆၀ ကျော်ကာလ ရဟန်းဘဝတစ်လျှောက်သည် လွန်စွာသန့်ရှင်းသော သီလခရီးရည်ကြီးဖြစ်နေတာကို သံသယဟူ၍ မျှမျှ မရှိလောက်အောင် ယုံကြည်လာရလေသည်။

ထိုနှစ် ၆၀ကျော် သီလခရီးရှည်ကြီးတွင် မိမိ၏ သီလသည် ညှိုးနွမ်းခဲ့ခြင်း၊ ကြားလပ်ခဲ့ခြင်း၊ ကျိုးပေါက် ပျက်ပြားခဲ့ခြင်း တစ်ခုတလေမျှ မရှိခဲ့ဖူးပါလား။ လွန်စွာသန့်ရှင်းပြီး အပြစ်ကင်းအောင် ဆောက်တည် စောင့်ထိန်းလာနိုင်ခဲ့တာပါလား။ ထိုသို့ အပြစ်ကင်းပြီး သန့်ရှင်းတော်မူလှသည့် မိမိသီလအပေါ် ပြန်လည်သုံးသပ်ပြီး ဝမ်းမြောက်ကျေနပ်စိတ်တို့ ဖြစ်တည်လာရလေတော့သည်။ ဘဝတွင် ထိုသီလမွန်တို့ဖြင့် ဆက်ပြီး ရှင်သန်ခွင့်ရနေဦးမည်ဆိုလျှင်လည်း နေပျော်လေပြီ။ ယခု သေရတော့မည်ဆိုလျှင်လည်း သေပျော်လေပြီဟု စိတ်တွင် ယုံကြည်မှုသဒ္ဓါတရားတို့ ခိုင်ခန့်သွားလေတော့သည်။

ထို့အပြင် ဆရာတော်ကြီး၏ စိတ်တွင် နှစ်ပေါင်း ၆၀ လောက် စောင့်ရှောက်လာနိုင်ခဲ့သည့် သီလတို့ကို လွန်စွာအားကောင်းသော ပိတိပါမောဇ္ဈတို့ ဖြစ်တည်လာလေတော့သည်။

တစ်နေ့လုံး လေနာဝေဒနာ၏ ဖိစီးနှိပ်စက်မှုကြောင့် ဒေါမနဿစိတ်ဖြင့် လေးလံနေခဲ့သော စိတ်သည် သီလကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် သောမနဿပီတိအဟုန်ဖြင့် ပေါ့ပါးလာလေ၏။ ထိုအခါ ထိုပီတိအဟုန်ဖြင့် ပေါ့ပါးလာလေ၏။ ထိုအခါ ထိုပီတိကို ခွာပြီး ပီတိနှင့် ယှဉ်တွဲလာသည့် သောမနဿသုခ ဝေဒနာကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ပြီး ဘာဝနာရှုမှတ် ပွားများလိုက်လေသည်။ ထိုအခါ ဝိပဿနာဉာဏ်စဉ် ဆယ်ပါးတို့သည် အဆင့်ဆင့် ရင့်ကျက်မြင့်တက်လာလေတော့၏။ မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးတို့သည်လည်း အဆင့်ဆင့် ပွင့်လန်းလာခဲ့လေတော့၏။ အဆင့်အမြင့်ဆုံး ဉာဏ်စဉ်တွေကို သီလဖြင့် ဆောက်တည်ပေးနိုင်လိုက်ပြီဖြစ်၏။ သီလကို အကြောင်းပြုပြီး ဖြစ်တည်လာသည့် ပီတိလက္ခဏာနှင့် သုခဝေဒနာကို ဝိပဿနာဉာဏ်တင်ပြီး သုံးသပ် ရှုမှတ်လိုက်ခြင်းဖြင့် အာသဝေါကင်းပြီး အရဟတ္တဖိုလ်ဆိုက်ကာ ကိလေသာအညစ်အကြေးတို့နှင့် သံသရာဝဋ်ဆင်းရဲထို့မှ အပြီးတိုင် ကင်းဝေး လွတ်မြောက်သွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ဆရာတော်ကြီးသည် လက်ဖျောက် သုံးချက်တီးလိုက်လေသည်။ အပြင်တွင် စောင့်နေသည့် ရဟန်းငယ်က ဂူတံခါးကို အသာအယာဟပြီး ခေါင်းပြူကာ ကြည့်လိုက်၏။

"ဟဲ့...ဟဲ့... ငါ့ရဲဘော် ပဥ္စင်း၊ သင်တို့ ဘုရင်ကြီးကို ခေါ်လာနိုင်ပါပြီ"

ဆရာတော်ကြီးက သူတပည့်ကို လှမ်းပြောလေသည်။ အပြင်တွင် စိတ်စောစွာဖြင့် စောင့်ဆိုင်းနေသည့် ဘုရင်ကြီးသည် ရဟန်းငယ် ဖွင့်ပေးသော ဂူတံခါးမှ ဒုတိယ အကြိမ်မြောက် လှမ်းဝင်လိုက်လေ၏။ အထဲသို့ ရောက်သွားသည်နှင့် အပြောင်းအလဲတို့ကို ချက်ချင်း သတိပြုလိုက်မိပြီဖြစ်၏။ ဂူထဲတွင် စောစောကလို မှောင်မိုက်မနေတော့။ စောစောကနှင့် မတူ၊ ခြားနားလှစွာ လင်းလင်းကျင်းကျင်း ဖြစ်နေလေသည်။ တိုတောင်းလှစွာသော အချိန်ပိုင်းလေး အတွင်းမှာပင် အခြေအနေတို့က လုံးဝပြောင်းလဲသွားလေပြီ။

တိမ်သလွှာ အညစ်အကြေးတို့ ကင်းစင်နေသည့် လပြည့်ဝန်းကြီးလို ကြည်လင်အေးမြိုင်းချမ်းသာစွာ တင့်တယ်သပ္ပာယ်တော်မူနေသည့် ဆရာတော်ကြီး၏ အသွင်အပြင်တို့က ကြည်ညိုရ၍ မဝနိုင်အောင် ဖြစ်နေတော့သည်။

ဘုရင်ကြီးက ဆရာတော်ကြီး၏ ရှေ့ကြမ်းပြင်ပေါ်တွင် ဒူးတုတ်၍ ထိုင်ကာ လက်အုပ်ချီမိုးလိုက်လေ၏။ နောက်လိုက် နောက်ပါ ခြွေရံအားလုံးသည်လည်း ကြမ်းပြင်တွင် ပျပ်ဝပ် ရိုကျိုးစွာဖြင့် ဝတ်တွား ကန်တော့လိုက်ကြလေ၏။

"အရှင်ဘုရား... ရဟန်းကိစ္စ ပြီးတော်မူပါပြီလား ဘုရား"

မင်းကြီး၏ စကားကို ဆရာတော်ကြီးက တိုက်ရိုက် ဖြေတော်မမူ။

"တို့များ နောက်ထပ်လုပ်စရာ ကိစ္စမရှိတော့ပါဘူး ဒကာတော်"

ဝမ်းသာပီတိစိတ်၊ ကြည်ညိုသဒ္ဓါစိတ်တို့က ဘုရင်ကြီးအား လွှမ်းခြုံသွားလေတော့သည်။

"သည်လောက် အချိန်ပိုင်းလေးအတွင်း ကိစ္စပြီးမြောက်ခရီးရောက်သွားအောင် ဘယ်လို ကမ္မဋ္ဌာန်းတရားနဲ့ လျှောက်လှမ်းသွားလိုက်တာပါလဲ အရှင်မြတ်ဘုရား"

အံ့သြစွာဖြင့် ဘုရင်ကြီးက မေးလျှောက်လိုက်လေသည်။

"သီလပါပဲ ဒကာတော်။ တို့များ စောင့်ရှောက်လာခဲ့တဲ့ ရဟန်းဘဝရဲ့ နှစ် ၆၀ ကျော် သီလခရီးရှည်ကြီးကို အခြေခံပြီး ပညာနဲ့ သုံးသပ်လျှောက်လှမ်းလိုက်တာပါပဲ"

ဆရာတော်၏ စကားတော်တို့က အထူးတည်ကြည် ငြိမ်းချမ်းနေတော်မူလေသည်။

ထိုအခါမှ ဘုရင်ကြီးသည် သီလ၏ တန်ခိုးနှင့် သီလတန်ခိုးတို့ကို ပြက်ပြက်ထင်ထင် သိမြင်သွားလေတော့သည်။

"သြော်... ကိုယ်ကျင့်သီလရဲ့ တန်ဖိုးက အလွန်ကြီးကျယ် မွန်မြတ်လှတာပါပဲလား ဘုရား"

ဘုရင်ကြီးသည် ဆရာတော်ကြီး၏ ကွပ်ပျစ်ခြေရင်းသို့ ရိုသေစွာ ချဉ်းကပ်သွားလိုက်လေသည်။ ဆရာတော်၏ ခြေအစုံကို ကွပ်ပျစ်ခုတင်ထက်မှ တွဲလောင်းချပေးပါရန် တောင်းပန်လေသည်။ ထို့နောက် ဆရာတော်၏ ခြေချင်းဝတ်နှင့် ခြေမျက်စိနှစ်ခုကို သူ၏ လက်ဖဝါးဖြင့် ခပ်တင်းတင်းဆုပ်ကာ ခြေဖမိုးတော်ကို နဖူးဖြင့် အားပါးတရ ပွတ်တိုက်၍ အထပ်ထပ် ရှိခိုးကန်တော့နေလေတော့သည်။

"အရှင်ဘုရား... ယခု တပည့်တော်သည် အရှင်ဘုရား၏ အရဟတ္တဖိုလ်ဉာဏ်ကို ရှိခိုးခြင်းမဟုတ်ပါ ဘုရား။ အရှင်ဘုရား၏ နှစ် ၆၀ ကျော် စောင့်ထိန်းဆောက်တည်တော်မူခဲ့ရတဲ့ သီလသိက္ခာတော်တွေကို ကျိုးနွံသော စိတ်နှလုံးဖြင့် ပူဇော်ခြင်းဖြစ်ပါတယ် ဘုရား"

ဘုရင်ကြီးသည် ဆရာတော်ကြီး၏ ခြေဖမိုးအစုံအား နဖူးဖြင့် အထပ်ထပ်ထိတွေ့ ပွတ်တိုက်၍ နက်နက်ရှိုင်းရှိုင်း ကြည်ကြည်မွေ့မွေ့ ပူဇော်ကန်တော့နေလေသည်။

(၅)

ထိုအချိန်တွင် လိုဏ်ဂူကြီး၏ အတွင်းနှင့် အပြင်သာမက၊ အနီးဝန်းကျင်မှ တောတောင်တစ်ခုလုံးသည် စောစောက်ထက်ပိုပြီး စိမ်းစို ဝေဆာသွားလေသည်။ သာယာပျော်ရွှင်စွာ သီကြူးလိုက်သည့် ကျေးငှက်သာရကာတို့၏ တေးသံတွေက ဝေစည်သွားလေသည်။ တောပန်း၊ တောင်ပန်းတို့၏ မွှေးရနံ့က ပိုပိုသင်းပျံ့သွားလေသည်။ ထိုတောပန်းရနံ့တို့ကို သယ်ဆောင်လာသော လေပြည်သည် တောတောင်တစ်လွှားသို့ ကြည်နူးစွာ ပြေးလွှား ပျံသန်းနေလေသည်။ သက်ရှိသက်မဲ့ အရာအားလုံးသည် ဆရာတော်ကြီးအား ကိုင်းညွှတ်ပူဇော်ရင်း ကြည်နူးသာယာရှိနေကြလေ၏။ စူးစူးလက်လက် တောက်ပနေသည့် နေရောင်ခြည်သည်ပင် အေးမြသော အလင်းရောင်အဖြစ်သို့ တစ်မှုတ်ချင်း ပြောင်းလဲသွားလေတော့သတည်း ■

အားလုံးသတ္တဝါ ချမ်းသာပါစေ

* * *

သက်နှင်းမဆွေ(မုဒ္ဒါး)

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်

(၁၀၈)တောင်မဟာဗောဓိစွယ်တော်ရှိဝိ
စေတီတော်ဖြတ်ကြီးနှင့်ထူးခြားမှုများ

မင်းထက်တော်(B.Sc)









www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီးတွင်း ထင်ပေါ်ကျော်ကြားသော ဘုရား၊ စေတီများစွာတည်ရှိပါသည်။ ထိုတိုင်းဒေသကြီးတွင် ပါဝင်သော၊ သာကေတမြို့နယ်တွင်လည်း ထင်ရှားသောစေတီသုံးလေးဆူရှိသည်။ ထိုသုံးလေးဆူထဲတွင် (၁၀၈) တောင် မဟာဗောဓိစွယ်တော်ရှင်လည်း တစ်ဆူပါဝင်သည်။

စာရေးသူတို့ ငယ်စဉ်ကတည်းက နယ်မှည့်သည် ရောက်လျှင်၊ ညနေခင်းလမ်းလျှောက်ပြီး (၁၀၈) တောင် ဘုရားလိုက်ပို့သည်။ နှစ်စဉ် တပို့တွဲလတွင် ကျင်းပသော ဗုဒ္ဓပူဇနိယပွဲတော် (ဘုရားပွဲ)သို့ ပွဲဈေးလျှောက်ကြသည်။ ခေတ်ကာလမကောင်းခဲ့ချိန်တွင် ပွဲတော်မကျင်းပဖြစ်တာလည်း







ရှိသည်။ ပွဲတော်ပါမစ်မရ၍ မကျင်းပသော်လည်း၊ ပဌာန်းပူဇော်ပွဲ သီတင်းကျွတ်၊ တန်ဆောင်မုန်းလ ဆီမီးပူဇော်ပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲတို့ကို စည်ကားစွာ ကျင်းပကြသည်။ တန်ခူးလ မဟာသင်္ကြန်ကာလတွင်လည်း၊ နံနက်ပိုင်း သီလပေးပြီး နေ့ခင်းပိုင်း တရားပွဲကျင်းပပေးသည်။

မုခဉ်းအဝင်ဝတွင် ဆင်ဖြူတော်ကြီးနှစ်ကောင်တွေ့ရ၏။ ဆင်ဖြူတော်ပေါ်တွင် ဇော်ဂျီထိုင်နေပုံရှိသည်။ ငယ်စဉ်က ဆင်ဖြူတော်အောက်ဝင်၍ လှည့်ပတ်ကစားကြသည်။ စာရေးသူ သူငယ်တန်းမှ အဋ္ဌမတန်းထိတက်သော အ·လ·က (၅) သာကေတနှင့် (၁၀၈) တောင်ဘုရားနီး၍ ကျောင်းအားချိန်တွင် ဘုရားသွားကြသည်။ အောင်မြေတွင်လည်း ပတ်ကြသည်။ အပေါ်တွင် ဗုံတွေတင်ထားပြီး၊ စေတီကိုညည်ထားကာ

www.burmeseclassic.com

www.burmeseclassic.com





အောက်တွင် လက်ယာရစ်လှည့်ပတ် လိုရာဆုတောင်းမှုပြုကြသည်။ (၁၀၈) တောင်စေတီသည် သာကေတမြို့ (၁၀)တောင်ရပ်ကွက်၊ သလာဝတီလမ်း၊ ရန်ကုန် - သန်လျင်လမ်းနဘေး၊ အဝိုင်းကြီးအနီးတွင်ရှိသည်။ ထိုပတ်ဝန်းကျင်တွင် ဆင်ဖြူတောင်စာသင်တိုက်။ ဟင်္သာအတွင်းစာသင်တိုက်ကြီးတွေရှိသည်။ ယခု ဗုဒ္ဓဝိဇ္ဇာစာသင်တိုက်နှင့် ညောင်ရိပ်သာ ဓမ္မရိပ်သာတို့ အထပ်မြင့်ကြီးတွေ တွေ့ရသည်။ အဝင်ဝဲမုခ်ဦး အနောက်ဘက်မုခ်ဝအနီးတွင် ညောင်ပင်ကြီးတစ်ပင်ရှိသည်။ "ပင်ကုက္ကို ညောင်ပတ်သည့် အောင်ဓာတ်ရမြေအပြင်"ဟု ရေးထားသည်။ ထိုညောင်ပင်ကြီးအနီးတွင် သာကေတမြို့ပိုင် ဘိုးဘိုးကြီးနတ်နန်းရှိသည်။ ဆုတောင်းအဓိဌာန်ပြည့်သည်ဟု ထင်ရှားသည်။ မုခ်ဦးအဝင်ဘယ်ညာနှစ်ဖက်တွင် ဆင်ဖြူတော်တစ်စီးစီရှိသည်။ (၁၀၈)တောင်မဟာဗောဓိစွယ်တော်ရှင်မှာ ဗုဒ္ဓဂယာဗောဓိစေတီပုံသဏ္ဌာန်တည်ထားသည်။ လေးဘက်လေးရံစေတီ အလယ်ပစ္စယံလောက်တွင် အင်းအိုင်များကို မှန်စီငွေရောင် (မှန်စီငွေချ) ပုံစံပြုလုပ်ထားသည်မှာ ထင်ရှားနေသည်။ အင်းဘုရားစေတီပုံစံနှင့်တူသည်။ လောကီပညာကို အခြေခံပြုလုပ်ထားပုံရသည်။ စနေထောင်နှင့် ဗုဒ္ဓဟူးထောင့်အထက်တွင် ပင်မကြီးဟုရေးထားသည်။ အဝါရောင်ခြယ်ထားသော ၉ ကွက်အင်းတစ်ခု ထူခြားစွာ တွေ့မြင်ရသည်။ အင်းပညာဝါသနာပါသူလေ့လာနိုင်အောင် ဖော်ပြပေးလိုက်ပါသည်။

ဘုရားတည်သော ခုနှစ်၊ အုတ်မြစ်ချသောနှစ်၊ ထီးတင်သောနှစ် ရေးထားသည်။ နတ်လူပြဟ္မာဝိဇ္ဇာ သာဓုခေါ်စေသော်ဟု ရေးထားသည်။ ဤစေတီသည် မူလပန္နက်ကိုက ပင်ကုက္ကိညောင်ပတ် အောင်ဓာတ်ရ နယ်မြေဖြစ်၍ ကြွေရုံဆန်သော ထူးခြားမှုဖြင့် စတင်ခဲ့သည်။ စာရေးသူအနေဖြင့် ယခုအချိန်အထိ ဘုရားသမိုင်း ဆောင်းပါးမရေးသားခဲ့တူးသေးပါ။ ဇိနမာရ်အောင် စေတီသမိုင်းရေးသားခဲ့ဖူးသည်။ ခက်သည်က သာကေတမြို့တည်ကတည်းက ထင်ရှားသော ဘုရားသုံးဆူ ယနေ့အထိ တိကျခိုင်မာပြည့်စုံသော ဘုရားသမိုင်းစာအုပ်မတွေ့ခဲ့ရပေ။ ခေတ်အဆက်ဆက် ဂေါပကလူကြီးတွေ ဆောင်ရွက်မှုအားနည်းသောကြောင့်ဟု ခံစားမိသည်။ ကိုယ်တိုင်လည်း မရေးသားနိုင်၊ ပညာရှင်ထံလည်း မချဉ်းကပ်ကြပေ။ သူတို့လုပ်နေသည်က သာသနိက အဆောက်အဦတိုးချဲ့ရေး၊ ဘုရားပွဲတော်၊ ရာသီပွဲ (ကာလဒါန) ကျင်းပရေး၊ ဆိုင်ခန်းကိစ္စ စသည်တို့ကိုသာ ဦးစားပေးနေကြသည်။ ထို့ထက်တော့ ပိုမရေးချင်ပါ။ သတိပြုလိုသည်မှာ ကျိုက်ခေါက်စေတီ၊ ပဲခူးရွှေမောဓောစေတီကဲ့သို့ သမိုင်းစာအုပ် ထင်ရှားစွာ ရှိစေချင်သည်။ ကြာလျှင် အချက်အလက်ပြည့်စုံနိုင်မည်မဟုတ်ပေ။ (၁၀၈) တောင်စေတီဘုရားတန်ဆောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com





ထဲတွင် စာရေးသူတို့ ငယ်စဉ်က မန္တလေးက နဂိုဇော်ဦးပုံကြီး တွေ့ရသည်။ ဘုရားဒါယိကာမဟု လူကြီးတွေ ပြောသံကြား ဖူးသည်။ ယခု ထိုပုံလည်း ပျောက်၊ သမိုင်းအကျဉ်းတွင်လည်း မပါတော့ပေ။ ထင်ရှားသော အမှီသမီးများကို ခေတ်က ဖျောက်ဖျက်ပစ်လေ့ရှိသည်။ နောက်တစ်ခုမှာ ဆရာကြီး ဦးရွှေအောင် လိုက်ပြသော ကြယ် (၆၄)လုံးနှင့် တံခွန်တိုင်ကြီးဖြစ်သည်။ တံခွန်တိုင်တစ်ဘက်တွင် ကြယ် (၁၆)လုံးရှိသည်။ ပေါက် ဆရာ (၆၄)ယောက်ကို ရည်ရွယ်သည်ဟု ကြားသိရသည်။ အပေါ်တွင် ဒေါင်းပုံကြီးတင်ထားသည်။ လှပတင့်တယ်သော "ဒေါင်းကြီး" ဖြစ်သည်။ ထိုသမိုင်းဝင် တံခွန်တိုင်ကိုလည်း မထင်ရှား၊ အရောင်မှိန်အောင် ပြုလုပ်ထားကြသည်။ "ဒေါင်းနှင့်ကြယ်" ပုံဖြစ်၍ မေးပို့နှိုးအောင်ပြုလုပ်ထားပုံရသည်။ မဖျက်ပစ်တာပဲတော်သေးသည်။ ထို့ကြောင့် ဂေါပကလူကြီးများ မိမိတာဝန်ယူခွင်တွင် ဘုရားသမိုင်းမှတ်တမ်းရေးသား ပြုစုသင့်ပါသည်။ သန်လျင် ကျွန်းဒေးယုံစေတီ၊ ပုဇွန်တောင် အောင်ပြည့်ငြိမ်းအေးစေတီတို့၏ သမိုင်းစာရေးသူ စုဆောင်းရေးသားပြီးသောအခါ စာအုပ်ပင် ဖြစ်သွားပါပြီ။

ဘုရားကြီးသမိုင်းကို ဤကဲ့သို့စာစောင်လေးတစ်ရွက် ဖြင့် ပြီးပြည့်စုံနိုင်မည်မဟုတ်ပေ။ ယခု ဂေါပကအဖွဲ့ ထုတ်ဝေထားသော ဘုရားသမိုင်းအကျဉ်းကို မှီငြမ်းရေးသား ပူဇော်လိုက်ပါသည်။

သမိုင်းအကျဉ်းချုပ်

ဇေယျောတု သမ္မာအန္တရာယံ၊ အန္တရာယ်အပေါင်းကို အောင်မြင်ပါစေသတည်း။

နမောတဿ၊ ဘဂဝတော၊ အရဟတော့ သမ္မာသမ္ဗုဒ္ဓဿ - ရှင်တော်မြတ်စွာဘုရားသည်၊ သဗ္ဗညုတဉာဏ်တော်ကို ရပြီးနောက် လေးဆယ့်ကိုးရက်ပြည့်သည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း (၆) ရက်၊ ကြာသပတေးနေ့ နံနက်အချိန်တွင် ရာမညတိုင်း၊ ဥက္ကလာပမြို့သား တဖုဿနှင့်





www.burmeseclassic.com

www.burmeseclassic.com



ဘလိကကုန်သည် ညိနောင်နှစ်ဦးတို့ ဆက်ကပါလျှုဒါန်းသော မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆွမ်းတို့ကို ဘုန်းပေးသုံးဆောင်ပြီး သောအခါ ထိုညိနောင်နှစ်ဦးတို့အား ရှေးဦးစွာသော ဒွေဂါစီက သရဏဂုံ ခိုးမြွောက်တော်မူခဲ့ပါသည်။

ထို့နောက် ညိနောင်နှစ်ဦးတို့ လျှောက်ထားချက်အရ ရှင်တော်မြတ်ဘုရားသည် အမ်ဘွာန်ပြုတော်မူကာ ယာလက်တော်ကို မြွောက်ချီလျက် ဦးခေါင်းတော်ကို သုံးသပ်တော်မူလိုက်ရာ ဇီဝကေသမာတုဟု ခေါ်ဆိုအပ်သော ဆံတော်ရှစ်ဆူတို့ လက်တော်၌ပါလာသည်။ ထိုဆံတော်မြတ်ရှစ်ဆူတို့ကို ပူဇော်နိုင်ရန် ကုန်သည်ညိနောင်အားပေးသနားတော်မူခဲ့လေသည်။

ညိနောင်နှစ်ပါးတို့သည် ဆံတော်မြတ် ရှစ်ဆူတို့ကိုပင်



ဆောင်၍ သမုဒ္ဒရာရေလယ်မဲခရီးဖြင့် သဘော်ရွက်လွှင့် ပြန်လာရာ ပုသိမ်မြို့ တောင်ဘက်ယွန်းယွန်း "နာဂရာဇ်မော်" ဟု ခေါ်သော မော်တင်စွန်းသို့ ရောက်ရှိန် နှစ်မိုင်ခန့်အလိုတွင် ဇေယျသေန နဂါးမင်းကြီးမျှားသော နတ်နဂါးများက မိုးဥတုပင်ဖြစ်သော်လည်း ထူးကဲသောနေခြည်အရောင်တို့ တောက်



www.burmeseclassic.com

www.burmeseclassic.com





ပထွန်းလင်ခြင်း၊ လေထုပြိမ်သက်နေခြင်း၊ မြရောင်လွှမ်းသော ရေအပြင်၏ ကြည်လင်ခြင်း စသော အကြောင်းအရာတို့ကို တွေ့မြင်ကြရလေရာ "အကြောင်းထူးရှိမည်"ဟူ၍ ပတ်ဝန်းကျင်ကို ရှုမြင်သုံးသပ်ကြလေသော် ကုန်သည်ညီနောင်တို့သဘော်ဖြင့် ဆံတော်များ ပင့်ဆောင်လာကြသည်ကို သိရှိကြလေသည်။ ထိုအခါ နတ်နဂါးမင်းတို့သည် ကိုးကွယ်လိုမှု ဗလဝသဒ္ဓါတက်ကြွကြကာ နတ်နဂါးတို့၏ တန်ခိုးဖြင့် ဆံတော်မြတ်နှစ်ဆူကို ပင့်ဆောင်ထားကြလေသည်။ ဆံတော်မြတ်နှစ်ဆူ ပျောက်ဆုံးသဖြင့် ကုန်သည်ညီနောင်တို့မှာ ဝမ်းနည်းမဆုံး ရှိကြလေသည်။ ဆံတော်မွေတော်များ

တမ္ဗဒီပကျောက်ကြ

www.burmeseclassic.com

www.burmeseclassic.com









ပျောက်သည့်နေရာကို ယခုအခါ "မွေတောင်"ဟု ခေါ်ဝေါ်ကြလေသည်။

ကုန်သည်ညီနောင်တို့သည် ဥက္ကလာပဌာန ဒဂုံဟုခေါ်သော ယခု ရန်ကုန်သို့ ရောက်ကြ၍ ဥက္ကလာပမင်းကြီးအား အကျိုးအကြောင်းလျှောက်ထားသဖြင့် ဥက္ကလာပမင်းကြီးသည် ဗျောက်ဆုံးသွားသော ဆံတော်နှစ်ဆူကို ပြန်ရယူပူဇော်လိုကြောင်း ညီနောင်နှစ်ဦးတို့နှင့်အတူ အဓိဋ္ဌာန်ပြုကြရာ အောင်မြင်တော်မူသဖြင့် မိမိကိုယ်တိုင် သိဂုံတွင်ရကုန်းတော်ပေါ်တွင် ဆံတော်မြတ်ရှစ်ဆူတို့ကို ဌာပနာထားကာ ရွှေတိဂုံစေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်။ ဆံတော်မြတ်နှစ်ဆူ ပြန်လည်ကြွသွားသဖြင့် ယူကြုံးမရဖြစ်နေကြသည့် နဂါးမင်းတို့သည် ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသသို့ သွားရောက်ကာ မြတ်စွာဘုရားအား ရိုခိုးကြကုန်လျက် ကိုးကွယ်ရန် တစ်စုံတစ်ရာကို ချီးမြှောက်ပေးသနားတော်မူပါရန် လျှောက်ထား တောင်းဆိုကြလေသည်။ ထိုအခါ မြတ်စွာဘုရားက လက်ယာအောက် စွယ်တော်အလား ပြုစုလျက် ဆက်သွင်းယူဆောင်လာကြရန် မိန့်တော်မူလေသည်။ ရေနတ်နဂါးတို့သည် ကမ္ဘာအနှံ့ရှာဖွေကြလေသော် အနောက်ရိုးမတောင်တန်း၏ မြေအင္ဂုကုန်းထိပ်တွင် အသက်ဝိညာဉ်ကင်းမဲ့နေသော ဆင်ဖြူတစ်စီးကို တွေ့မြင်ကြလေရာ ယာဘက် အစွယ်ဖြူကို ထုတ်ယူ၍ သမုဒ္ဒရာရေအောက်နန်းသို့ ပြန်ခဲကြလေသည်။ ဆင်ဖြူတော်



www.burmeseclassic.com

www.burmeseclassic.com

တွေ့မှု အကြောင်းပြု၍ ဆင်ဖြူတောင်ဟူ၍ သတ်မှတ်ခေါ်တွင်ကြလေသည်။

နဂါးမင်းတို့သည် ဆင်စွယ်တွင် ဗုဒ္ဓရုပ်ပုံတော်ကို နဂါးများ ရစ်ပတ်ခြုံရုံနေဟန်နှင့် ကျန်သည့်အစွယ်များကို လက်ယာအောက်စွယ်တော်အလား ပြုလုပ်ကြကုန်လျက် မြတ်စွာဘုရားအား ဆက်သကြလေရာ မြတ်စွာဗုဒ္ဓက နဂါးရုံ နှင့်မှားတော်အား လက်ယာလက်တော်ဖြင့် အထက်အောက် သုံးသပ်တော်မူလျက် စွယ်တော်အတုကို အာခံဘွင်းတွင် ထားတော်မူကာ သာသနာတော်ငါးထောင်၏ တစ်ဝက်တိုင် ပူဇော်ကြရန်နှင့် သာသနာတစ်ဝက်အကျော်တွင် ရှူသားတို့ အလှည့် ပြောင်းပူဇော်နိုင်ကြရန် လူ့လောကသို့ ပို့ဆောင်ကြလေဟု မိန့်တော်မူခဲ့၍ နဂါးမင်းတို့အား အပ်နှင်းတော်မူလိုက်လေသည်။ သာသနာတော်သက္ကရာဇ် နှစ်ထောင့်ငါးရာ အစွန်းသို့ ရောက်လတ်သော် မြတ်ဗုဒ္ဓ ဗျာဒိတ်တော်အတိုင်း နဂါးမင်းတို့က နဂါးရုံ ဗုဒ္ဓရုပ်ပွားတော်နှင့် စွယ်တော်တုကို လူပြည်သို့ ပို့ကြရန် ဆုံးဖြတ်ချက်ချကြလေသည်။

ထိုအခိုက်တွင် မြန်မာနိုင်ငံ၌ကား ပထမဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ဝိတိုရိယဘုရင်မင်း "အရှင် အသဘာနန္ဒီ သူရိယာဘိဝံသ သီဟသူရ အဓိပတိပဝရ ဓမ္မသေနာပတိ အတုလာဓိပတိ သိရိပဝရ မဟာသံဃသိဿရ သံဃရာဇာ" ဟူသော ဘွဲ့တံဆိပ်တော်နှစ်ရပ် ရရှိတော်မူသော ဆရာတော် ဦးအာသဘ အရှင်မြတ်သည် အနောက်ရိုးမ









www.burmeseclassic.com

www.burmeseclassic.com



သော မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ဘွားပနာထားရန်၊ နဂါးရုဲဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် စွယ်တော်မြတ်ကို ပေးအပ်တော်မူခဲ့လေသည်။

ဆရာတော် ဦးသာသနသည် ဆင်ဖြူတောင်စခန်းမှ ၁၃၂၂ ခုနှစ်၊ တန်ခူးလဆန်း ၁၅ရက်တွင် ထွက်ခွာခဲ့၍ အများပြည်သူတို့ ပူဇော်နိုင်ရန် ရှေးဦးစွာ ကမ္ဘောဇတိုင်းတောင်ပိုင်းရှမ်းပြည်သို့ ပင့်ဆောင်တော်မူပြီး ညောင်ရွှေတော်ဘွား စပ်စဲဖနှင့် မဟာဒေဝီ စပ်ရွှေအုန်းတို့၏ ဟောနန်းတော်တွင် တစ်ဝါတွင်းလုံး သီတင်းသုံးအပူဇော်ခံရန် ဆောင်ရွက်တော်မူခဲ့ပါသည်။ ထိုမှတစ်ဆင့် မန္တလေး၊ ပြည်၊ ကြံခင်းမြို့သို့ ဒေသစာရီကြွချီတော်မူခဲ့ပါသည်။ ကြံခင်းမြို့တွင် မထင်ရှားသောအသွင်ဖြင့် ဒါယကာနှစ်ဦးတို့က ဆံတော်များ



ဆင်ဖြူတောင်တောကြီးရှိ လိုဏ်ဂူကျောင်းတော်တွင် သီတင်းသုံးတော်မူလျက်ရှိနေပေပြီ။ နတ်နဂါးအများတို့သည် သာသနာတော်သက္ကရာဇ် ၂၅၀၀ပြည့်ပြီး နှစ်လအလွန်တွင် ရုပ်ပွားတော်မြတ်နှင့် စွယ်တော်ပွားကို အားပါးတရ ပူဇော်ကြပြီး၊ ဆင်ဖြူတောင်ဆရာတော် ဦးအာသဘနှင့် အရှင်မြတ်ထံ လျှောက်ထား အပ်နှံခဲ့ကြလေသည်။

ဆင်ဖြူတောင်ဆရာတော် ဦးအသဘသည် မိမိ၏ယုံကြည်စိတ်ချရသော တပည့်ရင်း ဆင်ဖြူတောင်ဦးသာသနအရှင်မြတ်အား နဂါးမင်းတို့ လျှောက်ထားချက်များကို မိန့်ကြားတော်မူပြီးနောက် မဟာရန်ကုန်မြို့အပါအဝင် သာကေတမြို့နယ်သစ်တည်ရာ၊ ပင်ကုက္ကို့ ညောင်ပတ်သည့် အောင်ဓာတ်ရမြေအပြင်တွင် (၁၀ဂ)တောင် အမြင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လာရောက် လှူဒါန်းမှုကို လက်ခံရရှိတော်မူခဲ့လေသည်။ ထိုမှတစ်ဆင့် မြန်အောင်၊ အင်ပင်၊ ထူးကြီး၊ ဟသ်တပြို့တို့တွင် ခေတ္တယာယီ အပူဇော်ခံတော်မူ၍ ကဆုန်လပြည့်ကျော် (၁)ရက် စနေနေ့တွင် သင်္ဘောဖြင့် ရန်ဟုန်ပြိုသို့ ကြွရောက်တော်မူရာ ၂ရက်နေ့တွင် ရောက်တော်မူသည်။ ၁၃၂၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉) ရက်နေ့တွင် ယခုစေတီတော်ကြီး တည်ရှိရာမြေနေရာ၌ သာသနမြေအဖြစ် ကျောက်ပန်းက်ချ၍ သာသနာအောင်လံကို စိုက်ထူတော်မူခဲ့ပါသည်။ နတ်တော်လဆန်း (၁၅) ရက်သောကြာနေ့တွင် ဘုရားပန်းက်ချမှတ်တော်မူ၍ ပြာသိုလဆန်း (၁၅) ရက်နေ့တွင် အုတ်မြစ်ကျင်းတူးဖော်ကြသည်။ မဟာဗောဓိစွယ်တော်မြတ်ဘုရားသမိုင်း ပြတိုက်တွင် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများတွေ့မြင်ရသည်။ သာသနာပြုဆရာတော် ဦးသာသန၏ ပုံတော်လည်းဖူးတွေ့ရ၏။ ထိုပြတိုက်တွင် ဗုဒ္ဓခြေတော်ရာ တစ်ခု၊ ရှင်သိဝလိ၊ ရှင်ဥပဂုတ္တ ရဟန္တာရုပ်တုပုံတော်များလည်း ဖူးမြင်ရသည်။

သမိုင်းပြန်ဆက်ရသော် ငင်းနှစ် ဝါတွင်း ၃ လပတ်လုံး အလုံလမ်း အမှတ်(၂၂၁) မီးရထားအရေးပိုင် ဦးထွန်းမောင်၊ ဒေါ်ခင်ဝင်းတို့၏ တိုက်၌ ကိန်းဝပ်တော်မူခဲ့ပါသည်။ ဝါကျွတ်ပြီးနောက် ပြာသိုလဆန်း (၁၂)ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်းသို့ ဒေသစာရီ ကြွချီတော်မူ၍ လားရှိုးမြို့ သိန့်စော်ဘွားကြီး စပ်မန်ဖန့် သီရိစန္ဒာ မဟာဒေဝီတို့ ဟော်နန်းတွင် အပူဇော်ခံတော်မူခဲ့လေသည်။ ထိုမှတစ်ဆင့် ကျောက်မဲ၊ သာစည်၊ ရမည်းသင်းမြို့များ၌ ခေတ္တခနစီ အပူဇော်ခံလေသည်။ ၁၃၂၃ ခုနှစ်၊ တပို့တွဲလဆန်း (၁၄) ရက်၊ တနင်္ဂနွေနေ့ နံနက် (၉)နာရီအချိန်တွင် သံဃာတော် အပေါင်း (၁၀၈)ပါးကို ပင့်ဆောင်လျက် နယ်မြေ (၄) ရပ်မှ လာရောက်ကြသော ပရိသတ်အများ၊ တပည့်သားတို့နှင့် စည်ကားသိုက်မြိုက်စွာ အုတ်မြစ်ချပွဲ ပြုလုပ်ခဲ့သည်။ အုတ်မြစ်ချပြီးချိန်မှစ၍ စက်အားလူအားတို့ဖြင့် မနေမနားဆောင်ရွက်ကြရာ ၁၃၂၄ ခုနှစ်၊ တပို့တွဲလဆန်း (၁၄) ရက်နေ့တွင် ထီးတော်၊ ဂုက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဆက်ကပ် လှူဒါန်းပြီးနောက်ခဲ့ကြသည်။ (၁၀၈) တောင်စေတီကို (၃)နှစ်တာကာလနှင့် အပြီးတည်တော်မူခဲ့ပါသည်။ တပို့တွဲလဆန်း (၁၅) ရက်နေ့တွင် သံဃာတော် (၁၀၈) ပါးနှင့် ဗုဒ္ဓါဘိသေက မင်္ဂလာ အနေကဇာတင်ပွဲ ခြိမ့်ခြိမ့်သဲအောင် ဆင်နွှဲကျင်းပပြီးစီးခဲ့လေသည်။

ဤလုပ်ငန်းဆောင်ရွက်မှု (စေတီတော်တည်ရာ)တွင် ဆရာတော်ဦးသာသနသည် ခွက်ထိုးအလှူမခံ၊ ဒါနတရားမဟော၊ ကြေးစည်မထု၊ သာဓုသံမပေး၊ မဟစ္ဆေးဘဲ ဗုဒ္ဓဘာသာ ရဟန်းတော်များအား လူမျိုခြောင်တို့ အထင်သေးအမြင်သေးမှုတို့ကို ကာကွယ်တော်မူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com





ယခုအခါ (၁၀၈)တောင် မဟာဗောဓိစေတီတော်မြတ်ရင်ပြင်တော်အား ကြွေပြားခင်းထားခြင်း၊ လေးဘက်လေးရံမုခ်ဦးတည်ဆောက်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ပူဇော်ထားခြင်း၊ ဂြိဟ်ရုစ်ခွင်တိုင်နှင့် ရုပ်ပွားတော်၊ တရားထိုင်လိုင်ဂူ၊ ပဉ္စဝဂ္ဂိငါးဦးအား တရားဟောနေပုံ၊ ရှင်ဥပဂုတ္တကန်တော်နှင့် ဘိုးဘိုးအောင်ဓာတ်တော်တိုက်၊ နှစ်ကျိတ်ရှစ်ဆူဘုရားတန်ဆောင်း၊ မဟာဗောဓိညောင်ပင်၊ အလျားခဲ့ဌာန၊ ဂေါပကရံခန်း၊ ပေါ်တော်မူစေတီ၊ နဂါးရံဘုရား စသည်တို့ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စည်ပင်လျက်ရှိပါသည်။ ဆရာကြီးဦးရွှေအောင်သာသနာပြုအဖွဲ့မှလည်း အရိယဝိဇ္ဇာ မဟိဒ္ဓိဆရာတော်ကြီးများ၊ အောင်ဝိဇ္ဇာဓာတ်နန်းကို တိုးချဲ့ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။

(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင် စေတီတော်အရှေ့မြောက်ထောင့်တွင် အုန်းကိုးပင်စုဝေး ပေါက်ရောက်နေတာတွေ့ရသည်။ "အုန်းကိုးပင်သိုက်" ဟုရေးထားသည်။ အုန်းကိုးပင်အနီး နတ်နန်းတွင် အမွှေးတိုင်၊ ဖယောင်းတိုင်ပွဲလှူ ဆုတောင်းမှုပြုနိုင်သည်။ သိုက်ချုပ်ဘိုးဘိုးကြီးနှင့် ယက္ခကိုယ်ဘိုးတော်ကြီးပုံတွေလည်းရှိသည်။ စေတီတော်နှင့် ဆက်နေသော တန်ဆောင်းကြီးအတွင်းတွင် ဘုရားရဟန္တာ၊ ဝိဇ္ဇာခိုရ်ပုံများ၊ ထွက်ရပ်ပေါက်ဆရာတော်ကြီးများပုံတော်၊ သူရဿတီမယ်တော်၊ နဂါးဘိုးတော်၊ မယ်တော်တို့တည်ရှိသည်။ အလယ်တည့်တည့်တွင် ကြည်ညိုဖွယ် မဟာမုနိမြတ်စွာဘုရားဖူးတွေ့ရသည်။ ထိုပုပ္ပါရုံတန်ဆောင်းကြီးတွင် အခမ်းအနား၊ တရားပွဲများကျင်းပသည်။ ပတ်ပတ်လည်နံရံတွင် ဗုဒ္ဓဝင်ပန်းချီကားများဆွဲထားသည်။

ဘုရားရင်ပြင်တွင် ရှိသင့်တာတွေ ပူဇော်ထား၊ ပြုလုပ်ထားတာ တင့်တယ်ပါသည်။ သို့သော် လိုအပ်သည် ထက်ပို လုပ်ပါက ဘုရားရင်ပြင်ကျဉ်းမြောင်းသွားနိုင်ကြောင်း သတိပြုသင့်သည်။ (၁၀၈) တောင်ရင်ပြင်ပတ်လည်တွင် ဘိုးဘိုးအောင် အောင်မြေ၊ အုန်းကိုးပင်၊ ပြည်လုံးချမ်းသာအောင်တော်မူစေတီ၊ ရာဇာစိုးဘိုးဘိုးကြီး၊ ဆင်ဖြူတော်တို့မှာ ထူးခြားသောနေရာဌာနများဖြစ်သည်။ သမိုင်းဝင်ထင်ရှားသောကြယ် ၄၆ လုံးနှင့် ဒေါင်းတံခွန်တိုင်ပြုပြင်မွမ်းမံထားပေးသင့်ပါသည်။ စေတီတော်အနီးရှိ ဆင်ဖြူတော် ကျောင်း၀တွင်လည်း၊ ဆရာတော်ဦးသာသနရုပ်ထုပုံ ကျောင်းဆောင်ဖြင့် သေချာပူဇော်ထားသည်။ (၁၀၈)တောင် စေတီသည် နတ်နဂါး၊ ဝိဇ္ဇာများနှင့် ဆက်စပ်နေ၍ ထေရ၀ါဒစစ်စစ်ဟု ကြွေးကြော်နေဟက်ယက်သူများ နောက်ဆုတ်သွားကြရသည်။ နှစ်စဉ် ဓမ္မဒူတ တရားစခန်းဖွင့်လှစ်ပေးသည်။ စေတီအနီးရှိ တည်းခိုခန်းကြောင့် ဘုရားနှင့် မတင့်တယ်စေမှုကိုဖြစ်စေသည်။ သာသနာ့နှယ်မြေ မပျောက်အောင် ဂေါပကတွေထိန်းသိမ်းနေကြရသည်။ (၁၀၈) တောင်စေတီသို့ တစ်ခေါက်တစ်ခါ အရောက်လှမ်းကာ ကုသိုလ်ကောင်းမှုပြုကာ လိုရာဆန္ဒဆုတောင်းမှုပြုနိုင်ကြပါစေ။

* * *

မင်းထက်ခေါ်(B.S c)

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓိဌာန်မြဲ
ရုပ်လှကောတာဝန်တည်သော အိပ်ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



အခါတစ်ပါး၌ ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မမူဘဲ ရာဇဂြိုဟ်အနီး ရှိ ဂိဒ္ဓကုဋ်တောင်၌ သီတင်းသုံးတော်မူသည်။

ထိုအခါ မမျော်လင့်ဘဲ ရာဇဂြိုဟ်သူဌေး၏ အိမ်ကျွန်မ "ပုဏ္ဏာ" သည် ဗုဒ္ဓဘုရားရှင်နှင့် ဆုံစည်းပူဇော်ခွင့်ရခဲ့သည်။ အိမ်ကျွန်မ ပုဏ္ဏာသည် ဗုဒ္ဓအား ဆန်ကွဲမုန့် လှူဒါန်းခွင့် ရသဖြင့် အကျိုးအမြတ် အံ့ဖွယ်ဖြစ်ပွား ရရှိ၍ စင်ကြယ် မြင့်မြတ်သောဘဝ၌ ခိုလှုံခွင့်ရခဲ့သည်။ ထိုအခါ အိမ်ကျွန်မ ပုဏ္ဏာသည် ဂန္ဓဝင် ပုဂ္ဂိုလ်စာရင်း၌ ပါဝင်ခွင့်ရ၍ လေးစား မြတ်နိုးခြင်း ခံရသည်။

ကံဆုံ၍ ကြုံခိုက် ရရှိသော အခွင့်အရေးကို သုံးစွဲ၍ အနည်းငယ်မျှ အလှူဒါနပြုရခြင်းကြောင့် ယင်းသို့ အလှူရှင် တို့၏ မြင့်မြတ်သော အကျိုးပေးဖြစ်စဉ် ပေါ်လွင် ထင်ရှားခဲ့ သည်။

* * *

အခါတစ်ပါး

အရှင်မောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသ စာရီ ခရီးတစ်ထောက် ကြွရောက်သည်ရှိသော် နတ်ပြည်တွင် အရောင်အဆင်း ထွန်းလင်းတောက်ပ၍ ကြီးကျယ်ခမ်းနား သော ဗိမာန်တို့၌ စည်းစိမ်ချမ်းသာ ခံစားနေကြရသော နတ်သမီးတို့နှင့် တွေ့ကြုံဆုံစည်းခွင့် ရရှိသည်။

မထေရ်မြတ်သည် ဗိမာန်တစ်ခု၏ ရှေ့၌ ရပ်လျက် ဗိမာန်ရှင် နတ်သမီးပျိုအား...

"အသင် နတ်သမီး၊ သင် နတ်သမီး ခံစားရသော ဗိမာန်ကား အရောင်အဆင်း ထွန်းလင်းတောက်ပ၏။ ကြီးကျယ်ခမ်းနား၏။ တင့်တယ် ခဲ့ညားလှ၏။ အဘယ်ကောင်းမှုကြောင့် ဤစည်းစိမ်ချမ်းသာ ခံစားရသနည်း"

ဟု မေးတော်မူသည်။ ထိုအခါ ဗိမာန်ရှင် နတ်သမီး ပျိုသည် ရှက်ရွံ့သော အမူအရာဖြင့်...

"အရှင်ဘုရား...သည်းခံတော်မူပါ ဘုရား။ မဖြေကြား ပါရစေနှင့်၊ ရှက်လွန်းလို့ပါ ဘုရား"

ဟု ရိသေကျိုးနွံစွာ တောင်းပန်လျှောက်ထားသည်။

ထိုအခါ အရှင်မောဂ္ဂလာန်မထေရ်မြတ်က...

"အသင် နတ်သမီး၊ ဘုရားရှင်၏ သားတော် မေမြန်း သောအခါ၌ မဖြေကြားဘဲ မနေအပ်၊ ဖြေကြားရမည်"

ဟု မိန့်တော်မူခြင်းကြောင့် နတ်သမီး ဖြေကြားသည် ကား...

"အရှင်မြတ်ဘုရား... တပည့်တော်မသည် တစ်ခု သောဘဝ၌ ကြီးခင်းစောင့်ရစဉ် ရဟန်းတော်တစ်ပါးအား ကြဲချောင်းတစ်ချောင်း လှူဒါန်းခဲ့ဖူးပါသည်။ ထိုကြဲချောင်း လှူရသော အကျိုးအားကြောင့် ဤကဲ့သို့ နတ်စည်းစိမ် ချမ်းသာ ခံစားနေရသဖြင့် သေးငယ်စွာ ပြုခဲ့သောအလှူကို ဖွင့်ဆိုလျှောက်ထားရန် ရှက်သဖြင့် မလျှောက်ထားလိုခြင်း ဖြစ်ပါသည် ဘုရား"

ဟု လျှောက်ထားသည်။

အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ဤနည်းဖြင့် အခြားနတ်ဗိမာန်အသီးသီးရှိ နတ်သမီးပျိုတို့အား မေးမြန်းရာ တွင် "တည်သီး" တစ်လုံးလှူခဲ့ခြင်းကြောင့် နတ်ဗိမာန်ခံစားရ သော နတ်သမီး၊ "သခွားသီး" တစ်လုံးလှူခဲ့ခြင်းကြောင့် နတ် ဗိမာန်ခံစားရသော နတ်သမီး၊ "သစ်ပြစ်" တစ်ဆုပ် လှူခဲ့ခြင်း ကြောင့် နတ်ဗိမာန်ခံစားရသော နတ်သမီး၊ "တမာရွက်" တစ်ဆုပ်လှူခဲ့ခြင်းကြောင့် နတ်ဗိမာန်ခံစားရသော နတ်သမီး တို့ကို တွေ့မြင်ခဲ့ရသည်။

စင်စစ်...အလှူဟူသည် ကုသိုလ်စာရင်း၌ ပါဝင်ခြင်း ဖြစ်၍ "ကုသိုလ်" ဟူသည် ကုသိုလ်ရှင်အား ကောန်ကောင်း ကျိုးပေးမည်သာ ဖြစ်သည်။ နတ်သမီးတို့သည် တစ်ချိန်တစ်ခါ သောဘဝ၌ သူတို့ဘဝနှင့် ထိုက်တန်သော အလှူပြုခဲ့ကြ ၍ သူတို့အလှူနှင့် ထိုက်တန်သောအကျိုး ခံစားကြရခြင်း ဖြစ်သည်။

(ဤ၌ နတ်သမီးအကြောင်းတို့ကို ရေးသား ဖော်ညွှန်း ရန် မရည်ရွယ်ပါ။ အကြောင်းအားလျော်စွာ ပါဝင်သွားခြင်း သာဖြစ်သည်။ ရေးလိုသည်မှာ ဤနတ်သမီးတို့၏ အလှူနှင့် ခပ်ဆင်ဆင်တူသော ရာဇဂြိုဟ်သူဌေး၏ အိမ်ကျွန်မ ပုဏ္ဏာအကြောင်း ရေးလိုခြင်းသာ ဖြစ်သည်။)

* * *

အိမ်ကျွန်မ

အိမ်ကျွန်မ ပုဏ္ဏာကား သူတစ်ပါးကျွန်ဖြစ်၍ ကိုယ့် ဘဝ ကိုယ်မပိုင်၊ စေရာ သွားရသည်။ ခိုင်းရာ လုပ်ရသည်။ ယနေ့အဖို့ စပါးများစွာ အပ်နှင်း၍ စပါးထောင်းရန် စေခိုင်းခြင်း ခံရသည်။ ထို့ကြောင့် အိမ်ကျွန်မ ပုဏ္ဏာသည် ညဉ့်အချိန်၌ ပင် ဆီမီးညှိထွန်း၍ စပါးထောင်းရသည်။ ဆန်ဖွတ်ရသည်။ ထိုအလုပ်ကား အလွန်ပင်ပန်းသော အလုပ်ဖြစ်သည်။ အိမ် ကျွန်မ ပုဏ္ဏာ ဆင်းရဲပင်ပန်းရာသည်။ ချွေးတပြိုက်ပြိုက်

www.burmeseclassic.com

www.burmeseclassic.com

ထွက်သည်။ တစ်ကိုယ်လုံး ချွေးဖြင့် စိုစွတ်လျက်ရှိသည်။ ထို့ကြောင့် ခေတ္တအပန်းဖြေ အနားယူသောအားဖြင့် အပြင်ဘက် လေပြည်လေညင်း ဖြန်းပြူးရာ၌ ရပ်တည်၍ [redacted] လင် အေးမြခြင်းအရသာကို စိမ့်စိမ့်မြမြ ခံစားလျက်ရှိသည်။

စင်စစ် အိမ်ကျွန်မ ပုဏ္ဏာသည် သူဘာဝ၌ အိမ်ကျွန်မ ဒါသီဖြစ်ရလေခြင်းဟူသော အစွဲကြောင့် ချမ်းမြေ့လန်းဆန်းဖွယ်ရာတို့နှင့် ကွေကွင်းပြတ်စဲခြင်း မရှိ။ တက်ကြွ ပြက်နိုးဖွယ်ရာတို့ကို ပြုစုမွေးမြူ၍ ငြိမ်းချမ်းရာ ရာမိုးမွေ့လျော်လျက်ရှိသော အမျိုးသမီးဖြစ်သည်။

* * *

လမ်းပြ မထေရ်

မလွှာမင်းသားမှ ရဟန်းဖြစ်သော အရှင်ဒဗ္ဗမထေရ်ကား ရဟန်းတို့ကို အိပ်ရာနေရာ ညွှန်ပြ နေရာချထားပေးရသောတာဝန် ထမ်းဆောင်ရလျက်ရှိသည်။ အရှင်ဒဗ္ဗမထေရ်သည် ညဉ့်အခါ ဗုဒ္ဓဘုရားရှင်ထံတော်၌ တရားနာ၍ မိမိတို့သီတင်းသုံးရာ ကျောင်းအသီးသီးသို့ ပြန်ကြွလာကြသော ရဟန်းတို့အား အလင်းရောင်ရရှိစေရန် ဆီမီးတိုင်ကဲ့သို့ ဖန်ဆင်းအပ်သော လက်ညှိုးဆီမီးဖြင့် အလင်းရောင်ရရှိခြင်းကြောင့် ရှင်းလင်းမြင်သာစွာ ကြွချီကြရသည်။

ယင်းသို့ ညဉ့်အချိန် ဖန်ဆင်းရှင်၏ အလင်းရောင်ဖြင့် ကြွချီတော်မူကြသော ရဟန်းတို့ကို အိမ်ကျွန်မ ပုဏ္ဏာ၏ စိတ်၌ ဤသို့ ကြံစည်တွေးမြင်ခြင်း ဖြစ်ပေါ်ခဲ့စားရသည်။

"ငါကား ဒါသီ(အိမ်ကျွန်မ)ဖြစ်၍ ကိုယ့်ဘဝ ကိုယ် မပိုင်။ သူတစ်ပါး ခိုင်းစေရာတို့ကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ဆောင်ရွက်ရသဖြင့် အိပ်ချိန်၌ပင် မအိပ်ရ။ အရှင်ကောင်းတို့ကား အဘယ်ကြောင့် ကျိန်းစက်ချိန်၌ မကျိန်းစက်ကြသနည်း"

ဟု ကြံစည်ခြင်း ဖြစ်သည်။

စင်စစ်၊ တစ်စုံတစ်ယောက်သော ရဟန်း မကျန်းမာခြင်းသော်လည်း ဖြစ်ရာ၏။ မြွေဘေးကြုံရခြင်းသော်လည်း ဖြစ်ရာ၏ဟု ကြံစည်တွေးတောခြင်းဖြစ်သည်။

* * *

ပုဏ္ဏာ၏ ဆုတောင်း

ပုဏ္ဏာသည် နံနက်စောစော၌ ဆန်ကွဲကို ရေဆွတ်(ရေဆေးသန့်စင်)၍ ကြိတ်နယ်မီးကင်ကာ ဆန်ကွဲမုန့် ပြုလုပ်ပြီးလျှင် ရေဆိပ်တစ်နေရာရာ၌ စားအုံ့ဟု ကြံလျက် ရေအိုးယူဆောင်ကာ ရေဆိပ်သို့ ရှေးရှု ရေခပ်ခရီးထွက်ခွာလာသည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်လည်း ဆွမ်းအလို့ငှာ ဆွမ်းခံရွာသို့ ထိုလမ်းဖြင့်ပင် ကြွချီတော်မူသည်။

ပုဏ္ဏာသည် လမ်းခရီးတစ်နေရာ၌ ဗုဒ္ဓဘုရားရှင်အား ဖူးတွေ့ရသော်...

"ဩော်...တစ်ပါးသောနေ့တို့၌ ဘုရားရှင်အား ဖူးတွေ့ရသော်လည်း ငါ၌ လှူဖွယ်ဝတ္ထု မရှိ။ လှူဖွယ်ဝတ္ထုရှိစဉ်၌လည်း ဘုရားရှင်အား မဖူးတွေ့ရ။ ယခုကား လှူဖွယ်ဝတ္ထုလည်း ငါ၌ ရှိ၏။ ဘုရားရှင်အားလည်း မျက်မှောက်၌ပင် ဖူးတွေ့ရ၏။ ကြမ်းတမ်း ညံ့ဖျင်း၏ဟူ၍ လည်းကောင်း၊ မွန်မြတ်၏ဟူ၍ လည်းကောင်း ကြံစည်ခြင်း မပြုဘဲ၊ အကယ်၍ အလှူခံအံ့၊ ဤမုန့်လှူလိုပါ၏"

ဟု ကြံစည်ပြီးလျှင် ရေအိုးကို တစ်နေရာ၌ ညင်သာစွာ ချကာ ဘုရားရှင်ကို ထိခြင်းငါးပါးဖြင့် ရှိခိုး၍...

"အရှင်မြတ်ဘုရား...ကြမ်းတမ်းသော ဤမုန့်ကို အလှူခံတော် တပည့်တော်မအား ခွီးမြှင့်ခြင်း ပြုတော်မူပါဘုရား"

ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်သည် အရှင် အာနန္ဒာအား ကြည့်တော်မူသဖြင့် အရှင်အာနန္ဒာသည် နတ်မင်းကြီးလေးပါးလှူသော သပိတ်ကို ဘုရားရှင်အား ဆက်ကပ်၏။ ဘုရားရှင်သည် အရှင်အာနန္ဒာထံမှ သပိတ်ကို ယူဆောင်ပြီးလျှင် သပိတ်ကို ညွှတ်၍ ပုဏ္ဏာ လှူသော ဆန်ကွဲမုန့်ကြမ်းကို

www.burmeseclassic.com

www.burmeseclassic.com

အလှူခံတော်မူသည်။

ပုဏ္ဏာသည် မုန့်တို့ကို သပိတ်၌ အလုံးစုံ လောင်းထည့် လှူဒါန်းပြီးလျှင်...

"အရှင်မြတ်ဘုရား...အရှင်မြတ်ဘုရားတို့ သိအပ်သော တရားသည်ပင်လျှင် တပည့်တော်မအား ပြည့်စုံပါရစေ ဘုရား"

ဟု လျှောက်ထားသည်။ ဘုရားရှင်လည်း...

"တောင်းသည့်ဆုအတိုင်း ပြည့်စုံစေသတည်း"

ဟု ရပ်လျက်ပင် ဆုပေး အနမောဒနာပြုသည်။

* * *

မုန့်ကြမ်းအလှူပွဲ မပြီးဆုံးသေး

ဤတွင် အိမ်ကျွန်မ ပုဏ္ဏာ၏ ဘုရားရှင်အား လှူသော မုန့်အလှူပွဲ ပြီးဆုံးပြီဟု ထင်ရသည်။ သို့သော် အိမ်ကျွန်မ ပုဏ္ဏာ၏ မုန့်ကြမ်းအလှူပွဲကား ဤတွင် မရပ်သေး။ ရှေ့သို့ ဆက်ပြန်သည်။

"ငါ့အား အရှင်မြတ်ဘုရားသည် ချီးမြှောက်ခြင်း ပြုသဖြင့် မုန့်တို့ကို ခံယူတော်မူ၏။ ထိုသို့ ခံယူသော်လည်း ငါ၏ ကြမ်းတမ်းသော မုန့်တို့ကို ဘဉ်းပေးတော်မမူလတ္တံ့။ မချွတ်ကေန ခြေတော်ရွှေလျား ကြွလှမ်း၍ မကြာမီပင် ကျီးနင့် ခွေးတို့အား စွန့်ကြဲ၍ မင်းကြီး၏ အိမ်သို့ ဖြစ်စေ၊ မင်းသားတို့၏ အိမ်သို့ ဖြစ်စေ၊ ကြွချီတော်မူပြီးလျှင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကိုသာ ဘဉ်းပေး သုံးဆောင်တော်မူလတ္တံ့ဟု ပုဏ္ဏာ၏ စိတ်အစဉ်၌ အကြဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည်...

"ဤမုန့်အလှူခံခြင်း၌ အလှူရှင် ပုဏ္ဏာ၏ စိတ်ဝယ် အဘယ်သို့ ဖြစ်ပွားခံစားရသနည်း"ဟု ဆင်ခြင်သော် ပုဏ္ဏာ၏ စိတ်ဖြစ်စဉ် လူပ်ရှားခံစားရမှုတို့ကို သိမြင်တော်မူသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် အရှင်အာနန္ဒအား ကြည့်ရှုလျက် ထိုင်ခဲ့သော အခြင်းအရာပြသဖြင့် အရှင်အာနန္ဒာသည် သင့်လျော်ရာ၌ နေရာခင်းကျင်းပြင်ဆင်၍ ဘုရားရှင်အား သီတင်းသုံးရန် လျှောက်ထားသည်။

ဗုဒ္ဓဘုရားရှင်သည် မြို့၏ အပ လမ်းခရီးတွင် အရှင်အာနန္ဒာ ခင်းကျင်းအပ်သောနေရာ၌ သီတင်းသုံးလျက် အိမ်ကျွန်မ ပုဏ္ဏာ လှူဒါန်းသော မုန့်ခဲဖွယ်တို့ကို ဘုဉ်းပေး သုံးတော်မူသည်။

ထိုအခါ စကြဝဠာတိုက်တစ်သောင်း၌ နေကြကုန်သော နတ်တို့သည် စုဝေးရောက်ရှိ၍ ဗုဒ္ဓဘုရားရှင် ဘုဉ်းပေးတော်မူအံ့သော အိမ်ကျွန်မ ပုဏ္ဏာ၏ ဆန်ကွဲမုန့်ကြမ်းတို့၌ အရသာထူးကဲသော နတ်ဩဇာတို့ကို ထည့်သွင်းလှူဒါန်း ဆက်ကပ်ကြသည်။

* * *

နိုးကြားခြင်း

အိမ်ကျွန်မ ပုဏ္ဏာသည် ဘုရားရှင်၏ ဆွမ်းဘဉ်းပေးခြင်းကို ကြည်ညိုဝမ်းမြောက်ခြင်းဖြင့် ကြည့်ရှု ဖူးမြော်ကာ ရပ်တည်လျက်ရှိသည်။ ဘုရားရှင် မုန့်ဆွမ်း ဘဉ်းပေးပြီးသော် အရှင်အာနန္ဒာက သောက်တော်ရေ ဆက်ကပ်သည်။ ဗုဒ္ဓဘုရားရှင်သည် မုန့်ဆွမ်း ဘဉ်းပေးပြီးသော် အိမ်ကျွန်မ ပုဏ္ဏာကို ခေါ်ပြီး...

"ချစ်သမီး ပုဏ္ဏာ... သင်သည် အဘယ့်ကြောင့် ငါ၏ တပည့်သား ရဟန်းတို့ကို ရေရွတ်(ပြစ်တင် ဆဲဆို) ပြောဆိုတိသနည်း"

ဟု မေးမြန်းတော်မူသည်။

ထိုအခါ ပုဏ္ဏာက...

"အရှင်မြတ်ဘုရား...ရဟန်းတို့ကို ရေရွတ်(ပြစ်တင် ဆဲဆို)ပြောဆိုခြင်း မပြုပါ ဘုရား"

ဟု လျှောက်ထားသော်...

"ထိုသို့ ရေရွတ်(ပြစ်တင်ဆဲဆို)ခြင်း မပြုလျှင် အဘယ်သို့ ပြောဆိုသနည်း"

ဟု မေးမြန်းသောကြောင့်...

www.burmeseclassic.com

www.burmeseclassic.com

"အရှင်မြတ်ဘုရား...တပည့်တော်မသည် ငါမှာကား ဆင်းရဲခဲ့ကုန် နိပ်စက်ခြင်းကြောင့် အိပ်စက်ခြင်း မပြုရသေး။ အရှင်ကောင်းတို့သည် အဘယ်ကြောင့် ကျိန်းစက်တော်မူခြင်း မပြုကြဘိသနည်းဟု စိတ်သန္တာန် တွေးကြံပြီးလျှင် မချွတ်ကေန် တစ်ခုတစ်ယောက်သော ရဟန်း မကျန်းမမာ မချမ်းသာခြင်းမူလည်း ဖြစ်ရာ၏။ မြွေဟူသော အဆိပ်ဘေး ရန်မူလည်း ဖြစ်ရာ၏ဟု ကြံစည်မိခြင်းသာ ဖြစ်ပါသည် ဘုရား"

ဟု လျှောက်ထားသောကြောင့် ဗုဒ္ဓသည် အိမ်ကျွန်မ ပုဏ္ဏာအား တရားအရာ၌ သိမြင်ရရှိစေလို၍ ရှေးဦးစွာ သိမှတ်ဖွယ်အခြင်းအရာတို့ဖြင့် တန်ဆာဆင်လျက် တရားစကား ဟောကြားတော်မူသည်။

"ချစ်သမီး ပုဏ္ဏာ...သင်ကား ဆင်းရဲခဲ့ကုန် နိပ်စက်ခံရခြင်းကြောင့် မအိပ်နိုင်ပါ။ ငါဘုရား၏ တပည့်သာဝကတို့ကား အခါခပ်သိမ်း နိုးကြားခြင်း၌ အဖန်ဖန်လေ့လာ အားထုတ်ခြင်းကြောင့် မအိပ်နိုင်ကြ"

ဟု အစချီ၍ ဤဂါထာတရား မိန့်ကြားတော်မူသည်။

သဒါဇာဂရမာနာနံ၊ အဟောရတ္တာနုသိက္ခိနံ၊
နိဗ္ဗာန်အဓိမုတ္တာနံ၊ အတ္ထံဂစ္ဆန္တိ အာသဝါ။

သဒ္ဓါ - အခါခပ်သိမ်း ဇာဂရမာနာနံ - နိုးကြားကြကုန်သော၊ အဟောရတ္တာနုသိက္ခိနံ - နေ့ည၌ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကြကုန်သော၊ နိဗ္ဗာန် - နိဗ္ဗာန်သို့ အဓိမုတ္တာန် - အလိုရှိခြင်း၊ နလုံးသွင်းခြင်း ရှိကြကုန်သော ပဂ္ဂိုလ်တို့အား၊ အာသဝါ- အာသဝေါတရား လေးပါးတို့သည်၊ အတ္ထံ-ချုပ်ခြင်းသို့၊ ဂစ္ဆန္တိ - ရောက်ကုန်၏။

ဤဒေသနာတော်၏ အဆုံး၌ ရပ်မြဲတိုင်းဖြင့်ပင် ပုဏ္ဏာမည်သော ကျွန်မသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ အခြား တရားနာ ပရိသတ်တို့အားလည်း အကျိုးဖြန့်ဝေခံစားရသော တရားဒေသနာဖြစ်သည်။

* * *

ထင်ရှားစွာ မြင်ရခြင်း

"ပုဏ္ဏာ"ဟူသည် "ဒါသီ"ဟု အမည်ရသော ရာဇပြိုတ်သူဌေး၏ အိမ်ကျွန်မ ဖြစ်၍ လောက၏အမြင်၌ ဘဝအနေအထားတည်ရှိမှုဖြင့် ကြည့်ရှုသော် နိမ့်ကျလျက်ရှိကြောင်း ထင်ရှားစွာ မြင်ရသည်။

အိမ်ကျွန်မ ပုဏ္ဏာသည် ဘဝခရီးတွင် ကြမ်းတမ်းစွာ ထိတွေ့ရ၍ ဆင်းရဲခဲ့ကုန်ကြံတွေ့ ခံစားရသော်လည်း အကျွတ်၌ ပသန္နစိတ် ကိုန်းဝပ်လျက်ရှိကြောင်း ထင်ရှားစွာ မြင်ရသည်။

ဗုဒ္ဓနှင့် အမှတ်ယထင် ကြုံဆုံဖူးတွေ့ရသောအခါ ပုဏ္ဏာ၏ အကျွတ်၌ ကိုန်းဝပ်လျက်ရှိသော ပသန္နစိတ်သည် လင်းလက်တောက်ပကာ သဒ္ဓါနှင့် ပေါင်းစည်း၍ မိမိစားဖွယ်ရာ ဆန်ကွဲကြမ်း မုန့်ခဲဖွယ်တို့ကို ဗုဒ္ဓဘုရားရှင်အား ဆက်ကပ် လှူဒါန်းခြင်းသည် ပါရမီနှင့် ယှဉ်သော အိမ်ကျွန်မ၏ ပသန္နစိတ် စိမ်းလန်းခင်းနားကြောင်း ထင်ရှားစွာ မြင်ရသည်။

ထူးဆန်းသည်မှာ ပုဏ္ဏာသည် မိမိ၌ အမွန်မြတ်ဆုံးဖြစ်သော ဆန်ကွဲမုန့်ကြမ်းတို့ကို ဘုရားရှင်အား လှူဒါန်းပြီးနောက် ဘုရားရှင်သည် ငါ၏ ဆန်ကွဲမုန့်ကြမ်းတို့ကို ဘုဉ်းပေးတော်မမူလတ္တံ့ တစ်နေရာရာ၌ ကျီးနှင့် ခွေးတို့ကို ကျွေးစွန့်ပြီးလျှင် မင်းကြီး နန်းတော်သို့ ကြွခိုတော်မူ၍ မင်းကြီး၏ ချီးမြှင့်ကောင်းမြတ်သော ဆွမ်းခဲဖွယ်တို့ကိုသာ ဘုဉ်းပေးတော်မူလတ္တံ့ဟု အိမ်ကျွန်မ ပုဏ္ဏာ၏ ကြံကြံဖန်ဖန် ရဲရဲရင့်ရင့် ထူးထူးဆန်းဆန်းဖြစ်သော ချစ်စဖွယ် အတွေးစိတ် အသွင်သဏ္ဌာန်တို့ကိုလည်း ထင်ရှားစွာ မြင်ရသည်။

အိမ်ကျွန်မ ပုဏ္ဏာ၏ စိတ်အကြံဖြစ် ရှိမှုကို ဉာဏ်ဖြင့် ဆင်ခြင်ဝင်စား သိမြင်တော်မူသော ဗုဒ္ဓသည် ပုဏ္ဏာအား အချည်းနှီး မဟုက်စီးစေမူ၍ ချမ်းသာစေမူ ရေရှူလျက် တရားဟောကြား ချီးမြှင့်တော်မူသော ဗုဒ္ဓ၏ မဟာကရုဏာ မေတ္တာတော်ကိုလည်း ထင်ရှားစွာ မြင်ရသည်။

ဗုဒ္ဓဘုရားရှင်၏ တရားတော်ကို ကြားနာရသောအခါ ရပ်တည်လျက်ပင် သောတာပန်တည်သဖြင့် "ရပ်လျက် သောတာပန်တည်သော အိမ်ကျွန်မ"ဟူ၍ သာသနာသမိုင်း၌ ထင်ရှားစွာ မြင်ရသည် ■

* * *

စိတ်မိုး

ကျမ်းကိုး

- ပုဏ္ဏဒါသီ ဝတ္ထု (ဓမ္မပဒ၊ ၎၊ ၂)။

www.burmeseclassic.com

www.burmeseclassic.com

ဖောင်လင်းဇော်

ထူးဆန်းထွေလာ ဥာဏ်ကွက်များ

ဟစ်တလာကို ကယ်တင်ခဲ့သူ

၁၈၉၄ ခု၊ ဇန်နဝါရီလ၊ ချမ်းအေးနေသော ဆောင်းရာသီ နေ့တစ်နေ့တွင် ဂျာမနီနိုင်ငံ Passau မြို့၌ လေးနှစ်သား အရွယ် ကလေးငယ်တစ်ဦးသည် အေးခဲနေသော Inn မြစ်အတွင်း ပြုတ်ကျကာ ရေနစ်နေခဲ့သည်။ ထိုမြင်ကွင်းကို

အစအဆုံး မြင်တွေ့ခဲ့သော ခရစ်ယာန် ဘုန်းတော်ကြီး (Johann Kue hberger) သည် ရေထဲသို့ ချက်ချင်း ဒိုင်ဗင်ထိုးဆင်းခဲ့ကာ ရေနှစ်နေသူ ကလေးငယ်ကို ကယ်တင်ခဲ့သည်။ ထိုကလေးငယ်ကား နောင်တစ်ချိန်တွင် ဂျာမနီနိုင်ငံ၏ အဓိပတိကြီးဖြစ်လာမည့် အဒေါ်ဖ် ဟစ်တလာ(Adolf Hitter) ပင်တည်း။

ပန်းချီပုံက ပေးသော အသိ

သစ်ပင်များ အလွန်အကျွံ ခုတ်လှဲမှုကြောင့် သစ်တောများ ပြုန်းတီးလာမှုကို သတိပေးထားသော သုံးဘက်မြင် 3D ပန်းချီပုံကို ကွန်တိန်နာယာဉ်ကြီးတွင် ရေးဆွဲထားပုံဖြစ်သည်။ သစ်တောများ ဆုံးရှုံးမှုကြောင့် သစ်တောများအတွင်း ပိုတင်းနေထိုင်ကြသော တိရစ္ဆာန်များပါ မျိုးတုံး ပျောက်ကွယ်သွားမည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ သစ်အလွန်



အမင်း ခုတ်လဲသော မြန်မာနိုင်ငံအနေဖြင့် သတိချပ်ဖွယ်ရာပင်။

ပြန်လည် ရှင်သန်လာသည့် မျိုးစိတ်

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်ကတည်းက မျိုးတုံး ပျောက်ကွယ်သွားခဲ့ပြီဟု ယူဆထားသော Pinocchio ပုတ်



www.burmeseclassic.com

သင်မျိုးကို ယခုအခါတွင် အီကွေဒေါနိုင်ငံ သစ်တောတစ်ခုထဲတွင် ပြန်လည်တွေ့ရှိရသည်။

အဘိုးအိုနှင့် ကြက်သွန်နီ

အဘိုးအိုတစ်ဦးသည် သူကိုယ်တိုင် စိုက်ပျိုးခဲ့သော အသီးအပွင့်ရလဒ်အပြစ် အလွန်ပင် ကြီးမားသည့် ကြက်သွန်



နီဥကြီးကို ဂုဏ်ယူဝမ်းမြောက်စွာ ပြသနေပုံဖြစ်သည်။

ဖိုးပြုံးချို

Quokka ဟု အမည်ရသော တိရစ္ဆာန်ငယ်လေးသည် အစဉ်အမြဲ ပြုံးရွှင်နေသောကြောင့် ကမ္ဘာပေါ်တွင် ပျော်ရွှင်မှု

အရိုးခုံး သတ္တဝါလေးအဖြစ် သတ်မှတ်ထားကြသည်။ ပုံတွင် မြင်တွေ့ရသည့်အတိုင်း သူ၏ ပြုံးရွှင်နေသော မျက်နှာလေးနှင့် အိပ်နေပုံကို ချစ်စဖွယ် မြင်တွေ့ရသည်။

ဝါဂွမ်းပုံကြီးလော

ရုတ်တရက်ကြည့်လျှင် ဝါဂွမ်းပုံကြီးဟု ထင်ရနိုင်သည်။ အန်ဂိုရာ(Angora) ယုန်ဟု ခေါ်သော ကမ္ဘာ့အလှေးအမွှေးအမွှေးဆုံး

ယုန်တစ်မျိုး၏ ပုံဖြစ်ပါသည်။

သမင်ကလေး သေးသေးကွေး

တရုတ်နိုင်ငံရှိ ရေသမင်အမျိုးအစား သမင်မျိုးသည် အရွယ်အစား အလွန်ပင် သေးကွေးလှကာ၊ ပုံတွင် မြင်တွေ့



ရသည့်အတိုင်း လက်နှစ်ဖက်ပေါ် တင်ထားနိုင်သည်။

ဦးနှုတ်ခမ်းမွေး

ငှက်တွင် နှုတ်ခမ်းမွေးရှိသည်ဟု ပြောလျှင် အံ့သြကြ

www.burmeseclassic.com

www.burmeseclassic.com

မည်ပင်။ အမှန်တကယ်ပင် နှုတ်ခမ်းမွေးရှိသော ငှက်မျိုးစိတ် တစ်မျိုးကို ပုံတွင် မြင်တွေ့ရနိုင်သည်။ ထိုနှုတ်ခမ်းမွေးငှက်မျိုးကို Inca terns ဟု ခေါ်သည်။

ဆုံမှတ်

အပြာရင့်ရင့် အတ္တလန္တိတ်(Atlantic Ocean)သမုဒ္ဒရာကြီးနှင့် ပြာလဲ့လဲ့ ကာရေဘီယန်(Caribbean Sea) ပင်လယ်တို့၏ ဆုံမှတ်နေရာပုံဖြစ်သည်။ ကမ္ဘာပေါ်တွင် ထိုကဲ့သို့သော သမုဒ္ဒရာနှင့် ပင်လယ် ဆုံတွေ့သောနေရာများ



တွင် ရေများ ရောနောမသွားသည်ကို ထူးခြားအံ့သြဖွယ်ရာ မြင်တွေ့ရသည်။

ဘေဘီပိုလာဘဲ

ဝင်ရိုးစွန်းအရပ်များတွင် နေထိုင်သော ပိုလာဘဲ ဝက်ဝံပြူများကို လူတိုင်း တွေ့မြင်ဖူးမည်ပင်။ ပုံတွင် ပိုလာ

ဘဲ ဝက်ဝံသားပေါက်လေးကို ချစ်စဖွယ် တွေ့မြင်နိုင်သည်။

နစ်နာရီ နစ်ဆယ့်ရှစ်မိနစ်

မြင်တွေ့ရသော အိတ်ဆောင် နာရီသည် သာမန် နာရီ တစ်လုံးမဟုတ်ပေ။ တိုက်တန်းနစ်(Titanic) သင်္ဘော နစ်မြုပ်ရာတွင် အသက်ရှင် ကျန်ရစ်ခဲ့သူတစ်ဦးထံမှ ရရှိထားခြင်းဖြစ်သည်။ ထိုစဉ်ကတည်းက နာရီသည် နံနက် နစ်နာရီ



နစ်ဆယ့်ရှစ်မိနစ်တွင် ရပ်တန့်နေခဲ့သည်။ အသက်ရှင် ကျန်ခဲ့သူသည်လည်း နာရီပိုင်ရှင်မဟုတ်သေးပေ။ ပိုင်ရှင်ဖြစ်သူသည် အေးခဲနေသော အတ္တလန္တိတ်သမုဒ္ဒရာ ရေပြင်အောက် ရောက်ရှိသွားပြီး မိနစ်အနည်းငယ်အကြာတွင် ရပ်တန့်သွားခဲ့ပြီး ယနေ့ထက်တိုင် နာရီလက်တံများ ရွေ့လျားစေရန် မည်သူမျှ မတတ်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ပထမဆုံး လူနာတင် ယာဉ်

ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော လူနာတင် ယာဉ် အဖြစ် အသုံးပြုခဲ့သည့် စက်ဘီးခြေနင်းတပ် ယာဉ်ပုံဖြစ်



သည်။

ဖိုးက်ကောင်း

Frano Selak ဟု အမည်ရသူသည် ရထားလမ်းချော်၍ မြစ်အတွင်း ထိုးကျခဲ့မှုမှ အသက်ရှင်ခဲ့ကာ၊ ဘတ်စ်ကား မတော်တဆမှုတစ်ခုၵ်လည်း အသက်ဘေးမှ လွတ်ခဲ့သည်။ ဘတ်စ်ကား မြစ်အတွင်းသို့ ထိုးကျသော မတော်တဆမှု၊ လေယာဉ်ပျက်ကျမှု၊ ဘတ်စ်ကား ဝင်တိုက်ခံရမှုနှင့် ကား



ပေါက်ကွဲမှု နှစ်ကြိမ်တို့တွင် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ ထို့အပြင် သူ၏ ထပ်မံ ကံကောင်းမှုကား ၂၀၀၄ ခုနှစ်တွင် အမြင့်ဆုံးသော သိန်းထီဆုကြီး ပေါက်ခဲ့သည်။

နေ၊ လနှင့် ကြယ်တို့ ဆုတွေ့ချိန်

ကော်င်းကင်ယံတွင် နေ၊ လနှင့် ကြယ်များ တစ်ပြိုင်တည်း ထွန်းတောက်ချိန်ကို အမေရိကန်ပြည်ထောင်စု

Wisconsin ပြည်နယ်တွင် မြင်တွေ့ရပုံဖြစ်သည်။

အဲ့ဖွယ် ပန်းချီဆရာ

ပန်းချီဆရာသည် သူ၏ ပုံတူ ရုပ်ပုံကို ကိုယ်တိုင် အပြန်အလှန်ဆွဲနေဟန် လက်ရာမြောက်သော ပန်းချီကား တစ်ချပ်ကို ရေးဆွဲခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

Google ၏ ပထမဦးဆုံး ဝန်ထမ်းအဖွဲ့

ကမ္ဘာကျော် အင်တာနက်ရှာဖွေရေး ဝန်ဆောင်မှု ကုမ္ပဏီကြီး ဂူဂဲလ်(Google) ကို ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၄ရက်နေ့တွင် စတင် တည်ထောင်ခဲ့သည်။ ပုံတွင် Google ၏ ပထမဦးဆုံးသော ဝန်ထမ်းအဖွဲ့ကို မြင်တွေ့ရနိုင်သည်။ ယခုအခါတွင် Google ၌ ဝန်ထမ်းပေါင်း (၄၆,၄၂၁)ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

နော်ဝေ . . . နော်ဝေ

နော်ဝေနိုင်ငံကို ကမ္ဘာပေါ်တွင် နေချင်စဖွယ် အကောင်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ထားကြသည်။ လူအခွင့်အရေး အပြည့်ဝဆုံး ရရှိသည့် နိုင်ငံလည်း ဖြစ်သည်။ ထိုနိုင်ငံရှိ အကျဉ်းထောင်များသည် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများနှင့်ပင် မှားလောက်အောင် အဆင့်အတန်းမြင့်သည်။ နော်ဝေနိုင်ငံတွင် နိုဝင်ဘာလရောက်တိုင်း အခွန်အခေအားလုံးကို တစ်ဝက်မျှသာ ကောက်ခံသည်။ ဒီဇင်ဘာ ခရစ္စမတ်



ကာလတွင် နိုင်ငံသားတိုင်း ဖောဖောသီသီ ငွေကြေးသုံးစွဲနိုင်ရန်အတွက်ဖြစ်သည်။

"ဩော်...သူတို့နိုင်ငံကျတော့လည်း လိုလေသေးမရှိရအောင် လူအခွင့်အရေးရလိုက်တာ" ဟုပင် သြချရသည်။

ရေကြည်ရေသန့်

မွန်တာနာရှိ Flathead ရေကန်အတွင်းရှိ ရေသည် မှန်ကဲ့သို့ ကြည်လင်လှသည်။ ရေကြည်လွန်းသောကြောင့် ကန်အောက်ခြေအထိပင် ကြည်လင် ပြတ်သားစွာ ထိုး



ဖောက်မြင်ရသည်။ ရေကြည်သောကြောင့် ရေတိမ်သည်ဟု ထင်မှတ်ရသည်။ သို့သော် ရေကန်သည် ၃၇,၅၀၀ အထိ နက်လေသည်။

မျက်လုံးစိမ်းနဲ့ မိန်းကလေး



ကမ္ဘာ့လူဦးရေ၏ ၂-ရာခိုင်နှုန်းခန့်သာ အစိမ်းရောင် မျက်လုံးရှိသူများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရောမ ဂျယ်လီငါးကြီး

ကမ္ဘာ့အကြီးဆုံး ဂျယ်လီငါးကြီး(Jelly fish) ၏ ပုံ ဖြစ်သည်။ အမွေးအမျှင်များနှင့်ပါ လုံးပတ် စုစုပေါင်းမှာ မီတာ ၅၀ အထိ ကြီးမားသည်။

ဘဝသစ်ပင်

တောင်အာဖရိကနိုင်ငံရှိ သက်တမ်း ၂၀၀၀ နီးပါးရှိ ပြိုဖြစ်သော The Tree of Life ဟု အမည်ရသော ရောမ သစ်ပင်ကြီးဖြစ်သည်။



စားသောက်ဆိုင်မြို့တော်

အမေရိကန် ပြည်ထောင်စု၊ နယူးယောက်မြို့တော်တွင် စားသောက်ဆိုင် မြောက်များစွာရှိသည်။ သင်သည် တစ်နေ့ကို စားသောက်ဆိုင်တစ်ဆိုင်ကျစီ လှည့်လည် စားသောက်

သွားမည်ဆိုလျှင် ၅၄နှစ်ကြာသည်အထိ ဆိုင်တစ်ဆိုင်ကို နှစ်ခါမထပ်ဘဲ စားနိုင်သည်အထိ စားသောက်ဆိုင် များပြား လှသည်။

မိုး



www.burmeseclassic.com

www.burmeseclassic.com

မိုးရွာသွန်းနေသည့် မြင်ကွင်းကို လေယာဉ်ပေါ်မှ မြင်တွေ့ရပုံဖြစ်သည်။ မိုးရွာသွန်းနေသည့် မြင်ကွင်းသည် မြေပြင်ပေါ်နှင့် ကောင်းကင်ပေါ် မြင်ကွင်းချင်း အလွန်ပင် ကွာခြားလှသည်။

မီးရထားရုံဝိုင်ကြီး

ဂျပန်နိုင်ငံရှိ မီးရထားရုံတစ်ရုံတွင် ထူးဆန်းသော ရုံဝိုင်ကြီး ရှိလေသည်။ ထိုရုံဝိုင်ကြီးမှာ သာမန် လူသားတစ်ဦး မဟုတ်ဘဲ၊ Tama ဟု ခေါ်သော ကြောင်ကြီးတစ်ကောင်

ဖြစ်လေသည်။ မူလအစတွင် Tama သည် မန်နေဂျာ ရာထူးကို ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် စီးနင်းသူ ဦးရေ ၁၀ ရာခိုင်နှုန်း တိုးလာသောကြောင့် ရုံဝိုင်ကြီးရာထူးတိုးမြှင့်ပေးခဲ့ရသည်။



ဘယ်ပန်းချီရေး . . . ရေးထိုးမဲ့

တရုတ်နိုင်ငံတွင် အသက် ၉၇နှစ်အရွယ်ရှိပြီဖြစ်သော အဘွားအိုသည် အသက် ၆၀အရွယ်၊ လေဖြတ်နေသော သူ၏ သားကို ပြုစုစောင့်ရှောက်နေပုံဖြစ်သည်။ အိပ်ရာထဲလဲနေသော သားဖြစ်သူကို ကိုယ်တိုင် အစာခွံကျွေးနေသော အဘွားအို၏ တုန်ငှဲးမမီသော မိဘမေတ္တာကို မြင်တွေ့ရသည်။ မိဘမေတ္တာသည် မည်သည့်အရာနှင့်မျှ တုန်ငှဲး၍ မမီအောင် ကြီးမားလှပေသည်။

* * *

မောင်လင်းခေတ်

www.burmeseclassic.com

www.burmeseclassic.com

သဘာဝဘေးအန္တရာယ် ကင်းစေသောအင်း



ယနေ့မျက်မှောက်ခေတ်အခိုက်၌ ကောင်းကင်ပြိုဟ်တို့သည် ရှေးထိုးနောက်ငင် ဖောက်ပြန်၍သွားလာနေသော အခိုက်ကာလများဖြစ်သဖြင့် ရာသီဥတုသည်လည်း ဖောက်ပြန်နေကြ၏။ တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ ဟု စာတ်ကြီးလေးပါး စိုးမိုးနေသော ဤလောကဓာတ်ကြီးတွင် တေဇောနှင့် အာပေါ ဖြစ်သော မီးနှင့်ရေတို့ကို အကြောင်းပြု၍ ဝါ အပူနှင့် အအေးဓာတ်တို့ တိုက်ခိုက်မှုကြောင့် လေဆိုးများ၊ မိုးဆိုးများနှင့်အတူ လောက်မီးကျခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေမုန်တိုင်း၊ လေဆင်နာမောင်း စသော သဘာဝဘေးအန္တရာယ်တို့သည် ချိန်းချက်ထားခြင်းမရှိသလို နွေရာသီအခါ၌ မီးဘေးအန္တရာယ်သည်လည်း မမျှော်မလင့်ကျရောက်လာနိုင်ပေသည်။ ထိုသို့သော အန္တရာယ်ဆိုးမှ ကင်းဝေးရန်အတွက် အခြားသော ရုပ်ဝါဒနည်းများဖြင့် ကြိုတင်ကာကွယ်စောင့်ရှောက်သောနည်းများဖြင့် ပြင်ဆင်ထားရန်လိုအပ်သလို ဝိဇ္ဇာဓရ၊ နာမ်ဝါဒဖြင့် ပြုလုပ်စီရင်သည့် လောကီအစီအမံ ပညာရပ်များလည်း ဒေါထူးလိုအပ်လှပေဘည်။

ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်၏ဖခင်ဖြစ်သော နေပြည်တော်ဆရာထိန်သည် ဗုဒ္ဓဘာသာစောင့်ရှောက်ရေး အသင်းကို ဖွဲ့စည်းကာ မုံရွာ၊ မြင်းခြံ၊ ရွှေဘို၊ မိတ္ထိလာ စသော အညာဒေသ မြို့ရောတောပါ လှည့်လည်ကာ ဗုဒ္ဓဘာသာဝင်(၇)ရက်သားသမီးတို့၏ အိမ်၊ ခြံ၊ မြေ အတွင်း၌လည်းကောင်း၊ တောရွာများ၏ လယ်ယာ၊ ကိုင်းကျွန်းတို့အတွင်း၌လည်းကောင်း၊ ဝိုင်းဘုရားများ မဖျက်စီးရန် ကာကွယ်ပေးခြင်း၊ အဆိပ်ရှိသော သတ္တဝါများမရှိရန် ကာကွယ်ပေးခြင်း၊ လေဆိုး မိုးဆိုး စသောဘေးအန္တရာယ်များ မီးဘေးများမကျရောက်ရန် ကာကွယ်ပေးခြင်းကို ပြုလုပ်၍ ဗုဒ္ဓဘာသာဝင်များ ပိုမိုများပြားလာရာ ဗုဒ္ဓဘာသာအပေါ် ပိုမို၍ယုံကြည်သက်ဝင်လာရန် စည်းရုံးဟောပြော ပြုလုပ်ဆောင်ရွက်ခဲ့ပေသည်။ ထိုသို့ ပြုလုပ်ဆောင်ရွက်ခဲ့ရာ၌ ကျွန်ုပ်အား အထက်ဖော်ပြထားသော သဘာဝဘေးအန္တရာယ်မှ ကင်းဝေးစေသည့် အင်းအဆောင်ကို ပြုလုပ်စေရန်အတွက် သင်တန်းပေး သင်ပြသွန်ကြားခဲ့၏။ ထို့ကြောင့် ကျွန်ုပ်သည် ပိတ်ဖြူစအား ပြုလုပ်ထားသော (၂)လက်မ၊ အနံ(၄)လက်မ အရည်ရှိသော ကြက်လျှာအလံပေါ်၌ သီတာရေချမ်းငြိမ်းအောင်ဖြန်း ဆိုသော စမ များကို (၃)ကွက်ပတ်လည် အင်းအတွင်း၌ မြင်းသွားသွား၍ ချခဲ့ရသည်။ ထိုပိတ်စ ကြက်လျှာအလံ အင်းကလေးကို တစ်နေ့လျှင် အခု(၅၀)မှ (၁၀၀)အထိ ပြီးအောင်ပြုလုပ်ပေးခဲ့ရ၏။ ၎င်းအင်းများကို ကျွန်ုပ်၏ဖခင်နှင့်အတူ ထိုသာသနာပြုအဖွဲ့ဝင်များက (၇)ရက်သားသမီးတို့အား ဝေငှခဲ့ကြလေသည်။ ထိုပိတ်စ ကြက်လျှာအင်းအဆောင်ရရှိသော အိမ်များ၌ မီးဘေး၊ မိုးကြိုးဘေး၊ လောင်မီးဘေး၊ လေဆင်နာမောင်းဘေး စသော ဘေးအန္တရာယ်များမှ ကင်းဝေးခဲ့ကြောင်း ကျွန်ုပ်ကိုယ်တိုင်တွေ့ရှိခဲ့ဖဲ့ပေသည်။ ကျွန်ုပ်ငယ်ရွယ်စဉ် ကလေးဘဝကပြုလုပ်ပေးခဲ့သော ဤအင်းအဆောင်သည် ဤမျှလောက် အစွမ်းထက်သည်ဆိုလျှင် သီလ၊ သမာဓိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ဤအင်းအစီအမံအတွက် လိုအပ်သော စည်းကမ်းချက်များကို တိကျစွာလိုက်နာကျင့်သုံးနိုင်မည်ဆိုလျှင် ပို၍ပင် ထူးခြားစွာ အန္တရာယ်ကင်းမည်ဖြစ်ပေလိမ့်မည်။ ယခုခေတ်၌ စူနာမီခေါ် ရေလျှင်ဘေး နာဂစ်ခေါ်သော မုန်တိုင်းဘေးများ ကဲ့သို့သော ဘေးအန္တရာယ်မျိုးကိုလည်း မိမိ၏ ယုံကြည်ချက်အပေါ်၌ မူတည်၍ ကာကွယ်ပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သဖြင့် ကျွန်ုပ်၏ စာဖတ်ပရိသတ်များအား ဤအင်းအစီအမံကို ရေးသားတင်ပြလိုက်ခြင်းပင်ဖြစ်ပေသည်။

အင်းအစီအမံနှင့် ပတ်သက်၍ အပြင်မျှင်းကို စတုရံတံ၊ မဟာရံတံ၊ တိဌာတု ဟုဆို၍ အတွင်းမျှင်းကြောင်းများကို တားပါ။ စမ ရေးသွင်းရာ၌ အထက်ဖော်ပြခဲ့သော သီတာရေချမ်း ငြိမ်းအောင်ဖြန်း ၎င်းအက္ခရာ နာမ်ဂဏန်းပြောင်း၍ ရေးသွင်းရန်ပင်ဖြစ်၏။ ပြီးလျှင် သနချေခြင်း၊ သိဒ္ဓိတင်ခြင်းတို့ကို ပိမိပြုလုပ်တတ်သလို ဘုရားရှေ့ ၌ထိုင်၍ ပြုလုပ်ဆောင်ရွက်နိုင်သည်။ ပိုမိုတိကျကောင်းမွန်သော အစီအမံကို လိုအပ်ခဲ့သော နှစ်စဉ်ထုတ် အခါမင်္ဂလာပေးပြကွဒိန်တို့၌ အဆောင်ယတြာစီမံရန်ကောင်းသော ရက်တို့ကိုဖော်ပြထားပေးခြင်း ၎င်းတွင်ကြည့်၍ပြုလုပ်ပါ။ သို့မဟုတ် ကျွန်ုပ်ရေးသားသော အခါမင်္ဂလာရွေးချယ်နည်း ဆောင်းပါးများကို ဖတ်ကြားမှတ်သား၍ ပြုလုပ်ခြင်းသောလည်းကောင်း၊ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်၍သောလည်းကောင်း၊ ဖုန်းဖြင့် ဆက်သွယ်ခြင်းသော်လည်းကောင်း၊ ဆွေးနွေးပြုလုပ်နိုင်ကြပေသည်။

ကျေးဇူးရှင်အားရှိခိုးပါ၏

* * *

သစ္စာဝါဒီ ဆရာမြတ်စောလင်း

www.burmeseclassic.com

www.burmeseclassic.com

ဝဋ်ကြွေးတော်ပြေရုပ်ရှင်တော်
ရန်အောင်မြင်ကျော်ဇံုတိုက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com

ဝဋ်ကြွေးတော်ပြေမှာ အပန်းတော်ပြေစရာ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေး-သု)



ဆရာတော် ဘဒ္ဒန္တသိရိပါလ (ဒီပါရာမ သာသနာပြု) နဲ့အတူ အိတလိန်ိင်ငံ၊ ပီစာပြိုလေးကို အသွားတုန်းက···

"ပီစာမှာတင် စောင်းနေတဲ့ မျှော်စင်ရှိတာ မဟုတ်ပါဘူး ဗျ။ ကျွပ်ကျောင်းမှာလည်း ရှိပါတယ်။ လာကြည့်လှည့်ပါ"

လို့ ဆရာတော် မိန့်ခဲ့ဖူးတော့ မြန်မာပြည်ပြန်ရောက်ပြီး နောက်တစ်ရက်မှာပဲ ဆရာတော်ရဲ့ ကျောင်းကို အရောက်သွားခဲ့တယ်။ ခပ်စောင်းစောင်းဖြစ်နေတဲ့ မျှော်စင်နဲ့ ဘုရားကို တကယ်လည်း တွေ့ရှိ ဖူးတွေ့ခဲ့ရပါရဲ့။ ပီဇာ မျှော်စင်လောက် ထင်ထင်ရှားရှား မစောင်းခဲ့လို့သာ ကမ္ဘာမကျော်ခဲ့တာပါ။ ချောင်းကမ်းပါးက မြေနိမ့်မှာ အမှိုက်တွေ ဖြည့်ပြီး ကျောင်းဝင်းကို မြေမာလုပ်ခဲ့ရတာလို့ ဆရာတော်က ပြောဖူးတယ်။ မြေသိပ်မနိုင်လို့ ဆောက်လက်စ မျှော်စင်ကြီး စောင်းသွားတော့ မနည်းပြန်တည့်ခဲ့ရသတဲ့။ ခုထိလည်း ခပ်စောင်းစောင်းပါပဲ။ သို့သော် ပြန်လည်တည့်မတ်ထားလို့ သိပ်မသိသာလှတော့ပါဘူး။

"ဘုရားမပြီးခင် အရှင်ဘုရား ပီစာကို အရင်ကြွခဲ့ရင် ပြန်မတည့်ဘဲ ဒီအတိုင်းထားဖြစ်မှာလား ဘုရား"

ဟု လျှောက်မိတော့ ဆရာတော်က ပြုံးနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှာက "အဂါရဝ"ဖြစ်တာကို မကြိုက်တတ်လေတော့ ဘုရားအို၊ ဘုရားဟောင်း၊ ဘုရားပျက်တွေကိုတောင် ဖြိုဖြိုပြီး၊ ဒါမှမဟုတ် ငုံပြီး အသစ်တည်တတ်လေတော့ ဘာပဲဖြစ်ဖြစ်၊ တင့်တင့်တယ်တယ် ကြည့်ညှိုဖွယ်ဖြစ်အောင်တော့ ပြန်ပြင်တတ်ကြပါတယ်။ တစ်ခုရှိတာက ပီစာမျော်စင်ဟာ ပူတော်ကိုးကွယ်ရာ အဆောက်အဦသက်သက် မဟုတ်ခဲ့ပေမယ့်၊ ကိုယ်တို့ဆီမှာကတော့ ဒါတွေဟာ ကိုးကွယ် ဦးခိုက်ရာတွေလေ။

ဆရာတော်ရဲ့ ကျောင်းကတော့ မြောက်ဥက္ကလာပနားက ဝဠုကြွေးတော်ပြေကျောင်းပါ။

"ဝဠုကြွေးတော်ပြေကျောင်း" ဆိုတာကတော့ ဆရာတော် ဘဒ္ဒန္တသီရိပါလ (ဒီပါရာမ သာသနာပြု)ရဲ့ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၄၂-ရပ်ကွက်၊ မေတ္တာချောင်းကူးရပ်က ရန်အောင်မြင်ကျောင်းတိုက်ပါပဲ။ ဝဠုကြွေးတော်ပြေစေတီတော်ကြီးကို အဲဒီကျောင်းဝင်းထဲမှာ တည်ထားလိုက်တော့ ကျောင်းနာမည်ဟာလည်း ဝဠုကြွေးတော်ပြေရယ်လို့ တွင်သွားပါတော့တာပဲ။

"ဝဠုကြွေးတော်ပြေ" ကျောင်းကိုသို့ လမ်းညွှန်

ဆရာတော် ဦးသီရိပါလရဲ့ "ဝဠုကြွေးတော်ပြေ" ကျောင်းကို သွားရောက်ပြီး ဘုရားဖူးမယ်ဆိုရင်တော့ နည်းလမ်းနှစ်မျိုးနဲ့ သွားနိုင်ပါတယ်။ မြို့ထဲကနေ မြောက်ဥက္ကလာပသွား ဘတ်စ်ကားစီး၊ မယ်လမုဘုရား မုတ်တိုင်မှာ ဆင်း၊ ဆရာတော်ကျောင်းကို မြောက်ဒဂုံ ဘတ်စ်ကားတွေ ပြောင်းပြီး စီးရပါမယ်။ ဒါက တစ်နည်းဖြစ်ပြီး၊ နောက် တစ်နည်းကတော့ မယ်လမုဘုရားမုတ်တိုင်မှာ ဆင်းပြီးရင် မယ်လမုဘုရားထဲ ဝင်၊ မယ်လမုဘုရားဝင်းအဆုံး ငမိုးရိပ်ချောင်းနံဘေးက လေဆိပ်မှာ တစ်ရာပေးပြီး ဟိုဘက်ကမ်းကို စက်လေနဲ့ ကူးနိုင်ပါတယ်။ မယ်လမုချောင်းထဲကနေ စက်လေပေါ်က လှမ်းကြည့်ရုံနဲ့ ဆရာတော်ရဲ့ ဝဠုကြွေးတော်ပြေဘုရားတွေကို ရွှေရောင်တဝင်းဝင်းနဲ့ လှမ်းပြီး ဖူးမြင်နိုင်ပါပြီ။

ငမိုးရိပ်ချောင်းကို စက်လေနဲ့ ကူးတာက ခရီးတိုပြီး ပိုလည်း မြန်ပါတယ်။ ဆရာတော်ကျောင်းနောက်မှာပဲ လေဆိပ်ရှိနေတယ်လေ။ ဒီစက်လေကိုလည်း ဆရာတော်ပဲ စီစဉ်ပေးထားတာလို့ သိရပါတယ်။ ငမိုးရိပ်ချောင်းထဲမှာတော့ ရေအတက်အကျရှိလို့ ရေတွေကျတဲ့အခါ ကျ၊ ရေတွေပြည့်တဲ့အခါ ပြည့်လို့ပါ။ စက်လေကြီးက ခိုင်ခိုင်ခန့်ခန့်မို့ စက်လေနဲ့ ကူးရတာ အန္တရာယ်လည်း မရှိလုပါဘူး။ ရန်ကုန်သားတွေအတွက်တော့ လေစီးရတာလည်း အတွေ့အကြုံတစ်ရပ်မို့ ဒီလမ်းကို ပိတိုက်တွန်းရင်း လမ်းညွှန်ချင်ပါတယ်။ ကိုယ်ပိုင်ကားနဲ့ သွားမယ်ဆိုရင်တော့ ကားလမ်းကို ရွေးပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ငမိုးရိပ်ချောင်းစပ်မှာ ဗျိုင်းလေးတွေက အစာရှာလို့။ ခရာဆူးချဲ့နဲ့ လမုပင်တောကို တွေ့ရလိမ့်မယ်။ ဒီလိုနေရာမှာ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားတဲ့ ကောင်းသောအနေအထားတွေ ရှိနေသေးတာကို အံ့သြစွာ တွေ့ရမှာပါ။ တွေ့ခဲ့ရတဲ့ လမုတောကြောင့်...

"ဒါတွေကိုတော့ ခုတ်မပစ်ဘဲ၊ သဘာဝ အလှမပျက်ထားပါ ဘုရား၊ နိုင်ငံတကာမှာတောင် လမုတောတွေကို ပြန်လည်ထိန်းသိမ်းနေရတာ"

လို့ ဆရာတော်ကို လျှောက်မိပါသေးတယ်။

"ကျုပ်လည်း တောရိပ်သစ်ရိပ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာ သဘာဝ,ဝန်းကျင် မပျက်တာကို ကြိုက်ပါတယ်ဗျ"

လို့ ပြန်မိန့်လို့ သာဓုခေါ်မိပါရဲ့။

ဆရာတော်ကျောင်းဝင်းထဲမှာတော့ ဘုရားစေတီတွေကလည်း များလှပါတယ်။ တည်ဆောက်ဆဲတွေကလည်း ရှိသေးရဲ့။

"ကျုပ်ကျောင်းက ရန်ကုန်မှာတော့ အကျယ်ဆုံးပဲဗျ။ ကျောင်းဝင်း ကျယ်လို့လည်း ဘုရားတွေ အများကြီး ကျုပ် တည်နိုင်တာပေါ့"

လို့ ဆရာတော်က ဥရောပ ခရီးစဉ်အတွင်းမှာ မိန့်ကြားခဲ့ဖူးပါတယ်။ ဒါတောင် ဆရာတော်က "ရွှေသာလျောင်း ဘုရားကြီးတစ်ဆူ တည်ဦးမဗျ" လို့ စိတ်အား ထက်သန်စွာ ပြောလိုက်သေးရဲ့။ လက်ရှိလည်း ရွှေသာလျောင်းကိုယ်တော်ကြီး တင်ထား၊ လျောင်းစက်ဖို့ အောက်ခံ အဆောက်အဦကို ဆောက်နေတာ အတော်ပြီးနေပါပြီ။ ရွှေသာလျောင်း ဆင်းတုတော်ကိုလည်း သွန်းလုပ်ဖို့ အပ်ထားပါတယ်။

ဝင့်ကြွေးတော်မြေ စေတီတော်မြတ်

ပထမဆုံး ရောက်သွားပြီး ဖူးမိတဲ့ စေတီကတော့ "ဝင့်ကြွေးတော်မြေ စေတီတော်မြတ်" ပါ။ စေတီတော်ဝင်းလေးထဲ ဝင်လိုက်တာနဲ့ သာယာလှပတဲ့ မြေအခင်းအကျင်းကို မြင်လိုက်ရပါတယ်။ သန့်ရှင်းမှုကိုလည်း သိသိသာသာ သတိထားမိပါရဲ့။ ကျောင်းပရဝဏ်မှာလိုပဲ ဘုရားဆောင်ထဲမှာလည်း သန့်ရှင်း သပ်ရပ်နေတာ တွေ့ရပါတယ်။ ဘုရားစေတီတိုင်းမှာ တာဝန်ကျတဲ့ လူပုဂ္ဂိုလ်နဲ့ ရဟန်း သံဃာတိုင်းက အထူးဂရုစိုက်ပြီး ဆောင်ရွက်နေပုံရိုတယ်။ ဒါ့အပြင် ဘုရားဝင်း၊ ဘုရားဆောင် နေရာတကာတိုင်းမှာ စာတမ်းမျိုးစုံလည်း တွေ့ရပါတယ်။ နောက် ဆက်လက်ဖူးတဲ့ ဘုရားစေတီတွေရဲ့ နံရံတွေ၊ နဖူးစည်းတွေ၊ တိုင်လုံးတွေ၊ ပလ္လင်အောက်နားတွေ၊ ကမ္ဘည်းကျောက်စာတိုင်တွေနဲ့ မတ်ရပ်ထောင်





www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ဘုတ်တွေမှာလည်း ဆရာတော်ရဲ့ အာဘော် တရားတော်တွေကို အညွှန်းစာများအဖြစ် အများကြီး တွေ့မြင်ခဲ့ရပါသေးတယ်။ ပြီးတော့ ဘုရားစေတီတစ်ဆူချင်းစီမှာ ရှိနေကြတဲ့ တာဝန်ခံ ဦးဇင်းတွေ၊ ဘုန်းတော်ကြီးတွေက လည်း အဲဒီ တရားတော်တွေရဲ့ သဘောတရားတွေကို တရားစစ်သလို စစ်မေးကြ၊ မသိရင် ရှင်းပြတတ်ကြလေသေးရဲ့။ အလှူရှင်တွေကို ဓမ္မလက်ဆောင်အဖြစ် ကမ်းတဲ့ လိမ္မော်ရောင် စာရွက်လေးမှာလည်း ဒီတရားသဘောတွေကို ရိုက်နှိပ်ဖော်ပြထားပါသေးတယ်။

ဝဋ်ကြွေးတော်ပြေခြင်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုခြင်း

အဲဒီအမည်နဲ့ စာတန်းလေးမှာ "ဝဋ်ကြွေးဆိုတာ မခံစားနိုင်ခြင်း၊ ရုန်းထွက်နိုင်ခြင်း၊ မရောင်ရှားနိုင်မှုနှင့် ပေးဆပ်ရခြင်းတို့ကို "ဝဋ်ကြွေး"လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

"မခံစားနိုင်၊ ရုန်းထွက်မရ၊ ဆင်းရဲလှ၍၊ ရောင်ဖို့ မမြင်၊ ပေးဆပ်နေရ၊ ဝဋ်ဒုက္ခတို့၊ လွတ်မြောက်ရန်မှ ကြိုးစားကြ"

လို့လည်း ကဗျာတိုလေးနဲ့ လှုံ့ဆော်ထားရဲ့။ ဆက်လက်ပြီးလည်း . . .

"ဗုဒ္ဓဘာသာအစစ်ဖြစ်သောကြောင့် အတိတ်ဘဝ-ဖြစ်ခဲ့ပြီးသော ဘဝ၊ ပစ္စုပ္ပန်ဘဝ - ယခုဖြစ်နေဆဲ ဘဝ၊ အနာဂတ်ဘဝ - နောင် ဖြစ်ရမယ့်ဘဝတို့ကို ယုံကြည်ကြရမည်ဖြစ်သည်။ ရှိသည်ဟူ၍လည်း လက်ခံပေလိမ့်မည်။ ထိုဘဝတို့တွင် ဖြစ်ခဲ့ပြီးသော ဘဝတို့နှင့် ယခုဘဝ ငယ်ရွယ်စဉ် မသိတတ်သေးခင်အချိန်မှစ၍ ယနေ့ သိရှိနေသော အချိန်ကာလအတွင်း၌ သတ္တဝါ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အပေါ်၌ ကိုယ်-နှုတ်-စိတ်တို့နှင့် ပြစ်မှားပိလေရာ၏။ ပြစ်မှားမှုများလည်း ရှိကြမည်သာ။ ပြစ်မှားဖူးသောကြောင့် ဆိုးကျိုး-အကြွေး၊ အတုံ့အလှည့်တို့သည် ဝဋ်ကြွေး" ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြန်၏။

(မှတ်ချက်။ ကောင်းသော ပြုလုပ်ခြင်းကြောင့် ကောင်းသော အကျိုးအမြတ် အခွင့်အရေးတို့သည်လည်း ဝဋ်ကြွေးပင် ဖြစ်ပေသည်။)

ဒီလိုဆိုရင် "ဝဋ်ကြွေးပြေ" ဆိုသော အဓိပ္ပာယ်က မကောင်းတဲ့ ဝဋ်အပြင်၊ ကောင်းတဲ့ ဝဋ်တွေရော ပြေမှာလားလို့ မေးလျှင်၊ ဗုဒ္ဓအလိုက္ခ ဖြေရမည်ဆိုပါက ကောင်း-ဆိုးဝဋ်ကြွေးအားလုံး ပြေငြိမ်းချုပ်ပျောက်မှ ဘဝသံသရာခရီးရှည်ကြီး ပြီးဆုံးမည်မဟုတ်ပါလား။ သို့သော် ပုဂ္ဂိုလ်၊ သတ္တဝါတို့၌ ကောင်းသော ဝဋ်ကြွေးထက် မကောင်းသော ဝဋ်ကြွေးက များစွာရှိလေသောကြောင့် ဆိုးသောဝဋ်၊ မကောင်းသောဝဋ်၊ ပြေငြိမ်းစေရန်သာ ပဓာန အဓိကဖြစ်ရာ မကောင်းဝဋ်ကြွေးအပေါင်း ပြေပါစေ၊ ငြိမ်းပါစေ၊ ကုန်ပါ



www.burmeseclassic.com

www.burmeseclassic.com

စေဟု ညွှန်ပြအပ်ပါသည်။

မကောင်းသော ဝဋ်ကြွေးတို့ကို ခန္ဓာနှင့် ပေးဆပ်ရမည်ဖြစ်ပြီး ကောင်းသော ဝဋ်ကြွေးတို့ကိုတော့ ဉာဏ်ပညာဖြင့် ဖြတ်တောက်ရပါမည်။

"ဒီလိုဆို ဗုဒ္ဓဘုရားရှင်တို့တောင်မှ ဝိပါက်တော် ၁၂ပါး ရှိသေးတာ၊ သင်က ဘာမို့လို့ ဝဋ်ကြွေးတော်ပြေ ဆိုရပါသလဲ၊ ဝဋ်ကြွေးတော်ပြေဘုရား တည်ထားရပါသလဲ"

လို့ မေးလာခဲ့လျှင် ဖြေရန်ရှိပါသည်။

(ဥပမာ - အကြွေးက နည်းနည်းလေးပါ၊ အတိုးတက်၍ ပစ္စည်းပေးရသည်နှင့် တူ၏။)

ကသဃဘုရားရှင် ဓရက် ဒုက္ကရစရိယ ကျင့်သည်ကို မြင်သော ဇောတိပါလပုဏ္ဏား ဗုဒ္ဓလောင်းလျှာသည် ငါသာ ဘုရားဖြစ်က ၆နှစ်ကျင့်မည်ဟု ဆိုသော ဝစီကံသည် ဗုဒ္ဓ ဘုရားဖြစ်ရန် ဒုက္ကရစရိယ ၆နှစ် ကျင့်ရ၏။ ဆေးသမားတော် ဖြစ်သောအခါ၌ ဆေးဖိုးဝါးခ မပေးလိုသော လိမ်ညာသူ ရောဂါသည်အား ဝမ်းလားဆေးပေး၍ ပျော်ခဲ့ဖူး၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခါနီးသောအခါ လောဟိတ ပကွန္တိကာ - သွေးဝမ်းသွား၍ ပရိနိဗ္ဗာန်ပြုရ၏။

ဒါတွေကို ကြည့်ရင် ဗုဒ္ဓလောင်းလျှာ ပြစ်မှားမိသော ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ပြောပလောက်သည် မဟုတ်။ သို့သော် ဝဋ်ကြွေးပြေရန် တောင်းပန်ခြင်း၊ ဝန်ခံခြင်း မရှိလေသောကြောင့် နောက်ဆုံး အန္တိမဘဝ၌ ခန္ဓာနှင့် ဝဋ်ကြွေးအကုန် ပေးဆပ်ရခြင်းသာဖြစ်၏။

ဘုရားလောင်းလျှာတို့သည် ဘုရားဖြစ်ရန်သာ ဦးတည်ချက် ရှိပါ၏။ ပါရမီဖြည့်၏။ မာန်ဟုန်ဖြင့် တက်နေသော ခြေသံမင်းသည် ဝိုး၊ ချွ၊ ပုရွက်ငယ်တို့ကို ဂရုမမူလေဘဲ သကဲ့သို့ ဘုရားဖြစ်ရန်မှတစ်ပါး အခြားမရှိ၊ ကြောက်ရွံ့ခြင်း မရှိ၊ စိုးရိမ်ခြင်း အလျဉ်းမရှိ၊ ကောန် ဘုရားသာ ဖြစ်မည်ဟုသာ ယုံကြည်ခဲ့၏။

ဗုဒ္ဓလောင်းလျှာကြီးတို့သည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို အဓိက ထားခဲ့သော်လည်း လောင်းလျှာကြီးများ မထိတ်လန့်သော အတုံ့အလှည့် ဝဋ်ကြွေး၊ မရှောင်ရှားနိုင်သော ဝဋ်ကြွေး ပေးဆပ်ရသော ဝဋ်ကြွေးတို့ကို ကျွန်ုပ်တို့၊ တပည့်တော်တို့သည် ထိတ်လန့်ပါ၏။ ကြောက်ရွံ့ပါ၏။ ဝန်ခံပါ၏။ တောင်းပန်ပါ၏။

ကျွန်ုပ်တို့သည် ဗုဒ္ဓတရားတော်တို့ကြောင့် အမှန်ကို သိမြင်နိုင်၏။ ခမ္မအစစ်ကို ရူးစမ်းရာဖွေနိုင်ခဲ့၏။ သို့အတွက်ကြောင့် ကျေးဇူးဆပ်မကုန်နိုင် ဖြစ်ခဲ့ပြီ။ ကြီးစွာ ဗုဒ္ဓကျေးဇူးပေတကား။ ဗုဒ္ဓသည် ကျွန်ုပ်တို့၏ ဖခင်အစစ်ဖြစ်၍ အသည်းနှလုံးလည်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓကို နမူနာပြုကာ စံထားပါ၏။ မှီခိုပါ၏။ မြတ်နိုးပါ၏။ ပူဇော်ပါ၏။ ဝဋ်ကြွေးခပ်သိမ်း ပြေပြိမ်းရပါစေဟု အကြိမ်ကြိမ်ဆုတောင်းပါ၏။ ဝဋ်ကြွေးပြေမည်ဟုလည်း ယုံကြည်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာ အမြန်ဖြစ်ရပါလို၏။ အာသီသပတ္ထနာ - သစ္စာ၊ သီလ၊ စာဂ၊ ပညာ လေးဖြာညီမျှ ဝင့်ကုန်ရ၏။ ဝင့်ကြွေးပြေမည်၊ မြတ်စေတီကို ကြည်နူးရွှင်ပျ။ ပူတော်ကြလော့။

အဲဒီ လိမ္မော်ရောင် လက်ကမ်း စာရွက်လေးမှာ ဆရာတော်ရဲ့ "ဝင့်ကြွေး"ဆိုတဲ့ စကားလုံးအပေါ် သုံးသပ်ချက်၊ ရှင်းလင်းချက်တွေအပြင် "ဝင့်ကြွေးတော်"ပြေစေဖို့ ဆုတောင်းရင်း လှုံ့ဆော်ထားတာကိုလည်း တွေ့မြင်ရပါတယ်။

ဒါ့အပြင် "ဝင့်ကြွေးတော်ပြေ စေတီတော်မြတ် တည်ထားရေးခြင်း၏ တင်ပြမှု"ဆိုတဲ့ စာရွက်ဖြူနဲ့ ရှင်းတမ်းတစ်ခုကိုလည်း ကမ်းလိုက်သေးရဲ့။ (၁-၁-၂၀၀၀) ရက်စွဲနဲ့ပါ။ စေတီတော်တည်ထားရေးခြင်းကို ဆရာတော်က ခုလို ရှင်းပြတယ်။

"ဘုန်းကြီးအသက် ၃၆နှစ်ပြည့်ရာ ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လဆန်းအတွင်း မကျန်းမာ၍ ဆီးရောဂါကြောင့် ဆေးရုံတက်ရစဉ် ခန္ဓာဥဏ်ယှဉ် စဉ်းစားစဉ် ခန္ဓာတွေရှိရင် ဝင့်ကြွေးတွေ ရှိနေကြသည်ဟု ခန္ဓာဥဏ် ရောက် မြင်မိပါ၏။

တစ်ကမ္ဘာလုံးနှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ စေတီ၊ ပုထိုး၊ ဗုဒ္ဓရုပ်ပွားတော်မှန်သမျှ ချမ်းသာရန်၊ အောင်ရန်၊ အလိုပြည့်ရန်၊ အေးပြီးစေရန် ဆုတောင်းစရာ စေတီ၊ ရုပ်ရှင်တော်မြတ်များသာ တည်ရှိနေခဲ့ရကား ဆုတောင်းဖူးလည်းများခဲ့လှလေပြီ။ အထိုက်အလျောက် ဆုတောင်း၍လည်း ပြည့်ဝ အောင်မြင်မှုများ ရှိခဲ့ပါသည်။

သို့သော် ဝင့်ကြွေးပြေရန် စေတီ၊ ပုထိုး၊ ရုပ်ရှင်တော်မြတ်များကတော့ အလွန်ရှားပါးပါလိမ့်မည်။ အသိရှိသော သူ၊ ခံစားတတ်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါမှန်သမျှ ဆင်းရဲဒုက္ခဝေဒနာ ခံစားမှုဆိုးများ ကြုံလာခဲ့ပါလျှင်၊ ဝင့်ကြွေးရှိလည်း ပြေပါစေ၊ ကံကြွေးရှိလည်း ကြေပါစေဟု

"ဝင့်ကြွေးတော်ပြေ စေတီ"ဆိုတဲ့ အမည်ဟာ အခြားစေတီတို့နှင့် မတူ၊ ထူးခြားအောင်၊ အထင်ကြီးရလေအောင် တည်ထားခြင်းလည်း မဟုတ်ပါ။ ကျွန်ုပ်တို့ ဦးဆောင်၍ တည်သော ဤဝင့်ကြွေးတော်ပြေစေတီဟာ ဘုံသားအားလုံးတို့ ရရှိကြ၍၊ ဝင့်ဒုက္ခအပေါင်းမှ လွတ်ကင်းပါစေလို့ ဆန္ဒပြုပါ၏။ မိမိတို့ ကိုယ်ရေးကိုယ်တာကို စွန့်၍ တည်ထားပါ၏။ ကြီးပွားရန်လည်း မဟုတ်၊ နာမည်ကြီးရန်လည်း မဟုတ်၊ ချမ်းသာရန်လည်း မဟုတ်၊ သေမှာ ကြောက်၍လည်း မဟုတ်၊ အံတုအယောင် ဟန်ဆောင်ခြင်းမပြု။ နိုင်ငံရေး၊ စီးပွားရေးမပါ၊ သန့်ရှင်းစွာ ပြုပါ၏။ ကြည့်သူတွေ မြင်ကြပါစေ၊ ကြားသူတွေ သိကြပါစေ၊ ဝင့်ကြွေးခပ်သိမ်း ပြေကြပါစေဟု ဆုတောင်းပါ၏။

သတ္တဝါတွေ အနိမ့်အမြင့်သာ ကွာခြားပြီး၊ တစ်ပြေးညီ ရှိနေကြတဲ့ ဝင့်ကြွေးတွေ ပြေစေ၊ အေးစေလိုတဲ့ မေတ္တာ၊ ဝင့်ကြွေးတို့နှင့် ထိတွေ့နေ၍ မခံစားနိုင်ခြင်းတို့ကို ကြည့်ပြီး သနားမိခြင်း ကရုဏာ၊ ဝင့်ကို သိ၍ တောင်းပန် ဝန်ခံခြင်း ကြောင့်၊ ဝင့်ကြွေးပြေသည်ကို မြင်ရ၍ ဝမ်းမြောက်မိခြင်း မုဒိတာ၊ ဝင့်ကြွေးအပေါင်းတို့ ကုန်ခန်းခြင်းကြောင့် ပြောမပြတတ်သော ဥပေက္ခာ၊ ဗြဟ္မစိုရ်လေးပါးအစစ် ရေစင်ကို သွန်းဖြန်းလျက်၊ သာသနာ့အကျိုး၊ သတ္တဝါတို့၏ အကျိုးတို့ကို သယ်ပိုးရသောကြောင့် လွယ်ကူသော တရားအစစ်ကို ကြားနာ၊ ကျင့်သုံး၊ ပွားများ၊ သိမြင်ရ၍ သုခပဋိပဒါဓိပ္ပတိညာ-



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းကြမည်သာ မဟုတ်ပါလား။

ဘုန်းကြီးတို့သည် ကမ္မဝါဒ ဗုဒ္ဓဘာသာအစစ်ဖြစ်ကြသူများပီပီ ကာယက၊ ဝစီက၊ မနောက သုံးပါးကို သိရှိကြ၍ ထိုသုံးပါးစုညီမှု ကမ္မဖလမြောက်သည်ကို မှတ်ရန်ရှိသောကြောင့်၊ စိတ်နှင့် နှုတ်မှ ဝဋ်ကြွေးရှိလည်း ပြေပါစေ၊ ကံကြွေးရှိလည်း ကြေပါစေဟု ဆုတောင်းရံမှုဖြင့် မပြည့်စုံနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ခုက္ခရောက်သူတိုင်း၊ ဆင်းရဲမှု၊ ပူဆွေးမှုတိုနှင့် တွေ့သူတိုင်း၊ မခံစားနိုင်လောက်သည့် ရောဂါဝေဒနာဆိုးတို့နှင့် တွေ့ကြသူတိုင်း၊ မိဆိုး၊ ဖဆိုး၊ လင်ဆိုး၊ မယားဆိုး၊ သားဆိုး၊ သမီးဆိုး၊ မိတ်ဆိုး၊ ဆွေဆိုး တွေ့သူတိုင်းနှင့် သတ္တဝါအားလုံးတို့၏ ဝဋ်ကြွေးတို့ကို ပြေပျောက် ကုန်ခန်းစေရန် ဗုဒ္ဓဂုဏ်ရည်ကို အထွတ်တပ်လျက် ကာယက်မြောက်၊ နာမပညတ် ဖြပ်ဖော်ညွှန်းကာ၊ ဤဝဋ်ကြွေးတော်ပြေ စေတီတော်မြတ်ကြီးကို တည်ထားပါသည်။ ဝဋ်ကြွေးခပ်သိမ်း ပြေကြပါစေသတည်း"

လို့ ဖြစ်ပါတယ်။

ဝဋ်ကြွေးတော်ပြေစေတီ ကမ္မည်းကျောက်စာ

စေတီတော်ကြီးကို ဦးခိုက်ပြီးတဲ့အခါ စေတီတော်ရဲ့ ကမ္မည်းကျောက်စာကိုလည်း ဖတ်ရှုကြည့်လိုက်ပါတယ်။

စေတီတော်ရဲ့ ဘွဲ့တော်ကို "ဝဋ်ကြွေးတော်ပြေ၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ သုံးလီဝဋ်တွင်း၊ ပြေပျောက်ခြင်းငှာ ခေါ်ခြင်းတွင်စေ (ဝဋ်ကြွေးတော်ပြေ)" လို့ ကဗျာလက်ံလေးနဲ့ ဖော်ပြထားပါတယ်။ ဆရာတော်ရဲ့ စာပေလေ့လာလိုစိတ်၊ စဉ်းစားတွေးခေါ်မှု အားသန်ချက်တွေကို ဥရောပခရီးစဉ်အတွင်း အနီးကပ် လေ့လာသိရှိထားတော့ ဒီလို ရိုးရိုးစကားပြေနဲ့ မရေးဘဲ၊ ကဗျာလေးလို ရေးထားတာကို မအံ့သြတော့ပါဘူး။

ဒီ ဝဋ်ကြွေးတော်ပြေစေတီကို...

"သာသနာတော်နှစ် ၂၅၄၂ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၀ ခုနှစ်၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့၊ ထိုနေ့ စတင်သည်။ (၇-၈-၉၈) သောကြာနေ့"

မှာ တည်တယ်လို့ သိလိုက်ရပါတယ်။ စေတီတော်ပြီးစီးတာကတော့...

"သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့် ကြွက်မင်းနေ့၊ မမေ့ ပြီးစီးသည်။ (၂၀-၁-၂၀၀၀)၊ ကြာသပတေးနေ့"

ပါ။ ဦးဆောင်တည်ထားသူတွေကတော့...

"ဘဒ္ဒန္တသိရိပါလ (ဒီပါရာမ သာသနာပြု)၊ ဝဋ်ကြွေးတော်ပြေ မထေရ်ဆင်၊ ထေရ်အရှင်နှင့် တပည့်သားကျော်သံယာတော်များ"

ဖြစ်ပါတယ်။ စေတီတော်တည်ထားခြင်းရဲ့ ရည်ရွယ်ချက်ကို...

"သတ္တဝါအားလုံး လောကသံသရာ ဆင်းရဲမှု၊ ခက်ခဲမှု၊ မလွတ်ကင်းမှု၊ မရောင့်ရဲနိုင်မှု၊ ရုန်းမထွက်နိုင်မှု၊ ပူဆွေးငိုကြွေးမှုနှင့် ဝဋ်ကြွေးအပေါင်း၊ ပြေပျောက်ကြောင်းကို ထပ်လောင်းသမှု ရည်ရွယ်ပြု၏"

လို့ ဖော်ပြထားပါတယ်။

ကမ္မည်းကျောက်စာအဆုံးမှာတော့ ဆုတောင်းနဲ့ ပိတ်ထားတယ်။

"ဝဋ်ကြွေးခပ်သိမ်း ပြေပျောက်ငြိမ်းပြီး၊ ဗောဓိဉာဏ်ရင့်သန်၍၊ ဘုံဘဝ မရှိသော နိဗ္ဗာန်သို့ အမြန်ဆိုက်ရောက်၊ မျက်မှောက်ပြုရပါစေသော်"

လို့ပါတဲ့။

ဘုရားစုံ ဖူးပြီး ဆရာတော် စံပြန်းရာ ကျောင်းတော် အရောက်မှာ...

"ဝဋ်ကြွေးဆိုတာ တကယ်ဖြေလို့ ပြေနိုင်ပါသလား ဘုရား"

လို့ မေးလျှောက်ခဲ့ပါတယ်။ ဆရာတော်က...

"မိမိလုပ်ခဲ့တဲ့ အပြစ်ကို အပြစ်မှန်း သိဖို့၊ ထိုအပြစ်ကို မှားကြောင်း၊ မှန်ကြောင်း နားလည်ဖို့၊ ထိုအပြစ်အတွက် ဝန်ခံကြောင်းပန်တတ်ဖို့၊ ထိုအပြစ်တွေထက် ကောင်းမှုကုသိုလ်အား ကြီးမားလာအောင် ကြိုးပမ်းလုပ်ဆောင်ဖို့၊ ထိုအပြစ်မျိုး ထပ်မံ မကျူးလွန်ဖို့၊ သီလ၊ သမာဓိ ဉာဏ်မာမြဲမြံဖို့၊ ဝိပဿနာတရား အားထုတ်ကျင့်ကြံဖို့"

စတာ...စတာတွေကို ဟောပြောပါတယ်။

ဆရာတော်ရဲ့ ဓမ္မ-ဒါနကုသိုလ်တော်များ

စာတိုပေစ ရေးတာ ဝါသနာထုံတဲ့ ဆရာတော်လက်ရာ စာတန်းအမျိုးမျိုးကိုလည်း အဲဒီ ဘုရားစေတီတွေမှာ ဖတ်ရှုခဲ့ရပါသေးတယ်။ အလှူခံ ဌာနလေးတွေမှာ တစ်ခုခု လှူဒါန်းပြီးရင်လည်း ဆရာတော်က စာရွက်လေးတွေ ပြန်ကမ်းတတ်ပါတယ်။ အဲဒီ စာရွက်လေးတွေမှာ သိမှတ်စရာလေးတစ်ခုခုလောက်လည်း ဆရာတော်က ထည့်ပေးတတ်ရဲ့။ ဥပမာပြရရင် "ခက်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့...

"ကျေးဇူးမြတ်-ဆပ်ဖို့ခက်၊ ဘဝမြတ်-သိဖို့ခက်၊ သဒ္ဓါမြတ်- ကြည်ဖို့ခက်၊ သီလမြတ်- စောင့်ဖို့ခက်၊ ပညာမြတ်- ဆုံးဖြတ်ခက်၊ လောဘဓာတ်- ရပ်ဖို့ခက်၊ ဒေါသဓာတ်- အေးဖို့ခက်၊ မောဟဓာတ်- လင်းဖို့ခက်၊ ကြောင်း-ကျိုး ဆုံးကြည့်- ဝမ္မရှိ၊ သိ-မြင်-ယုံဖို့ အလွန်ခက်"ဆိုတာမျိုးတွေ့။

* တစ်သက်တာ ကုန်ဆုံးခြင်းနှင့်၊ ပြောမယုံ ကြုံတော့မှ ကြည့်...
* ဆယ်နှစ်ကလေး၊ ဥာဏ်သေးကွေး၊ ဆော့ပြေးရင်းနှင့်... အချိန်ကုန်၊
* နှစ်ဆယ်တစ်ဝိုက်၊ အပျော်လိုက်၊ ပိုးပန်းရင်းနှင့် ... အချိန်ကုန်၊
* အလုပဆုံး၊ သုံးဆယ်နှန်း၊ လူလုံးပြရင်း... အချိန်ကုန်၊
* ငါးဆယ်တစ်ကွက်၊ ဥာဏ်ထက်မြက်၊ ဥာဏ်နက်ထုတ်ရင်း... အချိန်ကုန်၊
* ခြောက်ဆယ်ရောက်လာ၊ အားဆုတ်ကာ၊ ကြုံးဝါးရင်းနဲ့... အချိန်ကုန်၊
* ခုနစ်ဆယ်တွင်း၊ ခါးမတင်း၊ ဟင်းချရင်းနဲ့... အချိန်ကုန်၊
* ရှစ်ဆယ်မှာတော့၊ အားအင်လျော့၊ ပျော့ပျော့ကြီးနဲ့ ... အချိန်ကုန်၊
* ကိုးဆယ်တစ်ကွေ့၊ သတိဝေ့၊ မေ့မေ့ကြီးနဲ့... အချိန်ကုန်၊
* ထိုင်၍ မကောင်း၊ တရားညောင်း၊ လဲလျောင်းရင်းနဲ့ ...အချိန်ကုန်...ဆိုတာမျိုးတွေ့။

ဒါမျိုးတွေကို မကျင့်နဲ့။

* မာရ်နတ်လို မယုတ်မာနဲ့၊
* ဒေဝဒတ်လို မကြံစည်နဲ့၊
* အဇာတသတ်လို လူပေါင်းမဖွားနဲ့၊
* သစ္စကပုရိဇ္ဇိုင်လို အမှားမဆိုနဲ့၊
* အင်္ဂုလိမာလလို မရက်စက်နဲ့၊
* ဒဿဂီရိလို အချစ်မကြီးနဲ့၊
* တိဿဂေါတမီလို အစွဲအလမ်းမကြီးနဲ့၊
* ဝိဋူဓာဇာလို မဖျက်ဆီးနဲ့၊
* ဝက်္ကဒေဝီလို အကောက်မကြဲနဲ့၊
* စူဠသုဘဒ္ဒါလို ရန်ငြိုးမထားနဲ့၊
* မဖိုးငုလို ဘဝမမေ့နဲ့၊

www.burmeseclassic.com

www.burmeseclassic.com



.....စသည့် သဘော။

"မလိုက်လျောဘဲ၊ အမှားကို ပြင်၊ အမှန်မြင်လျက် အသိ သတိ၊ ကိုယ်စီရှိမှု၊ ထိုသို့ဖြစ်လုံး၊ မကျင့်သုံးဘဲ၊ ရောင်ရှားဖယ်ခွာ၊ ရန့်ငိုပါသော်၊ တစ်မိုးတွင်အောက်၊ တစ်ဆိုလောက်၍၊ ထူးလောက်အံ့ဖွယ်၊ ဂုဏ်ပြည့်ကြွယ်မည်၊ လိုက်နာသူတို့ ကျိုးမြတ်တည်း"

ဆိုတာမျိုးတွေလည်း ပါရဲ့။

"သင်...လူဖြစ်ရကျိုးနပ်ပါစေ"ခေါင်းစဉ်နဲ့...

"ကိုးကွယ်ရမှာက ဘုရား, တရား, သံဃာ။ နားလည်ရမှာက ကျေးဇူးတရား။ သိထားရမှာက ဘဝမမေ့ဖို့၊ ဘဝင်မမြင့်ဖို့၊ မြောက်ရင်လည်း မမြောက်နဲ့၊ ခြောက်ရင်လည်း မကြောက်ဖို့ လိုတယ်။ ဆင်းရဲ-ချမ်းသာဟာ ကံပဲ ရှိတယ် မဟုတ်လား။ မရောက်ဖို့က ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်။ ဘဝကူးကောင်းဖို့က အကျင့်ကောင်းနဲ့ စိတ်ထားကောင်းဖို့ပဲ။ ဒါဆိုရင် နိဗ္ဗာန်ဆိုတာ ဘယ်မှာ ဝေးတော့မှာလဲ။ ဓမ္မသိမြင်၊ စိတ်ကောင်းယှဉ်၍၊ ဘဝကူး ကောင်းကြပါစေ"

ဆိုတာမျိုးတွေကို ဓမ္မဒါနကုသိုလ်တော်အဖြစ် ပြန်ပေးတတ်တာပါ။

ဖတ်လို့လည်း အကောင်းသား။ ရွတ်လို့လည်း အဆင်ပြေရဲ့။ ပြီးတော့ တွေးစရာတွေလည်း တစ်ပုံကြီး ကျန်စေတဲ့ စာတို့၊ ကဗျာတိုလေးတွေပေါ့။ ဥရောပတစ်ခွင်မှာ ဆရာတော်နဲ့ လဝက်နီးပါးလောက် နေ့စဉ်အတူ ခရီးလှည့်လည်ရစဉ်အတွင်း အဟောအပြောကောင်းပြီး၊ စဉ်းစားတွေးခေါ်စရာတွေ ပေးတတ်တဲ့ ဆရာတော်အသံကိုလည်း ကြားယောင်မိရဲ့။

ဆက်လက်ဖြီးလည်း "ကဲ ကြွေးတော် ပြေစေတီတော်"၊ "ကဲကြွေးတော်ကြေ စေတီတော်"၊ "မဟာကိုးသိန်း ကိုးသန်းစေတီ-ကောင်းမှုကြီးဘုရား"၊ "ရှစ်သောင်းလေးထောင် ဓမ္မကွန်ရာစေတီ-လိုချင်တိုင်းပြည့် ဘုရားကြီး"၊ "ယက္ခမာန်ချ-ရန်အောင်မြင် ရုပ်ရှင်တော်မြတ်"၊ "ဧဝံသန္တိ-ပြဒါးဘုရား"၊ "ဘယ်ဘက်က တစ်ဆုပ်ကျဲ၊ ညာဘက်က တစ်လှည်းဝင်ဘုရား"ဆင်းတုတော်၊ အိတလီနိုင်ငံ၊ ဝီဇာမြို့က ဝီဇာမျော်စင်ကြီးလို ခပ်စောင်းစောင်းဖြစ်နေတဲ့ "အောင်ပြည့်ဒိဗ္ဗဘုရားကြီး"တို့ကိုလည်း ဖူးတွေ့ခဲ့ရပါသေးတယ်။

ရှစ်သောင်းလေးထောင် ဓမ္မကွန်ရာစေတီ လိုချင်တိုင်း ပြည့် ဘုရားကြီး

ဒီဘုရားကြီးအတွက်တော့ ဆရာတော်ရဲ့ လက်ကမ်းစာရွက်လေးမှာ ရှင်းလင်းပြထားတာက -

"သမ္မာသမ္ဗုဒ္ဓ- ခယ်မိုးသော တရားတော်တို့ကို သိမြင်တော်မူသော မြတ်ဗုဒ္ဓသည် သတ္တဝါတို့အား အန္ဓ-အကန်းဘဝမှ ဝိဇ္ဇာ- အလင်းရောင်သို့ လည်းကောင်း၊ ပုထုဇဉ်ဘဝမှ အရိယာ သူတော်ကောင်းအဖြစ်သို့ ရောက်ရှိသည်အထိ ဓမ္မတည်းဟူသော တရားတော်မြတ်တို့ကို ဟောကြားတော်မူခဲ့၏။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ အမည်အားဖြင့် ခေါ်ဝေါ်သတ်မှတ်ကြပြီး (၂၁၀၀၀)သော လိုက်နာရေး-သုတ္တန်တော်တို့ကို လည်းကောင်း၊ (၂၁၀၀၀)သော ကျင့်သုံးရေး-ဝိနယ ဓမ္မကွန်ရာတော်တို့ကို လည်းကောင်း၊ (၄၂၀၀၀)သော သိမြင်ရေး- အဘိဓမ္မာဓမ္မကွန်ရာတော်တို့ကို လည်းကောင်း၊ ပေါင်းစပ်အပ်သော် (၈၄၀၀၀)သော ဓမ္မဝိနယအားဖြင့် နှစ်ပါး နိကာယ်အားဖြင့် ငါးရပ်၊ ဝိဋကတ်အားဖြင့် သုံးပုံသော တရားတော်မြတ်တို့ကို ဟောကြား ဆုံးမတော်မူခဲ့ပေသည်။

တရားတော်မြတ်တို့ကြောင့် သံသရာဘဝ ခရီးသွားဓမ္မအနှစ်ကို ရှာမှီးသူတို့သည် ထိုဓမ္မအစစ်ကို သိအောင်၊ မြင်အောင်၊ ကိုယ်ကျိုးစွန့် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ခဲ့ကြ၍ ဝဋ်သုံးပါးမှ လွတ်မြောက်ကြကာ ကိလေသာဆယ်ပါးမှ ရုပ်စဲကြပြီး၊ မီးဆယ့်တစ်ပါးတို့မှ ငြိမ်းသတ်နိုင်ခဲ့ကြပေပြီ။ ဤကဲ့သို့ အကြောင်းတရား၊ အကျိုးတရား၊ တို့

www.burmeseclassic.com

www.burmeseclassic.com

ကို သိမြင်သောအားဖြင့် ဗုဒ္ဓသည် ဓမ္မကွန္ဒာပေါင်း ရှစ်သောင်းလေးထောင်သော ဓမ္မကို ဟောကြားတော်မူခဲ့ပေသည်။

ထို တရားတော်အပေါင်းတို့သည်ကား မြတ်ဗုဒ္ဓ၌သာ ကိန်းဝပ် စံပယ်တော်မူ၏။ ဗုဒ္ဓ၌သာ ရှိ၏။ သို့ကြောင့် ဗုဒ္ဓသည် ဓမ္မဖြစ်၏။ ဓမ္မသည်လည်း ဗုဒ္ဓဖြစ်၏။ ထိုဓမ္မပိုင်ရှင် မြတ်ဗုဒ္ဓ၏ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ ကရုဏာတော်၊ သစ္စာတော်၊ မေတ္တာတော်၊ တန်ခိုးတော်တို့သည် အပြစ်ကင်း၊ ကောင်းမြတ်သော အရာမှန်သမျှတို့ကို "လိုချင်တိုင်း ပြည့်စုံ"စေနိုင်၏။ သို့အတွက်ကြောင့် အမြတ်ဆုံး အာဇာနည်စစ် မြတ်ဗုဒ္ဓအား ဂုဏ်ပြုလျက်၊ မိမိတို့ စွမ်းနိုင်သော ဗုဒ္ဓဆင်းတုတော်ပေါင်း (၈၄၀၀၀)တို့ဖြင့် တပေါင်း တစည်း တစ်နေရာဇာဉ်း စုပုံလျက်၊ ဤဓမ္မကွန္ဒာစေတီလိုချင်တိုင်းပြည့်ဘုရားကြီးကို တည်ထားအပ်ပါသည်။ လိုချင်တာမှန်သမျှ လိုချင်တိုင်း ပြည့်ပါစေ"တဲ့။

မဟာကိုးသိန်းကိုးသန်းစေတီ ကောင်းမှုကြီးဘုရား

ဒီဘုရားကြီး တည်ထား ကိုးကွယ်ရခြင်းအကြောင်းကိုလည်း ဆရာတော်က ခုလို ရှင်းပြထားပါတယ်။

"အဆင့်အတန်း မြင့်မားသော စိတ်ဓာတ်၊ ထိုက်တန်သောသူတို့နှင့် သူတော်ကောင်း အစရှိသော ပုဂ္ဂိုလ်မြတ်တို့သည် ရခဲ၊ ကြုံခဲသော၊ အရတော်သည့် လူဘဝ၌ ကြီးမြတ်သော ကောင်းမှုတို့ကို မွန်မြတ်စွာဖြင့် သမိုင်းတစ်ခုဖြစ်စေလျက် စွန့်လွှတ်၊ စွန့်စား ကြီးစားဆောင်ရွက်ခဲ့ကြမည်မဟုတ်ပါလား။

မြတ်ဗုဒ္ဓသည် ဂုဏ်တော်ကိုးပါးပိုင်ရှင်ဖြစ်တော်မူရန် အတွက် ထိုက်တန် ကောင်းမြတ်သော မဟာကပ်ကမ္ဘာ-ကိုးသိန်းကိုးသန်းသော ကာလအတွင်း၌ ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ဟူသော ထူးမြတ်သော ပါရမီ ဆယ်ပါးတို့နှင့် အတ္တ-ဥစ္စာ ပစ္စည်းပေးကမ်း၍၊ ဥပ- အင်္ဂါခြေလက်တို့ဖြင့် ရင်းနှီး၍၊ ပရမတ္ထ- အသက်ခန္ဓာတို့ကို စွန့်လွှတ်၍ ဖြည့်ကျင့်ကာ၊ ပါရမီ သုံးဆယ်ပြည့်စုံခဲ့ပြီး ဆရာမပါ အရာရာကို သိမြင်သော၊ သမ္မာသမ္ဗောဓိဉာဏ်- ခပ်သိမ်းသော တရားတို့ကို သိမြင်သည့် သဗ္ဗညုတဉာဏ်တော်တို့ကို ရရှိတော်မူ၍ ဗုဒ္ဓရှင်ဘုရားဖြစ်ကာ ဘဝသံသရာ ခရီးရှည်ကြီး ငြိမ်းအေးရပ်စဲတော်မူခဲ့လေပြီ။

ထို သမ္မာသမ္ဗောဓိ- သဗ္ဗညုတဉာဏ်ပိုင်ရှင်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အရဟံ အစ၊ ဘဂဝါ အဆုံး၊ ဘဝဂ်ခွဲးမှု၊ ဂုဏ်ကိုးဝနှင့် ပြည့်စုံသည့် မြတ်ဗုဒ္ဓ၏ ကျေးဇူးတော်အထပ်ထပ်၊ ဂုဏ်တော်အတန်တန်တို့ကို ပူဇော်သောအားဖြင့်၊ ဖူးတွေ့ကြသူ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့လည်း လိုရာပြီးမြောက် ခရီးပေါက်ကြ၍၊ ဘဝသံသရာရှည်ကြီး ငြိမ်းအေးရပ်စဲကြ စေရန်နှင့်၊ အဓိပြန်မာနိုင်ငံမှအစ၊ ဤစကြဝဠာ ကမ္ဘာကြီး၌ ရေ-မြေ-လေ-မီး ဓာတ်ကြီးလေးပါးတို့ မျှတကြလျက်၊ ရေ-မီး-ဝ လျင်-လေပါ မကြွင်း၊ မင်းနှင့် ပြည်သူ၊ ဆရာ,တပည့်၊ မိဘ, သားသမီး အသီးသီးတို့ ဆိုးကိန်းဆိုးခန်းများ ရပ်ကြ စေရန် ကိုးသိန်းကိုးသန်းသော ဗုဒ္ဓဆင်တုတော်တို့ကို အမှမ်း အပြောက် တန်ဆာဆင်ပြီး ကြီးမြတ်သော သဒ္ဓါ - စေတနာ အရင်းခံကာ၊ မိမိတို့ စွမ်းနိုင်သော ကုသိုလ်မှုတို့ဖြင့် မဟာ ကိုးသိန်းကိုးသန်းစေတီ ကောင်းမှုကြီးဘုရားကို တည်ထား အပ်ပါသည်။

ကောင်းမှုကြီး ဖူး၍ တောင်းဆုကြီးများ ပြည့်ဝကြ ပါစေ"တဲ့။

မဟာပဲသူ သက်သေစေတီ
ကံကြွေးတော်ကြေဘုရားကြီး

ဒီနောက်မှာတော့ "မဟာပဲသူ သက်သေစေတီ ကံကြွေးတော်ကြေ ဘုရားကြီး"ကို သွားရောက် ဖူးမြော်ကြ ပါတယ်။ ဒီစေတီတော်နဲ့ ပတ်သက်လို့လည်း ဆရာတော် က -

"ဗုဒ္ဓဘာသာမှအစ ဘာသာဓလေ့ လိုက်နာသော ကမ္ဘာသူ ကမ္ဘာသားတို့သည် အတိဒုက္ခရောက်၍ မချိတင်ကဲ ခံစားရပြီး၊ မခံစားနိုင်လောက်သည့် ရောဂါဝေဒနာဆိုး အဖြစ်ဆိုးတို့နှင့် ကြုံတွေ့ကြသည့်အခါ "ဝဋ်ကြွေးရှိလည်း ပြေ၊ ကံကြွေးရှိလည်း ကြေပါစေ"ဟု မရိုးနိုင်သော ဆုကို တောင်းဆိုကြမည်သာ။

ဝဋ်ကြွေးဆိုရာ၌ ပြစ်မှားခြင်း-ဝဋ်၊ ကျူးလွန်ခြင်း-ကံ ဟု နှိုင်းချင့်အပ်ပေသည်။ ပြစ်မှားခြင်းသည် ဝဋ်ကို ဖြစ်စေ ပြီး လွန်ကျူးခြင်းသည် ကံကို ဖြစ်စေတော့၏။ ထိုသို့ ဝဋ်နှင့် ကံကို ဝေဖန်ပိုင်းခြား သိသင့်လှပေသည်။ ကောင်းသောကံ သည် စံစား ကောင်းမြတ်စေရန် အကြောင်းရင်းဖြစ်ပြီး၊

www.burmeseclassic.com

www.burmeseclassic.com

မကောင်းသောကံသည် ခံစား။ ရန်များစေရန် အကြောင်းရင်းဖြစ်လေတော့၏။

ထို့ကြောင့် ဘဝါဘဝ- ရှေးက လွန်ကျူးခဲ့ဖူးသော မကောင်းကံ၊ ယခုဘဝ ပြုခဲ့ဖူးသော မကောင်းကံမှန်သမျှ ကြေပကြေစေရန်၊ အမြတ်ဆုံး မဟာဝီရ ရဲရင့်သူအစစ် မြတ်ဗုဒ္ဓအား ရည်စူး၍ ကျွန်ုပ်တို့ တည်နေ၊ ခိုအောင်းသည့် နှစ်သိန်းလေးသောင်း ယူဇနာ၊ မဟာပထဝီမြေကြီးကို သက်သေညွှန်ပြလျက် (၂၄၀၀၀)သော ဗုဒ္ဓရုပ်ပွားတော်များ ဝန်းရံကာ၊ ဤမဟာဝံသ သက်သေစေတီ ကံကြွေးတော်ကြေ ဘုရားကြီးကို တည်ထားအပ်ပါသည်။ ဝင့်ကြွေးတွေ ပြေ၍၊ ကံကျွေးတွေ ကြေကြပါစေ"ရယ်လို့ ရှင်းလင်းချက် စာရွက်ငယ်မှာ မိန့်ကြားထားပါတယ်။

လွတ်ငြိမ်းစံစေတီတော် ကမ္ပည်းကျောက်စာ

ဆက်လက်ပြီး ရှောက်ရှိ ဖူးမြော်ရတဲ့ "လွတ်ငြိမ်းစံစေတီတော်"မှာလည်း ကျောက်စာနဲ့အတူ ဒီလို ရှင်းလင်းထားရဲ့။

စေတီတော်ဘွဲ့ လွတ်ငြိမ်းစံ၊ နှုတ်လွန်ကြူးသည့် အမျက်၊ ကိုယ်လွန်ကြူးသည့် ဝင့်ကြွေးအပေါင်းတို့ လွတ်မြောက် ငြိမ်းအေးကြသဖြင့် စံစားပါစေ ဆုပန်ခွေ "လွတ်ငြိမ်းစံ"ခေါ်စေ။

တည်ထားသည့်နှစ်- သာသနာတော် ၂၅၄၄ ခု၊ ကောဇာ ၁၃၆၂ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ရက်၊ ကျားမင်းနေ့၊ ထိုနေ့ စတင်သည်။ (၁၉-၃-၂၀၀၁)တနလာနေ့။

ပြီးစီးသည့်နှစ်- သာသနာတော် ၂၅၄၆ ခု၊ ကောဇာ ၁၃၆၄ ခု၊ ပြာသိုလပြည့်၊ ပူးမင်းနေ့၊ ပြီးစီးအောင်မြင်သည်။ (၁၇-၁-၂၀၀၃)၊ သောကြာနေ့။

ဦးဆောင်တည်ထားသူ- ဘဒ္ဒန္တသိရိပါလ (ဒီပါရာမ သာသနာပြု) ဝင့်ကြွေးတော်ပြေ မထေရ်သခင် ထေရအရှင်နှင့် တပည့်သားကျော် သံဃာတော်များ။

ရည်ရွယ်ချက် - သတ္တဝါမှန်သမျှ နောင်ဖွဲ့မှုအပေါင်းမှ လွတ်မြောက်၍၊ ပူလောင်မှုအပေါင်းမှ ငြိမ်းအေးပြီးကာ၊ လောကသံသရာ အခွင့်အရေးအပေါင်း စံစားစေမှု ရည်ရွယ်ပြု၏။

ဆုတောင်း - နောင်ဖွဲ့ချုပ်နောင်၊ ကင်းကွာလွတ်၍၊ ပူလောင်ငိုရိုက်၊ ငြိမ်းအေးပြီးကာ၊ အခွင့်အရေးအပေါင်း စံစားရင်းဖြင့်၊ လွတ်-ငြိမ်း-စံရာ နိဗ္ဗူတာကို လျင်မြန်မထေင့်၊ မျက်မှောက်ပြုရပါစေသောဝ်။

အာသီသ ပဋ္ဌနာ- နောင်ဖွဲ့ခြင်းတို့အဆုံးသည်ကား လွတ်မြောက်ခြင်း၊ ပူလောင်ခြင်းတို့အဆုံးသည်ကား ငြိမ်းချမ်းခြင်း၊ အခွင့်အရေးတို့အဆုံးသည်ကား စံစားခြင်း၊ လွတ်-ငြိမ်း-စံကြပါစေသတည်း။

လွတ်ငြိမ်းစံ စေတီတော်မြတ်ကြီး တည်ထားမှုကို တင်ပြခြင်း (၁-၁-၂၀၀၃)

ဒီအချိန်ဟာ ဘုန်းကြီးရဲ့ အသက် ၄၀ပြည့်ခဲ့လေပြီ။ မမျှော်လင့်တဲ့ အောင်မြင်မှုများ အထိုက်အလျောက်ရခဲ့ပြန်သော်လည်း၊ လွတ်ငြိမ်းစံခြင်းကိုတော့ ကြိုးစားဖို့ရန် ကျန်သေးသည်။

လွတ်မြောက်ခြင်း။ ငြိမ်းချမ်းခြင်း။ စံစားခြင်းဟူသော အကျိုးအမြတ်နှင့် ယှဉ်သော ဝေါဟာရတို့သည် ဥဒဟုံသား သတ္တဝါအားလုံးတို့၏ မျှော်လင့်၊ စောင့်စား၊ တောင့်တသော အရာများသာဖြစ်၏။ သို့သော် လွတ်-ငြိမ်း-စံရခြင်း အခွင့်အရေးတို့ကို မြင်အပ်၊ မမြင်အပ် ဘုံသားတို့အတွက်တော့ ဝေးချင်တိုင်း ဝေးနေကြသည်သာ မဟုတ်ပါလား။

ထိုသို့ ရှောင်လွှဲ ဝေးကွာနေရခြင်းတို့သည်ကား ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြစ်မှား ကျူးလွန်ခဲ့ကြလေသောကြောင့် အလိုရှိတိုင်း မပြီးမြောက်ခဲ့ပေ။ စိတ်နှင့် နှုတ်ဝစီကြောင့် အမျက်၊ ဒေါသ၊ အာဃာတ၊ ကိုယ်လွန်ကျူးမှုကြောင့် ဝင့်ကြွေး၊ ဝိပါကတို့ ဖြစ်ကြလေရာ၊ လွတ်မြောက်-ငြိမ်းချမ်း-စံစားရမည့် အခွင့်အရေးနှင့် အကျိုးအမြတ်တို့ကို တားဆီးပယ်ဖျက်ကြလေတော့၏။

ဆိုသောစကား မှန်၏။ ကံ-ကံ၏ အကျိုးကို ညွှန်ပြလျက် ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ကြသော ကျွန်ုပ်တို့သည် အမျက်၊ ဒေါသ၊ အာဃာတနှင့် ဝင့်ကြွေးဝိပါကတို့ ကုန်ဆုံးပြေပျောက်ပါက၊ လောကအနောင်အဖွဲ့၊ သံသရာအနောင်အဖွဲ့များ လွတ်မြောက်ကြကာ၊ လောကအပူ၊ သံသရာအပူများ ငြိမ်းအေးကြပြီး ယခုရော၊ နောင်ပါ အခွင့်အရေးအပေါင်းကို စံစားကြပါစေဟု သစ္စာပြုရင်းဖြင့်...

"ဒီလောကရှိ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်၊ ဖူးတွေ့ကြသူ အပေါင်း ခုဘဲ ခရီးခဲမှ လွတ်မြောက် ကျော်လွန်၍၊ ငြိမ်းချမ်းခြင်း အတိပြီးတဲ့ စံစားမှုအစစ်ကို ရကြပါစေသတည်း ဟု အဓိဋ္ဌာန်ပြုလျက် မြတ်ဗုဒ္ဓ၏ ဂုဏ်ရည်ကို အထွတ်အမြတ်ထားကာ၊ ဤ "လွတ်ငြိမ်းစံ စေတီတော်မြတ်ကြီး"ကို တည်ထားပါသည်။

* မျှော်လင့်ခြင်းအစစ်သည်ကား လွတ်မြောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

* စောင့်စားခြင်းအစစ်သည်ကား ငြိမ်းချမ်းခြင်း။
* တောင့်တခြင်းအစစ်သည်ကား စံစားခြင်း။

အောင်ပြည့်ဒီဗွ ဆုတော်ပေးဘုရားကြီး တည်ထားပူဇော် တင်ပြခြင်း

လောကရှိ သက်ရှိသက်မဲ့ အရာတိုင်၌ အာမခံချက် ရှိရန် အထူးလိုအပ်လှပေသည်။ သက်မဲ့ အရာဝတ္ထုပစ္စည်း တို့တွင် အာမခံချက်ရှိသော အရာတို့သည်ကား ခိုင်ခန့်ခြင်း၊ အရည်အသွေးကောင်းခြင်း၊ ထိုက်တန်ခြင်း၊ တန်ဖိုးကြီးခြင်း၊ နှစ်သက် မြတ်နိုးအပ်ခြင်း၊ သိမ်းဆည်းထားဖွယ်ဖြစ်ခြင်းတို့ နှင့် ပြည့်စုံကြလေဘိသကဲ့သို့...။

သက်ရှိ သတ္တဝါပုဂ္ဂိုလ်တို့၌ အာမခံချက်ရှိသောသူ ဖြစ်ပါက မြင့်မြတ်သော ကိုယ်ကျင့်တရားရှိခြင်း၊ စိတ်ထား စေတနာ အဆင့်အတန်းမြင့်မားခြင်း၊ ရဲရင့် ရိုးသားသောဂုဏ် ရှိခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံခြင်း၊ ရိုသေသမှု စံပြထိုက် ခြင်း၊ ဘဝကူး လားရာဂတိကောင်းခြင်းတို့ကို ပိုင်ဆိုင်ကြရမည် မဟုတ်ပါလား။

ထိုသို့ လောကသံသရာ အရာအားလုံးတို့ စိတ်ချရ စေခြင်းအလို့ငှာ၊ ဖူးတွေ့ကြသူ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ သည် နှုတ်လွန်ကျူးသည့် အမျက်-ဒေါသ-အာဃာတ၊ ကိုယ်လွန်ကျူးသည့် ဝင့်ခဲကြွေး-ဝိပါက-ဝိပါတ်တို့ ပြေပျောက် လွတ်မြောက်ကြသဖြင့် ယခုရော၊ နောင်ပါ အောင်မြင်ပြီး ကောင်းကျိုးမှန်သမျှ ပြည့်စုံမည်ကို၊ ဒီဗွ- ငါဘုရား သိမြင် သည်ဖြစ်၍ ဆုတော်ပေး၏ ဟူသော မင်္ဂလာရှိသော နိမိတ်၊ အောင်မြင်ခြင်း အတိတ်၊ ပြည့်စုံသော အကြောင်းအရာ၊ ကောင်းမြတ်သော အဓိပ္ပာယ်၊ မှန်ကန်သော ဖွင့်ဆိုမှု၊ ဥာဏ် ပါသော တင်ပြခြင်း၊ အနှစ်ရှိသော ရှာဖီးရာ၊ ကြည်နူးဖွယ်ရာ ဖြစ်စေမှု၊ စိတ်ချရသော ခံစားချက်များ ပြည့်စုံလျက်၊ အာမခံ ချက် အပေးနိုင်ဆုံးသော ဗုဒ္ဓဂုဏ်ရည်ကို အထွတ်အမြတ် တင်ကာ ဤ "အောင်ပြည့်ဒီဗွ ဆုတော်ပေးဘုရားကြီး" ကို တည်ထားပါသည်။

"နောင်ရေးတွေးပြီး စိတ်အေးရလေအောင်၊ နောင်ရှိ လျှင် စိတ်ချရဖို့ အောင်ပြည့်ဒီဗွ၊ အောင်မြင် ပြည့်စုံပါစေ သတည်း"

ကြဲတိုင်းပြည့်ဝ လျှောင်းတော်မူဘုရားကြီး တည်ထား သွန်းပြုရခြင်း တင်ပြမှု(၁၉-၄-၂၀၁၃)

လောကသံသရာမှာ လူ စသော ပုဂ္ဂိုလ်သတ္တဝါတိုင်း မျှားသောအားဖြင့် အမုန်တရားများနှင့် ကင်းဝေးပြီး မအေး ချမ်းဘဲ စိုးရိမ်ပူပန်မှုများနှင့်သာ တွေ့ကြုံနေရသည်မှာ၊ ဘဝ နေဝင်သည့် ကာလတိုင်အောင်ပင် ဖြစ်တော့သည်။ ထို့ကြောင့် ယခုရော၊ နောင်ပါ အရာရာပြည့်စုံခြင်းသည်ကား အမုန်တရားနှင့် နေလိုပြီ၊ အေးငြိမ်း ချမ်းသာစွာ ဘဝအဆုံး သတ် လျှောင်းစက်လိုသည်မှာ သဘာဝကျသော ဓမ္မအမြင် နှင့် ဘဝအမြင်ပင် ဖြစ်တော့သည်။

"မြတ်ဗုဒ္ဓ လျှောင်းစက်သော ရွှေသာလျှောင်းဘုရား" ဟု ခေါ်တွင်ကြရာတွင် ရှေးသူတော်ကောင်း ပညာရှင်တို့က "အရှေ့ - နေရဖွာန်၊ အနောက်- ပေါင်းလဲ၊ တောင်-သာ လျှောင်း၊ မြောက်- ကုသိန္နာ" ဟု ဆိုမိန့်ကြသည်ဖြစ်ရာ မိမိ တည်ထားခဲ့သော စေတီ၊ ပုထိုး၊ ဗုဒ္ဓဆင်းတုတော်များတွင် လျှောင်းတော်မူဘုရား မတည်ထားဘူးသည်က တစ်ကြောင်း၊ အမုန်တရားနှင့် ငြိမ်းအေးချမ်းသာမှုတို့ကို သတ္တဝါအားလုံး ရစေလိုသည်က တစ်ရပ်၊ အရှေ့ပို ဦးခေါင်းထား ပူဇော်သဖြင့် နေရဖွာန်ဘုရားဖြစ်ကာ အဖြေမှန်သွားကြစေပြီး လောက သံသရာ ကြဲစည်တိုင်း မြောက်၊ ထင်တိုင်းပေါက်ကြစေလို့ ကြဲတိုင်း ပြည့်ဝသူအစစ်၊ ဘုန်းတော်ခြောက်ပါးနှင့်ရှင်

www.burmeseclassic.com





မြတ်ဗုဒ္ဓအား အထူးဂုဏ်ပြုလျက် သတ္တဝါတို့အား ရပါစေ၊ ပြည့်ပါစေဟု ဝိုလ္လတ်အပ်သော မေတ္တာအစစ်၊ အတု အယောင်မပါ၊ မှန်ကန်စွာ ပြုအပ်သော သစ္စာအနှစ်တို့ဖြင့် ၎င်း "ကြံတိုင်း ပြည့်ဝ၊ လျောင်းတော်မူဘုရားကြီး"ကို တည်ထား ပူဇော် သွန်းပြုအပ်ပါသတည်း။

"ကြံတိုင်းပြည့်ဝ ဘုရားဖူး၍ မှန်တိုင်း တိကျစွာ ရကြပါစေသတည်း"

အမျက်ဒေါသ ရှိသောသူကို သခ္ခါ၊ မေတ္တာ စသော မြင့်မြတ်သော တရားများ ရှောင်ကွင်းကြ၏။

မသိသူ၊ မလိုကြီးသူ၊ မာနကြီးသူတို့၌ အမျက်ဒေါသသည် လွှမ်းမိုး၏။

အမျက်ဒေါသ ကင်းသူကို သူတော်ကောင်းဟု ဆိုအပ်ပေ၏။

များသောအားဖြင့် သတ္တဝါအားလုံးတို့သည် အဖြည့်ခံ၊ အမှီခဲရှည်၊ အနိမ့်ခံများသာ ဖြစ်၏။

ထိုအရာကား အမျက်ဒေါသအကျိုးတည်း။

ပျော်ရွှင် ဝမ်းမြောက်လိုလျှင် အမျက်ဒေါသကို ပယ်နုတ်ရာ၏။ အမျက်ဒေါသကို ပျော်ရွှင်မှုတို့ ရှောင်ကွင်းကြသည်ကို မြင်အပ်သင့်ပေရာ၏။ အမျက်ဒေါသကြောင့် ပျော်ရွှင်ချမ်းမြေ့ခြင်းများ ပျက်စီး၏။ အမျက်ဒေါသ မရှိသောအရာတိုင်း၌ ငြိမ်းချမ်းခြင်း၊ ကျေနပ်ခြင်းတို့ ဖြစ်စေတော့၏။

ရန်သူတစ်သန်းကို သတ်ဖြတ်ရခြင်းထက်၊ ရန်သူတစ်စု၏ ဘေးဒဏ်ကို ခံနိုင်ခြင်းသည်သာ စင်စစ်။ လုပ်ရခြင်းထက် ခံရခြင်းသည် ရဲစွမ်းသတ္တိအစစ်ဖြစ်၏။

ရန်သူတစ်သောင်းကို အောင်နိုင်ရာ၏။ အခြားသောသူသည် မိမိကိုသာ နိုင်၏။ စင်စစ် မိမိစိတ်ကို နိုင်သူသာ အောင်သူအစစ်ဖြစ်၏။

* အောင်မြင်လိုလျှင် "သည်းခံ"။
* ပြည့်စုံလိုလျှင် "ရှာမိုး"။
* သိမြင်လိုလျှင် "လေ့လာ"။
* အဲဒါ အောင်ပြည့်ဒီဗွဘုရား။

ဆရာတော်ရဲ့ အာဘော်တွေကို ဖတ်ရင်း၊ ဘုရားတွေကို ဖူးရင်းနဲ့၊ ခပ်စောင်းစောင်း မျှော်စင်ပေါ် ရောက်သွားပေါ့။

ဆရာတော်ရဲ့ ကျောင်းဝင်း ဥယျာဉ်တော်ကိုလည်း မျှော်စင်ပေါ်ကနေ ကြည့်မိရဲ့။ ခပ်လှမ်းလှမ်း ဟိုးတစ်ဖက်ကမ်းခြီမှာတော့ အာနန္ဒာဘုရားနဲ့ ဆင်တူ စေတီတစ်ဆူကို လှမ်းပြီး ဖူးလိုက်ရပါသေးတယ်။ ဆရာတော်ရဲ့ ကျောင်းကစိမ်းစိမ်းစိုစို၊ သန့်သန့်ရှင်းရှင်းနဲ့ တိတ်တိတ်ဆိတ်ဆိတ်လည်း ရှိတဲ့ နေရာပါ။ ရန်ကုန်နဲ့လည်း မနီးမဝေးမို့ အလုပ်အားရက်၊ ကျောင်းပိတ်ရက်တွေမှာ မိသားစုနဲ့အတူ ဖူးမြော်လည်ပတ်ဖို့ ကောင်းတဲ့ အရပ်ပါ။ ဝဠုကြွေးတော် ပြေ, မပြေတော့ပါရမီဉာဏ်နဲ့ ကိုယ့်ဝဠုကြွေးတွေရဲ့ အတိုင်းအဆအလိုက် တန်ပြန် သက်ရောက်မှုတွေ ရှိလို့၊ အတတ်မပြောနိုင်ပေမယ့် ဆရာတော်ကျောင်းဝင်းမှာ ဘာသာတရားအရိပ်နဲ့ ငြိမ်းအေးသာယာမှုကို ရရှိမှာတော့ အသေအချာပါပဲ ■

* * *

ကံ့ကော်မြင့်

စာကိုး

- ဝဠုကြွေးတော်ပြေ ဆရာတော်၏ လက်ကမ်းစာရွက်များ။

www.burmeseclassic.com

www.burmeseclassic.com

ကြီးစိမ်းရိုးပေါ်ကကြောက်တဲ့ တစ္ဆေကြီး

ရောဇမြဲ ဘွဲ့နှင့်ဘွဲ့နိုး



လွန်ခဲ့သော အနှစ် ၄၀ခန့်က ဖြစ်ရပ်မှန်တစ်ခုကို စာပြုစု ရေးသားခြင်းဖြစ်ပါတယ်။

မာသ်ာတမြို့နယ်သည် ယခင်က လူနေမှု နည်းပါးပြီး ယခုကဲ့သို့ စည်ကားသိုက်မြိုက်စွာ လူနေထိုင်မှု မရှိသေးချိန်တွင် မြို့၏ အနောက်ဘက် ၌ လယ်ကွင်းများသာ ရှိသဖြင့် လယ်

www.burmeseclassic.com

www.burmeseclassic.com

စိုက်ခြင်း။ ကုန်းမြေများတွင် ခြံလုပ်ငန်းများနှင့် အိမ်မွေးတိရစ္ဆာန် ကြက်၊ ဝက်၊ ဘဲ၊ နွား၊ ဆိတ်တို့ကို မွေးမြူသူများသာ နေထိုင်ကြပြီး ရေလုပ်ငန်း၊ တံငါလုပ်ငန်းများဖြင့် ဝမ်းစာအတွက် ရှာဖွေစားသောက်နေထိုင်လျက်ရှိကြသည်။

ရေမဝပ်သော ကုန်းမြေ၊ စားကျက်မြေတို့တွင် အိမ်ရာများဆောက်လုပ်ကာ နေထိုင်ကြပြီး လူနေအိမ်ကိုးလုံးရှိသောရွာကို "ကိုးအိမ်တန်"ဟုလည်းကောင်း၊ ကျတ်ကောင်ရှိသောရွာကို "ကုန်း"ဟု လည်းကောင်း ရွာအမည်ပေးထားပါသည်။

ကျတ်ကုန်းရွာတွင် လူနေအိမ် ၁၀လုံးခန့်ရှိကာ၊ အများစုမှာ ဆွေမျိုးတော်စပ်သူများသာ နေထိုင်ကြပြီး၊ ထိုရွာတွင် ဦးရွှေနှင့် ဇနီးဖြစ်သူ ဒေါ်ခင်ကြီးတို့မိသားစု လေးဦးလည်း နေထိုင်ပါသည်။ ဦးရွှေနှင့် ဒေါ်ခင်ကြီးတွင် သားနှစ်ဦးရှိပြီး အကြီးဆုံးသားမှာ မောင်အေးဖြစ်၍၊ သားငယ်မှာ မောင်စိုးဖြစ်ပါသည်။ သားကြီးဖြစ်သူ မောင်အေးမှာ နာမည်နှင့် လိုက်အောင် အေးအေးနေထိုင်တတ်ပြီး သားငယ် မောင်စိုးမှာ အပေါင်းအသင်းများကာ သောက်စားယူးယစ်ခြိုန်တွင် သွေးဆိုးကာ ရမ်းကားတတ်သည်။ ၎င်းတို့မိသားစုသည် ကိုယ်ပိုင်လယ် ၄ကော်တွင် စပါးစိုက်ခြင်း၊ ကိုင်းစိုက်ခြင်းများကို ရာသီအလိုက် လုပ်ကိုင်ကာ နေထိုင်ပါသည်။

ကျတ်ကုန်းရွာဟု အမည်ပေးရခြင်းမှာ ဦးသော်နှင့် ဦးဘမုန်တို့ ညီအစ်ကိုနှစ်ဦး ရန်ကုန်မြို့သို့ တက်၍ အလုပ်လုပ်ပြီး ၆လခန့်အကြာ ပိုဦးကျခြိုန်ဖြစ်၍ ဟသ်တသို့ ပြန်ခဲ့ပါသည်။ ဟသ်တဘူတာအရောက်တွင် ညမောင်လာခြိုန်ဖြစ်၍ ဦးဘမုန်မှာ သရဲတစ္ဆေကြောက်တတ်သူဖြစ်သဖြင့် ရွာသို့ ပြန်ရန် ရဲဆေးတင်သောအနေဖြင့် တောချက်အရက်ဆိုင်သို့ ဝင်ကာ ညီအစ်ကိုနှစ်ယောက် စကားပြောလိုက်၊ သောက်လိုက်ဖြင့် အချိန်အတော်ကြာသွားခဲ့သည်။ နှစ်ဦးသားမှာ အရက်ကြိုက်သူများဖြစ်၍ အလုပ်မှ စုဆောင်းရလာသော ငွေကြေးကလည်း ရွှင်ရွှင်၊ တောချက် မီးတောက်အရက်ကလည်း ကောင်းကောင်းဖြင့် အတော်တွယ်လိုက်ကြကာ ကျသင့်ငွေရှင်းပြီး ဒယီးဒယိုင်ဖြင့် ရွာဘက်သို့ ပြန်လာခဲ့လေသည်။

တစ်ဦးကို တစ်ဦးတွဲကာ စကားပြောရင်း လျှောက်လာရာ ည ၉နာရီကျော် ၁၀နာရီခန့်တွင် ကိုးအိမ်တန်းရာသို့ ရောက်ပြီး ၎င်းတို့နှစ်ဦးနားထဲတွင် ဆိုင်းသံများ ကြားနေရသဖြင့် ဦးဘမုန်မှ...

"အစ်ကိုသော်...ဒီညအဖို့ မထူးတော့ဘူးကွာ။ ဆိုင်းနားထောင်ပြီးမှ ရွာပြန်မယ်ကွာ။ ဆိုင်းမကြည့်ရတာလည်း ကြာပြီဆိုတော့ တို့ညီအစ်ကို ဆိုင်းသွားကြည့်မယ်၊ လာ"

ဟု ဦးဘမုန်မှ ပြောပြီး ဆိုင်းသံကြားရာသို့ သွားကြလေသည်။

ကိုးအိမ်တန်းရွာ၀ယ် လျှောက်စဉ် ရွာထဲ၌ လူသူအသံများ မကြားရ။ ပွဲသွား တစ်ဦးတလေမှ မတွေ့ရသော်လည်း ဦးဘသော်တို့ ညီအစ်ကိုနှစ်ဦးမှာ အရက်ရှိန်ကြောင့် ဘာကိုမျှ သတိမထားမိဘဲ ဆိုင်းသံကြားရာသို့သာ ဦးတည်သွားနေကြ၏။ အရက်မူးယစ်နေ၍ မျက်လုံးများ မှုန်ဝါးနေပြီး တွေးတောနိုင်မှုမရှိဘဲ ရုပ်သေးဆိုင်းတီးနေသည်ကို တွေ့မြင်သွားပြီး ဆိုင်းနှင့် နီးကပ်၍ လူမရှိသော နေရာလွတ်အရောက်တွင် ထိုင်၍ ကြည့်နေကြသည်။ ၎င်းတို့နှစ်ဦးကြည့်နေသည်မှာ ဆိုင်း၊ ရုပ်သေး၊ ပြဇာတ်များဟု တွေ့မြင်၊ ကြားနေရသော်လည်း အမှန်မှာ ကျတ်ဟုခေါ်သော တစ္ဆေများမှ ပွဲတော်ပြုလုပ်ကာ ကခုန်နေခြင်းဖြစ်လေသည်။ အချိန်အတော်ကြာ ကြည့်နေစဉ် အရက်ရှိန်တက်လာသော အမူးဒဏ်ကို မခံနိုင်ကြသဖြင့် ညီအစ်ကိုနှစ်ဦး ပွဲခင်းထဲတွင် လဲ၍ အိပ်ပျော်သွားလေသည်။

အရက်မူးလွန်၍ အိပ်ပျော်နေသည်မှာ နံနက် နေထွက်ချိန်ရောက်ရှိသော်လည်း မနိုးသေးပါ။ ရွာထဲမှ လူများ ထွက်လာလို့ တွေ့မှ...

"ဟေ့ကောင်... ဘသော်နဲ့ ဘမုန် ထကွ၊ မင်းတို့ကွာ... အိပ်စရာရှားလို့ ဒီမှာအိပ်ရတယ်လို့ကွာ"

ဟု လှုပ်၍ နှိုးတော့မှ အတင်းလူးလဲထပြီး ဟိုကြည့်ဒီကြည့်နဲ့ ညကဘယ်လောက်တွယ်ထားသည် မသိ၊ ပါးစပ်မှ ချဉ်စုတ်စုတ်အနံ့တွေက တထောင်းထောင်းထနေသည်။ ထိုအခါမှ ၎င်းတို့နှစ်ဦးလည်း သတိရကာ -

"ဟေ့ကောင်... ငထွန်း၊ ညကဘယ်သူ့ဆိုင်းလဲကွ။ ငါတို့ ရွာမပြန်ဘဲ ကြည့်နေတာ။ အရက်ကလည်း သောက်တာများလို့ အခုလို အိပ်ပျော်ရတာပါ။ ငါတို့လည်း ရန်ကုန်က ပြန်လာတာ။ ဘူတာမှာ အရက်တွယ်ပြီး ဒီနေ့ ပြန်ခဲ့တာကွ"

ဟု ဘမုန်၏ စကားအဆုံးတွင် ငထွန်းဆိုသူမှ...

"ဘယ်ကလာ ဘမုန်ရာ၊ ပေါက်ပေါက်ရာရာ။ ဘယ်က ဆိုင်းရှိရမှာတုန်း။ ရွာက လူတွေ ဒီလို ဆိုင်းနဲ့ ဘာနဲ့ မလျှိုနိုင်သေးဘူး။ ဆိုင်းရှိတယ်လို့လည်း မကြားဘူးကွ။ မင်းတို့ အရက်မူးမူးနဲ့ လျှောက်ပြောပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ကမှ လျော့ကျက်ပြောတာ မဟုတ်ဘူး ထွန်းရ။ ညက တကယ် ဒီမျက်လုံးတွေနဲ့ မြင်ခဲ့၊ ကြည့်ခဲ့ရတာကွ"

ဟု ဘမုန် ပြန်ပြောလေသည်။ ဒီတော့မှ ထွန်း တွေးမိပြီး...

"ဟုတ်ပြီ ဘမုန်။ ငါ အခုမှ စဉ်းစားလို့ရပြီ။ ငါ့အဖေ အရင်က ပြောဖူးတယ်၊ ဒီနေရာတစ်ဝိုက်မှာ အရင်က ကျတ်ကောင်ဆိုတဲ့ တစ္ဆေအသေးစား လေးတွေ နေဖူး တွေ့ဖူးတယ်။ တစ်ခါတလေ သူတို့ လူတွေကို အမျိုးမျိုးဖန်တီးပြီး ဆိုင်းတို့၊ ပွဲလမ်းသဘင်တို့ လုပ်ပြလေ့ရှိတယ်။ မင်းတို့တွေ့ခဲ့တာ ဒါပဲ ဖြစ်ရမယ်"

ဟု ပြောတော့မှ ဘသော်က သတိရကာ...

"အေး၊ မင်းပြောတာ ဖြစ်နိုင်တယ်။ ဒီလို ရွာအပြင်မှာ ဇာတ်ပွဲပြတာ တစ်ခါမှ မကြားဘူး၊ မတွေ့ရဘူး။ ငါတို့ အရက်မူးပြီး ကျတ်တွေ လှည့်စားတာကို ခံလိုက်ရပြီ"

"ကဲ - ဒါဆိုလည်း မင်းတို့ ရွာကို ပြန်တော့။ ငါလည်း လုပ်စရာရှိတာ လုပ်ရဦးမယ်"

ဟု ပြောကာ ဘမုန်တို့ ရွာကို ပြန်ခဲ့ရလေသည်။

ယခု လူနေအိမ်များ စုကာ နေထိုင်ကြသဖြင့် ယခင်က ဘမုန်တို့ ပြောစကားကို အစွဲပြုပြီး "ကျတ်ကုန်း" ဟု အမည်တွင်ခြင်း ဖြစ်လေသည်။

◈◈◈

အနေအထိုင်ကြာလာသည်နှင့် အမျှ မောင်စိုး၏ မိဘများကလည်း ကွယ်လွန်ခဲ့ပြီး မောင်အေးနှင့် မောင်စိုးမှာ ကိုယ်စီ အိမ်ထောင်များပြု၍ မိဘပိုင်သောလယ်ကို တစ်ယောက် နှစ်ကာစီ ခွဲဝေယူကာ အိမ်ခွဲ၍ နေကြလေသည်။ မောင်အေးမှာ မိမိအမွေရသော လယ်နှစ်ကောကို လယ်စိုက်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်းဖြင့် နေထိုင်သည်။ မောင်စိုးမှာတော့ မိဘအမွေ လယ်နှစ်ကောအား အစ်ကိုဖြစ်သူထံ စပါးပေးနှင့် အပ်နှံပြီး မိမိဝါသနာပါသော တံငါအလုပ်ကို လုပ်ကိုင်လေသည်။ အစ်ကိုထံမှ ရရှိသော စပါးများကို ဝမ်းစာထည့်ပြီး သူရာဖွေ၍ ရရှိသောငါးများကို ဇနီးဖြစ်သူမှ ရောင်းချကာ တံငါအလုပ်ဖြင့် ပျော်မွေ့နေသည်။ နွေရာသီတွင် ပိုက်၊ မြှုးများ။ ကွန်များကို အသင့်ပြုလုပ်ထားကာ မိုးဦးကျခိုမှ စ၍ ငါးမွေခြင်းအလုပ်ကို စတင်လေသည်။

အကုသိုလ်ကံ အကျိုးပေးခိုန်ဖြစ်၍ မောင်စိုးမှာ ငွေပိုငွေလျှံများ စုမိဆောင်းမိဖြစ်ကာ မိသားစုနှစ်ဦးမှာ သာယာနေလေသည်။ ယခု မိုးဦးကျခိုန်ဖြစ်၍ မောင်စိုးမှာ ကြီးစိမ့်လယ်ရိုး တစ်လျှောက် ငါးရသော နေရာတွင် မြှုးများ၊ ပိုက်များ ထောင်လေသည်။ ငါးများမှာ ယခင်နှစ်ကထက် ပို၍ရလာတော့ ညလုံးပေါက် မြှုးများဖော်လိုက်၊ ပိုက်များ ဖောလိုက်နှင့် မအိပ်မနေ ရှာဖွေပြီး ရရှိငါးများကို ပုံးများ၊ ပလိုင်းများတွင် ထည့်၍ အိမ်သို့ ပြန်လာကာ စျေးကောင်းရသော ငါးခူ၊ ငါးရံ့၊ ငါးကြင်းပေါက် စသော ငါးများကို ဇနီးဖြစ်သူ ဒေါ်ခင်ကြီးမှာ ကျေးရွာများသို့ လိုက်လံရောင်းချရပြန်သည်။ ကျန်ရှိသော ငါးနုတ်ငါးသေးများကို မောင်စိုးမှာ ငါးပိပြုလုပ်ပြီး ဇနီးချက်ပြုတ်ထားသည့် ထမင်းဟင်းတို့ကို စား၍ နေ့ဘက်တွင် အိပ်လေသည်။

ဇနီး ဒေါ်ခင်ကြီးကျေးရွာများသို့ ငါးရောင်းပြီးအပြန် မောင်စိုးအတွက် အရက်နှစ်လုံး သုံးလုံးဝယ်ရပြန်သည်။ ညနေစောင်းတွင် နေအိမ်သို့ ပြန်ရောက်လာပြီး ခင်ပွန်းသည်အား နှိုးရ၍ ပေးလေသည်။ မောင်စိုးမှာ ဇနီးဝယ်လာသော တောအရက်မီးတောက်ကို တစ်လုံးခန့် ငါးဖိုးဖုတ်၊ ငါးခြောက်ဖုတ် တို့နှင့် စည်းစိမ်ရစ်ကာ သောက်စားပြီး ညမှောင်ရီဖျိုးဖျတွင် လိုအပ်သည့် ပစ္စည်းများကို ယူကာ ငါးရှာထွက်လေသည်။ မိုးလေးကလည်း တဖြောက်ဖြောက်နှင့် အရက်ရှိန်လေးဖြင့် မောင်စိုးတစ်ယောက် ညအမှောင်ထဲတွင် ဓာတ်မီးထွန်းကာ မြှုးများ၊ ပိုက်များထောင်ကာ အလုပ်ရှုပ်နေသည်။ ကြီးစိမ့်ရိုးတစ်လျှောက် ငါးများထောင်၍အပြီးတွင် ငါးစောင့်တဲထိုးထားသော နေရာတွင် တောချက်အရက်ကို အဖော်ပြုကာ နေပြီး ငါးလိုက်ခိုန်တွင် ရေထဲသို့ ဆင်း၍ မြှုးဖော်ရ၊ ပိုက်ဖော်ရနဲ့ ရရှိသော ငါးများကို တဲသို့ သယ်ခဲ့ပြီး...

"ဒီနေ့ည ဘယ်လိုဖြစ်တာလဲ၊ ရာသီဥတု ကိုယ့်ဘက်ပါရဲ့သားနဲ့ ငါးတွေ ထင်သလောက် မရဘူး။ ကိုးအိမ်တန်းက ငကော်တို့ ငါ့ကို ချောင်းပြီး မြှုးထဲက ငါးတွေကို နိုးနေသလား မသိဘူး။ ဒီတိုင်း ထိုင်နေလို့ မဖြစ်ဘူး။ ငါ လိုက်ချောင်းမှ ဖြစ်မည်"

ဟု တွေးကာ မိမိ ငါးရှာစဉ် အချိန်၌ ယူနေကျ လေးတောင့်ထိုး ဓာတ်မီးနှင့် ကိုင်းခုတ် ဓားရှည်ကို ဆွဲကိုင်ကာ ချောင်းရပြန်၏။

မိုးက အေးအေး၊ သောက်ထားသော အရက်ရှိန်လေးနဲ့ မြှုးများ၊ ပိုက်များ ထောင်ထားသော နေရာများကို လိုက်လံကြည့်စဉ် မိမိတဲနှင့် ကိုက် ၁၀၀ ခန့်ဝေးသော ကြီးစိမ့်လယ်၏ ရိုးပေါက်အဆုံးတွင် ထောင်ထားသော မြှုးမှ ငါးများကို နှိုက်စားနေသော

www.burmeseclassic.com

www.burmeseclassic.com

မည်းမည်းအကောင်ကြီးကို ဓာတ်မီးနှင့် ဝှေ့၍ ထိုးလိုက်စဉ် တွေ့ရပြီး ငါးသူခိုးကို မားနှင့် ခုတ်မည်ဟု စိတ်မှ တွေးကာ ထိုနေရာသို့ ခြေသံတိတ်တိတ်နှင့် တိုးကပ်သွားပြီး လက်တစ်ကမ်းအလို၌ မိမိကိုင်ထားသော မားကို မြှောက်၍ အခုတ်၊ ထိုမည်းမည်းသတ္တဝါတစ်ကွေးကြီးမှ ခေါင်းမပါ။ ကိုယ်လုံးအတိုင်း မတ်တတ်ရပ်၍ပြရာ ထန်းပင်ခန့်ရှည်သော အရပ်ကို တွေ့ရပြီး မောင်စိုးမှာ "အောင်မလေးဗျ" ဟု တစ်ခွန်းသာ အော်ဟစ်ပြီး ထိုနေရာ၌ လဲ၍ သတိလစ်သွားလေသည်။

နံနက်မိုးလင်း၍ နေအိမ်သို့ ပြန်ရောက်ချိန် ခင်ပွန်းဖြစ်သူ ရောက်မလာသဖြင့် ဇနီးမှာ တစ်ရွာတည်းနေ မောင်ပုကို သွားခေါ်ပြီး အကျိုးအကြောင်းပြောကာ မောင်နမန်စဉ်းသား မောင်စိုး ငါးရှာသောနေရာသို့ လိုက်သွားကြရာ ကြီးစိမ့်ရိုးပေါက်အဆုံး လူသွားလမ်း လယ်ကန်သင်းရိုးဘေးတွင် တုံးလုံးလဲနေသော မောင်စိုးအား တွေ့၍ ပျာပျာသလဲ ပွေ့ယူပြီး...

"မောင်လေးရယ်...ကြည့်ပါဦး၊ နင့်အစ်ကိုသေပြီလား မသိဘူး"

ပါးစပ်ကလည်း ပြော၊ မျက်ရည်တွေကလည်း စီးကျကာ ငိုယိုပြီး ဒဏ်ရာကို ရှာဖွေသော်လည်း မတွေ့သဖြင့် မောင်ဖြစ်သူမှ...

"မမ...အစ်ကို ညက ငါးရှာရင်း သောက်တာများလို့ မူးလဲပြီး သတိလစ်နေတာလား မသိဘူး။ သူ့တစ်ကိုယ်လုံးမှာ ဘာဒဏ်ရာမှ ရှာမတွေ့ဘူး။ ပြောစရာဆိုလို့ ဒါပဲရှိတယ်။ မြွေကိုက်တဲ့ ဒဏ်ရာလည်း မရှိ၊ မား ခုတ်ခံရတဲ့ မားရာလည်း မရှိနဲ့ဆိုတော့ သေတာတော့ မဟုတ်ဘူး။ သတိလစ်နေတာပဲ ဖြစ်မယ်"

ဟု ပြောလည်းပြော၊ မောင်စိုးကိုယ်အား လိုက်လံ နှိပ်နယ်ပေးရာ နာရီဝက်ခန့်အကြာတွင် "ဟင်း..." ဟု အသံပြည်ကာ မောင်စိုး သတိရပြီး ပွေ့ထားသူ ဇနီးအား အတင်းတွန်း၍-

"ငါ့ကို မသတ်ပါနဲ့၊ ကြောက်ပါပြီ"

ဟု အော်ဟစ်ကာ ထပြေးစဉ် ဇနီးနှင့် ယောက်ဖဖြစ်သူမှ...

"အစ်ကို...ငါတို့ပါ။ သေချာကြည့်ပါဦး"

ဟု ပြောဆို ဆွဲထားရပြန်သည်။ ဒါတောင် အတော်ကြာ ပြေးသဖြင့် လိုက်ဆွဲရပြန်၏။ နောက်မှ ဇနီးဖြစ်သူရဲ့ အော်ဟစ် ငိုသံကို ကြားပြီး သတိပြန်ဝင်လာကာ နေအိမ်သို့ သုတ်ခြေတင်ကာ ပြန်လာခဲ့ကြသည်။ ရွာထဲမှ လူများကလည်း...

"မောင်စိုး ဘာဖြစ်လာတယ် မသိဘူး၊ ပုဆိုးမနိုင် ပဝါမနိုင်နဲ့။ သူမိန်းမကလည်း နောက်ကနေ ငိုယိုပြီး ပြေးလိုက်တာ တွေ့တယ်"

ဟု မြင်တဲ့သူတွေက ပြောကြသဖြင့် တစ်ရွာလုံး ဆူညံနေကာ အစ်ကိုကြီး မောင်အေးရောက်လာပြီး-

"ဟေ့ကောင် ဟောင်စိုး၊ ဘာဖြစ်ပြန်ပြီလဲ။ ဒီလင်မယားတွေ ခဏခဏ ရန်ဖြစ်ပြန်ပြီ"

ဟု ပြောဆိုကာ နေအိမ်ပေါ်သို့ တက်လာ၏။ နေအိမ်ပေါ် အရောက်တွင်...

"အစ်ကိုကြီးရယ်... ကယ်ပါဦး၊ အစ်ကိုညီ ညက ငါးရှာထွက်တာ ဘာတွေ ဖြစ်လာသလဲ မသိဘူး၊ လုပ်ပါဦး"

ဟု ပြော၍ ငိုသည်။ မောင်စိုးမှလည်း...

"အောင်မလေး...ကြောက်ပါပြီ၊ ကျွန်တော့်ကို မသတ်ပါနဲ့၊ ကြောက်လို့ပါ။ ဘာကောင်ကြီးလဲ မသိဘူး၊ ထွက်သွား...ထွက်သွား"

ဟု ခေါင်းပြီးခြုံကာ အော်ဟစ်နေသည်။ ရွာထဲမှ လူတွေကလည်း -

"မောင်စိုး ဘာဖြစ်တာလဲ"

ဟု တစ်ယောက်တစ်ပေါက် ပြောဆိုကာ အိမ်ပေါ်သို့ တက်လာကြနှင့် တစ်အိမ်လုံး ဆူညံနေတော့သည်။

ထိုရွာတွင် လွန်ခဲ့သော တစ်ပတ်ခန့်က ရောက်နေသော ဘကြီးကွန်းမှ ရောက်လာပြီး...

"ဘာဖြစ်လို့လဲ"

ဟု မေးကာ မောင်စိုး၏ အော်ဟစ်ပြောဆိုသံကို ကြားရ၍ ပိုင်းကြည့်နေသော လူစုကို ဘေးသို့ ဖယ်ရန် ပြောပြီး...

"နင်တို့ကလည်း ငိုဖို့လောက်ပဲ သိတယ်။ နင့်ယောကျ်ား ဘာမှ ဖြစ်တာ မဟုတ်ဘူး။ ညက ငါးရှာရင်း မကောင်းဆိုးဝါး တစ္ဆေသရဲကို တွေ့လို့ အခြောက်ခံရလို့ အခုလိုဖြစ်နေတာ။ ငါကုပေးမယ်။ ဘေးဖယ်နေကြ"

ဟု ပြောပြီး မောင်စိုးအား နေအိမ် ဘုရားကျောင်းဆောင်ရှေ့သို့ ပွေ့ယူလာပြီး...

"လူလေး မောင်စိုး၊ ခဏလောက် ဘုရားကို အာရုံပြုထားကွာ။ အဘကုပေးမယ်။ မကြောခင် ပျောက်သွားမှာပါ။ သတိထားနေ။ သတိထားပြီး ဘုရားကို အာရုံပြု"

ဟု ပြော၍ ဘုရားကျောင်းဆောင်ပေါ်တွင် ဘုရားအား ကပ်လျှူထားသော သောက်တော်ရွေ့ကို ယူကာ ပါးစပ်မှ မန်းမူတ်၍ မောင်စိုးအား သောက်စေပြီး ဦးခေါင်းမှ အောက်သို့ ရေမန်းများဖြင့် ပက်ဖျန်းပေးကာ ကုသပေးလိုက်သဖြင့် မောင်စိုးမှာ သက်သာ

www.burmeseclassic.com

www.burmeseclassic.com



ရရှိသွားလေသည်။

ညက သူ မြင်တွေ့ခဲ့ရသော အကြောင်းစုံကို ဘကြီးကွန်းအား ပြောပြ၍ လူအများ သိရှိခဲ့ရ၏။ မောင်စိုးမှာ အလွန်ထိတ်လန့်သွားပြီး ကြောက်စိတ်ဝင်ကာ ဦးခေါင်း ငယ်ထိပ်ပေါ် ပေါက်နေသော ဆံပင်များပါ ကျွတ်ကျလေသည်။

ဘကြီးကွန်းမှလည်း···

"လူလေး မောင်စိုး၊ မင်းလုပ်တဲ့ တံငါသည်အလုပ်ဟာ အလွန်တရာမှ အကုသိုလ်များလွန်းပါတယ်။ သတ္တဝါပေါင်း များစွာကို နေ့စဉ် သတ်ဖြတ်နေတာ မဟုတ်လား။ ဒါကြောင့် မင်းရှာဖွေပြီး ရလာတဲ့ ငါးတွေကို အစိမ်းသရဲတစ္ဆေတွေက စားချင်သောက်ချင်လို့ လူကို အန္တရာယ်ပြုတာခံရတာပေါ့။ မင်း ကံကြီးပေလို့သာပေါ့၊ အသက်ပါ ပါသွားနိုင်တယ်။ အကုသိုလ်ဆိုတာ တစ်နေ့ကျရင် မိမိအသက်အန္တရာယ်နဲ့ တွေ့ ကြုံကြရတယ်။ အကုသိုလ်အလုပ်လုပ်တဲ့သူဟာ သက်ဆိုးမရှည်ဘူး။ မိမိကိုယ်မှာလည်း အမြဲတစေ သတ်မယ့်သူ ပေါ်တတ်တယ်။ ဒီဘဝမှာလည်း မကောင်းတာတွေနဲ့ ကြုံတွေ့ရပြီး နောက်ဘဝမှာ အကုသိုလ်တွေကို ပြုလုပ်ခဲ့မိလို့ "နိရယ" ငရဲကြီးမှာ ကျရောက်ပြီး ငရဲမင်းတွေရဲ့ နှိပ်စက် သတ်ဖြတ်ခြင်းကို ဘဝပေါင်းများစွာခံရမှာ။ ငရဲကို ကျရောက်တဲ့ ငရဲသားတွေဟာ နေ့စဉ်နှင့် အမျှ အချိန်ရှိသမျှ ဒုက္ခတွေကိုသာ ခံစားနေကြရတယ်။ ငရဲဘဝက လွတ်မြောက်လာသော်လည်း ဖြစ်လေရာ ဘဝတွေတိုင်းမှာ ဥပဿေဒကကံလို့ ခေါ်ဆဲ့ကံက နောက်က ရောစက်ပါလာပြီး သူတစ်ပါးနှိပ်စက် ညှဉ်းပမ်း သတ်ဖြတ်မှုကို တစ်ဖန်ပေးဆပ်ရပြန်တယ်။ ဒီစကားတွေဟာ ဘုရားဟောကြား ဆုံးမတဲ့ တရားစကားတွေပဲကွဲ့။ အခုပဲကြည့်၊ မင်းခေါင်းက ဆံပင်တွေတောင် တစ်ခဏအတွင်းမှာ ကျွတ်ထွက်အောင် ကြောက်လန့်တဲ့ အဖြစ်နဲ့ ကြုံတွေ့ရရင် ငရဲမှာ ကျခံရမယ့် အဖြစ်ကို မင်း စဉ်းစားကြည့်ပေတော့ မောင်စိုး။ ငါတို့ရဲ့ မြတ်ဗုဒ္ဓဘုရားက ကံငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် သီလကို စောင့်ထိန်းပါတဲ့။ ဒါနဆိုတဲ့ ပေးလှူခြင်းအမှုကို နေ့စဉ်ပြုလုပ်ရမယ်လို့ မိန့်ဆိုခဲ့တယ်။

နောက် မှတ်ထား၊ အဘပြောမယ်၊ အရေးကြီးဆုံးက ပျားဖွတ်၊ သားတို့၊ မယားခိုး၊ ကွန်ပစ်၊ တံငါ့ ဤငါးမြစ် လွန်စွာရောင်ကြဉ်ရမယ်နော်။ ကဲ - ကဲ၊ အဘပြောဆို ဆုံးမမှုကတော့ ဒီလောက်ပါပဲ။ မင်းက အဘပြောတဲ့အတိုင်း၊ ဆုံးမတဲ့အတိုင်း နာခံမှတ်သားပြီး ရှောင်ကြဉ်ဖို့သာ အရေးကြီးတယ်။ ဘယ်သူမပြု မိမိမှုတဲ့။ ကောင်းတာ လုပ်ရင် ကောင်းကျိုးပေးမယ်။ မကောင်းတာတွေ လုပ်ရင် မကောင်းကျိုးတွေက အစဉ်တစိုက် နောက်က လိုက်မှာ သေချာတယ်။ ဒါကြောင့် ဒီနေ့ဖြစ်ရပ်ကို အမြဲသတိရပြီး မိမိဘဝ ရှေ့ဆက်ပြီး ကောင်းတဲ့အလုပ်၊ သမာအာဇီဝကျတဲ့ အလုပ်ကို လုပ်ကိုင်ပြီး အသက်မွေးဖြူပါလို့ ပြောချင်တယ်။ မှာခဲ့ချင်တယ်။ အဘလည်း ရောက်တာ ကြာပြီ မင်းလည်း ဝေဒနာသက်သာပြီဆိုတော့ အဘပြန်လိုက်ဦးမယ်။ အဘမှာတာတွေကိုတော့ မမေ့နဲ့နော်"

ဟု ပြောကာ အဘကွန်း ပြန်သွားလေသည်။

မိမိကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ရယ်၊ အဘကွန်း ဆုံးမမှုတွေရယ်ကို မောင်စိုး စဉ်းစားမိပြီး ဒီနေ့မှစ၍ မကောင်းမှုတွေကို ရှောင်ကြဉ်ပြီး ကောင်းမှုတွေကို နေ့စဉ် လုပ်ဆောင်တော့မည်ဟု မြတ်စွာဘုရားရှေ့တော်မှောက်တွင် သစ္စာဆို ကတိပြု၍ ယနေ့အထိ ကောင်းသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ ဘုရား၊ ကျောင်း၊ လမ်း၊ သိမ်တို့တွင် မိမိတတ်စွမ်းသမျှ လှူဒါန်းခြင်း၊ ဥပုသ်သီလ အမြဲဆောက်တည်ပြီး နေထိုင်လျက်ရှိပါသည်။

◈◈◈

(ဤဖြစ်ရပ်မှန်ကို အစမှ အဆုံးထိ စိတ်ရှည်စွာ ပြောပြပေးသော အဘကြွေမှာ ယခု အသက် ၇၉နှစ် အရွယ်ရှိပြီး အသက် ၂၅နှစ်ခန့်က တွေ့ကြုံခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။) ■

စာဖတ်သူများအား အစဉ်လေးစား လျက်···

* * *

ခရာခြင်္ဆန်းဆွန်း

www.burmeseclassic.com

www.burmeseclassic.com

သက်ရှည်ကျန်းမာ သက်တော်ဆိုင်ရာသုံးဂါထာ

အောင်ကောင်းမြ (သာကေတ)

ကျောင်းတိုက်အပေါ်ထပ်တွင် တစ်ညအိပ်ပြီးနောက် တစ်နေ့တွင် ဆရာတော်နှင့် စကားပြောဆိုကြသည်။ လောကီရေးရာအကြောင်း ပြောပြီးသောအခါ ဆရာတော်မှ သူ၏ မွေးသက္ကရာဇ်ကို ပေးပြီး ဗေဒင်တွက်ခိုင်းပါသည်။ သက်တော် ၆၀ ကျော်ပြီဖြစ်သော ဆရာတော်အား ကျန်းမာရေးနှင့် ပတ်သက်၍ အနည်းငယ် ဂရုစိုက်ရန် ပြောပြီး ကျန်းသာသနာပြု လုပ်ငန်းများ တိုးတက်အောင်မြင်မည် ဖြစ်ကြောင်း ဟောဆိုလိုက်ပါသည်။ ဆရာတော်မှ ပြန်လည် မိန့်ဆိုရာတွင် ယခု အသက် ၆၀ ကျော်အထိ မည်သည့် ရောဂါမှ ကြီးကြီးကျယ်ကျယ် မဖြစ်ဘူးသေးကြောင်း၊ ဆေးထိုး ဆေးသောက် မပြုလုပ်ရကြောင်း မိန့်ဆိုပါသည်။ ဘေးနားမှ ဒကာမအချို့မှာ ဆရာတော် ကျန်းမာရေးအတွက် ဘာယတြာချေရမလဲဟု မေးလေသည်။

တစ်နေ့တွင် စာရေးသူသည် မွန်ပြည်နယ်၊ ကျိုက်မရောမြို့ရှိ ကျိုက်မရော ဆရာတော်ကြီးထံ ရောက်ရှိသွားပါသည်။ နိုင်ငံတော် ဗဟိုဝန်ဆောင် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝါရိန္ဒသည် ဆုတောင်းပြည့်ဘုရားကြီး ကျောင်းတိုက်တွင် သီတင်းသုံးတော်မူလျက် ရှိပါသည်။ ဆရာတော်ကို ပူဇော်ကန်တော့ပြီး ကျိုက်မရောဘုရားကြီးကို သွားရောက်ဖူးမြော်ပြီး ပုတီးစိပ်၊ ဘုရားတစ်ပတ်လှည့်လည် ပူဇော်ပါသည်။ ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်းတွင် မုဒြာအမျိုးမျိုးနှင့် ကြည်ညိုဖွယ်ရာ ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဖူးတွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ၏ သားတော် ရဟန်းသံဃာမှာ ဒိန္ န၊ သီလ၊ ဘာဝနာ ဆောင်ရွက်နေ၍ ယတြာအထူးခွဲရန် မလိုပေ။ ဆရာတော်မှာ ဗုဒ္ဓဟူးသားဖြစ်သည်။ စာရေးသူအတွေ့အကြုံအရ ဗုဒ္ဓဟူးသား ရဟန်းသံဃာ ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးများကို အများဆုံး ဖူးတွေ့ရသည်။

မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ တိပိဋကရေမင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တ၊ သာမည ဆရာတော်၊ သတ္တမမြောက် ကျော်ဇောအောင်စံထား ဆရာတော်၊ ဓမ္မလင်္ကာရ ဆရာတော်၊ အောင်စေတီ ဆရာတော်၊ ကျိုက်မရောဆရာတော်၊ ဘိုးပေါက်ဆိန် ဆရာတော် စသည်ဖြင့် များစွာရှိသည်။ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံပြီး ကျန်းမာအသက်ရှည်ကြသည်။ အချို့ဆရာတော်တွေ သက်သတ်လွတ် ဘုဉ်းပေးကြသည်။ သက်သတ်လွတ် ဘုန်းပေး၍ အသက်ရှည်သည်ဟု ဆိုသော်လည်း အဓိကအချက်မှာ ကိလေသာ ခေါင်းပါးသောကြောင့်ဖြစ်သည်။ ဘုရားဟောဒေသနာတော်နှင့်အညီ နေထိုင်စားသောက်၍ ဓမ္မဖြင့် နေလျှင် အသက်ရှည်စေပါသည်။ (လောဘ၊ ဒေါသ၊ မောဟ) မဖြစ်ဖို့လည်း အရေးကြီးသည်။ ကျိုက်မရော ဆရာတော်သည် အရပ်အမောင်း ကောင်းပြီး အသားတော် ဖြူ၏။ စိတ်စေတနာ ကောင်းသည်။ သဒ္ဓါတရားရှိသည်။ ဝ-ကြွင်း ၄ပွားဖြစ်၍ စိတ်မြန်လက်မြန် ဆောင်ရွက်တတ်သည်။ အောင်သိဒ္ဓိဘုရားများ ပင့်ဆောင်ရာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး ဧရာဝတီတိုင်း စသည့် နေရာဌာနများသို့ ကြွရောက်တရားဟော၊ သီလပေး၊ ရေစက်ချပေးသည်။ နွေ၊ မိုး ဆောင်းသုံးရာသီစလုံး ခရီးပင်ပန်းသော်လည်း ဖျားနာတာ မတွေ့ရပေ။

တစ်နေ့ ဆရာတော် ကြွတော်မူလာစဉ် နဂါးသိုက်ချုပ် ဘုရားပုံနှင့် ဂါထာတော်ပါ ကတ်ပြားလေးတွေ ဒါနပြုပေးနေတာ တွေ့ရသည်။ စာရေးသူလည်း ဂါထာတော်ကို စိတ်ဝင်တစားဖတ်ကြည့်လိုက်သည်။ ထိုဂါထာသုံးပုဒ်မှာ သက်တော်မြဲ ဂါထာ၊ သက်တော်ရှည် ဂါထာနှင့် သက်တော်တည် ဂါထာတို့ ဖြစ်သည်။

သက်တော်မြဲ ဂါထာတော်ကို ကဿပဆန်းကြယ် မဂ္ဂင်းတွင် အမြဲပူဇော်ထားတာ တွေ့ရသည်။ ထို့ကြောင့် ကဿပ ဆန်းကြယ်မဂ္ဂင်း ဂုနစ်တိုင် အသက်ရှည်နေပြီး ဆက်လက်တည်မြဲနေမည်ဟု ယုံကြည်သည်။ မကြာမီကာလ ၂၀၁၄ ဇွန်လတွင် (၈)နှစ်ပြည့်တော့မည်။ ကျိုက်မရော ဆရာတော် ဘုရားကြီးသည် မေတ္တာသုတ်၊ ဇလွန်ပြည်တော်ပြန် ဂါထာ၊ ရှင်သီဝလိဂါထာတော်တွေလည်း နေ့စဉ် ရွတ်ဖတ် ပူဇော်သည်။ ယခု ဖော်ပြပါ သက်တော်ဆိုင်ရာ သုံးဂါထာကို နေ့စဉ်မပြတ် ရွတ်ဖတ် ပူဇော်နေသောကြောင့် ကျန်းမာရေကောင်းပြီး သက်တော်ရှည်နေမည်ဟု ယုံကြည်မိပါသည်။ စာဖတ်ပရိသတ်များ ထို သုံးဂါထာသိကြသော်လည်း တွဲ၍ မရွတ်ဆိုမိတာ ရှိနိုင်ပါသည်။

သက်တော်မြဲ ဂါထာ

အတ္ထာနမေတံ ဘိက္ခဝေ အနဝ ကာသော
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
တေန သစ္စေ ဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ၊
တေန သစ္စေ ဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ။

ရွတ်ဖတ်ရခြင်းအကျိုးကျေးဇူး

အသက်အန္တရာယ်ပြုခြင်းမှ ကင်းဝေးစေ၏။ လတ်တလော သေစေတတ်သော ကံမျိုးမှ ကင်းဝေးစေ၏။ အသက်အန္တရာယ်ဖြစ်စေသော ရောဂါဆိုး၊ ဝေဒနာဆိုးများ မကပ်ငြိနိုင်။ ကင်းရှင်းစေ၏။

နေ့စဉ်ပုံမှန် အနည်းဆုံး ၉ခေါက် ရွတ်ဆိုပါ။ သက်စေ့ ရွတ်ဆိုက ပိုကောင်းသည်။ မိမိအတွက် "မေ"၊ သူတစ်ပါး အတွက် "တေ"၊ အာရုံပြု ရွတ်ဆိုပါ။

သက်တော်ရှည်ဂါထာ (ခ) နာညတြဂါထာတော်

နာညတြ ဗောဇ္ဈာတပသာ၊
နာညတြ တြိဒ္ဒိယ သံဝရာ၊
နာညတြ သဗ္ဗညုသဉ္စာ၊
သောတ္ထိ ပဿမိ ပါဏိနံ။
(နာညတြကို နင်ညတရဟု ရွတ်ဆိုရမည်။)

ရွတ်ဖတ်ရခြင်းအကျိုးကျေးဇူး

သက်တမ်းစေ့ နေနိုင်ခြင်း၊ သက်တမ်းမစေ့မီ မကွယ်လွန်၊ ဆေးကောင်းဝါးကောင်း ရရှိစေ၏။ အဆိပ်ရှိသတ္တဝါထိခြင်းအန္တရာယ်မှ ကင်းဝေးစေ၏။ အသက်ရှည်ကျန်းမာစေသည်။ (နိဒါန ဝဂ္ဂသံယုတ်၊ မဟာကပ္ပိနသုတ် သုတ်တော်လာ ဘုရားဟောပါဠိဖြစ်သည်။)

ဂါထာမန္တန်ပေါင်းချုပ်ကျမ်းတိုင်းတွင် ပါရှိသည်။ အချို့စာအုပ်မှာ အနက်ပါသည်။ ရှာဖွေဖတ်ရှုသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သက်တော်တည်ဂါထာ

ယင္ရေသီ ယင္ရေသီ၊
ကီ ကာရဏာ ယင္ရေသီ၊
အဟမ္ပိ တံ ဇာနာမိ။
(ယတ်ထေသီ-ဟု ဆိုပါ။)

ရွတ်ဖတ်ရခြင်း အကျိုးကျေးဇူး

မိမိအသက်ကို သူတစ်ပါးတို့ လုပ်ကြံ သတ်ဖြတ်ခြင်း ဘေးမှ ကင်းဝေးစေပါသည်။ ဆေးခတ်ခြင်း၊ အဆိပ်ခတ်ခံရခြင်းတို့ မရှိနိုင်။ မခံရချေ။ သူ့ကို ဓားပြရန်မှ ကင်းဝေးခြင်း။ ပညာရေးကိစ္စ အောင်မြင်စေခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း တွေ့ရသည်။ လမ်းခရီးသွားတိုင်း ရွတ်ဆိုသွားသင့်သည်။ နေပြည်တော်လမ်း သွားကြသူများ ထိုဂါထာသုံးပုဒ်ကို အလွတ်ကျက် ရွတ်ဆိုသွားကြပါ။

ဂါထာတော်တစ်ပုဒ်ကို အနည်းဆုံး ၉ခေါက်ရွတ်ဆိုပါ။ သုံးပုဒ်ဆိုလျှင် ၂၇ခေါက်ဖြစ်သည်။ တစ်ပုဒ်စီ သက်စေ့ရွတ်ဆိုပေးပါက ပို၍အကျိုးရှိသည်။

ကျိုက်မရော ဆရာတော်ဘုရားကြီးသည် နေ့ညမအား သာသနာပြု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အောင်သိန္ဒိ သစ္စာရှင် ဆုတောင်းပြည့်ဘုရား ကြွရဲ့ နေရာတိုင်းမှာ ပရိသတ်၊ အလှူဒါနပြုသူ အလွန်များသည်။ ပရိတ်ကြီးကွင်း၊ ဘုရားပုံတော်၊ ဂါထာတော် တစ်မျိုးမျိုးခို်းပြုပေးလျက် ရှိပါသည်။ ထိုဂါထာတော် သုံးပုဒ်မှာ လွယ်ကူထိရောက် အကျိုးများလှပေသည်။

* * *

ဒေါင်ကောင်းမြ(သာစကတ)

" အာစရိယဂုဏ် အဟံ ဝန္ဒာမိ "

ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သက္ခတ် ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယဉ်ကြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်းအစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ဇာလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂ ရွှေည့်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။
၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက မမ္မာရုံမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

အသုံးတဲ့သော ငုရွေဝါပင် နှောင်းသစ်

ကျန်းမာရေး ဗဟုသုတတိုးပွားစေရန် မြန်မာဆေးဖက်ဝင် ငုရွေဝါပင်အား ဖော်ပြလိုက်ပါသည်။

Item Name - Pudding Pipe Tree, Purging Callia (ငုရွေ၊ ငုရွေဝါ၊ ငုပင်)

Category - Raw Material

Botany Term - Cassia fistula Linn

Species Family - Caesalpiniaceae

မြန်မာနိုင်ငံအနှံ့အပြားဦးပေါက်ရောက်သည်။ ပူပြင်းခြောက်သွေ့သောရာသီဥတုမျိုးဌလည်း ဖြစ်ထွန်းသည့် အမြင့်ပေ ၄၀၀၀ အထိ စိုက်ပျိုးပေါက်ရောက်နိုင်သည်။ သဘာဝအလျောက် ပေါက်ရောက်၏။ ပန်းဥယျဉ်တို့၌လည်း အလှစိုက်ပျိုးကြ၏။ ပင်လတ်မျိုးဖြစ်ပြီး ကိုင်းဖြာသည်။ ရွက်ပေါင်းဖြစ်ပြီး ရွက်မြွာများသည် ၃ စုံမှ ၆စုံအထိရှိသည်။ အပွင့်များသည် အဝါရောင်ဖြစ်ပြီး သီးတောင့်ရှည်ဖြစ်သည်။

အပင်

ပင်လတ်မျိုးဖြစ်သည်။ ပေ ၃၀ ထိမြင့်နိုင်သည်။ လုံးပတ် ၃ ပေမှ ၅ ပေအထိရှိသည်။ အကိုင်းများမာ၍ တောင့်တင်းသည်။ အခေါက်အပင်ငယ်စဉ် ချောမွတ်၍ အပင်ကြီးသော် ကြမ်းလာသည်။

အရွက်

ရွက်ပေါင်းဖြစ်၍ ရွက်လွှဲထွက်၏။ ၁ ပေ သို့မဟုတ် ၁ ပေကျော်ကျော်ရှည်၏။ ရွက်မြွာ ၅ - ၇ စုံထိပါရှိ၍ မျက်နှာချင်းဆိုင်ထွက်၏။ ၁-၆ လက်မထိရှည်။ ရှည်မျောမျောဘဲဥပုံရှိ၍ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းသွယ်သည်။ ရွက်ကြောများထင်ရှားသည်။ အရွက်အောက်မျက်နှာပြင်၌ အမွေးနုလေးများရှိသည်။

အပွင့်

ရွှေဝါရောင်ရှိ၏။ အခိုင်လိုက်ပွင့်သည်။ အပွင့်ကြီးသည်။ ပွင့်ခိုင် ၁ ပေကျော်ရှည်သည်။ တန်ခူး၊ ကဆုန်လတွင် ပွင့်သည်။

အသီး

အသီးတောင့် ၁ ပေ ၁ ပေခွဲခန့်ရှည်၏။ မှည့်လျှင် အရောင်နက်လာသည်။ ဆောင်းရာသီတွင် အသီးမှည့်၏။

အသုံးဝင်ပုံ

ပဉ္စငါးပါး၊ အရွက်၊ အသီး၊ အနှစ်၊ အမြစ်။

အာနိသင်

မြန်မာ့ဆေးကျမ်းများအလိုအရ အသီးသည် ချိုသက်သက်ဖြစ်၏။ လေး၏။ ဝမ်းကိုစင်ကြယ်စေ၏။ အရွက်သည် နူးညံ့တွင်းသက်စေသည်။ အပွင့်သည်အေး၏။ ခါး၏။ ဖန်၏။ အနှစ်သည်ချို၏။ ဝမ်းသက်စေ၏။ လေသည်းခြေကို နိုင်၏။ အသီးသည်နွတ်မြိန်စေ၏။ နှနာကိုပယ်တတ်၏။ သလိပ်ကိုနိုင်၏။

ပဉ္စငါးပါးအသုံးပြုပုံ

၁။ ပဉ္စငါးပါး(အမြစ်၊ အခေါက်၊ အသီး၊ အပွင့်၊ အရွက်) ကိုရေနှင့် သွေးလိမ်းသော် ပွေးနာ၊ ဝဲခြောက်နှင့် သွေးဆိုးခြင်းကြောင့်ဖြစ်သော အရေပြားရောဂါတို့ကို ပျောက်၏။

အရွက်အသုံးပြုပုံ

၁။ အရွက်ကိုကြိတ်၍ ရသောအရည်နှင့် လိမ်းကျံပေးပါက ရေယုန်ကြီးနာပျောက်၏။

၂။ အဆစ်ရောင်ရာဒဏ် အရွက်ကို ပူအောင်လုပ်၍ ကြပ်ထုတ်ထိုးပေးက ပျောက်၏။

၃။ အရွက်ကို ရှာလကာရည်နှင့် ကျောက်ပြင်တွင် ကြိတ်ပြီး ထိုကြိတ်ရည်ဖြင့် လူးသော်နူနာနှင့် အခြားအရေပြားရောဂါများ ပျောက်၏။

၄။ ဝမ်းချုပ်လျှင် အရွက်နှကို ဟင်းချိုချက်သောက်ရ၏။

အသီးအနှစ်အသုံးပြုပုံ

၁။ အသီးအနှစ်ကို သွေး၍နေ့ဘက်တွင် ချက်၌ လိမ်းပေးသော် ဆီးအောင့်ဆီးချုပ်နှင့် ဆီး၌သွေးပါသော ရောဂါပျောက်၏။

၂။ မန်ကျည်းနှင့် ငုနှစ်တို့ကို အညီအမျှယူ၍ ညဦးတွင် ရေစိမ်ပြီး ညအိပ်ရာဝင်စစ်သောက်သော် နံနက်၌ ဝမ်းကောင်းစွာ သက်ပြီးဝမ်းချုပ်ရောဂါပျောက်၏။

၃။ ငုနှစ်ပြုတ်ရည်ကို နား၌ခတ်ပေးသော် နားနှင့် ပတ်သက်သော ရောဂါပျောက်၏။

၄။ ကလေးများဝမ်းဖောဝမ်းရောင်ခြင်း၊ လေထိုးခြင်းဖြစ်လျှင် ငုနှစ်ကိုသွေး၍ ကလေးချက်ပတ်လည်၌ လူးပေးပါက ပျောက်၏။

အမြစ်အသုံးပြုပုံ

၁။ အမြစ်ကို နွားနို့နှပ်ပြုတ်သောက်သော် လေရောဂါပျောက်၏။

* * *

နှောင်းသစ်

Ref - http:// myanmarherbal. blogs pot.com/ 2013/11/blog-post- 15 html
- photo by google search

www.burmeseclassic.com

www.burmeseclassic.com

(1) Junction Square Level (2), C-228 C-235 C-248, Kamaryoot Tsp. Yngon.
(2) Taw Win Center Level (2), 3084-3085, Da Gon Tsp. Yangon.
Ph: 09 524 2121, 09 4922 1290

www.burmeseclassic.com

www.burmeseclassic.com



တရိပ်ရိပ်ပြေးနေတဲ့ ဂျစ်ကား
ကလေးဟာ ရခိုင်ရိုးမရဲ့ တောင်ခြေကို
ရောက်ရှိလာခဲ့ပါပြီ။ ရခိုင်ရိုးမကြီးရဲ့
စိမ်းလန်းစိုပြေနေတဲ့ တောတောင်အလှ
ကို ခံစားရင်း တောင်ပေါ်ခရီးကို စတင်
ခဲ့ပါတယ်။ ကွန်တော်သွားမယ့်နေရာက
တော့ ငရုတ်ကောင်းမြို့ကလေးပါ။
အရင်ကတော့ ရွာကြီးအဆင့်မှာပဲ ရှိ
ပါတယ်။ မကြာမီ နှစ်များကမှ မြို့အဆင့်
ကို သတ်မှတ်ခြင်းခံရတဲ့ မြို့ကလေး
ဖြစ်ပါတယ်။ အဲဒီ ငရုပ်ကောင်းမြို့
ကလေးဟာ ရောဝတီတိုင်းဒေသကြီး
အနောက်ဘက်မှာ ရှိတဲ့ ငွေဆောင်
ကမ်းခြေရဲ့ တောင်ဘက် ၂၅မိုင်အကွာ

ထူးဆန်းသော သံသောင်တံတားပေါ်ထွန်း ဂေါ်ဂန်ဂျိုက္ခန်း

www.burmeseclassic.com

www.burmeseclassic.com

မှာ ရှိပါတယ်။ ငပုတောမြို့ရဲ့ နယ်ခွဲကလေးပါ။ ဒါပေမယ့် ရခိုင်ရိုးမကြီးရဲ့ တောင်စွယ် တောင့်တန်းတွေက ခြားထားလို့ ရေးအရင်က အရောက်အပေါက်နည်းခဲ့ကြတယ်။

ကျွန်တော်တို့ရဲ့ ခရီးစဉ်ဟာ ငရုပ်ကောင်းပြို့ကို ဦးတည်သွားနေပေမယ့် အဲဒီမှာတင် ခရီးစဉ် မပြီးဆုံးသေးပါ။ ငရုပ်ကောင်းပြို့ရဲ့ အနောက်ဘက် ဘင်္ဂလားပင်လယ်ကမ်းခြေမှာ ထူးဆန်းတဲ့ ကျွန်းတစ်ကျွန်းရှိတယ် ဆိုလို့ အဲဒီကျွန်းကို ရောက်အောင် သွားမယ့် ခရီးစဉ်တစ်ခုပါ။ အဲဒီကျွန်းနာမည်က "ဂေါ်ရန်ဂိုကျွန်း"တဲ့။ ရှေးယခင်ကတော့ "ကိုရန်ကြီးကျွန်း"လို့ ခေါ်သတဲ့။ ကိုရန်ကြီးကျွန်းလို့ ခေါ်ရခြင်းအကြောင်းကတော့ ရှေးရခိုင်မင်းလက်ထက်က ရခိုင်တပ်မှူးကြီးတစ်ဦးဖြစ်တဲ့ ကိုရန်ကြီးဟာ မြန်မာပြည်မကို စစ်ဆင်ရေး ချီတက်စဉ်မှာ ခရီးတစ်ထောက်နားဖူးလို့ တပ်မှူးကြီးရဲ့ အမည်ကို မှည့်ခေါ်ခဲ့တာတဲ့။ ကျွန်တော်ဟာ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်များကို လွှန်စွာစိတ်ဝင်စားသလို၊ အဲဒီလို ထူးခြားတဲ့ နေရာတွေမှာ ကိုယ်တိုင်လေ့လာ တွေ့ရှိလိုတဲ့ အတွက် အဲဒီကျွန်းကို လေ့လာရေးခရီး အဖြစ် လိုက်လာခဲ့တာပါ။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာတဲ့ ဂျစ်ကားကလေးဟာ လိပ်မဲတောင်ဆားချက်တောင် စတဲ့ ခရီးကြမ်းကြီးကို ဖြတ်သန်းနေပါတယ်။ ဆောင်းဥတုအခါဖြစ်လို့ ရခိုင်ရိုးမကြီးရဲ့ အအေးဒဏ်ကို ကြုံကြိုခိုင် ရင်ဆိုင်ခဲ့ရပါတယ်။ အနွေးထည်အင်္ကျီအထပ်ထပ်နဲ့ လည်ပင်းမှာ မာဖလာခြုံထားတာတောင် အတော်ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေခဲ့တယ်။

"ဘယ်လိုလဲ ကိုသုဝေ၊ အတော် ချမ်းနေပြီလား"

လို့ ရခိုင်သား "စိုးမရ"က ကျွန်တော့်ကို လှမ်းမေးလိုက်တယ်။

"အေးဗျာ၊ တော်တော်ချမ်းတယ်"

လို့ ကျွန်တော်က ပြန်ဖြေလိုက်တယ်။

"ဒါက တောင်ပေါ်မို့လို့ အရမ်းချမ်းတာပါ။ ပင်လယ်ကမ်းခြေရွာတွေ ရောက်လာရင် အချမ်းသက်သာသွားမှာပါ"

"အေးဗျာ၊ မြန်မြန်အချမ်းသက်သာချင်ပြီ"

လို့ ကျွန်တော်က ပြန်ပြောလိုက်တယ်။

ဂျစ်ကားကလေးဟာ တောင်ပေါ်လမ်းရဲ့ အနိမ့်အမြင့် အုတက်အဆင်းတွေကို ဖြတ်ကျော်ပြီး မောင်းလာလိုက်တာ ကနစိုကုန်း၊ သစ်ရောင်း၊ ဘုရားချောင်းနဲ့ ပိတောက်ကုန်းတို့ကို ရောက်ရှိလာခဲ့ပါတယ်။ ပင်လယ်ကမ်းခြေနဲ့ နီးလာလေလေ အချမ်းပေါ့လေလေပါပဲ။ နောက်ဆုံးတော့ မိုးတိမ်ပြင်၊ သက္ကယ်ကွင်း၊ ရေကျော် စတဲ့ ပင်လယ်ကမ်းခြေရွာကလေးတွေကို ဖြတ်ကျော်လာပြီးနောက် "ငရုပ်ကောင်းမြို့မှ ကြိုဆိုပါ၏"ဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့ရှိခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ ငရုပ်ကောင်းပြို့က ဦးဝင်းမောင်ရဲ့ အိမ်ကို ဆိုက်ဆိုက်ပြိုက်ပြိုက်ရောက်လာခဲ့ပါတယ်။

"ငါ့တူတို့ ရောက်လာကြပြီလား။ လာ···လာ၊ အိမ်ပေါ် တက်ပါ"

ဦးဝင်းမောင်က စိုးမရရဲ့ ဦးလေးအရင်းပါ။ ကျွန်တော်တို့ သူငယ်ချင်းငါးယောက်ဟာ တစ်ခါမှ မရောက်ဘူးသေးတဲ့ ငရုပ်ကောင်းပြို့ကို ရောက်ရှိလာခဲ့ပါတယ်။

"မင်းတို့က ဂေါ်ရန်ဂိုကျွန်းကို သွားမှာမဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"ဒီကနေ နာရီဝက်လောက် သွားရင် ဂေါ်ရန်ဂိုကျွန်းကို ရောက်မယ်။ ဦးလေးအိမ်မှာ ထမင်းစားပြီးမှ သွားပါ။ ဦးလေး လိုက်ပို့ပါ့မယ်"

"ကောင်းပါပြီ ဦးလေး"

ကျွန်တော်တို့က ရန်ကုန်မှ ဝယ်လာတဲ့ ကော်ဖီမစ်ထုပ်နဲ့ ကိတ်မုန့်တွေကို ဦးလေး ဦးဝင်းမောင်ကို လက်ဆောင်ပေးခဲ့တယ်။ ဦးလေး ဦးဝင်းမောင်အိမ်မှာ ရေချိုး ထမင်းစားခဲ့ကြတယ်။ ထမင်းစားပြီးနောက် ဦးလေး ဦးဝင်းမောင်က···

"ငါ့တူတို့ သွားကြစို့။ စက်လှေစီးရမှာမို့ စက်လှေဆိပ်ကို သွားကြမယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

◈◈◈

ကျွန်တော်တို့အုပ်စုဟာ ငရုပ်ကောင်း ကြွေချိုင် ကူးတို့ဆိပ်ကို သွားခဲ့ကြတယ်။ အဲဒီကနေ စက်လှေနဲ့ ၁၅မိနစ်လောက် စီးလိုက်ရင်ပဲ နံသာပုဆိပ်ကို ရောက်သွားတယ်။

"ငါ့တူတို့ရေ···နံသာပုဆိပ်ကနေ ဆိုင်ကယ် ကယ်ရီ စီးရမယ်"

"ဟုတ်ကဲ့ ဦးလေး"

ကျွန်တော်တို့အုပ်စု ဆိုင်ကယ်ကယ်ရီ စီးခဲ့ရာ နံသာပု ကရင်ရွာကလေးကို ရောက်ခဲ့ကြတယ်။ အဲဒီက အလွန်မှာ ဦးလေးက···

"ရှေ့ဆက်သွားရင် ဂေါ်ရန်ဂိုကျွန်းနဲ့ ဆက်ထားတဲ့ ရေပေါ်တံတားဆီကို ရောက်တော့မယ်"

"ဟုတ်လား ဦးလေး၊ ရေပေါ်တံတားဆိုတာ ဘယ်လိုလဲ"

"မင်းတို့ရောက်ရင် သိမှာပေါ့ ကွာ"

www.burmeseclassic.com

www.burmeseclassic.com

တဲ့။ သိပ်မကြာခင်မှာ···

"အဲဒါ ရေပေါ် တံတားအစပဲ"

လို့ ပြောလိုက်တယ်။

ကျွန်တော်တို့အုပ်စုဟာ ဂေါရန်ဂျီကျွန်းနဲ့ ဆက်ထားတဲ့ ရေပေါ် သောင်ကြီးပေါ်မှာ ဆိုင်ကယ်စီးသွားနေကြတာပါ။ တော်တော်ထူးဆန်းတဲ့ ရေပေါ် သောင်ကြီးပဲ။ ဂေါရန်ဂျီကျွန်းနဲ့ ပင်လယ်ကမ်းခြေကို တံတားကြီးထိုးထားသလို၊ သောင်ထွန်းနေလေရဲ့။ တံတားကတော့ သဲသောင်တံတားကြီးပေါ့။ အဲဒီကနေ ဖြတ်နေရင်းနဲ့ တစ်နေရာရာမှာ အောက်ကိုများ ကျဲကျဲသွားမလားဆိုတဲ့အတွေးနဲ့ ကျောချမ်းမိတယ်။

အဲဒီကနေ ဆက်သွားလိုက်တာ ဘုရားချီင်နဲ့ ဟသ်ချီင်အကြားမှာ ပေ ၃၀၀ လောက် ပြင့်တဲ့ ဘုရားတောင်နဲ့ မရမ်းတောင်နစ်လုံး ယှဉ်နေတာကို တွေ့လိုက်ရတယ်။ အရှေ့ဘက်ခြမ်းတောင်ကြောတစ်ခုလုံး သစ်ပင်တွေနဲ့ အုံဆိုင်းနေတယ်။ နှင်းငွေ့မြူဖိုက်လေးတွေက မပြယ်တပြယ်ပေါ့။

နည်းနည်းပိုမြင့်တဲ့ ဘုရားတောင်ကို ဦးလေးက လက်ညှိုးထိုးပြပြီး···

"အဲဒီဘုရားတောင်ပေါ်မှာ မြတိဆုတောင်းပြည့်စေတီတော် ရှိတယ်။ သွားဖူးကြမယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

အဲဒီ အနီးအနားမှာ ကျောက်ဆောင်ကြီးတွေ၊ ကျောက်ကမ်းပါးယံကြီးတွေကို လှမ်းတွေ့လိုက်ရတယ်။ ဒီနောက်တော့ တောင်ကလပ်ပေါ်ကို တက်ဖို့ ကျောက်လှေကားကလေး အတိုင်း တက်ခဲ့တယ်။

"ဟိုးအရင်ဘုန်းက ဘုရားရင်ပြင်တော်မှာ လူသုံးဆယ်လောက်ပဲ ဆန့်တယ်။ အခုတော့ သာသနာပြု ပုဂ္ဂိုလ်ကြီး အဘ ဦးဟုတ်ဝမ် (ခေါ်) ကိုကံဟုတ်က ပရိသတ် ၂၀၀၀ဆုံ တန်ဆောင်းဆောက်ထားလို့ ဘုရားဖူးတွေအတွက် အတော်အဆင်ပြေပါတယ်"

ဟုတ်ပါတယ်။ အဲဒီမှာ အအေးခံ ကျောက်ပြားတွေလည်း ခင်းထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ အုပ်စုဟာ ဘုရားရှိခိုးပြီး လိုရာဆုတောင်းခဲ့ကြပါတယ်။ ဒီနောက်တော့ တန်ဆောင်းပေါ်မှာ အားလုံး ဝိုင်းထိုင်လိုက်ကြတယ်။ အဲဒီမှာတင် ဦးလေး ဦးဝင်းမောင်ဟာ ဒီကျွန်းနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို ပြောပြခဲ့ပါတယ်။

"ဒီကျွန်းဟာ တောင်နဲ့ မြောက်တန်းနေပြီး အလျား ၃မိုင်၊ အနံက အကျယ်ဆုံးနေရာက မိုင်ဝက်လောက် ကျယ်တယ်။ ဒီကျွန်းဟာ ပင်လယ်ထဲမှာ သီးခြား ထီးထီးကြီးရှိနေတဲ့ ကျွန်းတစ်ကျွန်းပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်အထိ ဒီကျွန်းနဲ့ ပင်လယ်ကမ်းခြေအကြားမှာ တစ်မိုင်လောက်အကျယ် ရှိတဲ့ ရေလက်ကြားကြီး ခြားတယ်။ အဲဒီ ရေလက်ကြားဟာ ရေစူးနက်ပြီး ရေစီးလည်း [illegible] ပင်လယ်ကူး သင်္ဘောကြီးတွေတောင် ဒီရေလက်ကြားက ဖြတ်သန်း ခုတ်မောင်းခဲ့ကြတယ်လို့ ဒေသခံ လူကြီးသူမတွေက ပြောခဲ့ဖူးတယ်။ အဲဒီအခွံနှိုက်လောက်မှာ "ရွှေလရောင်" လို့ ခေါ်တဲ့ အရှူးကြီး တစ်ယောက်က ဒီဒေသကို ရောက်ရှိခဲ့တယ်"

အဲဒီလို အစခံပြီး ဒီကျွန်းလေး အကြောင်းကို ပြောပြခဲ့တယ်။

◈◈◈

ရွှေလရောင် (သို့မဟုတ်) မန်း ရွှေလရောင်တဲ့။

သူကတော့ အဲဒီတုန်းက ဒီဒေသမှာ ရှိခဲ့တဲ့ စိတ်မနှံ့တဲ့ သူရူးတစ်ယောက်ပေါ့။ သူဟာ ဒီကျွန်းပေါ်မှာ ခြေဦးတည့်ရာ လျှောက်သွားပြီး ပါးစပ်ကလည်း သူပြောချင်တာတွေကို တတွတ်တွတ် ပြောတတ်တယ်တဲ့။ သူပြောတဲ့ စကားထဲမှာ ထူးခြားတဲ့ စကားတစ်ခွန်းရှိသတဲ့။ အဲဒါကတော့ "ရေပေါ် သောင်ချင်းဆက်၊ ဆက်မယ်ဆက် ဟသ်ချီင်က ဆက်" တဲ့။

အတိတ်လိုလို၊ တဘောင်လိုလို စကားကို မကြာခဏ ပြောလေ့ရှိတယ်။ ဒါပေမယ့် ရွာသူရွာသားတွေက စိတ်မနှံ့တဲ့ အရူးစကားပို့ အမှတ်မထင်နေလိုက်ကြတယ်။ ဒီဟသ်ချီင်ဆိုတာကတော့ ပင်လယ်ကမ်းခြေနဲ့ ဒီကျွန်းကြားက ရေလက်ကြားနေရာပါ။ အဲဒီ နှစ်ခုရဲ့ အကွာအဝေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀လောက်က တစ်မိုင်လောက်အကွာအဝေးရှိခဲ့တဲ့ နေရာပေါ့။ ဒီနေရာက ရေစူးနက်ပြီး ရေစီးသန်လို့ ပင်လယ်ကူးသင်္ဘောကြီးတောင် ဒီနေရာက ဖြတ်သန်း ခုတ်မောင်းခဲ့တဲ့ နေရာပါ။ ဒီလောက် တစ်မိုင်ခန့် အကွာအဝေးရှိတဲ့ ရေပြင်ဟာ ဘယ်လို လုပ်ပြီး မြေကြီးအဖြစ်နဲ့ ဆက်ပါ့မလဲ။ ရူးလို့ ပြောတာ ပြောပါစေလို့ သဘောထားခဲ့ကြတယ်။

ဒါပေမယ့် နှစ်ပေါင်း ၂၀ လောက်မှာ ရွှေလရောင် ပြောခဲ့တဲ့ စကားတွေဟာ မှန်ကန်လာခဲ့တယ်။ အဲဒီ ရေလက်ကြားမှာ သဲမြေအနည်တွေ ပိုကျလာပြီး တဖြည်းဖြည်း ရေတိမ်လာလို့ ရေစူးနည်းတဲ့ စက်လေတွေလောက်သာ ခုတ်မောင်းနိုင်တော့တယ်။ နောက်တော့ သဲပို့မှုတွေ များလာပြီး ရေတိမ်လာတာ လေလောက်ပဲ ဖြတ်နိုင်တော့တယ်။ ဒီလိုနဲ့ ရွှေလရောင် ပြောသလို ဟသ်ချီင်က စပြီး သောင်ထွန်းလာလိုက်တာ ရေကျချိန်မှာဆိုရင် ကုန်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

တံတားထိုးထားသလို သဲသောင်တံတား ကြီး ပေါ်ထွန်းလာပြီး ကုန်းမြေနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားခဲ့ တယ်။ ဒီတော့မှ အရှေ့ကြီး ရွှေလရောင် ရဲ့ စကားဟာ တကယ်မှန်ပါလားလို့ သိလာခဲ့တယ်။ ဒါကြောင့် ဒီရွှေလရောင် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ် နိုင်တယ်လို့ ဒေသခံတွေက ပြောကုန် ပါပြီ။

ရွှေလရောင် ပြောခဲ့တဲ့ နောက် *ဆယ် စကားတစ်ခွန်းရှိပါသေးတယ်။* အဲဒါကတော့...

"မော်ကိုးမော် လမ်းပွင့်လျှင် ဂေါ်ရန်ဂျီဘုရား ရွှေပင်ငွေပင် သီးပွင့် ပြီး ကြက်ပျံမကျ စည်ကားလိမ့်မည်" တဲ့။ မော်ကိုးမော်ဆိုတာက ချောင်းသာနဲ့ မော်တင်အကြားမှာ ရှိတဲ့ တစ်ပင်မော်၊ သင်္ဘင်မော်၊ ဇီးမော်၊ မန် ကျီးမော်၊ ညောင်မော်၊ ကျဲသိပ်မော်၊ နတ်မော်၊ ပန်းမော်နဲ့ မော်တင်တို့ပဲ ဖြစ်ပါတယ်။ အခုအခါမှာ လမ်းပန်း အဆက်အသွယ်ကောင်းလာပြီဖြစ်လို့ မော်ကိုးမော် လမ်းပွင့်ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။

ဒီကျွန်းမှာ ကျွန်းပိုင် တောင်ပိုင် ဘိုးဘိုးကြီး ဦးမောင်ဘက စောင့် ရှောက်နေတယ်လို့ ဒေသခံများက ပြောကြပါတယ်။ ဒါ့အပြင် မေတ္တာပါရမီ ရှင် "စန္ဒာဒေဝါရူပကလျာ" နာဂဒေ ဝယ်တော်ကြီးလည်း စောင့်ရှောက် တယ်လို့ အဆိုရှိပါတယ်။ အဲဒီ အကြောင်းတွေကို ဦးလေး ဦးဝင်း မောင်က ပြောပြပြီး...

"ကဲ - ငါ့တူတို့ကို အချိန်ရှိတုန်း ကျွန်းကြီးကို လိုက်ပြမယ်"

"ဟုတ်ကဲ့ ဦးလေး"

ကျွန်တော်တို့အုပ်စုဟာ ကျွန်း ကလေးမှာ လျှောက်လှမ်း ကြည့်ရှုခဲ့ ကြတယ်။

"ဟောဟိုက ကျောက်တောင် နံရံတွေမှာ ဘာတွေ ကပ်နေတာလဲ ဦးလေး"

"ဩော်...အဲဒါက ပင်လယ်ရေ အောက်မှာသာ တွေ့နိုင်တဲ့ ဂျင်းခရင်း လို့ ခေါ်တဲ့ ပင်လယ်ခရုရုပ်ကြွင်းတွေ ပေါ့။ ဒီရုပ်ကြွင်းမျိုး ဒီမှာပဲ ရှိတယ်"

"ဩော်...ဩော်"

ကျွန်တော်တို့အုပ်စုဟာ ဒီကျွန်း *ပေါ်မှာ ဆက်လျှောက်ရင်း* ကျွန်း ရဲ့ တောင်ဘက်ပိုင်းကို ရောက်သွားခဲ့ တယ်။ မြေပြင်အနေအထားကတော့ ဆင်ခြေလျှောဖြစ်နေပြီး သဲသောင်ပြင် ကြီးကို မျက်စိတစ်ဆုံးတွေ့လိုက်ရ တယ်။

ဦးလေး ဦးဝင်းမောင်က ဆက်ပြီး ရှင်းပြခဲ့တယ်။

"ဒီနေရာမှာ နွေဘက်ဆိုရင် ပင်လယ်လိပ်တွေ တက်လာပြီး ဥအုံ လို့ လိပ်ချိုင်လို့ ခေါ်တယ်။ ဟိုဘက် ကို ဆက်လျှောက်ရင် ပန်းကန်တိုက် ကို ရောက်မယ်"

ပြောရင်းဆိုရင်း ပန်းကန်တိုက် ကို ရောက်လာခဲ့တယ်။

"ဦးလေး...ဒီနေရာကို ဘာဖြစ် လို့ ပန်းကန်တိုက်လို့ ခေါ်တာလဲ"

"ပြောရရင်တော့ ဒဏ္ဍာရီဆန် အောင် ထူးခြားလှပါတယ်။ ဒီနေရာမှာ သိုက်နန်းရှင်တွေ ရှိတယ်လို့ ရှေးလူကြီး သူမတွေက ယုံကြည်ထားကြတယ်။ ဒါကြောင့် အလှူအတန်းရှိရင် ဒီနေရာ မှာ "ရွာမှာ အလှူအတန်းရှိလို့ ပန်းကန်ခွက်ယောက်တွေ တူးပါ"လို့ ပြောပြီး ကိုယ်တူးချင့်တဲ့ ပန်းကန် စာရင်းစာရွက်ကို ကျောက်ဆောင်ပေါ် မှာ တင်ထားရတယ်။ နောက်တစ်နေ့ မနက်ကျရင် စာရင်းအတိုင်း ပန်းကန် ခွက်ယောက်တွေ ရောက်နေသတဲ့။ ဒါပေမယ့် အလှူပြီးတာနဲ့ ပန်းကန်တွေ ကို ဆေးကြောပြီး အဲဒီကျောက်ဆောင် ပေါ်မှာ ပြန်ထားရသတဲ့။ နောက်တစ်နေ့ မှာ အဲဒီကျောက်ဆောင်ကို သွားကြည့် ရင် ဘာပန်းကန်မှ မတွေ့ရတော့ဘူးတဲ့။ အဲဒီ ရွာသူရွာသားထဲက တချို့လူတွေ ဟာ အလှူရှိလို့ ပန်းကန်ငှားပြီး ပြန် မပေးကြဘူးတဲ့။ အဲဒီနောက်ပိုင်းမှာ တော့ လူတွေ သစ္စာမရှိလို့ ပန်းကန် ငှားလို့ မရတော့ဘူးတဲ့။ ဒါ့ပေမယ့် လူကြီးသူမတွေက အဲဒီနေရာကို ပန်းကန်တိုက်လို့ပဲ ဆက်ခေါ်ကြတယ်"

"ဩော်...ဩော်"

"ပန်းကန်တိုက်ရဲ့ ထူးခြားမှုကို ဆက်ပြောဦးမယ်"

"ဟုတ်ကဲ့၊ ပြောပါ ဦးလေး"

"လွန်ခဲ့တဲ့ ၂၀၀၅ ခုနှစ်၊ ဖေဖော် ဝါရီလမှာ နံသာပုရွာသား ဘဝင်ကြည့် နဲ့ ပေခွေးတို့ နှစ်ဦးဟာ ပန်းကန်တိုက် နားမှာ ငါးလာမျှားရင်း အိပ်ပျော်သွား ခဲ့တယ်။ အိပ်မောကျနေတုန်းမှာ ပန်း ကန်ခွက်ယောက်သံတွေ နေရာရွှေ့နေ သလို၊ ဆူဆူညံညံအသံတွေ ကြားရလို့ လန့်နိုးလာခဲ့တယ်။ ဒီတော့မှ ဒဏ္ဍာရီ ဆန်ဆန် ရှေးလူကြီးသူမတွေရဲ့ စကား ကို ယုံကြည်လာခဲ့ပြီး ဒီနေရာဟာ အဓိကရ နေရာတစ်ခုလို့ မှတ်ယူလာ ခဲ့ကြတယ်"

"ဩော်...တော်တော်ထူးခြား တာပဲနော်"

"ဒါတင် ဘယ်ကသေးမလဲ၊ ဟိုးအရင်တုန်းက ဒီကျွန်းပေါ်မှာ ပဲစပ် က အပ်ပေါက်လောက်ရှိပြီး ခန္ဓာကိုယ် က အလွန်ကြီးမားတဲ့ မြွေပြိတ္တာကြီး တွေတောင် ရှိခဲ့ဖူးသတဲ့။ အခုတော့ မရှိကြတော့ဘူး။ ဒါ့ပေမယ့် အဆိပ်မရှိ တဲ့ မြွေဟောက်တွေတော့ ရှိသေး

www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီမြွေတွေက လူကို မကိုက်ဘူးကွဲ့"

"ဩော်...ဟုတ်လား"

"ဒီကျွန်းဟာ ကျွန်းက သေးပေမယ့် ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်မျိုးစုံ ရှိတယ်ကွဲ့။ ပင်လယ်ထဲက ကျွန်းဖြစ်ပေမယ့် ဒီကျွန်းပေါ်မှာ ရေတွင်းတူးလိုက်ရင် ရေချိုပဲ ထွက်တယ်ကွဲ့။ ဒါကြောင့် ရွာနီးချုပ်စပ်က လူတွေဟာ ကျွန်းပေါ်ကို ပြောင်းလာပြီး အုန်းပင်တွေ၊ ငှက်ပျောပင်တွေ စိုက်ကြည့်ကြတာ အတော်ဖြစ်ထွန်းတယ်။ သောက်ရေအတွက် မပူမပင်ရတော့ လူတွေ နေနိုင်တာပေါ့ကွယ်။ ဒါကြောင့် သဲသောင်ပြင်တစ်လျှောက်မှာ သစ်ပင်တွေနဲ့ စိမ်းစိုနေလေရဲ့။ ထူးခြားတာကတော့ အဲဒီနားက ကျောက်တောင်တွေပေါ်မှာ ဇီဝစိုးငှက်ကလေးတွေ အသိုက်လာလုပ်ကြလို့ ကျွန်းသူကျွန်းသားတွေဟာ ငှက်သိုက်တွေ ရပြီး ဝင်ငွေတွေ ရကြသတဲ့။ အဲဒီကျွန်းဟာ မေတ္တာတရားနဲ့ လွှမ်းခြုံထားတဲ့ ကျွန်းလို့ ပြောရမယ်ကွဲ့။ ဦးဗွက်ကြီးကုန်းဆိုသူရဲ့ နွားနှစ်ကောင်ဟာ ရွာမှာတုန်းက တစ်ကောင်နဲ့ တစ်ကောင် မတည့်ကြဘူးတဲ့။ အဲဒီကျွန်းပေါ်လည်း ရောက်ရော မစ္စေ့မခတ်တော့ဘဲ သင့်မြတ်နေကြသတဲ့"

"ဩော်...တော်တော်ထူးခြားတာပဲနော်"

"ထူးတာတော့ မပြောနဲ့တော့။ ပြောမဆုံးပေါင် တောသုံးတောင်လို့ တောင် ပြောရမလားဘဲ"

"ဟုတ်ကဲ့၊ ပြောပါ ဦးလေးရယ်"

"ဒီကျွန်းဟာ အဆိပ်ပြင်းတယ်လို့ တောင် ပြောရမလားဘဲ"

"ဘယ်လိုကြောင့်လဲ ဦးလေးရယ်"

"ဒီကျွန်းပေါ်မှာ ဦးပါးတင် ဆိုတဲ့ သူ ရောက်လာပြီး အုန်းခင်းတွေကို စတင်အခြေချ စိုက်ခဲ့တယ်။ ညရောက်တဲ့အခါမှာ ခွေးအအုပ်စု ရောက်လာပြီး သောင်းကျန်းတော့တာပဲတဲ့။ ဒါကြောင့် ဦးပါးတင်ဟာ ခွေးအအုပ်စုကို ဘယ်လို နှိမ်နင်းရမလဲလို့ စဉ်းစားတဲ့အခါမှာ ငါးရဲ့ ကိုယ်ထဲကို အင်ဇရင်း ပိုးသတ်ဆေး ထည့်ပြီး အဲဒီငါးတွေကို ခွေးအတွေ့ကို ကျွေးမယ်လို့ စိတ်ကူးလိုက်တယ်။ အဆိပ်ရှိတဲ့ ငါးတွေကို စားပြီး ခွေးအတွေ အကုန်သေအောင် သတ်ဖို့ ကြံစည်ခဲ့တယ်။ ကြံစည်တဲ့အတိုင်းပဲ အရှည် တစ်ပေရှိတဲ့ ငါးအကောင် ၃၀ ရဲ့ ဗိုက်ထဲကို ပိုးသတ်ဆေး ၅စီစီကျစီ ထိုးထည့်ပေးပြီး ခွေးအတွေကို ချကျွေးလိုက်တယ်။ ခွေးအအုပ်စုကလည်း အငမ်းမရ အလုအယက် စားခဲ့ကြတယ်။ ဦးပါးတင်ကတော့ မကြာခင် မချိမဆံ့သေမှာပဲလို့ တွေးတောပြီး စောင့်ကြည့်နေခဲ့တယ်။ ဒါပေမယ့် ခွေးအအုပ်စုဟာ မသေတဲ့အပြင် ညရောက်တော့ ဦးပါးတင်ရဲ့ တဲရှိရာကို အုပ်စုလိုက် ချီတက်လာပြီး တစ်ည လုံး လားအူး ကြတာ ကျွက်ကျွက် ညံနေပါရောတဲ့။ အခုတော့ လူတွေ ရောက်လာတာမျှားလို့ ခွေးအတွေ ဘယ်ပျောက်ကုန်သလဲ မသိဘူး။ နောက်တော့ ကျီးကန်းတွေ သောင်းကျန်းပြန်ရော။ ဦးပါးတင်က ပေါ်တက် ဆေးမှုန့်နဲ့ အစာရောနယ်ပြီး ကျီးကန်းနှစ်ကောင်ကို ချကျွေးလိုက်တယ်။ ကျီးကန်းနှစ်ကောင်က အဲဒီအစာကို လာစားပြီး မသေတဲ့အပြင် ကြောက်စရာ အသံကြီးနဲ့ "ဟူ...ဟူ...ဟူ" လို့ အော်ပြီး ပြန်သွားသတဲ့"

"ဩော်...ဒါကြောင့် အဆိပ်ပြေတဲ့ ကျွန်းလို့ ပြောတာကိုး"

ဒါထက် ဒီကျွန်းပေါ်မှာ ပါးပျဉ်း မထောင်တဲ့ မြွေဟောက်တွေလည်း ရှိတယ်ကွဲ့။ ဘုရားတောင်ခြေမှာ နေတဲ့ ငှက်ပျောခြံပိုင်ရှင် ဦးတဆစ်ဆိုရင် မြွေဟောက်တစ်ကောင်ကို လက်နဲ့ ကိုင်မိတယ်။ သူမိုန်းမ မချောကလည်း မြွေဟောက်တစ်ကောင်ကို တက်နင်းခဲ့ပေမယ့် ဘာမှမဖြစ်ဘူး။ ဒီထက် ထူးဆန်းတာတော့ မချောဟာ ခါးနာရောဂါနဲ့ ဒူးနာရောဂါကို နာတာရှည် ခံစားနေရသတဲ့။ တစ်ခုသော ညမှာ အိပ်မက်တစ်ခုမက်ခဲ့တယ်။ အိပ်မက်ထဲမှာ အညိုရောင်ဝတ်စုံ ဝတ်ထားတဲ့ ပုဂ္ဂိုလ်တစ်ပါးရောက်လာပြီး "ငါ့သမီး ခံစားနေရတဲ့ ဒူးနာ၊ ခါးနာ မပျောက်ချင်ဘူးလား" လို့ မေးတယ်။ မချောကလည်း "ပျောက်ချင်တာပေါ့ အဘရယ်" လို့ ပြန်ဖြေလိုက်တယ်။ ဒီတော့ အဲဒီအဘက အိပ်မက်ထဲမှာ ပျောက်အောင် ကုသပေးလိုက်သတဲ့။ မနက်မိုးလင်းလို့ လမ်းလျှောက်ကြည့် လိုက်တော့ အကောင်းပကတိဖြစ်နေတာ တွေ့ရတယ်။ အခုထိ မချောဟာ ဒူးနာ၊ ခါးနာ မဖြစ်တော့ဘူးတဲ့။ ဒါကြောင့် ဒီကျွန်းပေါ်မှာ မမြင်အပ်တဲ့ သူတော်စင်တွေ ရှိနေတယ်လို့ ယုံကြည်ခဲ့ကြတယ်"

"ဩော်...ဩော်"

"နောက်ပြီး ဒီကျွန်းပေါ်မှာ ကြက်မွေးလို့ မရဘူးကွဲ့။ ဦးပါးတင်က ကြက်အထီးတစ်ကောင်နဲ့ အမတစ်အုပ်ကို ကျွန်းပေါ် သယ်လာပြီး မွေးမြူခဲ့တယ်။ ရွာမှာတုန်းက တကြော်ကြော်တွန်နေတဲ့ ကြက်ဖကြီးဟာ ကျွန်းပေါ်လည်း ရောက်ရော သုံးရက်ခန့် တွန်လိုက်တယ်။ နောက်နေ့တွေမှာ လုံးဝ မတွန်တော့ဘူး။ ကြက်မအသွင်ပြောင်းသွားခဲ့တယ်။ ဒါနဲ့ အဲဒီ ကြက်ဖကြီးကို ရွာပြန်ပို့မှ ပြန်တွန်ပြီး ကြက်ဖအသွင် ပြန်ရောက်သွားခဲ့တယ်။ ဒါနဲ့ ဦးပါးတင်

www.burmeseclassic.com

www.burmeseclassic.com

ကမကျေနပ်ဘဲ ကြက်ပေါက်ကလေး အကောင် ၃၀ တစ်အုပ် သယ်လာပြီး မွေးပြန်တယ်။ ရက်သတ္တတစ်ပတ် မပြည့်ခင်မှာ အားလုံး ကြက်နာကျပြီး သေလုဆဲဆဲဖြစ်လာတယ်။ ဒါနဲ့ အဲဒီ ကြက်ပေါက်ကလေးအားလုံး ရွာကို ပြန်သယ်လာမှ အားလုံး အကောင်း ပကတိဖြစ်နေတာကို အံ့သြဖွယ်ရာ တွေ့ခဲ့ရတယ်"

"အင်း...ဒါဆို ကြက်မွေးတာ မကြိုက်လို့ ဖြစ်မယ်"

"ဒါနဲ့ လိပ်ချိုင်နဲ့ ဘုရားချိုင်ကြား ထဲ တောင်စောင်းကလေးမှာ အရင်က "လသာကွက်"ဆိုတာ ရှိခဲ့ဖူးတယ်"

"လသာကွက်ဆိုတာ ဘာလဲ ဦးလေး"

"လသာကွက် ဆိုတာကတော့ နေဘက်နဲ့ လဆုတ် လကွယ်ညတွေမှာ ဘာမှ ထူးထူးခြားခြား မရှိဘူး။ သာမန် ကျောက်မြေကွက်ကလေးပဲ။ ထူးခြားတာကတော့ လပြည့်ညလို လသာပြီး ထိန်လင်းတဲ့ ညမှာ အဲဒီ နေရာကလေးက လရောင်နဲ့ ရောင်ပြန် လွှတ်နေတယ်။ အဲဒီ ရောင်ပြန်လွှတ် တာကို ဟိုးအဝေးကြီး ပင်လယ်ထဲက တောင် မြင်ရသတဲ့။ နောက်တော့ လသာကွက်က ရောင်ပြန်မလွှတ်တော့ ဘူးတဲ့။ ရောင်ပြန်မလွှတ်လို့ ရွာခံတွေက သွားကြည့်တော့ အဲဒီနေရာမှာ လေးထောင့်စပ်စပ် မြေကျင်းကြီးကိုပဲ တွေ့ရတယ်တဲ့။ အဲဒီကျောက်မြေကြီး ကို ဘယ်သူ လာတူးသွားသလဲဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်ဘူး။ အဲဒီ လသာကွက်ကလေးရဲ့ စွမ်းရည် ကိုလည်း မသိခဲ့ကြဘူး။ ဒီကျွန်းရဲ့ အနောက်တောင်ကုန်းပေါ်မှာ အင်္ဂလိပ် ခေတ်က မီးပြတိုက်ကလေးတစ်ခု ရှိ ခဲ့ဖူးတယ်။ ပင်လယ်ထဲမှာ သွားနေတဲ့ သင်္ဘောတွေကို အန္တရာယ်ကင်းအောင် မီးပြပေးတာပေါ့ကွယ်။ အခုတော့ ထိန်းသိမ်းမယ့်သူ မရှိလို့ ပြိုပျက်နေပြီ"

"နမြောစရာကောင်းတာပေါ့နော်"

"ဟိုးဘက်တွေမှာတော့ ကျောက် လိုဏ်ဂူတွေ အများအပြားရှိတယ်။ တချို့ဂူတွေဟာ အဝသာ ကျဉ်းပေ မယ့် အထဲမှာ အတော်ကျယ်တယ်။ ဂူအမိုးက အတော်မြင့်တယ်။ ဂူထဲမှာ ကျောက်ခက်၊ ပန်းဆွဲတွေနဲ့ အတော် လှလှပပရှိတယ်။ အောက်ခြေမှာ စမ်း ရေစီးကြောင်းလေးတွေက တသွင်သွင် စီးဆင်းနေတယ်။ မြန်မာပြည်နဲ့ ကမ္ဘာ ပေါ်ရှိ တိုင်းပြည်အသီးသီးက လူတွေ ကို ဖမ်းစားနိုင်တဲ့ အလှအပတစ်ခုပဲ။ တချို့ ဂူတွေထဲမှာတော့ လင်းနို့တွေ ထောင်သောင်းချီပြီး ခိုအောင်းနေကြ တယ်။ အနီးအနားရွာက ရွာသူရွာသား တွေက လင်းနို့ခွေးတွေကို လာကျူး ပြီး ရောင်းကြလို့ ဝင်ငွေဖြောင့်တယ်"

"အင်း...ဒီနေရာက တော်တော် ထူးခြားဆန်းကြယ်ပြီး အလွန်လှပတဲ့ နေရာတစ်ခုပဲ"

"ဟုတ်တာပေါ့ကွာ။ ရေကျသွား ရင် ဒီကျွန်းနဲ့ ဆက်နေတဲ့ သန္တာကျောက် ဖျာတန်းကြီးကိုလည်း တွေ့ရဦးမယ်။ အဲဒီ သန္တာကျောက်ဖျာတန်းကြီးက တော့ မြန်မာပြည်မှာ ဒီကျွန်းတစ်ကျွန်း မှာပဲ ရှိတဲ့ နေရာပဲ"

"ဟုတ်တယ် ဦးလေးရေ။ ကမ်း ခြေ နှစ်ဖက်လုံးရှိတဲ့ ရေပေါ်သောင်က လည်း မြန်မာပြည်မှာ ဒီကျွန်းတစ်ကျွန်း မှာပဲ ရှိနေတဲ့ နေရာပဲ ဖြစ်မယ်နော်"

"ဟုတ်ပါတယ် ငါတူရယ်။ ဒီ ရေပေါ်သောင်ပေါ်မှာ ဗဒ္ဓဂဇနီယ မြတ် စေတီ တပေါင်းပွဲတော်ကို နှစ်စဉ် ကျင်းပခဲ့တာ ၂၅နှစ်တောင် ရှိခဲ့ပြီ။ ဒီနှစ် တပေါင်းလပြည့်မှာ တစ်ခေါက်ပြန်လာ ခဲ့ကြဦး"

"ဟုတ်ကဲ့ပါ ဦးလေး"

"ဘုရားဖူးတွေ လာရင် လမ်း သုံးသွယ်နဲ့ လာလို့ရတယ်။ ပထမလမ်း က ပုသိမ် သလပ်ခွာ-မော်တင်စွန်းလမ်း မှာ ရှိတဲ့ ရေပ်ကောင်းရွာ လမ်းခွဲက နေ ရေပ်ကောင်းကို လာပါ။ ပုသိမ်-ရေပ်ကောင်း လိုင်းကားတွေ ပုံမှန်ပြေး နေပြီ။ ဒုတိယလမ်းကတော့ ငွေဆောင် ကမ်းခြေကနေ ရေပ်ကောင်းမြို့ကို ဆိုင်ကယ် ကယ်ရီနဲ့ သွားပါ။ နောက် ရေလမ်းက သွားမယ်ဆိုရင် ငွေဆောင် ကမ်းခြေနဲ့ ရေပ်ကောင်းကို လိုင်းစက် လေနဲ့ သွားနိုင်တယ်။ ကမ်းခြေတစ် လျှောက်မှာ ဆင်မကျွန်း၊ သဲပြုကျွန်း၊ မြင်းစီးကျွန်း၊ မိကျောင်းခေါင်း ကျွန်း ဆွယ်တွေကို မြင်တွေ့ရမယ်။ ပြီးရင် ပင်လယ်ထဲမှာ သုံးပွင့်ဆိုင် တည်နေတဲ့ တိုက်သုံးလုံးကျွန်းကိုလည်း တွေ့ရမယ်။ ငွေဆောင်ကနေ စက်လေ့စီးရင် သုံးနာရီလောက်ပဲ ကြာမယ်၊ ငရုပ် ကောင်းမြို့ကို ရောက်ပြီ"

"နောက်တစ်ခါလာရင် အဲဒီကျွန်း တွေရဲ့ သဘာဝ အလှတရားတွေကို တစ်ဝကြီး ခံစားနိုင်အောင် စက်လေ စီးပြီး လာခဲ့မယ် ဦးလေးရေ"

"အေးပါကွယ်၊ အခုတော့ နေညို နေပြီမို့ ဒီကျွန်းက ပြန်ကြစို့"

ကျွန်တော်တို့အုပ်စုသည် ရေ ပေါ်သောင်ကြီးပေါ်မှ ဖြတ်သန်းကာ ငရုပ်ကောင်းမြို့သို့ ပြန်ခဲ့ပါတော့ သတည်း ■

(ရွှေတိဂုံဘုရား၌ တွေ့ခဲ့ရသော ဦးဟုတ်ဝမ် (ခ) ဦးကဲဟုတ်အား ကျေးဇူး တင်စွာဖြင့်...)

* * *

ဧရိစဒ္ဒး

www.burmeseclassic.com

www.burmeseclassic.com





ဗုဒ္ဓဝင်မှ သမ္မာသမ္ဗုဒ္ဓ ကျောက်နှစ်ခဲရဲ့ ပေဒသုတေသီ ဆရာမျိုး

စာရေးသူသည် ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေပြိန္နယ်ရှိ နိုင်ငြောခရုံကျောင်းတိုက်သို့ ဂန္ဓိရစာစောင်များ သွားရောက်ပို့ဆောင်စဉ် ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒသဂ္ဂနှင့် တိုက်ဆိုင် ဆရာတော့် ဦးစဂ္ဂိန္ဒတို့မှ လှိုက်လဲ ဝမ်းမြောက်စွာဖြင့် ကြိုဆိုသည်ခံကြပြီးလျှင် အောက်ပါအတိုင်း မိန့်တော်မူကြပါလေ၏။

"စာရေးဆရာကြီး ရောက်တုန်း ဒီကနေ ရှစ်မိုင်အကွာမှာ ရှိတဲ့ မိုင်းသောက်မြို့ ကျောက်နီတောရကျောင်းကို ရောက်အောင်သွားပါတဲ့။ အဲဒီနေရာဟာ ကျွန်ုပ်တို့ ငယ်ငယ် ကိုရင်ဘဝတုန်းက သီတင်းသုံးခဲ့တဲ့ နေရာပဲ။ နောက်ပြီးတော့ ကျွန်ုပ်တို့ ရွှေကျင်ဂိုဏ်းရဲ့ ရတ္တညူမဟာနာယက ဆရာတော်ကြီးတစ်ပါးဟာ အဲဒီမြေမှာ ထွန်းပေါက်တော်မူခဲ့တယ်။ လက်ရှိ ဆရာတော်ကြီးကလည်း မိုင်းသောက်ပြိန္နယ်အုပ်စုမှာ အကြီးဆုံး ဖြစ်တော်မူတယ်"

ဤသို့ဖြင့် စာရေးသူသည် ဆရာတော်နှစ်ပါး မိန့်ကြားချက်အရ ညောင်ရွှေပြိုမှ ဂုမိုင်အကွာတွင် ရှိသော မိုင်းသောက်မြို့သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် နောက်ထပ် တစ်မိုင်အကွာတွင်ရှိသော ကျောက်နီတောင်ပေါ်သို့ လည်းကောင်း၊ ဆိုင်ကယ် ကယ်ရီဖြင့် တက်ရောက်ခဲ့ပါလေ၏။ နိုင်ငြောခရုံတိုက်အုပ်ဆရာတော် ဦးစဂ္ဂိန္ဒမှ ကျောက်နီတောရကျောင်းတိုက်အုပ် ဆရာတော် ဦးသုနန္ဒထံသို့ တယ်လီဖုန်းဖြင့် ကြိုတင်ဆက်သွယ် လျှောက်ထားမှုကြောင့် ဆရာတော် ဦးသုနန္ဒမှ အသင့်စောင့်ကြိုနေလျက် ကျောက်နီတောရ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာတော် ဦးစန္ဒောဘာသထံသို့ ပို့ဆောင်ပေးခဲ့ပါလေ၏။

ဤမျှ ဝေးလံခေါင်းပါးသော တောင်တန်းပေါ်တွင် သာသနာ့အဆောက်အအုံများ ထွန်းကားနေပုံမှာ ရင်သပ်ရှုမော အံ့သြဖွယ်ရာကောင်းလှပေစွ။ လက်ရှိ ကျောက်နီဆရာတော်မှာ ဦးစန္ဒောဘာသဖြစ်၍ သက်တော် ၅၉နှစ်၊ သီကျွတ်တော် (၃၈)ဝါ ဖြစ်ပါသည်။ သာသနာ့ပရဝဏ် ဧရိယာမှာ ဧက ၅၀၀ ကျယ်ဝန်း၍ သာသနာ့အဆောက်အအုံ ၃၂ လုံးရှိပါသည်။ ရဟန်း (၁၈)ပါးနှင့် သာမဏေ ၆၂ပါး သံဃာတော်အပါး (၈၀)တို့ သီတင်းသုံး နေထိုင်ရာ ရွှေကျင်စာသင်တိုက်ဖြစ်ပါသည်။ ကျောက်နီတောင်တန်းသည် ပင်လယ်ရေမျက်နှာပြင်မှ အထက်ပေ ၃၅၀၀ မြင့်၍ ကေးရွာ လူနေအိမ်ခြေများနှင့် ပေ ၂၀၀၀ ကျော် ကွာဝေးပါသည်။

"ဒီမှာ တောင်နှစ်တောင်ရှိတယ် ဒကာကြီး။ မူလဆရာတော်ဘုရားကြီး တည်ထားခဲ့တဲ့ ပရိယတ္တိတောင်နဲ့ ဟိုဘက်မှာ ကျွပ်တည်ထားတဲ့ တောင်အသစ်ဖြစ်တဲ့ ပဋိပတ္တိတောင်ပေါ့။ ကဲ-လာ···ဒကာကြီး၊ ကျွပ်တို့ မူလ ပရိယတ္တိတောင်ကို အရင် စတင်လေ့လာကြရအောင်"

ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်၍ ရှေ့မှ ကြွခြီတော်မူပါသည်။ စာရေးသူမှ အလယ်က လိုက်ပါ၍ ဦးပဉ္စင်ဦးဝိမလဂ၊ နောက်မှ လိုက်ပါလာပါသည်။ ဦးစွာပထမ မြင့်မားသော လေကားစောင်းတန်းများမှတစ်ဆင့် မြတ်စွာ



ဘုရား စံကျောင်းတော်သို့ စတင် တက်ရောက်ကြပါသည်။ ကြီးမားခန့်ညား ခိုင်ခဲ့သော မြတ်ဘုရားတိုက်ကျောင်းတော်ကြီးကို ကျဉ်းမြောင်းသော လမ်းရေးယာအတွင်း ရိုက်ကွင်းမဆံ့သဖြင့် ဘေးတိုက်အနေအထားဖြင့် ခြုံမိအောင် ကြိုးစားရိုက်ကူးရပါသည်။ ဘုရားခန်းသည် မြတ်စွာဘုရားရှင်မှ ဟောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူခန်း ဖြစ်ပါလေ၏။ ဘုရားခန်း၏ လက်ျာဘက်တွင် မြတ်စွာဘုရားရှင် သီတင်းသုံး ထိုင်တော်မူရန် ပလ္လင်တော်ကို ထီးဖြူနှစ်လွှက် မိုးလျက် နံဘေး လက်ဝဲဘက်တွင် ဆွမ်းတော်တင်ခံ ထားရှိပါသည်။ နံဘေး လက်ျာဘက်တွင် မြတ်စွာဘုရား ကျိန်းစက် သီတင်းသုံးတော်မူနိုင်ရန် ခုတင်ညောင်စောင်းပေါ်တွင် ခေါင်းအုံးတော်၊ စောင်တော်များ ထားရှိကာ ခုတင်မျက်နှာပြင်တွင် ကတ္တီပါမွေ့ယာခင်းလျက် အထက် ခုတင်တိုင်ပေါ်တွင် ဇာခြင်ထောင်ကို အသင့်ပြင်ဆင်ထားရှိပြီးလျှင် အထက်မှ ဗိတာန်(မျက်နှာကြက်)ထပ်ဆင့်ကာ မိုးထားပါသည်။ ခုတင်တိုင်တွင် သားမြီးယပ်ကို ချိတ်ဆွဲထားပါသည်။ ခြေရင်းဘက်တွင် ခေတ္တ သက်သောင့်သက်သာ သီတင်းသုံး ထိုင်တော်မူနိုင်ရန် ပလ္လင်တော်ပေါ်တွင် ကတ္တီပါအခင်းခံလျက် အထက်မှ ဇာပဝါအပါး လွှမ်းထားကာ ယပ်တောင်တော်တစ်ချောင်း တင်ထားပြီး နံဘေးတွင် ထီးဖြူမိုးထားပါလေ၏။ အခိုပါခုံ၏ ခြေရင်းဘက်ရှိ ဖိနပ်စင်ပေါ်တွင် မြတ်စွာဘုရား စင်း

www.burmeseclassic.com

www.burmeseclassic.com

ကြွတော်မူရင်း စီးနိုင်ရန်အတွက် ဖိနပ်တော်အကြီး တစ်ရံ၊ အသေးတစ်ရံနှင့် တောင်ဝှေးတော်တစ်ချောင်းကို အဆင်သင့် ပြင်ဆင်ထားရှိပေးထားပါသည်။

"မူလ ဆရာတော်ဘုရားကြီးဟာ ခုတင် ၁၃ ပါးလုံး ဆောက်တည်တော်မူတဲ့အတွက် ဗုဒ္ဓါနုဿတိ အောင်မြင်တော်မူပါတယ်။ ဆရာတော်ကြီးဟာ ည ၉နာရီမှာ မြတ်စွာဘုရားကျိန်းစက်ဖို့ ခုတင်ပြင်ပေးတယ်။ စောင်ခြုံပေးတယ်။ မြင်ထောင် ထောင်ပေးတယ်။ နှိပ်နယ်ပေးတယ်။ နံနက်ကျတော့ ဗုဒ္ဓရဲ့ အိပ်ရာကို သိမ်းပါတယ်"

စာရေးသူအတွက်၊ မယုံကြည်ဖွယ်ရာ၊ ထူးခြားအံ့ဩဖွယ်ရာ မြင်ကွင်းတစ်ရပ်ပင် ဖြစ်ပါလေ၏။ စာရေးသူ၏ ဘဝတစ်လျှောက်တွင် မြတ်စွာဘုရားကို သက်ရှိထင်ရှားရှိသကဲ့သို့ ကြီးမြတ်သော ပူဇော်ခြင်းမျိုးကို တစ်ကြိမ်တစ်ခါမှ မကြုံဘူး၊ မဆုံဘူးသေးပါ။ ရင်မှာ ပီတိ ဂွမ်းဆီထိသကဲ့သို့ ကြက်သီးမွေးညင်းများ ထလာသည်အထိ ဝမ်းမြောက်ကြည်နူးမှုတို့ ဖြစ်လာပြီးလျှင် ဤကဲ့သို့ ထူးမြတ်သော နေရာကြီးတစ်ခုကို လမ်းညွှန် စေလွှတ်တော်မူခဲ့ကြသော နိဂြောဓရုံ ဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတော် ဦးစက္ကိန္ဒတို့အား ဦးညွှတ် ဂါရဝ ပြုမိပါလေ၏။

အသေးစိတ် အားရပါးရ ဖူးမြော်မှတ်တမ်းတင်ပြီးလျှင် မြတ်စွာဘုရား၏ ဂန္ဓာကုဋီ စံကျောင်းတော်မှ ပြန်ဆင်းလာရာ မြတ်စွာဘုရားကျောင်းတော်ရာ၏ လေကား ဒါယိကာနှစ်ဦး အဖြစ် ကိုမုံ+ဒေါ်မြ၊ သား မောင်ခင် ကောင်းမှုဟူ၍ လည်းကောင်း၊ မြောင်ကောက်ရွာ ကိုချိန်+ဒေါ်စု သားသမီးတစ်စု ကောင်းမှုဟူ၍ လည်းကောင်း မှတ်တမ်းတင်ဖြစ်ပါလေ၏။

လက်ဝဲဘက် လေကားရင်းတွင် ခေါင်းလောင်းတော် နှစ်လုံးကို ကျေးဇူးရှင် မိဘနှစ်ပါးအား ရည်စူး၍ ဦးသိန်းဝင်း+ဒေါ်ရွှေချမ်း၊ ဟူပင်မိသားစု၊ ညောင်ရွှေ့ ပြို့မှ ၁၃၆၃ ခု၊ ကဆုန်လဆန်း ၂ရက်၊ တနင်္လာနေ့တွင် ကြေးချိန် (၆၂၂၂) ကျပ်သားကို လည်းကောင်း၊ တပေါင်းလဆုတ် ၅ရက်နေ့၊ ဤညောင်ရွှေပိုင် မိုင်းသောက်ပြို့ တောင်ခြေစေ့းသစ်နေ ခေါင်းလောင်းအစ်မ မရန် သားသမီးတစ်စုကောင်းမှုအဖြစ် ကြေးချိန် ၆၀ သားကို လည်းကောင်း တွေ့မြင်ရပါသည်။ လက်ျာဘက် လေကားမှ အဆင်းတွင် တွေ့မြင်ရသော သီသန့်ရှု အုတ်တိုက်ငယ်မှာ ဆရာတော်ကြီး တရားထိုင်ရာ ကမ္မဋ္ဌာန်းတိုက်ဂူဖြစ်ကြောင်း သိရှိရပါသည်။

"ကဲ - ဒကာကြီး၊ တောင်ပေါ်က ကြတ်အောင်စေတီ တော်သုံးဆူကို သွားဖူးကြရအောင်"

တောင်ပေါ်သို့ စတင် မတက်ရောက်မီ အထက် လေကားရင်းတွင် ထောင်ထားသော သစ်သား တောင်ဝှေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းစီကို ဆွဲယူကြပါလေ၏။ စတင် တက်ရောက်သည့် လေ့ကျားထိပ်တွင် ပထမဦးဆုံး စတင်တွေ့ရှိရသည်မှာ မူလဆရာတော်ကြီးလက်ထက်တော်ကတည်းက တည်ရှိသော ရေးဟောင်း သိမ်တော်ကြီးဖြစ်၍ ၁၃၀၃ ခုနှစ်တွင် ပြန်လည်ပြုပြင် လှူဒါန်းထားပါသည်။ သိမ်ရေမှ သိမ်ပန်းက တိုင်ကြီးမှာ သဘာဝ ကျောက်သားပကတိဖြစ်၍ ကြီးမားလှပေစွ။ ရေးဟောင်း သိမ်တော်ကြီးကို တိုက်အုပ်ဆရာတော် ဦးသုနန္ဒနှင့်အတူ ဓာတ်ပုံမှတ်တမ်းတင်ဖြစ်ပါသည်။ ဤသိမ်၏ ခေါင်းရင်းဘက်တွင် ရေအားလျှပ်စစ်တပ်ဆင် တည်ဆောက်ထားပုံမှာ အံ့ဩဖွယ်ရာ ဖြစ်ပါပေ၏။

သို့မှတစ်ဆင့် တောင်ပေါ် မြေကြီးလမ်းကို စတင် တက်လှမ်းရပေရာ အရှေ့မှ ဆရာတော်ကြီးနှင့် ဦးဝိမလတို့မှ ဦးဆောင်၍ ကြိမ်လုံးတစ်လုံးစီဖြင့် လမ်းဘေး ဝဲယာမှ အပင်ငယ်များကို ဝှေ့ယမ်းရင်း ပိုးကောင်မွားကောင်များကို ခြောက်လှန့် လမ်းရှင်းတော်မူကြပါလေ၏။ စာရေးသူမှာ မတ်စောက် မြင့်မားခက်ခဲသော တောင်တက် လမ်းကြမ်းကို ကြည့်၍ မိမိတစ်ကိုယ်တည်း တက်နိုင်ပါ့လေမလားဟူသော စိုးရိမ်စိတ်တို့ဖြင့် တောင်ဝေးကို အားပြုကာ သံယာတော်နောက်မှ နောက်မှ ဖြည်းလေးစွာ လိုက်ပါလာခဲ့ရပါလေ၏။ အတန်ငယ် တက်မိချိန်တွင် ပထမဦးဆုံး စတင်ဖူးမြော်ရသည်မှာ ဆရာတော်ကြီး တည်ထားခဲ့သော "ကိုးတောင်ပြည့် ကျတ်အောင်စေတီ" ဖြစ်ပါသည်။

"ဒီနေရာဟာ အရင်က နွားကျောင်းသား မလာရဲဘူး။ ဆရာတော်ကြီး ဒီကို တော စ,ထွက်တော့ ဒီနေရာဟာ ကျတ်တောကြီးလို့ ပြောတယ်။ ၁၂၈၈ ခုနှစ်မှာ တစ်ပါးတည်း တောထွက်ပြီး သီတင်းသုံးတဲ့အခါ ကျတ်တွေက ဆရာတော်ကြီးကို မနေနိုင်အောင် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ နှောင့်ယှက်ကြတယ်။ ဆရာတော်ကြီးက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားတဲ့အတွက် သူတို့ မအောင်တော့ ကျတ်ခေါင်းဆောင်က "ဆရာတော်... ဒီနေရာမှာ စိတ်ကြိုက် သီတင်းသုံးတော်မူပါ။ တပည့်တော်တို့ နေရာရွှေ့ပါတော့မယ်"လို့ လာလျှောက်ကြတဲ့နေရာမှာ "ဒီကျတ်အောင်စေတီကို တည်တာပဲ"

ထို့နောက် တောင်တက်လမ်းတစ်ဖက်သို့ ကွေ့ဝိုက်၍ တက်ကြပြန်ရာ အမြင့်နေရာမှနေ၍ မြတ်စွာဘုရားရှင် ကျောင်းတော်ရာနှင့် သံဃာတော်များ သီတင်းသုံးရာ အဆောင်အသီးသီးတို့၏ အပေါ်စီးမှ ဖူးမြော်ရသော မြင်ကွင်းကို မှတ်တမ်းတင်ဖြစ်ပါလေ၏။ နောက်ထပ် အတန်ငယ် တက်မိချိန်တွင် ထပ်မံ ဖူးမြော်ရသည်မှာ "မာန်အောင်စေတီတော်"ဖြစ်ပါသည်။ ရှေ့မှ လက်ရာအတိုင်း တွေ့မြင်ရပါသည်။

www.burmeseclassic.com





နောက်ထပ်တစ်ဖန် ကွေ့ဝိုက်၍ အတန်ကြာ တက်မိလေသောအခါ ရွှေသက်နှံကပ်လှူထားသော တောင်ထိပ်စေတီတော်ကို ဖူးမြော်ရပါလေ၏။ စေတီကမ္ပည်းတွင် "အေးဆွမ်းဘုရား ၁၂၈၀" ဟူ၍ ပါရှိပါသည်။ ကိုးတောင်ပြည့် အေးဆွမ်းစေတီတော်တွင် လက်ရှိဆရာတော် ဦးစန္ဒောဘာသနှင့် ဦးဝိမလတို့ကို ပူးတွဲဓာတ်ပုံ မှတ်တမ်းတင်ဖြစ်ပါလေ၏။ ဤမျှ ခက်ခဲကြမ်းတမ်းသော တောင်တန်းပေါ်တွင် ပရိယတ္တိသာသနာကို အပတ်တကုတ် ကြိုးပမ်းအားထုတ်တော်မူခဲ့သော မူလ ကျောက်နီဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်ကို ရည်မှန်း၍ ဦးညွတ်ရှိခိုး ဂါရဝပြုမိရပါလေ၏။

"ကဲ - ဒကာကြီး မောပြီလား၊ ဟိုဘက်တောင်ကို ကူးနိုင်သေးသလား"

ဆရာတော်ကြီး မေးတော်မူလေသောအခါတွင်မှ စာရေးသူ မိမိကိုယ် မိမိ ပြန်လည်သုံးသပ်မိပါလေ၏။ စာရေးသူသည် တောင်တက်ခရီးပေါင်း မြောက်များစွာကို ဖြတ်သန်း၍ ဘုရားသမိုင်းပေါင်းစုံကို ရေးသားပြုစု ပူဇော်ခဲ့မှုများများစားပြားလှပေပြီ။ ဤကဲ့သို့သော မြင့်မားမတ်စောက် ကြမ်းတမ်းသည့် တောင်တက်လမ်းကို မဆိုထားနှင့်၊ သာမန် ကတ္တရာလမ်းခြောဖြစ်နေသော တောင်တက်လမ်းကို တက်ရောက်ရာတွင်တောင်မှ စာရေးသူမှာ အင်မတန်မှ မောပန်းနွမ်းနယ်၍ မကြာခဏ အနားယူရပေသော သက်လုံအားမကောင်းသူတစ်ဦးဖြစ်ပါပေ၏။ ယခု ကျောက်နီတောင်တန်းပေါ်သို့ မနားမနေတက်ရောက်ခဲ့ရသော်လည်း မောပန်းနွမ်းနယ်မှု လုံးဝ မဖြစ်ပေါ်ဘဲ လန်းဆန်းတက်ကြွလျက် ရှိနေခဲ့ပါလေသည်။

"မှန်ပါ့ ဘုန်းဘုန်းတို့ ကျောက်နီတောရနဲ့ တပည့်တော်ဟာ ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်က ပတ္တာန်းဆက်၊ ပါရမီအထုံရေစက်ရှိခဲ့ပုံ ရပါတယ် ဘုရား။ အဆုတ်၊ နှဲသုံး အားမကောင်းလို့ ဒီလိုမျိုး အမြင့်တွေကို တက်ရင်း မောပန်းလွယ်တဲ့ တပည့်တော်ဟာ အခု ဘာမှမဖြစ်ဘူး ဘုရား။ အံ့သြမိပါလေရဲ့။ ဘုန်းဘုန်းတို့ရဲ့ ကျောက်နီတောရ သာသနာတော် ပွင့်လင်း စည်ကားလာဖို့ရန်အတွက် နတ်သိကြားတွေကများ တပည့်တော်ကို ဒီနေရာအရောက် ပို့ဆောင်ခဲ့လေသလားလို့ ထင်မှတ်မှားရပါတယ် ဘုရား။ အဲဒါကြောင့်မို့လို့ ဘုရားတပည့်တော် တတ်ကျွမ်းတဲ့ စာပေအနုပညာနဲ့ ဒီကျောက်နီတောရတောင်တော်ရဲ့ ဘာသာ၊ သာသနာထွန်းကားပြန့်ပွားရေးကို ထမ်းရွက်ခွင့် ပြုတော်မူပါ ဘုရား"

ဆရာတော်ကြီးမှ ကြည်သာချမ်းမြေ့သော မျက်နှာပြင်

www.burmeseclassic.com

www.burmeseclassic.com



လှိုက်လဲ့စွာ ပြုံးတော်မူပါလေ၏။

"သာခုပါ ဒကာ၊ သာခု···သာခု···သာခု"

"ဟိုဘက်တောင်ကို ဓမ္မမာမက,တောင်လို့ ခေါ်တယ် ဒကာကြီး။ အဲဒီ ဓမ္မမာမက,တောင်ကုန်းလေးပေါ်မှာ ဘုဥဒ္ဓ ခုနှစ်က ဆရာတော်ကြီး ပျံလွန်တော်မူတဲ့အခါ ပြာသိုလဆန်း ၄ရက်နေ့က အဲဒီတောင်ကုန်းပေါ်မှာ အဂ္ဂိမ စျာပနအဖြစ် မီးသင့်ပြီးပြီးတော့ ရွှေကျင်သာသနာပိုင် ဆရာတော်က အရိုးအိုးကို စေတီတည်ရမယ်ဆိုပြီး ဓမ္မစကြာစေတီတည်ဖြစ် ခဲ့တယ်။ ဆရာတော်ကြီးက ဓမ္မစကြာသုတ်တော်ကို အလွန်နှစ်သက်တော်မူတယ်။ အမြဲတမ်း ပူဇော်တော်မူတယ်။ ပျံလွန်တော်မူခါနီးမှာလည်း သူ့ကို ဓမ္မစကြာသုတ် ပူဇော်ပေးပါလို့ ပြောပြီး၊ ဓမ္မစကြာသုတ် ပူဇော်နေစဉ်အတွင်းမှာပဲ ပျံလွန်တော်မူတဲ့အတွက် သူ့အရိုးအိုးစေတီကိုလည်း ဓမ္မစကြာစေတီလို့ ကမ္ဘည်းတင်လိုက်တယ်"

စကားတပြောပြောနှင့် စာရေးသူတို့သည် ပရိယတ္တိတောင်ဘက်မှ ပဋိပတ္တိတောင်ဘက်သို့ ကူးလာခဲ့ကြပေ၏။ တစ်ဖက်တောင်ခြေသို့ အရောက်တွင် သေသပ်လှပ ခန့်ညားသော သာသနာ့အဆောက်အအုံတစ်လုံးကို တွေ့မြင်ရပေသည်။

"ဝိဇ္ဇကတ်နှစ်ပုံခွဲ အောင်တဲ့ ဆရာတော်တစ်ပါး ဒီအဆောင်မှာ သီတင်းသုံးတယ် ဒကာကြီး"

ကျောင်းဆောင် ဒါယိကာ၊ ဒါယိကာမများမှာ ဦးစိုးမြင့်+ဒေါ်ငွေတင်၊ ဒေါ်ခင်စု မောင်နှမတစ်စု ကောင်းမှုဖြစ်ပါသည်။

"ကဲ - ဒကာကြီး၊ ဘုရားကို ဦးငင်လေးတွေနဲ့ လိုက်သွား၊ ကျုပ် ဒီမှာ အလုပ်ရှိလို့ နေခဲ့ဦးမယ်"

ဆရာတော် ကျန်ခဲ့ပြီး ဦးဝိမလနှင့် စာရေးသူတို့ ဓမ္မစကြာစေတီတော်ကို သွားရောက်ဖူးမြော်ကြပါသည်။ ကျေးဇူးရှင် ကျောက်နီတောရ ဆရာတော်ကြီး၏ အထိမ်းအမှတ် ဓမ္မစကြာစေတီတော်သည် ဥဇ္ဈတော် ၂၇တောင် အမြင့် ဆောင်၍ သာသနာနှစ် ၂၅၁၇ ခုနှစ်၊ ကောဇာနှစ် ၁၃၃၅ ခုနှစ်၊ နယုန်လဆန်း ၅ရက်၊ အင်္ဂါနေ့တွင် အင်ဂျင်နီယာ ဝဏ္ဏကျော်ထင် ဦးသိန်း၊ ပန်းရံဆရာစိန်နှင့် မှန်စီ ဦးအောင်လှတို့မှ တာဝန်ယူ တည်ဆောက်ခဲ့ပါသည်။ အတွင်းနံရံတွင် ဆရာတော်ကြီး အတ္ထုပ္ပတ္တိ ဆီဆေးပန်းချီကား ၁၆ချပ်ကို ရေးဆွဲဖော်ပြထားသည်။ မြက်စွာဘုရားရှင်မှာ ဓမ္မစကြာမှုဖြာဟန် ရုပ်ပွားတော်ဖြစ် ဥဇ္ဈတော် ၇တောင်တည်ရှိပြီး ပလ္လင်အပါအဝင် စုစုပေါင်း ၉တောင်ဖြစ်ပါသည်။

"ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးက ကျောက်နီတောရ ဆရာတော်ကြီးရဲ့ ရုပ်ထုတော်အောက်မှ အရိုးအိုးဌာပနာပြီး မှန်စီ သက်နန်းကပ်လှူပြီး အပေါ်က ဆရာတော် ဓမ္မစကြာ ပူဇော်ဟန် ထုလုပ်ထားတာ ဖြစ်တယ် ဒကာကြီး"

www.burmeseclassic.com

www.burmeseclassic.com

တေရသမ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးနဲ့ ကျောက်နီတောရ ဆရာတော်ဘုရားကြီးတို့ဟာ တစ်ပါးနဲ့ တစ်ပါး အပြန်အလှန် လေးစားကြည်ညိုမှုနဲ့ အထူး ဂါရဝ တရားထားတော်မူကြတယ် ဒကာကြီးရဲ့"

သာသနာပြု ဆရာတော်ကြီးများ၏ မာန်မာန ကင်းစင်ကာ ဂုဏ်တုဂုဏ်ပြိုင်မရှိ၊ ရိုးသားနှိမ့်ချသော ဂါရဝ တရားများဖြင့် ဝိနည်းသိက္ခာပုဒ်တော်တို့ကို အသက်ထက်ဆုံး တန်ဖိုးထားကြပုံမှာ အတုယူ လေးစားအားကျ ကြည်ညိုဖွယ်ရာ ကောင်းလေစွတကား။ ဘုရားရှင်၏ လက်ဝဲဘက် ရှေ့တော်မှောက်တွင် ပဌာန်းနှင့် ဓမ္မစကြာပူတော်နိုင်ရန် ထီးဖြူဝိုး၊ ရာဇမတ်ဝင်း ခင်း၍ ကျမ်းစာအုပ်၊ စာအုပ်တင် စင်၊ တစ်ပေ မီးတိုင်၊ သလိပ်ပျော့ အသံကောင်းဆေး၊ ပန်းအိုး၊ ရေခွက်တို့ကို စားပွဲပေါ်၌ စနစ်တကျ ပြင်ဆင်ထားရှိပုံမှာ ရိုးရိုးကလေးနှင့် စည်းစနစ်ကျ၍ စက္ခုပသာဒကို အမြင်တင့်တယ်စေပါသည်။

◈◈◈

ဓမ္မစကြာစေတီတော်မှ ပြန်အထွက်တွင် တရားတိုက်များကို ဖြတ်သန်း၍ ပရိယတ္တိတောင်တက်လမ်းကို စတင်ကြဂါသည်။ ဦးဝိမလနှင့်အတူ နောက်ထပ် ဦးပဉ္စင်းတစ်ပါး ထပ်မံ လိုက်ပါလာပါသည်။

"ဟိုးက ဘုရားလေးဆူဟာ မူလ ဆရာတော်ကြီး မတိုင်ခင်ကတည်းက ရှိခဲ့တာ။ အဲဒီက ပတ်ဝန်းကျင်မှာ ဂျပန်သခြိုင်း၊ တရုတ်သခြိုင်း၊ ကုလားသခြိုင်း၊ အင်္ဂလိပ်သခြိုင်း စတဲ့ သခြိုင်းပေါင်းစုံ ရှိခဲ့တယ် ဒကာကြီး။ ဒါကြောင့် ဒီနယ်ခံပြေဟာ အင်မတန်ကြမ်းတမ်းခဲ့တာပေါ့"

မူနဲ့ပျမ်း ရှုမ်းရိုးမ တောင်တန်းကြီးနောက်ခံနှင့် အဝေးမှ စေတီတော် လေးဆူကို ကင်မရာနှင့် မီသလောက် လှမ်းဆွဲခဲ့ရပါသည်။

"ဒီမှာ ဘုရားဖူးနိုင်အောင် စောင်းတန်းနဲ့ ကားလမ်းဖောက်ဦးမှာ ဒကာကြီး။ တောင်ခြေကနေ ဘုရားအရောက် ကို ကားလမ်းအရှည် တစ်မိုင် နှစ်ဖာလုံလောက် ရှိတယ်။ ဒီနေရာကြီးကို တရားအားထုတ်ချင်တဲ့သူတွေ အေးချမ်းစွာ တရားအားထုတ်နိုင်ဖို့ ရည်ရွယ်တယ်။ ပရိယတ္တိဘက် စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း စာပေတွေ သင်ကြားပို့ချပြီး ပရိယတ္တိသာသနာထွန်းကားဖို့လည်း ရည်ရွယ်ချက်ရှိတယ်။ ဒီနေရာဟာ လူသူနဲ့လည်း ဝေးတယ်။ မြို့နဲ့လည်း ဝေးတယ်။ တော်မှပြီး တရားအားထုတ်ချင်တဲ့သူတွေအတွက် အဆင်ပြေတာပေါ့။ ဒီကားလမ်းကို ဒကာ မပါဘဲနဲ့ ရဟန်းသံဃာ၊ ကိုရင်တွေချည်းပဲ လုပ်အားနဲ့ လမ်းခင်းနေတာ ဒကာကြီး"

ဟုတ်ပါပေ၏။ ဟိုအဝေးဆီမှာ သံဃာတွေ တက်ညီလက်ညီနှင့် လမ်းဖောက်နေကြလေရဲ့။ ကားလမ်းညီညာ

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြာသား

ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်



အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
ဖြေနိုကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၀၊

E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

နာကာဆိုနေကို မှန်အောင် ဟောလိုက်ပြီ

ဆရာဒေဝသည် (၁၉၈၆)ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နာကာဆိုနေ၏ ဘဝနှင့်လက္ခဏာဆောင်းပါးဖြင့် ဝန်ကြီးချုပ်မှာ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရလိမ့်မည်ဟု ကြိုတင်၍ အတိအလင်းဟောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်နာကာဆိုနေမှာ နှစ်ကြိမ်တိတိ ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး၍ ဥပဒေအရ သုံးကြိမ် လုပ်ဖို့မရှိပါ။ သို့သော် တစ်နှစ်သက်တမ်းတိုးမြှင့်ရွေးချယ်ခံရ၍ ဝန်ကြီးချုပ်အဖြစ် ထမ်းထမ်းဆောင်ခဲ့ရပါသည်။

ဤသို့ မဖြစ်နိုင်သောကြိုးကျယ်သည့်ကိစ္စများကို သက်ရှိထင်ရှားသောပုဂ္ဂိုလ်များကို ဆောင်းပါးဖြင့်ကြိုတင်ပြီး တိုင်းသိပြည်သိ ဟောကြားရေးသားနိုင်ခဲ့သောကြောင့် ဆရာဒေဝကို ခေတ်သစ်ဆရာကိုင်ရိပ္ပ၍ အမည်ပေးကုန်ကြပြီ။

ဤကြော်ငြာကို (၂၄-၁၀-၂၀၀၀)နေ့တွင် ထုတ်ဝေသော သိဒ္ဓိအစ္ချပ်ပို ကြော်ငြာတွင် ကော်လံပြည့်မှုရင်းဆောင်းပါးတစ်ခုလုံးကို ကြော်ငြာထည့်ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း ၂၀ခန့်က ကျွန်တော်သည် ခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းတစ်ခုဌ် တာဝန်ခံ ဂိတ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ သည်ယာဉ်လိုင်းက ရန်ကုန်ကို ဗဟိုပြုလျက် ရန်ကုန်-ပြည်၊ ရန်ကုန်-တောင်ငူ၊ ရန်ကုန်-အေးမြသာယာ ခရီးစဉ်များကို ပြေးဆွဲခဲ့သည်။ ထိုစဉ်က ရန်ကုန်ပြိုရှိ ပင်မဂိတ်သည် ဝါးတန်း(ကီလီ)အဝေးပြေးကွင်းအတွင်း၌ ဂိတ်ခန်းဖွင့်လှစ်ထားသည်။

ပင်မဂိတ်မှ အလှည့်ကျ စေလွှတ်ပေးသည့်ယာဉ်များအား ကျွန်တော်တို့ နယ်ဂိတ်မှူးများက တစ်ညအိပ်လက်ခံထားရှိပြီး၊ နောက်တစ်နေ့ နံနက်ပိုင်းတွင် ပင်မဂိတ်သို့ ပြန်လွှတ်ပေးရသည်။ အကြမ်းအားဖြင့် နယ်ဂိတ်(ပြန်လွှတ်ဂိတ်)သည် ပင်မဂိတ်(စ,လွှတ်ဂိတ်)ကဲ့သို့ အလုပ်မများ၊ တာဝန်မကြီးလှသော်လည်း ယာဉ်ဝင်ငယ်းအရ စေလွှတ်သည့် ယာဉ်စုံမှ စိတ်အေးရပါသည်။

ဂိတ်ဆိုသည်က နေ့ဘက်တွင် ခရီးသည်အသွားအလာရှိသည်။ ယာဉ်အဝင်အထွက်ရှိသည်။ ညဘက်တွင် ညအိပ်ယာဉ်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ရှိသည်။ တာဝန်က ၂၄နာရီလုံးလုံးပင် ရှိသည်။

ဂိတ်တွင် နေ့ရော ညပါ နေရပါများ၍ မိမိယာဉ်လိုင်းမှ ယာဉ်များနှင့် အခြားယာဉ်လိုင်းများမှ ယာဉ်များ အကြောင်း အတော်အတန်ပင် အတွင်းကျကျ သိရှိခဲ့ရပါသည်။ ထိုယာဉ်များအနက် သာမန် ဖြစ်လေ့ဖြစ်ထ၊ တွေ့ရလေ့ရှိသော သမားရိုးကျယာဉ်များနှင့် မတူ၊ ထူးထူးခြားခြား ယာဉ်တချို့ကိုမူ ယနေ့တိုင် ကျွန်တော် မမေ့နိုင်သေးပါ။

ကျွန်တော် တွေ့ကြုံ မြင်သိ၊ ကြားခဲ့ရသော ယာဉ်များမှာ မမြင်သင့်၊ မမြင်အပ်သည့် ပုဂ္ဂိုလ်များနှင့် ဆက်နွယ်နေသည်ဟူ၍ ကျွန်တော်မှတ်ချက် မပြုလိုပါ။ ဖြစ်လေ့ဖြစ်ထရှိသော စက်များ၏ ဉာဉ်နှင့် မတူဘဲ၊ ထူးခြားမှု ရှိသော ယာဉ်များအဖြစ်သာ တင်ပြလိုရင်း ဖြစ်ပါသည်။

ဘုန်းကြီးနှင့် သီလရှင် တင်မရသည့်ကား

BURMESE CLASSIC

ဤကားမှာ ကျွန်တော့်ယာဉ်လိုင်းမှတော့ မဟုတ်ပါ။ ပြည်အဝေးပြေး ယာဉ်ရပ်နားစခန်းကြီး မဖွင့်လှစ်မီ မြို့တွင်း၌ ကားဂိတ်များ ဖွင့်လှစ်ခွင့်ရစဉ်က ကျွန်တော့်ဂိတ်နှင့် မျက်နှာချင်းဆိုင်ဂိတ်ရှိ ခရီးသည်တင် ဘီအမ်အမျိုးအစားကားတစ်စီးဖြစ်ပါသည်။ ထိုကားသည် ဘုန်းကြီးနှင့် သီလရှင်တို့ကို မတင်ပါ။ တင်မိလျှင် ကားမှာ တစ်မျိုး မဟုတ် တစ်မျိုး ဖောက်တတ်သည်ဟု ဆိုပါသည်။

ကားဖောက်သည် ဆိုသည်မှာ ချိုယွင်းချက်ရှာမရဘဲ စက်နှိုးမရခြင်း၊ စက်နှိုးရသည့်အခါတွင်လည်း ကားဘီးလိုမ့်မရ(ဂီယာမဝင်)ဘဲ စက်သံသာ မြည်ဟီးနေခြင်း၊ စက်နိုး ဘီးလိုမ့်ရသည့်အခါမျိုးတွင်လည်း စက်ရှိန်တင်မရ၊ စက်သေ၊ စက်ရပ်ခြင်း၊ ထိခိုက်မှု မရှိဘဲ ကားမုန်အလိုလိုကွဲခြင်း၊ ကားဘီးပေါက်ခြင်းတို့ကို ဆိုလိုပါသည်။

သို့ကြောင့်လည်း ဤကားအလှည့်ကျ ထွက်ချိန်တွင် ဘုန်းကြီးနှင့် သီလရှင်တို့အား ဂိတ်မှ လက်မှတ်မရောင်း၊ မတင်ပါ။ နောက်ထွက်မည့် ကား၌သာ တင်ပါသည်။ လမ်းမှ ဖြတ်တား ဖြတ်စီးသည့် ခရီးသည်များတွင် ဘုန်းကြီး၊ သီလရှင်တို့ကို မြင်လျှင် မရပ်၊ မတင်ကြဟု သိရသည်။

ဆွဲပန်း မကြိုက်သည့်ကား

ကိုယ်ပိုင်ကား၊ အဖွားကား၊ ကုန်တင်ကား၊ ခရီးသည်တင်ကားများ၏ ခေါင်းပိုင်းတွင် ရေစက်ဖုံးထိပ်၊ နောက်ကြည့်မှန် ဘယ်-ညာတို့တွင် ပန်းထိုးခြင်း၊ ခေါင်းခန်းအတွင်း ရေတွက် လေကာမှန်အထက်နားတွင် ဆွဲပန်းချိတ်ခြင်းမှာ ကားအများစု လုပ်လေ့လုပ်ထရှိသည်။ မည်သည့် ရည်ရွယ်ချက်၊ ရည်စူးမှုတော့ ပုံသေပြောမရပါ။ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏ ကိုးကွယ်သည့် ဘာသာယုံကြည်မှုအရ ရည်စူးမှုများ ကွဲပြားပါသည်။

ရည်ရွယ်ချက် ကွဲပြား၊ ရည်စူးချက် ခြားနားမှုများ ရှိတတ်သော်လည်း ခရီးသည်တင် လိုင်းကားအများစုက ဆွဲပန်းဝယ်ကြ၊ ချိတ်ကြသည်။ ထိုအများစု ကားများတွင် ကျွန်တော့်လိုင်းမှ ဟိုင်းလတ်ယာဉ်တစ်စီးမှာ ဆွဲပန်းမဝယ်၊ မချိတ်သည့်ကားဖြစ်သည်။ ထိုကား ယာဉ်မောင်းအား ကျွန်တော် မေးကြည့်ဖြစ်သည်။

ယာဉ်မောင်းက သည်ကားမှာ ဆွဲပန်းချိတ်၍ မရကြောင်း၊ ဆွဲပန်းချိတ်မိလျှင် ခရီးသည် မရ၊ ကားက တစ်မျိုးမဟုတ် တစ်မျိုးဖောက်တတ်ကြောင်း၊ ဆွဲပန်းကို စွန့်ပစ်မှ ကားက ပုံမှန်ပြန်ဖြစ်ခဲ့သည်ကို နှစ်ကြိမ်သုံးကြိမ်ထက်မနည်း ကြုံဖူးကြောင်း၊ အမြဲတွဲနေကျ စပါယ်ယာမဟုတ်ဘဲ လူသစ်တွဲရလျှင် ပန်းမဝယ်၊ မချိတ်၊ မထိုးဖို့ ဂရုစိုက်ပြောရကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းခန်း အမျိုးသမီး တင်မရသည့်ကား

ယာဉ်တစ်စီးတွင် အကြမ်းအား ဖြင့် ရှေ့ပိုင်း(ခေါင်းခန်း)နှင့် နောက်ပိုင်း (နောက်ခန်း)ဟူ၍ နှစ်ပိုင်းရှိပါသည်။ ရှေ့ခန်း(ခေါင်းခန်း)တွင် ယာဉ်မောင်း နေရာနှင့်၊ ယာဉ်မောင်းနှင့် ယှဉ်လျက် ထိုင်ခုံနေရာရှိသည့် ကားရှိ၍ မရှိသည့် ကားလည်း မရှိပါ။ ယာဉ်မောင်းနှင့် ယှဉ်လျက် ထိုင်ခုံနေရာပါသည့် ကား များတွင် လူနှစ်ယောက်စာ ထိုင်နိုင် သည်။

ခေါင်းခန်းဝီးသည့် ခရီးသည်က နောက်ခန်းဝီးသည့် ခရီးသည်ထက် ဝီးခ ပိုပေးရသည်။ သို့သော်လည်း ရဟန်း သံယာများ၊ ကုန်သည်များ၊ လွတ်လွတ် လပ်လပ် ခရီးသွားချင်သူများက ခေါင်း ခန်းဝီးချင်၊ ရချင်တတ်ကြသည်။ ထို့ အတူ ကားသမားကလည်း ခေါင်းခန်း နှစ်ယောက်ရလျှင် နောက်ခန်း လေး ယောက်စာနှင့် ငွေအရတူ၍ ခေါင်းခန်း ဝီးမည့်သူကို မက်သည်။

အများသူငါ ကားများနှင့် မတူ၊ တစ်မူထူးခြားသည့် ကားတစ်စီးလည်း ကျွန်တော့်လိုင်းတွင်းမှာ ရှိသေးသည်။ ထိုကားက ခေါင်းခန်းထဲ အမျိုးသမီး ပတင်။ သူ့ကားအတွက် ခေါင်းခန်း အမျိုးသမီး အရောင်းမခံ။ အမျိုးသမီး ဆိုလျှင် နှစ်ယောက်တွဲလည်း မရ၊ လင်မယားနှစ်ယောက်လည်း မဖြစ်။ ယုတ်စွအဆုံး၊ သားအဖနှစ်ယောက်မှာ ကလေးက မိန်းကလေးဖြစ်လျှင်ပင် တင်မရ။ နောက်ခန်းမှာတော့ စီးလို့ ဖြစ်သည်။

ခရီးသည် အမျိုးသမီးများသာ မဟုတ်ဘဲ၊ အုံနှာ(ယာဉ်ပိုင်ရှင်)၏ ဇနီး၊ မိခင်၊ သမီးတို့ပင် တင်ရှုံမရ။ အမှုမဲ့ အမှတ်မဲ့ တင်မိ၊ စီးမိလျှင် ကားတိုက်၊ ကားမောက်၊ လမ်းဘေးထိုးကျ၍ သွေး ထွက်သံယိုဖြစ်ခြင်း၊ လူသေခြင်းအထိ ဖြစ်တတ်သည့် ဥာဉ်ရိုးကြောင်း သိရ သည်။

တိုက်ရမှ ကျေနပ်သည့်ကား

ကားအများစုတွင် အိမ်မှ အထွက်၊ ဂိတ်မှအထွက်တွင် တစ်စုံ တစ်ရာဖြင့် ငြိမိ၊ တိုက်မိမည်ကို ယာဉ် မောင်းက အထူးရှုပြသည်။ လမ်းတွင် လည်း မြေ၊ ခွေးနှင့် အခြား တိရစ္ဆာန် များ မတိုက်မိ၊ မနင်းမိရန် ရှောင်လေ့ ရှိသည်။ မလွှဲမရှောင်သာ တိုက်မိ၊ ငြိမိခဲ့လျှင် နောက်ထပ် ထပ်ဖြစ်လေ့ ရှိသည်ဟု အယူရှိသည်။

ကျွန်တော်နှင့် ခရီးစဉ်တူ ယာဉ် လိုင်းတစ်လိုင်းမှ အနိုရောင် ဟိုင်းလတ် ကားလေးမှာ တစ်မူထူးစွာ တိုက်ရမှ ကျေနပ်သည့် ကားဖြစ်သည်။ အိမ်မှ အထွက် အိမ်ရှိ ပစ္စည်းတစ်ခုခုအား တိုက်မိ၊ ငြိမိခဲ့ပြီးမှ လမ်းခရီးအသွား အပြန် ချောမွေ့သည်။ ယာဉ်တိုက်မှု လုံးဝ ဖြစ်ပွားခြင်းမရှိဘဲ အိမ်အဝင်ပါ ဖြောင့်သည်ဟု သိရသည်။

သို့ကြောင့်လည်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့က ပိုင်ရှင်အိမ်မှ ကားထုတ်ပြီး သက်ဆိုင်ရာဂိတ်သို့ ဂိတ် မထိုးမီ ပိုင်ရှင်အိမ်ခြံအတွင်းရှိ ဆီတိုင် ကီ၊ အလုစိုက် ပန်းကို၊ ခြံစည်းရိုးတံခါး တစ်စုံတစ်ခုအား အမှတ်မထင် တိုက် ခဲ့ပြီလားဆိုသည်ကို ဂရုစိုက်ရသည်။

တိုက်ခဲ့ပြီဆိုလျှင်တော့ အဆင် ပြေပြီ။ လမ်းခရီးချောမွေ့ပြီ။ ခရီးစဉ် အသွားအပြန် လူ၊ ဆိုင်ကား၊ ဆိုင် ကယ်၊ ကား၊ တိရစ္ဆာန်တို့ ထပ်တိုက်ဖို့ မပြောတော့ဟု ဆိုပါသည်။ သို့ကြောင့် လည်း လမ်းခရီးမှာ တခြားသူနှင့် ယာဉ် တိုက်မှုပြဿနာ မဖြစ်စေရန် မိမိတို့ ခြံထဲဝင်းထဲမှာပင် တစ်ခုံတစ်ခုကို စတီ တိုက်ပြီးမှသာ ကားထွက်ပါကြောင်း၊ ထိုကားအား စွဲစွဲမြဲမြဲမောင်းခဲ့သည့် ယာဉ်မောင်းက ပြောပြပါသည်။

ရပ်မှ ပျက်သည့်ကား

တစ်နေ့တွင် ရန်ကုန်မှ လွတ် လိုက်သည့် ကားတစ်စီး ဂိတ်သို့ ဝင် လာသည်။ ကားမှာ ခရီးသည် လူ တော်တော်ရခဲ့သည်ဟု သိရသည်။ ဖင် သေလူ(ခရီးစဉ်အစအဆုံး စီးသူ) မပါ။ လမ်းဆင်းလမ်းတက် ခရီးသည်၊ လမ်း တိုစီးသူ များသဖြင့် တွက်ခြေကိုက် သည်။ ပြည်-ပို့ဆက်ရုံးသို့ ဝင်သတင်း မပို့ခင်အထိ လူ ၂၀ခန့် ကားပေါ်မှာ ပါသေးသည်။

ဂိတ်ရှေ့၌ ကားအရပ်တွင် ခရီး သည် ၁၀ဦးခန့် ပါလာသေးသည်။ ခရီး သည်များ ဆင်းသွားချိန်တွင် ယာဉ် မောင်းနှင့် ယာဉ်နောက်လို့တို့ နှစ်ဦး ကျွန်တော့်စားပွဲဘေး ခဲလွတ်တွင် လာ ထိုင်ကြသည်။ သိပ်မကြာလှ၊ ရပ်ထား သော ကားဆီမှ ဒုန်းခနဲ အသံတစ်ခု ကြားရ၍ ကျွန်တော်တို့သုံးယောက် ထွက်ကြည့်ဖြစ်သည်။ ကားအနီးပတ် ဝန်းကျင်တွင် တစ်ဦးတစ်ယောက်မျှ ရှိမနေ။ ကားကို လှည့်ပတ်ကြည့်ကြ တော့လည်း မထူးခြား။

ယာဉ်နောက်လိုက်လေးက ကား အောက်သို့ ငုံ့ကြည့်သည်။ ကားအိတ် ဇယ်(ဝင်ရိုး)က ပြုတ်ကျပြီး မြေကြီးမှာ ထောက်နေသည်။ တော်ပါသေးသည်။ ကံကား ရပ်ထားစဉ် ဖြစ်၍သာ။ ခရီးသည်အပြည့်နှင့် မောင်းနှင်နေစဉ် ဖြစ်ခဲ့လျှင် မစဉ်းစားရဲစရာပင်။

သည်ကားမှာ ခရီးသည်တင် မောင်းနှင်နေစဉ် လမ်းပေါ်၌ တာယာ ပွင့်ခြင်း၊ ဘရိတ်ပေါက်ခြင်း၊ လေးဘီး

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ဘီးနှတ် ပြတ်ထွက်ခြင်း၊ ဘီး ကျွတ်ထွက်ခြင်းများ မဖြစ်ဘူး။ မသိ မမြင်နိုင်သော အန္တရာယ်နှင့် ကြုံတွေ့ တော့မည်ဆိုလျှင် ကားစက်သံပြောင်း သွားခြင်း၊ စက်ထိုးရေပွသွားခြင်းများ ဖြစ် တတ်သည်။ ကားကို ရပ်တန့်၍ အောက်ဆင်း စစ်ဆေးကြည့်ရှုပြီး ကားပေါ် ပြန်တက်၊ စက်နှိုးလျှင် စက်သံက ပုံမှန်ပြန်ဖြစ်ခြင်းတို့ ရှိတတ် သည်။

တရုတ်အမဲ(ဝက်) အတင်မခံသည့်ကား

ဤအသားကတော့ ကားသမား အများစု သတိထား ရှောင်ကြသည်။ အချို့ ကားသမားက အိမ်မှာ နေစဉ် စားပြီး ကားမောင်းသည့်အခါ မစား။ ခရီးစဉ်အစအဆုံး ရှောင်သည်။ တချို့ ကားသမားက ကားနှင့် ပတ်သက်နေ သမျှ ရာသက်ပန်ရှောင်သည်။ ခရီး သည်နှင့် ပါသော အကောင်အရှင်၊ အသားတွဲ(အစိမ်း)၊ အသားဟင်းတို့ကို မတင်ရဟုတော့ မတားမြစ်။ တင်လိုက တင်ဖြစ်သည်။

ကျွန်တော့်ယာဉ်လိုင်းမှ ကား တစ်စီးကမူ ထူးထူးခြားခြား တင်လို့ မရ။ ကားမထွက်မီ ခရီးသည်တင်သည့် အခါ ဂရုစိုက် စောင့်ကြည့်ပြီး အသား စိမ်း ချက်ပြုတ် ကြော်လှော်ထားပြီး ဟင်းပါလျှင် ကားပေါ် အတက်မခံ။ နောက်ကားကို ပြောင်းတင်ပေးရသည်။ ထမင်းချိုင့်ပါခဲ့လျှင် ဖွင့်ပြရသည်။ မဖွင့် ပြချင်လျှင် နောက်ကားနှင့် ပြောင်းပေး ရသည်။

အမှတ်တမဲ့ ကားပေါ် ပါနေလျှင် ယာဉ်တိုက်မှု ဖြစ်ခြင်း၊ လမ်းဘေး ချောက်ထဲ လယ်ကွက်ထဲ ထိုးကျခြင်း ကားပေါ် ပါသူတို့ သွေးထွက်သံယိုဖြစ် ခြင်း၊ အံ့ပြစ်ရာမရာဘဲ စက်ခဏခဏ ရပ်ခြင်း၊ ခရီးသည် လူမရခြင်းတို့ ဖြစ် တတ်သည်ဟု ဆိုပါသည်။

ယခု ကျွန်တော် တင်ပြခဲ့သည် တို့မှာ ကားက မကြိုက်၊ လက်မခံ၊ အတင်မခံခြင်းများသာ ဖြစ်ပါသည်။

အချို့ကားများ ရော(လူသေ) မတင်ခြင်း၊ အသည်းအသန်လူနာ မတင်ခြင်းတို့သည် သက်ဆိုင်ရာ ကား ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက် လိုက်တို့၏ ဘာသာ၊ ယုံကြည်မှု၊ အယူ အဆ အစွဲအလမ်းများအရသာဖြစ် သည်က များပါသည် ■

* * *

မောင်ဇင်ကြွယ်(ခြည်)

ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

ာမည်ပေးကင်ပွန်းတပ် နာ့ဘွတ္တဇေဒအကြားအပြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရွေးမှုမပျက် နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟော စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံး များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီနေ့ရက်များပြန်မာဇာတာအင်္ဂလန်ဇာတာပြန်မာ ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှပြန်မာများအတွက်နာမည်ပေးခြင်း စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဥာဏ်ပုဇော်ခ၇၀၀၀ကျပ်) သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍ အထူးဆောင်ရွက် ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကို နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယဉ်ကြာများOGဆရာဝန်နှင့်တိုင်ပင်ဦးပါက ဆက်သွယ်နိုင်သည်လူကြီးမှူးအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်း များ လက္ခဏာဖြင့်ဟောခြင်း ခါတ်ပုံဖြင့်ဟောခြင်း မွေးသတ္တရာဇ်ဖြင့်ဟောခြင်း အကြွေးအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသော်ာသားများလိုင်းကောင်းကောင်းရစေရန် နိုင်ငံခြားသွားသူများဝီဇိုရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများ စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှု/ မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရပ်ရည်ချောမော သော်လည်းအဆင်မပြေဖြစ်နေသည့်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ် ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစိုအရင် ပညာဓာတ်ရှိက်ခါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရ မည်ဟုမှတ်ပါ(နှုတ်ဟောဘာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်း များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲ လျှင်ချက်ခြင်းပို့ပေးမည်နယ်မှမွေးသတ္တရာဇ်နေရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါ သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြေးပေးစရာမလိုပဲပို့ပေး မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမဂ်လာတောင်ညွှန်ကြားရေး

န်ကုန်မြို့။(ဝိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-5152521,

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဗာရာဏသီပြည်ကား စည်ပင် ဝပြောသော မင်းနေပြည်တော်ဖြစ်၏။ ထို ဗာရာဏသီပြည်ကို ဖြဟ္မဒတ်မင်းကြီး အုပ်စိုးတော်မူသည်။ ထိုမင်း၌ သားတော်တစ်ပါးရှိ၏။ ဘုရားလောင်းမင်းသားတည်း။ "ဖြဟ္မဒတ္တကုမာရ မင်းသား" ဟု ခေါ်တွင်၏။

ဖြဟ္မဒတ္တမင်းသားလည်း အရွယ်ရောက်သော် ဖြတ္ဓဏတို့ တတ်အပ်သော သာမ၊ ယဇု၊ ဣကျရ စသော ဗေဒင်သုံးပုံနှင့်တကွ မင်းသားတို့ တတ်အပ်သော အဋ္ဌာရသ (၁၈)ရပ်သော အတတ်တို့ကို ကျွမ်းကျင်တတ်မြောက်သည်နှင့် ဖခင် ဖြဟ္မဒတ်မင်းကြီးက သားတော် ဖြဟ္မဒတ္တကုမာရမင်းသားကို အဆောင်အယောင်နှင့်တကွ အိမ်ရှေ့မင်းအဖြစ် ပေးလေ၏။

ထိုအခါက ဗာရာဏသီမြို့သားတို့သည် နတ်များကို ကိုးကွယ်ကြ၏။ သူတို့ ကိုးကွယ်သော နတ်များကို အမွေးနံ့သာတို့ဖြင့် လည်းကောင်း၊ ကြက်၊ ဝက်၊ နွား၊ ကျွဲ၊ ဆိတ်၊ သိုးတို့ကို သတ်ကာ အသားအသွေးတို့ဖြင့် လည်းကောင်း၊ ယဇ်ပူဇော်ခြင်း ပြုကြ၏။ ဤသည်ကို ဖြဟ္မဒတ္တ အိမ်ရှေ့မင်းသားက မနှစ်သက်။

"မြို့သားတို့သည် နတ်တို့ကို ယုံကြည်ကိုးကွယ်မှု ပြုကြ၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားတို့ကို သတ်ကာ ယဇ်ပူဇော်ခြင်း ပြုကြသဖြင့် အဓမ္မနံတည့်ကြသည်တကား။ ယခုမူကား သင်တို့ဆန္ဒအတိုင်း ပြုကြလေဦးတော့။ ငါ မင်းဖြစ်လျှင်ကား ဤ အဓမ္မမှုကို ပျောက်ပျက်အောင် ဥပါယ်တံမျဉ်ဖြင့် ပြုပြင်အံ့"

ဟု အကြံရှိလေသည်။

ဗာရာဏသီမြို့ ပြင်တွင် ကြီးမားသော ပညောင်ပင်ကြီးတစ်ပင်ရှိသည်။ ထို ပညောင်ပင်ရှိ နတ်ကွန်း၌ လူတို့သည် မကြာခဏ သွားရောက်ကြလျက် မိမိတို့ ရရှိလိုသော စည်းစိမ် အခြံအရံနှင့် သားသမီးရလိုမှုတို့ကို ယဇ်ပူဇော်လျက် ဆုတောင်းမှု ပြုကြလေ့ ရှိခြင်းကြောင့်၊ ထို ပညောင်ပင်ကြီးတွင် လူစည်ကားသည်။ ဖြဟ္မဒတ္တမင်းသားလည်း ထို လူစည်ကားသော ပညောင်ပင်ကြီးရှိရာသို့ မကြာခဏသွား၏။ လူအများတို့ကဲ့သို့ပင် ထို ပညောင်ပင်ရှိ နတ်ကွန်း၌ ပန်းနံ့သာဖြင့် လည်းကောင်း၊ ရေသွန်းလောင်း၍ လည်းကောင်း၊ လက်ျာရစ် ရှိခိုး၍ လည်းကောင်း ပူဇော်လေသည်။ မကြာမကြာလည်း သွား၏။ မြို့သားတို့လည်း "အိမ်ရှေ့မင်းသားသည် ငါတို့နှင့် အယူတူပေသည်" ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြလျက် ချစ်ခင် ယုံကြည်ကြ၏။ ဖြဟ္မဒတ္တမင်းသားလည်း လူအများရှေ့တွင်...

"ငါ မင်းဖြစ်သော် ယဇ်ပူဇော်ပါအံ့"

ဟု ကြားသိအောင် ပြု၏။

◈◈◈

အခါတစ်ပါး ဖြဟ္မဒတ်မင်းကြီး နတ်ရွာစံလေသော် အိမ်ရှေ့မင်းသား ဖြဟ္မဒတ္တသည် ဗာရာဏသီပြည်ကို အုပ်စိုးရသောမင်းဖြစ်လာလေ၏။ ဖြဟ္မဒတ္တမင်းလည်း မင်းအဖြစ် ရရှိသော် ယခင် သူ ကြံစည်ထားသည်ကို အကောင်အထည် ဖော်လေသည်။

တစ်နေ့သောအခါ နန်းရင်ပြင်တွင် ညီလာခံ၌ အမတ်၊ ပုဏ္ဏား၊ စစ်သူကြီး၊ သူဌေးသူကြွယ်တို့ကို စည်းဝေး ခန့်စားစေလျက်...

"သင်တို့သည် ငါ ဘာ့ကြောင့် မင်းအဖြစ်ကို ရရှိသည်ကို သိကြပါသလား"

ဟု မေးတော်မူ၏။ မှူးမတ်၊ ပုဏ္ဏားအပေါင်းတို့က -

"မသိကြောင်းပါ အရှင်မင်းမြတ်"

ဟု ဖြေကြလေလျှင် မင်းကြီးက...

"သင်တို့သည် ငါ အိမ်ရှေ့မင်းဘဝက ဗာရာဏသီမြို့အပြင်၌ ရှိသော နတ်ကွန်းရှိရာ ပညောင်ပင်တွင် အမွေးနံ့သာတို့ဖြင့် ပူဇော်ခဲ့သည်ကို မြင်ဖူးကြပါ၏လော"

ဟု မေးတော်မူလျှင်...

"မှန်လှပါ၊ မြင်ဖူးကြပါသည် ဘုရား"

ဟု ဖြေကြ၏။ မင်းကြီးက...

"အသင်တို့...ထိုသို့ဆိုပြီးတကား၊ ငါသည် ပညောင်ပင်၌ ဆုတောင်းမှုကို ပြုခဲ့သည်။ ငါ မင်းအဖြစ်ကို ရပေပြီ၊ ငါ့ကတိအတိုင်း ပညောင်ပင် နတ်ကွန်းတွင် ယဇ်ပူဇော်ခြင်းကို ပြုအံ့။ အမတ်တို့က ယဇ်ပူဇော်ခြင်းဆိုင်ရာများကို စီစဉ်ကြလေ"

ဟု မိန့်တော်မူ၏။ အမတ်တို့လည်း...

"အရှင်မင်းကြီး... ယဇ်ပူဇော်ရန် မည်သို့ စီစဉ်ဆောင်ရွက်ရမည်ကို အမိန့်တော်ရှိပါ ဘုရား"

ဟု လျှောက်တင်ကြသည်။ မင်းကြီးက...

"အမတ်တို့...ငါ ကတိသစ္စာပြုခဲ့သည်ကား ယဇ်ပူဇော်ရန်အတွက် သူ့အသက်ကို သတ်သူ၊ သူ့ဥစ္စာကို ခိုးသူ၊ လိမ်လည်မှုသားပြောဆိုသူ၊ သူတစ်ပါးအိမ်ရာ ကျူး

www.burmeseclassic.com

www.burmeseclassic.com

သစ္စာပြုခဲ့သည်ဖြစ်ရာ၊ သင်တို့သည် ယခုပင် ဗာရာဏသီ ပြည်လုံးအနှံ့သို့ မောင်းခတ် ကြေညာကြလေ။ ငါတို့မင်းကြီးသည် အိမ်ရှေ့မင်းသားဘဝက ပညောင်ပင်နတ်ကွန်းတွင် မင်းအဖြစ်ရပါက ဗာရာဏသီပြည်တွင်း၌ သီလမစောင့်သူ၊ အကုသိုလ်ပြုသူ၊ ဒုစရိုက်ပြုသူများ၏ အသွေးအသားဖြင့် ယဇ်ပူဇော်ပါမည်ဟု ကတိသစ္စာပြုခဲ့သောကြောင့် ယခုမှစ၍ ထိုအမှုတို့ကို ကျူးလွန်သူတို့အား ဖမ်းဆီးကာ သတ်၍ ယဇ်ပူဇော်မည်"

ဟု ကြွေးကြော်ခိုင်း၏။

အမတ်တို့လည်း မင်းကြီး အမိန့်တော်ရှိသည့်အတိုင်း ဗာရာဏသီပြည်တွင်းသို့ လှည့်လည်လျက် မောင်းတီးကာ ကြွေးကြော်ကြလေသည်။

မင်းကြီး၏ အမိန့်ကြေညာသံကို ဗာရာဏသီပြည်သူများ ကြားသိကြလေသော် အသက်ဘေးကို ကြောက်လန့်ကြသည်ကြောင့် လူအများတို့သည် ထိုအချိန်မှ စ၍ မကောင်းမှုဒုစရိုက် အကုသိုလ်အလုပ်များကို မပြုဝံ့ကြတော့ချေ။ ထိုဖြဟ္မဒတ္တမင်းလက်ထက်တော်၌ လူတို့သည် ကောင်းမြတ်သော သီလကို စောင့်ထိန်းကြသည်ဖြစ်ပြီး ခိုးဖောက်သူ မရှိသောကြောင့် နတ်ကောင်း နတ်မြတ်များက ကောင်းချီးပေးကြ၏။ တိုင်ပြည်လည်း စည်ပင်သာယာလေသည်။

ဘုရားလောင်း ဖြဟ္မဒတ္တမင်းနှင့်တကွသော ပြည်သူတို့သည် ဒါန အစရှိသော ကောင်းမှုကုသိုလ်များ ပြုခြင်း၊ တရားစောင့်ခြင်း၊ မြတ်သော သီလရှိကြခြင်းများကြောင့် ဘုရားအလောင်း ဖြဟ္မဒတ္တမင်းနှင့်တကွ ပြည်သူများ သေလွန်ကြသည်ရှိသော် အားလုံး အထက်နတ်ပြည်များသို့ ချည်း ရောက်ကြရလေသည်။

မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင် စိတ်ကို ထား၊ နတ်ပြည်သွားရာ တရားဟု ဆိုမှတ်ရချေတော့မည်။ ဤဇာတ်တော်ကို မှီး၍ မကောင်းမှုမှ ရှောင်ကြဉ်လျက် ကောင်းမှုကုသိုလ်ပြုခြင်း၊ မြတ်သော သီလစောင့်ခြင်းတို့သည် နတ်ပြည်ရောက်ကြောင်း အကျင့်ကောင်းများ ဖြစ်ပေသည်။

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

* * *

မိုးဟိန်းကျော်(လမ်တော်)

ကျမ်းကိုး

- ဖြဟ္မဒတ္တဝတ္ထု၊ ဓမ္မပဒ။

လွန်သူ၊ သေရည်သေရက်သောက်သုံးသူတို့နှင့် အကုသိုလ်တရား၊ ဒုစရိုက်တရားများကို လုပ်ဆောင် ကျင့်ကြံနေသူတို့၏ အသွေးအသားတို့ဖြင့် ယဇ်ပူဇော်ပါမည်ဟု ငါ ကတိ

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ရာဆန်းကြယ် စာအုပ်စင်

သုတအံ့

ကလောင်စုံ

ရွှေနတ်ကယ်မ...လိုတိုင်း

ဆရာမ ခင်မေမိုး (ဇင်းကျိုက်)၊ ဗိုလ်တောက်ထွန်း၊ မေမိလင်း၊ သောကြာကြယ်၊ ရွှေဆင်မင်း၊ မကေရီ (နေပြည်တော်)တို့ စုပေါင်း ရေးသားထားကြသည်။ ထူးခြားသည်က စာရေးဆရာမများ စုပေါင်းရေးသားထားခြင်းဖြစ်သည်။ ရွှေနတ်ကယ်တောင် တိုက်အုပ် ဆရာတော်ကြီးမှ အမှာစာ ရေးပေးထားသည်။ ကမ္ဘာ့အကြီးဆုံး ပေ ၁၅၀၀ ရှိ မဟာဓိပတိ ရွှေသာလျောင်း ရုပ်ပွားတော်ကြီးအကြောင်း၊ လေးရောင်ခြယ် ကာလာဘုရား၊ ဦဟာနိတ၏ မွေးနေ့ပွဲ၊ ရွှေနတ်ကယ်တောင်မှ နတ်ကျား၊ အစ်မတော် စောမွန်လှ အကြောင်းများအပြင် အခြားစိတ်ဝင်စားစရာ ဂန္ဓိရဆန် ဖြစ်ရပ်ဆောင်းပါးများ ပါဝင်၏။

(ဓမ္မဒါနအဖြစ် ဖြန့်ချိထားသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၉ ၄၄၀၅၄၄၂၂၈)

ကလောင်စုံ

နိဗ္ဗာန်လမ်းငြိမ်းချမ်းရေး ကျောင်းသားလူငယ်လှုပ်ရှားမှု

10 D ဟု ခေါ်တွင်သော နိဗ္ဗာန်လမ်းငြိမ်းချမ်းရေး ကျောင်းသားလူငယ် လှုပ်ရှားမှု သမိုင်းမှတ်တမ်းစာအုပ် ထွက်ရှိလာသည်။ ၁၉၉၁ ခုနှစ်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေး နိဗ္ဗာန်လမ်းဆုရှင်အဖြစ် ဒေါ်အောင်ဆန်းစုကြည်အား ရွေးချယ်လိုက်ရာမှ အစပြုပြီး တက္ကသိုလ်ကျောင်းသား ငြိမ်းချမ်းရေးလှုပ်ရှားမှု ဖြစ်ပေါ်ခဲ့သည်။ ဒီဇင်ဘာ ၁၀ရက်တွင် ဖြစ်ပွားခဲ့သည်ကို အကြောင်းပြုပြီး **10 D** လှုပ်ရှားမှုဟု တွင်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးကို လိုလားသော တက္ကသိုလ်ကျောင်းသားလူငယ်များက နိဗ္ဗာန်လမ်း ဆုရှင်အား ဂုဏ်ပြု ထောက်ခံခဲ့ကြသည်။ ငြိမ်းချမ်းရေးကို မနှစ်မြို့ချင်သော အာဏာရှင်များက ထောင်ချီသော ကျောင်းသားများကို ဖမ်းဆီးခဲ့သည်။ ကျောင်းသားလူငယ် နှစ်ရာ ကျော်ကို စစ်ခုံရုံးတင်ကာ အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ပေးခဲ့၏။

10 D တွင် ပါဝင်လှုပ်ရှား ပတ်သက်ခဲ့သော ကျောင်းသားလူငယ်များ၏ ကိုယ် တွေ့ အဖြစ်အပျက်များဖြစ်သည်။ ငြိမ်းချမ်းရေးကို မြတ်နိုးသူတိုင်း လွန်ခဲ့သော ၂၂နှစ်က ဖြစ်ပွားခဲ့သော မတရားမှုများ၊ ဖိနှိပ်မှုများကို ပြန်လည်အမှတ်ရစေရန် နောက်နောင် ဒီလို ဖြစ်ရပ်မျိုး ထပ်မံဖြစ်ပွားခြင်းမရှိရန် ရည်ရွယ်၍ ထုတ်ဝေခဲ့ခြင်းဟု ဆိုထား၏။

စာပေတိုက်	-	Union Publishing House
မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း	-	အေခ
ပုံနှိပ်ခြင်း	-	၂၀၁၃၊ ဒီဇင်ဘာလ၊ ပထမအကြိမ်။
အုပ်ရေ	-	၁၀၀၀
တန်ဖိုး	-	၂၅၀၀ ကျပ်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများကို စစ်တမ်းထုတ်ခြင်း



သန်းဝင်းလိုင်

ကိုလိုနီခေတ် (၁၉၂၂ ခုနှစ်၊ နိဝင်ဘာ ၂၁ရက်)တွင် ဒိုင်အာခီအုပ်ချုပ်ရေးအရ ပထမဆုံး ကျင်းပခဲ့သော ရွေးကောက်ပွဲ၊ ၁၉၂၅-နိဝင်ဘာ ၁၇ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရွေးကောက်ပွဲများမှ အစပြုပြီး လွတ်လပ်ရေးရပြီး ပထမဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲ(၁၉၅၁) အလယ်၊ မဆလခေတ်၊ နဝတခေတ် ရွေးကောက်ပွဲများ အပါအဝင်၊ ၂၀၁၂-ပြေပြေလ ၁ရက်နေ့ ကြားဖြတ် ရွေးကောက်ပွဲများအကြောင်းကို သုတေသနပြုလုပ်ပြီး စနစ်တကျ ရေးသား တင်ပြထားသော စာအုပ်ဖြစ်သည်။

သမိုင်းဆိုသည်မှာ အတိတ်၏ နိုင်ငံရေး ဆောင်ရွက်မှုများပင်ဖြစ်ရာ၊ ပစ္စုပ္ပန် မြန်မာနိုင်ငံရေးအခြေအနေကို လေ့လာသုံးသပ်၍ သမိုင်းသင်ခန်းစာများ ရယူနိုင်ရန် စေတနာကောင်းဖြင့် ရေးသားတင်ပြထားသည်ဟု ဆရာ သန်းဝင်းလိုင်က ဆိုထားပါသည်။

စာပေတိုက် - ရန်အောင် စာပေ
မျက်နှာဖုံးဒီဇိုင်း - ဝင်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃၊ နိဝင်ဘာ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀ ကျပ်။

ဆင်ဖြူကျွန်း ကျော်လိုင်ဦး

အမျိုးသား အားနည်းရောဂါနှင့်...

ဆရာ ဆင်ဖြူကျွန်း ကျော်လိုင်ဦး၏ တိုင်းရင်းဆေးစာအုပ် ထွက်ရှိလာသည်။ အမျိုးသား အားနည်းရောဂါနှင့် အခြား ကျန်းမာရေး ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်သည်။

ဆီးပူညောင်းကျရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးကျိတ်ရောင်ရောဂါ၊ ပန်းသေ ပန်းညှိုးရောဂါ၊ အသည်းရောင်ရောဂါများနှင့် အခြားရောဂါများအကြောင်း၊ ဆောင်ရန်၊ ရှောင်ရန်များ၊ ကုသနည်းများ၊ ဆေးဝါးများအကြောင်းကို စနစ်တကျ ရေးသားပြုစုထား သော တိုင်းရင်းဆေးကျမ်းငယ် စာအုပ်တစ်အုပ်ဖြစ်သည်။

စာဖတ်သူတို့အတွက် အကျိုးရှိပြီး အသုံးဝင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ် သည်။

စာပေတိုက် - ရန်အောင် စာပေ
မျက်နှာဖုံးဒီဇိုင်း - မိုးသစ္စာ
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဒီဇင်ဘာ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀ ကျပ်။

*****

www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု
ဆရာဦးအောင်မိုးဇော်
EX-စာပေဗိမာန်
အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

BURMESE CLASSIC

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားစျေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com

သံသယ

မောင်ဝင်းမျက်နှာဖုံး

သည်ည သူ့အတွက် အာဖရိက
တိုက်ကို နှုတ်ဆက်ရမည့်ညဖြစ်၏။
ဒယ်နီယက်ကလတ်သည်
လေဟာပြင်စျေးတစ်ခုကို ဖြတ်
လျှောက်လာရင်း စျေးသည်တွေ ဆိုင်

သိမ်းနေသည်ကို ကြည့်လာမိ၏။
သူတစ်ယောက်တည်း ငေါင်ပြီး
ကျန်ခဲ့ရတော့မည်ဟု ခံစားရသည်။ သူ့
ဇနီးနှင့် သားလေးအဖို့ လက်ဆောင်
တွေ ဝယ်ခဲ့ပြီးသည့်တိုင်အောင် သူ
ကိုယ်တိုင်အတွက် စိတ်ကြိုက်ရှာမရ
သေးခဲ့။
သူလိုချင်တာက အာဖရိကနိုင်ငံ
လိုပင် ဆန်းပြားရှိ လျှို့ဝှက်သော

www.burmeseclassic.com

www.burmeseclassic.com

အရာဝတ္ထုတစ်ခုခုပါ။

သူတောင်းစားတစ်ယောက် ဘယ်ချောင်က ထွက်လာမှန်းမသိ။ သူ့ကို ခြေထောက်လာဖက်ပြီး ပိုက်ဆံတောင်းသည်။

ဒယ်နီယယ်သည် သူတောင်းစားကြီးလက်ထဲသို့ အကြွေစေ့တစ်စေ့ထည့်လိုက်ချိန်မှာပင် သူ့တစ်ကိုယ်လုံး အေးစိမ့်သွားရသည်။ ညက အအေးဓာတ်တွေ လွန်ကဲလာသည်။

သူက မောင်မည်းနေသော လမ်းများကို ဖြတ်သန်းလာမိသလို၊ ကမ္ဘာလှည့် ခရီးသည်များ တည်းခိုရာ ဟိုတယ်များ၊ စျေးဆိုင်များနှင့် ဝေးဝေးလာပြီး ဒေသခံ တိုင်းရင်းသားများ နေထိုင်ရာ ရပ်ကွက်ထဲသို့ နက်နက်ရှိုင်းရှိုင်းတိုးဝင်မိလျက်သား။ ထို့နောက် လမ်းမကြီးမှ ခွဲထွက်သွားသော လမ်းမြောင်လေးတစ်ခုပေါ် ရပ်မိသည်။ ဒီလို လမ်းမျိုးထဲသို့ သူလို မျက်နှာစိမ်းနိုင်ငံခြားသားတစ်ဦးဖြတ်သွားဖို့ ဆိုသည်မှာ ပိုက်မဲရာကျကြောင်း ဒယ်နီယယ် သိပါသည်။

သို့သော် လမ်းဟိုဘက်ထိပ်၌ အိမ်တံခါးဖွင့်ထားဟန်ဖြင့် မီးရောင်တွေ လမ်းပေါ် ဖြာကျနေသည်။

ထိုနေရာမှာ သူရှာနေသည့် ပစ္စည်းရှိမည်ဟု အလိုလိုသိလိုက်သည် ထင်မိ၏။

သူက ကျောက်လုံးတွေ ခင်းထားသော လမ်းကျဉ်းလေးအတိုင်း ဘေးနှစ်ဖက်မှာ ဖြုန်းခနဲပေါ်လာမည့် အရိပ်တွေကို သတိထားရင်း လျှောက်လာခဲ့သည်။

လမ်းတစ်ဝက်အရောက် မောင်မည်းနေသော တံခါးတစ်ခုအကွယ်မှ အသက်ရှူသံ ကြားလိုက်ရသည်။

ဒယ်နီယယ် လာလက်စနှင့် မီးရောင်ရှိရာသို့ သွက်သွက်မြန်မြန်လေး ဆက်လျှောက်လာခဲ့သည်။ သည့်နောက်တော့ ကျောချမ်းလာရာမှ ပြေးလာမိပြန်သည်။ သူသည် ရေနံဆီ မီးခွက်လေးတွေ အများကြီးထွန်းထားသော အခန်းထဲသို့ ကမူးရှူးထိုး ပြေးဝင်လိုက်သည်။

ကောင်တာတစ်ခုနောက်မှ အသားမည်းမည်း တောက်ပသော မျက်လုံးတွေနှင့် ခံစားချက်ကို မျိုသိပ်ထားပုံရသည့် လူတစ်ယောက်က သူ့ကို အငေးသား။

"ဆိုင်ပိတ်ထားပြီလေ"

ထိုလူက အင်္ဂလိပ်ဘာသာကို အသံသြသြကြီးနှင့် ပြောလိုက်သည်။

ဒယ်နီယယ်၏ မျက်လုံးများက ဆိုင်တစ်ပတ် ဝေ့ကြည့်မိသည်။ ဗူးများ၊ လုံများ၊ မျက်နှာဖုံးများအပါအဝင် အာဖရိက ရိုးရာယဉ်ကျေးမှု အသုံးအဆောင်များက နံရံများနှင့် စင်များပေါ်တွင် အစီအရီရှိနေကြသည်။

"ကျွပ် ဆိုင်ပိတ်ရတော့မယ်။ အပေါ်ထပ်မှာ ကျွမ်းကျင်လေး အတော်ဖျားနေလို့"

လူမည်းက ထပ်ပြောသည်။

ဒယ်နီယယ်ကတော့ နေရာမရွေး ရိုးရာပစ္စည်းတွေကို တစ်ခုချင်း လိုက်ကြည့်နေမိဆဲ။ အဲဒါတွေက သူလိုက်ရှာနေတဲ့ ပစ္စည်းတွေမဟုတ်လား။

"တစ်ဆိတ်လောက် ခွင့်ပြုပါ။ ကျွန်တော် သိပ်ကြာကြာနေမှာ မဟုတ်ပါဘူး"

သည်အတွင်း အပေါ်ထပ်မှ ကလေးတစ်ယောက်၏ ငိုညည်းသံတွေ ပဲ့တင်ရိုက်ခတ်လာ၍ ဆိုင်ရှင် လူမည်းကြီးတစ်ကိုယ်လုံး တင်းခနဲ တောင့်သွားသည်။

ဒယ်နီယယ်၏ မျက်လုံးအစုံက ဆိုင်နောက်ဘက် နံရံတွင် ချိတ်ထားသော မျက်နှာဖုံးတစ်ခုကို စိုက်ကြည့်နေမိသည်။ ထိုမျက်နှာဖုံးမှာ သစ်နက်သားဖြင့် ထွင်းထားသလို နက်ပြောင်နေပြီး နီကြောင်ကြောင် တာကယ်လူရဲ့ ဆံပင်တွေ တပ်ထားတာ တွေ့ရသည်။

"အဲဒီ မျက်နှာဖုံးက ဘယ်လောက်လဲ"

"ဒါ ရောင်းဖို့ မဟုတ်ပါဘူး။ ဒီမျက်နှာဖုံးက မကောင်းဘူး၊ ကမ္ဘာလှည့် ခရီးသည်တွေနဲ့လည်း မသင့်တော်ပါဘူး"

"ခင်ဗျား နားလည်မှု လွဲနေပြီ။ ကျွန်တော်က ကမ္ဘာလှည့် ခရီးသည် အစစ်မဟုတ်ပါဘူး။ စာရေးဆရာပါ။ အာဖရိကကို လာတာကလည်း စာအုပ်တစ်အုပ်ရေးဖို့ လေ့လာတဲ့ သဘောပါပဲ။ ကျွန်တော် အဲဒီမျက်နှာဖုံးကို လိုချင်ပါတယ်"

ဆိုင်ရှင် လူမည်းက ခေါင်းဘယ်ပြန်ညာပြန်ခါသည်။

"ဒီမျက်နှာဖုံးက မကောင်းဆိုးဝါးမိစ္ဆာဆန်ပါတယ်။ မော်တန်ခိုးရှိတဲ့ လူ၊ ခင်ဗျားတို့ ခေါ်သလိုဆိုရင် ကဝေဆရာဝန်က လွဲလို့ တခြား ဘယ်သူမှ တပ်လို့ မရပါဘူး။ ဒီပြင်ပစ္စည်းရှာပါဦး"

အပေါ်ထပ်မှ ညည်းသံသဲ့သဲ့နှင့် ကလေးတစ်ယောက်က အာဖရိက ဘာသာစကားဖြင့် အော်ခေါ်သံ ထွက်လာသည်။ ဆိုင်ရှင် လူမည်းကြီး၏ မျက်လုံးမှာ စိုးရိမ်မှုတွေ ပိုကဲလာသည်။ သူက အပေါ်ထပ် လှေကားကို လှည့်ကြည့်ပြီး ဒယ်နီယယ်ဘက်သို့ ပြန်လှည့်ကာ...

"ဒီမှာ ခဏစောင့်နေ၊ ကျွပ် သမီးလေးကို သွားကြည့်လိုက်ဦးမယ်"

လူမည်းကြီး လှေကားကျဉ်းလေးမှ အပေါ်ထပ်သို့ ကုန်းတက်သွားခိုက်

www.burmeseclassic.com

www.burmeseclassic.com

အထိ ဒယ်နီယယ်ကတော့ မျက်နှာဖုံးမှ မျက်လုံးတွေ မခွာနိုင်။

ဒီအပြင် ရှေ့ကို တစ်လှမ်းချင်း တိုးခဲ့မိရာမှ နံရံအောက်တွင် သွားရပ်မိပါပြီ။ ပြီးနောက် ခြေဖျားထောက်လိုက်ပြီး လှမ်းယူလိုက်သည်။

ပန်းပုထွင်းထားသော ထူးထူးဆန်းဆန်းမျက်နှာကို စေ့စေ့စပ်စပ် ငုံကြည့်မိသည်။ မျက်နှာဖုံးကြီးက သူ့လက်ထဲ ရောက်လာသည့်အတွက် ကျေနပ်နေတဲ့ဟန်။

ဒယ်နီယယ်လည်း သူပိုက်ဆံအိတ်ထဲမှ ဒေသသုံး ငွေစက္ကူအထပ်လိုက်ကို ထုတ်၍ ကောင်တာပေါ် တင်ထားခဲ့သည်။

နောက်တော့ တံခါးပေါက်မှ တစ်ဆင့် မှောင်မည်းတိတ်ဆိတ်သော ညအမှောင် လမ်းမြောင်ထဲသို့ ကမူးရှူးထိုး ပြေးထွက်ခဲ့ပါတော့သည်။

◈◈◈

နယူးယောက်သို့ ပြန်ရောက်လာသော ဒယ်နီယယ်အဖို့ အထိတ်တလန့် ကြုံလိုက်ရသည်။

လေဆိပ်အထွက် တက္ကစီကားပေါ်၊ ထိုင်လိုက်ကတည်းက မိုးမျှော်တိုက်ကြီးတွေနှင့် ရှုပ်ထွေးနေသောကားတွေက သူ့ကို ထောင်ချောက်ဆင်ထားသလိုဖြစ်ပြီး ကိုယ်တိုင်လည်း နိုင်ငံခြားသားတစ်ယောက်ကဲ့သို့ ခံစားခဲ့ခြင်းပင်တည်း။

သူဇနီးနှင့် သားဖြစ်သူကလည်း သူပြောင်းလဲသွားသည်ဟု ပြောကြ၏။ သူ့အသားတွေ ညိုသွားပြီး ပိန်သွားသလို၊ သူစိမ်းဆန်သွားသည်ဟုလည်း ဆိုကြ၏။ ဒယ်နီယယ်ကိုယ်တိုင်လည်း သူ့အိမ်မှာ သူ လူစိမ်းတစ်ယောက်လို ခံစားနေရသည်။

သူက ခရီးဆောင်သေတ္တာကြီး ဖွင့်ပြီး သူ ယူလာသော လက်ဆောင်တွေကို ထုတ်ပေးလိုက်၏။ နောက်ဆုံး သူ့အဝတ်အစားတွေအောက်တွင် ကျကျနနထုပ်လာသော မျက်နှာဖုံးကြီးကို ဆွဲထုတ်ခဲ့သည်တွင်···

"ကြောက်စရာကြီး ဒယ်ဒီရာ။ အဲဒါ ကဝေဆရာဝန်ဆီက ဒယ်ဒီ ဝယ်လာတာလား"

မျက်နှာဖုံးကြီးကို ကြည့်ပြီး သူ့သားလေး မတ်စ်က မေးလိုက်သည်။

"မဟုတ်ပါဘူးကွာ၊ ဆိုင်တစ်ဆိုင်ကပါ"

အဖြေပေးလိုက်ရင်းမှ ရုက်သွေးကြွသလို သေသေချာချာ စူးစမ်းကြည့်မိသည်။

အရုပ်ပါးစပ်က သရော်ပြုံး ပြုံးနေသလို တွန့်လိမ် မဲ့ရွဲ့နေသည်။ ဟောင်းလောင်းပေါက် မျက်လုံးကြီးတွေက မကောင်းမှုကို လျှို့ဝှက်စွာ သိမ်းဆည်း ဖုံးကွယ်ထားသည် ထင်ရ၏။ မျက်နှာပြင်မှာလည်း အမာရွတ်ကြီးတွေ အစင်းသားထင်လို့။

မတ်စ်က သူ့မျက်နှာပေါ် ကောက်တပ်လိုက်မည် ပြင်လိုက်သည်။

"မတပ်နဲ့"

ခိုင်ရှင်၏ စကားကို သတိရလိုက်ရာမှ ဒယ်နီယယ်က အော်ဟစ်တားဆီးလိုက်သည်။ သူသားလက်ထဲက မျက်နှာဖုံးစွပ်ကြီးကိုလည်း လုယူလိုက်သည်။

"ဘာဖြစ်လို့လဲ ဒယ်ဒီ။ ကျွန်တော် ဘာအမှားများလုပ်လိုက်မိလို့လဲ"

မတ်စ်က သူ့အဖေကို တအံ့တသြဖြင့် ပြန်မေးခဲ့သည်။

ဒယ်နီယယ်သည် သူဇနီးက သူ့ကို ဂရုတစိုက်ကြည့်နေသည်ကိုလည်း သတိပြုမိလိုက်၏။ သို့ဖြင့် ကပျာကယာပင် ရှင်းပြလိုက်မိသည်။

"ဒီမျက်နှာဖုံးက အထူးစပါယ်ရှယ်လုပ်ထားတာကွ။ သူကို ကဝေဆရာဝန်လို မော်ပညာတတ်ပြီး မော်တန်ခိုးရှိတဲ့လူက လွဲလို့ ဘယ်သူမှ တပ်ခွင့်မရှိဘူးတဲ့"

ဒယ်နီယယ် မျက်နှာဖုံးကို ငုံကြည့်လိုက်၏။ ကိုင်ထားသော လက်တွေ တဆတ်ဆတ်တုန်နေသည်ကိုပါ တွေ့လိုက်ရသည်။

"ပြောစမ်းပါဦး ဒယ်ဒီ။ ဒယ်ဒီက အဲဒါမျိုးတွေကို မယုံဘူးမဟုတ်လား"

"ဒယ်နီယယ်·· ရှင် နေကောင်းရဲ့လား။ ဟိုအပူပိုင်းဒေသက ထူးဆန်းတဲ့ ရောဂါတစ်ခုခုများ ရလာသလား လို့"

"ငါ ဘာမှမဖြစ်ပါဘူး။ အကောင်းကြီးပါ"

ဒယ်နီယယ်က သူ့မိန်းမစကားကို ဖြတ်အော်ပစ်လိုက်သည်။

မျက်နှာဖုံးကြီးကို သူ့သေတ္တာထဲ တယုတယ ပြန်သိမ်းရင်း···

"ငါ့ခြေထောက်တစ်ဖက် နည်းနည်းလေးနေတာက လွဲလို့ ဘာမှ မဖြစ်တာ အမှန်ပဲ"

နောက်တစ်နေ့မှာတော့ ဒယ်နီယယ်က မျက်နှာဖုံးကြီးကို သူ့စာကြည့်ခန်းနံရံတစ်ခုမှာ ချိတ်ထားလိုက်သည်။ နံရံက ပန်းဥယျာဉ်ကို ဆီးမြင်နိုင်သော သူ့စားပွဲနောက်မှာ ရှိနေသည်။

ဒယ်နီယယ်အဖို့ စာအုပ်ဆက်ရေးရသည့်အတွက် ပျော်နေသည်။ သူက စားပွဲပေါ် ထိုင်မိသည်နှင့် အာဖရိကဆီ အလှုအပမြင်ကွင်းများဖြင့် ဖွင့်လိုက်သည်။

၂နာရီလောက်ကြာပြီးနောက် စားပွဲနောက်မှ ကုလားထိုင်ကို တွန်းထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

သူက အခန်းတစ်ခန်း အပြီးရေးလိုက်နိုင်သလို၊ သူရေးခဲ့သမျှ စာအုပ်တွေထဲတွင် အကောင်းဆုံးဖြစ်မည်ဟုလည်း သေချာယုံကြည်သွားသည်။

ထိုစဉ် ရုတ်တရက် သူ့ခေါင်းတွေ လေးလံကိုက်ခဲလာသည်။ ခေါင်းထဲမှာလည်း တဒုန်းဒုန်းထုသံတွေလိုလို ဆူညံလျက် အာဖရိက ဗုံသံတွေ။

သူ နောက်လှည့်ကြည့်လိုက်သည်။

မျက်နှာဖုံးကြီးက သူ့ကို စိုက်ကြည့်နေသလိုလို။ အထူးသဖြင့် မျက်လုံးပေါက်ကြီးတွေက သူ့ကို တည့်တည့်ကြီးကြည့်နေသည့်အလား။

ထိုအကြည့်က သူ့ကိုယ်ကို ထိုးဖောက်ပြီး သူ့အတွေးတွေကိုပါ တန်းသိနိုင်သည်ဟု အောက်မေ့လိုက်ရ၏။

သူ မျက်နှာဖုံးကြီးရှိရာ တစ်လှမ်းချင်း ကပ်သွားသည်။ ဗုံထုသံတွေက ကျယ်သထက် ကျယ်လာ၏။ ဘာကြောင့်မှန်းမသိ၊ မျက်နှာဖုံးကြီးကို နံရံမှ ဖြုတ်ယူဖို့ တစ်စုံတစ်ခုသော စွမ်းအင်၏ တိုက်တွန်းခြင်း ခံလိုက်ရသည်။ ထို့ပြင် မျက်နှာဖုံးကြီးကို သူ့မျက်နှာပေါ် စွပ်လိုက်ဖို့ပင် အမိန့်ပေးနေသယောင်ပင်။

ဒယ်နီယယ် စာကြည့်ခန်းထဲမှ ထွက်ပြေးခဲ့သည်။

ည့ေခန်းထဲရှိ မှန်ကြီးရှေ့မှ အဖြတ်တွင် သူမျက်နှာသူ တစ်ချက်လှမ်းကြည့်မြင်လိုက်ရ၏။ သူမျက်နှာက အကြီးအကျယ် ကြောက်လန့်မှုတွေ ပုံးလွှမ်းလျက်။

◈◈◈

နောက်တစ်နေ့ နံနက်စောစော ဒယ်နီယယ် စာရေးဖို့ စားပွဲနောက်မှာ ထိုင်မိသည်။ အိမ်သားတွေ ရှိသမျှ အိပ်နေကြတုန်း။

သူက ဒုတိယအခန်းအား အာဖရိကလွင်ပြင်ကို ဖြတ်သန်း၍ ကျစ်ကားဖြင့် ခရီးထွက်ခဲ့သည်ဟု စ,လိုက်၏။

သူက သစ်ကုလားအုတ်တွေ၊ သမင်တွေ၊ အာဖရိကတိုင်းရင်းသားတွေနှင့် သူတို့ တဲအိမ်ကလေးတွေ အကြောင်းလည်း တဖွဲ့တနွဲ့ ထည့်ရေးလိုက်သည်။

သူ့ဘောလ်ပင်အသွားက စာရွက်ပေါ် ရေးနေရာမှ ပြုန်းခနဲ ဒိုင်းခနဲ ရပ်သွားရသည်။

သူ့ခေါင်းထဲမှာ ထုနှက်သံတွေ ဝင်လာပြန်ပါပကော။

လက်ထဲမှ ဘောလ်ပင် လွတ်ကျသွားရသည်အထိ ပြင်းထန်လှပါဘိ။ ဒယ်နီယယ် မျက်နှာဖုံးကို ချာခနဲ လှည့်ကြည့်လိုက်သည်။

ကြောက်စရာကောင်းလှသော ဆံပင်စုတ်ဖွာနှင့် မကောင်းဆိုးဝါးကြီး တစ်ကောင် အသက်ဝင် လှုပ်ရှားနေရာမှ ရုတ်တရက် ငြိမ်ကျသွားသည့် အလား၊ ဟောင်းလောင်းပေါက် မျက်လုံးတွေကတော့ သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေဆဲ။

ဒယ်နီယယ်က မျက်နှာဖုံးကြီး ဆွဲရာနောက် ပါသွားသည်။ ထူးဆန်းစွာ ပြုံးနေသော ပါးစပ်က သူ့ကို ကိုင်လိုက်ဖို့ ပြောနေသည့်အလား။

ဒယ်နီယယ် နံရံရှေ့ရောက်သွားပြီး မျက်နှာဖုံးကြီးကို ဖြုတ်ယူလိုက်မိသည်။ လက်ထဲရောက်လာသော မျက်နှာဖုံးကြီးက ပူနွေးနေ၏။ သည့်နောက်တော့ မျက်နှာဖုံးကို သူမျက်နှာပေါ် တင်လိုက်မိတော့သည်။

ဗုံသံများက ပို၍ဆူညံစွာ ကြည့်လာ၏။ ဒယ်နီယယ်၏ ရင်ခုန်သံများကလည်း ဗုံသံများကို စည်းချက်လိုက်နေသည်နှင့် မခြား။

"ဒယ်နီယယ်"

အသံတစ်သံကြားလိုက်ရသည်။

အသံကြားရာ တံခါးဝသို့ လှည့်ကြည့်လိုက်တော့ သူမိန်းမက···

"ဒယ်နီယယ်···မျက်နှာဖုံးကြီး ပြန်ချွတ်လိုက်"

သူက မျက်နှာဖုံးကြီးကို သူ့မျက်နှာပြင်မှ တဖြည်းဖြည်းခွာလိုက်သည်။ သည်တွင် သူမိန်းမက အလန့်တကြားအော်ပြီး သူ့ရှေ့မှ ထွက်ပြေးသွားတော့သည်။

ဒယ်နီယယ်က သူမိန်းမနောက် ပြေးလိုက်၏။ သူ့မိန်းမကလည်း ကြောက်အားလန့်အား ဆက်ပြေး၏။

ည့ေခန်းထဲ ရောက်သည်အထိ ပြေးလိုက်ရင်းမှ မှန်ကြီးကို အမှတ်တမဲ့ လှမ်းကြည့်မိလိုက်သည်။

သည်တော့ မှန်ထဲမှ မျက်နှာစိမ်းတစ်ယောက်က သူ့ကို ပြန်ကြည့်သည်။

ထိုမျက်နှာမှာ သရော်ပြုံး ပြုံးလျက် နှုတ်ခမ်းတွေက တွန့်လိမ်ရုံမဲ့နေ၏။ မျက်နှာပြင်မှာလည်း ဓားခုတ်ရာလိုလို အမာရွတ်ကြီးတွေ ထင်းလို့။ သူ့ခေါင်းကလည်း ကြေးနီရောင် ဆံပင်တွေ ဖိုးရိုးဖားရားနှင့်။

ဒယ်နီယယ် သူလက်ထဲမှ မျက်နှာဖုံးကြီးကို ငုံ့ကြည့်မိလိုက်ပြန်သည်။

သူ မြင်လိုက်ရသည်ကတော့ ဒယ်နီယယ်ဟု အများသိကြသော တစ်ချိန်တုန်းက သူမျက်နှာ ■

* * *

ညီညီနိုင်

(More Tales for the Midnight Hour မှ J.B.STAMPER ၏ THE MASK ကို ပြန်ဆိုသည်။)

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံရင်ပြင်တော်ထက်မှ ရှင်စောပဒုမ္မာရုံး

■ သက်နှင်းဆွေ၊ပုပ္ပါး၊ ■



(၁)

သည်ရုပ်ပွားတော်မြတ်ကို ဖူးမြင်လိုက်ရတိုင်း ရင်ထဲမှာ အေးချမ်းသွားရသည်။

အထူးတည်ကြည်လှသော ကြွန်ဖြေတော်နှင့် မျက်လွှာချထားသည်၊ နှုတ်ခမ်းတော်က ပြုံးတော်မူတာလည်း မဟုတ်၊ ခပ်တည်တည် မျက်နှာတော်လည်း မဟုတ်။ ပကတိ ငြိမ်းအေးမှုအပြည့်ဖြင့် စံပယ်နေတော်မူသည်။

ကျွန်တော်တွေ့ဖူးခဲ့သမျှ မြတ်ဗုဒ္ဓ၏ ရုပ်ပွားတော်များတွင် မည်သည့်ရုပ်ပွားတော်နှင့်မျှ မတူအောင် ထူးခြားလှိုနေသည်။ စူးစူးစိုက်စိုက် ဖူမိလိုက်မှ တည်ကြည် အေးငြိမ်းမှုက ပိုပြီးပေါ်လွင်လာသည်။ ဖူးမြော်၍ မဝ၊ ကြည်ညိုရ အားမရနိုင်အောင် ဖြစ်ရသည်။

သည်ရုပ်ပွားတော်၏ ရုပ်တော်မှောက်ရောက်သွားတိုင်း အလိုလို ဦးညွတ် ရိုခိုးမိပြီးဖြစ်နေခဲ့တတ်သည်။ သည်ဘုရားမှာ ပုတီးစိပ်ဖို့၊ တရားထိုင်ဖို့ ရည်စူးမထားပါဘဲ သည်ဘုရားရှေ့ရောက်သည်နှင့် ခြေဦးပြန်လှည့်၍ မရ။ အေးချမ်းဆိတ်ငြိမ်မှုပိုင်းက အားကောင်းစွာ ဆွဲယူခေါ်ဆောင်လိုက်သလို ခံစားရတတ်စမြဲ။ ပုတီးစိပ်ပြီးလျှင်လည်း ချက်ချင်းပြန်ထ၍မရ။ ရုပ်ပွားတော်၏ မျက်နှာတော်ကို ဖူးမဝလောက်အောင် ကြည်ကြည်နူးနူး ကြည်ညိုနေမိတတ်မြဲဖြစ်သည်။

(၂)

အမှန်တော့ ရှင်စောပဒုမ္မာရုံး၏ အဓိက မဏ္ဍိုင်ဟာ တစ်ဝက္ကစေတီတော်တစ်ဆူသာ ဖြစ်သည်။ ထိုစေတီခုံပြင်

www.burmeseclassic.com

www.burmeseclassic.com

ထက်သို့ အမျိုးသမီးတွေ ဖြတ်သန်းခွင့် မရှိ။ ထိုစေတီတော်၏ မြောက်ဘက်မှခမ်းလည်း ရှပ်ပွားတော်တွေ ရှိသေးသည်။ ထိုရှပ်ပွားတော်တွေက နောက်ပိုင်းကာလမှ စေတီတော်ကို ကပ်ပြီး ထပ်မံ တည်ထားတာတွေ ဖြစ်နိုင်သည်။ စေတီတော်ပတ်လည်ရှိ ရင်ပြင်မှာလည်း အမျိုးသားတွေ တက်ရောက်ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်လို့ အဆင်ပြေလာသည့် အနေအထား ရှိသည်။ သို့သော် လူအများစုက စေတီတော်ကိုပင် သိပ်သတိထားမိကြဟန်မရှိ။ စေတီတော်၏ တောင်ဘက် မျက်နှာစာမှာ မူလကတည်းက ရှိခဲ့သည့် တစ်ဝဂ္ဂမုခ်မှ ရှပ်ပွားတော်မြတ်ကိုသာ ရှင်စောပုဘုရားအဖြစ် စိတ်မှာ စွဲထင် မှတ်ယူထားမိတတ်ကြသည် ထင်၏။

ထိုသို့ စွဲထင်လောက်အောင်လည်း သည်ရှပ်ပွားတော်၏ ဟိတ်တန်ခိုးက ကြီးမားလွန်းနေသည်။ ထူးခြားလွန်းနေသည်။ မည်သည့်ရှပ်ပွားတော်နှင့်မျှ မတူအောင် ထူးခြားလှသည်ဟု ကျွန်တော် အကြိမ်ကြိမ်တွေးနေမိသည်။

ထိုသို့ ထူးခြားနေသည်မှာ သည်စေတီတော်နှင့် သည်ရှပ်ပွားတော်ကို တည်ထားကိုးကွယ်ကာ သာသနာပြုခဲ့သည့် မွန်ဘုရင်မကြီး ရှင်စောပု၏ ထူးခြားသော သဒ္ဓါတရားနှင့် သစ္စာအဓိဋ္ဌာန်ကြောင့်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ကျွန်တော်တို့ ကြုံတွေ့ထမ်မမီသည့် တခြားအကြောင်းတရား တစ်ခုခုကြောင့်လည်း ဖြစ်နိုင်ပါသည်။

(၃)

ရွှေတိဂုံဘုရားသို့ မြောက်ဘက် ဓာတ်လှေကားမှ တက်ပြီး ဓာတ်လှေကား စောင်းတန်းမှ တည့်တည့်လျှောက်လာပါက ရာဟုထောင့် အောင်မြေသို့ ရောက်သည်။ အောင်မြေနှင့် ကပ်လျက်တွင် ချမ်းသာကြီး တန်ဆောင်းနှင့် ချမ်းသာကြီး ရှပ်ပွားတော်မြတ်ကြီး ရှိသည်။

ချမ်းသာကြီးတန်ဆောင်းမှ ဖြတ်ပြီး ဝင်လိုက်လျှင် ခြောင်လေးထဲတွင် ထူးခြားသော သစ်ပင်တစ်ပင်နှင့် ဘုရားတစ်ဆူရှိသည်။ ထိုနေရာသည် သီးခြားနေရာလေးတစ်ခုလို ဖြစ်နေပြီး အပြတ်မ်း ဆိတ်ငြိမ် အေးချမ်းနေတတ်သည်။ သို့သော် ထိုနေရာတွင် အဓိဋ္ဌာန်ပုတီးစိပ်နေသူတွေ၊ တရားထိုင်နေသူတွေနှင့် အမြဲလိုလို စည်ကား ဆိတ်ငြိမ်နေခြင်းသာ ဖြစ်သည်။ ထိုနေရာသည် မွန်ဘုရင်မကြီး ရှင်စောပု၏ ကုသိုလ်တော်ဖြစ်သည့် ရှင်စောပုဘုရား၏ရှေ့ အာရုံခံတန်ဆောင်းငယ်လေးသာ ဖြစ်လေသည်။

ထိုတန်ဆောင်းလေး၏ နေရာအကျယ်အဝန်းက သိပ်မရှိလှ။ ဘုရားရှေ့မှာ ခုနစ်ယောက်ပြည့်အောင်ပင် ထိုင်စရာမရှိ။ ရှောက်မှာ တန်ဆောင်းကို တိုးချဲ့ပြီး ဘုရားဖူးတွေ အဆင်ပြေအောင် စီစဉ်ထားသေးသည်။ ထိုတောင်ဘက် မုခ်ဦးတစ်ဖက်တစ်ချက်မှာ အရှန်စေတီတစ်ဆူစီရှိသည်။ စေတီ၏ တစ်ဝဂ္ဂမုခ်ဦးထဲမှာ သည်ရှပ်ပွားတော်မြတ်က စံပယ်နေတော်မူတာဖြစ်ပြီး သည်ရှပ်ပွားတော်မြတ်

www.burmeseclassic.com



၏ ရှေ့ဘည့်တည့် ကိုးတောင်ခန့်အကွာတွင် သစ်ပင်တစ်ပင်ရှိသည်။ ထိုသစ်ပင်သည် ရှေတိုဂုံစေတီတော်ကြီး၏ အုံ့ဖွယ်နေရာထူးများတွင် တစ်ခုအပါအဝင်ဖြစ်လေသည်။

(၄)

"ဒါက စကားဝါပင်ကြီးလေ။ ဘုရင်မကြီး ရှင်စောပုက သစ္စာပြုပြီး အဓိဌာန်ပြု စိုက်ထားခဲ့တာတဲ့။ ဒီစ ပင်က တစ်နှစ်ပတ်လုံး မပြတ်ပွင့်တယ်။ အဲဒီလို ပွင့်နေတာကလည်း ဘုရင်မကြီးရဲ့ သစ္စာအဓိဌာန် အောင်ခဲ့လို့ပေါ့။ ဒါကြောင့် ဒီဘုရားနဲ့ ဒီသစ်ပင်က အောင်မြေတစ်ခုဖြစ်နေတာ"

၂၀၁၂ ခုနှစ်က ဖြစ်သည်။ တစ်မိုးတွင်းလုံး ရှင်စောပုဘုရားကို ကျွန်တော် ဝင်ဖူးဖြစ်သည်။ ရှင်စောပုဘုရားမှာ နေ့စဉ်လိုလို ပန်းလှူဖြစ်သည်။ လူရှင်းသည့်ရက်တွေမှာ ထိုဘုရားမှာပဲ ပဋ္ဌာန်းရွတ်ဖြစ်သည်။ တချို့ညတွေမှာ မိုးက တစိမ့်စိမ့်ရွာနေသည့်အတွက် လူတစ်ယောက်မှ မရှိ။ ကျွန်တော်တစ်ယောက်တည်း ည ၁၀ နာရီထိုးခါနီးအထိ ပုတီးစိပ်နေဖြစ်ခဲ့သည်။ တစ်ခါတလေတော့လည်း ညနေပိုင်း မိုးတွေ သဲသဲမဲမဲရွာနေချိန်မျိုးမှာ ထိုဘုရားရှေ့ကို ရောက်နေဖြစ်တတ်သည်။ ဘာကြောင့်မှန်းမသိ။ ရှင်စောပုဘုရားမှာ ဘုရားဖူး၊ ပုတီးစိပ်ရတာ တခြားနေရာတွေမှာထက် ပိုပြီး ကျွန်တော် သဘောကျနေမိသည်။ နေရာကျဉ်းကျဉ်းလေး မှာပင် ရသည့်နေရာက ဝင်ထိုင်ပြီး ဖူးဖြစ်သည်။ လူနည်းသည့်ရက်တွေမှာတော့ ဘုရားမှခ်ဉ်းထဲအထိ ဝင်ကာ ရှပ်ပွားတော်မြတ်၏ လက်တော်အရောက် ပန်းတွေလှူပြီး ပူဇော်ဖြစ်သည်။ ရေချမ်းကပ်လှူဖြစ်သည်။ မျက်နှာတော်ကို အနီးကပ်အထိ ဖူးမြော်ဖြစ်သည်။ မျက်နှာတော်ကို အနီးကပ်ဖူးမြင်ရလေ သည်ရှပ်ပွားတော်က ကြည်သည်၍ မဝနိုင်အောင် သပ္ပာယ်လေဖြစ်သည်။

"ဟောဒီ စကားဝါပင်ကြီးက ရှေတိုဂုံကုန်းတော်က အုံ့ဖွယ် နေရာထူးတွေရဲ့ နံပါတ်(၃)နေရာပဲ။ ဒီသစ်ပင်ကြီးက တကယ်ပဲ အဓိဌာန်ပြု ဆုတောင်းရင် ဆုတောင်းပြည့်တယ်လို့ လူတွေက ယုံကြည်ကြတယ်။ ကြည့်ပါလား။ ဟောဒီမှာ ဆုတောင်းစာလေးတွေ ရေးပြီး ဆုတောင်းထားကြတာ"

ထိုနေ့က လူရှင်းနေသည်။ ကျွန်တော် ဘုရားဖူး ပဋ္ဌာန်းရွတ်၊ ပုတီးစိပ်ပြီးချိန်မှာ မိုးက သဲသဲမဲမဲရွာနေသည်။ စကားဝါပင်ကြီး၏ အောက်မှာ တန်ဆောင်းတစ်ခုအဖြစ် လုံလုံခြုံခြုံမိုးထားပြီး လူတွေ ကျယ်ကျယ်ဝန်းဝန်း ဘုရားဖူးလို့ရအောင် ကျကျနန ခင်းကျင်းထားသည်။ ထိုနေရာမှာ ထိုင်ပြီး သဲသဲမဲမဲရွာနေသည့် မိုးရေတွေကို ကျွန်တော် ငေးကြည့်နေစဉ် ဘုရားလုံခြုံရေးတာဝန်ကျဝန်ထမ်း အန်တီကြီးက စကားလာပြောနေခြင်းဖြစ်သည်။

စကားဝါပင်ကြီး၏ ပင်စည်တွင် ဘောပင်၊ ကော်ရေရှင်



www.burmeseclassic.com

www.burmeseclassic.com

ပင်၊ ဆော့လ်ပင် စသည်တို့ဖြင့် ဆုတောင်းစာတွေ ရေးထား တာ နေရာလပ်မရှိ။ ပင်စည်အထက်အောက် အားလုံးပြည့် နေရုံသာမက၊ ပင်စည်ခြေရင်းရှိ အုတ်ခဲနှာပါ ပြည့်နေသည်။

"အန်တီက တစ်သက်လုံး ဒီရွှေတိဂုံစေတီတော်ကြီး မှာ တာဝန်ထမ်းဆောင်လာခဲ့တာ။ ရှေ့လထဲဆို ပင်စင်ယူရ တော့မှာ။ တာဝန်ထမ်းဆောင်ရင်း နေ့တိုင်း ဘုရားဖူးရတယ်။ ကိုယ်တတ်နိုင်တဲ့ ဝေယျာဝစ္စတွေလုပ်ပြီး ကုသိုလ်ယူခဲ့တယ်။ အခု အနားယူရတော့မယ်ဆိုတော့ ဘုရားကြီးကို လွမ်းလွန်း လို့။ ဘယ်လိုနေသွားရမယ် ဆိုတာတောင် မသိတော့ဘူး။ အထူးသဖြင့် ဟောဒီ ဘုရင်မကြီး ရှင်စောပုဘုရားကို အလွမ်း ဆုံးပဲ"

ထိုညနေက မိုးရေထဲမှာ ထိုအန်တီကြီးနှင့် ကျွန်တော် စကားများစွာပြောဖြစ်ခဲ့သည်။ ပြောသည့် စကားအားလုံးက ရှင်စောပုဘုရားနှင့် ပတ်သက်သည့် ထူးခြားမှုဖြစ်စဉ်တွေပဲ ဖြစ်သည်။ စကားဝါပင်ကြီး၏ ထူးခြားမှုတွေကိုလည်း အန်တီကြီးက ပြောပြနေခဲ့သည်။ နှစ်ပေါင်းများစွာ ဘုရား ရိပ်မှာ ခိုလှုံခွင့်ရခဲ့သည့် အန်တီကြီးမျက်နှာကလည်း ကြည်လင်ရှင်းသန့်ပြီး အေးချမ်းလို့ နေလေသည်။

(၅)

ထို ၂၀၁၂ ထဲမှာပဲ စကားဝါပင်ကြီးကို သံဆန်ကာ အလုံပိတ်လိုက်သည်။ စကားဝါပင်ကြီး၏ ပင်စည်တစ်ခုလုံး မှာ နေရာလပ်မရှိအောင် ရေးထားသည့် ဆုတောင်းစာတွေ က သံဆန်ကာကွက် အခိုင်အခန့် ကာရံမှုကို ခံလိုက်ရ သည်။ သို့သော် ကောင်းဆုပြုသူတွေက လက်မလျှော့။ စတီးလ်ချောင်း သံဆန်ကာမှာ ရနိုင်သလို စာတွေရေးကြ သည်။ ငွေစက္ကူပိုက်ဆံတွေမှာ ဆုတောင်းစာတွေ ရေးပြီး သံဆန်ကာကွက်ထဲ ပစ်ထည့်ပြီး ဆုတောင်းကြသည်။ အထူး သဖြင့် ကျောင်းသူ၊ ကျောင်းသားတွေက သူတို့၏ ခဲနံပါတ် တွေရေးပြီး စာမေးပွဲအောင်ဖို့ ဆုတောင်းကြတာ များပါသည်။

ရှင်စောပုဘုရားနှင့် စကားဝါပင်ကြီးသည် ဆုတောင်း ပြည့် အောင်မြင်စခန်းအဖြစ် လူတွေက အကြွင်းမဲ့ ယုံကြည် ထားကြသည်ပဲ။

ကျွန်တော်သည် ၂၀၁၂-ဇွန်လမှ စကာ ယခုထက် တိုင် ရွှေတိဂုံစေတီတော်ကြီးသို့ နေ့စဉ်တက်ပြီး ဘုရားဖူးဖြစ် နေသည်။ ရှင်စောပုဘုရားသို့လည်း မကြာခဏရောက်ဖြစ် သည်။ ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်းလေးကို ရှင်စောပုဘုရားမှ ရုပ်ပွားတော်မြတ်၏ လက်တော်အရောက် ကပ်လှူပူဇော်

www.burmeseclassic.com



သည့် ကုသိုလ်လေးကိုလည်း မကြာခဏပြုဖြစ်နေသည်။ အလျှဉ်းသင့်တိုင်းလည်း ထိုဘုရားမှာ သစ္စာပြု၊ အဓိဋ္ဌာန်ဝင်ဖြစ်သည်။

ထူးခြားသည်မှာ ထိုဘုရားရှေ့မှာ သစ္စာပြုခြင်း၊ အဓိဋ္ဌာန်ပြုခြင်း၊ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ပြီး အမျှဝေ မေတ္တာပို့သခြင်းတွေ ပြုပြီးတိုင်း အိမ်မြောင် စုတ်ထိုးသံတွေ ခပ်ဖြိုင်ဖြိုင်ကြားရတတ်သည်။ ဘုရား၏ ဂုဏ်ဟိတ်ခြင်္ဂာင့် ထူးထူးခြားခြား အေးချမ်းမှု သမာဓိ ရရှိနေတတ်တာလည်း အသေအချာပင် ဖြစ်သည်။

တချို့ ဘာသာရေးသမား၊ ပုတီးသမားတွေက ရှင်စောပုစေတီတော်ရင်ပြင်ထက် တက်ပြီး ပုတီးစိပ်တာ၊ တရားထိုင်တာမျိုးတွေကိုလည်း အမြဲလိုလိုတွေ့ရသည်။ စေတီတော်၏ အနောက်ဘက် ပလ္လင်တွင် ထီးတော်နှင့် စေတီတော် အပေါ်ပိုင်းကို ရှေ့အစစ်ချသည့် မှတ်တမ်း ရက်စွဲရေးထိုးထားသည်။ စိန်ဖူးတော်အသစ် တင်လှူထားသည့် ရက်စွဲ မှတ်တမ်းကိုလည်း ရေးထိုးထားတာ တွေ့ရသည်။

(၆)

အမှန်ကို ဝန်ခံရလျှင် သည်ဘုရားမှာ မကြာခဏ ဘုရားဖူးခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်းမှအပ ဘုရင်မကြီး ရှင်စောပု၏အကြောင်း အသေးစိတ်ကို ကျွန်တော် မသိပါ။ ယေဘုယျလောက်ပဲ သိပါသည်။ သည်စေတီနှင့် သည်ဘုရား စတင်တည်ထားခဲ့သည့် မှတ်တမ်းကိုလည်း မသိပါ။ သို့သော် ကျွန်တော်သိထားသည်မှာ ဘုရင်မကြီး ရှင်စောပု၏ ဘဝတွင် ဘာသာရေးကိစ္စတွေ များစွာဆောင်ရွက်ပြီး သာသနာပြုခဲ့သည်။ ထို့အပြင် လောကီပညာနှင့် ဆိုင်သည့် အစီအမံ အဆောင်အရွက်တွေကိုလည်း များစွာပတ်သက် သုံးစွဲခဲ့သည်ဆိုတာကို ကျွန်တော်လေ့လာခဲ့ဖူးပါသည်။

ဘုရင်မကြီး ရှင်စောပုသည် ထိုစေတီတော်နှင့် ထို ဘုရားကို ဘယ်လိုအကြောင်းနှင့် ဘယ်လို သစ္စာအဓိဋ္ဌာန်ပြုချက်တွေနဲ့ တည်ထားကိုးကွယ်ခဲ့ပါလိမ့်ဟု မကြာခဏ တွေးကြည့်မိဖူးပါသည်။ လောကီမူနှင့် ဆိုင်သည့် အစီအမံတွေ၊ သစ္စာအဓိဋ္ဌာန်တွေ မလွဲမသွေ ပါဝင်လိမ့်မည်ဟုလည်း ယုံကြည်နေမိပြန်သည်။ လွန်ခဲ့သည့် ၁၅နှစ်ကျော် လောက်တုန်းက ရှင်စောပုဘုရား ယခု တစ်ဝဂ္ဂရုပ်ပွားတော်မြတ်၏ ရှေ့တည့်တည့် ကြမ်းပြင်တွင် သစ္စာအဓိဋ္ဌာန်ပြုသည့် ကျောက်တိုင်လေးတစ်ခုရှိခဲ့တာကိုလည်း မှတ်မိနေပါသေးသည်။ ထိုကျောက်တိုင်၏ ထိပ်ဖူးလေးသည် ကြာဖူးလေးလို ပုံစံဖြစ်သည်။ ကြမ်းပြင်ပေါ်မှာ ထင်ထင်ရှားရှားရှိနေခဲ့ပြီး ထိုကျောက်တိုင်ထိပ်ဖူးလေးကို ကိုင်တွယ် ပွတ်သပ်ပြီး အဓိဋ္ဌာန်ပြုခဲ့ကြတာ မှတ်မိနေပါသေးသည်။ ကျောက်တိုင်လေးကို ၂၀၀၀ ခုနှစ်နောက်ပိုင်းတွင် မတွေ့ရတော့ပါ။ တာဝန်ရှိ ပုဂ္ဂိုလ်တွေက ဖယ်ရှားလိုက်တာဟု ကျွန်တော် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၇)

၂၀၁၃-ဒီဇင်ဘာ၏ ဆောင်းတစ်ည‌နေဖြစ်သည်။

မြတ်ဘုရားရွှေတိဂုံသို့ ကျွန်တော် စောစောရောက်နေသည်။ ရွှေတိဂုံစေတီတော်ကြီးကို ဦးတိုက်ပြီးသည်နှင့် ရှင်စောပုဘုရားသို့ တန်းတန်းမတ်မတ် ကျွန်တော်လျှောက်လာခဲ့သည်။ ရှင်စောပုဘုရား၏ အာရုံခံ တန်ဆောင်းထဲတွင် လူရှင်းနေသည်။ ကြီးမားလှသည့် ပန်းအိုးကြီးတွေထဲမှာ နှင်းဆီပန်းတွေ ဝေနေအောင် ကပ်လှူ ပူဇော်ထားသည်။ နှင်းဆီတွေက ပန်းနရောင်တွေ ဖြစ်သည်။ သည်မြင်ကွင်း၊ သည်ကုသိုလ်က ကျွန်တော့်အတွက် မထူးဆန်းတော့ပါ။ သည်ဘုရားမှာ မကြာခဏ မြင်တွေ့ရသည့် သာဓုခေါ်စရာ မြင်ကွင်းပဲ မဟုတ်ပါလား။ ရုပ်ပွားတော်မြတ်၏ ရှေ့တွင် ကန်တော့ပွဲတွေကလည်းအပြည့်။ ဘုရားရှေ့ကြမ်းပြင်ထက်မှာ ခပ်မြင့်မြင့် ပန်းအိုးကြီးတွေက ဆယ်အိုးလောက်ရှိမည်ထင်သည်။ တစ်အိုးစီမှာ နှင်းဆီအပွင့်ပေါင်း ရာနှင့်ချီပြီး ထိုးထားသည်။ ပန်းနရောင် နှင်းဆီခင်းကြီးလို ဖြစ်နေသည်။

နှင်းဆီရနံ့သင်းသင်းတွင် ကျွန်တော်သည် ရုပ်ပွားတော်မြတ်အား ပန်း ရေချမ်းတို့ ကပ်လှူလိုက်ကာ ကျက်ကျနန ဖူးမြော် ကြည်ညိုနေလိုက်မိသည်။ သစ္စာပြု အဓိဌာန်ပြုပြီး ဖြည့်ကျင့်နေကျ စရဏကျင့်ဝတ်လေးတွေကို နေ့အေး လူလူ ဖြည့်ကျင့်နေမိသည်။ အေးချမ်းလိုက်တာ။ အမျှဝေ၊ မေတ္တာပို့လိုက်ချိန်မှာ အိမ်မြှောင် စုတ်ထိုးသံတွေက ခပ်မြိန်မြိန်ပေါ်လာသည်။

ကျွန်တော်သည် ဘုရားရေမှ ထလာပြီး ချက်ချင်း မပြန်နိုင်သေး။ စကားဝါပင်ကြီးအနီးတွင် ရပ်သည်။ စကားဝါပင်ကြီးကို မော့ကြည့်သည်။ စတီးလ် သံဆန်ကာကွက်တွေ ကာရံထားသည့် စကားဝါပင်ကြီးကို ယခင်ကလို လွတ်လပ်စွာ ကိုယ်တိုင် ဆုတောင်းချင်နေမိသည်။ ရုပ်ပွားတော်မြတ်ကို လှမ်းဖူးမိပြန်သည်။ နှင်းဆီအိုးတွေ ကပ်လှူထားရာ ကြမ်းပြင်တစ်နေရာမှ ဆုတောင်းပြည့် အဓိဌာန်အောင် ကျောက်တိုင်လေးကိုလည်း မြင်ယောင်နေမိပြန်သည်။

ဒီဇင်ဘာ ဆောင်းညက လုပ သာယာနေသည်။ ရှင်စောပုဘုရားပရိဝုဏ်က ရွှေတိဂုံကုန်းတော်မှ အေးချမ်းဆိတ်ငြိမ်သည့် သီးခြား ရပ်ဝန်းလေးလို ဖြစ်နေသည်။ မွန်ဘုရင်မကြီးနှင့် အပေါင်းအပါတွေ သာသနာပြုပုဂ္ဂိုလ်တွေကို ကျွန်တော်ပြုသမျှ ကုသိုလ်လေးတွေကို ဝေမျှလိုက်မိပြန်သည်။ တန်ဆောင်းထဲမှ အိမ်မြှောင် စုတ်ထိုးသံတွေ ခပ်မြိန်မြိန်ထွက်ပေါ်လာပြန်သည်။

နှင်းဆီပန်းရနံ့တွေကလည်း ဝေ့ဝဲဝဲ သင်းပျံ့လာလေသတည်း ■

အားလုံးသတ္တဝါ ချမ်းသာပါစေ

* * *

သက်နှင်းခဏ(ပုပ္ပါး)

www.burmeseclassic.com

www.burmeseclassic.com

ကပ်ရောဂါနှင့် အမိန့်တော်ပြန်တမ်း

ကျော်သန်းစံ

မြို့ရွာတို့မှာ ကျရောက်ပေါ်ပေါက်တတ်တဲ့ ကပ်ရောဂါကို တိုင်း၊ နိုင်ငံအုပ်ချုပ်သူတို့ရဲ့ အမိန့်တော်ပြန်တမ်းအစွမ်းဖြင့်လည်း ပျောက်ငြိမ်းချမ်းသာနိုင်ပါတယ်။ အုပ်ချုပ်တဲ့သူဟာ အောက်ခြေရပ်ကွက် ကျေးရွာအဆင့်ထိ ဖြစ်ပါတယ်။

ရှေးယခင်က တောမြို့၊ တောကျေးရွာတို့ အဝင်အထွက် နှစ်ပေါက်ထားပြီး လုံခြုံအောင် ခြံခတ်ထားကြတာကို တွေ့မြင်ဖူးပါတယ်။ ယခုအခါတော့ တဖြည်းဖြည်း မတွေ့မြင်တော့ပါဘူး။ လုံခြုံအောင် ခြံခတ်ထားတဲ့အတွက် တစ်စုံတစ်ရာ သူခိုးဓားပြမှ အစပြု၍ ကပ်ဥပဒေအန္တရာယ် ကျရောက်လာတဲ့အခါ ကာကွယ်ရတာ လွယ်ကူပါတယ်။

ယခင်ကလို တောမြို့၊ တောကျေးရွာတို့မှာ အရံအတားအဖြစ် ဆူးစည်းတံခါး၊ ဝင်းခြံဆူးစည်းတံခါး လုံခြုံမှု ရှိနေရပါမယ်။ အန္တရာယ်ဖြစ်ရန် အတိုက်နိမိတ်တစ်စုံတစ်ရာပေါ် ပေါက်လာပါက အနီးအနားဝန်းကျင်မှ ကူးမလာစေရန် မြို့တံခါး၊ ရွာတံခါးတို့မှာ ကင်းအစောင့် အရှောက်ချထားရမယ်။ နေမဝင်မီ တံခါးတို့ကို လုံခြုံစွာ ပိတ်ပြီး တံခါးအတွင်းမှာ ယင်းအမှိုက်ကို မီးမွှေးထားရမယ်။ တံခါးတစ်ခုမှာ တုတ်၊ ဓား၊ လက်နက်ကိုင်စွဲသူ၊ လူနှစ်ယောက်သုံးယောက် နံနက်အရုဏ်တက်အထိ မအိပ်ကြဘဲ တံခါးတွင်းမှာ 'စန္ဒရီ'အစောင့်ချထားရမယ်။ မြို့ရွာအပြင်မှာ ရှိနေကြတဲ့ ဘီလူးသဘက်တို့ဟာ မြို့တွင်း၊ ရွာတွင်းသို့ မကပ်ဝံ့ကြချေ။

မြို့ရွာတွင်းမှာ ရှိနေကြတဲ့ ဘီလူးသဘက်တို့ကိုလည်း မြို့ရွာအုပ်ချုပ်သူတို့နှင့် မြို့ရွာရှိ လူကြီးသူမများကြီးကြပ်၍ သေနတ်လက်နက်အချက်များမှား ပစ်ဖောက်တီးခေါက် ခြိမ်းခြောက် နှင်ထုတ်ကြရမည်။ သေနတ်အစားဗြောက်အိုး၊ မီးရှူးမီးပန်းတို့ကိုလည်း အသုံးပြုနိုင်တယ်။ ညအခါနဲ့ နေ့အခါ မြို့တွင်းမြို့ပြင်တို့မှာ သုံးညဉ့်သုံးနေ့ နှင်ထုတ်လိုက်ပါက ဝေးရာနေရာသို့ ထွက်သွားကြလိမ့်မယ်။ မြို့ရွာအတွင်းနဲ့ အပြင်တို့မှာ မသက်စရာဌာနများ ရှိတတ်ကြပါတယ်။ ဒီနေရာ မသက်ဘပါ၊ ဟိုသစ်ပင်မှာ မသက်ပါဟု ပြောဆိုနေကြရာ မသက်ကာရာဌာနတို့မှာ သုသာန်သခြိုင်းမှစ၍ အထူးအဆန်းထုတ် ခြိမ်းခြောက်နှင်ထုတ်ကြရမည်။

ဆိုင်ရာ မြို့ရွာအုပ်ချုပ်သူတို့က မသက်ာရာဌာနသို့ သွားရောက်ပြီး "ဒီမြို့၊ ဒီရွာဟာ ငါတို့ အုပ်ချုပ်တဲ့ မြို့ရွာဖြစ်တယ်။ နင်တို့ ဘီလူးမျိုး၊ သဘက်မျိုး၊ အစိမ်းသရဲမျိုး၊ နတ်ဆိုးတို့ဟာ မြို့ရွာကို ဖျက်ဆီးသူများ ဖြစ်ကြတယ်။ ငါတို့ မြို့ရွာနယ်ပယ်မှ အမြန်ဆုံး ထွက်သွားကြရမယ်။ ထွက်မသွားဘဲ မလေးမခန့် နေကြလျှင် သေနတ်လက်နက် အချက်ကိုးရာ မိုးကြိုးပစ်သကဲ့သို့ ရှစ်မျက်နှာအရပ်ကို ဝိုင်းအုံပြီး တစ်ဟုန်တည်း ပစ်ခတ်ကြလိမ့်မယ်"ဟု သုံးခေါက် ပြန်ဆိုကာ အမိန့်ပြန်တမ်းစာ ဖတ်ကြားကြရမယ်။ အမိန့်ပြန်တမ်းစာကိုလည်း မသက်ာရာအရပ်မှာပင် ကပ်ထားခဲ့ရမယ်။ အဲဒီလို အားနဲ့ အင်နဲ့ ပစ်ခတ်မယ်လို့ ပြောတာကို အလွန်ကြောက်ကြပါတယ်။ ဧကန် ထွက်သွားကြလိမ့်မယ်။

ရန်ကုန်မြို့၊ မန္တလေးမြို့များဖြစ်ပါက မြို့တွင်းမှာပင် ဘီလူး၊ သဘက်တို့ ခိုကပ်နေထိုင်ရန် အလွန်ကောင်းနေပါတယ်။ လူမျိုးကွဲလည်း အလွန်များပါတယ်။ အန္တရာယ်ကို နှင်ထုတ်ရန် တစ်မြို့လုံး စိတ်ရောကိုယ်ပါ ညီညွတ်စွာ ဖြစ်ခဲပါတယ်။ ဒါကြောင့် မြို့ကြီးများမှာ ရှေးဦးစွာ ဘီလူးသဘက်တို့ ကြိုက်တတ်တဲ့ ဗလိနတ်ဈေတို့ကို လုံလောက်စွာ စီစဉ်ထားရမယ်။

ယခု ကျရောက်နေတဲ့ ဘေးဥပဒေအန္တရာယ်အတွက် ပြောရန်မှာ "ဟေ့. . . ဘီလူး၊ သဘက်တို့ နက်ဖြန်(---) အချိန်နာရီမှစ၍ (---------)အရပ်ဌာနမှာ ဘီလူး၊ သဘက်

www.burmeseclassic.com

www.burmeseclassic.com

တို့အား မြို့သူမြို့သားတို့က ဗလိနတ်စာ ကောင်းမွန်စွာ ကျွေးမွေးကြလိမ့်မယ်။ နက်ဖြန်ခါ (--------)အချိန်နာရီ (--------)အရပ်ဌာနသို့ သင်တို့ လာရောက်ကြရမယ်"ဟု စည်မောင်းလှည့်လည်စေ၍ သုံးရက်တိုင်တိုင် ကျွေးမွေးပြီးမှ အမြန်ဆုံး ထွက်သွားကြလိမ့်မယ်။

မိမိတို့ မြို့ရွာမှာ ရောဂါဥပဒ်ပေါ် ပေါက်လာပါက ရှေးဦးစွာ ရောဂါဥပဒ်မငြိမ်းမီ သားစိမ်း၊ ငါးစိမ်းစားသောက်ခြင်းကို ရှောင်ကြဉ်ရမယ်။ မြို့ရွာကို ဆော်ဩပြီး မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့အား နတ်ကနားပွဲ ပူဇော်ပသခြင်း၊ ဘီလူး၊ သဘက်တို့အား ဗလိနတ်စာ ကောင်းစွာ ကျွေးမွေး၍ နှင်ထုတ်ရမယ်။ "အို. . . ကျွန်ုပ်တို့ရဲ့ အရှင်နတ်မင်း အပေါင်းတို့၊ မြို့ရွာနေ လူအပေါင်းတို့က အရှင်နတ်မင်း အပေါင်းတို့အားလည်း နတ်ကနားပွဲပြုလုပ်ပေးပြီး ပူဇော်ကြကုန်ပြီဖြစ်ပါတယ်။ ဘီလူး၊ သဘက်၊ အစိမ်းသရဲ အပေါင်းတို့အားလည်း ဗလိနတ်စာကျွေးမွေးပြီးဖြစ်ပါတယ်။ အရှင်နတ်မင်းတို့ရဲ့ တန်ခိုးတေဇာ စက်အာဏာတို့ဖြင့် ရောဂါဥပဒ်ပြုလုပ်ကြတဲ့ ဘီလူး၊ သဘက်တို့ကို ကျွန်ုပ်တို့ရဲ့ မြို့ရွာမှ မြန်စွာနှင်ထုတ်ကြပါကုန်လော့"ဟု နတ်ကနားပွဲအပြီးမှာ ကျယ်လောင်သောအသံဖြင့် သုံးကြိမ်အော်ဟစ်ကြွေးကြော်ရမယ်။

တစ်နည်း၊ အမိန့်ပြန်တမ်း ဖတ်ကြားပုံမှာ "ဟေ့. . . ဘီလူး၊ သဘက်၊ အစိမ်းသရဲအပေါင်းတို့ နှင်တို့တစ်တွေ အပေါင်းအား ကောင်းစွာ ငါတို့က ကျွေးမွေးကြပြီးဖြစ်တယ်။ ငါတို့ မြို့ရွာမှ မြန်စွာထွက်ခွာသွားကြကုန်လော့" ဟု ဗလိနတ်စာကျွေးမွေးရာဌာနမှ ကျယ်လောင်တဲ့အသံနဲ့ သုံးကြိမ်ဖတ်ကြရမယ်။

နတ်ပူဇော်မှု ဗလိနတ်စာကျွေးမှုကို အထူးဂရုစိုက်ကြရမယ်။ နောက်တစ်နေ့ ညအခါမှာ မြို့ရွာလုံး အုန်းအုန်းဆူအောင် ရိုက်နှက် တီးခေါက် ခြိမ်းခြောက်နှင်ထုတ်ရမယ်။ ညအခါ မြို့တွင်း ရွာတွင်းမှာ၊ နေ့အခါ မြို့ပြင် ရွာပြင် မသက်မာရာဌာနတို့မှာ နှင်ထုတ်ကြရမယ်။ သုံးနေ့၊ သုံးည ပြုလုပ်ပြီးပါက ဧကန် ပျောက်ငြိမ်းသွားလိမ့်မယ်။

ရန်ကုန်နဲ့ မန္တလေးမြို့ကြီးများကဲ့သို့ မြို့ကြီးပြကြီးဖြစ်၍ လူမျိုးကွဲ များလှ၍ တစ်မြို့လုံး မညီမညွတ်နိုင်ရှိပါက အုပ်ချုပ်သူတို့ရဲ့ တန်ခိုးအာဏာစက်နဲ့ နှင်ထုတ်ကြရမယ်။ အဲဒီသုံးရက်အတွင်း ည ၁၀နာရီကျော်တဲ့အခါ ယောကျ်ားဖြစ်သူတို့က မအိပ်ကြဘဲ လမ်းတစ်လျှောက် မီးထည့်ခြင်း၊ ဝင်းခြံအတွင်း တုတ်၊ ဓား၊ လက်နက်ကိုင်စွဲပြီး လှည့်လည်သွားလာ၍ စောင့်ရှောက်ရမယ်။

သီတိုင်ကျွန်း ပရိတ်နည်း၊ အရှင်အာနန္ဒာ ပရိတ်ရွတ်နည်းများကိုလည်း သင့်လျော်ရာ၌ ပြုလုပ်ပေးရမယ်။ လူတို့ ရွတ်ဖတ်နည်းမှာ ရပ်ကွက်ကျေးရွာအုပ်စုအလိုက် မိန်းမအချင်းချင်း၊ ယောကျ်ားအချင်းချင်း ၁၀ယောက်တစ်စု၊ ၁၅ယောက်တစ်စုစီ သရဏဂုံအသင်း၊ ဣတိပိသောအသင်း၊ သမ္မဒ္ဓေအသင်း၊ ဟေတုပစ္စယောအသင်း၊ မင်္ဂလသုတ်အသင်း၊ ရတနသုတ်အသင်းအဖွဲ့ ဖွဲ့စည်း၍ နေ့အခါကပင် နာရီအချိန်ပေး၍ မိမိတို့ရဲ့ ရပ်ကွက်ကျေးရွာအုပ်စုမှာ ပရိတ်ရွတ်ပွဲကိုးကို ပြုလုပ်ပေးရမယ်။ ယခုအခါ ပရိတ်ဝတ်အသင်းနဲ့ ဓမ္မစကြာအမျိုးသမီးဝတ်ရွတ်အဖွဲ့ ဟူသာ ရှိပါတော့တယ်။

ညဘက်မှာ အမျိုးသမီးအသင်းတို့က မိမိတို့ ရပ်ကွက်တွင် ရွတ်ဖတ်ရမယ်။ အမျိုးသားအသင်းတို့က ဇမ်းလျှောက်ပြီး ပရိတ်ရွတ်အသင်းနဲ့အတူ ရွတ်ဖတ်ကြရမယ်။ မင်္ဂလသုတ်ကို ရွတ်ဖတ်သူတို့မှာ ညအခါ မင်္ဂလသုတ်ကိုသာ ရွတ်ဖတ်ရမယ်။ ကျန်တဲ့ အသင်းအဖွဲ့တို့မှာလည်း အထက်ထက်နည်းအတိုင်း မြို့ရွာအတွင်းအပြင် မသက်မာရာဌာနတို့မှာ ဂရုတစိုက် ရွတ်ဖတ်သရဇ္ဈာယ်ရမယ်။ ကျရောက်တဲ့ ကပ်ရောဂါမငြိမ်းသမျှ အသွားအလာမရှိရန် အထူးဂရုပြုရပါမယ်။ မြို့ရွာ လူကြီးသူမများက ကြီးကြပ်အားထုတ်ဆောင်ရွက်တဲ့ ပျောက်ငြိမ်းနေကျ နည်းလမ်းများ ဖြစ်ပါတယ်။

ကမ္ဘာကပ်ကြီးသုံးပါးရှိပါတယ်။ အဲဒီကပ်ကြီးသုံးပါးမှာ အောက်ပါအတိုင်း ဖြစ်ကြပါတယ်။

၁။ လူတို့အချင်းချင်း တိုက်ခိုက်သတ်ဖြတ်မှု ကပ်ကြီးတစ်ပါး။

၂။ မိုးခေါင်၍ အစာရေစာ ငတ်မွတ်ခေါင်းပါးမှု ကပ်ကြီးတစ်ပါး၊

၃။ ကပ်ရောဂါကျရောက်မှုကပ်ကြီးတစ်ပါး။

အဲဒီ ကပ်ကြီးသုံးပါးကျရောက်မှုဟာ နိုင်ငံသူ၊ နိုင်ငံသားတို့အပေါ်မှာ အကြီးဆုံး ကပ်ကြီးဖြစ်ပါတယ်။ အကြောင်းမူကား တစ်နိုင်ငံလုံး၏ အသက်အန္တရာယ်ကြီးဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် တိုင်း၊ နိုင်ငံအုပ်ချုပ်သူတို့က ဒီကပ်ကြီးဟာ နတ်ဆိုးတို့ကြောင့်ဟု အယူအဆအမှတ်ထား၍ နတ်ဆိုးတို့နဲ့ စပ်ဆိုင်တဲ့ ကပ်ရောဂါအမျိုးမျိုး ငြိမ်းရာငြိမ်းကြောင်း နည်းလမ်းများကို လေ့လာစုံစမ်းကြရမယ်။

ရှေးအခါက မြို့တစ်မြို့မှာ အမျိုးသမီးတစ်ဦးရှိတယ်။ သရဲတစ်ကောင် စောင့်မ,နေတယ်။ အဲဒီမြို့မှာ ပလိပ်ရောဂါကျရောက်တော့မယ်ဆိုလျှင် ပူးကပ်၍ ပြောလာတယ်။ "နှင်တို့မြို့မှာ ပလိပ်ဘီလူးတွေ ရောက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်။ ပလိပ်ရောဂါဖြစ်ကြတော့မယ်။ အိမ်ပေါက်၊ ခြံပေါက်တို့မှာ ဆူးခက်ကပ်ကြ၊ ညအခါ အိမ်ပတ်လည်၌ မီးထည့်ကြ၊ အိမ်တွင်းမှာ မီးထွန်းထားကြဟု ပြောဆိုလာတယ်။ ဒန့်သလွန်မြစ်ကို ဂါထာမန်း၍ပေးတယ်။ တကယ်လို့ ဖြစ်လာခဲ့ပါက ဒီဆေးကို တိုက်။ မလွန်သေးလျှင် ရလိမ့်မယ်။ ရေများကိုလည်း မန်း၍ထားခဲ့တယ်။ ငါတို့ဟာ ဝမ်းရောဂါဖြစ်ပွားအောင် လုပ်သူတို့ဖြစ်တယ်။ ဝမ်းရောဂါသမားတို့ကို ငါနိုင်တယ်။ နင်တို့အရပ်မှာ ဝမ်းရောဂါအတွက် ငှါတာဝန်ရှိပါစေ။ ပလိပ်ရောဂါသမားတို့ကား ဘီလူးကြီးတွေဖြစ်၍ ငါတို့ မနိုင်ဘူး"ဟု ပြော၍ ထွက်ခွာသွားတယ်။ အဲဒီမြို့မှာ ပလိပ်ရောဂါဖြစ်တိုင်းဖြစ်တိုင်း လာ၍ပြောလေ့တယ်။ အဲဒီနေရာဒေသမှာ ပလိပ်ရောဂါလည်း ကင်းလွတ်သွားကြတယ်။

တစ်နေ့သ၌ သူ ဘဝပြောင်းရတော့မယ်ဟု ပြောလာတယ်။ "ငါ ဘဝပြောင်းရတော့မယ်။ ကောင်းကောင်းနေရစ်ကြ"ဟု နှုတ်ဆက်လာပြောတယ်။ အနီး၌ ရှိနေသူတို့က "ဦး-------မရှိရင် ငါတို့မှာ ခက်ပါပြီ"ဟူ၍ ညည်းညူကြရာ "ဆရဲတစ်ကောင်ကို ငါအပ်ခဲ့မယ်"ဟု ပြောဆို၍ ထွက်ခွာသွားတယ်။ နောက်နောင် အကြောင်းရှိလျှင် နောက်သရဲက လာ၍ ပြောတယ်။ အဲဒီအကြောင်းကို လယ်တီဆရာတော်အား ဒါယိကာမတစ်ယောက် လျှောက်ထားခဲ့ဖူးတယ်။ ရှက်တတ်သူဖြစ်၍ အမည်၊ နေရပ်လိပ်စာ မဖော်ပြခြင်း ဖြစ်ပါတယ်။ ယခုအခါ နတ်ပူးခြင်း၊ သရဲပူးခြင်းဆိုလျှင် အလူးထင်ကြတယ်။ နတ်စကား၊ သရဲစကားပြောရင် လူပေါ်ထင်ကြတယ်။ ပူးကပ်သူများက ဖုံးကွယ်ထားကြတယ်။ ဘီလူး၊ သဘက်တို့ အခွင့်ကောင်းဖို့ ဖြစ်သွားတယ်။

မြို့စောင့်နတ်၊ ရွာစောင့်နတ်များကို မဆိုထားနဲ့ဦး၊ မေတ္တာရှိခဲ့ရင် သရဲ၊ သဘက်များပင် ကြည့်ရှုစောင့်မ,တတ်ပါတယ်။ တိုင်း၊ နိုင်ငံတို့၌ ဆင့်ကဲဆင့်ကဲ ပူးပေါင်းဆောင်ရွက်တဲ့အခါ ကပ်ဥပဒ်အန္တရာယ်တို့ မုချလွတ်နိုင်ကြောင်း ရေးသားရပါတယ် ■

*****

ကပ်ဥပဒ်အန္တရာယ်ကင်းဝေးကြပါစေ...

ဒကျော်သန်းဇ

ကျမ်းကိုး

– ***ရောဂန္တရုဒ်ပန်ကျမ်း။***

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

ခေတ္တရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။
ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၁၄၄၆၂၂၊ ၀၉-၇၃၁၀၆၁၅၅

www.burmeseclassic.com

www.burmeseclassic.com

သျှင်ထွေး(သန်လျင်)

လူတိုင်းအတွက် သံပရာ

သံပရာသီးဟာ အသုံးတည့်သလို၊ အားလုံးလည်း လွယ်လင့်တကူ သိကြမယ် ထင်ပါတယ်။ သံပရာသီးနဲ့ ပတ်သက်ပြီး မှတ်သားထား သိထားတာလေးတွေကို ဝေငှ ပေးချင်ပါတယ်။

သင်တို့ရဲ့ သွားနဲ့ ခံတွင်းအတွက် အသုံးဝင်ပုံကတော့ သံပရာသီးအခွံကို ဆားအနည်းငယ်နဲ့ ရောပြီး သွားတွေကို ပွတ်သပ်ပေးလိုက်ရင် သွားတွေ ဖြူစင်တောက်ပလာပါလိမ့်မည်။ ခံတွင်းအနံ့ မကောင်းသူတွေရော၊ သွားကိုက်ဝေဒနာ ခံစားနေရသူတွေပါ သံပရာရည်နဲ့ ပလုတ်ကျင်းပေးပါ။ ပျောက်ကင်း သက်သာပါလိမ့်မယ်။

ဆဲကောသာနဲ့ ပတ်သက်ပြီးတော့လည်း အသုံးတည့် တာလေးတွေ ရှိပါတယ်။ ဆဲပင်ကျွတ်တာ သက်သာစေဖို့ အုန်းရည် (လက်ဖက်စားငွေ့နှံ့)လေးငွေ့နှံ့နဲ့ သံပရာရည် ရောစပ်ပြီး တစ်ပတ်တစ်ခါလောက် လိမ်းပေးလိုက်ပါ။ သိသာပါလိမ့်မယ်။ ဦးရေပြား ယားယံခြင်း၊ ဗောက်နဲ့ ဒက်များ ပျောက်ကင်းဖို့အတွက်လည်း ကြက်ဥအကာရည်နဲ့ သံပရာရည်(သံပရာသီးတစ်လုံးစာ)ကို ရောပြီး ဆံနွယ်ရဲ့ အမြစ်ကနေ လိမ်းပေးပါ။ တစ်နာရီလောက်အကြာမှာ ရေနဲ့ စင်ကြယ်အောင် ခေါင်းလျှော်လိုက်ပါ။ သက်သာပျောက်ကင်းပါလိမ့်မယ်။

အသားအရေနဲ့ ပတ်သက်ပြီးတော့လည်း အသုံးတည့်ပါသေးတယ်။ မျက်နှာအသားအရေခြောက်သွေ့နေသူများအတွက်တော့ ငှက်ပျောသီးအမှည့်တစ်လုံးကို ခြေလိုက်ပါ။ ပြီးရင် သံပရာရည်တစ်စက် နှစ်စက်ချပြီး နယ်ပါ။ မျက်နှာကို လိမ်းကျံလိုက်တဲ့အခါ အသားအရေ ချောမောသန့်ရှင်းမှုကို ရစေပါတယ်။

မျက်နှာအဆီပြန်တတ်တဲ့သူများအတွက်ကတော့ သံပရာရည်နှစ်ငွေ့နှံ့(လက်ဖက်စားငွေ့နှံ့)၊ နနွင်းမှုန့် ငွေ့နှံ့ဝက် (လက်ဖက်စားငွေ့နှံ့)ခန့်တို့ကို ယူပါ။ သဘော်သီးစိတ်ကို ခြေလိုက်ပါ။ ခြေလို့ ရတဲ့ သဘော်သီးရည်ကို သုံးငွေ့နှံ့ခန့် ယူပါ။ အဲဒါတွေကို စုပေါင်း ရောစပ်ပြီး မျက်လုံးအိမ်က လွဲလို့ မျက်နှာတစ်ပြင်လုံးကို လိမ်းပေးလိုက်ပါ။ လိမ်းပြီးရင် မိနစ် ၂၀ခန့်ကြာမှ ရေသန့်သန့်နဲ့ စင်ကြယ်အောင် ဆေးကြောပေးပါ။

တံတောင်ဆစ် မည်းသူများအတွက်လည်း အသုံးပြုလို့ ရပါတယ်။ သံပရာသီးခွံနဲ့ မည်းနေတာတွေကို ပွတ်ပေးပါ။ ပြီးရင် ရေဆေးပါ။ မကြာခဏလုပ်ပေးရင် မည်းတာတွေ ပျောက်ကင်းပါလိမ့်မယ်။

မွဲခြောက်ခြောက် အသားအရေဖြစ်နေသူများအတွက်တော့ သံပရာသီးတစ်လုံးကနေ ညှစ်ယူလို့ရတဲ့ အရည်နဲ့ မျက်နှာမကျန်၊ ခန္ဓာကိုယ်အနံ့ကို အိပ်ရာမဝင်ခင် ပွတ်လိမ်းပေးပါ။ မနက်လင်းတာနဲ့ ရေချိုးသန့်စင်လိုက်ပါ။ အရေပြားတွေ တောက်ပြောင် နူးညံ့စေပါလိမ့်မယ် ■

* * *

သျှင်ဓထွေး(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီမြစ်မင်း၏ ဒုတိယ မြစ်
ကျဉ်းသည် ဗန်းမော်မြို့နှင့် ရွှေကူမြို့
ကြားတွင် တည်ရှိ၏။ ပထမ မြစ်
ကျဉ်းသည်ကား မြစ်ကြီးနားမြို့အောက်
ငါးဘိုကျေးရွာ(ယခုမြို့နယ်)နှင့် ဗန်း
ော်မြို့အကြားတွင် တည်ရှိ၏။ ဒုတိယ
စ်ကျဉ်း၏ ဝဲ-ယာတွင် အရှေ့ဘက်
ာမ်းမှာကား ထာဝရစိမ်းစိုနေသော
စ်တောကြီး အဓိက ဝါးတောကြီးနှင့်
ခတူ လျှိုမြောင်များသာမက၊ တောင်
ယ်တောင်တန်းတို့သည် ကချင်ရိုးမ
ဘာင်တန်းကြီးနှင့် တစ်ဆက်တည်း
နေလေသည်။ အနိမ့်အမြင့် အဆင့်
ဆင့် တောင်တန်းကြီးတွေကြောင့် မိုင်း
ပျဉ်း မူန်ရီရီ မြူခိုးတွေ ထာဝရ ဝေသီ
နေသောကြောင့် လွမ်းဖွယ်ကောင်းပါ
ဘိ။

ရွှေသမင်တောင်ဟု ခေါ်သော
လည်း နယ်မြေခံအားလုံးလိုလို မှ "နတ်
မျက်နှာတောင်" ဟု ခေါ်ဝေါ်ပါက
ကလေး။ လူကြီး အားလုံးအသိ။ ထို
ဒုတိယမြစ်ကျဉ်း၏ ထူးခြားမှုသည်
အံ့သြဖွယ်အတိ .ထာဝရတည်ရှိနေ
လေသည်။ နတ်မျက်နှာတောင်ဆိုသည့်
ထိုကျောက်တောင်ကြီးကား ဧရာဝတီ
မြစ်ကြီးပေါ် ဖုံးအုပ်ထားဘိအလား။ ပြို

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဒိန္နရဲ့ဇာတ်

တောင်စောင့်နတ်ကျွန်းငန်းမြွေများ

လဲကျတော့မယောင် တောင်ကြီးအား ထက်ခြမ်းခွဲ၍ တိတိကြီးပြတ်ကာ ညီညာသော ကျောက်မျက်နှာပြင်ကြီးနှင့်အတူ၊ ထိုမျက်နှာပြင်ကြီးသည် ပေ အားဖြင့် တစ်ထောင်ကျော်ခန့် အမြင့်မှာ ပေ ၁၂၀၀ပင် ကျော်လေမည်။ မြစ်ပြင် သဘော်ပေါ်မှ မော့ကြည့်ပါမူ တောင်ထိပ်ကို မြင်ရသော်လည်း ကြည့်ရှုသူစိတ်ထဲ စိုးရိမ်ကြောင့်ကြစမြဲ၊ ကြောက်လန့် တုန်လှုပ်မှုတွေ ကြုံနေစဉ်မှာပင် ရေစီးက သန်လွန်းပါတီ။ ထို ကျောက်တောင်၊ ကျောက်ဆောင်တွေ အား ထိတွေ့ တိုက်ခတ်လာသော လက်၏ ဝဲပျံမှုသည် ပဲ့တင်သံတွေ တဝီဝီပင်။

ထို ဒုတိယမြစ်ကျဉ်းရေအောက်တွင် ပါးပည်(ခေါ်)ငါးစည်ဆိုသည့် ရေနဂါးကြီးများသည် မိုးကာလရောက်ပါက ရေအောက်မှ ပေါ်လာတတ်ကြောင်း၊ ထိုသို့ မိုးကာလ ရောက်ခြိန်၊ ရေစီးသန်ခြိန်ဝယ် နစ်ထပ်သဘော်ကြီးတွေပင်လျှင် အင်မတန် သတိကြီးစွာထား၍ မောင်းနှင်ကြရသည်။ ထိုပါးပည်(ခေါ်) ငါးစည်ကြီးတွေ ပေါ်ခဲ့ပါက ရေအောက်တွင် နစ်မြုပ်နေသော သစ်တုံးကြီးများပင် အပင်လိုက် အမြစ်ဆုံ

www.burmeseclassic.com

ကြီးတွေနဲ့ ပေါ်လာကြောင်းလည်း ယခင်ဒေသခံ ရှေ့မီနောက်မီ လူကြီးများထံမှ သတင်းစကားကြားရ၏။

"ရော်... မြစ်ကျဉ်းပနော့၊ နဂါးကြီးတွေ တစ်နှစ်တစ်ကြိမ် ပျော်မြူးတာပ။ လူ၊ သင်္ဘော၊ လှေတွေ ဒုက္ခမပေး။ သူတို့ပေါ်ရင် မသွားရဲ။ လှေ၊ သင်္ဘောတွေ ရပ်ထားရတာပနော့။ အင်း... ဒီပါးပညဲခေါ်တဲ့ ငါးစည်ကြီးတွေသတင်းမကြားရတာလည်း ကြာတော့ ကြာခဲ့ပြီပနော့"

"အင်း... ရွှေသမင်တောင်ဆိုတဲ့ နတ်မျက်နှာတောင်ဟာ အင်မတန် တန်ခိုးကြီးထွားတာပ။ သားရဲတောဆိုပေမယ့် အဲဒီတောင်ပေါ်မှာက တောင်တော်စောင့် နတ်ကျားကြီးတွေ၊ တောင်တော်စောင့် ငန်းမြွေကြီးတွေ ပေါတာပ။ အစောင့်ကြီးတွေပ"

ကျွန်တော်တို့ သုံးယောက် ဒုတိယမြစ်ကျဉ်းကျောက်တွင်းထဲ စတင် သည်မှစ၍ စကားမပြောဖြစ်။ ကျွန်တော် လေ့လာမှတ်သားထားသော နတ်မျက်နှာတောင်အကျယ်အဝန်း အပြင့်တောင်ထိပ်ကို မော့ကြည့်မိ၏။ တစ်ဖန် နတ်မျက်နှာတောင် တောင်ခြေသို့ ဂရုတစိုက်ရှာဖွေမိသည်မှာ တောဆင်အုပ်သည် ဒုတိယမြစ်ကျဉ်း နတ်မျက်နှာတောင်ခြေမှ အရှေ့ဘက် ကမ်းဝါးတောသို့ ဖြတ်ကူးသည့် သတင်းလည်း ကြားသိထား၏။ စီးလာသော သစ်ထုတ်ရေး မော်တော်ပေါ်မှ ဂရုတစိုက်ကြည့်နေစဉ်...

"ဆရာကျော်... ဆရာကျော်၊ ဟိုမှာ ဒေါင်းမြီးရှည်ကြီးဗျ"

"အေးကွ၊ ဒေါင်းမ သုံးကောင်လည်း ပါတယ်"

"ဆရာကြီး ဒေါင်းပစ်မလား၊ ကပ်ပေးမယ်လေ"

"မလုပ်ပါနဲ့ဗျာ။ ဒီနတ်မျက်နှာတောင်တော်ကြီးက တန်ခိုးကြီးမှ ကြီးဗျ။ အားလုံး ဒုက္ခရောက်ကုန်ပါ့မယ်ဗျာ"

"ဟုတ်တယ်နော်။ ဟော... ကြက်တူရွေးနှုတ်သီးတောင် ရောက်ပြီပဲ"

"ဟုတ်တယ်နော်။ အင်း... ရေသောက်ဆင်းတဲ့ ကြက်တွေ၊ ဦးခေါင်းနဲ့ နှုတ်သီးကတော့ဗျာ၊ အဝေးကသာကြည့်၊ တကယ့်ကြက်တူရွေးအစစ်ပဲဗျ"

(ထိုကြက်တူရွေး ဦးခေါင်း၊ နှုတ်သီးတို့အား ရေကြောင်းပြအဖွဲ့မှ ဆေးခြယ်ထားသည်မှာ နှုတ်သီးက ရဲရဲ၊ ဦးခေါင်းမှာ ကျောက်တောင်ထံမှ ထိုးထွက်၍ ဦးခေါင်းစင်းကာ မြစ်ရေသောက်မည့်ဟန် လုံးဝပေါ်နေ၏။ မျက်လုံးတွေမှာ အနက်ရောင်မို့ ကျေးငှက်တစ်ကောင်ပမာ ပုံတူလား။ ကျောက်ဖြစ်ရုပ်ကြွင်းလားဟု တွေးတောစရာပင်။

"ဆရာ... နောင်မိုရောက်ပြီ၊ ဘယ်ဆိပ်မှာ ဆိုက်ပေးရမလဲ"

"အလယ်ဆိပ်မှာပဲ ဆိုက်ဗျာ။ ကျွန်တော်တို့ ကိုတင်ထွန်းတို့အိမ်သွားမလို့ စက်ဆရာရေ"

"သြော်... လူပျိုခေါင်း ကိုတင်ထွန်းကြီးလား ဆရာကျော်ရဲ့"

"ဟုတ်တယ် စက်ဆရာ၊ သိတယ်ပေါ့"

"ဒီ ရောဝတီမြစ်ရိုးမှာ ရှိတဲ့ ရွာတွေမှာ ညအိပ်ခဲ့ရပေါင်း မနည်းဘူးဗျ။ တစ်ရွာလုံး မသိပေမယ့် သူကြီးတို့၊ ကာလသားခေါင်းတို့၊ အပျိုခေါင်း... ဟဲဟဲ... ချောချောလှလှလေးတွေဆို ပိုသိ"

"ခင်ဗျားတို့ သင်္ဘောသား၊ မော်တော်သမားတွေမှာ စာဆိုရှိတယ်တဲ့။ တစ်ရွာတစ်ယောက်၊ ဇနီးတွေ ပို့လိုပေါက်၊ နောက်တစ်ယောက်ဆို ကျွန်တော် လူပျိုတဲ့၊ ဟားဟားဟား..."

"တော်တော်နောက်တဲ့ ကိုတင်မြတ်ကြီး။ ခင်ဗျားဇနီးလောင်းနဲ့ တွေ့မှ နောင်မိုရွာသူနဲ့ ညားနေတယ်လို့ ပုဏ္ဏားလုပ်ပြမယ်"

"မလုပ်ပါနဲ့ဗျာ၊ တစ်ယောက်ဆို တစ်ယောက်ပါဗျာ၊ ဟားဟားဟား..."

နောင်မိုရွာ အလယ်ဆိပ်သို့ ရောက်တော့ မော်တော်လေး ဆိုက်သည်နှင့် ရေခို့၊ အဝတ်လျှော်၊ ကလေးတွေ ရေဆော့နေကြသူတွေထဲမှ မိန်းမပျိုလေးတစ်ယောက်မှ လှမ်းအော်လိုက်၏။

"ရော်... ကိုတင်မြတ်ကြီးပအေး၊ ဝမ်းသာတာပ"

"ကဲ - ကိုတင်မြတ်၊ အော်ပြီးကြိုနေပြီလေ"

"ဟာ... အဲဒါ ခယ်မလောင်းလေးဗျ။ ဇနီးလောင်းရဲ့ ညီမတစ်ဝမ်းကွဲပါဗျာ။ ချမ်းသာပေးပါ စက်ဆရာရယ်၊

www.burmeseclassic.com

www.burmeseclassic.com

ရှိခိုးပါရဲ့"

"ကိုတင်မြတ် မိတ်ဆက်ပေးလေ၊ ကျွန်တော် လူပျိုပါဗျ···ဟားဟားဟား···"

တင်မြတ် တောင်းပန်နေသည့်ကြားမှ စက်ဆရာ ကိုမြကြီး နောက်ပြောင်ရင်း စက်မသတ်ဘဲ ကျွန်တော်တို့ ဆင်းပြီးသည်နှင့် မော်တော်လေး နောက်ပြန်ဆုတ်ကာ···

"ကိုတင်မြတ်ရေ··· ကျွန်တော် လူပျိုဗျ၊ ဟားဟားဟား···။ ဆရာကျော်···သွားပြီဗျို့"

စက်ဆရာ ကိုမြကြီးအား လက်ပြ နှုတ်ဆက်အပြီး ကျွန်တော်တို့ထံ အပြေးရောက်လာသော လူပျိုခေါင်း ကိုတင်ထွန်းကြောင့် မော်တော်အား လှည့်မကြည့်တော့ဘဲ ကိုတင်ထွန်းအိမ်သို့ လိုက်ပါခဲ့ပါတော့သည်။

◈◈◈

လူပျိုခေါင်း ကိုတင်ထွန်း၏ နေအိမ်သည် ရောဝတီမြစ်အား မျက်နှာမူထားသည့်အပြင် ခြေတံရှည် ရှမ်းဗမာအိမ်ကြီးဖြစ်သည်။ အိမ်ရှေ့ ခြံပတ်ပတ်လည်မှာတော့ တစ်ညီတစ်ညာတည်းသော အုန်းပင်တွေမှာ စီစီရီရီ အားမာန်အပြည့်ဖြင့် မားမားမတ်မတ်ရပ်နေကြ၏။

"ကဲ - ကချင်နဲ့ အမဲခြောက်၊ ဒါက ငါးကြင်းကင်နဲ့ အရက် မြည်းကြမယ် ဆရာကျော်"

"ဟဲဟဲ···တင်မြတ်က ကချင်အရက်ဆို အပြည်းမလိုပါဘူး"

"ဟုတ်တယ် မိုးကျော်၊ နင် အရက်မကိုင်နဲ့ကွ"

သူတို့နှစ်ဦး စကားစစ်ထိုးပွဲ စပါပြီ။ ကိုတင်ထွန်း၏ ညီမတွေမှာကား ကြက်သားကြော်သူ ကြော်၊ အမဲခြောက်ဖုတ်သူ ဖုတ်ဖြင့် အလုပ်ရှုပ်နေကြသည်။ ကျွန်တော်တို့ နံနက်စာ၊ ညစာ စောထဲမှာ စားမည်ဟု ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း ကချင်အရက်သုံးလုံးကုန်သည်နှင့် ခရီးထွက်ကြပါပြီ။

"ဆရာကျော်···ကန့်ကူချောင်းအတိုင်း ထွက်မယ်။ ကျွန်တော်တို့ သပိတ်ချောင်းလက်တက်မှာ စခန်းချတာပေါ့"

"ကိုလူပျိုကြီး စီစဉ်လေ"

ကန့်ကူချောင်းသည် မိုးကာလဆိုပါက အတော်ကျယ်သော်လည်း ယခုလို နွေဦး ဆောင်းအကုန်မို့ ရေစီးမသန်၊ ရေမခန်းတော့ပေမယ့် ရေအတော်နည်းနေလေပြီ။ ဝါဖောင်လေးတွေလောက်တော့ မျှောလို့ ရသေးသည်။

"အိုးဝေ···အိုးဝေ···အိုးဝေ"

"ကွတ်ကွတ်···ကွတ်ကွတ်···"

ဥဒေါင်းအသံတွေ ကြားရသလို၊ ကန့်ကူချောင်းအရှေ့ဘက်ရှိ ရွှေသမင်တောင်စောင်းဝယ် အုပ်လိုက်တွေ့ရသော ဒေါင်းအုပ်အကောင် ၂၀ ခန့် ဒေါင်းမြီးရှည် အထီးကြီးတွေမှာ ဟန်ပါပါ ကခုန်မြူးတူး ကြည်နူးနေကြ၏။ ထိုဒေါင်းအုပ်သည် လူသိပ်မကြောက်။ အကြောင်းမှာ ရွာသူရွာသားတွေနှင့် ထိတွေမှု မကြာမကြာ ကြုံနေ၍ လူမကြောက်တော့။

နေ့လယ် တစ်နာရီထိုးမှ ကန့်ကူချောင်းဘေးတွင် ထမင်းစားကြ၏။ ကျွန်တော်တို့က သုံးယောက်၊ ရွာသားက ငါးယောက်၊ လူငယ်တွေက များများ။ လူကြီးမဟုတ်သော်လည်း လူပျိုကြီး ကိုတင်ထွန်းနှင့် သက်တူရွယ်တူ အသက် ၄၀ခန့် ရွာသား ကိုသန်းလှသာ ပါ၏။ ကျွန် သုံးယောက်မှာ အသက် ၂၀ကျော်တွေ။ မနက်စာ၊ ညစာချက်ခဲ့သော ထမင်းမှာ ကုန်တော့မည်။ ညစာ ဆန်ပါ၍ တော်ပါသေး၏။ သပိတ်ချောင်းလက်တက်ရောက်မှ ထမင်းထပ်ချက်မည်သာ ပြော၏။ ထမင်းအိုးတစ်လုံးမျှ မပါ။ ကျွန်တော်တို့မှာတော့ ဟန်းကောသုံးလုံးဖြင့် ချက်မည်ဟု တွေးရ၏။

"ဆရာကျော်··· ကျွန်တော် စဉ်းစားကြည့်မိတယ်"

"ဘာများလဲ ကိုတင်ထွန်း"

"သပိတ်ချောင်းလက်တက်မှာ စခန်းမချဘဲ ကြက်တူရွေးတောင်ခြေရောက်မှ စခန်းချရင် ကောင်းမယ် ဆရာကျော်"

"ကြက်တူရွေးတောင်ခြေမှာ ဆတ်အုပ်တွေကို လွန်ခဲ့တဲ့ သုံးရက်လောက်က ဝါးခုတ်သမားတွေ တွေ့ခဲ့တယ် ဆရာကျော်"

"ကောင်းသားပဲ"

"ဟုတ်တယ် ဆရာကျော်။ ကြက်တူရွေးတောင်ခြေမှာ ဒေါင်းတွေလည်း ပေါတယ်။ နောက်တစ်ခုက ကျား၊ ကျားသစ် မရှိသလောက်ပဲ။ အန္တရာယ်ကင်းပါတယ်"

"ကိုသန်းလှရယ်···ကျွန်တော်တို့က ကျားတို့၊ ဒေါင်းတို့ မပစ်ပါဘူး။ ကျားတွေ၊ ဒေါင်းတွေဆိုတာ ပစ်ခွင့်မရှိဘူးလေ။ အဓိက ဆတ်၊ တောဝက်၊ ခွေး၊ ဒရယ်တွေပဲ ပစ်မှာပါ"

"ရော်···ကောင်းတာပအေး၊ ကောင်းတာပ"

ကျွန်တော်တို့ ထမင်းစားပြီး ဆက်ထွက်ရန် ပြင်ဆင်နေစဉ် မိုးကျော်အောင်နှင့် ရွာသား မောင်အေးတို့ နှစ်ယောက် ကျွန်တော့်ထံသို့ ရောက်လာ၏။ မိုးကျော်အောင်၏ မျက်နှာမှာ တအံ့တသြဖြစ်နေပုံရ၏။

"မိုးကျော်··· ဘာလဲ၊ ပြော၊ တို့ ဆက်ထွက်တော့မလို့"

www.burmeseclassic.com

"ဟုတ်ကဲ့၊ ထွက်တာပေါ့။ ဟောဟိုကုန်းပို့ပို့ဘက်မှာ ကျွန်တော့်ကို ခေါ်သွားတဲ့ ဒီ မောင်အေး ပြလို့ ကျောက်လှည်းဘီးကြီး တွေ့ခဲ့တယ် ဆရာကျော်"

"ဘာ···ကျောက်လှည်းဘီး"

"ရော်···ကိုပိုးကျော်တို့ တွေ့ခဲ့တာ ဟိုကျောက်ကမ္ဘာဘေးက ကျောက်လှည်းဘီးကြီး ထင်ပါရဲ့။ ဟုတ်တယ် ဆရာကျော်၊ ကျောက်လှည်းဘီးကြီး ရှိတယ်။ လာလေ၊ ကျွန်တော်လိုက်ပြမယ်"

ကျွန်တော်တို့ သုံးယောက်ကိုတင်ထွန်းနှင့် လိုက်သွားတော့ တွေ့ရပါပြီ၊ တကယ့်ကျောက်လှည်းဘီးကြီး။ နွားလှည်းတွေမှာ တပ်သည့် လှည်းဘီးအစစ်။ သို့သော် ကျောက်လှည်းဘီးဖြစ်သလို၊ အောက်က ကျောက်မြေသားနှင့် ပူးကပ်နေလေသည်။

"အင်း··· ဒါ ကျောက်ဖြစ်ရပ်ကြွင်းများလား"

"ဒီကျောက်လှည်းဘီးအပြင် အခုစခန်းချမယ့် ကြက်တူရွေးတောင်ရယ်၊ နောက် ဝါးနွဲ့ချောင်းတို့မှာ ထူးဆန်းတဲ့ ပြစရာတွေ ရှိသေးတာပနော့"

ကျွန်တော်ကား တောပစ်ရင်း အမြဲစူးစမ်းလေ့လာလိုသည့်အတွက် ကိုတင်ထွန်းစကားကြောင့် အလွန်တမ်းသာသွားမိသည်က အမှန်ပင်။ ဆက်ထွက်တော့ ကြက်တူရွေးတောင် ရောက်ပါပြီ။ ကျွန်တော်သိလိုသော ထူးဆန်းမှုအား မေးမည့်အလုပ်···

"ကဲ - တို့အားလုံး ဒီမှာ စခန်းချတာပေ။ ဆရာကျော်··· လာ၊ ထူးဆန်းတာ ပြမယ်၊ ဟွားစို့"

မိုးကျော်အောင်နှင့် တင်မြတ်ပါ လိုက်ခဲ့ပြီး ရွာသားတွေကိုတော့ ထမင်းချက်ရန် ဟန်းကောချိုင့် သုံးလုံးပေးခဲ့ပြီး နေရာထိုင်ခင်း ပြင်ဆင်ကာ ကျန်နေခဲ့ကြသည်။

ပေတစ်ရာနီးပါးသွားပြီးသော အခါ ကြက်တူရွေးတောင်စောင်းတောင်ခြေသို့ တိုးဝင်နေသော နဂါးကြီးတစ်ကောင်ကို တွေ့ရသည်။ ထိုနဂါးကြီး၏ ဦးခေါင်းကြီးမှာ ကြက်တူရွေးတောင်ထဲသို့ တိုးဝင်နေသော်လည်း လုံးပတ် ၄ပေခန့်ရှိသော ကိုယ်လုံးကြီးမှာကား အထင်းသား မြွေနဂါးကြီး အစစ်ဖြစ်နေသည်ကို ထပ်မံ အံ့သြဖွယ် တွေ့ရပြန်သည်။ ထိုနဂါးကြီးအား စားဖြင့် ပိုင်းထားဘိအလား။ ကိုယ်လုံးကြီးတွေမှာ ပြတ်နေလေသည်။

"အင်း···သက်ရှိထင်ရှား နဂါးတော့ မတွေ့ဘူးပါဘူးဗျာ။ မြွေကြီးတစ်ကောင်အလားပဲနော်။ ဒါတွေဟာ ကျောက်ဖြစ်ရပ်ကြွင်းတွေပဲ ထင်ပါရဲ့ ကိုတင်ထွန်း"

"ကျွန်တော်တို့တော့ မသိပနော့။ ဘယ်အချိန်က ရှိနေတာ မသိ။ အဘိုးတွေလက်ထက်ကတည်းက ဆိုတာ လောက်ပဲ သိတာပ။ သပိတ်ချောင်းလက်တက်မှာလည်း လင်းပိုင်ကျောက်ရုပ်ကြီး ရှိသေးတာပ"

ကျွန်တော် တွေးမိပါသည်။ ဤဗန်းမော်၊ ရွှေကူနယ်မြေသည် နဂါးလူးသော၊ နဂါးတွေ ပျော်စံရာ တိုင်းပြည်ဟု ဆိုကြ၏။ သို့အတွက် ရွှေကူထက်ဗန်းမော်မြို့မှာ မြေပြန့်ရယ်လို့ သိပ်မရှိ။ ချိုင့်ခွက်တွေဘေး လမ်းဖောက်ထား၍ လမ်းတွေမှာ အကွေ့အကောက် တော်တော်များသည့်အပြင် ဗန်းမော်မြို့ပေါ်ရှိ ပရဟိတကန်ကြီးထဲတွင် မြွေနဂါးရှိကြောင်းလည်း ကြားဖူးပါသည်။ ဒုတိယမြစ်ကျဉ်း ကျောက်တွင်းတွင် မြွေနဂါးဆိုသည့် ငါးစည်ဆိုသည့် သတ္တဝါကြီးတွေ ရှိနေသေးသကဲ့သို့ ယနေ့တိုင်လည်း လင်းပိုင်အုပ်သည် ကသာအထက်မှ ဒုတိယမြစ်ကျဉ်း ဗန်းမော်အထိ ဝိလာသတောင်ခြေမှ တစ်ဆင့် ပထမမြစ်ကျဉ်း ဆင်ကို ဘက်အထိ အုပ်လိုက် စုန်ဆန်နေကြသည်ကို ကျွန်တော် ကောင်းစွာ သိထား၊ မြင်ထားပါ၏။

ကျွန်တော်တို့ ကြက်တူရွေးတောင်ခြေသော တောင်ခြေတွင် စခန်းချပြီး ယနေ့ည အတွက် ဆတ်၊ တောဝက်ပစ်မည်ဟု တွေးကာ ကျွန်တော်တို့ နှစ်ဖွဲ့ခွဲလျက် နေရာယူ ပစ်ခတ်ရန် နေရာရွေးအပြီး စခန်းချရာ အရောက် ကောက်ညှင်းကျည်တောက်၊ သူတို့ဒေသအခေါ် ပေါင်းသင်းရန် မွှေပုံ့နေသည်တွင်···

"မိုးကျော်··· မင်းက အနုံခံကောင်းတယ်၊ ဘာနံ့လဲ"

"ဟာ··· ငတုံး၊ ကောက်ညှင်းကျည်တောက်အနံ့ပေါ့ကွ"

ဟုတ်ပါသည်။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့သော ဟန်းကောချိုင့်သုံးလုံးဖြင့် ထမင်းမချက်ဘဲ ဝါးခုတ်ကာ ဆန်ဆေးပြီး ကောက်ညှင်းကျည်တောက်ဖုတ်သလို ဖုတ်ထားသည့် ဗန်းမော်ဆန်ခေါ် ရှမ်းဆန်ထမင်းရနံ့က ဆာလောင်စေသည်သာ။

"ကဲ - ဦးကျော်၊ အာမီသုံးလုံး ဖောက်ကွာ"

အာမီရမ်သုံးလုံးဖောက်ပြီး အမဲခြောက်ဖုတ်ဖြင့် ထမင်းစားခင် ဝိုင်းဖွဲ့လိုက်ပြီးနောက် ထမင်းစားကြပါသည်။ စားသောက်ပြီးသည်နှင့် ကျွန်တော်နှင့် ကိုတင်ထွန်းသည် ကန့်ကူချောင်းမဘေးအောက်ဘက်မှာ နေရာယူပြီးနောက် ဦးကျော်အောင်နှင့် တင်မြတ်၊ ရွာသား မောင်လှထွန်းတို့ သုံးယောက်မှာ အထက်ဘက် ဝါးနွဲ့ချောင်းနှင့် ကန့်ကူချောင်းအဆုံတွင် နေရာယူကြပါပြီ။ ရွာသား ကိုလှသန်းနှင့် သုံးယောက်မှာကား စခန်းစောင့်အဖြစ် ထားခဲ့၏။

◈◈◈

ညသည် လုံးဝ လကွယ်ညဖြစ်၍လား မသိ၊ ပိန်းပိန်းပိတ် အမှောင်ချထား၏။ ကြယ်တစ်လုံးမှ မမြင်ရ။ ဘာကောင်မှလည်း မထွက်။ အသံလည်း ချွတ်ချွတ်ချက်ချက်ပင် မကြားရ။ ဘာကြောင့်လဲဟု တွေးခိုက်...

"ဆရာကျော်ပ"

"ပြော ကိုတင်ထွန်း"

"ကြက်တူရွေးတောင်ရယ်၊ ဒီကန့်ကူချောင်းရယ်က နတ်ကြီးတာပ"

"ဗျာ..."

"ကျွန်တော်တို့ မှားတာပအေး"

"ဟင်...ဒါဆို"

"ဒိုင်း...ဒိုင်း"

"ဟောာ...ဦးကျော်နဲ့ တင်မြတ် ပစ်ပြီ"

"ဝေါ်...ဝေါ်...ဝေါ်"

"ဖြောက်...ဖြောက်...ဖြောက်"

"ရော်...အကောင်ကြီး ပြေးဆင်းလာတာပ"

"ရော်...ဘာကောင်ကြီးပ"

"အပင်ပေါ် တက်နေကြတာပအေး"

"ရော်...ရော်...လာနေတာပ၊ မြန်မြန်တက်ကြတာပ"

ကျွန်တော် စခန်းချထားသည့် တောင်စောင်းဘက်ရှိ ကိုလှသန်းတို့ သုံးယောက်ရဲ့ အသံတွေကြောင့် ကျွန်တော်တို့နှစ်ယောက် စခန်းဘက် ပြန်ပြေးလာစဉ် မည်းမည်းနက်နက် အကောင်ကြီးတစ်ကောင်။

"ရော်... ဘာကောင်ကြီးပ၊ ဆရာကျော် ဘေးမှာ သစ်ငုတ်၊ ကပ်...ကပ်"

"ဒိုင်း...ဒိုင်း..."

"ရော်...လဲ၊ ရော်...ပြန်ထတာပ"

ကျွန်တော်မျက်စိထဲတွင် ပြောင်ကြီးတစ်ကောင်၊ သို့မဟုတ် ကျွဲရိုင်းကြီးတစ်ကောင်ဟု တွေးရင်း လျှပ်တစ်ပြက် ပစ်ခတ်ရင်း သစ်ငုတ်ဘေးကပ်လိုက်ရ၏။ ကိုတင်ထွန်းမှာ အနားတွင် ရှိသော ဆီးပြူးဒီးပင်ပေါ် ခုန်တက်လိုက်သည်။ သူပါးစပ်မှလည်း "လဲ၊ ရော်...ပြန်ထတာပ"ဟု အော်သည့်အခိုက် ဦးကျော်အောင်နှင့် တင်မြတ်တို့အဖွဲ့လည်း ပြေးဆင်းလာခဲ့၏။ စခန်းချထားသည့် သစ်ခက်တဲလည်း ရစရာမရှိတော့။ အကောင်ကြီးမှာ အဘယ်သို့ တိုးဝင်ပျောက်ကွယ်သွားသည် မသိ။

အားလုံး သတိကြီးစွာဖြင့် စခန်းတဲမှာ လူစုပြီး အန္တရာယ်ဆိုးအတွက် ထိခိုက်ဒဏ်ရာရမှု မရှိ၍ တော်ပါသေးဟု တွေးရင်းမှ သတိရလာသဖြင့်...

"ဦးကျော်နဲ့ တင်မြတ်၊ မင်းတို့ ဘာကောင်ပစ်တာလဲ"

"ဆတ်ထီးကြီး ဆရာကျော်။ ဆရာကျော် ပစ်တာရော"

"အေး၊ ငါ့အထင်တော့ ပြောင်ကြီးလား၊ ကျွဲရိုင်းကြီးလား မသိဘူး၊ လဲတယ်၊ ထပြီး ချုံတိုးသွားတယ်ကွ"

"တင်ထွန်းပ"

"ဘာလဲ လှသန်း"

"ရော်... ဒါ ကြက်တူရွေး ဝါးနွဲ့ချောင်းတောင်လေ။ တို့ နေရာယူတာ၊ ပစ်ခတ်တာက ကန့်ကူချောင်းရဲ့ အရှေ့မြောက်ဖြစ်တာပ"

"ရော်...ရော်...မှားတာပအေး"

ထိုသို့ စကားပြောနေခိုက် တောင်မကြီးဘက်မှ အသံတွေ ကြားရပြန်လေပြီ။ ဘာသံမှန်း တိတိကျကျ မပြောနိုင်သော်လည်းလည်း ကျောချမ်းစရာ။ အလွန်ခက်ထန်သည့် တောကြီးငန်းမြွေတွေ တရှိုရှိုမြည်ပြီး တဝူးဝူး တဟူးဟူး လေမှုတ်သံများနှင့်အတူ-

"ရှီ...ရှီ...ရှီ...ဝူး...ဟူး...ဝူး...ဟူး..."

"ဝေါင်း...ဝေါင်း...ဝေါင်း"

"ရော်...အားလုံး ချောင်းကူးတာပ၊ အနောက်ဘက်ကမ်း ကူးကြတာပ"

ပြောပြောဆိုဆို ကျွန်တော်တို့ ရှစ်ယောက် အလွန်သွက်လက်စွာဖြင့် ကန့်ကူချောင်းတစ်ဖက်ကမ်း အနောက်ဘက်သို့ ဖြတ်ကူးကြသည်။ ရေသည် ခါးသာသာဖြစ်၍ အခက်အခဲမရှိ၊ ချောင်းအကျယ်မှာလည်း ပေ ၃၀ ခန့်မို့ အလွယ်တကူ ဖြတ်ကူးအပြီး စောစောက စခန်းချခဲ့သော နေရာအားလက်နှိပ်မာတ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ...

www.burmeseclassic.com

www.burmeseclassic.com

"ဟာ···ငန်းမြွေကြီးတွေ ကြီးလိုက်တာ။ ဒီဘက်တော့ မလာဘူး"

"ရော်··· တောင်ပိုင်ဘိုးဘိုး ကျွန်တော်မျိုးတို့ အမှားပါ ခွင့်လွှတ်တော်မူတာပနော့။ တောင်စောင့်ဘိုးဘိုးကြီးတို့ မကြိုက်တာ လုပ်မိလို့ ခွင့်လွှတ်တာပ တောင်ပိုင်ဘိုးဘိုးကြီးပ"

"ရော်···ရော်···တောင်စောင့် နတ်ကျားကြီးတွေပအေး"

မှန်ပါသည်။ အလွန်ကြီးမားပြီး မျက်လုံးကြီးတွေ တရဲရဲ၊ အစွယ်ကြီးတွေ တဖွေးဖွေး၊ ဦးခေါင်းကြီးတွေ မော့ကာ မော့ကာ ဟိန်းဟောက်နေပုံမှာ မုဆိုးကျားကြီးများနှင့် မတူ။ တော မုဆိုး ကျားကြီးတွေနှင့် ရင်ဆိုင်တွေ့၍ မီးစိုက်ထိုးပါက ဦးခေါင်းကြီးကို မြေကြီးနှင့် ထိမတတ် ငုံကာ ထိတ်လန့်တတ်ကြ၏။ ကျားသည် ကျားသစ်ကဲ့သို့မဟုတ်၊ ခြောက်လျှင် ကြောက်တတ်၊ လန့်တတ်၏။ ယခုတော့ ဤသို့ မဟုတ်ပါ။ သာမန် တောမုဆိုးထက် စိတ်အထင် နှစ်ဆခန့် ကြီးမားပြီး ချောင်ဖြတ်ကူး၍ရသော်လည်း ငန်းမြွေကြီးများနှင့်အတူ စည်းစောင့်ကြ၏။

"အင်း···သာမန် တောမုဆိုးနဲ့ ငန်းမြွေတွေ မဟုတ်တာ သေချာပြီ မိုးကျော်"

"ဟုတ်တယ် ဆရာကျော်။ တောင်စောင့်တွေပဲ ဖြစ်မယ်"

ကျွန်တော်တို့လည်း ရောက်ရှိသည့်နေရာတွင်ပင် ဒီတစ်ညတော့ စခန်းချမယ်ဟု ဆုံးဖြတ်ပြီး စောင့်ကြည့်နေခိုက်မှာပင် ထိုကျားကြီးနှစ်ကောင်နှင့် ငန်းမြွေကြီးများအား တောင်စောင်းပေါ်မှ ပိတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီးမှ "အဟမ်း···အဟမ်း···အဟမ်း" ဆိုသည့် အသံသုံးချက်ပေးလိုက်သည်နှင့် ထိုပုဂ္ဂိုလ်တက် ပြန်လှည့်သွားသလို

ထိုပုဂ္ဂိုလ်ကြီးလည်း ကြက်တူရွေးတောင်ပေါ်သို့ လှည့်တက်အသွား၊ အားလုံး မှန်ဝါးဝါးမှ လုံးဝပျောက်ကွယ်သွားလေပြီ။

◈◈◈

မနက်အလင်း အရုဏ်ကျင်းမှာတော့ တောကြက်အုပ်အသံ၊ ဒေါင်းတွန်သံ၊ ကြက်တူရွေးတွေအသံမှအစ ချေဟော်ဒ် တောမျောက်သံတွေ ဆူညံနေပါပြီ။ ကန့်ကူချောင်း၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းမှာ ပေသုံးလေးဆယ်မျှသာ ကွာသလို၊ ကြက်တူရွေးတောင်ဘက်ခြမ်းမှာ ဘာသံမျှ မကြားရ။ ဒီအနောက်ဘက်ခြမ်းမှာတော့ ကျွန်တော်တို့မုဆိုးအကြိုက် သားကောင်အသံတွေ ဆူညံနေသည်က အမှန်။ ကျွန်တော် အရုဏ်ဦးမှာပင် ရွှေသမင်တောင်ခေါ် နတ်မျက်နှာတောင်မကြီးဘက် မျှော်မှန်းရင်း···

"တောင်စောင့် သူတော်ကောင်းအဘိုး၊ ဘိုးတော်တို့···အမှားအယွင်းအတွက် ခွင့်လွှတ်ပေးတော်မူပါ။ ပစ်ခတ်မှု သားကောင်၏ သွေးထွက်သံယို မကြိုက်သည်ကို သိရပါပြီ။ နောင်ဘယ်တော့မှ ဒီကြက်တူရွေးတောင် ဆိုသည့် ရွှေသမင်တောင်အစွယ်မှာ အနှောင့်အယှက်မလုပ်တော့ကြောင်း ကတိပြုပါတယ် ဘိုးဘိုးတို့"

တိုးတိုးလေး ရေရွတ်ပြီး တန်ခိုးထွတ်ခေါင် သမင်တောင်ဆိုသည့် နတ်မျက်နှာတောင်ကြီးအား တိုင်တည်နေခိုက်မှာပင် တင်မြတ်နှင့် ရွာသားလေးတို့ အပြေးရောက်လာ၏။

"ဆရာကျော်···ကျွန်တော်တို့ ညက ပစ်တာ ဆတ်ထီးကြီး၊ ဟောဟို ဝါးရုံအောက်မှာ သေနေပြီ"

"ဗိုင်း···ဗိုင်း"

"မိုးကျော် ဘာကောင်ပစ်တာလဲ"

"ရော်···ချေရတာပ"

ကျွန်တော် လူပျိုကြီး ကိုတင်ထွန်းမျက်နှာပြုံးပြုံးလေးဖြစ်နေမှ အားကြည့်ရင်း ကိုတင်ထွန်းထံမှ ထွက်ပေါ်လာသော အသံကား···

"အင်း···ကျွန်တော်မေ့တာပ။ ရော်···တောင်စောင့်ဘိုးဘိုး ခွင့်လွှတ်တာပအေး"

"နင် သတိမထား၊ တို့ ဝါးခုတ်ရာ ကြက်တူရွေးတောင်မှာ စခန်းချတာနှင်အသိ။ ဘာမှမဖြစ်။ တောင်စောင့် ဘိုးဘိုး စောင့်ရှောက်တာပ"

"ဟုတ်တာပ၊ တောင်စောင့် နတ်ကျား ငန်းမြွေများရှိတာ မေ့တာပ"

တန်ခိုးကြီးသော ရွှေသမင်တောင်ခေါ် နတ်မျက်နှာတောင်နှင့် ကြက်တူရွေးတောင် နယ်မြေကား ယနေ့တိုင် နတ်ကြီးသကဲ့သို့ ကျော်ကြားရှိရုံကြွင်းများကား ထူးခြားအံ့ဩဖွယ် ယနေ့တိုင် တည်ရှိနေဆဲပါတကား■

* * *

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြု၍ စနစ်တကျရှိလုပေစ့။ တောင်ကမ်းပါးရံကို ပတ်၍ ကျောက်များကို ထုခွဲ လမ်းခင်းနေသောနေရာ၌ ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်ကြီးကြပ်နေသည်ကို တွေ့မြင်ရပါလေ၏။

"လူဒကာတွေဆိုရင် နေ့တွက်ခ ပေးရဦးမယ်။ သူ့အိမ်က မိသားစုစားဖို့ စီစဉ်ပေးရဦးမယ်။ ဦးဇင်း၊ ကိုရင်တွေကို တာဝန်ပေးလိုက်တော့ ဝတ္ထုလည်း မလိုတော့ဘူး၊ ဘာကုန်ကျစရိတ်မှလည်း မလိုတော့ပေဘူး ဒကာရဲ့"

သာသနာအတွက် တစ်တပ်တစ်အား ကုသိုလ်ယူလုပ်အားပေးတော်မူကြသော ရဟန်း၊ သံဃာတို့၏ ပရဟိတစိတ်ဓာတ်မှာ အတုယူလေးစား ဂုဏ်ပြုဝမ်းမြောက်ဖွယ်ရာဖြစ်ပါပေ၏။ ထို့နောက ဦးပဉ္စင်းနှစ်ပါးနှင့် စာရေးသူတို့သည် တောင်ထိပ်သို့ ဆက်လက် တက်ရောက်ခဲ့ကြပါသည်။

"မြန်မာပြည်မှာ တရုတ်ပြည်က လာတဲ့ စွယ်တော်များတယ် ဒကာကြီး။ ဒီဟာက သီဟိုဠ်စွယ်တော်၊ ၂၀၀၁ ခုနှစ်က လက်ရှိဆရာတော်က ၁၉၉၉-၂၀၀၀မှာ တက္ကသိုလ်ပညာတော်သင် သွားရင်းနဲ့ ပင့်လာတာ။ ၂၀၁၄ မှာ ဆရာတော်က ဒေါက်တာဘွဲ့ (M.A, PhD) ကို သီရိလင်္ကာနိုင်ငံမှာ သွားယူရမှာဖြစ်တယ်။ ဘုန်းကြီး သီရိလင်္ကာမှာ မဟာဝိဇ္ဇာဘွဲ့အတွက် သွားတက်တော့ ဒကာတစ်ယောက်က စွယ်တော်မွှားကို လာလှူသွားတယ်။ လာလှူတဲ့ညမှာ အိပ်မက်ကောင်း မက်တယ်။ အဲဒါကတော့ စွယ်တော်ကျွဲကြီးကို ဘုန်းကြီးတစ်ပါးတည်း ခေါင်းပေါ် ရွက်လာပြီး မိုင်းသောက်တောရကျောင်းတိုက်ထဲကို ဝင်လာတယ်လို့ အိပ်မက် မက်တယ်။ ဒါနဲ့ စေတီတည်ခိုင်းတာနေမှာပဲ ဆိုပြီး မြောက်ဘက်မှာ ရှိတဲ့ တောင်ကုန်းမှာ သဘာဝရှခင်းကောင်းတဲ့ နေရာကို ရွေးပြီးတော့ စွယ်တော်စေတီကို တည်ဖြစ်ခဲ့တယ်။ ဘုရားတည်တဲ့ လုပ်အားအလှူရှင်တွေကတော့ ရပ်စောက် အင်ကြင်းမြို့ကတောရက ကိုရင်လေးအဖွဲ့ပါ။ အပေါ်စေတီက ထီးမပါ ၂၇ ပေရှိတယ်။ နောက် လပြည့်လောက် ထီးတင်ဖြစ်လိမ့်မယ်။ မှန်လေးမှန် ကိုယ်စားတော်နဲ့ ထီးအတွက် ဒကာအဖြစ် ဦးတိုးနီ+ဒေါ်သန်းရွှေအားရည်စူး၍ ကိုအောင်လွင်တိုး + မကြည်ညွှန့်၊ မိုင်းသောက်မြို့ မြောင်ကြီးရွာမှ ဖြစ်ပါတယ်"

ထို့နောက် စာရေးသူတို့သည် နောက်ထပ် လမ်းကြောင်းတစ်ခုကို ရွေးချယ်၍ ပြန်လည် ဆင်းသက်လာခဲ့ကြပါသည်။ ကျွဲကဲ့သို့ ဝေးလံခေါင်းပါး၍ လူသူအရောက်နည်းပါးသော တောင်ကမ်းပါးရံအထက်တွင် ထူးခြားဆန်းကြယ်စွာဖြင့် လမ်းသုံးထပ် ဖောက်လုပ်ထားသည်ကို တွေ့မြင်ရပါလေ၏။ သံဃာတော်တို့၏ လုပ်အားမှာ အံ့မခန်းရှိလှပေစ့။ ထို့နောက် ဆရာတော်ကြီးနှင့် ပြန်လည်တွေ့ဆုံ၍ လို



www.burmeseclassic.com



အပ်သည်များကို ထပ်ဆင့်ဖြည့်စွက် မိန့်ကြားပြန်ပါလေ၏။

"ကမ္မဋ္ဌာန်း ဝါသနာပါတဲ့ နိုင်ငံခြားသားတွေကိုလည်း တရားပြပေးနေတာ ၁၅နှစ်ရှိပါပြီ။ အမြဲတမ်း အားထုတ်သူတွေ မရှိပေမယ့် စဉ်ဆက်မပြတ် လာကြတယ်။ သိလိုတာတွေကို မေးကြတယ်။ ဘုန်းကြီးအနေနဲ့လည်း ပြည်ပကို သွားပြီးတော့ တရားပြစရာမလိုဘဲနဲ့ ပြည်တွင်းက နေပြီး နိုင်ငံခြားသားတွေကို တရားပြခွင့်ရလို့ ပိုပြီးတော့ ဝမ်းသာကြည်နူးမိပါတယ်။ အခုလောလောဆယ် အမြဲနေတဲ့ ယောဂီ သီလရှင် ၁၀ဦးလောက် ရှိပါတယ်။ ပရိယတ္တိဘက် အားထုတ်တဲ့ သဲယာလည်း ရှစ်ဆယ်လောက် သီတင်းသုံးပြီးနေတယ်။ ပရိယတ္တိဘက်မှာ အခြေခံကနေ စပြီးတော့ ငယ်/လတ်/ကြီး ဓမ္မာစရိယအထိ သင်ကြားပေးနေပါတယ်။ ကဲ - ကျုပ်တို့ ခေတ္တအနားယူရင်း ဆွမ်းစားကြမယ် ဒကာကြီး။ ပြီးမှ ကျန်တာတွေ ဆက်လေ့လာကြတာပေါ့"

အပြန်တွင် အောက်ဆုံးလမ်းမှ ပြန်ဆင်းလာကြရာ ဦးဝိမလမှ လမ်းဘေးတွင် ရှိသော အဆောက်အအုံငယ်တစ်လုံးကို ပြသပေးပါသည်။

"ဒီမှာ သမိုင်းဝင်နေရာတစ်ခု မှတ်တမ်းတင်လိုက်ဦး ဒကာကြီး။ ဆရာတော် အသုဘ ကမ္မဋ္ဌာန်းရှုတဲ့ နေရာပဲ။ အထဲမှာ သဘာဝ လူအရိုးစု ကမ္မဋ္ဌာန်းရှုကွက်ရှိတယ်"

တကယ်ခန္ဓာဗေဒ၊ သတ္တဗေဒအခန်းကြီးထဲ ရောက်ရှိသွားသကဲ့သို့ ခံစားမိပါလေ၏။ ၃၂-ကောဋ္ဌာသ အရိုးစု ကမ္မဋ္ဌာန်းရုပ်အလောင်းကို ပကတိ သဘာဝအတိုင်း တွေ့မြင်ရသည်မှာ ကြက်သီးမွေးညင်းများ ထလျက် အုပ်ကောင်ကို ရုပ်ဆောင်နေပါသော၊ ဘာတစ်ခုမျှ တည်မြဲခြင်းမရှိရပုံကို ထိတ်လန့်ဖွယ်ရာ တရားသဝေ ဖြစ်ပေါ်မိရပါလေ၏။

ဆရာတော်ကျောင်းသို့ ပြန်ရောက်ချိန်တွင် ဦးဝိမလမှ ဆွမ်းစားကျောင်းဆောင်ကြီးကို ပြသပေးပါသည်။

"ဒါက သုံးထပ် ဆွမ်းစားဆောင် ဒကာကြီး၊ မြေအောက် ခြောက်ထဲမှာ နှစ်ထပ်ရှိသေးတယ်။ သုံးထပ်လုံးပါအောင်ရိုက်ဖို့ မဖြစ်နိုင်ဘူး"

သဲယာတော်များသည် တရားနှလုံးသွင်း ဆင်ခြင်၍ အေးချမ်းပြိမ်သက်စွာ ဘုဉ်းပေး သုံးဆောင်တော်မူကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင်မှ တိုက်အုပ်ဆရာတော်၊ စာချဆရာတော်တို့နှင့်အတူ ကိုရင်ငယ်ကလေးများ ဝိုင်းကို ဆွမ်းနှင့် ဆွမ်းဟင်းများကို လိုက်လံ ဖြည့်ဆည်းပေးပုံမှာ စာရေးသူ၏ ရင်တွင်း၌ အထူးကြည်ညိုသဒ္ဓါတရားကို ပွားများစေပါသည်။ ကိုရင်ငယ်များသည် မိမိတို့ကိုယ်တိုင် ချွေးဖြင့် ပေ ၂၀၀၀ ကျော်ကွာဝေးသော ရွာတွင်းသို့ ဆွမ်းခံကြွတော်မူကြရ၍



www.burmeseclassic.com

www.burmeseclassic.com



ရရှိလာသောဆွမ်းကို ကိုယ်ပိုင် သပိတ်တွင်း၌ပင် ရင့်ကျက်သော ဂ္ဂန္ဒြေတို့နှင့်အတူ ကလေးဟူသော အသိစိတ်ဓာတ်မရှိဘဲ ဗုဒ္ဓ၏ သားတော်များဟူသော အသိဖြင့် ငြိမ်သက်စည်းကမ်းရှိစွာ ဘုဉ်းပေး သုံးဆောင်တော်မူကြသည်မှာ ကျောက်နီတောရ စာသင်တိုက်ကြီး၏ ဂုဏ်ကျက်သရေကို ဖော်ကြူးနေသကဲ့သို့ ရှိပါလေ၏။ များပြားလှသော သာမဏေငယ်တို့ ဆွမ်းဟင်းချို့တဲ့စွာ ဘုဉ်းပေးရသည်ကိုလည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ပေါ်မိရပါလေ၏။ သံဃာတော်တို့သည် ဤသည့် စားဖွယ်အမယ်မယ်ကို တင့်တယ်ရုပ်ဆင်း လှုပစေခြင်းအတွက် ဘုဉ်းပေးသုံးဆောင်တော်မူခြင်းမဟုတ်ပါပေဘဲ၊ ဘုရားသာသနာ ကျင့်နှစ်ဖြာကို ကျင့်နိုင်ပါစေ၊ ရပါစေခြင်းနှင့် ဝေနေယျဟောင်း/သစ်တို့ မဖြစ်ပေါ်စေရန်အတွက် နလုံးသွင်းဆင်ခြင်၍ ဘုဉ်းပေး သုံးဆောင်ကြပုံမှာ စာရေးသူ၏ ရင်တွင်းသို့ ကြည်ညိုသဒ္ဓါစိတ်များစွာ တဖွားဖွားပေါ်ပေါက်စေလျက် သံဃာတော်များအား ကြီးမြတ်သော လက်အုပ်ချီမိုး၍ ရှိသေစွာ ထိခြင်းငါးပါးဖြင့် ဦးချကန်တော့မိရပါလေ၏။

သံဃာတော်များ ဆွမ်းဘုဉ်းပေးနေစဉ်အတွင်း စာရေးသူသည် မြောက်ဘက်မှ ဥပုသ်ဇရပ်ဆောင်ပေါ်သို့ တက်ရောက် လေ့လာဖြစ်ပါလေ၏။ ဥပုသ်ဆောင်အထက်တွင် ဘုရားဟော နိပါတ်တော်များကို ရေဆေးပန်းချီကားများဖြင့် သရုပ်ဖော်ထားပါသည်။ ထို့နောက် စာရေးသူသည် ဥပုသ်ဆောင်ဇရပ် ဝရန်တာမှ ကိုယ်တစ်ပိုင်း အပြင်ထွက်၍ မြေအောက်တွင် တည်ထားသော သုံးထပ် ဆွမ်းစားဆောင်အခြေကို ခရာခဲဆစ်ဖြင့် မှတ်တမ်းတတ်ပုံ အမိအရရိုက်ကူးဖြစ်ပါလေ၏။

နံနက်စာ စားသောက်ပြီး ခေတ္တအနားယူ၍ နေ့လယ်ဘက်တွင် တောင်ထိပ် ပထမလမ်းမှ ကျိုက်ထီးရိုးစေတီတော်ကို တက်ရောက်ဖူးမြော်၍ ဓာတ်ပုံမှတ်တမ်းတင်ပါသည်။

"ကျိုက်ထီးရိုးစေတီက မူလဆရာတော်ကြီးလက်ထက်မှာ တည်ထားခဲ့တာ။ ကျောက်တွေကို မိုင်းနဲ့ ခွဲထုတ်တဲ့အချိန်မှာ ကျောက်အလုံးကြီးတစ်လုံးက အလယ်မှာ တည်ကျန်နေတာနဲ့ ကျိုက်ထီးရိုးတည်ဖြစ်သွားတာပဲ ဒကာကြီး"

ဤနေရာသည်လည်း လှုပသော သဘာဝ ပန်းချီကားတစ်ချပ်သဖွယ် သာယာတင့်မောဖွယ်ရာ တည်ရှိပါလေ၏။ အုတ်လှေကား စောင်းတန်းနှင့် တံတားဦးထိပ်တွင် အုတ်ရေကန်တစ်လုံး တည်ဆောက်ထားပါလေ၏။ ထိုမှတစ်ဆင့် ဓမ္မစကြာစေတီနှင့် စွယ်တော်စေတီသို့ ကားလမ်းတစ်ထပ်ထပ်မံ ဖောက်လုပ်လျက်ရှိပါသည်။ အုတ်လှေကားမှ ပြန်





www.burmeseclassic.com

ဆင်းကာ တစ်ဖက် တိုက်အုပ်ဆရာတော်၏ အဆောင်ဘက်သို့ ကူးရာလမ်း၏ နံဘေး တောင်ကမ်းပါးရဲအထက်တွင် ရိုးရာနှုတ်စင်ကို သဘာဝ တောအုပ်နှင့် သစ်ပင်ပန်းမာလာတို့၏ အလယ်တွင် လှပခန့်ညားစွာ တွေ့ မြင်ရပါလေ၏။ နောက်ဆုံး ရိုက်ကွင်းအနေဖြင့် ဆရာတော်ကြီး၏ စံကျောင်းတော်ပေါ်မှာ အဝေး ရှုခင်းဖြစ်ပေသော ရှုခင်းရိုးမတောင်တန်းများ ပတ်လည်ဝန်းရံလျက်ရှိသော အင်းလေးကန် ရှုမျှော်ခင်းအား မှတ်တမ်းတင် ရိုက်ကူးရင်းဖြင့် စာရေးသူသည် ဤမျှမြင့်မား၍ ဝေးလံခေါင်းပါးသော အင်းလေးဒေသ၏ ဘာသာ၊ သာသနာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရေးသူ၏ စာပေရေးဖွဲ့သီကုံးမှု အတတ်ပညာဖြင့် ဘုရားသမိုင်းများအား ပူဇော်ရေးဖွဲ့ခွင့်၊ "ရွှေကျင် နိကာယရတ္တညူ မဟာနာယက ဘဒ္ဒန္တဒေဝိန္ဒာဘိဓဇ"မည်သော မူလ ကျောက်နိတောရ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်နှင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ကြီးမြတ်သော ပူဇော်ပဲ့၊ လက်ရှိဆရာတော်ဘုရားကြီး ဦးစန္ဒောဘာသ-ဓမ္မစရိယ(M.A.PhD) ၏ ပရိယတ္တိ သာသနာဆိုင်ရာ ဆောင်ရွက်ချက်များကို ရေးသား ပူဇော်ခွင့်ရရှိပေမည်ဟူ၍ ဂုဏ်ယူဝမ်းမြောက်မိရပါလေ၏။

အဆွေတော် စာရှုသူများအနေဖြင့်လည်း ကျောက်နိတောရကျောင်းတော်ကြီး၏ ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာတော်ကြီးကို ခိုးမြှင့်ထောက်ပံ့ လှူဒါန်းပူဇော်လိုကြသည်ဆိုရင်ဖြင့် ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေပြိုနယ်၊ ပိုင်းသောက်ပြိုသို့ အရောက်လှမ်းကြွ၍ ဘုရားဖူးလာရောက်ကြပါရန် နိဗ္ဗာန်အကျိုးကို ရည်မှော် နှိုးဆော် တိုက်တွန်းရင်း ဖြင့် ဤစာရေးသူ၏ ညောင်ရွှေမှသည် ကျောက်နီဆီသို့ ဆောင်းပါးကြီးကို နိဂုံးချုပ်အပ်ပါကြောင်း · · · ■

* * *

ဒေဒသုတေသီဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com

လှေဆိပ်မှာ ထူးဆန်းစွာပျောက်သွားသောဆရာတော်နှင့် ထူးဆန်းတဲ့ရေတွင်း

ဦးအောင်စိုး

ဆရာတော် ဦးအုန်းခိုင်မှ ထုံကူးတစ်ဖြစ်လည်းသော အဘိုးရုန်းဘဝနှင့် ဆရာတော် ဦးကောဝိဒတစ်ဖြစ်လဲ ဘဝဆက်စပ်ပုံ သမိုင်းအကျဉ်းလေး ရေးသားပေးပို့ရမည် ဆိုလျှင်. . .

မွန်ပြည်နယ် သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်စပ် အကြားတွင် ရွှေရောင်ပြ တောင်တန်းရှိပါသည်။ ထိုတောင်တန်းသည် မော်လမြိုင်-ရန်ကုန်သွား ကားလမ်းမကြီးနှင့် ခုမိုင်ကျော် ဝေးကွာပါသည်။ သူတော်စင်များ တရားအားထုတ် စရဏအကျင့် ဘဝနာပွားရာ ဆိတ်ငြိမ်အေးချမ်းသော သဘာဝတောတောင်ဖြစ်ပါသည်။ ထိုတောင်ရိုးတွင် ဝတ်ဖြူဝတ် သူတော်စင်တစ်ဦး၊ ပုဂ္ဂိုလ်ထူး ဦးအုန်းခိုင်ဆိုသော ပုဂ္ဂိုလ်ထူးရှိပါသည်။ လူဝတ်လဲ၍ ရဟန်းဘောင်သို့ ကူးလိုက်သဖြင့် ဆရာတော် ဦးအုန်းခိုင်ဘွဲ့အမည်ဖြင့် တရားအလုပ်အားထုတ် သီတင်းသုံးနေပါသည်။

ဘုန်းနောက်ကို လူမလိုက်၊ လူနောက်ကို ဘုန်းကလိုက်နေသဖြင့် နာမည်ကျော်ကြား ရဟန္တာအမည်ကို ဒကာ၊ ဒကာမများမှ အမည်နာမ ဘုန်းရှိန်တပ်ခေါ်ဝေါ်ကြပါသည်။

ဘုန်းရှိန်လည်း တောက်ပသင့်သည့် ရဟန္တာ ဆရာတော် ဦးအုန်းခိုင်သည် မိမိ၏ ဇာတိရပ်ကို မပြောဘဲ အလုပ်သဘောဖြင့် ပြသသည်မှာကား ဘီးလင်းမြို့နယ် ပိုင် မိမိစံကျောင်း ရွှေရောင်ပြ တောင်တန်းမှ မော်လမြိုင်မြို့ထိ နံနက်ဆွမ်းခံကြွပြီး နေ့ဆွမ်းအမီ မိမိသီတင်းသုံးရာ ရွှေရောင်ပြတောင်တော် စံကျောင်းတွင် ဆွမ်းပြန်ဘုဉ်းလေ့ရှိပါသည်။

လူဒကာအများမှ မယုံတစ်ဝက်၊ ယုံတစ်ဝက်၊ ယုံရခက်ကြီးဖြစ်နေချိန် တစ်နေ့မှာ ဆရာတော် ဦးအုန်းခိုင်သည် ရွှေရောင်ပြတောင်မှ ဆွမ်းခံကြွသွားရာ မုတ္တမမြို့မှ သံလွင်မြစ်တစ်ဖက်ကမ်းရှိ မော်လမြိုင်မြို့သို့ ဆွမ်းခံကြွရန် ကူးတို့လေ့ဌက်သမွှာန်ခတ်သော ကုလားဘာဘူထံ သမွှာန်လှေကို တောင်းစီးပါတော့သည်။

ကူးတို့လှေခတ် ကုလား ဘာဘူများမှ ပို့ဆံတောင်းရာ မစီးတော့ဘဲ တစ်စီးပြီး တစ်စီးတောင်း၍ စီးသော်လည်း စီးနင်းခွင့်မရခဲ့ပါ။ အမှတ်မထင် ပျောက်ကွယ်သွားပြီး သမွှာန်သမားများမှ လိုက်ရှာရာတွင် ဆရာတော် ဦးအုန်းခိုင်သည် မုတ္တမမြို့ကို ကျောခိုင်း၍ မော်လမြိုင်မြို့

www.burmeseclassic.com

သို့ ဦးတည်လျက် သပိတ်ပိုက်ကာ သံလွင်မြစ်ရေကြောပေါ်တွင် လမ်းလျှောက်ကြွခဲ့တော်မူသည်ကို သမ္မာန်ခတ်ကုလား ဘာဘူများနှင့် ခရီးသည်များမှ တွေ့ရှိအံ့သြကြပြီး သမ္မာန်ဖြင့် တင်ဆောင်ရန် လိုက်သော်လည်း မမီကြတော့ပါ။ ထိုနေ့ နေ့ဆွမ်းအမီ ရွှေရောင်ပြတောင်ကျောင်းဆောင်တွင် နေ့ဆွမ်းအမီ ဘုဉ်းပေးနေသည်ကို နယ်သူနယ်သားများမှ တကယ်လက်တွေ့ သိရှိလိုက်ရသည့် အတွက် ဘုန်းနောက်ကို လူက လိုက်၍၊ ထိုရွှေရောင်ပြတောင်တွင် ပြည်သူအများ လာရောက်ဖူးမြော်စည်ကားလှသော ရွှေရောင်ပြဖြစ်လာပါသည်။

အနီးအနားရှိ ကျေးရွာများမှ ဆွမ်းစားကြွရန် ဖိတ်ခေါ်လျှင်လည်း ပင့်ဖိတ်သူနှင့်အတူ မလိုက်ဘဲ၊ ပင့်ဖိတ်သူကို ပြန်လွှတ်လိုက်သည်။ ပင့်ဖိတ်သူများ မြင်းလှည်း၊ နွားလှည်းဖြင့် အိမ်ပြန်ရာ ဆရာတော် ဦးအုန်းခိုင်သည် ပင့်ဖိတ်သူ၏ နေအိမ်တွင် အလျင်ရောက်ကာ ဆွမ်းဘုဉ်းပေးနေသည်ကို တွေ့ရသည်။

ဆရာတော် ဦးအုန်းခိုင်သည် ရွှေရောင်ပြတောင်တွင် တရားထိုင်ရန် ဂူတစ်လုံးရှိပြီး ထိုဂူထဲတွင် တရားထိုင်လေ့ရှိပါသည်။ (ယခုထိ ထိုင်သော ဂူရှိပြီး၊ ဆရာတော်၏ ရာဇဝင်မှတ်တမ်း ပန်းချီကားချပ်များ၊ သမိုင်းပုံများ ရှိနေပါသည်။) ဆရာတော် ဦးအုန်းခိုင်သည် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ရက်၊ နံနက် ၈နာရီတွင် ထွက်ရပ်ပေါက် ပျံလွန်တော်မူ၍ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်မှုပြုရာတွင် ပေါက်ကွဲသော အသံကြီးတစ်ခုမီးတွေကြားမှ ပေါက်ကွဲသံထွက်ခဲ့ရာ တောတစ်တောင်းတောသံတွေ ဟိန်းပြီး ဥမိုင်ကျော်ဝေးသော ကားလမ်းမကြီးမှ ပေါက်ကွဲသံကို ကြားရပါသည်။ မီးကြားမှ ရုပ်ကလာပ်မှာလည်း ပျောက်ကွယ်သွားခဲ့ပါသည်။ ကြည်ညိုကြသူ မြို့နယ်ပေါင်းစုံ ဒကာ၊ ဒကာမ ပြည်သူများမှ လွမ်းတသသဖြစ်နေသည်မှာ ယခုတိုင် ဖြစ်ပါသည်။ ဤသည်ကား ဆရာတော် ဦးအုန်းခိုင် တစ်ဖြစ်လဲ ဘဝ တစ်ခု ကူးပြောင်းမှု ဖြစ်ပါသည်။ ထို အဖြစ်အပျက်ကို ရှေးလူကြီးများနှင့် မိခဲ့သော လူကြီးများလည်း ရှိပါသည်။

ဆရာတော် ဦးအုန်းခိုင်မှ တစ်ဖြစ်လဲဘဝ ဦးဘိုးရုန်း (အဘိုးရုန်း)ကို ဆက်ပါဦးအုံ့။

သထုံမြို့နယ် ကျိုက္ကော်ကျေးရွာတွင် မူလတန်းကျောင်းအုပ်ဆရာကြီး 'ဦးကောက်ပု'ဆိုသူ ရှိပါသည်။ ထိုဆရာကြီးသည် ညနေ ကျောင်းဆင်းပြီးသည်နှင့် ဝတ်ဖြူကို လဲပြီး ရွာလုံးပေါက်၊ မြို့လုံးပေါက် ကြိမ်လုံးအနီတစ်ချောင်းကို ကိုင်ပြီး 'ဝိဇ္ဇာကွ'ဆိုလျက် လူတွေ့ နေမှထိုင်မှ စရိုက်အဆိုးတွေပယ်ဖို့၊ သူတော်စင်အလုပ်ကို လုပ်ကြံဖို့ အရှုးစခန်းဖွင့် လိုက်လံဆော်ဩပေးသော ဝိဇ္ဇာလမ်းကြောင်း ပုဂ္ဂိုလ်တစ်ဦးရှိခဲ့ပါသည်။

၁၉၇၃-၇၄ခုနှစ်တွင် ပဲခူးမြို့တွင် နေထိုင်သော ဦးထွန်းဝေဆိုသူက ရန်ကုန်မြို့ ဖဆပလရပ်ကွက်တွင် နေထိုင်သော (အဘိုးရုန်း)ဆိုသော သူတော်စင် ပုဂ္ဂိုလ်တစ်ဦးကို ကြည်ညိုကြသူ တပည့်များနှင့် ကျိုက္ကော်ကျေးရွာ ဘုရားထီးလမ်းနေ ဝိဇ္ဇာဆရာကြီး ဦးကောက်ပု နေအိမ်သို့ ပင့်ဆောင်လာကြပါသည်။

အဘိုးရုန်းဆိုသော သူတော်စင်ပုဂ္ဂိုလ်သည် တစ်ညလုံး မအိပ်ဘဲ နှုတ်ပါးစပ်မှ နားမလည်သောစကား(ဘင်္ဂလီနာဂလီ)စကားတွေ့၊ နားမလည်နိုင်သော စကားတွေကို တစ်ညလုံး ပြောဆိုနေသည်ကို ကြားရပါသည်။ နံနက်မိုးလင်းတော့ ကြားရတဲ့ စကားတွေကို ဝိဇ္ဇာဆရာကြီး ဦးကောက်ပု၏ မြေး ဦးသိုက်ထွန်းတို့မှ ပြောပါသည်။ (ဦးသိုက်ထွန်းဆိုသူမှာ ယခုအသက် ၅၁နှစ်ရှိပြီး အတွေ့အကြုံကို တင်ပြသူဖြစ်ပါသည်။) အဘိုးရုန်းက "အဘိုးညက စကားပြောနေတာ သိုက်ထဲက ပုဂ္ဂိုလ်တွေပေါ့"ဟု ပြောပါသည်။ အဘိုးကို လာပြီးကန်တော့ကြသည်ဟု ပြောပါသည်။ ဆက်လက်ပြီး မေးတော့မှ အဘိုးရုန်းက မင်းတို့ နယ်မြေ ရွှေရောင်ပြတောင်မှ ရေပေါ်မှာ လမ်းလျှောက်ပြတဲ့ ဆရာတော် ဦးအုန်းခိုင်ကို ကြားဖူးသလားဟု မေးပါသည်။ ထိုအခါကျမှ ဆရာတော် ဦးအုန်းခိုင်ကို မိကြတဲ့သူများမှ အဘိုးရုန်းသည် ဆရာတော် ဦးအုန်းခိုင်နှင့် တစ်ထပ်တည်းတူကြောင်း ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါကျမှ အဘိုးဟာ ဆရာတော် ဦးအုန်းခိုင်ပဲဟု ပြောပါသည်။ ချက်ချင်း အဆီတွေကို အိုးထဲမှာထည့် ကျိုခိုင်ပြီး ပွက်ပွက်ဆူနေတဲ့ ဆီတွေကို လက်နှစ်ဖက်နှင့် နှိုက်ပြီး ရောဂါရှိတဲ့လူတွေကို လိမ်းကျံပေးပါသည်။ လိမ်းကျံခံရသူများမှာ ဆိမပူဘဲ ရောဂါပျောက်သွားကြပါသည်။ (ထိုအဖြစ်ကို ယခု စာရေးသူ ကျွန်တော်လည်း တွေ့ကြုံခဲ့ရပါသည်။)

အဖိုးရုန်းက အိမ်ရှင်ဆရာကြီး ဦးကောက်ပုအား စေးမှ ဘယဆေးဆိုင် (ဦးဖေကြည်၏ဆိုင် ယခုရှိပါသည်) တွင် ပြဒါး ၃ကျပ်သား ဝယ်ခိုင်းပြီး၊ သူပါးစပ်ထဲသို့ ပစ်ထည့်လိုက်ပြီး ကြည့်နေသူများလက်ကို ဖြန့်စေ၍ ထွေးထုတ်လိုက်ရာ ဓာတ်လုံးတွေ ဖြစ်သွားပါသည်။

အဖြူရောင် ထိုဓာတ်လုံးကို စီးကရက်ရောင်ခံပြားပေါ်တွင် ရောဂါရှိသောနေရာကို ပွက်လျှက် အလွန်ပူပါသည်။ ရောင်ခံ ခဲပြားမှ ပြာဖြစ်ပြီး၊ ရောဂါများ ပျောက်သည်ကိုလည်း တွေ့ရှိရပါသည်။

ထိုစီးကရက်အတွင်း ခဲပြားကို မီးရှို့ကြည့်လျှင် အပြင်စက္ကူသာ မီးလောင်ပြီး ခဲစက္ကူမှာ မီးမလောင်ပါ။ (စံရေးသူလည်း လက်တွေ့ကြုံတွေ့ခဲ့ရပါသည်) အဘိုးရုန်းက ဆက်လက်ပြောသည်မှာ "အဘိုး ဆရာတော် ဦးအုန်းခိုင်ဘဝကနေတဲ့ ရွှေရောင်ပြတောင်မှ လှမ်းကြည့်လိုက်ရင် ၄မိုင်ခန့်အကွာ ကမာဆိုင်ရွာဆိုတာ ရှိတယ်။ အဘိုးမျက်စိတစ်မှိတ်နဲ့ သွားရောက်ပြီး ရွှေရောင်ပြတောင်မှ ဘုရားကို ဆီမီးသွားရောက် ပူဇော်တယ်။ အဲဒီ ကမာဆိုင်ရွာမှာ ရေတွင်း ၃တွင်းရှိတယ်။ အဘိုးသွားမယ်၊ လိုက်ခဲ့ကြ"ဆိုၿ သိလိုသူများမှာ လိုက်ပါသွားကြသည်။ ကြိုးနှင့် ရေပုံးများ ယူသွားကြပါသည်။ ရေကို ခပ်ခိုင်းသည်။ ရေတွင်းများမှာ ရေပုံးကြိုးမမိကြပါ။ အဖိုးရုန်းက သစ်ရွက်တစ်ရွက်ခူးပြီး အင်းချ၍ ရေတွင်းထဲသို့ ပစ်ချလိုက်ရာ ရေတဖြည်းဖြည်းတက်လာကာ ရေကို ခပ်ယူ၍ ရပါသည်။ ၎င်းရေကို မျက်နှာသစ်သူက တစ်မျိုး၊ သောက်သုံးသူက တစ်ဖုံ၊ ပုလင်းပုံမှား ထည့်ကြပြီး အဆောင်အဖြစ်ယူကြသည်။

အဘိုးရုန်းက ရေတွင်း ၃တွင်းအကြောင်းကို ဆက်ပြောပါသည်။ ထိုရေတွင်းမှာ အဖိုးရုန်း ရဟန်းဘဝနဲ့ နေခဲ့ကြောင်း၊ သူရဲ့ ဆရာအရှင်ထွက်သွားသော ဦးပဒုမနဲ့အတူ ဒီနေရာမှာ တရားအားထုတ်ကြောင်း၊ ရေတွင်း ၃ တွင်းကို ဘယ်လို စီရင်ထားကြောင်း၊ ဘုရားအတွက် ဌာပနာပစ္စည်းတွေ ရှိကြောင်း၊ မည်သူမှ ယူ၍မရကြောင်း၊ သာသနာပြု ပုဂ္ဂိုလ်မှသာ ရယူနိုင်ကြောင်းပြောပါသည်။

ထိုအချိန်မှာ ဆံဖြူ သွားကျိုးနေသော အဖိုးအို တစ်ယောက်ကို မြင်တော့ အဘိုးရုန်းက 'ဟိုမှာ လျှောက်လာတဲ့လူကို ခေါ်လိုက်စမ်း'ဟု ခေါ်ခိုင်း၍ ထိုအဖိုးအို အဘိုးရုန်း အနားရောက်တော့ 'မင်းဟာ မောင်ဖြူ မဟုတ်လား' မေးတော့ အဖိုးအိုက 'ဟုတ်ပါကြောင်း'ကို ပြန်ပြောသည်။

အဘိုးရုန်းက 'မင်း ငါ့ကို သိသလား။ ငါဟာ မုံရဲ့ဆရာပဲ'လို့ ပြောတော့ ဦးဖြူဆိုတဲ့ အဖိုးကြီးဟာ အဘိုးရုန်းခြေကို ဖက်ပြီး ငိုပါတော့သည်။ ဒီတော့မှ အဘိုးရုန်းက 'မင်းနဲ့ ငါ ခွဲခွာခဲ့တာ အနှစ် ၇၀ရှိပြီ။ တစ်ချိန်တုန်းက မင်းဟာ ဘုန်းကြီးကျောင်းသားအရွယ် ၇နှစ်သားပဲ ရှိသေးတာပဲ'ဟု ပြောသည်။

အဘိုးရုန်းက ကျွှေကွော်မှ ရန်ကုန်နေရပ်သို့ ပြန်သွားသည်။ သူ့အိမ်ရာ အိပ်ခန်းမှ အိပ်ရာကို တပည့်သားသမီးတွေက ဖျောက်ပစ်ထား၍ အဘိုးရုန်းလည်း စိတ်မကောင်းဖြစ်ပြီး တပည့်တွေကို မနောနဲ့ခေါ်ပြီး 'ဒီည ငါထွက်တော့မယ်။ မင်းတို့ ငါ့အခေါင်းကို စောင့်ပြီး အိပ်ကြ။ ဆေးတော် ၃လုံးထည့်ထားတယ်။ ငါ ပြန်လာခဲ့မယ်'ဆို၍ အခေါင်းထဲ ဝင်ပြီး ပိတ်လိုက်သည်။ မကြာခင် အခေါင်းဘေးကို လူပုတ်လိုက်သောအသံကို ကြားပြီး 'ငါ အသက် ၁၀၀၀ရှည်အောင် နေပြီးမှ မင်းတို့ထံ ပြန်ခဲ့မယ်'ဆိုသော အသံကြီးကို ကြားလိုက်ရသည်။ အခေါင်းထဲမှ မီးရှူးတန်းကြီးလည်း အရှေ့ဘက်အရပ်သို့ ထွက်သွားပါသည်။ ဤသည်ကား ဆရာတော် ဦးအုန်းခိုင်မှ အဘိုးရုန်းဘဝ၏ တစ်ဖြစ်လဲသွားသော ထုံကူးဘဝဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ထုံကူးသောဘဝမှာကား အဘိုးရုန်းရှိစဉ်က ကျိုက္ကော်ကျေးရွာမှ ဆရာကြီး ဦးကောက်ပုက ဒွိစုံသင်္ကန်းတစ်စုံကို ၁၃၀၀ကျပ်ဖြင့် မော်လမြိုင်မှ ဝယ်၍ ကပ်လှူခဲ့ဖူးပါသည်။ တတိယဘဝမှာကား ပြည်သူအများကြားတွင် ကျော်ကြားသော ရဟန်းတစ်ပါးပေါ် ပေါက်ခဲ့ဖူးပါသည်။ ထိုရဟန်းသည် အဘိုးရုန်းနှင့် ဆရာတော် ဦးအုန်းခိုင် ရုပ်ချင်းတူ၊ အသံချင်းတူ၊ အရပ်အမောင်းတူပြီး၊ အဘိုးရုန်းကဲ့သို့ ရွှေရောင်ဝင်းသော အသားအရေရှိပါသည်။ ဆရာကြီး ဦးကောက်ပု လှူဒါန်းလိုက်သောသင်္ကန်းကို ဝတ်ရုံထားသည်ကို တွေ့ရပါသည်။ ထိုရဟန်းမှာ အဘိုးရုန်းမှ တစ်ဘဝထုံကူးသော ဆရာတော် ဦးကောဝိဒပင် ဖြစ်ပေသည်။

ထိုအကြောင်းအရာများကို ရှာဖွေတင်ပြပေးသူမှာ ဆရာကြီး ဦးကောက်ပု၏ မြေးအကြီးဖြစ်သူ အသက် ၅၂နှစ်ရှိ ဦးသိုက်ထွန်းပင် ဖြစ်သည်။ ရှေ့နောက် မိခဲ့သော အဘိုး၏ မှတ်တမ်းများမှ ထုတ်နုတ်မှီငြမ်း၍ တင်ပြခြင်း ဖြစ်ပါသည်။ ဦးသိုက်ထွန်းပြောဆိုချက်အရ ရေတွင်း ၃ တွင်းရှိရာနေရာသို့ လိုက်ပါသွားကြပြီး၊ ထိုရေတွင်းကို မှတ်တမ်းဓာတ်ပုံရိုက်ခြင်း၊ တွင်းနီးရှိ ဘုန်းတော်ကြီးအား ထပ်ဆင့်မှီငြမ်း သတင်းပေးခြင်း၊ ထိုဘုန်းကြီးကျောင်းမှ ဆရာတော်ကလည်း ကျွန်တော် မှခင်းသတင်းထောက် ဦးအောင်စိုးအား ခက်ခဲနက်နဲသော ရေတွင်းထဲမှ ရေကို ရေပုံးဖြင့် ခပ်ယူပြီး စွန့်လွှတ်ပေးအပ်ခြင်းဓာတ်ပုံကိုလည်း မှတ်တမ်းတင်ရိုက်ခဲ့ပါသည်။ ထိုရေ၏ အကျိုးအာနိသင်ကား သုံးစွဲသူတိုင်း ကျန်းမာချမ်းသာ၍ သောကကင်းဝေးပြီး ရောဂါဘယများရှိပါက ပျောက်ကင်းပါကြောင်း သိရှိရပါသည်။

*****

ဦးအောင်စိုး

☞ နှစ်ဟောင်းနှုတ်ဆက်၊ နှစ်သစ်ကြိုဆို အထူးအစီအစဉ် ☜

* ငွေ(ပိုက်ဆံ) အမြန်ရရှိလိုသူများနှင့် ဝင်ငွေအမြန်ဆုံး တိုးတက်ရရှိလိုသူများအတွက် မည်သည့်အဟော/မည်သည့်ယတြာအစီအရင်မျိုးတွင်မဆို၊ ဓဏ်ဝင်ချက်ချင်းကောင်း၊ ဝင်ငွေ(၃)ဆတိုး လမ်းညွှန်ကို အခမဲ့ လက်ဆောင်ထည့်ပေးမည်။
* ဆိုင်လုပ်ငန်းအမျိုးမျိုး၊ ဆေးခန်း၊ တည်းခိုခန်း၊ ဘဲသို့ နေ့စဉ်ဝင်ငွေရသော လုပ်ငန်းမျိုးအတွက်၊ နေ့စဉ်ဓဏ်ဝင်လာဘ်ရွှင်အဆင်ပြေကံကောင်း လမ်းညွှန်ကို၊ မည်သည့်အဟော၊ မည်သည့်ယတြာအစီအရင်မျိုးတွင်မဆို (အခမဲ့) လက်ဆောင်အဖြစ် ထည့်ပေးမည်။
* (၁)နှစ်စာ ဂြိုဟ်ပြေ၊ နံပြေယတြာလည်း လမ်းညွှန်ပေးမည်။ (အခမဲ့)လက်ဆောင်။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)
(လက္ခဏာဗေဒင်ပညာသုတေသီ)

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
☎ - ၀၁-၅၈၆၇၀၄၊ 📱 - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄

ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေဖော် စာရေးဆရာများ ဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ပိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက···

"လာ···ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေး အတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ၊ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ နည်းနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ် အဖန် ချုပ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျရောဂါဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရွှဲရွှဲစိုဖြစ်ပြီး ယားတတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ သွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ-ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ···

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား**ကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်မျှားမှာ ဝယ်ယူသောက်လိုက်ပါ။ **ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား**ဟာ ဆီးချိရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန် ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ ဆရာ ဦးလှိုင်မြင့်က ကြက်လည်ဆံ ဆီးဆေးထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ ဆရာ ဦးလှိုင်မြင့်ရှိတဲ့ **ကန္တရဝတီဆေးတိုက်**ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ **ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့။ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည် · · · ကိန္နရီ · · ·တဲ့ဗျ။**

ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်
အိမှတ် (၇၄၁)၊ မနသိန္ဓိလမ်း၊ (ဂ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၄၀၃၇၉

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတိုများ

၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ

အိုးတောရွာတွင်းမှ ပေါက်ကွဲသံ

မြင်ရခြင်းနဲ့ မမြင်ရခြင်းကြားက အလွှာပါးပါးလေးဟာ လူတွေရဲ့ စိတ်နလုံးဆိုရင် နေ့စဉ် မြင်တွေ့နေကျ လူတွေ ကြောက်ဖို့ သတိမရဘဲ၊ မမြင်ရတဲ့ တစ္ဆေတွေကိုသာ ကမ္ဘာအဆုံးထိ ချောက်ချားနေဦးမှာပဲ။ တစ်ချိန်ချိန် တစ်နေရာရာမှာ တစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ကာ တစ်ခုခုအတွက် မင်းကို တွေ့ချင်တယ်ဆိုရင်တောင် တစ်ခါလောက် လက်ခံတွေ့ဆုံကြည့်လိုက်ပါ။

မြန်မာတွေ ယုံကြည်လေ့ရှိတာ တစ်ခုရှိပါတယ်။ ကံနိမ့်နေရင် သရဲ အခြောက်ခံရတယ်တဲ့။ တချို့ကျတော့လည်း တရားတွေ ဘာတွေ ထိုင်နေတုန်း သရဲတွေ ဘာတွေနဲ့ တွေ့ရတတ်တယ်ဆိုပဲ။ တကယ်တော့ စိတ်ပိုင်းဆိုင်ရာအရ ကြည့်မယ်ဆိုရင် လူတစ်ယောက် ကံနိမ့်နေတာဟာ စိတ်ကယောက်ကယက်ဖြစ်နေခြင်း၊ စိတ်ဓာတ်အင်အား နိမ့်ကျနေခြင်းမျိုး ဖြစ်နေတတ်ပါတယ်။ တရားထိုင်တာမျိုးကျတော့ စိတ်အရမ်းကြည်လင်နေခြင်းမျိုးပေါ့။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အဲဒီ နှစ်ခြင်းလုံးဟာ ပြင်ပ လှိုင်းဂယက်တွေကို လက်ခံဖို့ အကောင်းဆုံးအခြင်းပါပဲ။ လျှပ်စစ်သဘောနဲ့ပဲ ပြန်စဉ်းစားမယ်ဆိုရင် အပြင်လျှပ်စစ်လှိုင်းတွေကို လက်ခံဖို့အတွက် ကိုယ့်မှာ Receiver ကောင်းကောင်းရှိနေခြင်းတွေပဲ ဖြစ်ပါတယ်။

ဟုတ်တယ်၊ ကျွန်တော်တွေ့ခဲ့ဖူးသော တစ္ဆေသရဲအကြောင်း ပြောရမယ်ဆိုရင် လွန်ခဲ့သော ၁၀နှစ်ကျော် ၁၂နှစ်ခန့်၊ ၂၀၀၀ ခုနှစ်လောက်ကပါ။ ကျွန်တော်ဘဝ၊ ကျွန်တော် ကဗျာ၊ ကျွန်တော် ဖြစ်သန်းခဲ့သော 'အနုပညာသက်တမ်းတစ်လျှောက်မှာ ကျွန်တော့်ရဲ့ ပထမဦးဆုံး ဖော်ပြခံရတဲ့ ကဗျာခေါင်းစဉ်က "တစ္ဆေ"။ ချယ်ရီမဂ္ဂဇင်း ၂၀၀၀ ခုနှစ်၊ ဧပြီလထုတ်မှာ။ ပြီးတော့ ကဗျာဆရာမကြီး ကြည်အေးရဲ့ "တစ္ဆေ" ကဗျာနဲ့ ပတ်သက်လို့လည်း ကျွန်တော်တဝကို တစ္ဆေခြောက်ခဲ့လိုက်ရသလို၊ ကဗျာတစ္ဆေနဲ့ စတင်တွေ့တယ်ဆိုမလား။ ကျွန်တော်ဘဝ၊ ကျွန်တော်ကဗျာ၊ ကျွန်တော်ဖြတ်သန်းခဲ့ဖူးသော အနုပညာသက်တမ်း တစ်လျှောက်မှာ ပထမဦးဆုံး တရားထိုင်ခြင်းကို စိတ်ပါလက်ပါနဲ့ လုပ်ကြည့်ပါတယ်။ အဲဒီ တရားထိုင်ခြင်းကို မှတ်မှတ်ရရ ပြောရလျှင် သာစည်လှိုင် ဇာတ်သဘင် ခေါင်းဆောင်မင်းသား နေလင်းဟိန်းနဲ့အတူ မနက်ခင်း စောစောအိပ်မက် မက်ခဲ့ပြီး နေ့လယ်စာ စားသောက်ပြီးသောအခါပေါ့။ လက်ဖက်ရည်သောက်ဖို့ ကျောက်ပန်းတောင်းမြို့ကလေးထဲ လျှောက်လည်၊ ဇာတ်သမားဘဝအဖြစ် ညနေခင်း နားနားနေနေ ဘုရားမှ ဘုန်းကြီးကျောင်းသို့ လမ်းလျှောက်ရင်း ဘုရားတစ်ဆူမှာ တရားထိုင်ခြင်းကပဲ စတင်တယ် ဆိုရမလားဘဲ။

စိတ်ဓာတ်အင်အား နိမ့်ကျနေခြင်းဟာ မုန့်တိုင်းတိုက်ခါနီးအချိန်လိုပါပဲ။ ကိုယ့်မှာ စိတ်ရဲ့ လေဖိအားနည်းရပ်ဝန်းရှိနေတဲ့အခါ ပြင်ပ စိတ်လှိုင်းဂယက်တွေရဲ့ ရိုက်ခတ် ထိရောက်မှုကို ပြင်းထန်စွာ ခံရတတ်ပါတယ်။ အဲဒီ လာရိုက်ခတ်တဲ့ စိတ်လှိုင်းတွေကလည်း သေခါနီးလူတွေ ကျန်ခဲ့တဲ့ စိတ်လှိုင်းတွေ အများအားဖြင့် ဖြစ်နေတတ်တော့ ကိုယ့်အတွက် သရဲခြောက်ခံရသလို ဖြစ်တော့တာပေါ့။ လူတွေ သေခါနီး ကြုံခဲ့ရတဲ့ မြင်ကွင်းတွေ၊ ခံစားခဲ့ရတဲ့ ခံစားမှုမျိုးတွေကို ကိုယ်စိတ်က သွားပြီး မြင်သိ ခံစားရတာမျိုးကို သရဲခြောက်ခံရတယ်လို့ ခေါ်တတ်ကြတာပါပဲ။ တရားထိုင်သူလိုမျိုး စိတ်တည်ငြိမ်နေတဲ့အခါကျတော့လည်း ပြင်ပ အာရုံစိတ်လှိုင်းတွေကို အလွယ်တကူ လက်ခံ ရရှိနိုင်ပြန်ပါတယ်။ အဲဒီလို ကျွန်တော်တို့ အများဆုံး ကြုံတတ်တာကတော့ ကိုယ့်ကို နောက်ဘက်က တစ်ဦးဦး လှမ်းကြည့်နေတဲ့ အခါမျိုး၊ လှမ်းခေါ်လိုက်သလိုမျိုး အလိုလိုသိပြီး ဖျတ်ခနဲ လှည့်ကြည့်မိတတ်ကြတာမျိုးပါပဲ။ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ၊ တစ်ယောက်ယောက်က တစ်ခုခုအတွက် မင်းကို တွေ့ချင်တယ် ဆိုရင်တောင် တစ်ခါလောက် လက်ခံ တွေ့ဆုံကြည့်လိုက်ပါဆိုသလို၊ အဲဒီနေ့ အဖြစ်အပျက်ကလေးကို ဇာတ်မင်းသား နေလင်းဟိန်း ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ဖေဖော်ဝါရီနေ့ ရန်ကုန်ရောက်လာခိုက်မှာ ပြန်လည်တမ်းတ အမှတ်တရပြောပြဖြစ်သေးတယ်။

◈◈◈

ကျောက်ပန်းတောင်းမြို့လယ်၊ ဘုရားတစ်ဆူမှာ တရားထိုင်ပြီး ဘုန်းကြီးကျောင်း ရောက်သွားတဲ့အခါမှာ ဇာတ်မင်းသား၊ ဇာတ်မင်းသမီး၊ မင်းသမီးအမေအပါအဝင် ကျွန်တော်နှင့် ယဉ်ယဉ်ကျေးကျေး ကျောက်ပန်းတောင်းမြို့သူတစ်ယောက် ဆရာတော်ရဲ့ ရှေ့မှောက်မှာ ရှိသေလေးစားစွာ ထိုင်နေမိတယ်။ ယဉ်ယဉ်ကျေးကျေးနဲ့ အမျိုးသမီးငယ်က သူ တွေ့ကြုံခဲ့ရတဲ့ ဒုက္ခအခက်အခဲတွေကို ဇာတ်မင်းသမီးကို ပြောပြနေပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ထိုယဉ်ယဉ်ကျေးကျေး အမျိုးသမီးငယ်နဲ့အတူ သရဲခေါ်လို့ရသလို၊ တစ္ဆေလို့လည်း ခေါ်လို့ရတဲ့၊ ပြိတ္တာလည်း ခေါ်တဲ့ ဝိညာဉ်ပါလာပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ တရားထိုင်နေတဲ့အချိန် ယဉ်ယဉ်ကျေးကျေး အမျိုးသမီးငယ်နဲ့အတူ ဘုရားကို ရောက်လာပါသတဲ့။ ဇာတ်မင်းသား တရားထိုင်နေလို့ မိတ်မဆက်၊ နှုတ်မဆက်ဖြစ်ခဲ့တာပါတဲ့။ အမျိုးသမီးငယ်နဲ့ အတူပါလာတဲ့ ဝိညာဉ်က ကျွန်တော်တို့ ဇာတ်သမားတွေ့

www.burmeseclassic.com

www.burmeseclassic.com

စကားပြောချင် ဆိုပဲ။ မထင်မှတ်၊ မမျှော်လင့်ဘဲ ကျွန်တော်တို့ လက်ခံတွေ့ဆုံ စကားပြောဖြစ်ခဲ့ပါတယ်။

ထူးခြားသွားတာကတော့ ယဉ်ယဉ်ကျေးကျေး အမျိုးသမီးငယ်ရဲ့ နဂိုအသားအရေ ဖြူဖြူဝင်းဝင်းကလေးနဲ့ ယဉ်ကျေးနှနယ် လှပ ချောမောမှု ကလေးတွေ ပျောက်ကွယ်သွားပြီး အဘွားအို ရုပ် ပေါက်လာပါတယ်။ ကျွန်တော်ကတော့ တစ္ဆေ သရဲ အကြောက်အလန့် မရှိသူဆိုတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။ ဝိညာဉ်က သူ့ရဲ့ အဖြစ်အပျက်တွေ ပြောပြပါတယ်။

◈◈◈

ကျွန်မက ရုပ်ပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့ကပါ။ ကံအကြောင်းမလှလို့ လွန်ခဲ့တဲ့ တစ်နှစ်လောက်က မကွေးမြို့က အပြန် ဒေါင်းသေချောင်း အနီးမှာ ကားမောက်ပြီး သေဆုံးခဲ့ရတယ်။ ကျွန်မရုပ်အလောင်းကို ဒီကျောက်ပန်းတောင်း သယ်လာပြီး သင်္ဂြိုလ်လိုက်တော့ ကျွန်မလည်း ဒီကျောက်ပန်းတောင်းမှာပဲ သောင်တင်နေရတာပေါ့ရှင်။ ဒီလိုနဲ့ ကျွန်မ ပြိတ္တာဘဝမှာ အခုခန္ဓာကိုယ်ပိုင်ရှင် အမျိုးသမီးငယ်ကို အကြီးအကျယ် ခုက္ခပေးမိတာပေါ့။ ဒီမိန်းကလေးက အရမ်းတော်ပါတယ်။ ဘာသာတရားကိုင်းရှိုင်းတယ်။ အလုပ်ကို ပုံမှန်လုပ်တယ်။ အိမ်က မိဘတွေကို ပြုစုစောင့်ရှောက်တယ်။ သူ့ရဲ့ အားနည်းချက်ကို ယူပြီး ကျွန်မ အကြီးအကျယ် ခုက္ခပေးမိတာပေါ့။ ဒါပေမယ့် ဒီမိန်းကလေးက ကျွန်မကို ဗုဒ္ဓဘာသာတရားကို ဟောတယ်။ တိပ်ခွေနဲ့ ဖမ်းယူထားတာ ၃၆ ခွေတောင် ရတယ်။ သုံးရက်တိတိ ဟောတာပေါ့ရှင်။ ကျွန်မလည်း တရားရပြီး ဒီမိန်းကလေးရဲ့ ကောင်းမှုကြောင့် အခုကောင်းတဲ့ဘက်ကို ရတော့မှာပါ။ ဒါမှမဟုတ်၊ လူ့ဘဝထဲကို ပြန်ဝင်လို့ ရပြီလေ။ ကျွန်မကို မွေးစားမယ့်သူတောင် ရှိနေပြီ။ မနေ့ညတုန်းက ဇာတ်လာကြည့်သေးတယ်။ မင်းသမီးကိုတောင် နောက်ခဲ့သေးတယ်။ မင်းသမီးကြောက်လန့်သွားတယ် မဟုတ်လား။ ကဲ - ကျွန်မ တွေ့ဆုံခွင့်ရတဲ့အတွက် ကျေးဇူးပါ။ ပြန်ထွက်တော့မယ်နော်"

ယဉ်ယဉ်ကျေးကျေး အမျိုးသမီးငယ်ဟာ ပုံမှန် ပြန်ဖြစ်လာပြီး အစောက ရုပ်သံဝဲဝဲအသံ ပျောက်ပြီး ယဉ်ယဉ်ကျေးကျေး စကားဆိုပါတယ်။ ကျွန်တော်ကတော့ အလွန်အံ့သြသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမဦးဆုံး အတွေ့အကြုံကြောင့်လေ။ အခု ကျွန်တော်တို့ တွေ့တာက တရားထိုင်ပြီးအချိန်ဖြစ်လို့ ကောင်းတဲ့ စိတ်လှိုင်းဂယက်တိုက်ခတ်မှု ဖြစ်သွားတာပါ။ အဲဒီ စိတ်လှိုင်းတွေဟာလည်း ခဲယှက်တဲ့ လူအလိုက် ရောက်ရှိတတ်သလို၊ မကောင်းတဲ့ စိတ်လှိုင်းတွေကို လက်ခံပွားများနေရင်တော့ မကောင်းတဲ့ စိတ်လှိုင်းဂယက် ရိုက်ခတ်မှုတွေ ရောက်ရှိလာတတ်တာပေါ့။ ဒါကြောင့် ကံနိမ့်တာလိုမျိုး မကောင်းတဲ့ စိတ်အတွေးတွေ ဖိစီးနေချိန်မျိုးမှာ မကောင်းတဲ့ စိတ်လှိုင်းဂယက် ရိုက်ခတ်မှုတွေဖြစ်တဲ့ သရဲခြောက်ခံရတာဟာ ကျွန်တော့်ရဲ့ စိတ်လှိုင်း ရိုက်ခတ်မှုမှာ မကောင်းမှုတွေ ပါနေလို့ ဆိုရမလား။ ခြောက်လှန့်မှု မခံခဲ့ရသလို၊ ထို ရုပ်းအမျိုးသမီးရဲ့ ဝိညာဉ်ဟာလည်း ကောင်းမှုတက် ပါတဲ့ စိတ်လှိုင်း ရိုက်ခတ်မှုတွေ ပါ,ပါတယ်။ ရုပ်းအမျိုးသမီး သေဆုံးကွယ်လွန်လို့ ဆွမ်းသွတ် အမျှအတန်းဝေပြီး ကောင်းမှုဘက်ရောက်အောင် ဆွဲခေါ်ခဲ့တဲ့ ယဉ်ယဉ်ကျေးကျေး အမျိုးသမီးငယ်ကို ကျေးဇူးတင်မိပါတယ်။

◈◈◈

တလွဲ့ လွဲ့ ဖြစ်နေသော ကျွန်တော့်ရဲ့ စိတ်ဝိညာဉ်ကို ကြိုးစားပြီး ပြန်စုစည်းလိုက်ပါတယ်။

"လုပ်စမ်း . . . သစ္စာ၊ မင်း ဒီလောက်ကလေးကို သူရဲဘောကြောင်နေရင် တစ်ဘဝလုံး ရင်ဆိုင်ယှဉ်ပြိုင်နေရမယ့် လူ့လောက အခက်အခဲတွေကို ဘယ်လိုကျော်သွားမလဲ"

ကျွန်တော် အဲဒီလို ကိုယ့်ကိုယ်ကို ရဲစိတ်မွေးပြီး အတန်ကြာအောင် ရွံ့တွန့်သော ခြေလှမ်းများအား စတင် လှုပ်ရှားလိုက်ပါတယ်။

"သရဲဆိုတာ လူလောက်ကြောက်စရာ မကောင်းဘူးကွ မောင်သစ္စာရ။ လူယုတ်မာဆိုတာပဲ ရှိတယ်။ သရဲတွေ လိမ်တာ၊ ကောက်တာ၊ ဆိုးညစ်တာ ကြားဖူးလား ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လောကမှာ ကြောက်စရာ အကောင်းဆုံးက တစ္ဆေပါ်နှင်ဆောင်ထားတဲ့ လူပဲ"

ဟုတ်တာပေါ့။ ဆရာကြီး ဦးမြင့်နိုင် ဒီလိုမျိုး ကျွန်တော့်ကို ပြောဖူးတဲ့ စကားတောင် ရှိသေးတာ။ ကျွန်တော် ဖတ်ဖူး၊ မှတ်ဖူးတဲ့ စာအုပ်တွေ၊ ကျွန်တော်ကြည့်ဖူးခဲ့တဲ့ နိုင်ငံခြား ဇာတ်ကားတွေထဲမှာလည်း သရဲ တစ္ဆေတွေဟာ သူတို့အကုသိုလ်ကံအလျောက် ကြောက်စရာ ပုံသဏ္ဌာန်တွေ ဖြစ်နေတာ။ လူတွေကို မြင်မှ ထူးခြားပြီး လုပ်ပြတာ မဟုတ်ဘူးတဲ့။ တစ်ခုပဲ၊ တော်ပြတ် ဆင်းရဲပြီး ဒုက္ခမီးတွင်းထဲ လောင်မြိုက်ခံနေရလို့ လူကို မြင်ရင် အကူအညီလေးများ ရနိုးနိုး၊ စားစရာ လေးများ ကျွေးနိုးနိုးနဲ့ သူတို့ရှိကြောင်း ပြပြီး အသနားခံ တောင်းခံတတ်ကြတယ်တဲ့။ ဒါကြောင့် ကျွန်တော့်မှာ ကြောက်ရွံ့မှုဆိုတာ မရှိတာပါ။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကာလက ရောဝတီတိုင်း၊ ရေကြည်မြို့နယ်၊ ပန်းတောကြို့ကုန်းကျေးရွာ ဘုရားပွဲတော်မှာ ဂဠိဟရဆန်ဆန် အဖြစ်အပျက်လေး တွေ့ကြုံခဲ့ရတယ်။ တော်တော်ထူးဆန်းပါတယ်။ ဘာလဲဆိုတော့ ရန်ကုန်၊ လှိုင်သာယာမြို့နယ်မှာ ရှိတဲ့ ဇာတ်သဘင်အဖွဲ့ကို ဖှားရမ်းထားတော့ ပန်းတောကြို့ကုန်းကျေးရွာအနီးရှိ ကျေးရွာများ၊ ရေကြည်မြို့နှင့် ငါးသိုင်းချောင်းမြို့နေ ဇာတ်ပွဲ ဝါသနာရှင် ပြည်သူတွေ လာကြည့်ကြပါတယ်။ ပန်းတောကြို့ကုန်း ဘုရားပွဲတော် ဒုတိယညမှာ ဇာတ်မင်းသမီးချောလေး ဝေလှိုင်ဦးက အိန္ဒိယမြွေအကနဲ့ စတိတ်ရှိုး စတင်ထွက်ပါတယ်။ ပထမ စပြီး က,တုန်းကတော့ ရိုးရိုးသာမန် မြွေအကလေးပါ။ တဖြည်းဖြည်း အိန္ဒိယမြွေအက ပီပီပြင်ပြင်ဖြစ်လာပါတယ်။ အိန္ဒိယမြွေအကလေးက ၁၅ မိနစ်ကျော်လာတဲ့အခါ အားနဲ့တဲ့ မင်းသမီးလေးတစ်ဦး အမောဖောက်ပြီး လဲကျသွားပါတယ်။ ဒုတိယတစ်ဦးလည်း ငုတ်တုတ်ကလေး ထိုင်နေတော့တယ်။ အိန္ဒိယမြွေအကကို ဇာတ်မင်းသမီး ငါးယောက်စလုံး က,ရင်းကနေ နှစ်ယောက်က ရိုးရိုးသာမန် မောလို့ ကျန်တဲ့ သုံးယောက်က ဆက်လက် က,နေတုန်း ဇာတ်မင်းသမီးရဲ့ ကတ္တီပါ ကားလိပ်ကြီး ချလိုက်ပါတယ်။ အိန္ဒိယမြွေအကတော့ မပြီးသေးပါ။

အဲဒီအချိန်မှာ ခေါင်းဆောင် မင်းသမီးချော ဝေလှိုင်ဦး၊ ဒုတိယ မင်းသမီး ဗန္ဓုလနှင့် ဇာတ်မင်းသမီး တစ်ဦးတို့ဆီက အသံတွေ ထွက်လာကာ "ကားလိပ်တွေ မချပါနဲ့၊ ကျွန်မတို့ ပရိသတ်ကို ဆက် ကပြချင်လို့ပါ" လို့ မြွေသံပါ မြန်မာစကားနဲ့ ပြောနေတဲ့အချိန်၊ ကျွန်တော်က စတိတ်သမားကားလိပ်ဆွဲရာ ဇာတ်ခုံပေါ် ရောက်နေပြီ။ မင်းသမီးသုံးဦး ၅မိနစ်လောက် မြွေအက က,လို့အပြီး မြွေတွန့်သံနဲ့ အတူ မင်းသမီး သုံးဦးစလုံး ဇာတ်ခုံမှာ အလူးအလိမ်ဖြစ်နေတော့တယ်။ ပထမဦးဆုံး ဗန္ဓုလ ဆိုတဲ့ မင်းသမီးက ကိုယ်ခန္ဓာ အားကောင်းတော့ သတိပြန်လည်လာပါတယ်။ ကျန်တဲ့ ခေါင်းဆောင်မင်းသမီးနဲ့ မင်းသမီးငယ်လေးကတော့ မြွေဝင်ပူးတာ မကျွတ်မလွတ်သေး။ ဝိုင်းပါ၊ ကူပါ၊ ကယ်ကြပါ ဆိုပြီး ပူညံ ပွက်လောရိုက်သွားပါတယ်။ ပို ဆိုးတာက ဇာတ်သဘင်မှ မိုက်ခ်နှင့် ဆောင်းဘောက်စ်ကြောင့်လည်း ပါတာပေါ့။ မင်းသမီးနှစ်ယောက်မှာ ကျွတ်လွတ်သွားပြန်တော့ ပရိသတ်တွေကို ဝင်ပူးပြန်ရော။ အဲဒီနေ့က မြွေဝင်ပူးခံနေရသူကို မေးတော့...

"ကျွန်မ မ,ကရတာ ၁၀နှစ်ကျော်ပြီ။ နွားနို့နဲ့ ပေါက်ပေါက် မစားရတာ တစ်နှစ်ကျော်ပြီ။ အခု အကပြီးပြီး။ ဒါပေမယ့် ကျွန်မတို့ကို နွားနို့နဲ့ ပေါက်ပေါက်ကျွေးပါ။ ချက်ချင်း အေးအေးဆေးဆေး ထွက်သွားပါ့မယ်"

လို့ ပြောတယ်။ နွားနို့နဲ့ ပေါက်ပေါက် ရှာဖွေကျွေးမွေးလိုက်တော့ မြွေမင်းသမီးတွေ ထွက်ခွာသွားပါတယ်။

တကယ်တော့ မြွေဝင်ပူး က,ပြသွားတာဟာ ဇာတ်သမားတစ်ဦးနဲ့ ကျေးရွာသူတချို့ရဲ့ တလွဲတချော်လုပ်မှုကြောင့်ပါ။ ဘာကြောင့်လဲဆိုတော့ ပန်းတောကြို့ကုန်းရွာရှိ တာဝတိံသာဘုရားကြီးမှာ ရှိတဲ့ နဂါးသိုက်မှာ ပွဲထိုးထားတဲ့ အုန်းငှက်ပျောပွဲကို ဇာတ်ထဲယူပြီး ပွဲထိုးလိုက်လို့ပါ။ အများအယူင်းကြောင့် အဲဒီညဟာ တစ်ရွာလုံး တစ္ဆေအခြောက်ခံလိုက်ရသလို အကြောက်ကြောက် အလန့်လန့်ဖြစ်သွားပါတယ်။ ကျွန်တော်ကတော့ ယမကာလေး မှီဝဲထားတော့ အကြောက်တရားမရှိဘဲ ဇာတ်ခုံနောက်ကျော သစ်ပင်အုပ်အောက် မှောင်မှောင်မဲမဲ သွားလာခဲ့ပါသေးတယ်။ ကျွန်တော့်တာ၀၊ ကျွန်တော့်ကဗျာ၊ ကျွန်တော် ဖြတ်သန်းခဲ့သော အနုပညာသက်တမ်းတစ်လျှောက်မှာ ကျွန်တော် တွေ့ခဲ့ဖူးသော တစ္ဆေ သရဲတွေဆိုလို့ ရှုမ်းအမျိုးသမီးနဲ့ မြွေမင်းသမီးပါပဲ။ ကျွန်တော့်အတွက် ခွန်အားရှိသော အတွေးများက ဇင်ရောက် လွှမ်းမိုး စေ့ဆော်ပေးကြလို့ ကျွန်တော့်ရဲ့ ခြေလှမ်းတွေက အတော် ခရီးရောက်သွားပါတယ်။ တဖြန်းဖြန်း ထောင်ထလာသော ကြက်သီးမွေးညင်းတွေကို လက်နဲ့ ပွတ်သတ်ပြီး လွတ်ထွက်ချင်နေသောစိတ်ကို အကြိတ်

www.burmeseclassic.com

www.burmeseclassic.com

တင်းစုကာ ထားလိုက်တဲ့ယ်။ ဆက်သွား၊ မကြောက်နဲ့၊ ဘာမှမဖြစ်ဘူး ဆိုပြီး ကိုယ့်ဘာသာ စိတ်တင်းပြီး ဆက်လျှောက်တော့ ခြေလှမ်းတွေက မှန်ကန်လာပါတယ်။ စိတ်တစ်ခွေ မခြောက်တော့ဘူးပေါ့။

◈◈◈

ကျွန်တော်တို့ မမြင်နိုင်ပေမယ့် လူရဲ့ ခန္ဓာကိုယ်ပေါ်မှာ စိတ်လှိုင်း ဝိညာဉ်တွေဟာ အလွှာအထပ်တွေ အဖြစ် ဖွဲ့စည်းထားကြပါတယ်။ ကျွန်တော့်ဘဝမှာ ခံယူထားတာက တော့ သရဲခြောက်တာ မဟုတ်ပါဘူး။ လူပ်ရှားပေါက်ကွဲနေတဲ့ စိတ်ရဲ့ လှိုင်းဂယက်တွေကြောင့် ဖြစ်လာရတာပါ။ ဒါပေမယ့် လူတစ်ယောက်ရဲ့ စိတ်ဟာ ဘယ်လိုအခြေအနေမျိုးမှာ ခံနိုင်ရည်ရဲ့ အဆုံးစွန်ထိ ရောက်သွားတတ်ပါသလဲ။ စိတ်ဟာ တစ္ဆေနဲ့ တူပါတယ်။ အဲဒီမှာ ကပ်ငြိနေတဲ့ စိတ်တစ္ဆေတွေရဲ့ ရိုက်ခတ်မှုကို ခံရတဲ့အခါ သရဲခြောက်ခံရတယ်လို့ ပြောကြတာပါပဲ။ အဲဒီနေရာတွေမှာ ကပ်ငြိနေတဲ့ စိတ်လှိုင်းတွေအတိုင်း မြင်ကွင်းတွေကို မြင်ရတာမျိုး၊ ဆိုးရွားတဲ့ ခံစားမှုတွေကို ခံစားရတာမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် အဲဒါတွေဟာ အပြင်မှာ တကယ်ဖြစ်နေတာ မဟုတ်ဘဲ၊ ကိုယ့်စိတ်ကသာ မြင်ယောင် ထင်ယောင်နေတာဖြစ်ပါတယ်။ ဒါကြောင့် တချို့က မြင်ပေမယ့်၊ တချို့က မမြင်ရတာပါ။ အဲဒီနေရာမှာ ကပ်ငြိနေတဲ့ လှိုင်းဂယက်ကို ခံယူရရှိသူကသာ မြင်တယ်လို့ ထင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်က ခံယူရရှိနိုင်မယ့် အခြေအနေမရှိသူ ဆိုတော့ ဘယ်လောက်ပဲ သရဲစီးတယ်ဆိုတဲ့ နေရာသွားသွား ဘာမှမဖြစ်ခဲ့ပါဘူး။ တကယ်တော့ လောကကြီးထဲက အဖြစ်အပျက်တွေဟာ မြင်ရတဲ့အတိုင်း အမှန်လို့လည်း ပြောလို့ မရပါဘူး။

ကျွန်တော့်ဘဝမှာ တွေ့ခဲ့ခဲ့ရသော တကယ်ဖြစ်ရပ်မှန်ကို ခံစားရေးဖွဲ့ပါတယ်။ ကျွန်တော်သာ တစ္ဆေတစ်ကောင်ဖြစ်ခဲ့မယ်ဆိုလျှင် သင်ယုံမလား ■

* * *

ဒေါက်တာသန္တာ(ယဉ်းခေါင်)

၁၈၇၉ - ခုနှစ်မှစ၍ ကလေးဆေးများသာ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော

ဆရာဘိန်းဆရာလှဆေးတိုက်



ကလေးဆေးဆို မေးမနေနဲ့

ဆရာဘိန်း-ဆရာလှ ကလေးဆေးကို သတိရပါ

ပင်ရင်း - အမှတ် ၈၁၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၅၃၅၅၀၄၊ ၀၉ ၇၃၀ ၉၉၀၁၉

၇/ဥဘုတ(နိုင်) (၂၄၈၇) www.facebook.com/sayarbain

ကလေးများ၏ ချွဲသပေါ်ရောဂါနှင့် သူငယ်နာရောဂါ အမြစ်ပြတ်ပျောက်ကင်းပို့လျှင် -
သင်၏ကလေး ငယ်ဆန္နာ-ကျဖဟုံးတဲ့ - တစ်ညလုံး ကွဲပဲ့ကြွက်ကြွက်ညည် - ငကွေးပိတ်လန် ပြန်ငအော် ရင်
ဆရာဘိန်း-ဆရာလှ ကလေးဆေးတိုက်ကို သတိရပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ပေါက်စေသော ဂါထာ

ဆရာဝေယံဦး

စာရေးသူ၏ ရန်ကုင်းတိုက်ခန်းရှေ့က ဗေဒင်ဟောခန်းတွင် စာရေးသူသည် ၂၀၁၃ ခု၊ မတ်လထုတ် ဂဇ္ဇီရဆန်းကြယ်မဂ္ဂဇင်းကို ဖတ်ရှုနေစဉ်...

"ဆရာ...ဆရာ"

"ဟာ...သမီး၊ လာ"

ပဲခူးမြို့က စုမြတ်မွန်ဆိုသော ကောင်မလေး ဖြစ်ပါသည်။

"ဆရာပေးထားတဲ့ လိပ်စာအတိုင်း မေးမြန်းလာခဲ့ရတယ်။ အခုလည်း ဆရာ ဝေယံဦးဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတော့ ဝမ်းသာသွားတယ်"

"ဘယ်ကနေ ဘယ်လို..."

"သမီးသူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ကို လာတာ။ ကျောင်းနေဖက် သူငယ်ချင်းဆိုတော့ ဖုန်းဆက်ခေါ်လို့ လာရတာ။ နွေရာသီဆိုတော့ ပူအိုက်နေတာပဲ"

"နေဦး၊ ဒီ ကြားမှတ်တိုင်နားက ကြံရည်မှာလိုက်ဦးမယ်။ ဆရာလည်း သောက်ချင်တယ်။ ခဏနော်"

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူလည်း ကြိုရည်နှစ်ခွက်ပြေးမှာပြီး ပြန်လာပါသည်။

"ဒါနဲ့ သမီးသူငယ်ချင်း ကျောင်းဆရာမလေး အေးဝေဝေ ခိုင်ရော နေကောင်းကြရဲ့လား။ သူကတောင် ပြောသေးတယ်။ ဆရာ့ဆီ ဝင်သွားပါဦးတဲ့"

"အင်း···ပဲခူးမရောက်တာ အတော်ကြာပြီ။ ဟိုလေ ဥဿာမြို့ ဦးကျောင်းတိုက်မှာ သီတင်းသုံးတဲ့ ဦးဇင်းကြီး အရှင်ဝိမလရော ကျန်းမာရေးကောင်းရဲ့လား မသိဘူး။ ဆရာ့ဆီ ဖုန်းမဆက်တာလည်း ကြာပြီ"

"နေကောင်းပါတယ်။ သမီးတို့ မြန်နွာလမ်းထဲ ဆွမ်းခံကြွတယ်။ သမီးလည်း ဆွမ်းလောင်းတယ်။ နေကောင်းတဲ့ ပုံစံပဲ။ အသက်ကြီးတော့ တလှုပ်လှုပ်တော့ ရှိမှာပေါ့။ ဆရာတို့က သိနေကြတယ်နော်"

"ဒီနားက အထက(၁) ရန်ကင်းမှာ ကျောင်းအတူတက်တဲ့ သူငယ်ချင်းပဲ။ လူနာမည်က မောင်မောင်လတ်တဲ့။ အသက် ၅၈ နှစ်မှာ ပဲခူးမှာ ရဟန်းခံတယ်။ ဆရာလည်း နောက်မှ သိရတယ်။ အဲဒါနဲ့ ပဲခူးရောက်ဖြစ်တာ သမီးရဲ့။ အဲဒီကနေ သမီးတို့နဲ့ ခင်မင်ခွင့်ရလာတာပဲ။ ဒါနဲ့ သမီးရော ဘုရားတွေ ဘာတွေ မှန်မှန်ရှိခိုးရဲ့လား။ ရှိခိုးနော်"

"ဟာ···ရှိခိုးပါတယ် ဆရာရဲ့။ သမီးက ပဌာန်းကို နေ့စဉ် မနက်နဲ့ ညပိုင်း ရွတ်ဖတ်တယ်"

"သတိပေးချင်လို့ မေးတာပါ။ ဒီခေတ်က ဘုရားမှန်မှန် ရှိခိုးဖို့ထက် တီဗွီကြည့်ဖို့က များနေကြတယ် မဟုတ်လား"

"ဟုတ်တယ် ဆရာ။ လူတွေက အလုပ်နဲ့ အချိန် မကွဲပြားတာက ပိုဆိုးတယ်။ လုပ်သင့်တာတော့ လုပ်ရမယ်လေ"

"ဟုတ်တယ်၊ ဆရာ့ရဲ့ ဆရာပြောတဲ့ ဆောင်ပုဒ်လေး တစ်ခုရှိတယ်။

စိတ်လည်းပြင်၊ ရုပ်လည်းပြင်ကြပါ။
နေဖို့လည်း ပြင်၊ သေဖို့လည်း ပြင်ကြပါ။
စီးပွားလည်းရှာ၊ တရားလည်း ရှာကြပါ။
စီးပွားရှာရာမှာ လောဘနှင့် မရှာဘဲ
သစ္စါနှင့် ရှာကြစို့။
ဘုရားလည်း မှန်မှန်ရှိခိုးကြစို့ - တဲ့။

သမီး စဉ်းစားကြည့်လေ။ ဂါထာတွေ၊ ပရိတ်တွေ၊ ဂုဏ်တော်တွေ ရွတ်ပွားတာပဲ ကြည့်။ လူတွေက အကျိုးလိုလို ညောင်ရေလောင်းတယ်။ ပြီးတော့ ခု ရေတွင်းတူး ခု ရေကြည်သောက်ချင်သူတွေက ခပ်များများရယ်။ အစွမ်းထက်တဲ့ ဂါထာဆိုရင် ဟိုက လိုချင်၊ ဒီက လိုချင်ကြတယ်။ ပြီးတော့ သုံးလေးရက် တစ်ပတ်နဲ့ အလကားပါ၊ ဘာမှလည်း ဖြစ်မလာဘူးဆိုပြီး ဆက်မလုပ်တော့ဘူး"

"မဂ္ဂင်းတွေထဲမှာတော့ ဂါထာတွေက ခပ်များများရယ်။ ဒါနဲ့ သမီးလည်း ပဌာန်းကို ရွတ်ဖြစ်သွားတယ်"

"သမီး···ထိထိုးလား"

"ထိုးတယ်။ တစ်ကြိမ်မှ မပေါက်ဖူးဘူး"

"အဲဒီအတွက် ဂါထာလိုချင်လား"

"လိုချင်တယ် ဆရာ"

"ဆရာ···ဆရာ"

"ဟာ···လိုင်ဖြိုးဝေပါလား"

စာရေးသူ၏ တပည့်မ လိုင်ဖြိုးဝေဖြစ်ပါသည်။

"ကဲ - သမီးတို့ကို မိတ်ဆက်ပေးရဦးမယ်။ ဒါက စုမြတ်မွန်တဲ့။ ပဲခူးကပဲ သမီး။ သမီး စုမြတ်မွန်ကလည်း မှတ်ထား။ ဒါက ဆရာ့တပည့်မ လိုင်ဖြိုးဝေပဲ။ ဒီရန်ကုန်မှာ နေတယ်။ ကုမ္ပဏီမှာ အလုပ်လုပ်တယ်။ သမီးလိုပဲ ဘွဲ့ရပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ် မမလိုင်ဖြိုးဝေ"

"တွေ့ရတာ ဝမ်းသာပါတယ် ညီမလေး။ ဒါနဲ့ ပဲခူးက လာတာဆိုတော့ ဗေဒင်ပညာလာသင်တာလား"

"မဟုတ်ပါဘူး မမ။ အလည်သက်သက်ပါ"

"ထီပေါက်စေတဲ့ ဂါထာအကြောင်းပြောရင်း လိုင်ဖြိုးဝေ ရောက်လာလို့ စကားရပ်သွားတာ"

"အဲဒီ ဂါထာက စွမ်းတယ်။ မမလည်း ထီပေါက်ဖူးတယ်။ ဆရာက နှစ်ကြိမ်ပေါက်ဖူးတယ်။ ဆုသေးလေးတွေ။ အတိတ်က ကုသိုလ်ကံ မပေးသေးတော့ ဒီလောက်ပဲ ရတယ်။ ညီမလေးကို မေးကြည့်မယ်။ ကံလေးမျိုးကို သိလား"

"သိတယ် မမ။ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံပါ မမ"

"အဲဒီကံလေးမျိုးထဲက အာစိဏ္ဏကံ ဆိုတာရော သိလား"

"နေ့စဉ်ပြုတဲ့ ကံပါ မမ။ အကုသိုလ်ကံ၊ ကုသိုလ်ကံတွေ နေ့စဉ်ပြုတာပါ မမ"

"အာစိဏ္ဏကံကို ဘယ်ဘဝမှာ ပြုလုပ်လို့ ရလဲ"

"နေ့စဉ်ပြုတဲ့ ကံမို့လို့ ယခု ပစ္စုပ္ပန်ဘဝမှာ ပြုတာမျိုးပါ မမ"

"စုမြတ်မွန်က အတော်သိနေတာပဲ။ ဒါဆိုရင် ကာမ

www.burmeseclassic.com

www.burmeseclassic.com

ဇော ဂုကြိမ်၊ ဇော ဂုတန်ဆိုတာရော သိလား"

"ကြားဖူးတယ် မမ။ ဘာမှန်းတော့ မသိဘူး"

"ဒါဆိုရင် မမပြောပြမယ်။ အဘိဓမ္မာသင်တန်းတက်ရင် ဝီထိပိုင်းဆိုတာ သင်ရတယ်။ စက္ခုဒ္ဒါရဝီထိစိတ် အစဉ်တန်းပဲ။ အဲဒါက ဘုရားရှင်ဟောကြားလို့ သိရတာ။ အဲဒီထဲက ကာမဇော ဂုကြိမ်ဖြစ်တယ်။ စစချင်း ဇောကို ပထမဇောလို့ ခေါ်တယ်။ နောက်ဆုံးဇောကို သတ္တမဇောလို့ ခေါ်တယ်။ အလယ်က ဇောငါးခုကို အလယ်ဇောငါးချက်ခေါ်တယ်။ ရှင်းလား ညီမလေး။

အဲဒီဇောတွေထဲမှာ ပထမဇောက အခု ပစ္စုပ္ပန်မှာ အကျိုးပေးတယ်။ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးတယ်။ အခုတဝင်ပြီး နောက်ဘဝပေါ့။ အလယ်ဇောငါးချက်က တတိယဘဝကနေ နိဗ္ဗာန်အထိ အကျိုးပေးတယ်။ ဒါရော မှတ်မိပြီလား။

"ဟုတ်ကဲ့ပါ မမ"

"ဒါဆိုရင် ဒီဇောတွေကို အားချိန်ပြီး ကြည့်ရအောင်။ ပထမဇောက အားနည်းတယ်။ သတ္တမဇောက အားကြီးတယ်။ အလယ်ဇော ငါးခုက အားအသင့်အတင့်။ အားကြီးတယ်လည်း မဟုတ်၊ အားနည်းတယ်လည်း မဟုတ်။ အားအသင့်အတင့်လို့ ဆိုရမယ်။ မမပြောချင်တာက ပထမဇောပဲ။ ယခု ပစ္စုပ္ပန်ဘဝမှာ အကျိုးပေးပြီး အားနည်းတဲ့ သဘောရှိနေတာမို့ ဂါထာတွေ၊ ပရိတ်တွေ၊ ဂုဏ်တော်တွေ ရွတ်ဖွားရင် နေ့စဉ်ပြုရတယ်။ တစ်လတန်၊ နှစ်လတန်အောင် မဟုတ်ဘူး။ နှစ်နဲ့ချီပြီး ရွတ်ဖွားရတယ်။ အဲဒါမှ အာစိဏ္ဏက်ဖြစ်မယ်။ ရွတ်ဖန်များတော့ ကုသိုလ်တွေက နည်းနည်းနည်းနည်းနဲ့ အစိုင်အခဲဖြစ်လာပြီး ကောင်းတဲ့ အကျိုးတွေ ရတတ်တယ်။ နေ့စဉ် ဘုရားကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်တာတို့၊ သံဃာတော်တွေကို နေ့စဉ် ဆွမ်းလောင်းတာတို့၊ ဒါတွေဟာ နေ့စဉ်ပြုတဲ့ အာစိဏ္ဏက်တွေပဲလေ။ ညီမလေးက ပဌာန်းရွတ်ရင် နေ့စဉ်မပျက် ရွတ်ပါ။ ကြာလာလေ ကောင်းလေ၊ ကောင်းတဲ့ အကျိုးပေးသန်လာလေပဲ"

"မမပြောတာ သဘောပေါက်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်"

"စျေးရောင်းမကောင်းတဲ့ အဒေါ်ကြီးဆိုရင် သမ္မာဒ္ဒေဂါထာကို ရွတ်တာ နှစ်နဲ့ ချီ ကြာပြီးမှ အကျိုးပေးသန်လာတော့ စျေးရောင်းကောင်းပြီး ချမ်းသာသွားတဲ့ သာဓက ရှိဖူးတယ်။ ဖြူးပြီးက ဒေါ်ကုလားမကလည်း နေ့စဉ် နေအိမ်က ဘုရားကို ဆွမ်းကပ်တာ နတ်ပြည်မှာ ဘုံဗိမာန်ကြီးပေါက်နေတယ်တဲ့။ သူက နေ့စဉ် ဆွမ်းကပ်တာ နှစ်၃၀ ကြာခဲ့တယ်တဲ့။ အဲဒါကြောင့် ပဌာန်းရွတ်ရင်လည်း စွဲစွဲမြဲမြဲရွတ်ပါ။ ဘဝအေးချမ်းပြီး အန္တရာယ်ကင်းဝေးလို့ အောင်ပြင်နိုင်ပါတယ်"

"အင်း... သမီး လိုင်ဖြူးဇေက ပြောပြလိုက်တော့ ဆရာ့အဖို့ သက်သာသွားတယ်"

"ဒါနဲ့ ထီပေါက်စေတဲ့ ဂါထာပေးဦးလေ"

"ဩ...အေး ရော့...ဒီအရွက်ယူသွား။ ဒါက မိတ္တူကူးထားတာ။ လိုချင်တဲ့သူတွေရှိရင် ပေးရအောင်လို့။ အဓိပ္ပာယ်ပါ ရေးထားတယ်"

"ဒါဆိုရင် သမီးပြန်ဦးမယ်။ မမလိုင်ဖြူးဇေကိုလည်း ကျေးဇူးတင်ပါတယ်"

သမီး စုမြတ်မွန်သည် စာရေးသူတို့အား နှုတ်ဆက်ရင်း ပြန်သွားပါတော့သည်။

◈◈◈

ဂုဏ်ရဆန်းကြယ် စာဖတ်ပရိသတ်ကြီးအတွက်လည်း ထီပေါက်စေသော ဂါထာတော်ကို ဖော်ပြပေးလိုက်ပါသည်။

ထီပေါက်စေသော ဂါထာ

တေ တဂ္ဂ ဘိက္ခဝေ၊ မမ သာဝကာနံ ဘိက္ခူနံ ပထမံ၊
သလာကံ ဂဏှန္တာ ယဒိ
ဧတေန သစ္စေ ဝဋ္ဋေန ဇေမေ ဟောတု သဗ္ဗဒါ။

အနက်

ရဟန်းတို့...ငါဘုရား၏ တပည့်သာဝကဖြစ်သော ပင် ပထမတန်း စာရေးတံကို ယူကုန်သော (ဝါ) ရကုန်သော ရဟန်းတို့တွင် အကြင်ကုဏ္ဍဇာနော ရဟန်းတော်မြတ်သည် ရှိ၏။ ငါဘုရား၏ တပည့်သာဝကဖြစ်ကုန်သော ပထမတန်းစာရေးတံကို ယူကုန်သော ရဟန်းတို့တွင် ကုဏ္ဍဇာနော ရဟန်းသည် အသာဆုံး၊ အမြတ်ဆုံးဖြစ်၏။ ဤသစ္စာစကားကြောင့် အကျွန်ုပ်သည် အခါခပ်သိမ်းဖြစ်ပါစေသတည်း။

* * *

ဆရာဝေယံဦး

မှီငြမ်း

- **ဓမ္မဒူတ အရှင်ပညာဝရ၏ ကံလေးမျိုး တရားတော်း**

www.burmeseclassic.com

www.burmeseclassic.com

ရွှေထွန်းဇံ (ရွှေလော်ကား)

စားတတ်လျှင် ဆေး၊ မစားတတ်လျှင် ဘေး

လူတို့ နေ့စဉ် စားသောက်နေကြသော အစာ အာဟာရ တို့သည် ဆေးကိုလည်း ဖြစ်စေသလို၊ တစ်ခါတစ်ရံ အဆိပ်ကိုလည်း ဖြစ်စေတတ်၏။ စားနေကျ သင့်လျော်သော အစားအစာတို့ကို စားသည်ရှိသော် အကျိုးပြု၍ ဆေးဖြစ်စေ၏။ စားနေကျမဟုတ်သော အစားအစာတစ်ခုကို အခြား စားရောတစ်ခုနှင့် ရောနှောချက်ပြုတ် စားသောက်သောအခါ ဘဝ မတည့်စာများဖြစ်နေ၍ လူကို အဆိပ်ဖြစ်တတ်၏။ အဆိပ်ဖြစ်သောအခါ မူးဝေခြင်း၊ ချွေးစေးထွက်ခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်း၊ သေခြင်းတို့ ဖြစ်တတ်၏။ ထိုကဲ့သို့ တွဲဖက်မစားကောင်းသော အစားအစာတို့ကို မစားမိကြစေရန် ရေးသားဖော်ပြပေးလိုက်ပါသည်။

- ပို့နှင့် ယုန်သား ရောချက်၍ မစားအပ်။
- မုန်လာဥနှင့် မတ်ပဲ ရောချက်၍ မစားအပ်။
- ဝက်ဆီနှင့် ဗို့ငါးအောက်သား ရောချက်၍ မစားအပ်။
- ဘူးသီးနှင့် ကျေးငှက်သား ရောချက်၍ မစားအပ်။
- နို့မျိုးနှင့် အချဉ်မျိုး၊ နို့မျိုးနှင့် ပို့၊ နို့မျိုးနှင့် ငါးမျိုး ရောချက်၍ မစားအပ်။
- ခိုသားနှင့် မုန်ညင်းဆီ ကြော်ချက်၍ မစားအပ်။
- ကြောင်လျှာသီး စပါးကြီးပြွေသား ရောချက်၍ မစားအပ်။
- အသားခြောက်နှင့် ဟင်းရွက်ခြောက်၊ မုန်လာဥ ထိုသုံးပါးစပ်၍ မစားအပ်။
- ဆိတ်သားနှင့် ဆူးပန်းရွက်ကို ချက်မစားအပ်။
- အသားအချင်းချင်း ရောချက်၍ မစားအပ်။
- ငှက်ပျောသီးကို နို့မျိုးနှင့် ရောချက်မစားအပ်။
- ငါးချက်သော ဟင်းအိုးနှင့် ပျားရည်၊ ပိတ်ချင်းရွက် တို့ကို ချက်၍ မစားအပ်။
- နို့ချဉ်နှင့် ကြက်သား မစားအပ်ဟူ၍ သိရှိရပါသည်။

တစ်ခါတစ်ရံ ဓာတ်မတည့်စာကို စားမိ၍ အဆိပ်ဖြစ်သည်ဟု ထင်လျှင် စားပြီးစ အစာသစ်အိမ်တွင် အစာရှိနိုက် ဖြစ်လျှင် အန်ဆေးတိုက်ရမည်။ အစာဟောင်းအိမ်သို့ ရောက်ရှိလွန်းလျှင် ဝမ်းနှုတ်ဆေးတိုက်ရမည်။ ထို့နောက် သကြား၊ သာကူ၊ နွားနို့များကို တိုက်ကျွေးရမည်။ ကြက်ဥစိမ်း၊ မြေပဲခရမ်းပြစ်ကို သကြား၊ ထန်းလျက်တို့နှင့် ပြုတ်၍ တိုက်ပေးရပါမည်။■

* * *

ဒဂုဏ္ဍန်း(ဒဂုဏ္ဍလော်ကား)

ကျမ်းကိုး

- ရွှေတော်မူဆေးအဘိဓာန်။
- နှစ်စောင်တွဲကျမ်း။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်

ဆေးစွမ်းကောင်းများ

- ဂျပန်နှားသန့်ဆေးကြီး
- ဂျပန်နှားရောဂါပျောက်ဆေးကြီး
- ဂျပန်မျက်စိကြည်ဆေးကြီး
- ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး
- ဂျပန်သွားရောဂါပျောက်ဆေးကြီး
- ဂျပန်နားခေါင်းရောဂါပျောက်ဆေးကြီး

အစလ မှတ်ပုံတင်အမှတ် အစ ၁၂၂(၁၀၂၉၆)
လင ၊ မှတ်ပုံတင်အမှတ် ၄/၁၄၅၉

အမြို့မြို့ဆိုင်တိုင်းမှာရောင်းဝယ်ပါ

www.burmeseclassic.com

www.burmeseclassic.com

လူဖြစ်လျှင် ခန္ဓာရှိသည်။ ခန္ဓာရှိလျှင် ဝေဒနာရှိသည်ဟူသော စကားအတိုင်း လူတိုင်းလူတိုင်း ခန္ဓာကိုယ်ပိုင်ဆိုင်ကြသောကြောင့် ဝေဒနာတစ်ခုမဟုတ်တစ်ခု ရှိကြမည်မှာ အမှန်ဖြစ်ပါသည်။ ကျွန်ုပ်သည် လူသားတစ်ယောက်ဖြစ်သောကြောင့် ဝေဒနာတစ်ခုကို နှစ်ရည်လများ ခံစားခဲ့ရဖူးပါသည်။

မြန်မာသမားတော်များ၊ ခေတ်ဆရာဝန်များအမျိုးမျိုးနှင့် ပြောင်းလဲကုသကာ ငွေကြေးမြောက်မြားစွာ ကုန်ခဲ့သော်လည်း ကျွန်ုပ်၏ ဝေဒနာသည် သက်သာသည်မှလွဲ၍ ပျောက်ပါသည်ဟု ပြော၍ မရနိုင်ပါ။ ထိုကဲ့သို့သော

အရက်ကြောပြင်ပညာရှင် ကိုယ်တွေ့

မောင်မြင့်မား

www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာခံစားရသောကြောင့်လည်း အောက်တွင် ဖော်ပြပါ ဝတ္ထုဇာတ်လမ်းကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

◈◈◈

လွန်စွာမှ ပူပြင်းခြောက်သွေ့၍ ပျင်းရိ ငြီးငွေ့ဖွယ်ကောင်းသော နေ့တစ်နေ့တွင်ဖြစ်သည်။ ကျွန်ုသည် အရိပ်ထဲတွင် ထိုင်နေသော်လည်း ချွေးပြိုက်ပြိုက်ကျအောင် ပူလှသော ရာသီဥတုဒဏ်ကို အန်တုကာ နေလယ် ၂နာရီတိတိအချိန်တွင် အိမ်မှ ထွက်လာခဲ့သည်။

ကျွန်ုပ်သွားလိုရာ နေရာသို့ ကားနှစ်ဆင့်စီးရမည်ဖြစ်သည်။ ပထမ ဦးစွာ ကားတစ်ဆင့်စီးလာပြီး ပန်းဆိုးတန်းတွင် ဆင်းသည်။ ထိုမှ ၃၈ လမ်းကို ဖြတ်ကာ မဟာဗန္ဓုလလမ်းပေါ်ကို ရောက်လာသည်။ ထိုအခါ နောက်တစ်ဆင့်စီးရန် ၃၉ ကားဂိတ်ရှိရာ ၃၉ လမ်းထိပ်တွင် ခေတ္တ ရပ်စောင့်နေလိုက်သည်။ သိပ်မကြာပါ ၃၉ ဟီးနိုးကားများ တစ်စီးပြီးတစ်စီး ရောက်လာသည်။

နွေခေါင်ခေါင် နေပူပူဖြစ်သော ကြောင့် ကားများ လူချောင်လှသည်။ ကျွန်ုပ်သည် အချောင်ဆုံး ကားတစ်စီးပေါ် တက်ကာ ယာဉ်မောင်းနောက် နေရာလွတ်တစ်ခုတွင် ထိုင်လိုက်သည်။ ကားရှေ့ပိုင်းဖြစ်သောကြောင့် ကားအဆောင်သက်သာသည်။ ကျွန်ုပ်၏ ရောဂါအခြေအနေကြောင့် ကားစီးလျှင် ဘယ်တော့မြဲမြံဖြစ် ရှေ့ပိုင်း (သို့မဟုတ်) ရှေ့ဆုံးကျကျ နေရာသာ စီးသည်။ ဤလည်း တစ်ဒုက္ခဟု ဆိုရမည်။

ကျွန်ုပ် နေရာယူပြီး သိပ်မကြာလိုက်၊ ၃၉ ကားကြီးက လျင်မြန်စွာ မောင်းထွက်လာသည်။ ၄၅ မိနစ်ခန့် အကြာတွင် ကျွန်ုပ်သွားလိုသော သဃ်နန်းကျွန်းရှိ "ဇဝန" မှတ်တိုင်ကို ရောက်ပြီ။ ထိုမှတ်တိုင်တွင် ဆင်းလိုက်သည်နှင့် ဆေးညွှန်ပျူရုံးမှ ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော ဗိတ်ဆွေကြီး ဦးရဲထွဋ်ကို သတိရလိုက်သည်။ ဦးရဲထွဋ်သည် သဃ်နန်းကျွန်း ရဲစခန်းဘေးက ဦးစံဖေလမ်းတစ်နေရာတွင် နေသည်။ သတိသာရသည်၊ သူ့ထံသို့ မလှည့်ဖြစ်။

ကျွန်ုပ်၏ နှစ်ပေါင်းကြာမြင့်စွာ ခံစားနေရသော ရောဂါကို ကုစားပေးခဲ့သော အကြောပြင်ဆရာကြီး ဦးခန့်အိမ်သို့သာ ခြေဦးလှည့်ဖြစ်သည်။ ဦးခန့်သည် မြန်မာ့အကြောပြင်ဆရာ၊ ကျွန်ုပ်၏ အသက်သခင် ကျေးဇူးရှင်။ ကျွန်ုပ်၏ ဝေဒနာများကို ဖျောက်အောင် ကုစားပေးခဲ့သော ဆရာ။ ဝေနမှတ်တိုင်မှ ကွမ်းတစ်ယာဉ်ကျော်ခန့်ကြာအောင် လျှောက်လာခဲ့သောအခါ အကြောပြင်ဆရာ ဦးခန့်အိမ်သို့ ရောက်ပြီ။

သဃ်နန်းကျွန်းတစ်ဝိုက်မှာတော့ ကလေးကအစ မည်သူမဆိုမေးမေး အကုန်သိသည်။ ဦးခန့်သည် ကျွန်ုပ်အား တစ်ရက်ခြား တစ်ကြိမ် အကြောပြင်ပေးသောအခါ တစ်လအတွင်း ကျွန်ုပ်၏ ဝေဒနာများ ၃၀ ရာခိုင်နှုန်းခန့် ပျောက်ကင်းသွားသည်ဟု ကျွန်ုပ်ဝန်ခံရမည်ဖြစ်သည်။ အထူးကုသမားတော်ကြီးများနှင့် စားဆေးမျိုးစုံ၊ ထိုးဆေးမျိုးစုံနှင့် ကုသ၍ မထူးခြားခဲ့သော ကျွန်ုပ်၏ ရောဂါကို ဆရာ ဦးခန့်နှင့် လေးကြိမ်မျှ တွေ့သောအခါ ထူးခြားသကဲ့သို့ တစ်လအတွင်း ရောဂါ၏ ၉၀ ရာခိုင်နှုန်းသက်သာသွားပါသည်။

ထို့ကြောင့် မြန်မာ့အနှိပ်ပညာ (အကြောပြင်ပညာ)ကို ကျွန်ုပ် အထင်မသေးဝံ့တော့ပါ။ ယခင်က အထင်သေးခဲ့ဖူးပါသည်။

ကျွန်ုပ် ထိုကဲ့သို့ စကားဦးသမိုး နေခြင်းမှာ ကျွန်ုပ်၏ ကိုယ်တွေ့ အတွေ့အကြုံကို တင်ပြခြင်းဖြစ်၍ ကျွန်ုပ် ပြောပြချင်သောအကြောင်းမှာ ဦးခန့်၏ အကြောပြင်ပညာနှင့် မဆိုင်သော ရောဂါဆန်းတစ်ခုကို တင်ပြချင်၍ ပြောလိုခြင်းသာ ဖြစ်ပါသည်။

မြန်မာ့အနှိပ်ပညာ (ဦးခန့် ပြောသည့် မြန်မာ့အကြောပြင်ပညာ)သည် ရှေးအစဉ်အဆက် မြန်မာ့ရှေးဟောင်း အကြောရောဂါများ၏ ကုထုံးတစ်ရပ်ဟု မှတ်သားဖူးသည်။ ထိုပညာများသည် သားစဉ်မြေးဆက် အဆင့်ဆင့် ပညာများ ဆင့်ပွားကျန်ရစ်ခဲ့ကာ ယနေ့တိုင် ရှိနေသော အကြောပြင်ပညာရပ်ဖြစ်သည်။

ဆရာခန့်ဆိုသည့်အတိုင်း အရပ်မြင့်မြင့် ဒေါင်ကောင်းကောင်း အသားက မဖြူမည်း၊ ကြည်လင်သော မျက်နှာထားနှင့် ခန့်ညားသော ပုဂ္ဂိုလ်ဖြစ်သည်။ အိမ်ရှေ့တွင် ဆိုင်းဘုတ်ချိန်မထား၊ အိမ်ထဲတွင်သာ စာလုံးကြီးကြီးဖြင့် ရေးထားသည်။ "မြန်မာ့အကြောပြင်ပညာသည် အနှိပ်ပညာမဟုတ်" ဟု ဖြစ်သည်။ ဆိုလိုသည်ကား အနှိပ်သည်ဟု ခေါ်မှာစိုးသောကြောင့် ဖြစ်ဟန်တူပါသည်။

ဆရာခန့်က စကားပြောလျှင် အကြောပြင်ပညာ၊ အကြောပြင်သည်၊ အကြောပြုပြင်သည်ဟုသာ သုံးသည်။ နှိပ်ပေးသည်၊ အနှိပ်ခံသည်။ အနှိပ်သည်ဟု သူ မသုံး။ ထို့ကြောင့် အကြောပြင်ပညာနှင့် အနှိပ်ပညာသည် မည်သို့ကွာခြားသည်ကို ကျွန်ုပ် မလေ့လာမိ၍ မသိသော်လည်း သုတေသီများ လေ့လာသင့်ပါသည်။ (ဤကား စကားချပ်။)

ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်၏ ရောဂါအခြေအနေမှာ ဆရာ ဦးခန့်နှင့်

www.burmeseclassic.com

www.burmeseclassic.com

တွေ့ဆုံပြီး တစ်လအတွင်း ဆရာ၏အကြောပြင်ပညာကြောင့် ၉၀ ရာခိုင်နှုန်း ပျောက်ကင်းခဲ့ပါသည်။ ညဘက်တွင် အိပ်မပျော်အောင် ခံစားခဲ့ရသော ရောဂါသည် လုံးဝ အိပ်ပျော်အောင် သက်သာသွားသည်။

ကျွန်ုပ် ထိုကဲ့သို့ ဆရာခန့်နှင့် ကျွန်ုပ်၏ ရောဂါကို ဆက်လက်ကုစား နေစဉ်အတွင်း တစ်နေ့တွင်···

(ထိုအချိန်တွင် ဆရာခန့်က ကျွန်ုပ်အား အကြောပြင်ပေးနေချိန်ဖြစ်သည်။ ကျွန်ုပ်က ပက်လက်အနေအထားဖြင့် ရှိ၍ ဆရာခန့်က ကျွန်ု၏ ယာဘက်ဘေးတွင် ထိုင်ကာ ကျွန်ုပ်အား အကြောပြင်ပေးနေချိန် ဖြစ်ပါသည်။)

အကြောပြင်ပေးနေရင်း သူသည် စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်များ၊ ကိုယ်တွေ့များ၊ ရောဂါကုသပုံများကို ကျွန်ုပ်အား ပြောပြတတ်သည်။ ကျွန်ုပ် ကလည်း ထူးဆန်းသော အဖြစ်အပျက်များကို ခေါင်းထဲတွင် ဖွက်ထားတတ်သည်။ ထိုအချိန်က သူပြောသော စကားထဲတွင် အကြောပြင်ရင်း ကွဲရှဆန်သော ရောဂါဆန်းတစ်ခုကို ကုသခဲ့ပုံအကြောင်း ပါလာသည်။ ထိုအခွင့် အရေးမျိုးကို လက်မလွှတ်တတ်သော ကျွန်ုပ်က···

"ဆရာရယ်၊ စောစောက ဆရာပြောတဲ့ စကားထဲမှာ ကွဲရှဆန်တဲ့ ရောဂါ ကုတဲ့အကြောင်းလေး ပါလာတယ်။ အဲဒါ ကျွန်တော် နားမလည်လို့ နည်းနည်းလောက် ပြောပြပါလား"

"မောင်ရင်က ဘာကို သိချင်တာလဲ"

"ဆရာက ဆရာ့အကြောပြင်ပညာနဲ့ ရောဂါကုတဲ့ အထဲမှာ အကြောပြင်နေရင်း ရောဂါဆန်းတွေ ပါလာတယ်ဆိုတာ သိရလို့ပါ"

"ဩော်··· ဒါလား။ ဒီလိုပါ။ ကျွန်တော်က ကျွန်တော်တတ်တဲ့ ပညာနဲ့ သတ္တဝါတွေကို ကယ်တင်နေတယ်။ ထို့အတူ ကယ်တင်ရင်း ကျွန်တော့်ရဲ့ မိသားစု စားဝတ်နေရေး အတွက် သင့်တော်တဲ့ အခကြေးငွေ ယူပြီး အကြောပြင်ပေးပါတယ်။ ကျွန်တော့်ပညာနဲ့ ကျွန်တော့်ကို အားကိုးပြီး လာရင် ဆရာစားမချန် အစွမ်းကုန် ကုသပေးပါတယ်။ ဒါကြောင့်မို့ လာကုတဲ့ ရောဂါက ပျောက်နိုင်ရင် ပျောက်နိုင်တယ်။ မပျောက်နိုင်ရင် မပျောက်နိုင်ဘူး။ ရောဂါကို မျှင်းပြီး ကုတာမျိုး မလုပ်ပါဘူး။ ဝေဒနာသည်တွေကို ကိုယ်ချင်းစာတဲ့ သဘောပါ။ ဒါကြောင့် အချို့ရောဂါတွေမှာ ကိုယ်က စေတနာ မေတ္တာနဲ့ပဲ ရောဂါကို ကုပေးလိုက်ပါတယ်။ ဒါကြောင့်မို့ အကြောပြင်စရာ မလိုဘဲ ပျောက်သွားတဲ့ ကွဲရှဆန်တဲ့ ရောဂါတွေ ရှိတယ်လို့ ပြောမိတာပါ"

"ဟုတ်ပါတယ် ဆရာ၊ ဒါကြောင့်မို့ ဆရာ့အကြောပြင်ပညာနဲ့ မကုရဘဲ ပျောက်ဖူးတဲ့ ရောဂါကုပုံလေး ပြောပြစေချင်တာပါ၊ ဆရာ"

(ဆရာခန့်သည် သူ၏ ကိုယ်ပိုင် အချိန်များတွင် တရားရှုမှတ်ခြင်း အစရှိသော ဝိပဿနာအလုပ်ကို နှစ်ပေါင်း အတော်ကြာ လုပ်ကိုင်နေကြောင်း ကျွန်ုပ်အား ပြောပြဖူးသည်။) (၅၂ကြိမ် စကားချပ်။)

◈◈◈

"တစ်ရက်မှာပေါ့ခင်ဗျာ။ ညနေ ၄ နာရီလည်း ထိုးတော့မယ်။ အကြောပြင်ပေးရမယ့် လူနာတွေလည်း ရှင်းပြီ။ အဲဒါနဲ့ ရေနွေးဓာတ်ဘူးကို ငဲ့ပြီး ရေနွေးကြမ်းသောက်နေတုန်း အိမ်ရှေ့ကို ဆိုက်ကားတစ်စီး ရောက်လာတယ်။ ကျွန်တော်က ထိုင်နေတဲ့ နေရာကနေ လှမ်းမြင်နေရတယ်။ ဝေဒနာရှင်လို့ ယူဆရတဲ့ အသက် ၅၀ခန့် အမျိုးသမီးတစ်ယောက်က ရှေ့က ထိုင်ပြီး နောက်က အသက် ၂၀ ဝန်းကျင် မိန်းကလေးတစ်ယောက်က ဝေဒနာရှင်ကို ဖက်ထားတယ်။ ဆိုက်ကားပေါ်က ဆင်းတော့ မိန်းကလေးက ဝေဒနာရှင်ကို ပွေ့ချီလာတယ်။ ဝေဒနာရှင်က မျက်စိ လုံးဝမမှုင့်ဘူး။

ဆိုက်ကားရပ်ပြီး သူတို့ ဆင်းလာကတည်းက ကျွန်တော်စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်။ ရိုးရိုးသားသား အကြောလာပြင်တဲ့ ဝေဒနာရှင်တွေလိုမျိုး မဟုတ်ဘူးဆိုတာ စိတ်ထဲက သိနေတယ်။ ဒါပေမဲ့ ဝတ္တရားအတိုင်း နေရာတစ်ခုမှာ ဝေဒနာရှင်ကို ထားဖို့ ကလေးမလေးကို ပြလိုက်တယ်။ ဝေဒနာရှင်က စကားလည်း မပြောဘူး။ မျက်လုံးလည်း မဖွင့်ဘူး။ ဒါကြောင့်မို့ ကလေးမလေးကို အကျိုးအကြောင်း မေးရတယ်။

ကလေးမလေးရဲ့ ပြောပြချက်အရ ပါလာတဲ့ ဝေဒနာရှင်က ဒေါ်စန်းရွှေ၊ ကျွန်တော်တို့နေတဲ့ နေရာနဲ့ ၄-၅လမ်းကျော်လောက်မှာ နေတယ်။ အပျိုကြီး၊ မုန့်ဟင်းခါးရောင်းတယ်။ ကလေးမကလေးက မွေးစားသမီး။ မခိုင်လို့ခေါ်တယ်။ သားအမိနှစ်ယောက် မုန့်ဟင်းခါးရောင်းပြီး အသက်မွေးဝမ်းကျောင်းပြုရင်း လွန်ခဲ့တဲ့ တစ်ပတ်လောက်က အိမ်နောက်ဖေးက ရေကပြင်ကနေ အဆင်းမှာ ခြေကျိုးခဲ့ချိန်ထိ လမ်းမလျှောက်နိုင်ဘူးဖြစ်နေကြောင်း ကလေးမလေးက ရှင်းပြပါတယ်။ နာတယ်၊ ကိုက်တယ်လည်း မရှိပါဘူး။ ဖြစ်နိုင်တယ်လို့ ထင်ရတဲ့ ခြေထောက်ကိုလည်း လိမ်းဆေးတွေ

www.burmeseclassic.com

www.burmeseclassic.com

လူဆေးတွေ စုံအောင် လိမ်းပူးပါတယ်။ ဆေးခန်းမှာလည်း ဆေးထိုး၊ ဆေးသောက် ကုသပူးကြောင်း ကလေးမလေးက ပြောပြပါတယ်။ ဒါပေမယ့် ခုချိန်ထိ လမ်းလျှောက်လို့ မရပါတဲ့။

ကျွန်တော်က အနိုပ်သည်တွေနဲ့ရော နိပ်ပူသေလားဆိုတော့ မနိပ်ဘူးပါတဲ့။ ကလေးမလေးက သူပဲ တတ်သရွေ့ မှတ်သရွေ့ နိပ်ပေးဖူးပါတယ်တဲ့။ ဝေဒနာရှင်က စကားမပြောဘူးလား။ မျက်လုံး ဘာလို့ မဖွင့်တာလဲဆိုတော့ အရင်က စကားလည်း ပြောတယ်။ မျက်လုံးလည်း ဖွင့်တယ်။ အခုဒီကို ခေါ်လာမှ ဖြစ်တာလို့ သိရပါတယ်။

အဲဒါနဲ့ ကျွန်တော့်ဝတ္ထုရား အတိုင်း အကြောပြင်ပေးဖို့ သူအနားမှာ ထိုင်လိုက်ပါတယ်။ ရှေးဦးစွာ သတ္တဝါအပေါင်း ကျန်းမာချမ်းသာစေကြောင်း စိတ်ထဲကနေ မေတ္တာပို့ပါတယ်။ နောက် ကျွန်တော်က ဝေဒနာရှင်ရဲ့ ယာဘက်ခြေမနဲ့ ခြေညှိုးကြားကို လက်မနဲ့ ဖိမလို့ ကိုင်လိုက်တဲ့ အချိန်မှာ ဝေဒနာရှင်က အသံနက်ကြီးနဲ့ ထအော်ပါတယ်။

"ကြောက်ပါပြီခင်ဗျာ့၊ နောက် မလုပ်တော့ပါဘူး ခင်ဗျာ့။ ကျွန်တော် မှားပါတယ်ခင်ဗျာ့"

လို့ ယောကျ်ားသံကြီးနဲ့ အော်လိုက်တာ ဖြစ်ပါတယ်။ ကျွန်တော် သဘောပေါက်လိုက်ပါတယ်။ ပရလောကသားတစ်ကောင်ကောင်က ပူးကပ်နေတယ် ဆိုတာပါပဲ။ ဒါကြောင့်မို့ ကျွန်တော်က ...

"ခင်ဗျား ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

ဆိုတော့...

"စားချင်သောက်ချင်လို့ပါ" တဲ့။

"ခင်ဗျား စားချင်သောက်ချင်တာနဲ့ ဂိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့ မိန်းမတစ်ယောက်ကို ဒီလိုလုပ်ထားတာ မပြင်းထန်လွန်းဘူးလား။ သူ့ခမျာ အားကိုးစရာမရှိတဲ့ ကိုယ့်ဝမ်းကိုယ် ကျောင်းနေရတာ သနားဖို့ကောင်းပါတယ်"

ဆိုတော့...

"ကျွန်တော့်မှာလည်း အငတ်ငတ်အပြတ်ပြတ်နဲ့ပို့ သူ့ကို စားချင်သောက်ချင်လို့ အရိပ်အယောင်ပြပါတယ်။ အဲဒီမိန်းမက အရှင်းကပ်စေးနဲ့တာ၊ ဒါကြောင့်ပို့ လုပ်မိတာပါ"

တဲ့။ ကျွန်တော်က...

"ကဲ - ဒါဆိုရင် ကျွပ်က ကြားက ဖျန်ဖြေပေးမယ်။ ခင်ဗျားစားချင်တာ စားရရင် ဒီအမျိုးသမီးကို ကောင်းအောင် ပြန်လုပ်ပေးလိုက်။ ကျွပ်က မေတ္တာနဲ့ အကူအညီတောင်းတာနော်။ ကျွပ်လည်း ကတိတည်တယ်။ ခင်ဗျားလည်း ကတိတည်ရမယ်။ ကျွပ်က ကြားက တာဝန်ယူတယ်။ ကဲ - ဘာစားချင်သလဲ"

"အမဲသား တစ်ပိဿာ စားချင်ပါတယ်"

တဲ့။

"ဟာ... အမဲသား တစ်ပိဿာဆိုတာ ခုခေတ်စျေးနဲ့ မနည်းဘူး။ သူ့မှာ မရှိလို့ လုပ်ကိုင်စားနေရတာ။ အားကိုးစရာလည်း ရှိတာ မဟုတ်ဘူး။ ကဲ - ကျွပ်က ကြားက ဆုံးဖြတ်ပေးမယ်။ ငါးဆယ်သားလောက်ဆို ကျွေးနိုပ်လိုက်၊ ကျွပ် တာဝန်ယူတယ်။ ဖြစ်မလား"

"ဖြစ်ပါတယ်"

"ဒါဆိုရင် ဘယ်တော့ ကျွေးရမလဲ။ ဘယ်နေရာမှာ ကျွေးရမလဲ"

"မနက်ဖြန်ညနေ သူတို့အိမ်နောက်ဖေးက သရက်ပင်အောက်မှာ ချထားလိုက်ပါ"

"ကောင်းပြီ။ ကျွပ်တာဝန်ယူတယ်။ ခင်ဗျားကတိအတိုင်း ဒီအမျိုးသမီးကို ပြန်ကောင်းအောင် လုပ်ပေးလိုက်"

ခဏနေတော့ ဝေဒနာရှင် အမျိုးသမီးက ငုတ်တုတ်ထထိုင်လာပြီး ကြောင်ကောင်ကောင်နဲ့ ကြည့်နေတယ်။ သူ ဘယ်ရောက်နေလဲ၊ ဘာဖြစ်တာလဲဆိုတော့ ပါလာတဲ့ ကလေးမလေးက သူမွေးစားအမေကို ရှင်းပြတယ်။ ဆေးကုသစရိတ် ဘယ်၅ ဘယ်မျှ ပေးရမလဲ မေးတယ်။

"ဆေးကုသစရိတ်က အရေးမကြီးပါဘူး။ အရင်က လမ်းလျှောက်လို့ မရဘူးဆို၊ အခု လျှောက်ကြည့်ပါဦး"

ဆိုတော့ ဒေါ်စန်းရွှေဆိုတဲ့ အမျိုးသမီးက လမ်းထလျှောက်ကြည့်တယ်။ ရသွားလို့ ဝမ်းသာသွားတယ်။

"ကျွန်တော်က ဘာဆေးမှ မကုလိုက်ရပါဘူးဗျာ။ ဘာအကြောမှလည်း မပြင်လိုက်ရပါဘူး။ မေတ္တာနဲ့ ကုတာပါ။ မခိုင်ဦးတို့ စောစောက ပြောတာတွေ ကြားတယ် မဟုတ်လား။ မနက်ဖြန်ညနေကျရင် လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပေးလိုက်။ အဲဒါတော့ မမေ့နဲ့။ ကဲ - ကဲ၊ ပြန်ကြတော့"

ဒေါ်စန်းရွှေတို့ သားအမိနှစ်ယောက် ပြုံးပြုံးရွှင်ရွှင်နဲ့ လမ်းလျှောက်ပြီး ပြန်သွားကြတာကို ကြည့်ရင်း ဝေဒနာရှင်ကို ကယ်တင်လိုက်ရတဲ့ ကျွန်တော်လည်း ကြည်နူးပီး ကျန်ခဲ့တာပေါ့ဗျာ။ ကဲ - ကျွန်တော်ပြောချင်တဲ့ ဂဠိဟရဆန်တဲ့ ရောဂါအကြောင်းကတော့ အဲဒါပါပဲ" ■

* * *

ဓမ္မာန်ဖြင့်မား(ဒဂုံလက်နှစ်လုံး)

www.burmeseclassic.com

၂၀၁၄ခုနှစ်ကောက်ပြုပွဲစီးပွဲပြုပွဲများနှင့် ဒေါ်အောင်ဆန်းစုကြည်၏ အနာဂတ်ကံကြမ္မာ

ဦးဇေယျာကို(နက္ခတ်သိမ်ဖွဲ့)

အပိုင်း (၁)

မကြာမီ ပြောင်းလဲ ရောက်ရှိလာတော့မည့် ခရစ် ၂၀၁၄ သည် မြန်မာ့နိုင်ငံရေးအလှည့်အပြောင်းများဖြင့် စိတ်ဝင်စားဖွယ်ကောင်းလာမည့် အချိန်ကာလတစ်ခုဖြစ်ပေသည်။ ဂုဏ်၍ စိတ်ဝင်စားဖွယ်ကောင်းလှသည့်အချက်မှာ ၂၀၁၄ခု၌ ကြားဖြတ် အစိုးရအဖွဲ့အစည်းသစ် ပေါ်ထွန်း၍ ဒေါ်အောင်ဆန်းစုကြည် သမ္မတ မုချဖြစ်လာလိမ့်မည်ဟု မြန်မာ့နက္ခတ်ဗေဒင်ပညာရှိ အချို့၏ ရဲရဲ့ ပြတ်သားသော ဟောကြားချက်များ ဖြစ်ပေသည်။ မြန်မာပြည်၌ ဗေဒင်နှင့် နိုင်ငံရေးမှာ အစဉ်တွဲဖက်လျက်ရှိသည့် သာဓကများရှိခဲ့ပြီး ယခင် မင်းကောရဇများလက်ထက်မှ ယနေ့ တိုင်းပြည့်ခေါင်းဆောင်များလက်ထက်ထိ မိမိကို ဦးမြောက်အဖွမ်းတင်ပြီး မင်္ဂလာနိမိတ်အကျိုးဆောင် ဟောကြားချက်များဖြင့် မင်းအကြိုက် အလိုက်ဆောင် တစ်လက်ကိုင် နက္ခတ်ဗေဒင် အခါပေး အကြံပေးများ ခန့်အပ်ထားခဲ့မှုမှာလည်း ရိုးရာ ထုံးတမ်းအစဉ်အလာတစ်ရပ်အဖြစ် ရှင်သန်နေခဲ့ပေသည်။ မင်းအစိုးရအုပ်ချုပ်သူများအနေဖြင့် ရရှိထားသော မိမိတို့၏ ရာထူးဩဇာအာဏာကို စောင့်ရှောက် ကာကွယ်နိုင်ရန်နှင့် နောက်ထပ်...နောက်ထပ် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်ရန် မိမိတို့အနာဂတ်ကံကို သိလို၊ မြင့်လိုကြသည့်အတွက် နက္ခတ်ဗေဒင်ပညာရှင်တို့၏ လမ်းညွှန် အကြံပြုမှုများကို ခံယူ၍ နိုင်ငံရေးဇာတ်ခုံ ရာဇပလ္လင်ထက်မှ ဇောက်ထိုးပြုတ်မကျ ရေးအတွက် အစွမ်းကုန် ကြိုးစား အားထုတ်သွားခဲ့သည်ကို မြန်မာ့သမိုင်း၌ မြင်တွေ့ရပေလိမ့်မည်။

ယနေ့ ပွင့်လင်း မြင်သာသော ခေတ်ကာလ၌ မြန်မာ့အနာဂတ် နိုင်ငံရေးပုံရိပ်များအား ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ရဲရဲစွာ ဝိုင်းဝန်း သုံးသပ်ခန့်မှန်းမှုတို့တွင် နက္ခတ်ဗေဒင်ပညာရှိတို့၏ ဟောကိန်းများမှာလည်း ရှေ့တန်းမှ ပါဝင်လာခဲ့ပေသည်။ လူတစ်ဦးတစ်ယောက်၏ ကံကြမ္မာအား ဟောဆိုကြရာတွင် ကောဇာရှိပ်စီး ရှိပ်မြင်စနစ်သည် များစွာ အားကိုးအားထိုက်ပြုနိုင်ပြီး မူလ ဖွားဇာတာ၌ ရရှိနိုင်သော ကောင်းကျိုးတရားများသည် ကောဇာရှိပ်ရပ်တည်မှု အားကောင်းသည့် အချိန်တွင် သုခချမ်းသာအဖြာဖြာအား ရရှိစေသကဲ့သို့၊ ဇာတာတွင် အညံ့ကြုံမည့် ရှိပ်ရပ်တည်မှုများမှာလည်း ကောဇာရှိပ်များ အားနည်းသည့်ကာလရောက်မှသာ ဒုက္ခအား အရောင်ဆိုးပေးနိုင်ပေသည်။ ကောဇာရှိပ်စီး ရှိပ်မြင်စနစ်အား

www.burmeseclassic.com

www.burmeseclassic.com

နက္ခတ်ပညာသည် အသိုင်းအဝန်း၌ Transist စနစ်ဟု ခေါ်ဆိုပြီး မူလမွေးဖွားစဉ် ဇာတာတွင် ပါရှိသော ဂြိုဟ်များအပေါ်သို့ ကောင်းကင်၌ အပြွေ့လျှောပြောင်းလဲနေသည့် ဂြိုဟ်များမှ စီးနင်း၊ အပြင်ရှိစဉ် ဖြစ်ပေါ်လာမည့် အနာဂတ် ကံကြမ္မာ ဟောကြားချက်စနစ်ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၄-ကံကြမ္မာအတွက် ကောဇာဂြိုဟ်စီး ဂြိုဟ်မြင်ဟောကြားချက်များအား တွက်ချက်ဖော်ပြရာတွင် မွေးချိန် ည ၇နာရီ ၁၅ မိနစ်မှ ည ၇နာရီ ၄၅မိနစ်သို့ ပြောင်းလဲ တွက်ချက်ထားပါသည်။ သို့ဖြစ်၍ ဇာတာခွင်တွင် မိဿရာသီမှ အင်္ဂါဂြိုဟ် (၄)တန့်ဘာဝသို့ ပြောင်းရွှေ့ ရပ်တည်သွားပြီး မေထုန်ရာသီမှ တနဂ်္ဂေါဂြိုဟ် (၆)တန့်ဘာဝသို့ ပြောင်းရွှေ့ ရပ်တည်သွားပါသည်။ လင်္ဂ၏ ဒီဂရီအံသာမှာလည်း အဘိဇိနက္ခတ်ဖြင့် ပူးယှဉ်သည့် ဓနရာသီ ၂၀ ဒီဂရီသို့ ပြောင်းလဲသွားပါသည်။ အင်္ဂါဂြိုဟ် (၄)တန့်ဘာဝ ပြောင်းလဲမှုသည် ဒေါ်စုအတွက် နိုင်ငံခြားပညာ သင်ကြားခဲ့ရမှုကို ပိုမိုသဘာဝကျစေ၍ တနဂ်္ဂေါ (၆)တန့်ဘာဝ ရပ်တည်မှုသည် နိုင်ငံခေါင်းဆောင်ဖြစ်ရေးအတွက် ၁၉၉၀-ရွေးကောက်ပွဲ၌ လွဲချော်ခဲ့ရသလို၊ လင်္ဂရှိ သမ္မတဖြစ်ရေးတွင်လည်း အတိုက်အခံများစွာ ရင်ဆိုင်ကျော်လွှားနေရမှုနှင့် ကိုက်ညီလှပေသည်။ ဓနလင်္ဂဖြင့် အဘိဇိနက္ခတ်ပူးယှဉ်ထားမှုမှာကား သူမအတွက် မြန်မာနိုင်ငံတွင်သာ ဘုန်းကံညောရှိခြင်းမျိုး မဟုတ်ဘဲ ကမ္ဘာတွင်လည်း ဩဇာအရှိန်အဝါရှိသည့် အမျိုးသမီးခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားကျော်ကြားနေခြင်းကြောင့် ဖြစ်ပေသည်။ ကောဇာစနစ်သည် လူပုဂ္ဂိုလ်တစ်ဦး၏ တစ်နစ်တာ ကံကြမ္မာအား အကောင်းဆုံး ပုံဖော် ဟောကြားနိုင်ပေရာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၅-သမ္မတဖြစ်ရေးအတွက် ဖွဲ့စည်းဥပဒေပါ သမ္မတ၏ အရည်အချင်းကန့်သတ်ချက်များအား ၂၀၁၄ ၌ ပြုပြင်ခွင့်ရ,မရအခြေအနေကို ကြိုတင် ဖော်ထုတ်ကြည့်ကြပါစို့။

ဒေါ်အောင်ဆန်းစုအတွက် အရေးကြီးသော ကောဇာဂြိုဟ်စီး ဂြိုဟ်မြင်များအား ဝါသနာရှင်များ အသေးစိတ် လေ့လာနိုင်ရန် ဇာတာခွင်နှင့် ဂြိုဟ်စီးနင်းအပြင်ရှိမှု ဇယားကားချပ်များအား လတ္တီတွဒ် (Declination)များနှင့်အတူ ပူးတွဲဖော်ပြပေးထားပါသည်။ ရေတွင် (-)ပါရှိပါက တောင်လတ္တီတွဒ်ဖြစ်ပြီး ဘာမှ မပါရှိပါက မြောက်လတ္တီတွဒ် ဖြစ်ပါသည်။



ဒေါ်အောင်ဆန်းစုကြည်၏ ဇာတာခွင်

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အောင်ဆန်းစုကြည် ဇာတာခွင်ရှိ မူလပြိုဟ်များပေါ်သို့ ကောဇာပြိုဟ်များ စီးမြင်မှုအခြေပြု ယေား

လ၊ ရက်၊ နှစ် အဆိုန်	ကောဇာပြိုဟ်	ပြိုဟ်ပြဉ်ဆုံ	မူလပြိုဟ်	လတ္တီတွဒ်	လတ္တီတွဒ်	လ၊ ရက်၊ နှစ် အဆိုန်	ကောဇာပြိုဟ်	ပြိုဟ်ပြဉ်ဆုံ	မူလပြိုဟ်	လတ္တီတွဒ်	လတ္တီတွဒ်
1/1/2014 8:04	Mercury	180	Saturn	-24.73	22.52	4/9/2014 15:34	Mercury	90	Mercury	-0.91	24.88
1/1/2014 14:17	Mercury	120	Venus	-24.7	12.81	4/10/2014 0:39	Mercury	180	Neptune	-0.63	-0.13
1/2/2014 12:02	Mars	90	Saturn	-2.8	22.52	4/12/2014 19:33	Mercury	120	Pluto	1.51	23.82
1/2/2014 22:42	Sun	180	Saturn	-22.88	22.52	4/13/2014 2:59	Mercury	90	True Node	1.75	23.12
1/3/2014 8:34	Sun	120	Venus	-22.84	12.81	4/13/2014 20:11	Sun	180	Moon	9.14	-4.4
1/5/2014 18:35	Mercury	120	Jupiter	-24.06	5.37	4/14/2014 16:59	Venus	120	True Node	-8.3	23.12
1/7/2014 1:21	Mars	120	Uranus	-3.51	22.5	4/14/2014 17:02	Mercury	90	Saturn	3.02	22.52
1/7/2014 21:33	Venus	90	Moon	-17.14	-4.4	4/17/2014 9:38	Venus	120	Saturn	-7.37	22.52
1/8/2014 7:00	Mercury	90	Moon	-23.46	-4.4	4/19/2014 4:20	Venus	90	Uranus	-6.74	22.5
1/10/2014 0:41	Sun	120	Jupiter	-22.03	5.37	4/20/2014 12:38	Mercury	180	Moon	7.95	-4.4
1/14/2014 2:20	Sun	90	Moon	-21.38	-4.4	4/22/2014 1:59	Mars	120	Uranus	-3.73	22.5
1/14/2014 8:33	Mercury	120	Neptune	-21.33	-0.13	4/23/2014 22:03	Venus	180	Jupiter	4.98	5.37
1/14/2014 17:37	Venus	120	Jupiter	-16.33	5.37	4/26/2014 13:58	Mercury	0	Mars	13.26	12.56
1/15/2014 20:46	Mercury	90	Mars	-20.66	12.56	4/26/2014 18:46	Sun	0	Mars	13.58	12.56
1/17/2014 8:20	Mercury	180	Pluto	-19.94	23.82	4/27/2014 17:46	Mercury	90	Pluto	14.25	23.82
1/19/2014 17:10	Mercury	90	Venus	-18.69	12.81	4/28/2014 8:17	Mars	90	Saturn	-3.22	22.52
1/20/2014 15:38	Mercury	120	Uranus	-18.16	22.5	4/29/2014 7:57	Sun	90	Pluto	14.39	23.82
1/20/2014 18:24	True Node	120	Mercury	-12.51	24.88	4/29/2014 13:44	Mercury	0	Venus	15.79	12.81
1/24/2014 0:40	Sun	120	Neptune	-19.33	-0.13	5/1/2014 17:44	Venus	90	Sun	-1.91	23.43
1/26/2014 5:05	Uranus	90	True Node	3.04	23.12	5/2/2014 17:58	Mercury	120	Jupiter	18.29	5.37
1/26/2014 12:22	Sun	90	Mars	-18.72	12.56	5/3/2014 9:15	Sun	0	Venus	15.62	12.81
1/26/2014 16:21	Mercury	120	Moon	-14.44	-4.4	5/5/2014 23:04	Venus	90	Mercury	-0.18	24.88
1/28/2014 10:36	Pluto	180	Saturn	-20.18	22.52	5/6/2014 13:04	Venus	180	Neptune	0.06	-0.13
1/28/2014 22:56	Sun	180	Pluto	-18.09	23.82	5/9/2014 18:51	Mercury	120	Neptune	22.66	-0.13
1/30/2014 5:06	Mercury	120	Sun	-12.18	23.43	5/10/2014 9:48	Sun	120	Jupiter	17.58	5.37
2/1/2014 15:58	Jupiter	0	Saturn	23.07	22.52	5/10/2014 22:15	Venus	120	Pluto	1.89	23.82
2/1/2014 19:58	Sun	90	Venus	-17.02	12.81	5/11/2014 10:09	Venus	90	True Node	2.1	23.12
2/2/2014 17:08	Mars	0	Moon	-6.77	-4.4	5/13/2014 23:47	Venus	90	Saturn	3.18	22.52
2/3/2014 8:23	Sun	120	Uranus	-16.58	22.5	5/14/2014 14:28	Mars	90	True Node	-2.72	23.12
2/5/2014 5:21	Mercury	120	Mercury	-9.01	24.88	5/15/2014 19:42	Mercury	0	Uranus	24.79	22.5
2/9/2014 2:47	Mercury	120	Mercury	-8.02	24.88	5/16/2014 22:18	True Node	120	Sun	-10.83	23.43
2/11/2014 2:59	Pluto	120	Venus	-20.15	12.81	5/19/2014 9:43	Mercury	90	Jupiter	25.38	5.37
2/12/2014 15:13	Sun	120	Moon	-13.67	-4.4	5/22/2014 16:42	Mercury	120	Moon	25.54	-4.4
2/15/2014 2:57	Mercury	120	Sun	-8.68	23.43	5/23/2014 19:30	Venus	180	Moon	7.31	-4.4
2/17/2014 5:40	Sun	120	Sun	-12.1	23.43	5/25/2014 4:48	Sun	120	Neptune	20.88	-0.13
2/19/2014 5:49	Mercury	120	Moon	-10.23	-4.4	5/26/2014 3:40	Mars	90	True Node	-3.14	23.12
2/19/2014 11:05	Venus	120	Jupiter	-16.57	5.37	5/27/2014 7:37	Mercury	0	Sun	25.26	23.43
2/21/2014 23:47	Sun	120	Mercury	-10.4	[illegible]	6/3/2014 15:07	Venus	0	Mars	11.68	12.56
2/25/2014 20:05	Venus	90	Moon	-16.64	[illegible]	6/5/2014 3:11	Sun	0	Uranus	22.49	22.5
2/28/2014 4:43	Sun	120	True Node	-8.1	23.12	6/5/2014 15:13	Mercury	0	Mercury	23.45	24.88
3/3/2014 3:13	Sun	120	Saturn	-6.99	22.52	6/5/2014 17:50	Venus	90	Pluto	12.5	23.82
3/5/2014 2:07	Sun	90	Uranus	-6.24	22.5	6/9/2014 2:13	Venus	0	Venus	13.75	12.81
3/10/2014 8:15	Sun	180	Jupiter	-4.19	5.37	6/9/2014 22:22	Mercury	0	Mercury	22.3	24.88
3/10/2014 9:51	Venus	120	Neptune	-16.08	-0.13	6/10/2014 15:08	Sun	90	Jupiter	23.01	5.37
3/11/2014 20:57	Mercury	120	Moon	-14.01	-4.4	6/12/2014 14:12	Mars	90	Saturn	-4.83	22.52
3/13/2014 5:36	Venus	90	Mars	-15.8	12.56	6/14/2014 20:35	Venus	120	Jupiter	15.78	5.37
3/15/2014 22:07	Venus	180	Pluto	-15.48	23.82	6/14/2014 23:15	Sun	120	Moon	23.28	-4.4
3/16/2014 14:16	Mercury	120	Sun	-13.14	23.43	6/16/2014 23:32	Jupiter	90	Moon	21.72	-4.4
3/19/2014 3:59	Sun	90	Sun	-0.72	23.43	6/19/2014 11:02	Mars	120	Uranus	-5.76	22.5
3/20/2014 1:28	Venus	90	Venus	-14.87	12.81	6/19/2014 20:06	Sun	0	Sun	23.42	23.43
3/20/2014 17:10	Mercury	120	Mercury	-11.92	24.88	6/20/2014 20:48	Mercury	0	Sun	19.51	23.43
3/21/2014 15:27	Venus	120	Uranus	-14.6	22.5	6/21/2014 21:05	Pluto	120	Venus	-20.23	12.81
3/23/2014 23:51	Sun	90	Mercury	1.19	24.88	6/24/2014 20:39	Sun	0	Mercury	23.4	24.88
3/24/2014 15:56	Sun	180	Neptune	1.45	-0.13	6/25/2014 13:22	Sun	90	Neptune	23.38	-0.13
3/25/2014 11:48	Mercury	120	True Node	-10.02	23.12	6/26/2014 20:51	Venus	120	Neptune	19.35	-0.13
3/27/2014 3:37	Mars	0	Moon	-6.58	-4.4	7/1/2014 9:43	Sun	0	True Node	23.11	23.12
3/27/2014 14:13	Mercury	120	Saturn	-9.03	22.52	7/4/2014 11:57	Sun	0	Saturn	22.88	22.52
3/28/2014 15:55	Uranus	90	Saturn	4.22	22.52	7/5/2014 15:45	Venus	0	Uranus	21.26	22.5
3/28/2014 22:41	Mercury	90	Uranus	-8.34	22.5	7/8/2014 17:37	Pluto	180	Saturn	-20.29	22.52
3/29/2014 17:21	Sun	120	Pluto	3.44	23.82	7/10/2014 1:09	Venus	90	Jupiter	21.95	5.37
3/30/2014 7:10	Sun	90	True Node	3.66	23.12	7/11/2014 10:03	Mercury	0	Sun	20.3	23.43
3/30/2014 23:19	Venus	120	Moon	-12.63	-4.4	7/13/2014 7:29	Mars	0	Moon	-9.82	-4.4

www.burmeseclassic.com

www.burmeseclassic.com

လေ့ ရက်၊ နှစ် အဆိုန်	ကောင်ကျိုက်	ဂြိုဟ်ခြင်းဆင့်	မူလကျိုက်	လတ္တီတွဒ်	လတ္တီတွဒ်	လေ့ ရက်၊ နှစ် အဆိုန်	ကောင်ကျိုက်	ဂြိုဟ်ခြင်းဆင့်	မူလကျိုက်	လတ္တီတွဒ်	လတ္တီတွဒ်
7/21/2014 8:10	Venus	0	Mercury	22.82	24.88	10/26/2014 12:43	Venus	120	Mercury	-11.58	24.88
7/21/2014 21:23	Venus	90	Neptune	22.83	-0.13	10/26/2014 18:32	Sun	120	Mercury	-12.51	24.88
7/22/2014 16:23	True Node	0	Moon	-9.14	-4.4	10/29/2014 1:53	Venus	180	Mars	-12.72	12.56
7/22/2014 18:16	Mercury	0	Saturn	22.29	22.52	10/29/2014 23:20	Sun	180	Mars	-13.58	12.56
7/22/2014 21:01	Mars	120	Sun	-11.66	23.43	10/30/2014 18:12	Mars	180	Mercury	-24.91	24.88
7/26/2014 12:07	Venus	0	True Node	22.77	23.12	10/31/2014 1:22	Venus	90	Pluto	-13.59	23.82
7/28/2014 22:34	Venus	0	Saturn	22.64	22.52	10/31/2014 12:16	Venus	120	True Node	-13.78	23.12
7/29/2014 0:26	Mercury	90	Moon	22.03	-4.4	10/31/2014 15:39	Mars	90	Neptune	-24.89	-0.13
7/29/2014 15:36	Sun	90	Mars	18.72	12.56	11/1/2014 10:53	Sun	90	Pluto	-14.39	23.82
7/31/2014 23:39	Mars	120	Mercury	-13.47	24.88	11/2/2014 0:33	Sun	120	True Node	-14.57	23.12
8/1/2014 5:49	Sun	0	Pluto	18.09	23.82	11/2/2014 20:44	Venus	120	Saturn	-14.77	22.52
8/4/2014 4:53	Mercury	90	Mars	20.14	12.56	11/3/2014 4:46	Venus	180	Venus	-14.91	12.81
8/5/2014 8:34	Sun	90	Venus	17.02	12.81	11/4/2014 1:02	Mars	120	Mars	-24.79	12.56
8/5/2014 9:25	Mercury	0	Pluto	19.6	23.82	11/4/2014 12:36	Mercury	0	Moon	-7.11	-4.4
8/6/2014 17:57	Mars	180	Mars	-14.61	12.56	11/4/2014 23:16	Sun	120	Saturn	-15.49	22.52
8/7/2014 6:50	Mercury	90	Venus	18.63	12.81	11/5/2014 9:19	Sun	180	Venus	-15.62	12.81
8/7/2014 7:01	Venus	90	Moon	21.56	-4.4	11/7/2014 23:47	Mercury	120	Sun	-8.88	23.43
8/11/2014 2:06	Mars	90	Pluto	-15.47	23.82	11/8/2014 2:35	Mars	180	True Node	-24.6	23.12
8/12/2014 1:40	Mars	120	True Node	-15.67	23.12	11/11/2014 5:44	Mercury	120	Mercury	-10.74	24.88
8/13/2014 16:02	Jupiter	90	Mars	19.14	12.56	11/12/2014 0:27	Mars	180	Saturn	-24.35	22.52
8/17/2014 1:52	Mars	120	Saturn	-16.65	22.52	11/12/2014 13:45	Mars	120	Venus	-24.3	12.81
8/17/2014 15:19	Venus	90	Mars	19.3	12.56	11/13/2014 7:38	Mercury	180	Mars	-11.97	12.56
8/17/2014 18:42	Mars	180	Venus	-16.78	12.81	11/14/2014 21:47	Mercury	90	Pluto	-12.92	23.82
8/19/2014 6:29	Mercury	120	Mars	10.58	12.56	11/15/2014 6:29	Mercury	120	True Node	-13.13	23.12
8/19/2014 15:53	Venus	0	Pluto	18.74	23.82	11/17/2014 3:22	Mercury	120	Saturn	-14.23	22.52
8/22/2014 20:24	Mercury	120	Venus	7.89	12.81	11/17/2014 9:43	Mercury	180	Venus	-14.39	12.81
8/22/2014 20:53	Venus	90	Venus	17.78	12.81	11/21/2014 12:16	Mars	120	Jupiter	-23.45	5.37
8/23/2014 17:38	Mercury	90	Uranus	7.22	22.5	11/23/2014 23:18	Venus	120	Pluto	-21.79	23.82
8/25/2014 4:02	Jupiter	0	Pluto	18.52	23.82	11/26/2014 21:55	Mars	90	Moon	-22.77	-4.4
8/26/2014 20:05	Mercury	0	Jupiter	4.87	5.37	11/28/2014 8:03	Venus	180	Uranus	-22.72	22.5
8/29/2014 21:08	Sun	120	Mars	9.24	12.56	12/1/2014 5:43	Sun	120	Pluto	-21.74	23.82
9/1/2014 7:53	Mercury	90	Sun	0.77	23.43	12/2/2014 12:38	Venus	90	Jupiter	-23.4	5.37
9/4/2014 12:12	Mercury	90	Mercury	-1.52	24.88	12/2/2014 23:02	Pluto	180	Saturn	-20.67	22.52
9/4/2014 23:04	Mercury	0	Neptune	-1.84	-0.13	12/3/2014 21:00	Mercury	120	Pluto	-22.3	23.82
9/5/2014 12:17	Sun	120	Venus,	6.83	12.81	12/6/2014 15:24	Sun	180	Uranus	-22.49	22.5
9/7/2014 2:26	Sun	90	Uranus	6.24	22.5	12/7/2014 8:43	Mercury	180	Uranus	-23.41	22.5
9/8/2014 21:23	Mercury	90	True Node	-4.54	23.12	12/9/2014 12:46	Venus	180	Sun	-24.08	23.43
9/10/2014 23:39	Venus	120	Mars	10.44	12.56	12/9/2014 23:42	Mars	120	Neptune	-20.62	-0.13
9/11/2014 1:51	Mercury	90	Saturn	-5.98	22.52	12/10/2014 17:05	Mercury	90	Jupiter	-24.25	5.37
9/12/2014 12:26	Sun	0	Jupiter	4.19	5.37	12/11/2014 19:44	Sun	90	Jupiter	-23.01	5.37
9/12/2014 13:54	Mercury	120	Uranus	-6.94	22.5	12/13/2014 5:49	Mars	90	Mars	-19.98	12.56
9/13/2014 8:55	Jupiter	90	Venus	17.49	12.81	12/13/2014 8:28	Venus	180	Mercury	-24.2	24.88
9/16/2014 3:53	Venus	120	Venus	8.09	12.81	12/13/2014 21:11	Venus	90	Neptune	-24.2	-0.13
9/17/2014 9:40	Venus	90	Uranus	7.51	22.5	12/15/2014 21:34	Venus	120	Mars	-24.18	12.56
9/20/2014 15:11	Mercury	0	Moon	-11.51	-4.4	12/16/2014 0:10	Pluto	120	Venus	-20.66	12.81
9/21/2014 12:50	Sun	90	Sun	0.72	23.43	12/16/2014 7:04	Mercury	180	Sun	-25.11	23.43
9/21/2014 15:15	Venus	0	Jupiter	5.5	5.37	12/16/2014 10:16	Mars	180	Pluto	-19.32	23.82
9/25/2014 16:35	Mercury	120	Sun	-13.74	23.43	12/18/2014 7:53	Venus	180	True Node	-24.08	23.12
9/26/2014 10:20	Sun	90	Mercury	-1.19	24.88	12/19/2014 7:44	Mercury	180	Mercury	-25.29	24.88
9/26/2014 22:35	Mars	120	Pluto	-23.21	23.82	12/19/2014 17:47	Mercury	90	Neptune	-25.29	-0.13
9/27/2014 2:36	Sun	0	Neptune	-1.45	-0.13	12/20/2014 11:09	Sun	180	Sun	-23.42	23.43
9/28/2014 16:43	Venus	90	Sun	2.03	23.43	12/20/2014 16:19	Venus	180	Saturn	-23.92	22.52
10/2/2014 12:59	Venus	90	Mercury	0.11	24.88	12/21/2014 0:20	Venus	120	Venus	-23.89	12.81
10/2/2014 18:54	Sun	90	True Node	-3.66	23.12	12/21/2014 7:59	Mercury	120	Mars	-25.28	12.56
10/3/2014 1:46	Venus	0	Neptune	-0.16	-0.13	12/21/2014 11:25	Mars	90	Venus	-18.2	12.81
10/4/2014 18:39	Mars	180	Uranus	-23.99	22.5	12/23/2014 5:54	Mercury	180	True Node	-25.18	23.12
10/5/2014 18:49	Sun	90	Saturn	-4.82	22.52	12/23/2014 10:44	Mars	120	Uranus	-17.74	22.5
10/7/2014 13:03	Venus	90	True Node	-2.4	23.12	12/25/2014 2:13	Mercury	180	Saturn	-25	22.52
10/7/2014 18:33	Sun	120	Uranus	-5.58	22.5	12/25/2014 4:04	Sun	180	Mercury	-23.4	24.88
10/9/2014 21:43	Venus	90	Saturn	-3.58	22.52	12/25/2014 8:31	Mercury	120	Venus	-24.97	12.81
10/11/2014 11:21	Venus	120	Uranus	-4.36	22.5	12/25/2014 19:43	Sun	90	Neptune	-23.38	-0.13
10/12/2014 4:03	Mars	90	Jupiter	-24.53	5.37	12/26/2014 10:27	Venus	120	Jupiter	-23.23	5.37

www.burmeseclassic.com

www.burmeseclassic.com

ကောဇာဂြိုဟ်စီး ဂြိုဟ်မြင်စနစ်တွင် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်နှင့် ရာဟု-ကိတ်ဂြိုဟ်များသည် အဓိက ဇာတ်ဆောင်ဂြိုဟ်များ ဖြစ်ကြပေသည်။ အဂ်ီဂြိုဟ်မှာလည်း ရာသီခွင်တစ်ခုတွင် ပုံမှန် ၄၅ရက်ခန့်သာ သွားလာသော်လည်း ဖောက်ပြန် ဗျာစာသွားသော ကာလ၌ ၄လခန့် အချိန်ကြာမြင့်တတ်ပေရာ အဂ်ီကိုလည်း ချန်လှပ်ထား၍ မဖြစ်နိုင်ပေ။ ကျန်သည့် တနင်္ဂနွေ၊ တနင်္လာနှင့် ဗုဒ္ဓဟူးများမှာ အပြည့်ခံသဘောအသွင်ကိုသာ ဆောင်တတ်ပေသည်။ ရာသီခွင်တစ်ခု၌ နစ်ကာလကြာရှည်စွာ ရပ်တည်လေ့ရှိသည့် ယူရေးနပ်စ်၊ နက်ပ်ကျွန်းနှင့် ပလူတိုတို့မှာလည်း လူတစ်ယောက်၏ ဘဝကံကြမ္မာအား ကြီးမားစွာပြောင်းလဲ လှုပ်ကိုင်နိုင်စွမ်း ရှိကြပေသည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်အတွက် ဒေါ်အောင်ဆန်းစုကြည်၏ ဇာတာခွင် ကံကြမ္မာပုံရိပ်များအား နက္ခတ်သိပ္ပံ၏ နောက်ဆုံးလေ့လာ တွေ့ရှိထားသည့် ဥပဒေသများဖြင့် ညှိနှိုင်းပုံဖော် ကြည့်ရှုသောအခါ...

လ၊ ရက် နှစ်	ဂြားဇာဂြိုဟ်	ဂြိုဟ်ပြန်ဆုံ	လဂ် ဘဝတန်
1/4/2014	SUN	conjunct	ASC
4/3/2014	SUN	square	ASC
16/3/2014	SUN	opposite	MC
5/6/2014	SUN	tri	ASC
5/16/2014	SUN	tri	MC
6/16/2014	SUN	square	MC
7/7/2014	SUN	opposite	ASC
10/6/2014	SUN	square	ASC
10/17/2014	SUN	conjunct	MC
9/16/2014	Mars	conjunct	ASC
11/29/2014	Mars	tri	MC
1/2/2014	Mercury	conjunct	ASC
1/9/2014	Mercury	tri	MC
4/15/2014	Mercury	square	ASC
5/6/2014	Mercury	tri	MC
7/2/2014	Mercury	square	MC
7/24/2014	Mercury	opposite	ASC
8/13/2014	Mercury	tri	ASC
8/30/2014	Mercury	conjunct	MC
4/30/2014	JUPIT	opposite	ASC
2/9/2014	Venus	conjunct	ASC
2/28/2014	Venus	tri	MC
4/29/2014	Venus	square	ASC
5/25/2014	Venus	tri	ASC
6/20/2014	Venus	tri	MC
7/14/2014	Venus	square	MC
7/30/2014	Venus	opposite	ASC
9/17/2014	Venus	tri	ASC
9/26/2014	Venus	conjunct	MC
4/27/2014	URANU	square	ASC
10/22/2014	URANU	square	ASC
4/13/2014	PLUTO	conjunct	ASC

(ဒေါ်အောင်ဆန်းစုကြည် ဇာတာခွင်ရှိ
မူလ လဂ်နှင့် ဘဝတန် ဘာဝပေါ်သို့
ကောဇာဂြိုဟ်များ စီးပြင်မှုအခြေပြ ဇယား)

၂၀၁၄-ဇွန် ၂၀ ရက်မတိုင်မီ ကြာသပတေးဂြိုဟ် မေထုန်ရာသီ၌ ကောဇာဂြိုဟ်သွားမှုနှင့် ဒေါ်အောင်ဆန်းစုကြည် ကံကြမ္မာ

မူလဇာတာခွင်ရှိ တနင်္ဂနွေ၊ ဗုဒ္ဓဟူး စနေနှင့် ရာဟုဂြိုဟ်များအပေါ်သို့ ဘုန်းကံသြဇာ တင့်တယ် ထည်ဝါသည့် သဘောသဘာဝများ ပါဝင်နေသည့် ကြာသပတေးဂြိုဟ် စီးနင်းထားမှုသည် ပြည်သူလူထု၏ ထောက်ခံအားပေးမှုအား ရရှိစေမည့် ဂိုဟ်ရပ်တည်မှု ဖြစ်ပေသည်။ ပိုမိုကျော်ကြား ထွန်းတောက်လာမည်၊ လူထုကို ပိုမိုဆွဲဆောင် သိမ်းသွင်းနိုင်မည်၊ သမိုင်းတွင်ရစ်မည့် မိန့်ခွန်းစကားများ ပေါ်ထွန်း၍ ဖွဲ့စည်းပုံဥပဒေ ပြင်ဆင်ရေးလှုပ်ရှား ကြိုးပမ်းမှုများအတွက် အကျိုးရှိမည်။ အာဏာရှုပ်ချုပ်သူများ အံ့သြတုန်လှုပ် ချောက်ချားစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှု တိုက်ပွဲခေါ်သံ စိန်ခေါ်မှုအား ပြည်သူနှင့် လက်တွဲ၍ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည်။ သို့သော် ယင်းကာလ၌ ကောဇာ-ကြာသပတေး၏ ဒီဂရီအံသာသည် စနေဂြိုဟ်နှင့် ရာဟုကိုသာ လွှမ်းမိုးထားနိုင်သဖြင့် တိုင်းပြည်နိုင်ငံ နယ်ပယ်ဒေသအသီးသီးသို့ လှည့်လည်ပြီး ပြည်သူ၏ စိတ်ဆန္ဒသဘောထား အားအင်များကိုသာ ရယူနိုင်ပါလိမ့်မည်။ အုပ်ချုပ်သူ အစိုးပြေး ထိပ်တိုက်တွေ့ဆုံရန် အချိန်အခါမရောက်ရှိသေးသည့်အတွက် ဥပဒေဘောင်အတွင်းမှသာ မိမိ၏ လိုအင်ဆန္ဒများအား တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည် ဖော်သင့်ပေသည်။ အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်သင့်သည့် ကာလဖြစ်ပြီး မိမိ၏ ကံဇာတာသည် ၂၀၁၄-ဇန်နဝါရီ (၄၅၊ ၁၀၊ ၁၄၊ ၂၆၊ ၃၀)ရက်၊ ဖေဖော်ဝါရီ (၁၊ ၅၊ ၉၊ ၁၅၊ ၁၇)ရက်၊ မတ် (၁၀၊ ၁၉၊ ၂၀၊ ၂၃၊ ၂၇)ရက်၊ ဧပြီ (၁၊ ၂၊ ၄-၆၊ ၉၊ ၂၆၊ ၂၉)ရက်၊ မေ (၂၊ ၃၊ ၁၀၊ ၂၃၊ ၂၇)ရက်၊ ဇွန် (၉၊ ၁၉၊ ၂၀၊ ၂၄)ရက်များသည် နိုင်ငံရေးနယ်ပယ်၌ အကောင်းဆုံး အခွင့် အလမ်းများအား ဖန်တီးပုံဖော်ခွင့် ရှိလာပေလိမ့်မည်။ ဂျှိလ၊ ဂျှိရက်များ၌ အမည်နှင့် ဂုဏ်သတင်း ထင်ပေါ် ကျော်ကြားပြီး ဖွဲ့စည်းပုံ ပြင်ဆင်ရေးအား အထောက်အကူဖြစ်စေမည့် အခွင့်အလမ်းများ ပေါ်ထွက်လာပေလိမ့်မည်။

နိုင်ငံကျော် ပေဒင်ပညာရှင်တစ်ဦး၏ ဟောကြားချက်ဖြစ်သော ကြာမြတ်အစိုးရ ပေါ်ထွန်း၍ ၂၀၁၄ တွင် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာလိမ့်မည်ဟူသော ဟောချက်အား ဖန်တီးပုံဖော်ပေးရန် အခြေအနေပေးနိုင်သည့် ကာလဖြစ်ပေသည်။

မတ်လမှ မေလအတွင်း ကန်ရာသီ၌ အဂ်ီဂြိုဟ် ဖောက်ပြန်၍ နေရာသီရှိ ပလူတိုဂြိုဟ်ဖြင့် ၁၂ ဒီဂရီအမြင်ရှိထားမှုသည် တိုင်းပြည်အတွက် မင်းပြောင်းမင်းလွဲဖြစ်စဉ်ကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ အခြားအား

www.burmeseclassic.com

www.burmeseclassic.com

ကြီးနိုင်ငံများတွင်လည်း ခေါင်းဆောင်ပိုင်း အပြောင်းအလဲများ ထူးခြားစွာ ဖြစ်ပေါ်လာမည် ဖြစ်ပေရာ ဒေါ်အောင်ဆန်းစုကြည်အတွက် နိုင်ငံရေးဇာတာစန်းလင် တောက်ပရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်လာနိုင်ပေသည်။ နိုင်ငံတော်တွင်လည်း လက်ရှိသမ္မတနှင့် နိုင်ငံတော်အခါပေးတို့၏ ဇာတာစန်းလင်များ ကျဆင်းပြီး လွှဲများသော အချိန်အခါများဖြင့် နိုင်ငံတော် မင်္ဂလာအခမ်းအနားများ ကျင်းပလာပေရာ ဆီးဂိမ်းအားကစား၌ မြန်မာဘောလုံးအသင်း ရှုံးနိမ့်မှုဖြစ်စဉ်၊ ရွှေဆုများအတွက် မှန်းချက်နှင့် နှမ်းထွက် မကိုက်သောဖြစ်စဉ်၊ အင်္ဂါအပေါ် အင်္ဂါစီးနင်းချိန်၌ ဗီတာခ တိုးကောက်ရန် ကြိုးစားခဲ့မှုကြောင့် ပြည်သူ၏ ယုံကြည်မှု ကျဆင်းသော ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပြီး လာမည့် ၂၀၁၄၊ ဧပြီကျော်လျှင် ဗီတာခ တိုးမြှင့်ကောက်ခံရန် ကြိုးစားမှုကြောင့် ပြည်သူမှ ပြင်းထန်စွာ ကန့်ကွက်ဆန္ဒပြမည့် ဖြစ်စဉ်များ ထပ်ဖြစ်ပေါ်ပြီး အစိုးရအတွက် မငြိမ်းချမ်းသော နိုင်ငံရေး ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်လာဖွယ်ရှိနေပေသည်။

သို့သော်ငြားလည်း လက်ရှိ တပ်မတော်အစိုးရအသွင်ပြောင်း ဒီမိုကရေစီအစိုးရသစ်သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး ကိုင်တွယ်ထိန်းသိမ်းမှုတွင် နှစ်ပေါင်း (၂၀)ကျော် အတွေ့အကြုံရှိခဲ့ပြီဖြစ်သည့်အတွက် မည်သို့မည်ပုံ ကိုင်တွယ်ထိန်းသိမ်းဖြေရှင်းမည်ကို စိတ်ဝင်စားဖွယ် စောင့်ကြည့်ရပေလိမ့်မည်။ မြန်မာ့မြေပေါ်တွင် ပေါ်ထွန်းခဲ့သည့် အာဏာရ အစိုးရအဖွဲ့အစည်း၊ အစိုးရခေါင်းဆောင်များအနေဖြင့် "ပြိုင်လာလျှင် အရှုံးပေး နလုံးအေးသည့် ဆေး" မြန်မာစကားပုံအား ဆန့်ကျင်ဘက် ဆော်ဂျက်လေ့ရှိသည့် မူဝါဒ သဘောထားများအတိုင်း မိမိတို့၏ ရာဇပလ္လင် တည်မြဲရေးကိုသာ ကျားကုတ်ကျားခဲအစွမ်း အကုန်ကြိုးစား ခုခံ ကာကွယ်သွားပေလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည်အတွက် ၂၀၁၄ အတွင်း ကြားဖြတ်အစိုးရဖွဲ့စည်းပြီး နိုင်ငံတော်သမ္မတဖြစ်လာရေးအခြေအနေမှာ အိမ်နီးချင်း ထိုင်းနိုင်ငံမှာကဲ့သို့ နိုင်ငံ၏ အာဏာသည် အစိုးရအဖွဲ့အစည်းနှင့် တပ်မတော်အပေါ်တွင် မရှိစေဘဲ ပြည်သူ့လက်ထဲတွင်သာ ရှိနေကြောင်း ရဲရဲဝံ့ဝံ့ ဖော်ထုတ်တောင်းဆိုမည့် မြန်မာလူထု သန်း (၆၀)၏ အားများ လိုအပ်မည် ဖြစ်သလို၊ လက်ရှိ အစိုးရအဖွဲ့အစည်းအား ပြည်သူမှ ဆိုးဝါးစွာ အယုံအကြည်မဲ့စေမည့် အစိုးရ၏ လုပ်ငန်းအမှားဖြစ်စဉ်များ ပေါ်ပေါက်လာမှသာ အခွင့်အလမ်းတစ်ရပ်ဖြစ်လာနိုင်ပေသည်။

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့ ဝဠ ၅၃ ၉၃၄၄

* * *

(ဦးဇေယျာကို ရေးသားသော "၂၀၁၄-ကောကရိုဟ်စီး ဂြိုဟ်မြင်များနှင့် ဒေါ်အောင်ဆန်းစုကြည် အနာဂတ်ကံကြမ္မာ" ဆောင်းပါး ဒုတိယပိုင်းအား ဆက်လက်ထည့်သွင်း ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။)

ဂဏ္ဍီရဆန်းကြယ် စာတည်းအဖွဲ့

* * *

www.burmeseclassic.com

တက္ကသိုလ်စိုးမိုးနိုင်

ဘဝပဏ္ဍာအပြုံရောက်ကွာ

ကေရီ

တာမွေမြိုနယ်၊ ရန်ကုန်တိုင်း။

မေး ။ ကံကောင်းခြင်း လက်ဆောင်ယာကြာတစ်ခု ကို လိုချင်ပါသည်။

ဖြေ။ ။ ကေရီသည် တရုတ်ဂျိုရစေဒ ဗေဒင်ပညာရပ်အရ ကြွက်(သစ်သား)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်အရ ဓနုရာသီဖွား(Sagittarius) ဖြစ်သည်။ ဂဏန်းဗေဒင်ပညာရပ်အရ (၄)ဂဏန်းသမားဖြစ်ခြင်းကြောင့် စိတ်ကူးစိတ်သန်း ကောင်းမွန်သူ၊ အမြင်ကျယ်သူ၊ စိတ်ဓာတ်ခိုင်မာသူဖြစ်သည်။

ကံဆိုသည် မိမိရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုသော ကံသုံးပါးရဲ့ ဆောင်ရွက်မှုအပေါ်မှာ မူတည်သည်။ ကောင်းတာ လုပ်လျှင် ကောင်းတာဖြစ်မည်။ ကိုယ်စိုက်ပျိုးသော အသီးကိုပဲ ကိုယ်စားရမှာ ဖြစ်ပါသည်။ ဒီတော့ ကံကောင်းခြင်း၏ လက်ဆောင် လမ်းညွှန်မှုတစ်ခုကို ဆရာပေးပါမည်။

(၁) ဝိရိယရှိပါ။
(၂) ဇွဲကောင်းပါစေ။
(၃) စည်းကမ်းစနစ်ရှိပါစေ။
(၄) သမာဓိ (သို့) အာရုံစူးစိုက်မှုရှိအောင် လေ့ကျင့်ပါ။
(၅) ရိုးသားဖြောင့်မတ်ပါ။
(၆) ဗဟုသုတများပါစေ။
(၇) ခေတ်မီ ပညာရပ်များကို လေ့လာသင်ကြားဖို့ မမေ့ပါနဲ့။
(၈) စကားပြောကောင်းအောင် လေ့ကျင့်ပါ။
(၉) စာရေးတတ်အောင် လေ့ကျင့်ပါ။
(၁၀) ကျန်းမာရေးကို ဂရုစိုက်ပါ။
(၁၁) မိမိနှင့် သင့်တော်သော ဘဝရည်ရွယ်ချက် ပန်းတိုင်ကို ရှာဖွေပါ။
(၁၂) အနန္တော အနန္တငါးပါးကို လေးစားမဲ့။
(၁၃) မိတ်ဆွေ သူငယ်ချင်းကောင်းကို ရွေးပေါင်းပါ။
(၁၄) မိမိရဲ့ ဘာသာရေးကို လေးစားပါ။
(၁၅) လောကစည်းကမ်း၊ လူမှုကျင့်ဝတ်ကို လေ့လာသင်ကြားပါ။

ယခုပြောသော အချက်တစ်ချက်ချင်းကို အထူးလေ့လာသင်ကြားပြီး သိအောင် လုပ်ပါ။ ဒါတွေကို သိပြီးရင် နေ့စဉ် ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်ပါ။ ဒါဆိုရင် ကေရီ ဘဝအတွက် အကောင်းဆုံး ကံကောင်းခြင်း၏ လက်ဆောင် ယာကြာတစ်ခုဖြစ်ပါသည်။

ထိုင်

ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မေး ။ ဘဝအောင်မြင်ရေးအတွက် ကျင့်စဉ်တစ်ရပ် ကို သိလိုပါသည်။

ဖြေ။ ။ လိုင်းသည် ပြိတ္တာရာသီနှင့် ၉-ဂဏန်း ဆက်စပ်နေသောကြောင့် အခက်အခဲ အတားအဆီးများကနေ ပညာဉာဏ်ရမှာကို ဖော်ပြနေ၏။ ကျင့်စဉ်အဓိဋ္ဌာန်ဖြင့် ဆောင်ရွက်ရင် ထူးခြားသော အောင်မြင်မှုကို ဖော်နိုင်မည်။ စိတ်ဆတ်၊ ဒေါသထွက်မှုများဖြစ်လျှင် စွန့်ပစ်လိုက်ပါ။ အဲဒီအစား မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

ပွားများပါ။ အငြင်းမပွားဘဲ ရည်မှန်းချက်ဆီကို ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းပါ။ လောကကြီးမှာ အောင်မြင်ဖို့ "မာယဒေ"၏ လမ်းညွှန်မှုကို လိုက်နာပါ။

(၁) နေ့စဉ် ပရိတ်ရွတ်ပါ။ (မေတ္တာပွားပါ။)

(၂) လောက၊ ဓမ္မလုပ်ငန်းတို့ကို နားလည်သော ဆရာသမားနှင့် တိုင်ပင်ပါ။

(၃) စကားချိုသာ အချက်ကျအောင်၊ ပြောဆိုတတ်အောင် လေ့လာဆည်းပူး ပြောဆိုပါ။

(၄) သဒ္ဓါစိတ်ထားမွေး၊ လျှာဒါန်းကျွေးမွေး၊ လက်ဆောင်ပေးမှုကို ကျင့်ပါ။

(၅) ဆက်စပ်ပေါင်းစည်းမှုကို ကျင့်သုံးပါ။

နေ့စဉ် ပုတီးတစ်ပတ်စိပ်၊ အများကို ကူညီ၊ အသိဉာဏ်တိုးအောင်လုပ်၍ မိတ်ဖွဲ့ပါ။

ယဉ်ယဉ်ထွေး
တောင်ကြီး။

မေး ။ ဘဝအောင်မြင်ရေးအတွက် ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။

ဖြေ ။ ယဉ်ယဉ်ထွေးအတွက် ဘဝအောင်မြင်ရေး ကျင့်စဉ်ကတော့...

(၁) စောစောအိပ်၊ စောစောထ၊ ဘုရားရှေ့မှာ မိနစ် ၃၀ခန့် တရားထိုင်သည့် ကျင့်စဉ်ကို ပြုလုပ်ပါ။

(၂) နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးမှ ဗုဒ္ဓဟူးနေ့ဖွား ဘုရားများဖြစ်သော ကောဏ္ဍညဘုရား၊ နရဒဘုရား၊ သိဒ္ဓတ္ထဘုရား၊ ကောဏာဂုံဘုရားများကို ရည်မှန်းလျက်...

ဘုရားလေးဆူ ရှိခိုးဂါထာ

ကောဏ္ဍညော နာရဒေါ သတ္တာ၊
သိဒ္ဓတ္ထော ကောဏာဂမနော၊
ဗုဒ္ဓဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

ဆုတောင်းဂါထာ

နဝေနေန ကမ္မေန၊ ဝိနဿတု ပေါရာဏာကံ၊
စတုန်နံ ဗုဒ္ဓတေဇေန၊ သဒါသုခီ ဘဝန္တုမေ။

ဤကဲ့ပွင့် သိဒ္ဓိအောင်ဂါထာကို နံနက် ၉ခေါက်၊ နေ့လယ် ၉ခေါက်၊ ည ၉ခေါက် ရွတ်ဆိုပူဇော်ပါ။ ဤဂါထာကို မပြတ်ရွတ်ဆိုခြင်း ကျင့်စဉ်ကြောင့် သမာဓိ၊ သမထ အာရုံပွားများသည်ဖြစ်ရာ ကံဆိုးများ ပျောက်လွင့်ပြီး ကံကောင်းခြင်း အခွင့်အလမ်းများ ဖွင့်ခြင်းကို ရောက်ရှိလာပါလိမ့်မည်။

(၃) သဘောထား ကြီးသင့်၏။ ဒေါသမကြီးနှင့်။ အပျင်းမကြီးနှင့်။ မျှတသောအစာကို ဆာမှ စား။

ဤကျင့်စဉ်သုံးရပ်ကို ကျင့်သွားမည်ဆိုပါက ယဉ်ယဉ်ထွေး၏ဘဝ ထာဝရ လှပသော အောင်မြင်မှုများကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါသည်။ ဘဝအောင်မြင်မှုများစွာကို ထာဝရပိုင်ဆိုင်သူဖြစ်ပါစေ။

ခင်မောင်စိုး
အရှေ့ ရွှေဂုံတိုင်း။

မေး ။ ထီပေါက်ကိန်း ရှိပါသလား။ ထီပေါက်မည့်နှစ်၊ အိပိုင်းအခြား၊ အပ်စပ်သော အဓိဋ္ဌာန်တစ်ခုကို သိလိုပါသည်။

ဖြေ ။ အသက် ၂၇နှစ်မှ ၄၂နှစ်တာကာလအတွင်းတွင် ငွေကြေးလာဘ်ရွှင်ပြီး ထီးပေါက်ကိန်း ရှိပါသည်။

ဗုဒ္ဓဓေတ်က စာရေးတံမဲ နို့က်ရာတွင် အစဉ်အမြဲပေါက်သော မထေရ်မှာ ကုဏ္ဍာန မထေရ်ဖြစ်ပါသည်။ အခုဓေတ်မှာတော့ ထီဆုမဲများ၊ ကံစမ်းမဲများ ရှိသောကြောင့် မောင်ခင်မောင်စိုး၏ မွေးနေ့မှာ ရေခဲမုန့် ၅၁ခွက်၊ ဆီမီး ၅တိုင်၊ ဝိတောက်ညွှန့် ၉ညွှန့်ကို ဘုရား၏ မွေးနံ့ထောင်မှာ မွေးနေ့ ၌ လှူပါ။ ပြီးလျှင်...

ကုဏ္ဍာနမထေရ်၏ ထီပေါက်ဂါထာ

တေဒဂ္ဃ ဘိက္ခဝေ မမ၊
သာဝကာနံ ဘိက္ခူနံ၊
ပဌမံ သလာကံ ဂဏှာန္တာနံ၊
ယဒိဒံ ကုဏ္ဍာနော၊
တေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတုသဗ္ဗဒါ။ ။

ဆိုသော ဂါထာတော်ကို (၁၀၈)ခေါက် ရအောင်ရွတ်ဆိုပါ။ အပတ်စဉ် မွေးနေ့တိုင်း မပျက်ပါစေနှင့်။

လာဘ်ရွှင်မည်။ ကံတရား ထူးခြားကောင်းမွန်လာပါလိမ့်မည်။

* * *

ဓာတ်ဆိုင်ရ နိုးဝိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်
ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွန်းရှိပါသည်။

- A = ဒီနှစ်ထဲမှာ ကံကောင်းမလား။
- B = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- C = ကျန်းမာရေးမာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- D = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- E = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- F = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- G = အပ်စပ်သော အမိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ _____

မွေးခုနှစ်၊လ၊ရက် ။ ။ _____

နေရပ်လိပ်စာ ။ ။ _____

_____

_____

မိမိမေးလိုသည့် ။ ။ _____

မေးခွန်းအကြောင်းအရာ _____

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကို အမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင် ဇောက်ပါလိပ်စာသို့ပို့လိုက်ပါလေး။(သို့မဟုတ်)

ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ် - ၁၇၉ (ဓမ္မညီထပ်)၊ ခုခ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၃၇၄၄၅၅

www.burmeseclassic.com

www.burmeseclassic.com

အသုံးတည့်သော ဇော်ဂျီတောင်ဝေးပင်

ပြည်စိုး

ကျန်းမာရေး ဗဟုသုတတိုးပွားစေရန် မြန်မာဆေးဖက်ဝင် ဇော်ဂျီတောင်ဝေးပင်အား ဖော်ပြလိုက်ပါသည်။

Item Name - DragonsBlood(ဇော်ဂျီတောင်ဝေးပင်)
Category - Raw Material
Botany Term - Cordylinc terminalis Kunth
Species Family - Liliaceae

မြန်မာနိုင်ငံ အနှံ့အပြားတွင် ပေါက်ရောက်သည်။ ဘုရားပြောင်ရေအိုး ပန်းထိုးရန်အတွက်လည်းကောင်း၊ အလှအပ အဖြစ်လည်းကောင်း ခြံဝင်းများတွင်လည်း စိုက်ပျိုး၏။

အပင်

ပင်ပျော့ပင်ငယ်မျိုးဖြစ်သည်။ အမြင့် ၁၀ ပေခန့် ထိမြင့်သည်၊ အကိုအခက်ဖြာခြင်းမရှိ၊ ပင်လုံးထီးတည်းဖြစ်၏။ ပင်စည်လုံးပေါ်တွင် အရွက်ရော အမာရွတ်ကလေးများရှိသည်။ (ပင်စည်လုံးသည် တောင်ဝေးနှင့် သဏ္ဌာန်တူ၏)

အရွက်

ပင်စည်လုံးအားပတ်၍ထွက်၏။ ရှည်မျောမျော လုံစွပ်ပုံသဏ္ဌာန်ရှိ၍ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းသို့ သွယ်သွား၏။ အလျားတစ်တောင်ခန့်ရှိ၏။ ရွက်ညာ ၄ လက်မခန့်ရှည်ပြီး မြောင်းကဲ့သို့ဖြစ်နေသည်။ ရွက်ညာရင်းသည် ပင်စည်ကိုပတ်ထား၏။ ရွက်ညာနှင့်တကွ အရွက်အထက်အောက် မျက်နှာပြင် ၂ ဖက်လုံး နှစ်ဉအနီရင့်ရောင်ရှိ၍ ရင့်လျှင် နီညိုရောင်နှင့် စိမ်းပိုင်းပိုင်းရောစပ်နေ၏။ ရွက်နားအနီရောင်ရှိ၏။ ရွက်ပြားချောမွေ့ ၍ အနည်းငယ်မာ၏။ ရွက်နားချောင့်လိုင်းအနည်းငယ်ရှိသည်။ ရွက်လယ်ကြောထင်ရှား၍ သန်မာသည်။

အပွင့်

အပင်ထိပ်မှ ပွင့်တံထွက်၍ပွင့်၏။ အပွင့်သေးငယ်၍ နီညိုရောင်ရှိ၏။

အမြစ်

ရေသောက်မြစ်ရှည်လျားရှိ ယင်းဘေးမှ မြစ်မြှောလေးများဖြာထွက်သည်။

အသုံးဝင်ပုံ

အရွက်၊ အမြစ်၊ ပဉ္စင်းပါး။

အာနိသင်

မြန်မာဆေးကျမ်းများ အလိုအရ ဇော်ဂျီတောင်ဝေးသည် အရသာဖန်၏။ အေး၏။ သွေးအန် သွေးကျ၊ သွေးလျှံသွေးသွန်နာကိုနှိမ်၍ သည်ခြေ ဒေါသ အပူကို လွန်စွာပြီးစေနိုင်၏။

အရွက်အသုံးပြုပုံ

၁။ အရွက်ကို ရေနှင့် ကျိုသောက်ရာ သွေးအန်သွေးကျ သွေးလွန်ရောဂါပျောက်၏။ သကြားနှင့် ကျိုသောက်သော်၊ ဝမ်းကောင်းစေ မုန်စေ၏။ ထန်းလျက်နှင့် ကျိုသောက်သော် အူရောင်ရောဂါ၊ အသည်းရောင်ရောဂါတို့ပျောက်၏။

၂။ ရွက်နုများကို ပါးပါးလှီး၍ သုပ်စား၊ တို့စားလျှင် ဝမ်းကိုက်ရောဂါပျောက်၏။ ဝမ်းကိုလည်းကောင်းစေ၏။

၃။ ဇော်ဂျီတောင်ဝေးရွက်ကို လူနှိုနှင့် ပြုတ်သောက်ပါက အဆုတ်ရောင်ခြင်း၊ အသည်းရောင်ခြင်းနှင့် ကျောက်ကပ်တွင်ဖြစ်သော ရောဂါများပျောက်၏။

အမြစ်အသုံးပြုပုံ

၁။ အမြစ်ကိုသွေး၍ရှူလျှင် ထိပ်ကပ်နာနှင့် နာခေါင်းသွေးလျှံ၊ သွေးကျခြင်းများပျောက်၏။

၂။ လျှာဠ်အနာ၊ အဖုအပိမ့်များပေါက်လျှင်၊ ဇော်ဂျီတောင်ဝေးမြစ်ကိုသွေး၍ ဆားအနည်းငယ်ထည့်ပြီး လျှာနာကို နှိုက်ပေးရ၏။

၃။ အမြစ်ကိုပြုတ်သောက်ကာ ဝမ်းကောင်းစေ၏။

၄။ အမြစ်ကိုသွေးလိမ်းသော် ဝဲစို၊ ဝဲခြောက်နာ၊ ပေါက်ခြင်္ကွဲနာနှင့် အခြားအနာအဆာများပျောက်၏။

ပဉ္စင်းပါးအသုံးပြုပုံ

၁။ အမျိုးသမီးများ မီးယပ်မပေါ်သော် ဇော်ဂျီတောင်ဝေး ပဉ္စင်းပါးကို သကြားနှင့်ကျိုသောက်ကာ မီးယပ်ပေါ်စေ၏။

၂။ ဇော်ဂျီတောင်ဝေး ပဉ္စင်းပါးပြုတ်ရည်ကို သကြား၊ ကန်စွန်းရွက်ပြုတ်ရည်နှင့် ဖျော်စပ်၍ နေ့စဉ်သောက်သော် အဆုပ်နာပျောက်၏။

၃။ ဇော်ဂျီတောင်ဝေး ပဉ္စင်းပါးကြိတ်ညှစ်ရည်၊ ချင်း၊ ထန်းလျက်ရည်တို့ ဆတူစပ်၍ နေ့စဉ်သောက်သော် အမျိုးသမီးများ သွေးသားမုန်ကန်၍ လစေ ဝစေ၏။ အမောလည်း ခံနိုင်၏။ အမျိုးသမီးများ သွေးဆုံးရောဂါကိုလည်း ပျောက်စေ၏။

* * *

ပြည်စိုး

Ref - http:// myanmarherbal. blogs pot.com/ 2013/11/blog-post- 15 html
- photo by google search

www.burmeseclassic.com

www.burmeseclassic.com

မင်းဘူး-အမ်းလမ်းပိုင် ကားဝါကြီး အမ်းမြို့မှ ထွက်သည်နှင့် နေလုံးကြီးသည်လည်း ကွယ်လေ၏။ ရှေ့ကို သုံးမိုင်မျှ ဆက်မောင်းလျှင် ပဲပခုံရွာလေးကို ရောက်သည်။ ပဲပခုံရွာလေးကို ရခိုင်ရိုးမကြီး၏ တောင်ခြေတွင် တည်ထားသောကြောင့် ပဲပခုံရွာကို လွန်သည်နှင့် ရခိုင်ရိုးမကြီးကိုလည်း စ,တက်ရလေသည်။

ရခိုင်ရိုးမကြီးကို စ,တက်လိုက်သည်နှင့် အအေးဓာတ်ကိုလည်း စတင်တွေ့ရလေ၏။ ယခုလို နွေခေါင်နွေဖျားသို့ ရောက်လာသည့်တိုင်အောင် ရခိုင်ရိုးမကြီးသည်ကား အအေးဓာတ်လျော့ပါးသွားခြင်း မရှိပေ။ သုံးရာသီပတ်လုံး အအေးဓာတ်ဖြင့် ဖုံးလွှမ်းလျက်သာ ရှိသည်။

မင်းဘူး-အမ်းလမ်းမကြီး တစ်လျှောက် စခန်းစဉ်များကို တစ်ခုပြီး တစ်ခု ကျော်ဖြတ်လာကြရာ မောင်အေး

နောက်ဆုံး နှုတ်ဆက်သွားကြသူလေး နှစ်ယောက်တို့အကြောင်း

မင်းဟိန်းထိုး



www.burmeseclassic.com

www.burmeseclassic.com

ငယ်သားများအား ခိုင်းထားခဲ့သည်နှင့်
ပတ်သက်၍ ကြည့်ရှုခြင်းပင် ဖြစ်၏။
လမ်းဘေးအန္တရာယ်များ စိုက်ထူ
ထားကြသည်ကိုမူ တန်းစီလျက်
တွေ့နေရသည်။ လမ်းမကြီး၏
အောက်ဘက် ကမ်းပါးယံ
များ၌ တုတ်ရိုက်ထားသည်

ချမ်းသည် မိခင်စခန်း/ ပင်မ
စခန်းဟု ဆိုရမည့် အပြုတမ်း
လိုလို ရုံးထိုင်ပေးရ လေ့ရှိသော
ကြက်ရေစမ်းစခန်းနားသို့ ရောက်
လျှင် ဟိုဟိုသည်သည်ကြည့်၏။
လုပ်ငန်းများကို အောက်လက်

www.burmeseclassic.com

www.burmeseclassic.com

ကို ဟိုနေရာ နည်းနည်း၊ သည်နေရာ နည်းနည်းမျှသာ တွေ့ရသေး၏။ ဤလုပ်ငန်းနှစ်ခုကိုမူ မိုးမကျမီ ပြီးထားသင့်၏။ စိုစိုထဲ၌သာ လုပ်ကိုင်ရလျှင် သက်သာကြမည် မဟုတ်ပေ။ လုပ်ငန်းတွင်မည်လည်း မဟုတ်တော့။

မောင်အေးချမ်း ကြက်ရေစမ်းစခန်းနှင့် ဝေးနေသည်မှာ တစ်လရှိခဲ့ပြီ။ ဝန်ထောက်ကြီးက အမ်းပြို့အဝင် အထွက်လမ်းများကို ပြုသဖြင့် ခင်းပေးရန် စေခိုင်းလိုက်၍ မောင်အေးချမ်း အမ်းပြို့ကို သွားပြီး တစ်လတိတိလုပ်ပေးခဲ့ရ၏။ ထို့ကြောင့် ယခုမှ လုပ်ငန်းများ ပြီးစီး၍ ပင်မဖြစ်သော ကြက်ရေစမ်းစခန်းကို ပြန်လာခဲ့ရခြင်းဖြစ်သည်။

ယန္တရား တဲရုံကြီးရှေ့တွင် ကားကြီးကို ငြိမ့်ခနဲရပ်လိုက်၏။ ထို့ကြောင့် မောင်အေးချမ်း ကားပေါ်မှ ဆင်းလိုက်၏။ ကားကြီးသည်ကား မင်းဘူးထိ ဆက်သွားမည်ဖြစ်၍ အခြားခရီးသည်များ တစ်ယောက်မျှ မဆင်းကြပေ။ ထို့နောက် ကားကြီးသည်လည်း ရှေ့ခရီးကို ဆက်မောင်းသွားလေသည်။

မောင်အေးချမ်းသည် လက်ကိုင်ပဝါဖြင့် မျက်နှာနှင့် ကိုယ်လက်များကို သုတ်သင်လိုက်၏။ ပုဆိုးကိုလည်း ဖြေတင်၏။ ထို့နောက် ဟင်းဘတ်အိတ်ကြီးကို ဆွဲပြီး ဗိုလ်တဲဘက်ကို ဆက်လျှောက်လာခဲ့သည်။

"ကိုအေးချမ်းကြီး... ပြန်လာပြီလား"

"အေးဟ၊ ပြန်လာပြီပေါ့"

"အမ်းပြို့မှာ ပြီးသွားခင်းတာ ပြီးခဲ့ပြီလား"

"အင်းပေါ့။ ပြီးခဲ့လို့သာ အခု ပြန်လာတာပေါ့"

"သြော်... သြော်"

"နေကြဦးဟာ၊ ငါ ဗိုလ်တဲကို သွားပြီး ရေမိုးချိုး၊ ညနေစာ စားလိုက်ဦးမယ်။ ပြီးတော့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

အလုပ်သမားလိုင်းတန်းက ခင်ကျော်ထွန်းနှင့် နင်းဝေဝေတို့လင်မယားက လိုက်နှုတ်ဆက်ကြခြင်း ဖြစ်၏။ မောင်အေးချမ်းသည် သူတို့လင်မယားနှင့် ထိုမျှသာ စကားပြောခဲ့ပြီး ဆက်လျှောက်လာခဲ့သည်။

ဗိုလ်တဲကို ရောက်လျှင် အခန်းကို သော့ဖွင့်ပြီး ကပျာကယာ အမိုက်လှည်းကာ ရေချိုး၏။ ထို့နောက် ထမင်းချက် ကောင်လေး(ချင်းအမျိုးသားလေး မောင်တက်)အား ထမင်းပွဲပြင်ခိုင်းပြီး ညနေစာစား၏။ ညနေစာ စားသောက်ပြီးနောက် ရေနွေးထိုင်သောက်နေကြ ချိန်မှာပင် ဗိုလ်တဲသို့ တက်လာနေသော မီးရောင်တစ်ခုကို မောင်အေးချမ်း သတိပြုမိလိုက်သည်။ ထို့နောက် လှမ်းခေါ်သံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရသည်။

"မောင်တက်ရေ..."

"ဗျာ...ဒေါ်ခင်ရှိန်၊ တက်လာခဲ့ပါ။ ဒီမှာ ဆရာလေး အေးချမ်း ရောက်လာလို့ ကျွန်တော်တို့ စကားထိုင်ပြောနေကြတာပါ"

ဒေါ်ခင်ရှိန်ဟူသော အမျိုးသမီးကို မောင်အေးချမ်း မသိပေ။ နာမည်ကိုပင် ယခုမှ ကြားဖူး၏။ ဧည့်သည်လော မသိ။

ဒေါ်ခင်ရှိန်သည် ရေနုံဆီမီးခွက်ကို လက်ဝါးဖြင့် ကာပြီး ဗိုလ်တဲသို့ တက်လာနေ၏။ အနားသို့ ရောက်လျှင် မောင်တက်က ဒေါ်ခင်ရှိန်အား မောင်အေးချမ်းနှင့် မိတ်ဆက်ပေး၏။

"ဒေါ်ခင်ရှိန်... ဒါ ကျွန်တော်တို့ စခန်းတာဝန်ခံ အလုပ်သမားခေါင်းဆောင်ပါ။ ဆရာလေး အေးချမ်းလို့ ခေါ်ပါတယ်"

"သြော်...သြော်... မင်းဘူးစီမံကိန်းရုံးကို လာရင် တစ်ခါတလေတော့ မြင်ဖူးပါတယ်"

ဟု ဒေါ်ခင်ရှိန်က ဆို၏။

ဒေါ်ခင်ရှိန်မှာ အသက် ၄၅နှစ်ခန့်ရှိ၏။ သတိမထားမိ၍လော မသိ။ ဒေါ်ခင်ရှိန်ကို မောင်အေးချမ်း မမြင်ဘူးသလို၊ မတွေ့ဖိုပေ။ ထို့နောက် ဒေါ်ခင်ရှိန်က ဆက်ပြောသည်။

"နင်းနှင်းတို့ လင်မယားရှိတုန်းကလည်း မကြာခဏ မောင်အေးချမ်း အကြောင်းကို ပြောကြပါတယ်။ အရမ်းသဘောကောင်းပါတယ်တဲ့၊ မောင်အေးချမ်းက သူတို့လင်မယားကိုလည်း အကူအညီတွေပေးပြီး ကြည့်ရှု စောင့်ရှောက်ထားပါတယ်လို့လည်း ပြောကြတယ်။ ဒါဆိုရင် အတော်ပဲ၊ မနက်ဖြန် မောင်တက်ရော၊ မောင်အေးချမ်းပါ သီလယူ တရားနာ ဖိတ်ပါတယ်။ အလှူကို ကြွခဲ့ကြပါ။ စခန်းတစ်ခုလုံးကိုလည်း မနက်စာ ထမင်းကျွေးဖို့ စီစဉ်ထားပါတယ်"

"ဘာအတွက် အလှူလုပ်တာလဲ ဒေါ်ခင်ရှိန်"

ဟု မောင်အေးချမ်းက မေးကြည့်လိုက်၏။

"သြော်...သြော်...မောင်အေးချမ်း မသိသေးဘူး ထင်တယ်။ မောင်ခင်ကျော်နဲ့ မနှင်းဝေဝေတို့ ကွယ်လွန်သွားကြတာ မနက်ဖြန်ဆိုရင် တစ်ပတ်ပြည့်လို့ ရက်လည်ပြီလေ။ ဒါကြောင့် မနက်ဖြန် ရက်လည်ဆွမ်းကျွေးမလို့ပါ"

"ဗျာ..."

မောင်အေးချမ်း တအံ့တသြဖြစ်သွားရ၏။

"မောင်တက်က ပြောမပြလေ့ဘူး ထင်တယ်။ ဒါကြောင့် မောင်အေး

www.burmeseclassic.com

www.burmeseclassic.com

ချမ်း မသိသေးတာ ဖြစ်မယ်"

မောင်တက်က ခေါင်းကို ခါလိုက်၏။

"ကျွန်တော်က ဆရာလေး ညနေစာ စားသောက်ပြီးမှ ရေနွေးသောက်ရင်းနဲ့ အေးအေးဆေးဆေး ပြောပြမလို့ပါပဲ။ အဲဒါ အခု ဒေါ်ခင်ရိုန်က ရောက်လာတော့ စကားဆက်ပြီး ပြောနေကြလို့ ပြောမပြသေးတာပါ"

ဟု မောင်တက်က ပြန်ပြောပြ၏။

မောင်အေးချမ်းက မောင်တက်နှင့် ဒေါ်ခင်ရိုန်တို့ ပြောနေကြသည်ကို သိပ်ပြီးပင် နားမထောင်မိတဲ့ မောင်အေးချမ်း ကားပေါ်မှ ဆင်းပြီး ဗိုလ်တဲသို့ အလာတွင် အလုပ်ဆမားလိုင်းတန်းထဲက ခင်ကျော်ထွန်းနှင့် နင်းဝေဝေတို့ လိုက်နှုတ်ဆက်ကြသည်ကိုသာ သတိရနေမိ၏။ ဘယ်လိုများ ဖြစ်ကုန်ကြပါလိမ့်။ သို့သော် အကြောင်းစုံကို သိလို၍ မောင်အေးချမ်းက ဒေါ်ခင်ရိုန်အား မေးကြည့်လိုက်သည်။

"ဒီတော့ ဒေါ်ခင်ရိုန်၊ ကျွန်တော် မသိလို့ မေးစမ်းပါရစေ။ ခင်ကျော်ထွန်းနဲ့ နင်းဝေဝေတို့က ဘယ်လိုရောဂါမျိုးနဲ့ ကွယ်လွန်သွားကြတာပါလဲ"

ဒေါ်ခင်ရိုန်က ချက်ချင်း စကား မပြောနိုင်ဘဲ ရှိုက်၍နေသည်။ ထို့နောက်မှ မျက်ရည်များကို လက်ကိုင်ပဝါဖြင့် တိုသုတ်လိုက်ပြီး ပြောပြသည်။

"အစအဆုံးပြောမယ် ဆိုရင်တော့ ဒီကလေးနှစ်ယောက်တို့ရဲ့ အဖြစ်တွေက ရင်နှင့်စရာပါပဲကွယ်။ သူတို့ရဲ့ နှစ်ဖက်မိဘတွေက စီးပွားရေးစောင်းခုတ်ရင်းကနေ မသင့်မမြတ်ဖြစ်သွားကြတယ်လေ။ ဒီကလေးနှစ်ယောက်တို့ကလည်း ဖြစ်ချင်တော့ ရန်ကုန်မှာ ကျောင်းတက်ရင်း တစ်ယောက်နဲ့ တစ်ယောက် ချစ်သွားကြတယ်။ နှစ်ယောက်လုံးက ဆယ်တန်းတွေပါ။ ဒါတော့ မောင်အေးချမ်းလည်း သိပြီးဖြစ်မယ်လို့ ထင်တယ်"

"ဟုတ်ကဲ့၊ သူတို့လင်မယားခိုးပြေးလာကြတုန်းက ပြောပြကြလို့ ကျွန်တော် သိနေပါတယ်"

"အေးကွယ်၊ အဲဒါ နှစ်ယောက်လုံးက အရွယ်အမူးချစ်နေကြတော့ နှစ်ဖက်မိဘတွေ သိမှာစိုးလို့ ဆိုပြီး ထင်ရာလျှောက်လုပ်ကြတော့တာပဲ။ နှစ်ယောက်လုံးကလည်း ဆယ်တန်း အရွယ်ဆိုတော့ ကလေးတွေကိုး။ အသက် ၁၆နှစ်တောင် မပြည့်ကြသေးပါဘူး။ နင်းဝေဝေက အခုမှ ၁၅နှစ်ပြည့်လို့ ၅လပဲ စွန်းသေးတယ်။ ခင်ကျော်ထွန်းက နင်းဝေဝေထက် ၄လကြီးတယ်လို့ ဆိုတယ်။ ရန်ကုန်က ဆယ်တန်းဖြေပြီးလို့ ပြန်လာကြတာပါ။ အဲဒါ သူတို့နှစ်ယောက် ချစ်နေကြတာကို နှစ်ဖက်မိဘတွေ သိရင် ခွဲကြမှာစိုးလို့ ဆိုပြီး ခိုးပြေးကြတာပါ"

"ဟုတ်ကဲ့ အဲဒါလည်း သူတို့က ကျွန်တော့်ကို ပြောပြကြပါတယ်"

"အစကတော့ မိဘတွေက သူတို့နှစ်ယောက် ခိုးပြေးသွားကြတာကို သိတာနဲ့ ရန်ကုန်ကို စုံစမ်းလိုက်၊ ဆွေမျိုးတွေအိမ်ကို စုံစမ်းလိုက်နဲ့ နောက်ဆုံးမှာတော့ မင်းဘူးကုန်သည်တွေကတစ်ဆင့် သူတို့နှစ်ယောက် ဒီကြက်ရေစမ်းစခန်းမှာ ရှိနေကြတယ်ဆိုတာ သိတာနဲ့ တစ်ပြိုင်နက် မိဘတွေက လိုက်လာကြပေမယ့် အတွေ့မခံဘဲ တောထဲကို ထွက်ပြေးသွားကြသတဲ့။ ဒါကြောင့် အန်တီကို ပြန်လာကြိုပြီး လိုက်ခေါ်ပေးပါဆိုလို့..."

ဟုတ်တယ်၊ မိဘတွေ လာခေါ်ကြတုန်းက သူတို့ တောထဲကို ထွက်ပြေးသွားကြတယ်"

ဟု မောင်တက်က ဝင်ပြော၏။

"အန်တီက နင်းဝေဝေရဲ့ ကြီးကြီး အပျိုကြီးပါ။ နင်းဝေဝေရဲ့ အမေက နင်းဝေဝေကို မွေးပြီးတဲ့နောက် ၂နှစ်ကျော် ၃နှစ်နီးပါး ကျန်းမာရေးမကောင်းဖြစ်နေလို့ အန်တီကပဲ နင်းဝေဝေကို ယူပြီး မွေးထားရတယ်။ ဒါကြောင့် နင်းဝေဝေဟာ သူမိဘတွေထက် အန်တီ့ကိုပဲ ပိုချစ်သလိုဖြစ်နေလို့ အန်တီခေါ်ပေးရင် ရမယ်ဆိုပြီး အန်တီကို ခေါ်ခိုင်းကြတယ်။ ဟုတ်တယ်။ သူတို့နှစ်ယောက်ဟာ အန်တီကိုတော့ အတွေ့ခံကြပါတယ်။ ဒါပေမယ့် အိမ်ကို ပြန်ခေါ်လို့ မရဘူး။ အိမ်ကို လိုက်သွားရင် သူတို့ကို ခွဲပစ်ကြလိမ့်မယ်လို့ပဲ ယုံကြည်နေကြတယ်။ ဒါကြောင့် အိမ်ကို ရောက်သင့်လို့ ရောက်မလာတဲ့အခါ မိဘတွေက လိုက်လာကြပြန်တယ်။ အဲဒီမှာ ပိုဆိုးတော့တာပဲ။ ကလေးတွေက ကလေးတွေးပဲ တွေးပြီး အိမ်ကို ပြန်လိုက်သွားရင် သူတို့နှစ်ယောက်ကို ခွဲပစ်ကြလိမ့်မယ်လို့ပဲ သံမိုစွဲသလို မှတ်ထားကြတယ်။ ဒါကြောင့် မိဘတွေနဲ့ လုံးဝ အတွေ့မခံဘဲ တောထဲကို ထွက်ပြေးသွားကြပြန်တယ်။ အန်တီလိုက်ခေါ်တာတောင် မရတော့ဘူး။ ဒီလိုနဲ့ တောထဲမှာ သုံးရက်တိတိ ပြေးနေကြရင်းက လမ်းခွဲတာထက် နှစ်ယောက်အတူ လက်တွဲပြီး သေတာကပဲ ကောင်းပါတယ်ဆိုတဲ့ သဘောမျိုးနဲ့ ရွာရှိုက်မိုက်ဆုံဖြတ်လိုက်ကြတယ်လေ။ ကြက်ရေစမ်း ကျောက်တောင်ကြီးပေါ်ကနေ ခုန်ချလိုက်ကြတော့တာပဲ"

"ဖြစ်ရလေဗျာ။ ကျွန်တော်သာ ရှိနေမယ်ဆိုရင် အဲဒီလို မဖြစ်စေရဘူး။ တစ်နည်းနည်းနဲ့ အဆင်ပြေအောင် ဝင်

www.burmeseclassic.com

www.burmeseclassic.com

ပြောပေးမှာပဲ။ နှစ်ဖက်မိဘတွေကလည်း တစောက်ကန်းကြီးတွေလို့ ဆိုတယ်။ ဒါကြောင့် သူတို့နှစ်ယောက်က အရမ်းကြောက်နေကြတာ ဖြစ်မယ်"

ဟု မောင်အေးချမ်း စိတ်မကောင်းစွာဖြင့် ပြောလိုက်၏။

ဒေါ်ခင်ရှိန်က မျက်ရည်သုတ်ပြီး သူ့စကားကို ပြန်ဆက်ပြောသည်။

"တခို့ကာလည်း ကျောက်တောင်ပေါ်က ခုန်ချတာ မဖြစ်နိုင်ဘူး။ ကျောက်တောင်ကြီးပေါ်မှာ တက်နေကြတာ သုံးရက်တိတိရှိနေပြီဖြစ်တဲ့အတွက် အစာရေစာပြတ်လပ်လို့ အားအင်များ ကုန်ခန်းပြီး ပြုတ်ကျသွားကြတာပဲ ဖြစ်မယ်လို့လည်း ပြောကြတယ်။ ဘာပဲပြောပြော အခုချိန်မှာတော့ သူတို့နှစ်ယောက်လုံး လူ့လောကထဲမှာ မရှိကြတော့ဘူးပေါ့"

ဟု ပြောပြနေရင်း ဒေါ်ခင်ရှိန်သည် တရှုပ်ရှုပ်ဖြင့် ငိုယိုပြီး ဗိုလ်တဲမှ ပြန်ဆင်းသွားလေသည်။

မောင်အေးချမ်းလည်း သက်ပြင်းတစ်ချက်ကို ချလိုက်၏။ မောင်အေးချမ်း ဗိုလ်တဲသို့အလာတွင် ခင်ကျော်ထွန်းနှင့် နင်းဝေဝေတို့ အလုပ်သမားတန်းလျားမှ ထွက်ပြီး နွှတ်ဆက်လိုက်ကြသည်ကိုလည်း ပြန်လည်၍ စဉ်းစားနေမိလေသည်။

◈◈◈

ကားပေါ်မှာ ဆန်၊ ဆီ စသောစားနပ်ရိက္ခာများကို တင်ပြီးနောက် မင်းဘူးမြို့ မင်းဘူး-အမ်းလမ်း စီမံကိန်းရုံး ခြံဝိုင်းထဲမှ မောင်းထွက်လာကြ၏။ မင်းဘူးမြို့အထွက် ချုံဖုတ်များရှိသည့် တစ်နေရာက ကောင်လေးတစ်ယောက် ကားထွက်တား၍ ရပ်ပေးလိုက်ကြသည်။ ထို့နောက် ကောင်မလေးတစ်ယောက် အထုပ်များကို ဆွဲထွက်လာပြီး ကားပေါ်ကို တက်သွားကြသည်။

မောင်အေးချမ်းတို့ စားနပ်ရိက္ခာတင်လာကြသည့် ကားကြီးက လမ်းစီမံကိန်းသုံး ကားကြမ်းကြီးဖြစ်၍ ခရီးသည်ထိုင်ခုံမရှိပေ။ ရရာက တားပြီး၊ ဖြစ်သလိုသာ ထိုင်စီးကြရ၏။ ဆင်းလိုသည့်နေရာတွင် ကားသမားကို အသိပေး ရပ်ခိုင်းပြီး ဆင်းကြရ၏။ ထို့ကြောင့် ယခု ကောင်လေးနှင့် ကောင်မလေးတို့သည်လည်း နောက်ခန်းမှ ဖြစ်သလို စီးလိုက်လာကြခြင်းဖြစ်၏။

မင်းဘူးမှ မိုင် ၃၀ လွန်၍ ပဒန်းကို ရောက်လျှင် မနက်စာစားရန် ကားကို ထမင်းဆိုင်ရှေ့မှာ ရပ်လိုက်ကြ၏။ (ကြံရာစီး)ခရီးသည်ဟူ၍လည်း နောက်ခန်းမှာ ကောင်လေးနှင့် ကောင်မလေး နှစ်ယောက်သာ ပါသည်။

"ကဲ - ကားပေါ်က ညီလေးနဲ့ ညီမလေးတို့ ဒီဆိုင်မှာ ထမင်းစားကြမယ်ဟေ့"

မောင်အေးချမ်းက အော်ပြောလိုက်၍ သူတို့နှစ်ယောက် ကားပေါ်မှ ဆင်းလာကြ၏။ သူတို့၏ အမူအရာကို ကြည့်ရသည်မှာ ခပ်တွေတွေလေးများ ဖြစ်နေ၏။ ထို့ကြောင့် မောင်အေးချမ်းက အကဲခတ်ကြည့်ရင်း မေးကြည့်လိုက်သည်။

"မင်းတို့နှစ်ယောက်က ဘယ်အထိ လိုက်ကြမှာလဲ။ တို့ကားက ရခိုင်ရိုးမကြီးထဲကို သွားတာလေ။ ဒီနေရာက ၁၀မိုင်လောက် ဆက်မောင်းရင် ရခိုင်ရိုးမကြီးကို ရောက်ပြီ။ ဒီတော့ မင်းတို့နှစ်ယောက်က..."

သူတို့နှစ်ယောက်သည် လက်ချင်းချိတ်ပြီး- တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ ဘာပြောရမှန်းမသိ ဖြစ်နေကြဟန်ရှိသည်။ ထို့နောက် ကောင်လေးက ပြောသည်။

"အစ်ကိုရယ်... ကျွန်တော်တို့ နှစ်ယောက်က ခိုးပြေးလာကြတာပါ။ ဒါကြောင့် ဘယ်သွားရမှန်းလည်း မသိပါဘူး။ မိဘတွေနဲ့ ဝေးတဲ့ တစ်နေရာကို ရောက်ရင် တော်ပြီဆိုပြီး ဦးတည်ရာမဲ့ ထွက်ပြေးလာကြတာပါ"

"ဘာကွ၊ မင်းတို့နှစ်ယောက်က ခိုးပြေးလာကြတာ ဟုတ်လား။ မင်းတို့အသက်ကလေးတွေက ဘယ်လောက်တောင်များ ရှိနေကြပြီလဲ"

ဟု မောင်အေးချမ်းက အံ့သြသော လေသံမျိုးဖြင့် ပြောလိုက်၏။

ရုပ်ကလေးတွေက နုနေကြ၍လော မသိ။ သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ ကလေးသာသာဟူ၍သာ ထင်မိသည်။

"ကျွန်တော်တို့ နှစ်ယောက်က အသက် ၁၅နှစ်ပြည့်ခဲ့ကြပါပြီ အစ်ကိုရယ်။ အခု ဆယ်တန်းပြီးလို့ ခိုးပြေးလာကြတာပါ"

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်၏။ သူတို့နှစ်ယောက်အား မေးချင်သော စကားသည်လည်း စိတ်ထဲတွင် အတော်များများပင် ရှိနေ၏။ သို့သော် ကိုယ်နှင့် မဆိုင်ဘဲ လျှောက်မေးနေ၍ သင့်မည်လည်း မထင်ပေ။ မောင်အေးချမ်းသည်လည်း လူငယ်တစ်ယောက်သာ ဖြစ်၏။ အသက် ၂၀ ပင် မပြည့်တတ်သေးဘဲ သူတို့သာသာမျှသာ ရှိသေးသည်။

"ဟုတ်ပြီလေ။ ဒီလိုဆိုလည်း မင်းတို့ ဆင်းချင်တဲ့ နေရာကိုသာ ကြိုပြောထားကြ။ ခုတင်က ပြောခဲ့တဲ့အတိုင်း တို့ကားကတော့ ဒီနေရာက ဆက်ထွက်ရင် ရှေ့နားရောက်တာနဲ့ ရခိုင်ရိုးမကြီးကို တက်တော့မယ်"

"ဒီလိုဆိုလည်း ကျွန်တော်တို့ကို ကူညီပါဦး အစ်ကိုရယ်။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



က ဘယ်မှ မသွားတတ် မလာတတ်တော့ အစ်ကိုကိုပဲ အားကိုးပါရစေ။ အစ်ကိုတို့ဆီမှာ အလုပ်ကလေး ဘာလေးများ မရှိဘူးလား။ လောလောဆယ် နေထိုင်စားသောက်လို့ရတဲ့ အလုပ်ဆိုရင် တော်ပါပြီ"

ဟု မျက်နှာငယ်လေးဖြင့် ပြောရှာ၏။ ထို့ကြောင့် မောင်အေးချမ်းလည်း သနားလာမိသည်။

"လမ်းလုပ်ငန်းကတော့ ရှိတာပေါ့ကွ။ ဒါပေမယ့် မင်းတို့နှစ်ယောက်ကြည့်ရတာ သူဌေးသားသမီးတွေနဲ့ တူတယ်။ ဒီတော့ မင်းတို့နှစ်ယောက်က အလုပ်ကြမ်းတွေကို လုပ်နိုင်ကြပါ့မလား"

သူတို့နှစ်ယောက် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကြ၏။

"ရပါတယ် အစ်ကိုရယ်။ အဆင်ပြေတဲ့ အလုပ်ကလေးတစ်ခုကိုသာ ပေးပါ။ ကျွန်တော် အစ်ကိုခိုင်းတဲ့ အလုပ်ကို တာဝန်ကျေအောင် လုပ်ကိုင်ပေးပါ့မယ်"

မောင်အေးချမ်း တအောင့်လေး စဉ်းစား၏။ သူလေးတို့ နှစ်ယောက်မှာ အသက်ကလေးကလည်း ငယ်၊ ရုပ်ကလေးတွေကလည်း နုနယ်နေကြသဖြင့် အလုပ်ကြမ်းကိုမူ မည်သည့်နည်းနှင့်မျှ လုပ်ကိုင်နိုင်ကြမည်မဟုတ်ပေ။

"ဒါဖြင့်ရင် ဒီလိုလုပ်။ အခု တို့ စခန်းမှာ အလုပ်သမားတွေ ပြောင်းရွှေ့သွားကြလို့ နေသူမဲ့ ဖြစ်နေတဲ့ လိုင်းတန်းကြီးတစ်ခုကို အစောင့်ထားပေးလို့တော့ ရတယ်။ စခန်းစောင့်ဆိုရင် နှစ်ယောက်စီ ထားပေးလေ့ရှိလို့ မင်းတို့နှစ်ယောက်အတွက် ဟန်ကျလိမ့်မယ်လို့ ထင်တယ်။ လစာငွေကတော့ နှစ်ရာရမယ်"

"ဟာ...ဟန်ကျတာပေါ့ အစ်ကိုရယ်။ တစ်ယောက် နှစ်ရာကြီးတောင် ဆိုရင် ကောင်းကောင်းစားလောက်တာပေါ့။ ကျွန်တော်တို့နှစ်ယောက် တစ်နှစ်တန်သည်၊ ၂နှစ်တန်သည် ဖြစ်သလို နည်းနဲ့ ဘဝကို ပုံဖော်ပြီး အစ်ကိုနားမှာပဲ နေပါရစေနော်"

"ကဲ - ဟုတ်ပြီ။ တို့ ဆိုင်ထဲဝင်ပြီး ထမင်းစားကြရအောင်"

သူတို့နှစ်ယောက်၏ မျက်နှာလေးများသည် ယခင်နှင့် ဘာမျှမဆိုင်တော့ဘဲ ဝင်းပ ကြည်လင်သွားကြ၏။ ထို့နောက် ပြုံးပြုံးရွှင်ရွှင်ဖြင့်ပင် ဆိုင်ထဲကို ဝင်လာကြလေသည်။

◈◈◈

ထမင်းစားသောက်ပြီးနောက် သူတို့ပြောပြကြသည်မှာ နှစ်ဖက်မိဘတို့သည် တစ်ရပ်ကွက်တည်း နေထိုင်ကြသော်လည်း စီးပွားရေး အတူလုပ်ကိုင်ရင်း အဆင်မပြေဖြစ်ကြရာမှ တစ်စတစ်စနှင့် ရန်မီး ကြီးထွားပြီး ခေါင်းကွဲ ထိပ်ပေါက်ဖြစ်ကာ တကယ့် ရန်သူကြီးမျိုးအထိ ဖြစ်သွားကြသည်ဟု ဆို၏။

သူတို့နှစ်ယောက်သည်လည်း ရန်ကုန်မှာ နေပြီး ကျောင်းတက်ရင်းက ချစ်သွားကြ၏။ သို့သော် သူတို့၏ အချစ်ရေးသည် အနာဂတ် လုံးဝ မကောင်းနိုင်ဘဲ၊ ချစ်နေကြသည်ကို နှစ်ဖက်မိဘတို့ သိသွားကြလျှင်ပင် မိုးကြိုးမိုးကြီးကျဘိသကဲ့သို့ ဖြစ်သွားနိုင်သည်ကို သိနေကြ၍သာ ယခုကဲ့သို့ စွန့်ပြီး ခိုးထွက်ပြေးလာကြခြင်းဖြစ်သည်။ နောင်တွင် ဘဝပေးအခြေအနေကောင်းလျှင် ကောင်းသလို ပိဘများထံ ချဉ်းကပ်သင့်လျှင်လည်း ကပ်မည်။ တစ်သက်ပတ်လုံး အခြေအနေမပေးလျှင်လည်း မိမိတို့ဘာသာအလျောက် ပင် ဘဝကို ဖြစ်သလို ပုံဖော်သွားကြမည်ဟူ၍ကပင် ရဲရဲကြီး ဆုံးဖြတ်ပြီး ခိုးပြေးလာကြကြောင်း စသည်ဖြင့် ပြောပြကြသည်။

ထို့ကြောင့် မောင်အေးချမ်းမှာ တကယ့်အချစ်သူရဲကောင်းလေးတွေပါလားဟု တွေးကာ ကြိတ်ပြီး ခိုးကျူးမိ၏။ ပညာရေးတစ်ပိုင်းတစ်စနှင့် သည်အရွယ်လေး နှစ်ယောက်တို့ ခိုးပြေးလာကြသည့်ကိစ္စကို အပြစ်ဆိုဖွယ် ရှိသော်လည်း လက်တွေ့တွင်ကား မဆိုသာပေ။

သူတို့ရင်ကို ဝင်ကြည့်မှ သူတို့၏ ဝေဒနာကို ခံစားနိုင်မည်ဖြစ်၍ သူတို့၏ အချစ်ရေးခရီး ဖိစီးမှုတစ်စုံတစ်ရာမရှိစေရန် တတ်နိုင်သည့်ဘက်က ကူညီရမည်သာ ဖြစ်လေသည်။

ထို့နောက် ကားကို မောင်းပြီး ထွက်လာကြ၏။ မောင်အေးချမ်းသည် နောက်ခန်းတွင် လိုက်ပါနေကြသော သူလေးတို့နှစ်ယောက်ကို ကားဘေးမှန်မှ အကဲခတ်၍ ကြည့်၏။ သူတို့နှစ်ယောက် မင်းဘူးမှ လိုက်လာစအခိုန်ကနှင့် လုံးဝခြားနားလျက် ရှိနေကြ၏။ ထိုအခိုန်က အရာရာကို ထိတ်လန့် စိုးရွံ့လျက် ရှိနေခဲ့ကြ၏။ ရှေ့အနာဂတ်ကိုလည်း တွေးတောပူပန်နေခဲ့ကြ၏။

ယခုမူ မောင်အေးချမ်းက တတ်နိုင်သည့်တက်မှ သူတို့၏ ဘဝကို ဖေးမကူညီမည်ဟု ကတိပေး ပြောဆိုလိုက်၍ တဒင်္ဂ၏ ဘဝအမောကို သူတို့ ဖြေလျော့နိုင်ကြလေသည်။ ပစ္စုပ္ပန်၏ ကြည်နူးခြင်းကိုလည်း သူလေးတို့ နှစ်ယောက် အပြည့်အဝ ခံစားနေနိုင်ကြပြီဖြစ်သည်။

သူတို့သည် ရခိုင်ရိုးမကြီး၏ ရှုမျှော်ခင်းများကို တစ်ဝကြီး ကြည့်ရှု

www.burmeseclassic.com

www.burmeseclassic.com

ခံစားရင်းက တစ်ဦးကို တစ်ဦး တို့လိုက်၊ ထိလိုက်၊ နောက်လိုက်၊ စလိုက် နှင့်သာ ပါလာကြ၏။ ကြည့်မဆုံး မျှော်မဝ ရခိုင်ရိုးမကြီး၏ ရှုခင်းများ ကျယ်ပြန့်လှသလို သူတို့၏ မျော်ရွှင်ကြည်နူး ခြင်းသည်လည်း ထိုနည်းတူစွာပင် ရှိနေလေ၏။

ကြက်ရေစမ်းစခန်းကို ရောက်လျှင် လူမနေဘဲ လစ်လပ်နေသော စခန်းတဲရုံကြီးတစ်ခုဆီသို့ သူတို့နှစ်ယောက်အား ခေါ်သွားပြီး နေရာချပေးလိုက်၏။ ချက်ပြုတ်စားသောက်ရန် အိုးခွက်ပန်းကန်များကိုလည်း ထုတ်ပေးလိုက်၏။ ထို့နောက် ယခင်က ငွေကြိုပေးလေ့မရှိသော်လည်း ယခုမူ သူတို့လေး နှစ်ယောက်တို့အား သက်ညှာထောက်ထားသောအားဖြင့် ကြိုတင်ငွေ တစ်ရာကိုလည်း ထုတ်ပေးလိုက်၏။

ထို့နောက် ရခိုင်ရိုးမကြီး၏ ဓလေ့သဘာဝများဖြစ်သော ရိုးမပျော် စိုင်ဘောင် ချင်းလူမျိုးနှင့် ပြောဆိုဆက်ဆံရပုံ၊ စားဝတ်နေရပုံ၊ ရေအလိုရှိတိုင်း တောင်ကျရေများကိုသာ ဝိုးလုံး ကျည် တောက်များဖြင့် ခံယူ သုံးစွဲရပုံများကို ပါ ပြောဆို သင်ပြလိုက်၏။

ထို့ကြောင့် ငယ်စိတ်မပျောက် ကြသေးသော သူတို့နှစ်ယောက်မှာ မောင်အေးချမ်းကို မိဘ/ အစ်ကိုကြီး သဖွယ် အထူးလေးစား အားကိုးပြီး မောင်အေးချမ်း၏ ဘယ်ဘက်လက် မောင်းကို တစ်ယောက်၊ ညာဘက် လက်မောင်းကို တစ်ယောက် ဖက်တွယ်လျက် ပြီးပြီးရွှင်ရွှင်ဖြင့် စာတ်ပုံ အရိုက်ခံကြမည့်သူများကဲ့သို့ ငြိမ်သက်၍ပင် နေကြလေသည်။

ထို့ကြောင့် မောင်အေးချမ်းမှာ လည်း ရိုးမထဲတွင် တစ်ယောက်တည်း ဆိုဘိသို့ နေလာခဲ့ရာမှ ယခုအခါတွင် သံယောဇဉ်တွယ်ရမည့်သူများသဖွယ် သူလေးတို့နှစ်ယောက်အား ချစ်ခင်နေမိ၏။ သူတို့နှစ်ယောက်မှာလည်း မောင်အေးချမ်းအား မိဘသဖွယ်၊ ညီရင်းအစ်ကို၊ မောင်ရင်းနှမ မခြား ချစ်ခင်လေးစား၍နေကြလေ၏။

သူတို့နှစ်ယောက်က မြို့ပြမြဲသား လေးများဖြစ်ကြ၍ ဤကဲ့သို့ နက်ရှိုင်းသော တောတောင်များထဲကို တစ်ကြိမ် တစ်ခါမျှ မရောက်ဘူးကြသောကြောင့် မြင်မြင်သမျှ အရာအားလုံးမှာ သူတို့အတွက် အထူးအဆန်းချည်း ဖြစ်နေကြ၏။ ရှုမျော်ခင်းများကိုလည်း ကြည့်၍ မဝ ဖြစ်နေကြသည်။

ထို့ကြောင့် မနက်စာနှင့် ညနေခင်းများတွင် မောင်အေးချမ်းအား ရှုမျော်ခင်း လိုက်ပြခိုင်းကြ၏။ ကြက်ရေစမ်းစခန်းကြီး၏ ပတ်ဝန်းကျင် တောတောင် ရှုခင်းများအပြင် ရိုးပေါက် တောင်ကျစမ်းချောင်းကြီးများကိုပါ သွားချင်ကြသည်ဟု ဆို၍လည်း အကြိမ်ကြိမ် လိုက်ပို့ပေးနေရ၏။

သူတို့နှစ်ယောက်သည် ချောင်းသဲတောင်တန်းကြီးများကို လျှောက်ပြီး ပြေးကြလွှားကြ၏။ ကျောက်အိုင်ကြီးများတွင် ရေကူးရင်း မိကျောင်းလိုက် တမ်းလည်း ဆော့ကစားကြ၏။ ရေဆော့ကစား၍ မောသွားကြလျှင် ကျောက်ခဲဖြူဖြူပါဝင်လေးများကို လိုက်ကောက်ကြ၏။ ကျောက်ကမ်းပါးယံပေါက် ပန်းပွင့်ကလေးများကို လိုက်ခူးပြီး လည်း ဖက်ကတော့လေးများ လုပ်ကာ ထည့်ယူလာကြ၏။ ထို့ကြောင့် မောင်အေးချမ်းမှာ ငယ်စိတ်မပျောက် ကြသေးသော သူလေးတို့ နှစ်ယောက်အား ကြည့်ကာ သဘောကျ၍မဆုံး ဖြစ်နေမိသည်။

သို့သော်လည်း သူလေးတို့ နှစ်ယောက်မှာ ကြာရှည်စွာ နေထိုင်ခွင့် မရခဲ့ပေ။ မောင်အေးချမ်းမှာ မင်းဘူး-အမ်းလမ်းမကြီး၏ အစိုးရဝန်ထမ်းဖြစ်သည့်အလျောက် ဝန်ထောက်ကြီးကုအမ်းပြု၏ လမ်းခွဲ လမ်းခွကလေးများကို ပြုံးသမျှ သွားခင်းပေရန် စေလွှတ်သဖြင့် ချက်ချင်းပင် ပြင်ဆင်ရလေ၏။ မောင်အေးချမ်း အထုပ်အပိုးများ ပြင်ဆင်နေချိန်တွင် သူတို့နှစ်ယောက် ရောက်လာကြပြီး စကားဆိုကြသည်။

"အစ်ကိုကြီး . . . အမ်းပြု့ကို သွားရင် ဘယ်လောက်ကြာမှာလဲ"

"အစ်ကိုကြီး . . . သမီးတို့ကို ကြာကြာပစ်မထားနဲ့နော်၊ အစ်ကိုကြီး ပြန်အလာကို မျှော်နေမှာပဲ"

"အေးပါဟာ။ ငါလည်း ကိုယ့်စခန်းကို ပစ်ပြီး ဘယ်သွားချင်ပါ့မလဲ။ ဒါပေမယ့် အစိုးရအလုပ်ဆိုတော့လည်း ခိုင်းရင် သွားရတာပေါ့။ ဒါပေမယ့် ဟိုမှာ အလွန်ဆုံး တစ်လလောက်ပဲ ကြာမှာပါ။ တစ်လထက်လည်း စောပြီး ပြန်နိုင်ပါတယ်။ ပြီးတာနဲ့ ပြန်လာခဲ့မယ်လေ"

သူတို့နှစ်ယောက် အထုပ်များကို ဆွဲပြီး ကားပေါ် ရောက်သည်အထိ မောင်အေးချမ်းကို လိုက်ပို့ပေးကြ၏။

ကားကြီး ထွက်ခွာလာပြီးနောက်လည်း သူတို့နှစ်ယောက်သည် လက်ကလေးများကို ဝှေ့ယမ်းပြရင်း ကားလမ်း ပလက်ဖောင်းအတိုင်း လျှောက်လိုက်နေကြသေး၏။ ကားကြီး အကွေ့တစ်ခုကို ချိုးသွားမှ သူတို့နှစ်ယောက် ကျန်နေခဲ့ကြလေသည်။

◈◈◈

မနက် ၈နာရီအချိန်တွင် နှစ်ဖက် မိဘများနှင့်အတူ ပင့်သံဃာငါးပါးကြွ လာကြ၏။ ပင့်သံဃာများမှာ မင်းဘူးမြို့ချမ်းသာကြီးကျောင်းတိုက်က ဖြစ်၍ မောင်အေးချမ်းနှင့်လည်း သိကျွမ်းကြ

www.burmeseclassic.com

www.burmeseclassic.com



သူတို့မိဘများက အလှူလုပ်ပြီး အမျှဝေကြသည်ကို မောင်အေးချမ်း၏ ကျေးဇူးကြောင့်ဟု ဆို၍ နားမလည်သောကြောင့် ပြန်မေးလိုက်ခြင်းဖြစ်သည်။

"နှစ်ဖက်မိဘတွေက သက်ဖျော်၊ မြေကျ၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြပေမယ့် ငိုသံပါကြီးတွေနဲ့ ချည်း အမျှဝေနေကြတော့ သမီးတို့ ကုသိုလ်မရကြဘူးလေ။ အဲဒီလို ငိုသံပါကြီးနဲ့ အမျှမဝေရဘူး။ အခုတော့ ကိုအေးချမ်းကြီးလည်း ရေစက်ခွက် တစ်ခွက်ကိုင်ခွင့်ရတာကြောင့် သီလ၊ သမာဓိ၊ မေတ္တာတရားတွေကို ခိုင်မာစွာနဲ့ ဆောက်တည်ပွားပြီး အမျှဝေပေးလိုက်လို့ သမီးတို့ ကုသိုလ်တွေ အများကြီးရသွားကြပြီ။ နတ်သား။ နတ်သမီးလေးတွေလည်း ဖြစ်သွားကြပါပြီ။ ဒါကြောင့် ကျေးဇူးတင်လွန်းလို့ ကိုအေးချမ်းကြီးကို လာနှတ်ဆက်ကြတာပါ။ သမီးတို့ သွားပြီနော်"

မောင်အေးချမ်း ခေါင်းရင်း ပြတင်းပေါက်ကို ဖွင့်ပြီး ကြည့်လိုက်သော်လည်း ထင်ရှားပြတ်သားစွာကား မမြင်လိုက်ရပေ။ ဓာတ်တော်များထဲက ကိန္နရီ ကိန္နရာရုပ်ကလေးများကဲ့သို့ နှင်းပြုံများအကြား ဖောက်ထွင်း ပျံဝဲသွားကြသည်ကိုမူ လရောင်ဖြင့် မှုန်ဝါးဝါးမျှ မြင်လိုက်ရလေ၏။

မည်သို့ပင် ဆိုစေကာမူ၊ သူတို့လေးများ ကောင်းရာမွန်ရာ ဘုံဘဝတစ်ခုသို့ ရောက်ရှိသွားကြပြီဟု သူတို့ကိုယ်တိုင် ပြောပြဆွေးကြ၍ မောင်အေးချမ်းမှာ အတိုင်းမသိအောင်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားရလေသည်။

* * *

မင်းထိန်းလင်း

သူတို့မိဘတို့၏ မေတ္တာရိပ်တွင် ပူပင်ခြင်း ကင်းမဲ့စွာဖြင့် ပညာရင့်နှံကို သောက်စို့နေကြရမည့်အချိန်၌ အကျိုးပေးမကောင်းသောကြောင့် လောကထဲမှ ခါးခါးသီးသီး ထွက်ခွာသွားကြရသည့် အဖြစ်ကို တရေးရေးတွေးပြီးလည်း ရင်နာမိ၏။ ထိထိမိမိကြီးလည်း ခံစားရ၏။ ထို့ကြောင့် ကိုယ်ချင်းလည်း စာမိ၏။ သူတစ်ပါးတို့၏ ဝေဒနာကို မိမိ၏ ရင်တွင်းသို့ ထည့်သွင်းခံစားတတ်သောကြောင့်လည်း မုန်ကန်သော ဝေဒနာအစစ်ကို တွေ့နေရ၏။

◈◈◈

"ဒုန်း···ဒုန်း···ဒုန်း"

"ကိုအေးချမ်းကြီး··· သမီးတို့ သွားတော့မယ်နော်၊ နှတ်ဆက်ခဲ့တယ်သိလား"

မောင်အေးချမ်း ဖျတ်ခနဲ လန့်နိုးသွား၏။ ခေါင်းရင်း ထရံကို ပုတ်ပြီး မိန်းကလေးတစ်ယောက် ပြောသောအသံ။

"ကိုအေးချမ်းကြီး"

"ဟော···နှင်ဝေဝေလေးများလား"

"ဟုတ်တယ်၊ သမီးတို့လင်မယားလာနှတ်ဆက်ကြတာပါ။ မကြောက်နဲ့နော်"

"မကြောက်ပါဘူး။ ငါက သရဲတစ္ဆေတွေကို ကြောက်တတ်တဲ့လူမှ မဟုတ်တာ"

"သမီးတို့ကလည်း အခုတော့ သရဲတစ္ဆေတွေမှ မဟုတ်ကြတော့တာလေ။ စတုမဟာရာဇ်အနွယ်ဝင် နတ်သား၊ နတ်သမီးလေးတွေ ဖြစ်သွားကြပါပြီ။ အဲဒါ ကိုအေးချမ်းကြီးရဲ့ ကျေးဇူးကြောင့်ပေါ့"

"ဟော··· ငါ့ကျေးဇူးဆိုတော့ ဘယ်လိုများလဲ၊ ပြောနိုင်ရင် ပြောပြကြပါဦးကွ"

၏။ မောင်အေးချမ်း မင်းဘူးကို ဆင်၍ ဥပုသ်နေနှင့် ကြူးကြိုက်တိုင်း ချမ်းသာကြီးကျောင်းတိုက်ကို သွားပြီး သီလယူတရားနာလေ့ရှိသောကြောင့် ဖြစ်၏။

ကွယ်လွန်သူ ကလေးနှစ်ယောက်တို့၏ နှစ်ဖက်မိဘများကိုမူ ဒေါ်ခင်ရိုန်က ပြောပြမှ မောင်အေးချမ်း သိ၏။ နှစ်ဖက်မိဘများမှာ မဇ္ဈိကြသော်လည်း မျက်ရည်များ စိုရိုင်းပြီး မျက်နှာကြီးများလည်း တင်းမာနေကြသည်ကို တွေ့ရ၏။ တစ်ဖက်နှင့် တစ်ဖက် နှုတ်ဆက်စကားပြောဆိုခြင်းလည်း မရှိကြပေ။

ဒေါ်ခင်ရိုန်က မောင်အေးချမ်းကိုလည်း ရေစက်ခွက်တစ်ခွက်လုပ်ပေး၏။ ထို့ကြောင့် မောင်အေးချမ်းသည် သီလနှင့် မေတ္တာကို အရေးတကြီး ဂရုစိုက်ပြီး ဆောက်တည်ထားလိုက်သည်။ သေသူတို့အတွက် ရည်စူးပြီး ရေစက်ချ၍ အမျှဝေရာ၌ အထူးပင် သတိထားရသည်။ သူတို့ ကျွတ်လွတ်ဖို့ ရာအတွက် လှူဒါန်းပြီးနောက် ရေစက်ချပြီး အမျှဝေသော ပုဂ္ဂိုလ် သီလ၊ မေတ္တာရှိရန် လိုအပ်သည်။

အလှူကိစ္စ ရေစက်ချ၍ပြီးလျှင် ပစ္စည်းများကို သိမ်းဆည်းနေကြချိန်၌ ဒေါ်ခင်ရိုန်က မောင်အေးချမ်းအား လာနှတ်ဆက်၏။ နှစ်ဖက်မိဘများသည်ကား မောင်အေးချမ်းအား နှုတ်ဆက်စကားပြောခြင်း မရှိကြပေ။ ထို့နောက် သူတို့၏ ကိုယ်ပိုင်ကားများကို အသီးသီး မောင်းပြီး ပြန်သွားကြလေသည်။

မောင်အေးချမ်းသည်လည်း ကွယ်လွန်သူ ကလေးနှစ်ယောက်တို့ အပေါ်၌ မိဘသွေးရင်းတို့နီးပါးမျှအထိ ပင် ခံစားရပါ၏။ ခုနစ်ရက်တိတိ သူလေးနှစ်ယောက်တို့နှင့်အတူ ချစ်ခင်ရင်နှီးစွာ နေလိုက်ဖူး၍ ဖြစ်သလို၊ သည်အသက်အရွယ်လေးများသည်

www.burmeseclassic.com

www.burmeseclassic.com

မြဝတီနှင်း
အာဘွားပေးခဲ့သောအမွေ

ပန်းချီ စံလွင်မောင်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအရှေ့ပိုင်းတွင် မြောက်မှ တောင်သို့ စီးဆင်းသွားသော သံလွင်မြစ်၏ မြစ်ဝဲဘဲ ကျွန်းတစ်ကျွန်း ရှိ၏။ ထိုကျွန်း၏ အမည်မှာ ဘီလူးကျွန်းဖြစ်၏။

ကျွန်ုပ် မောင်သူတော်သည် ဘီလူးကျွန်းရှိ ချောင်းဆုံမြို့သားဖြစ်၏။

ဘီလူးကျွန်းနှင့် စပ်လျဉ်း၍ စာဟောဆရာတစ်ဦးက "ဘီလူးတွေ နေခဲ့သော ကျွန်း"ဟု ပြောသွား၏။ သူသည် ရယ်စရာအနေနှင့် ပြောသလော၊ ဗဟုသုတ မကြွယ်ဝ၍ ပြောသွားသလောဆိုသည်ကို ကျွန်ုပ် မသိပါ။ သိအောင်လည်း မကြိုးစားပါ။

ကျွန်ုပ် သိထားသည်မှာ ဘီလူးကျွန်းကို ကျွန်ုပ်၏ အဘွား ဒေါ်ပျားအုံက "ဖလူးကျွန်း"ဟု ခေါ်လေ့ရှိ၏။ အဘွားက "ကျွန်းတစ်ဝိုက်မှာ ဖလူးပင်တွေ ပေါက်နေလို့ ဖလူးကျွန်းဟု ခေါ်သည်ဟု ပြောလေ့ရှိ၏။

ဘီလူးကျွန်းနှင့် ပတ်သက်၍ ကျွန်ုပ် စဉ်းစားမိသော အချက်တစ်ချက် ရှိ၏။

နယ်ချဲ့ အင်္ဂလိပ်တို့သည် တနယ်နိုင်ငံကို သိမ်းပိုက်ပြီးသောအခါ သံလွင်မြစ်ဝရှိ ထိုကျွန်းကို "အပြာရောင်ကျွန်း-ဘလူးအိုင်လင်"ဟု ခေါ်ရာမှ ဘလူးကျွန်း၊ ဘီလူးကျွန်းဟု အမည်တွင်သွားခြင်းလည်း ဖြစ်နိုင်၏။

ကျွန်ုပ် မောင်သူတော်ကို ဒုတိယကမ္ဘာစစ်မတိုင်မီက ဘီလူးကျွန်း၊ ချောင်းဆုံမြို့၌ မွေးခဲ့၏။

ကျွန်ုပ်၏ ဖခင်မှာ သထုံသား ကျွန်ုပ်၏ မိခင်မှ ဘီလူးကျွန်း ချောင်းဆုံသူ။

ကျွန်ုပ်ကို မွေးပြီးနောက် ကျွန်ုပ်၏ ဖခင်သည် သံဖြူဇရပ်တွင် စာတိုက်စာရေးအလုပ်ရ၏။ ထိုစဉ်က သံဖြူဇရပ်မှာ ရွာကြီးတစ်ရွာသာဖြစ်သည်။

ကျွန်ုပ်သည် မိခင်နို့ကို ခုနစ်လသာ စို့ပြီး မိခင် နောက်ထပ်ကိုယ်ဝန်ရသောကြောင့် ကျွန်ုပ်၏ အဘွား ဒေါ်ပျားအုံ(မိခင်၏ မိခင်)က ကျွန်ုပ်ကို ပြုစုစောင့်ရှောက်ရ၏။

ကျွန်ုပ်သည် အဘွား ဒေါ်ပျားအုံ၏ လက်ပေါ်၌သာ ကြီးပြင်းခဲ့ရ၏။ အဘွားကို ကျွန်ုပ်က "မေမေ"ဟု ခေါ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သော အခါ ကျွန်ုပ်တို့မိသားစုအားလုံးသည် ချောင်းဆုံသို့ ပြန်လာပြီး ချောင်းဆုံအလယ်ပိုင်းရှိ အဘွား၏ အိမ်တွင် စစ်ဘေး ခိုလှုံနေကြရ၏။

အဘွား ဒေါ်ပျားအုံသည် အသက် ၂၆နှစ်အရွယ်၌ မုဆိုးမဘဝရောက်ခဲ့ရာ သမီးနှစ်ယောက်ကျွန်ခဲ့၏။

အဘွားသည် ကိုယ့်အားကိုယ်ကိုးသူဖြစ်၏။ ဒုတိယကမ္ဘာစစ်မတိုင်မီက ကျွန်ုပ်၏ မိခင် လေးတန်း၌ ပညာသင်နေစဉ် အဘွားသည် သမီးငယ်နှစ်ယောက်ကို ယောကျ္ဍမမြင်သူ အမေကြီး ဒေါ်ကုလားမထဲ၌ အပ်နှံပြီး ဘီလူးကျွန်းမှ အမျိုးသမီးတစ်သိုက်နှင့်အတူ ပီနန်ကျွန်းတွင် ဆေးပြင်းလိပ်လုပ်ငန်းသွားလုပ်၏။

အဘွားသည် ပီနန်ကို "ပလောပီနန်"ဟုသာ ခေါ်၏။ ပီနန်တွင် အလုပ်လုပ်ပြီး ငွေများစုဆောင်းကာ ချောင်းဆုံအလယ်ပိုင်း၌ ယောကျ္ဍမအိမ်နှင့် ကပ်လျက်နေရာ၌ ပေအစိတ်၊ ပေတစ်ရာ မြေကြီးကို ဝယ်၍ အိမ်ဆောက်နိုင်ခဲ့၏။

ကျွန်ုပ်၏ မိခင်ကို အိမ်ထောင်ချပေးပြီး ကျွန်ုပ်၏ ဖခင် သံဖြူဇရပ်၌ စာတိုက်စာရေးလုပ်နေစဉ် အဘွားသည် ပီနန်သို့ ဒုတိယအကြိမ်သွား၍ အလုပ်လုပ်သေး၏။

ကျွန်ုပ်သည် အဘွား၏ လက်ပေါ်၌သာ ကြီးပြင်းလာခဲ့သူဖြစ်ရာ အဘွားက ကျွန်ုပ်ကို အခြားမြေးများထက် ပိုချစ်သလို၊ ကျွန်ုပ်သည်လည်း အဘွားကို သံယောဇဉ်ပိုတွယ်၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစ၌ ကျွန်ုပ်၏ ဖခင်သည် ရန်ကုန်သို့ သွား၍ အလုပ်ရာပြီး လခစားအလုပ် လုပ်ရာ ရန်ကုန်မြို့နီစီပယ်၊ ထိုမှတစ်ဖန် ရေအားလျှပ်စစ်ဌာန၌ အလုပ်ရ၏။ အထက်တန်း စာရေးသာ ဖြစ်၏။

သားသမီးများသောကြောင့် စားဝတ်နေရေး ဆင်းရဲ၏။ ထို့ကြောင့် အဘွားဖြစ်သူ ဒေါ်ပျားအုံက စွေးရောင်းပြီး ကျွန်ုပ်တို့ကို ထောက်ပံ့၏။

အဘွားသည် အဝတ်အထည်များကို ရောင်း၏။ အဘွား၏ ကျေးဇူးသည် ကျွန်ုပ်အပေါ်တွင် အလွန်ကြီး၏။

ထို့ကြောင့် ကျွန်ုပ်သည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရအောင် ကြိုးစားပြီး ပြန်တမ်းဝင် အရာရှိအလုပ်တစ်ခုကို ရသောအခါ အသက်ကြီးလာပြီဖြစ်သော အဘွားအား တတ်နိုင်သမျှ ထောက်ပံ့ပါသည်။

ဝန်ထမ်းဘဝဖြင့် ကျွန်ုပ်သည် ပြင်ဦးလွင်၊ တောင်ငူ၊ ဗထူး၊ မင်္ဂလာဒုံစသော မြို့များသို့ ပြောင်းရွှေ့ အမှုထမ်းရသောအခါ အဘွား ဒေါ်ပျားအုံကို ကျွန်ုပ်နှင့် လာနေရန် ခေါ်ထားလေ့ရှိပါသည်။ သို့သော် အဘွားသည် ကြာကြာမနေပါ။ သမီးကြီးဖြစ်သူ ဒေါ်လုံတင်(ကျွန်ုပ်၏ မိခင်)နှင့်သာ အနေများပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် လွန်ခဲ့သော နှစ် ၂၀ ကျော်က ကျွန်ုပ်သည် ငယဖိမှ ရန်ကုန်သို့ ပြောင်းရစဉ်၊ ရန်ကုန်တွင် ကျွန်ုပ်နှင့် အတူလာနေရန် အဘွားကို လေယာဉ်ပျံဖြင့် ခေါ်ဖို့ စီစဉ်ထားစဉ် အဘွားသည် အသက် ၈၆နှစ်အရွယ်၌ မော်လမြိုင်တွင် ရုတ်တရက် သေဆုံးသွား၏။

"သူတော်ကို ငါပေးစရာဆိုလို့ ငါ့သံသေတ္တာအဟောင်းကိုပဲ ပေးစရာရှိတယ်။ ငါသေရင် သူတော်ကို ငါ့သံသေတ္တာကိုပဲ အမှတ်တရပေးလိုက်ပါ"

ဟု အဘွားသည် ကျွန်ုပ်၏ မိခင်ကို မှာသွားသည်ဟု သိရသည်။

အဘွားသေဆုံးရာ မော်လမြိုင်သို့ ကျွန်ုပ်သည် သင်္ဘောအမီ သွားပါသည်။ အမေ၏ ညီမ ဒေါ်လုံးရင်သည်လည်း ရန်ကုန်မှ မော်လမြိုင်သို့ သွားပါသည်။

အဘွားကို သင်္ဂြိုဟ်ပြီး ရက်လည်ဆွမ်းသွတ်ပြီးသည့် ညနေပိုင်းတွင် အဘွား၏ ကျန်ရစ်ခဲ့သော ပစ္စည်းများကို အမေနှင့် အဒေါ်တို့က အမှတ်တရဟု ဆိုကာ ခွဲဝေယူကြပါသည်။ အဘွား၏ အင်္ကျီများနှင့် ထမီများသာ ဖြစ်ပါသည်။

"ညော်...မမ၊ အမေ့လက်ဝတ်ရတနာတွေရော"

ကျွန်ုပ်၏ အဒေါ်က အမေ့ကို မေးရာ...

"ဟယ်...မလုံးရင်ရယ်၊ နှစ်တွေ ဒီလောက်ကြာမှတော့ ဘယ်ရှိပါတော့မလဲ။ ငါတို့လည်း ပင်စင်နဲ့ မလောက်တော့ အမေကပဲ သူ့ပစ္စည်းတွေ ထုခွဲရောင်းချခဲ့ပြီး ထောက်ပံ့ခဲ့တယ်လေ"

အမေက သူ့ညီမကို ပြောပြသည်။

ကျွန်ုပ်၏ ဖခင်မှာ အသက် ၆၀ အရွယ်တွင် ပင်စင်ယူပြီးနောက် တခြားအလုပ်ကိုလည်း မလုပ်သဖြင့် ထိုင်စားရင်း မလောက်မငြိစဲခဲ့ရ၏။ အခြားသားသမီးများကလည်း စီးပွားရေးမကောင်းပါ။ ကျွန်ုပ်သည် တတ်နိုင်သရွေ့ လစဉ်မဟုတ်သည့်တိုင် နှစ်လတစ်ခါသာ ငွေထောက်ပံ့နိုင်ပါသည်။

"အမေ့ဆီမှာ ရွှေဒင်္ဂါးတွေ ရှိတယ်လို့ ငါသိထားတယ်"

အဒေါ်က အမေ့ကို ပြောသံ ကျွန်ုပ်ကြားရသည်။

"ငါတော့ မသိဘူး။ ရှိရင် ငါတွေ့မှာပေါ့"

အမေက ပြောသည်။

ထို့နောက် စကားသံများ တိတ်သွားပါသည်။

◈◈◈

နောက်တစ်နေ့တွင် ကျွန်ုပ်သည် ရန်ကုန်သို့ ပြန်လာစဉ် အိမ်မှ မထွက်မီ အမေက...

"ဟဲ့...သူတော်၊ နင့်အတွက် နင့်အဘွား အမွေပေးခဲ့တဲ့ သံသေတ္တာယူသွားလေ"

ဟု ပြောရာ ကျွန်ုပ်သည် ဒုအနက် ရောင်ဆေး သုတ်ထားသော်လည်း အလွန်မှိုန်နေပြီး ပိန်ချိုင့်နေသော သံသေတ္တာအလတ်စားကို ယူလိုက်ပါသည်။

"အမေတို့၊ အဒေါ်တို့ ယူရင် ယူလေ"

ကျွန်ုပ်က ပြောရာ...

"ဟာ... ဘာလုပ်ဖို့လဲ။ ဒီသေတ္တာက စုတ်နေပြီ။ အမေ အိမ်ထောင်ကျစကတည်းက သံသေတ္တာ။ နှစ် ၇၀ လောက် ရှိနေပြီ။ နောက်ပြီး နင့်အဘွားက နင့်ကိုပဲ အမွေပေးသွားတော့ နင်ပဲ ယူပေါ့"

အဒေါ် ဒေါ်လုံးရင်က ရယ်၍ ပြောသောကြောင့် ကျွန်ုပ်သည် သံသေတ္တာကို ရန်ကုန်သို့ ယူလာခဲ့ပါသည်။

ရန်ကုန်ရောက်သောအခါ သံသေတ္တာကို မပြုပြင်ဘဲ ကျွန်ုပ်၏ စာအုပ်များကို ၎င်းသေတ္တာထဲ၌ ထည့်ထားပါသည်။

ရှေးဟောင်း သံဖြူနှင့် ပြုလုပ်ထားသော ၎င်းသံသေတ္တာသည် အလွန်မာပါသည်။

အဘွားမရှိတော့မှ ကျွန်ုပ်သည် အဘွားကို ပိုသတိရလာသည်။ မုဆိုးမဘဝနှင့် ဘဝကို ရုန်းကန်လာခဲ့သူ။ အိမ်မြေကို ရအောင် စွန့်စွန့်စားစား ရေခြားမြေခြား၌ သွားရောက်အလုပ်လုပ်သူ။ မြေများ ပညာရေးအတွက် အဝတ်အထည်ရောင်းပြီး ဝင်ငွေရှာခဲ့သော သတ္တိခဲ အဘွားကို ကျွန်ုပ်သည် ပိုသတိရ၏။ (ချောင်းဆုံရှိ အဘွားအိမ်ကို အဘွားသည် မသေမီ ရောင်းလိုက်၏။)

ကျွန်ုပ် ပြင်ဦးလွင်၌ ရှိစဉ် အဘွားလာလည်ချိန်က ရိုက်ကူးထားသော အဘွား၏ ရှားရှားပါးပါးဓာတ်ပုံကို ကျွန်ုပ်သည် ခေါင်းရင်းတွင် ချိတ်ဆွဲထားပါသည်။

◈◈◈

သို့နှင့် အချိန်များ ကြာလာသော အခါ ကျွန်ုပ်သည်လည်း လခစားအလုပ်မှ အနားရသူဘဝသို့ ရောက်လာ၏။ ပင်စင်မှာ မလောက်ငပါ။ ထို့ကြောင့် ကျွန်ုပ်သည် အဘွားမြေပိုပိုအိမ်ဆိုင်ဖွင့်၍ ကုန်မှိုစုံရောင်းပါသည်။ ဆိုင်၏ ဝင်ငွေမှာ တပြည်ကြည်းကောင်းလာ၏။ ဆိုင်မှ ရသော အမြတ်ငွေမှာ လခစားဘဝက ကျွန်ုပ်ရသော လခထက် နှစ်ဆသုံးဆ ပိုများသည်ကို

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရ၏။

သို့နှင့် တစ်နေ့တွင် ကျွန်ုပ်သည် စာအုပ်များကို ရှင်းစဉ် အဘွား အမွေပေးခဲ့သော သံသေတ္တာထဲမှ စာအုပ်များကို ထုတ်ပြီး သံသေတ္တာအား မှောက်လိုက် လှန်လိုက်ဖြင့် သန့်ရှင်းရေးလုပ်စဉ် သံသေတ္တာထဲမှ လှုပ်လှုပ်ရှားရှား မြည်သံကို ကြားရ၏။

"ဘာများ ဝင်နေပါလိမ့်"ဟု ကျွန်ုပ်သည် စိတ်ထဲမှ ပြောရင်း သံသေတ္တာကို လှုပ်ရာ သံသေတ္တာအောက်ဝိုင်း၌ သံပြားနှစ်ထပ်ကြားထဲမှ အသံဖြစ်သည်ကို သိရသောကြောင့် စိတ်ရှည်ရှည်ထားပြီး အသံထွက်ရာနေရာကို ရှာရာ ထောင့်စွန်းတစ်နေရာ၌ သံပြားဟာနေသည်ကို တွေ့ရ၏။ ထိုဟာနေသော နေရာမှ အသံမြည်သည်ဟု ကျွန်ုပ်တွေ့ရ၍ ဝက်အူလှည့်ဖြင့် ထို ဟာနေသောအပိုင်းကို ဟ.လိုက်ရာ အဝတ်စကို တွေ့ရပြီး ထိုအဝတ်စမှာ ဆွေးနေလေပြီ။

ကျွန်ုပ်သည် စိတ်ရှည်ရှည်ထား၍ သံသေတ္တာကို ထောင်ပြီး ဟာနေသောနေရာ၌ ညပ်နေသော အဝတ်စကို ကော်ထုတ်ရာ အဝတ်စများနှင့် အတူ ရွှေဒင်္ဂါးများ ထွက်ကျလာ၏။ စုစုပေါင်း ရွှေဒင်္ဂါး ၁၀ပြား။ ငါးမူးသား ရွှေဒင်္ဂါး ၁၀ပြားဖြစ်သည်။

"ဟင်..."

ကျွန်ုပ်၏ နှုတ်မှ အာမေဋိတ်သံ ထွက်သွား၏။ ၎င်းရွှေဒင်္ဂါးများကို ထည့်ထားသော အဝတ်သည် နှစ်ကြာလာသောအခါ ဆွေးမြည့်သွားပြီဖြစ်သဖြင့် ကျွန်ုပ်ကလည်း သံသေတ္တာကို မှောက်လိုက် လှန်လိုက်လုပ်သည်ကတစ်ကြောင်းကြောင့် ရွှေဒင်္ဂါးများ အသံမြည်လာခြင်းဖြစ်၏။

စာရွက်ခေါက်ကလေးတစ်ရွက်လည်း တွေ့ရ၏။

"သူတော်... နင်ဟာ ငါ့ကို တတ်နိုင်သမျှ ပံ့ပိုးလို့ နင့်ကိုပဲ အမွေပေးခဲ့တယ်"

အဘွား

အဘွား၏ မည်မျှသာ ခဲတံနှင့် ရေးထားသော စာ။

ကျွန်ုပ်သည် ရင်ထဲ တလုပ်လုပ်ဖြစ်သွားပြီး မျက်ရည်များ လည်လာပါတော့၏။ ■

* * *

မြဒဲနိုး

အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွဋ်ခေါင်

(မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

ဂမ္ဘီရဆန်းကြယ်မဝဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး သယ်နှင်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နာမည်က "အောင်လံထူ"။ အဖေ့နာမည်က "ဦးအောင်လံ"၊ အမေ့နာမည်က "ဒေါ်စိန်ပွင့်"၊ အဖွေညီလေးဖြစ်တဲ့ ဦးလေးနာမည်က "ဦးမောင်မုန်"။ ဦးမောင်မုန်က ဗေဒင်ဆရာ။

အဲဒီ ဗေဒင်ဆရာ ဦးမောင်မုန်က နေ့တွေ၊ ရက်တွေ၊ အချိန်တွေ ဘာတွေ တွက်ချက်ပြီး တစ်ဦးတည်းသား ဖြစ်

ဖတ်ဝင်သူ အောင်လံထူ

ပန်းတနော် နောင်လတ်

www.burmeseclassic.com

www.burmeseclassic.com

"အမဲသားအစိမ်းတစ်ပိဿာ၊ ချက်ပြီးသား တစ်ပိဿာကို ငှက်ပျော ရွက် ပက်လက်လှန် ပုံပြီး ညနေ နေဝင်ရီတရော အုပ်ချိန်မှာ အိမ် နောက်ဘေး ခြံအပြင်အစပ်နားမှာ ကျကျနနကျွေး။ ယောက်မအသစ် တစ်ချောင်းနဲ့ ထမင်းတွေ ဟင်းတွေ၊ အမဲသားအစိမ်းတွေပေါ် ခေါက်ပြီး ပါးစပ်က ဖုတ်ကောင်ကြီးရေ လာစား လာစားလို့ ခေါ်၊ ဝဝလင်လင်စားပြီး အချိန်မစောင့်ဘဲ ကိုယ့်နေရာ ကိုယ် ပြန်ပါလို့ သုံးခါပြော၊ ပြောပြီးရင် ယောက်မကို နောက်ပြန်လွှင့်ပစ်၊ နောက် လှည့်မကြည့်နဲ့၊ အိမ်ထဲဝင်။ အိမ်နောက်ဖေးပေါက်က ချောင်းကြည့် ရင် ဖုတ်ကောင်ကြီး လာစားတာ တွေ့ မယ်။ စားပြီးလို့ ပြန်သွားပြီဆိုတာနဲ့ လူနာ ချက်ချင်းရောဂါပျောက်သလို လူကောင်းပကတိဖြစ်လာမယ်။ ငါ ဘာဖြစ်နေလဲဆိုတဲ့ စကားမျိုးတော့ ပြောမယ်"

တဲ့။ အဲဒီ ပယောဂဆရာ ဆရာခ ပြောသလိုလုပ်တော့ ထမင်း တွေ၊ ဟင်းတွေ၊ အမဲသားအစိမ်းတွေ ကို ဖုတ်ကောင် လာစားတာတော့ မတွေ့ဘူး။ လမ်းဘေးက ခွေးဝင်စား၊ ခွေးစဲစား လာစားတာတော့ တွေ့တယ်။

"အဲဒါ ဖုတ်ကောင်က ခွေးကို ပူးကပ်ပြီး စားတာ"

လို့ ဆရာခက ပြောပြန်ပါရော။

သူ ဘာပြောပြော် ကျွဲပ်က အပြင်းဖျားရာက မသက်သာတာ၊ မပျောက်တာက သေချာတယ်။ အဲဒါ ကာယကံရှင်ဖြစ်တဲ့ ကျွဲပ်အသိဆုံး။

◈◈◈

ကျွဲပ်ကို ကုပေးတဲ့ နောက် တစ်ယောက်ကတော့ ဆရာတော် ဆရာပဲ။ ပယောဂဆရာတော့ မဟုတ်

"ဟဲ့...ဖုတ်ကောင်ကြီး၊ ဒီလူနာ ရှင် အောင်လံထူနဲ့ သွှမ်မန်းမက မင်းစား ဖို့ အစာအာဟာရတွေ စေတနာနဲ့ ကျွေးလိမ့်မယ်။ စားပြီးတာနဲ့ အချိန် စောင့်မနေဘဲ ချက်ချင်းထွက်ပြီး ကိုယ့် နေရာ ကိုယ်ပြန်၊ ကြားလား"

ဆရာခက တွယ်တော့မယ်၊ ရိုက်တော့မယ်ဆိုတဲ့ ဟန်နဲ့ ပန်းနဲ့ ကြိမ် လုံးကြီးကို ကိုင်ထားတာ ထုံးကြွားကြွား။ ကျွဲပ်က ခေါင်းညိတ်မိလား၊ မညိတ်မိ လား မသိဘူး။ နားထဲလည်း စကား တွေ အကုန်မဝင်ပါဘူး။ သွေးလေးပြီး မျက်လုံးတွေ မိုတ်ပြီး ခေါင်းညိတ်သလို လုပ်ခဲ့မိတယ် ထင်ပါရဲ့။

"တွေ့လား...တွေ့လား၊ ဝင်ပူး ကပ်နေတဲ့ ဖုတ်ကောင်က ဆရာ့စကား နားထောင်ပြီး ခေါင်းညိတ်ပြတာ တွေ့ လား"

တဲ့။ အဲဒီလိုပြောရင်း...

"ထမင်းအနီတစ်ပွဲ၊ အဝါတစ်ပွဲ၊ အနီတစ်ခြမ်း အဝါတစ်ခြမ်း တစ်ပွဲ၊ အားလုံး သုံးပွဲပြင်။ အဲနီအဝါဆိုတာ သိလား"

လို့ မေးတော့ အဘွားကြီးက အရိုးခံအတိုင်းပဲ...

"မသိပါဘူး ဆရာရယ်"

လို့ ပြောတော့...

"မှတ်ထား၊ ထမင်းအနီဆိုတာ ထမင်းကို ရေတ်ဆီရွှဲရွှဲဆမ်းပြီး နယ် ထားတာ။ ထမင်းအဝါဆိုတာက ထမင်းပေါ် နနွင်းမှုန့်ထူထူပုံပြီး နယ် ထားတာ။ ထမင်းအနီတစ်ခြမ်း အဝါ တစ်ခြမ်းဆိုတာက ပန်းကန်တစ်ချပ်ထဲ မှာ အဲဒီထမင်းအနီက တစ်ခြမ်း အဝါ က တစ်ခြမ်းထည့်ထားတာ။ အနီနဲ့ အဝါ မရောစေနဲ့"

လို့ ဆရာကြီးလေသံနဲ့ ရှင်းပြ ပါတယ်။ ပြီးတော့...

တဲ့ ကျွန်တော်နာမည်ကို "အောင် လံထူ"လို့ ပေးခဲ့တာ။

"မိမှန်"ဆိုတာ ကျွဲပ်ရဲ့ ဇနီး မယား။ လင်မယားနှစ်ယောက်တည်း ရှိတယ်။ သားသမီး မရှိဘူး။

စီးပွားရေးက ခြိုကိုက်စားတယ်။ ခြံထဲမှာ ငှက်ပျောပင်တွေ ရှိတယ်။ သရက်ပင်တွေ ရှိတယ်။ ရောင်စုံ ဂန္ဓမာ ပန်းတွေ၊ နှင်းဆီပန်းတွေနဲ့။

◈◈◈

တစ်နေ့တော့ ကျွဲပ်ဖျားတယ်။ ဖျားတာမှ အပြင်းဖျားတာ။ အဘွားကြီး က လမ်းဘေး စွေးဆိုင်လေးတွေက တိုင်းရင်းဆေးလေးတွေ ဝယ်ပေးတယ်။ ကျွဲပ်က စားတယ်၊ သောက်တယ်၊ မပျောက်ဘူး။

နိုင်ငံခြားဆေးနဲ့ပါ မပျောက်တဲ့ အပြင် ကျွဲပ်က ကယောင်ကတမ်းတွေ ပြောလို့ဆိုပြီး အဘွားကြီးက ပယောဂ ဆရာကို ပင့်သင်လား၊ မပင့်သင်လား လို့ တိုင်ပင်ဖို့ကလည်း ဗေဒင်ဟည တတ်တဲ့ ကျွဲပ်ရဲ့ ဦးလေး ဦးမောင်မှန် က ကွယ်လွန်ခဲ့တာ ၂နှစ်ရှိပြီ။ ဒီတော့ အဘွားကြီးက သူ့သဘောနဲ့ သူပဲ ပယောဂ ဆရာကို ပင့်တယ်။

ပယောဂဆရာနာမည်က "ဆရာ ခ"။ ဆရာခက ဆရာဝန်တွေတောင် မယူတဲ့ ခြေကြွေခ ယူတယ်။ ခြေကြွေခ ယူတဲ့ ပယောဂဆရာ ဆရာခက ကျွဲပ် ကို ကြည့်ပြီး...

"ဒါ ပယောဂဝင်တာ သေချာ တယ်။ ပယောဂတောင်မှ အကြီးစား။ ဖုတ်ဝင်နေတာ ကြာပြီ။ အစာကျွေးပြီး မောင်းထုတ်ပစ်ရမယ်"

တဲ့။ ကျွဲပ်က ဘာမှ ပြန်မပြော နိုင်ခဲ့ပါဘူး။ ဘယ်ပြောနိုင်မလဲ၊ ပါးစပ်မှ ကောင်းကောင်းမဟနိုင်တော့တာ ကိုး။

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ပန်းချီဆရာ။ နာမည်က "ဆရာမောင်"တဲ့။

"ဦးလေး ဦးအောင်လံထူရဲ့ အသက် ဘယ်နှနှစ်ပြည့်ပြီးပြီလဲ"

"ခြောက်ဆယ်"

"ဒီခြံထဲမှာ သြဇာပင်ရှိလား"

"ရှိတယ်"

"သြဇာရွက် အရွက် ၆၀ ခူးပါ။ ဦးလေးအိပ်တဲ့ ဖျာအောက်မှာ အဲဒီသြဇာရွက်တွေ ထည့်ပါ။ ထည့်တာနဲ့ ဦးလေးက မနေနိုင်ဘူး၊ ဟိုလိုမ်သည်လိုမ်ဖြစ်လာမယ်။ တစ်ညအိပ်တာနဲ့ ဦးလေးမှာ ပူးကပ်နေတဲ့ ဖုတ်ကောင် ထွက်သွားမယ်တဲ့။ အဲဒီလို ကြားဖူးတယ်၊ လုပ်ကြည့်ပါလား"

တဲ့။ အဲဒီလို အကြံပေးတာ။ ဆရာမောင် မေးသမျှကို ပြန်ဖြေတာက ကျုပ်မဟုတ်ဘူး၊ အဘွားကြီး။

ဆရာမောင် ပြောတဲ့အတိုင်း လုပ်ဖို့ သြဇာရွက်တွေ ခူးတာနဲ့ သြဇာပင်လည်း ခေါင်းတုံးဖြစ်ရော။ သြဇာပင်သာ ခေါင်းတုံးအဖတ်တင်တယ်၊ ကျုပ်ကို ဝင်ပူးကပ်နေတဲ့ ဖုတ်ကောင် ထွက်, မထွက်တော့ ကျုပ် မသိဘူး။ ကျုပ်သိတာက အဖျားမပျောက်သေးတာ။

◈◈◈

ကျုပ်ကို တတိယမြောက် ကုသပေးတဲ့ ဆရာက အထက်လမ်းဆရာ။ နာမည်က "ဆရာကျော်"။

"လူနာကို လိုက်ပြီး ကုသပေးပါ ဆရာ"

အဲဒီလို ဆရာပင့်လာသူရဲ့ စကားကို ကြားတာနဲ့ လူနာရဲ့ နာမည်၊ အသက်၊ ဘာရောဂါဖြစ်တာလဲ၊ ဘယ်လောက်ကြာပြီလဲ၊ ဘာတွေ ဘယ် ဆရာတွေနဲ့ ကုပြီးပြီလဲ၊ အဲဒါတွေ စုံအောင် မေးတော့တာပါပဲ။ မေးလို့ ဖြေ



တဲ့ အဖြေတွေအပေါ်မှာ ခဏလောက် ကြာအောင် စဉ်းစားပြီးမှ...

"လိုက်မယ်"

"မလိုက်ဘူး"

လို့ ခပ်ပြတ်ပြတ်ပြောတတ်တဲ့ ဆရာ။

လိုက်မယ်ဆိုတာနဲ့ သူ ကုထားပြီးတဲ့ လူနာကို ထားပြီး ပြန်သွားလို့ များတော့ နောက်တစ်ခါ ထပ်ခေါ်ဖို့ မလိုတဲ့ ဆရာ။ ဒါကြောင့် "ဆရာကျော်ကို နှစ်ခါခေါ်ဖို့ မလိုဘူး"လို့ သတင်းပွေးနေတာ ဖြစ်မယ်။

လူနာကို တစ်ခါကြည့်၊ တစ်ခါ ရောဂါပျောက်တာ သေချာတဲ့ ဆရာ။

မလိုက်ဘူးဆိုရင်လည်း ဘာဖြစ်လို့ မလိုက်တာလဲ ဆရာလို့ ထပ်မမေးနဲ့။

"သေမှာ သေချာလို့ မလိုက်တာ"

လို့ အားမနာ ပါးမနာ တည့်တိုး အိုးပေါက် ပြောတတ်တဲ့ ဆရာ။

အဲဒီအထက်လမ်းဆရာဆိုတဲ့ ဆရာကျော်နဲ့ ကျုပ်တွေ့တော့ ကျုပ်က မလွှဲမယွင်နိုင်တော့ဘူး။ ကျုပ်ကို ကျုပ်တောင် သေပြီလို့ ထင်တာ။ ငါ သေနေပြီလား မသိဘူး။ အဲဒီလို ထင်တာ။

သေ,မသေ သေချာအောင် အဘွားကြီးနဲ့ လူနာလာမေး၊ လူနာလာစောင့်ရောက်တဲ့ လူတွေက ကျုပ်နာခေါင်းပေါ်မှာ ဂွမ်းလေး တင်ကြည့်တဲ့အထိ၊ အပေါ်နှတ်ခမ်းရဲ့ အထက်၊ နာခေါင်းပေါက်ရေမှာ ဂွမ်းစလေး တင်ကြည့်လို့ မသိမသာလှုပ်တယ် ဆိုရရဲ့၊ လှုပ်တာလေးကြောင့် ကျုပ်ကို "မသေသေဘူး၊ အသက်ရှိသေးတယ်"လို့ ပြောခဲ့ကြတာ။ ဒါပေမယ့်...

"သေပြီ၊ သေတာ ကြာပြီ၊ ဖုတ်ဝင်နေတာ၊ ဖုတ်ထွက်သွားတာနဲ့ ပုပ်စော်နံမှာ သေချာတယ်"

အဲဒီလိုပြောတဲ့သူတွေကလည်း အများကြီး။

ဟိုစကား၊ သည်စကား၊ စကား သံတွေကြားမှာ ဆရာကျော်က ရောက်လာပြီး...

"အားလုံး စကားမပြောပါနဲ့၊ ငြိမ်ငြိမ်နေပါ"

လို့ သြဇာသံပါတဲ့ လေသံနဲ့ ပြောပြီး ဘုရားစင်ကို သန့်သန့်ရှင်းရှင်း ဖြစ်အောင် ပြန်ပြင်ခိုင်းတယ်။ ပန်း၊ ရေချမ်း၊ ဆီမီးတိုင်၊ အမွှေးနဲ့သာတိုင် ထွန်းညှိခိုင်းတယ်။ တံခွန်၊ ကုက္ကား၊ မုလေးပွားတွေ ကပ်လှူခိုင်းတယ်။ နံနက် ဆွမ်းဘုဉ်းပေးခိုန်ဖြစ်လို့ ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီးနဲ့ လိမ္မော်ရည် ကပ်လှူခိုင်းတယ်။ ပြီးတော့ ဘုရားရှိခိုးတာ အကျယ်ကြီး၊ အသံကျယ်ပေးယဲ့ ကြားရသူတိုင်း စိတ်ကြည်နူးကြည်နာတယ်။

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကြာပေမယ့် ပတ်ဝန်းကျင်က လူတွေက ဆရာကျော် ရွှတ်ပွားပူဇော်တဲ့ ဓမ္မအသံတော်ကိုပဲ အာရုံရောက်ခဲ့ကြတာ။ ကျုပ်အောင် ဖြစ်နေတဲ့ ဝေဒနာကို မေ့လို့။

ပြောဖို့ မေ့တော့မလို့။ အဲဒါက ဘုရားကို ကပ်လှူတဲ့ သောက်တော် ရေချမ်း။ ရေခွက်တွေနဲ့ မတူတဲ့ ရေဖလားကြီးတစ်လုံးကို ရေအပြည့်နဲ့ ဘုရားစင်ပေါ် တင်ထားတာ။

ဆရာကျော်က···

"ကျွန်တော် အခု ဗောဂျင်သုတ်တော်ကို ရွှတ်ပွားပူဇော် ကန်တော့ပါမယ်။ ဦးအောင်လံထူ ရှိရှိသေသေ အာရုံပြု နာယူပါ"

လို့ ပြောပြီး···

"အခု ကျွန်တော် မြတ်စွာဘုရားကို ဗောဂျင်သုတ် ရွှတ်ဖတ်ပူဇော် ကန်တော့မှာ ဖြစ်လို့ အားလုံး ငြိမ်ငြိမ် နေပါလို့ ထပ်သတိပေးရင်း အသံကျယ်ကျယ်နဲ့···

"မြတ်စွာဘုရားသခင်သည် ဗောဓိပင်အနီးရှိ အပရာဇိတ ပလ္လင်တော်၌ မာန်ဉီးပါးကို အောင်မြင်တော်မူသကဲ့သို့၊ ဤရွှတ်ဖတ် ပူဇော် ကန်တော့မည့် ဗောဂျင်သုတ် တရားတော်ကို နာကြားကြရသူများသည် ဘေးခပ်သိမ်း အောင်မြင်ပါစေ၊ အောင်ကြောင်းမင်္ဂလာအဖြာဖြာ ပြီးမြောက် အောင်မြင်ပါစေ၊ အထူးသဖြင့် ရောဂါဝေဒနာများ ပြင်းထန်စွာ ခံစားနေရသော ဦးအောင်လံထူ၏ ရောဂါဝေဒနာများသည် ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ပျောက်ကင်းပါစေ"

"သမ္မာသမ္ဗုဒ္ဓ ဗောဂျင်၊ ကဿပ ဗောဂျင်၊ မောဂ္ဂလာန်ဗောဂျင်၊ စန္ဒ ဗောဂျင် ဆိုသော ဗောဂျင်လေးပါးလုံး အကျုံးဝင်သော ဗောဂျင်သုတ်တော်သည် မြတ်စွာဘုရားသခင် ဝေဠုဝန် ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ဂိဂျကုဋ်တောင်၌ နေသော ရှင်မဟာမောဂ္ဂလာန်မထေရ် မကျန်းမမာဖြစ်သည်ကို သိရှိသောကြောင့် ကြွသွားတော်မူပြီး ဗောဂျင်တရားကို ဟောကြားတော်မူရာ ရောဂါဝေဒနာများ ပျောက်ကင်းသွားသည်အထိ စွမ်းအင်ရှိသော သုတ်တော်ဖြစ်ပါသည်။ မဟာဝဂ္ဂ သံယုတ်တွင် "ဒုတိယ ဂိလာနသုတ်" ဟူ၍ အမည်တပ် ဟောကြားတော်မူသော သုတ်တော်ဖြစ်ပါသည်"

"ဗောဂျင်သုတ်တော်ကို ဘုရားတပည့်တော်၊ အထက်လမ်းဆရာ၊ ဆရာကျော်သည် ဖြူစင် သန့်ရှင်းသော သီလငါးပါးကို လုံခြုံစွာ စောင့်ထိန်းပြီးမှ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသည့် ဦးအောင်လံထူကို သနားကရုဏာကြီးစွာဖြင့် ရည်ရွယ်ကာ ရောဂါဝေဒနာများ ပျောက်ကင်းစေသော ဆေးဝါးများ ထည့်သွင်းသည့် ရေတော်ရရှိအောင် ကပ်လှူ ရယူကာ တတ်ကွမ်းသော ရောမြှုန်မာမင်းအဆက်ဆက်တို့ အသုံးပြုခဲ့သည့် တိုင်းရင်းဆေးဝါးများဖြင့် ရောစပ်ကာ တိုက်ကျွေးခြင်း၊ လိမ်းသပ်ခြင်းများ ပြုလုပ်ပေးပါမည်"

"မြတ်စွာဘုရား၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ရိုသေစွာ စောင့်ထိန်းသည့် မမြင်အပ်သော ပုဂ္ဂိုလ် သူတော်စင်များက ကပ်လှူထားသော ရေဖလားအတွင်းသို့ ဆေးဝါးများ ထည့်သွင်း ပေးသနားတော်မူကြပါ"

"ထိုဆေးဝါးများ ပါသော ရေဖလားအတွင်းရှိ ရေကို တိုင်းရင်းဆေးများနှင့် လိုအပ်သလို ရောစပ်အသုံးပြုခြင်းဖြင့် ဦးအောင်လံထူသည် မူပကတိအတိုင်း ပြန်လည်၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများ ဖြစ်ပါစေ"

လို့ ပြောဆိုပြီးမှ···

သံသာရေ သံသရန္တာန်၊
သဗ္ဗဒုက္ခ ဝိနာသနေ၊
သတ္တာဓမ္မေ စ ဗောဇ္ဈင်္ဂေ၊
ဟာရသေနာ ပမဒ္ဒနေ···

အစချီတဲ့ ဗောဂျင်သုတ်တော်ကို ဌာန်ကရိဏ်းကျကျ ရွှတ်ဖတ် ပူဇော်ကန်တော့ခဲ့ပါတယ်။

အထက်လမ်းဆရာ ဆရာကျော်က ပြောသလိုလုပ်တဲ့ လူစားဖြစ်လို့ ဗောဂျင်သုတ်တော်ကို ရွှတ်ဖတ် ပူဇော်ပြီးတာနဲ့ ကပ်လှူထားတဲ့ ရေဖလားကြီးကို ပြန်ယူပြီး သူသွားလေရာ ပါတတ်တဲ့ ဆေးလွယ်အိတ်ထဲက တိုင်းရင်းဆေးတွေနဲ့ အဲဒီရေတွေ ရောစပ် လိမ်းပေးတာ၊ တိုက်ပေးတာကအစ ကျုပ်လူကောင်းပကတိ ကျန်းမာချမ်းသာစွာ ရှိခဲ့တာပါပဲ။

◈◈◈

ကျုပ်ပြောချင်တာက···

"ဖုတ်ဝင်သူ ရှိတယ်, မရှိဘူး ဆိုတာ မငြင်းခုန်ကြပါနဲ့။ ဖုတ်ဝင်တယ်၊ မဝင်ဘူးဆိုတာကို ပညာမျက်စိဉာဏ်နဲ့ ကြည့်ပါ။ ဖုတ်ဝင်တာ တကယ်ဟုတ်ရင် ပယောဂ ဆရာသမားအားကိုးနဲ့ ဖုတ်ကို အမြန်ဆုံး ထုတ်ပါ။ ဖုတ်ဝင်တာ တကယ်မဟုတ်ရင် ဖုတ်ဝင်တယ်လို့ အထင်ခံရတဲ့ လူနာကို အမှန်တကယ် ဆေးဝါးတွေနဲ့ ကျွမ်းကျွမ်းကျင်ကျင် ကုသတတ်တဲ့ ဆရာသမားအားကိုးနဲ့ ရောဂါပျောက်ကင်းအောင် အမြန်ဆုံး ရောဂါကုသပေးဖို့ ဖြစ်ပါတယ်" ■

* * *

ပန်းတခနဲခနာင်လေး

www.burmeseclassic.com

www.burmeseclassic.com

ဝုန်းဒဟ အနှိုးဒဟသည်

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com

သည်နေ့မှာမှ မိုးက တစိမ့်စိမ့်နှင့် ရွာသွန်းလုတော့သည်။

ဝုန်းခနဲ···ဒိုင်းခနဲရွာပြီး တိတ်သွားလေမည့်မိုး မဟုတ်။ အီးလေးဆွဲပြီး တဖြောက်ဖြောက်နှင့် ကိုရီးယားဇာတ်လမ်းတွဲတွေပမာ အရှည်ဆွဲပြီး တစ်နေလုံး ရွာတော့မည့်မိုး ဖြစ်လေ၏။ မနက်ကတည်းက ကောင်းကင်ပြင်မှာ မကြည်မလင်။ အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းမဲ့မဲ့နှင့်။ လမ်းတစ်လျှောက်လုံးမှာလည်း လူသွားလူလာတွေက ကျဲပါးနေလေသည်။ သည်ပုံအတိုင်းဆိုလျှင်ဖြင့် အိတ်စိုက်ရမည့်ကိန်းဟု ကိုလွန်းအိမ် သတ်မှတ်ရတော့မည်။

သူက ကကတစ်စီးကို စပေါ်တင်ကာ အုံနှာခ တစ်နေ့ နစ်သောင်းနှစ်ထောင်ဖြင့် ကားဆွဲနေသော အငှားကကဲမောင်းသမားတစ်ဦး ဖြစ်သည်။ ပြီးတော့ လူပျိုလူလွတ်။ သားအမိနစ်ယောက်တည်း။

အသက် ၃၀ ကျော်လာပြီဖြစ်သည့်တိုင် အိမ်ထောင်မဲ့ လူပျိုလူလွတ်ဖြစ်နေခြင်းအတွက် မိန်းမ မုန်းသော ဝါဒီလားဟု အမေးရှိလာသော သူ ခေါင်းခါပြမိလိမ့်မည်။ သူ မိန်းမ မမုန်းပါ။ ဘယ်မိန်းမကိုမှ မမုန်းပါ။ သူချစ်နေသော မိန်းမတစ်ယောက်ရှိသည်။ မိန်းကလေးက ဖြူဖြူချောချောလေး။ သူတို့သားအမိနေသောအိမ်၏ မျက်စောင်းထိုးတွင် နေထိုင်သည်။ အလုပ်က ကျောင်းဆရာမလေး။ နာမည်က "ခင်သင်းကြည်"တဲ့။

ခင်သင်းကြည်ကို သူ တိတ်တခိုး စွဲလမ်းနေသည်မှာ ကြာပြီပင်။

ခင်သင်းကြည် ကျောင်းသွားကျောင်းပြန် ကြုံလျှင် သူမောင်းသောကားကလေးနှင့် လိုက်ပို့ပေးပါရစေဟု ခွင့်ပန်ခဲ့ဖူး၏။ မည်သို့ပင် ခွင့်ပန်ပန် ခင်သင်းကြည်ကတော့ ခေါင်းကလေး တယမ်းယမ်းနှင့် "ဟင့်အင်း"လုပ်လိုက်သည်ချည်း။

အမေကလည်း သူ့ကို အိမ်ထောင်ပြုစေချင်သည်မှာ ကြာပါပြီ။

"ဟဲ့···မောင်လွန်းအိမ်၊ မင်း အိမ်ထောင်ပြုသင့်နေပြီနော်။ မင်းမှာ ရည်စားသနားလေးများ တစ်ယောက်တလေ မရှိဘူးလား"

"ဟင့်အင်း၊ မရှိဘူး အမေ"

သည်စကားကို သူ့အမေက အကြွင်းမဲ့ ယုံသည်။ သူမ မွေးထုတ်ထားသော သားသည် ဘယ်သောအခါမှ စကားကို လိမ်ညာပြောဆိုတတ်ခြင်း မရှိကြောင်း သိထားသည်။

"ဒါဖြင့်ရင် အမေရှာပေးမယ်လေ"

"ဟာ···မလုပ်ပါနဲ့ အမေရာ။ တစ်ခါမှ မတွေ့ဘူး။ မမြင်ဘူးတာနဲ့ ယူရရင် ဘယ်လိုလုပ် မေတ္တာတွေ ပေါ်ထွက်လာမလဲ"

"ဟဲ့···အစတုန်းက ဒီလိုပဲကိုး။ နောက်တော့လည်း တစ်ဦးနဲ့ တစ်ဦး သဲယောင်ဖျင်ဖြစ်ပြီး ချစ်သွားကြမှာပေါ့။ နင့်အဖေနဲ့ ငါနဲ့ အိမ်ထောင်ကျတော့လည်း တစ်ယောက်နဲ့ တစ်ယောက် မြင်ဖူး၊ တွေ့ဖူးကြတာ မဟုတ်ဘူး။ အမေတို့က ကောင်းရာ စီမံပေးလို့ အိမ်ထောင်ကျခဲ့ကြတာ။ နောက်တော့လည်း သဲယောင်ဖျင်ဖြစ်သွားကြတာပေါ့လေ"

"အို···အမေရာ၊ အဲသလိုကြီးတော့ ဘဝင်မကျပါဘူး။ ကျွန်တော်က ချစ်ကြိုက်ပြီးမှ အိမ်ထောင်ကျချင်တာဗျ"

"ဒါဖြင့် နင် ဘယ်သူ့ကို ကြိုက်လဲ။ ပြော···ပြောစမ်း၊ အမေ ဖြစ်အောင် ဖန်တီး ကြိုးစားပေးမယ်"

သို့ဖြင့် ရေမျက်နှာ နောက်ထားလျက် မျက်စောင်းထိုးအိမ်မှ ကျောင်းဆရာမလေး ခင်သင်းကြည်ကို သဘောကျနေမိကြောင်း ဖွင့်ပြောပြလိုက်၏။

"ဟဲ့ - မဆိုးဘူး။ အမေ သဘောကျတယ်။ သဘောတူတယ်။ မငြိမ်းခင်တို့နဲ့ တိုင်ပင်ပြီး စပ်ဟပ်ကြည့်မယ်"

ရပ်ကွက်ထဲရှိ အောင်သွယ်ရာ၌ နာမည်ကြီးလှသော ဒေါ်ငြိမ်းခင်ကြီးနှင့် ခေါင်းချင်းဆိုင်ကာ အမေသည် သူ့အချစ်ရေး ပြေလည်အောင် ကြိုးပမ်းပါတော့၏။ သို့ရာတွင် အောင်မြင်ထပ်မြောက်ခြင်း အလျဉ်းမရှိခဲ့။

ခင်သင်းကြည်က သူတစ်သက် အိမ်ထောင်ပြုဖို့ရာ စိတ်ကူးမရှိပါတဲ့။ အပျိုကြီးဘဝဖြင့် နေနိုင်သမျှ နေပြီး နောက်ဆုံး၌ သီလရှင်ဘဝနှင့် အရိုးထုတ်သွားပါမည်ဆိုပဲ။ သည်တော့ အမေလည်း စိတ်ဓာတ်ကျ၊ သူလည်း စိတ်ဓာတ်ကျသွားရသည်။

"ဒီကလေးမနဲ့ အဆင်မပြေတော့လည်း အမေ တစ်ယောက်ယောက်နဲ့ ကြိုးစားပေးမှယ်လေ"

"မလုပ်ပါနဲ့ အမေရာ။ အမေပေးစားလည်း ကျွန်တော်ယူမှာမဟုတ်ဘူး။ ကျွန်တော်က လိုတာ မရရင်၊ ရတာယူမယ့် လူစားမဟုတ်ဘူး အမေရဲ့"

ဒါလည်း သူ့အမေက ယုံပါသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှသည် ယခု အရွယ်ရောက်သည်အထိ မွေးထုတ်ခဲ့သော သား၏ စိတ်ဓာတ်ကြေးမုံပြင်ကို အစင်းသိနေခဲ့သည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

သည်အကြောင်းတွေကို တွေးရင်း...။

♦♦♦

မိုးတွေကတော့ တဖြောက်ဖြောက်နှင့် စွေနေတုန်း။ လူအသွားအလာကျဲပါးသည်မို့ ကားက ထင်ထားသလောက် ဆွဲမကောင်း။ ခုမှ တစ်ဦးသာ စွေးဦးပေါက်သေးသည်။ ရပ်ထားက သာ၍ဆိုးလေမည်မို့ ဓာတ်ဆီအကုန်ခံကာ ပါစင်ဂျာရှိုင်မည့် နေရာများဆီသို့ ဘီးကို လိုပ်ပေးနေခဲ့သည်။

သည်လိုဖြင့် မိုးရေတို့ဖြင့် ပြောင်လက်နေသော ကတ္တရာလမ်းမပေါ် ခရီးသည်ကို မျှော်လင့်တကြီး အကဲခတ်နေရင်းမှ ကုန်သည်လမ်းစာပေဗိမာန်အနီးရောက်တော့ မိန်းကလေးတစ်ဦးက သူ့ကားကို လက်လှမ်းပြီး တားလာသည်။ သည့်အတွက် လှိုက်ခနဲ ဝမ်းသာသွားတော့၏။

"ဘယ်သွားမလဲ ညီမလေး"

ကိုယ့်ထက် အသက်ငယ်ပုံရသည်မို့ ယဉ်ကျေးသိမ်မွေစွာ စကားလမ်းခင်းလိုက်လေ၏။

"သွားချင်တဲ့ နေရာကတော့ နည်းနည်းများတယ်။ ကားခ တောင်းသလောက်ပေးပါ့မယ်။ ပို့ပေးနိုင်မလား အစ်ကို"

ကြိုက်ပေါ့။ သည်လိုမျိုး ခရီးသည် ရလာလို့ကတော့ ကိုလွန်းအိမ်အတွက် ထိပေါက်သည်နှင့် မခြား။ ဝမ်းသာလုံးဆို့ရပါပေါ့။

"ပို့ပေးနိုင်တာပေါ့ကွယ်။ ဘယ်တွေ ပို့ပေးရမလဲ၊ ပြော"

"အင်း...ရန်ကုန်မြို့မှာ ရှိတဲ့ ဘုရားတွေ အစုံဖူးချင်တယ်။ ဖြစ်တယ်မဟုတ်လား"

"ဖြစ်တာပေါ့။ သွားချင်တဲ့ ဘုရားတွေဆီကိုသာ ပြော"

"ဒါဆို ဗိုလ်တစ်ထောင်ဘုရား ကို သွားမယ်။ ပြီးရင် ရွှေဘုန်းပွင့်၊ နောက် ဆူးလေ၊ ရွှေတိဂုံ၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီး၊ ကမ္ဘာအေး၊ အဆင်ပြေတဲ့ဆီကို ပို့ပေး။ ပိုက်ဆံအခုကတည်းက ပေးထားရမလား၊ မယုံမှာစိုးလို့"

အမှန်တကယ်လည်း အိတ်ကို ဖွင့်ပြီးပေးတော့မည့်ဟန် ပြု၏။

"ဟာ...မဟုတ်တာ၊ ယုံပါတယ်။ အစ်ကို့ကိုလည်း ယုံပါ။ ညီမလေး ဘုရားဖူးနေတုန်း မောင်မပြေးဘူးဆိုတာ"

"ယုံပါတယ် အစ်ကိုရယ်။ ကဲ-တက်ပြီနော်"

ကားပေါ် တက်လိုက်သည်နှင့် မိန်းကလေးထံမှ မည်သည့် ပန်ရန်ရယ်တော့ မခွဲခြားတတ်။ နှစ်လိုဖွယ်ကောင်းသော ပန်းရန့်တွေ ရနေသည်။ နိုင်ခြားဖြစ် ရေမွှေးတစ်ခုခု မဟုတ်တာတော့ သေချာသည်။

ဦးစွာ မိန်းကလေး သွားလိုသော ဗိုလ်တစ်ထောင်ဘုရားသို့ ဉဂ္ဂလမ်းမကွေ့လျက် ကမ်းနားလမ်းအတိုင်း တငြိမ့်ငြိမ့်ကလေး မောင်းနှင်လိုက်သည်။ ဗိုလ်တစ်ထောင်ဘုရားရောက်တော့ သူမ ကားပေါ်မှ ဆင်းသည်။

"အစ်ကို ဖိုက်ဆာနေရင် စားချင်တာ တစ်ခုခုစားလေ။ ညီမ ဒါနပြုပါ့မယ်"

"အို...မဟုတ်တာ။ အိမ်ကထွက်ကတည်းက စားလာပါတယ်။ ကိုင်း...သွားသွား စိတ်တိုင်းကျ ဘုရားဝတ်ပြုချေ"

"ဟုတ်ကဲ့၊ သွားမယ်နော်"

ခုမှ သေချာကြည့်မိသည်။ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်လွန်းလှပါဘိ။ အသားအရေက ဝါဝါညက်ညက်။ မျက်လုံးမျက်ဖန် ကောင်းကောင်းနှင့် နှုတ်ခမ်းဖူးဖူးလေးက နှစ်လိုဖွယ် ပြုံးယောင်သန်းနေသည်။ အထူးသဖြင့် နက်မောင် ဖြောင့်စင်းလှသည့် ဆံပင်ရှည်ကြီးက တကောက်ကွေးထိ ရောက်နေသည်။ သူမ ပန်းဆိုင်၌ ပန်းထိုးနေစဉ် ဘုရားဖူးများသည့် သူမအား တအံ့တသြငေးကြည့်နေကြလေသည်။

၁၅မိနစ်လောက် ကြာတော့ သူမ ပြန်ရောက်လာသည်။

"ပျင်းနေပြီလား အစ်ကို"

"မပျင်းပါဘူးဗျာ။ ကိုင်း...ပုဇွန်တောင် ရွှေဘုန်းပွင့်ကို သွားမယ်နော်"

"ဟုတ်ကဲ့ အစ်ကို"

သို့ဖြင့် ကားကလေးကို ပုဇွန်တောင်ဘက်သို့ ဦးတည် မောင်းထွက်လာခဲ့သည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ရင်းရင်းနှီးနှီးဖြစ်လာခဲ့ပေပြီ။

"အစ်ကိုမောင်းတဲ့ ကားက ကိုယ်ပိုင်လား"

"မဟုတ်ရပါဘူးကွယ်။ စပေါ်တင်ပြီး အငှားမောင်းရတာပါ"

"ဩော်...ဒါထုတ် တွက်ခြေရော ကိုက်ရဲ့လားဟင်"

"ကိုက်တဲ့နေ့ ရှိသလို၊ အံ့နာခစိုက်ရတဲ့နေ့တောင် ရှိပါတယ် ညီမလေးရယ်"

သူမ သွားလိုသည့်ဘုရား တစ်ဆူပြီး တစ်ဆူ လိုက်ပို့ရင်း ကားပေါ် ပြန်ရောက်တော့ စကားတွေက နွေးနွေးထွေးထွေးရှိလာသည်။

"ဘုရားဖူးရတာ အဆင်ပြေရဲ့လား ညီမလေး"

"ပြေပါတယ် အစ်ကိုရယ်။ ညီမ ကြာသွားရင် စိတ်မတိုနဲ့နော်"

"အို... ဘာလို့ တိုရမှာလဲ ဘုရားဖူး သူတော်စင်ကို ပို့ပေးရတာ

www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်တောင်မှ ရပါသေးတယ်ကွယ်"

"အစ်ကိုက သိပ်သဘောကောင်းတာပဲနော်။ အစ်ကို့အိမ်သူကတော့ အင်မတန်မှ ကုသိုလ်ကောင်းတာပဲ။ ကံထူးတာပဲ"

"မဟုတ်တာကွယ်။ အစ်ကိုက ခုထိ မစွဲသေးတဲ့ ဂေါ်မစွဲတစ်ယောက်ပါ။ ဘုရားပေးပေး ကျမ်းပေးပေး"

"အစ်ကိုရယ်... ခုအရွယ်ရောက်တာတောင် ချစ်သူရည်းစား မရှိသေးတာတော့..."

"တကယ်ပြောတာပါ ညီမလေးရယ်။ အဲ - မှန်တဲ့အတိုင်း ဝန်ခံရရင်တော့ အစ်ကို တကယ်စွဲစွဲလမ်းလမ်း ချစ်ရတဲ့ မိန်းကလေးတစ်ယောက်ရှိပါရဲ့။ အစ်ကိုတို့လမ်းထဲ မျက်စောင်းထိုးအိမ်ကပါ။ အစ်ကိုက မေတ္တာရှိပေမယ့်မိန်းကလေးက အစ်ကို့မေတ္တာကို အသိအမှတ်မပြုဘူး။ လက်မခံဘူး"

"အစ်ကို့မေတ္တာကို နားလည်လက်ခံနိုင်အောင် ညီမ အကူအညီပေးနိုင်ရင် အစ်ကို သူ့ကို တကယ်ယူမှာလား"

"ဟာ...ဘယ်နယ်ပြောလိုက်တာပါလိမ့်။ ခုရ ခုယူပါတယ်ဗျာ။ အစ်ကို့အမေလည်း အစ်ကို့အဖြစ်ကို ကြည့်ရင်း စိတ်မကောင်းဖြစ်နေတာ။ အစ်ကို အဆင်ပြေရင် အမေ သိပ်ဝမ်းသာမှာပဲ"

"အဆင်ပြေရမှာပေါ့။ အစ်ကို့လို စိတ်ဖြောင့် လူဖြောင့် တစ်ယောက်ကို အစ်ကိုရင်းလို သဘောထားပြီး ညီမ အကူအညီပေးမှာပါ"

"ဘယ်လိုပေးမှာလဲ။ ညီမနဲ့ အစ်ကို စိတ်ဝင်စားတဲ့ မိန်းကလေးက သိက္ခမ်းကြတာမှ မဟုတ်တဲ့ဟာ"

"အသာနေပါ အစ်ကိုရယ်။ အဆင်ပြေရင် ကျေနပ်တယ် မဟုတ်လား။ ညီမ ဘုရားဖူးခရီးစဉ်ပြီးဆုံးသွားတဲ့အခါ ကူညီပေးပါ့မယ်။ အဲ - တစ်ခုတော့ ရှိတယ်။ ညီမပြောမယ့် စည်းကမ်းချက်ကိုတော့ တိတိပပလိုက်နာဖို့ လိုလိမ့်မယ်"

နောက်ပြောင်ပြောဆိုနေခြင်းတော့ မဟုတ်တန်ရာ။

ဘာပဲဖြစ်ဖြစ် လူမဒွမ်း နတ်မဆိုသည့်ကိန်းသို့ ဆိုက်ရောက်နေမှန်းတော့ ကိုလွန်းအိမ် သဘောပေါက်လိုက်သည်။

ဘုရားတွေ တစ်ဆူပြီးတစ်ဆူ လိုက်ပို့အပြီးမှာတော့ သူမ ဆင်းလိုသည့်နေရာကို ပြောသည်။

"သာကေတ ရန်ပြေ-မာန်ပြေ နားကျရင် ဆင်းမယ် အစ်ကို"

"စိတ်ချ။ သေသေချာချာ ပို့ပေးမယ်"

သို့ဖြင့် - သူမ သွားလိုသောနေရာသို့ ပို့ပေးလိုက်၏။

အချိန်က ညနေစောင်း။ တော်ပါသေးရဲ့ တဖွဲဖွဲစွေနေသောမိုးက တိတ်သွားပေလို့။

"နည်းတယ်၊ များတယ်လို့ သဘောမထားပါနဲ့၊ နှစ်သောင်းခွဲတော့ ယူပါ အစ်ကို"

"များပါတယ် ညီမလေးရယ်။ နှစ်သောင်းဆို ရပါပြီ"

"ဟင့်အင်း၊ ယူရမှာပဲ။ မယူရင် ညီမ စိတ်ကောင်းမှာ မဟုတ်ဘူး"

သူမ စိတ်ကောင်းအောင် ငွေကို ယူထားလိုက်သည်။

"ညီမ ဆင်းသွားတဲ့အခါ ညီမကို လှည့်မကြည့်နဲ့နော်"

စည်းကမ်းချက်တွေ လာချေပြီရော။ သည်သို့ပြောရင်း သူမ ဦးခေါင်းမှ ရွှေရောင်ဆံထိုးလေးတစ်ချောင်းကို နတ်ယူလိုက်သည်။ ပြီးတော့ သူမ၏ လက်ကိုင်ပဝါလေးဖြင့် ပတ်လိုက်သည်။

"အဲသည် ပစ္စည်းလေးကို အစ်ကို နှစ်သက်တဲ့ အစ်မလက်ထဲ မရောက်ရောက်အောင် ထည့်လိုက်ပါ။ အဆင်ပြေသွားပါလိမ့်မယ်"

"ဝမ်းသာလိုက်တာ ညီမရယ်။ ကျေးဇူးလည်း သိပ်တင်တယ်"

"ကိစ္စမရှိပါဘူး အစ်ကိုရာ။ အဲ-တစ်ခုတော့ ရှိတယ်နော်။ လက်ကိုင်ပဝါနဲ့ ပတ်ထားတာကို ဖြေပြီး ဘယ်သူ့ကိုမှ မပြလိုက်နဲ့။ ပြလိုက်လို့ကတော့ လွဲပြီသာမှတ်။ ကိုင်း... ညီမ ပြန်မယ်။ ရေစက်မကုန်ရင် ပြန်ဆုံကြသေးတာပေါ့"

"ကောင်းပါပြီကွယ်"

သူမ ကားပေါ်မှ ဆင်းသွားတော့ သူမ ထားခဲ့သော စည်းကမ်းချက်အတိုင်း နောက်ပြန်လှည့်မကြည့်ဘဲ ကားကို ပြန်ကွေ့ကာ မောင်းထွက်လာခဲ့သည်။

လမ်းတစ်လျှောက် ပေါ့ပါးနေတာ အမှန်ဖြစ်၏။ တွက်ခြေကိုက်ပြီမို့ ဘယ်ပါစင်ကျကိုမှ မျော်လင့်မနေတော့ဘဲ အိမ်သို့သာ တန်းတန်းမတ်မတ် မောင်းနှင်လာရင်း အတွေးတို့ဖြင့် ပျော်ရွှင်ကြည်နူးနေမိသည်ရော။

♦♦♦

"ဟဲ့... သား၊ ပြန်လာတာ စောလှချည်လား။ အင်းလေ၊ တစ်နေ့လုံး မိုးက စွေနေတော့ ကားဆွဲရတာ မကောင်းမယ့်အတူတူ စောစောပြန်လာတော့လည်း စောစောနားရတာပေါ့လေ"

"ဆွဲကောင်းပါတယ် အမေရဲ့။ ခါတိုင်းနေ့တွေထက်တောင်မှ တွက်ခြေကိုက်သေး။ ပြီးတော့လေ ကျွန်တော် စွံတော့မယ် အမေရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့...ကျားသားမိုးကြိုး အရင်က တစ်မျိုး၊ ခုကျတော့ တစ်မျိုးပါပဲလား။ ခင်သင်းကြည်နဲ့ အဆင်မပြေတာနဲ့ ရမိရရာ စွဲလိုက်တာမျိုးတော့ ဘဝင်မကျနိုင်ဘူးနော်"

"အမေရယ်... အမေ့သားလွန်းအိမ်ဟာ သည်လိုအစားထဲက မဟုတ်ရပါဘူးဗျာ။ သားနဲ့ စွဲမယ့် မိန်းကလေးဟာ သားကြိုက်တဲ့ ကျောင်းဆရာမလေး ခင်သင်းကြည်ပါပဲ"

"ဟယ်... ဘယ်ကဘယ်လို၊ ဟုတ်မှ ဟုတ်ရဲ့လားဟယ်"

"ဟုတ်ပါတယ် အမေရာ။ အဖြစ်က ဒီလို အမေရေ...ဒီလို"

သို့ဆိုရင်း သည်ကနေ ကြုံတွေ့ရသော အဖြစ်အပျက်ကလေးကို ဇာတ်ကြောင်းလှန်ပြီး ပြောပြလိုက်၏။

"မင့်ဟာ ဟုတ်မှ ဟုတ်ရဲ့လားဟယ်"

သို့ဆိုပြီး လက်ကိုင်ပဝါထုပ်ကလေးအကြောင်း ပြောပြလိုက်သည်။

"အမေတော့ နားရှိလို့သာကြားရတယ်။ မင့်ဟာ တကယ်ဆိုရင် ဘာလဲဆိုတာ ပြ"

"အမေက မယုံလို့လား"

"မယုံဘူးဟေ့"

"မယုံရင် ကြည့်...ကြည့်"

အိတ်ကပ်ထဲမှ အထုပ်ကလေးကို ကမ်းပေးတော့ အမေက ဖွင့်ကြည့်သည်။

"ဟင်..."

ထိုခဏ ကိုလွန်းအိမ်လည်း မိုက်ခနဲဖြစ်ကာ သတိမေ့ လဲကျသွားသည်။

"ဟဲ့...ဟဲ့၊ သား...သား၊ လာကြပါဦး။ ကျွန်မသားလေး ဘာဖြစ်သွားတယ် မသိဘူး"

မိခင်၏ အသံကြောင့် ပတ်ဝန်းကျင်မှ လူများ ရောက်လာကြသည်။

"ပရိတ်ရေမန်းရှိရင် ဖျန်းပေး၊ ဖျန်းပေး"

ပရိတ်ရေမန်းတန်ခိုးကြောင့် ကိုလွန်းအိမ် သတိရလာသည်။

သည့်နောက်ပိုင်းမှာတော့ ကိုလွန်းအိမ်တစ်ယောက် ကြောင်တောင်တောင်ဖြစ်နေ၍ ဆရာတစ်ယောက်နှင့် တစ်လကြာမျှ ဆေးကုခဲ့ရပါလေသတည်း။

◈◈◈

အဖြစ်ဆန်းဆိုသည်မှာ လူတိုင်းကိုယ်စီ ရှိကြလေသတည်တကား။

* * *

နန္ဒာမိုးကြယ်

လှလှနွယ်စာပေမှ ထုတ်ဝေသော.....



ခေတ္တရာဆရာကျော်ရေးသားပြုစုသည့်

ကျွန်ုပ်၏ကျေးဇူးရှင်ဆရာတော်ကြီးများ

၎င်စာအုပ်တွင် ကျွန်ုပ်ဖူးတွေ့ကြည်ညိုခဲ့ရသော ဆရာတော်ကြီး ၂၁ ပါး၏ ထေရုပ္ပတ္တိအကျဉ်း၊ ကျင့်စဉ်ဩဝါဒများ၊ လောကီတိုးတက်ကြီးပွားရေးလမ်းညွှန်တရားများ၊ လောကုတ္တရာလမ်းညွှန်တရားများ၊ ပုတီးစိပ်ကျင့်စဉ်များ၊ မေတ္တာကျင့်စဉ်တရားများ စသည့် မှတ်သားလိုက်နာစရာ တရားတော်စုံလင်စွာ ပါဝင်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

(စာအုပ်ဆိုင်တိုင်းတွင်မွေးဝယ်ပါ။ မရပါက လှလှနွယ်စာပေသို့ မှာကြားပါ။)

လှလှနွယ်စာပေ – ၀၉-၇၃၁၀၆၁၃၄၄၊ ၀၉-၂၅၀၂၇၆၀၇၊ ၀၁-၅၀၄၆၆၄

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄၊ ဖေဖော်ဝါရီလအတွက်

နာမကျရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

တနင်္ဂနွေနံအကွရာ

(အ၊ အာ၊ ဣ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမား၊ ဆွေမျိုးသားချင်းနှင့် ပြန်လည်ဆုံတွေ့ရမည်။ စပ်တူရွယ်ယာလုပ်ငန်းများ လုပ်ကိုင်ရမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်ကိန်းရှိသည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ အိုးအိမ်နေရာဌာန ပြောင်းရွှေ့ရကိန်းရှိသည်။ ထီး၊ နာရီ၊ ဖိနပ်. . .စသည့် စနေနံ့ ပစ္စည်းများ ထွက်မည်။ မိမိနေအိမ်တွင် ထီး၊ ဖိနပ် အစုတ်အဟောင်းများ ရှိပါက စွန့်ပစ်လိုက်ပါ။ ရွှေရတနာပစ္စည်း၊ ရေ၊ လေနှင့် ပတ်သက်သောပစ္စည်း ထွက်ကိန်း၊ ပျက်ကိန်းရှိသည်။ အစာမကြေ လေရောဂါ၊ ဝမ်းနှင့် ပတ်သက်သော ရောဂါခံစားရတတ်သည်။ အအေးစာ၊ လေစာများ ရှောင်ပါ။ ထီဝါသနာပါက ၃အစ ၅အဆုံး ရွေးထိုးပါ။

ကောင်းကျိုးပြုယတြာ - နေအိမ် ဘုရားတွင် စံပယ်ပန်း၊ စိန်ပန်း၊ ဆီမီး၊ ပေါက်စီ၊ ဆီထမင်း(တစ်မျိုးမျိုး)တို့ကို အဂါ၊ ကြာသပတေး နှစ်ရက်လှူပါ။

. . . . . .

တနလ်ာနံအကွရာ

(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် အကြံအစည်၊ ရည်ရွယ်ချက်များ အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်ခြင်း၊ ကံစမ်းမဲပေါက်ခြင်း၊ အမွေရခြင်းများ ကြုံတွေ့ ခံစားရမည်။ ဆန်၊ ဆီ၊ ဆေး၊ စက်ပစ္စည်း. . .စသည့် အဂါနံပစ္စည်းများ အရောင်းအဝယ်အကျိုးကျေးဇူး ခံစားရမည်။ ပညာရေး ဘာသာရေး လူမှုရေးလုပ်ငန်းများ အောင်မြင်မှု ရမည်။ အကြီးအကဲ၊ ဆရာသမားထံမှ အကူအညီရမည်။ သားသမီးအတွက် စိတ်ညစ်စရာပေါ်မည်။ သားသမီး လက်အောက်ငယ်သား မင်္ဂလာကိစ္စ ဆောင်ရွက်ပေးရမည်။ လုပ်ငန်းအသစ် ပေါ်ပါက အချိန်ဆွဲမနေဘဲ ကြိုးစားလုပ်ကိုင်သင့်သည်။ ဘာသာရေးအဓိဋ္ဌာန်တစ်ခု မပျက်မကွက် ဆောင်ရွက်ပါ။ ထီဝါသနာပါက ၃၅၀ ပါသော ထီလက်မှတ်ကို ရွေးထိုးပါ။

ကောင်းကျိုးပြုယတြာ - ဘုရား၊ ရဟန်း၊ သံဃာအား ဆီးဖျော်ရည်၊ ဆီးသီး၊ ဆေးဘူး လှူပေးပါ။

. . . . . .

အဂါနံအကွရာ

(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် လုပ်ငန်းအသစ်ပြုလုပ်ရခြင်း၊ တိုးချဲ့ ပြောင်းရွှေ့ရသော အကြောင်းကိစ္စပေါ်ပေါက်မည်။ ဆိုင်ခန်း၊ အိမ်၊ အလုပ်နေရာဌာန ပြုပြင်မွမ်းမံရခြင်း၊ အသစ်ဝင်ခြင်းများ ကြုံမည်။ စပ်တူရွယ်ယာလုပ်ကိုင်ရမည်။ မြှုပ်နေသော ငွေကြေးအရင်းအနှီးပြန်ပေါ်လာမည်။ ကား၊ ကျောက်မျက်ရတနာ၊ ငွေကြေး၊ ကွန်ပျူတာ. . .စသည့် တနင်္ဂနွေနံပစ္စည်းများ ဝင်မည်။ လူမျိုးခြား၊ နိုင်ငံခြားသားနှင့် ပူးတွဲပေါင်းစပ်သောအလုပ် သတိထား လုပ်ကိုင်ပါ။ အပြိုင်အဆိုင် အတိုက်အခံကိစ္စပေါ်မည်။ စိုးရိမ်စရာမလိုပါ။ လူငယ်များ ချစ်သူအသစ်ရမည်။ ခရီးသွားလာရင်း ချစ်သူ အိမ်ထောင်ဖက် တွေ့မည်။ သွေးနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။

ကောင်းကျိုးပြုယတြာ - နိုးစပ်ရာ ဗောဓိညောင်ပင်တွင် ဆီမီး(၈)တိုင်၊ စံပယ်ပန်း(၈)ကုံး၊ ဆီးသီး(၈)လုံး ဒါနပြုပေးပါ။

. . . . . .

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးနံအင်္ဂါရာ

(ယ၊ ရ၊ လ၊ ဝ၊ ဋ္ဌ) နှင့် စသော အမည်ပိုင်ရှင်များ - - -

ဤလတွင် မိမိလုပ်နေကျ ပုံမှန်ဆရာ်လုပ်နေခြင်းက ပိုကောင်းသည်။ ပညာရေးနှင့် ဆိုင်သော သင်တန်းများ။ စာပေရေးရာကိစ္စ၊ စာအုပ်နှင့် စာရေးကိရိယာ၊ ကျူရှင်လုပ်ငန်း စသည့် ပညာနှင့်ဆိုင်သောလုပ်ငန်းများ အောင်မြင်တိုးတက်မှု ရရှိမည်။ မိတ်ဆွေ၊ ဆရာ၊ အကြီးအကဲ၏ အကူအညီ အထောက်အပံ့ရရှိမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ စက်ပစ္စည်း စိန်၊ ဆိုင်ခန်း စာအုပ်၊ ဆေးပစ္စည်းဝင်မည်။ လုပ်ငန်း စီးပွားရေး(ငွေရင်းနှီးမြှုပ်နှံရသောအလုပ်) လုပ်ကိုင်ရမည်။ တစ်ဦးတည်းလုပ်တာထက် စုပေါင်းစပ်တူလုပ်တာ ပိုကောင်းသည်။ သွေး၊ လေ၊ နလုံးနှင့်ဆိုင်သော ဝေဒနာ ခံစားရတတ်သည်။ ဝက်သား၊ အမဲသား၊ ဒူးရင်းသီး(စနေ+ဗုဒ္ဓဟူးနံ)များ ရှောင်ပါ။

ကောင်းကျိုးပြု ယတြာ - ခွေး နွား၊ ဆိတ်၊ လိပ်များအား အစာကျွေးပါ။ စနေ၊ ဗုဒ္ဓဟူးနေ့တိုင်း တိရစ္ဆာန်များအား အစာကျွေးပေးပါ။

ကြာသပတေးနံအင်္ဂါရာ

(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ - - -

ဤလတွင် အိမ်၊ ခြံ၊ မြေ၊ ကား(အကျိုးဆောင်လုပ်ငန်း)အရောင်းအဝယ်ဖြစ်မည်။ ထွက်ပြီး အိမ်၊ ခြံ၊ မြေ ပြန်ဝင်မည်။ ငွေပိုငွေလျှံနှင့် ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းသစ် လုပ်ကိုင်ရမည်။ လက်အောက်ငယ်သား၊ တပည့်ထံမှ ကူညီထောက်ပံ့မှု ရမည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ နိုင်ငံရပ်ခြားမှ ငွေ၊ ပစ္စည်း အဆက်အသွယ်ရမည်။ အပြိုင်အဆိုင် အခက်အခဲကြားမှ အောင်မြင်မှု ရမည်။ သားသမီး၊ ဇနီးမယား တစ်ဦးဦး အိမ်မှ ထွက်ခွာတတ်သည်။ မရောက်ဘူးသော နေရာဌာနသို့ ရောက်ရှိမည်။ အပျော်အပါး၊ လောင်းကစားကိစ္စ ရှောင်ပါ။

ကောင်းကျိုးပြုယတြာ - ပျက်နေသောလမ်းအား ပြုပြင်ပေးခြင်း၊ ခရီးစရိတ် တတ်နိုင်သလောက်လှူခြင်း ပြုပါ။

သောကြာနံအင်္ဂါရာ

(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ - - -

ဤလတွင် ထွက်ပြီးပစ္စည်း ပြန်ဝင်ခြင်း၊ ဝင်ပြီးပစ္စည်း ပြန်ထွက်နိုင်ခြင်း ဖြစ်မည်။ လုပ်ငန်းနှစ်မျိုးပြုလုပ်ရခြင်း၊ ခရီးနှစ်ကြိမ်သွားရခြင်း၊ တာဝန်နှစ်ခုယူရခြင်းတို့ ကြုံမည်။ မည်သည့်ကိစ္စမဆို လူကြီးမိတာ ဆရာသမား၏ အကြံဉာဏ်ယူပြီး ပြုလုပ်ပါ။ ဝန်ထမ်းဆိုပါက ရာထူးတိုး စာမေးပွဲဖြေဆိုရခြင်း၊ လုပ်ငန်းနေရာဌာန ကောင်းသောနေရာရမည်။ အကြီးအကဲ၊ မိဘ၊ ဆရာသမားထံမှ အကူအညီရမည်။ လုပ်ငန်းကိစ္စ၊ စီးပွားရေး၊ ဘာဝန်အရ ခရီးသွားလာရခြင်း ကောင်းသည်။ အပျော်အပါးခရီး၊ ရေနှင့် နီးသောခရီး ရှောင်ပါ။ လူငယ်များ လူကြီးမိဘမပါဘဲ အပျော်ခရီး မသွားသင့်ပေ။ မိမိ မိသားစု၊ ဆွေမျိုးသားချင်းတွင် အလှူမင်္ဂလာကိစ္စ ပေါ်ပေါက်မည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိ၍ (၂၃၅)ပါသော အောင်ဘာလေထီကို ရွေးထိုးပါ။

ကောင်းကျိုးပြုယတြာ - ကျောင်းသူ၊ ကျောင်းသား စာသင်သားအား စာအုပ်၊ ဘောလ်ပင်၊ ပေတံ တတ်နိုင်သလောက် ဒါနပြုပေးလိုက်ပါ။

စဇနနံအင်္ဂါရာ

(တ၊ ထ၊ ဒ၊ ဓ၊ န၊ ၌) နှင့် စသော အမည်ပိုင်ရှင်များ - - -

ဤလတွင် လိုတာမရ၊ ရတာမလို ဖြစ်နေတတ်သည်။ ငွေရင်းနှီးမြှုပ်နှံသောအလုပ်၊ လုပ်ငန်းအသစ် မလုပ်ကိုင်သင့်သေးပါ။ ဝန်ထမ်းအလုပ်၊ ပုံမှန်လုပ်ခနကျအလုပ် ဆက်လုပ်ပါ။ အင်္ဂါ၊ ကြာသပတေး၊ တနလာ် သားသမီးတစ်ဦးဦးနှင့် ပူးတွဲပေါင်းစပ်လုပ်ကိုင်ပါ။ အိမ်၊ ခြံ၊ မြေ၊ ကား ထွက်ကိန်း/ ဝင်ကိန်းရှိသည်။ စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်းများ တိုးတက်အောင်မြင်မည်။ ပြည်တွင်းပြည်ပ ယာယီခရီးသွားလာရမည်။ မိဘနှစ်ပါးကို ပြုစုကျွေးမွေးစောင့်ရှောက်ပါ။ စကားများ ပြောခြင်း၊ ခရီးလမ်းများခြင်း ရှောင်ပါ။ ရန်၊ အမှုပြဿနာပေါ်တတ်သည်။ လူငယ်များ အပေါင်းအသင်း သတိထားပါ။ လေအောင့်၊ ဗိုက်အောင့်၊ ဦးခေါင်း(အာရုံကြော)နှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။

ကောင်းကျိုးပြုယတြာ - မိတ်ဆွေ၊ အပေါင်းအသင်း၊ လက်အောက်ငယ်သားအား ခေါက်ဆွဲကြော်၊ ကြာဆံကြော် လယ်ကျွေးလိုက်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်လည်းကင်း၊ ဥစ္စာလည်းတိုးတဲ့ မိဘခြေရာ ပူဇော်နည်းနှင့် ရှိခိုးဝါထာ

ကိုရွှေမြသန်း

ရှေးဆရာတော်တစ်ပါး ရေးသားထား ခဲ့သော မိဘကျေးဇူးကို ပြသည့် ရှိခိုး အလင်္ကာတစ်ပုဒ်တွင်...

များစွာရှိပြီ။ သမီးသားတို့၊ ညွှတ်တွား ကော်ရော်၊ ပူဇော်သမျှ၊ လှူဒါန်းကို မုချ တိုက်ရိုက်၊ ခံယူထိုက်၏။ သမိုက်ဆန်းစွာ ရဟန္တာနှင့် သညာတူမှု အမည်ပြု၍ အာယု နေယျ မှန်ပေလုဟု၊ ဗုဒ္ဓမြတ်စွာ ဟောဖော် ကြားသည်၊ ကြီးမားဂုဏ်အင် မွေးမိခင်နှင့်

www.burmeseclassic.com

ဖခင်တို့အား ရိုညွတ်တွားခြင်း စိတ်ထားထင်မြင်၊ ဖဝါးပြင်ကို ဦးတင်မာန်လျော့၊ ကန်တော့ မြတ်နိုး၊ ရှိခိုးပါ၏"

ဟု ရေးဖွဲ့ထားပါသည်။

ဤအလင်္ကာ၏ အဓိပ္ပာယ်မှာ ရဟန္တာအရှင်မြတ်တို့သည် "အာယုနေယျ" အမည်ရသကဲ့သို့ မိဘတို့သည်လည်း သားသမီးတို့၏ ပူဇော်မှုကို ခံယူထိုက်သဖြင့် အာယုနေယျ မည်ပုံကို ပြဆိုသည်။ ထို့အပြင် ဆိုခဲ့ပြီးသည့်အတိုင်း မိဘတို့ ဂုဏ်ကျေးဇူးကြီးမားပုံတွေ၊ ရှေးဦးဆရာဖြစ်ပုံတွေ၊ မြတ်ဗွာကြီးနှင့် တူပုံတွေ၊ ရဟန္တာသဖွယ် အာယုနေယျမည်ထိုက်ပုံတွေကို တစ်မိုစိမ့်တွေးလျက် စိတ်ဝယ်ထင်ထင် ဆင်ခြင်ပြီးလျှင် မာန်မာနတို့ကို လျှော့ချပြီး မိမိတို့ ဦးခေါင်းဖြင့် မိဘတို့၏ ခြေဖဝါးတို့ကို မြတ်နိုးစွာ ရှိခိုးဦးချ ကန်ထောပါ၏ ဟူ၍လည်း ပြဆိုပေသည်။

ဖော်ပြပါ ဘုရားရှိခိုးအလင်္ကာ၌ ကြီးမားဂုဏ်အင်မွေးမိခင်နှင့် ဖခင်တို့အား ရိုညွတ်တွားခြင် စိတ်ထားထင်မြင် ဖဝါးပြင်ကို ဦးတင်မာန်လျော့ ကန်တော့မြတ်နိုး ရှိခိုးပါ၏ ဟူသော စာသားအရ သားသမီးတို့သည် မိဘတို့၏ ခြေဖဝါးကို ရှိခိုးကြရသည်။ တစ်အိမ်ထဲမှာ အတူနေရာ၌ ရှိခိုးနိုင်သော်လည်း အိမ်ခွဲ၍နေသော် လည်းကောင်း၊ ရပ်ဝေးမှာနေသော် လည်းကောင်း၊ အဘယ်သို့ ရှိခိုးပူဇော်မည်နည်း။ ထိုအခါတွင်မူ ယခုဖော်ပြမည့် မိဘခြေရာ ပူဇော်နည်းဖြင့် ပူဇော်၍ရပါသည်။

မိဘခြေရာ ပူဇော်နည်း

မိဘနှစ်ပါးတို့၏ ခြေဖဝါးခြေရာ လေးဘက်လုံးကို ဖြစ်စေ၊ မိခင်၏ ဘယ်ခြေဖဝါးခြေရာ၊ ဖခင်၏ ညာခြေဖဝါးခြေရာကို ဖြစ်စေ၊ နန္တင်းမှုန့် (သို့မဟုတ်) သင်တော်သည့် ဆေးရောင်ဖြင့် အဝတ်ဖြူသန့်သန့်ပေါ်တွင် ချစေရပါမည်။

ထို မိဘတို့၏ ခြေရာထင်ကျန်ရစ်သော အဝတ်စကို တဘက်ဖြစ်စေ၊ ခေါင်းအုံးဖြစ်စေ၊ ခေါင်းအုံးစွပ်ဖြစ်စေ ပြုလုပ်ပြီး ရှိခိုးနိုင်ပေသည်။ တဘက်ဖြင့် မျက်နှာသုတ်နိုင်သလို၊ ခေါင်းအုံးစွပ်ထားသော ခေါင်းအုံးပေါ်တွင် ခေါင်းချပြီး လည်း အိပ်စက်နိုင်ပါသည်။ ခရီးသွားလာရာတွင်လည်း အဆောင်အဖြစ် ယူသွားနိုင်ပေသည်။ ရောက်လေရာ၊ နေလေရာအရပ်မှာ ဒိဘတို့၏ ခြေရာတို့ကို မြင်တိုင်း မြင်တိုင်း မိဘတို့၏ မိမိအပေါ် ပြုဖူးထားသော ကျေးဇူးတွေကို သတိရပြီး ဦးချ ရှိခိုးနိုင်ပါသည်။

ယင်းသို့ ပြုလျှင် ကောန်မုချ ဘေးအန္တရာယ်လည်း ကင်းဝေးနိုင်ကြောင်း၊ စီးပွားဥစ္စာလည်း တိုးတက်နိုင်ကြောင်း ရှေးဆရာတို့မှ ဆိုမိန့်ခဲ့သဖြင့် ထပ်ဆင့် လမ်းညွှန်ရေးသား ဖော်ပြလိုက်ခြင်းဖြစ်ပြီး ဆက်လက်၍ အဖေ့ခြေရာ၊ အမေ့ခြေရာ ရှိခိုးဂါထာကို ဖော်ပြလိုက်ပါသည်။

အဖေ့ခြေရာ ရှိခိုးဂါထာ

ဝုမိုကာရော အာလိင်္ဂေတွာ၊ စုမ္ဘိတွာ ပိယ ပုတ္တကံ၊
ရာဇမဋ္ဌံ သုပတိဋ္ဌံ၊ ပိတုပါဒံ နမာမဟံ။ ။

ယောပိတာ - အကြင်အဖေသည်၊ ဝုမုကာရော - သားသမီး၏ ကြီးပွားကြောင်းကို ပြုလုပ်လျက်၊ အာလိင်္ဂေတွာ- သားသမီး၏ လည်ကို ပွေ့ဖက်ပြီး၊ စုမ္ဘိတွာ - နမ်းရှုပ်၍၊ ရာဇမဋ္ဌံ - မင်းမှူးမတ်တို့၏ အလယ်၌၊ သုပတိဋ္ဌံ - ကောင်းစွာ တည်စေ၏။ တဿပိတု - ထိုအဖေ၏ ပါဒံ - ခြေရာအစုံကို၊ အဟံ - အကျွန်ုပ်သည်၊ နမာမိ - ရိုသေမြတ်နိုး ရှိခိုးပါ၏။

အမေ့ခြေရာ ရှိခိုးဂါထာ

ဒသမာသေ ဥရေ ကတွာ၊ ပေါသေတိ ဝမိုကာရဏံ၊
အာယုဒီယံ ဝဿသတံ၊ မာတုပါဒံ နာမာမဟံ။ ။

ယာမာတာ - အကြင်အမေသည်၊ ဒသမာသေ - ဆယ်လတိုင်တိုင်၊ ဥရေကတွာ - ရင်ဖြင့် ပိုက်လွယ်သည်ကို ပြု၍၊ ဝမိုကာရဏံ - သားသမီး၏ ကြီးပွားခြင်းအကြောင်းကို၊ ကတွာ- နေ့ညမအား ပြုလုပ်၍၊ ပေါသေတိ- နို့ချည်တိုက်ကျွေး မွေးမြူပေ၏။ ဝဿသတံ - နှစ်တစ်ရာကျော်အောင်၊ အာယုဒီယံ - အသက်ရှည်အောင်၊ ပေါသေတိ - သားသမီးတို့အား စောင့်ရှောက်လုပ်ကျွေး၏။ တာယ မာတုယာ - ထိုအမေ၏၊ ပါဒံ - ခြေအစုံ၊ ခြေရာအစုံကို၊ အဟံ- အကျွန်ုပ်သည်၊ နမာမိ - ရိုသေမြတ်နိုး ရှိခိုးပူဇော်ပါ၏ ■

* * *

ကိုဒွေဖြဆန်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ဝေဘာဂီရွာ"သည် မြစ်ဝကျွန်းပေါ်ဒေသ ပင်လယ်ပိုင်းတွင် ရှိသောရွာကြီးတစ်ရွာဖြစ်သည်။ ဝေဘာဂီသည် မြို့နယ်ခွဲအဆင့်ရှိ၍ မြို့မစွေး၊ ရဲစခန်းနှင့် အထက်တန်းကျောင်းရှိပြီး အလွန်စည်ကားပါသည်။ ရေလမ်းခရီးသာ အဓိကဖြစ်၍ ရန်ကုန်နှင့် အစုန်အဆန်ပြေးနေသော ရေယာဉ်များကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ပင်လယ်ပိုင်းဖြစ်၍ ရေလုပ်သားများ ရှိသကဲ့သို့ လယ်ယာစိုက်ပျိုးသော လယ်သမားများရှိပြီး စပါးအလွန်ထွက်သော ဒေသလည်းဖြစ်သည်။

ဇာတိမြေသို့ မပြန်နိုင်ခဲ့သည်မှာ ကြာပြီဖြစ်၍ ခင်မောင်ညိုသည် ဝေဘာဂီသို့ ရောက်ချင်နေသည်။ ဝေဘာဂီရွာကို သတိရတိုင်း လွမ်းရသောကြောင့် ရွာကို မေ့ထားချင်သည်။ ထိုရွာကို တစ်သက် မပြန်တော့ဟု ဆုံးဖြတ်မိခဲ့သော်လည်း မြပန်းနွယ်၏ နောက်ဆုံးဆန္ဒအရ ရွာသို့ ပြန်လာခဲ့ရခြင်းဖြစ်သည်။ မိတ်ဆွေတစ်ဦးပိုင် ဧရာဆွေ မော်တော်ကြီးနှင့် လိုက်ခဲ့ခြင်းဖြစ်ပြီး ဝေဘာဂီကို မိုးမလင်းမီ ဆိုက်ရောက်သော်လည်း တစ်ရွာလုံး အိပ်မောကျနေသဖြင့် မော်တော်ပေါ်မှ မဆင်းဘဲ အိပ်ရာပေါ် လဲရင်း မိုးလင်းချိန်ကို စောင့်နေခဲ့ရသည်။ ဝေဘာဂီကို ရောက်ပြီဟူသော အသိကြောင့် အတိတ်မှ ဖြစ်စဉ်များက အရိပ်ပမာ ပေါ်လာပါတော့သည်။

◈◈◈

ခင်မောင်ညိုသည် ဝေဘာဂီတွင် မွေးဖွားကြီးပြင်းလာခဲ့သူ ဖြစ်သည်။ ဝေဘာဂီတွင် ဆယ်တန်းအောင်သည်အထိ အပျော်ဆုံး နေထိုင်ခဲ့ပါသည်။ ခင်မောင်ညို၏ ဖခင်သည် အထက်တန်းပြ ကျောင်းဆရာတစ်ဦးဖြစ်ပြီး ခင်မောင်ညိုတွင် အစ်ကိုကြီး "ခင်မောင်ကျော်" ရှိသည်။ ခင်မောင်ညိုတို့နှင့် အိမ်ချင်းကပ်လျက်တွင် ရှေ့နေ ဦးအောင်ထွန်းမိသားစု နေထိုင်သည်။ ဦးအောင်ထွန်းတွင် သမီးချောနှစ်ဦးရှိပြီး သမီးကြီးက လှပန်းနွယ်၊ သမီးငယ်က မြပန်းနွယ်ဖြစ်သည်။ အိမ်ချင်းကပ်နေသဖြင့် နှစ်အိမ်တစ်အိမ် ဝင်ထွက်သွားလာနေခဲ့ကြသည်။ ကျောင်းဆရာ၏ သားနှစ်ဦးကလည်း လူချောများဖြစ်ပြီး ရှေ့နေ၏ သမီးနှစ်ဦးမှာလည်း မိန်းမလှလေးများဖြစ်သည်။ အရွယ်ရောက်ပါက နှစ်စုံတွဲဖြစ်လာမည်ဟု ပတ်ဝန်းကျင်က ခန့်မှန်းထားကြသည်။

ပတ်ဝန်းကျင်မှ ထင်ကြေးပေးသည့်အတိုင်းပင် ခင်မောင်ကျော်တက္ကသိုလ်တက်သည်နှင့် လှပန်းနွယ်နှင့် ချစ်သူများ ဖြစ်ခဲ့ကြသည်။ လှပန်းနွယ်၏ မေတ္တာကို လွယ်လွယ်ကူကူ

နှင့် ရခဲ့သည်တော့ မဟုတ်ပါ။ လှပန်းနွယ်နှင့် မြပန်းနွယ်တို့မှာ သိုက်ဆက်များဖြစ်သည်ဟု တစ်ရွာလုံးက သိထားခဲ့ကြသည်။ သူတို့ ညီအစ်မနှစ်ဦးမှာ လူ့ပြည်တွင် အသက် ၂၀အထိသာ နေခွင့်ရမည်ဟု ယုံကြည်ထားကြသူများ ဖြစ်သည်။ လှပန်းနွယ်က ထိုကိစ္စအတွက် ခင်မောင်ကျော်၏ မေတ္တာကို လက်မခံခဲ့သော်လည်း ခင်မောင်ကျော်က ဘွဲ့ရလျှင် လက်ထပ်မည်ဟု အတင်းအကျပ်တောင်းဆိုခြင့် လက်ခံလိုက်ရခြင်းဖြစ်သည်။

ခင်မောင်ညို အရွယ်ရောက်လာသည့်အခါတွင်လည်း မြပန်းနွယ်ကို ချစ်ခွင့်ပန်ပြန်သည်။ မြပန်းနွယ်က ခင်မောင်ညိုအပေါ် သံယောဇဉ်ကြီးသော်လည်း အသက် ၂၀တွင် သိုက်နန်းသို့ ပြန်ရမည်ဖြစ်၍ ခင်မောင်ညို၏ မေတ္တာကို မတုံ့ပြန်ရဲခြင်းဖြစ်သည်။ ခင်မောင်ညိုမှာ ခေတ်လူငယ်ပီပီ အယုံအကြည်မရှိဘဲ မြပန်းနွယ်၏ မေတ္တာကို မရ.ရအောင် ကြိုးစားခဲ့သည်။

ရှေ့နေကြီး ဦးအောင်ထွန်းမှာ အချိန်အား ရပါက ဝါသနာပါသည့် တယောတစ်လက်နှင့် အပန်းဖြေခဲ့သည်။ ခင်မောင်ညိုက တယောထိုး ဝါသနာပါသဖြင့် ဦးအောင်ထွန်းထံ တယောပညာသင်ယူခဲ့သည်။ ခင်မောင်ညိုက တယောထို၊ မြပန်းနွယ်က သီချင်းဆိုရန် ဦးအောင်ထွန်းမှ စည်းဝါးကျနအောင် သင်ကြားပေးပါသည်။

နေ့စဉ်တွေ့နေရသဖြင့် ခင်မောင်ညိုနှင့် မြပန်းနွယ်တို့ ချစ်သူများ ဖြစ်ရန် နီးစပ်လာခဲ့ကြသည်။ နှလုံးသားချင်းဆက်နွယ်မိသဖြင့် ဂီတရေယာဉ်ကြောမှာ မျောရင်း အလွန်လိုက်ဖက်ညီသော အဆိုနှင့် အတီးဖြစ်လာခဲ့သည်။

မြို့နယ်တွင် အဆို၊ အသံးပြုပွဲ

www.burmeseclassic.com

www.burmeseclassic.com

တစ်ရပ်ပေါ်ပေါက်လာသည်။ ထိုပြဿနာကို ခင်မောင်ညို၏ တယောအတီးနှင့် မြပန်းနွယ်အဆိုတွဲလျက် ပြိုင်ပွဲဝင်ရန် ဦးအောင်ထွန်းက စီစဉ်ပေးသည်။ ခင်မောင်ညိုက ပြိုင်ပွဲမဝင်လိုပါ။ မြပန်းနွယ်က သူ့အဖေ၏ ဆန္ဒအရ ပြိုင်ပွဲဝင်ရန် စည်းရုံးလာသည်။ ခင်မောင်ညိုက တောင်းဆိုမှုတစ်ခုကို ဖွင့်ဆိုလာသည်။

"ဒီပြိုင်ပွဲမှာ ကိုယ်တို့နှစ်ယောက် ရွှေတံဆိပ်ရခဲ့ရင် မြပန်းနွယ်အဖြေပေးမှာလား။ အဖြေပေးမယ်ဆိုရင် ပြိုင်ပွဲကို ဝင်မယ်။ ရွှေတံဆိပ်ရအောင်လည်း ကြိုးစားမယ်"

"အစ်ကို့ကို အဖြေပေးဖို့က မခက်ခဲပါဘူး။ အစ်ကို့ကို ငြင်းပယ်စရာမှ မရှိတာ။ ဒါပေမယ့် အချိန်တန်တော့ သိုက်နန်းပြန်ရမှာပဲ။ နှစ်ဦးစလုံးအတွက် ပိုပြီးကြေကွဲစရာဖြစ်ရမှာပေါ့"

"အစ်ကိုက ရှေးဟောင်းအယူအဆတွေကို လက်မခံဘူး။ မြပန်းနွယ်အသက် ၂၀မှာ သိုက်နန်းပြန်ရမယ်ဆိုတာ လုံးဝ မယုံကြည်ဘူး။ အဲဒီတော့ အစ်ကိုပြောတာကို လက်ခံရင် ဒီပြိုင်ပွဲမှာ ရွှေတံဆိပ်ရစေရမယ်"

မြပန်းနွယ်ကလည်း နှုတ်မပြောနေရသော်လည်း ခင်မောင်ညို့ကို စွဲလမ်းပြီးဖြစ်ပါသည်။ ခင်မောင်ညိုပြောသည်ကို လက်ခံလိုက်သဖြင့် ပြိုင်ပွဲဝင်ဖြစ်ခဲ့ပါသည်။ ပြိုင်ပွဲတွင် ရွှေတံဆိပ်ရလိုက်သလို၊ မြပန်းနွယ်၏ မေတ္တာကိုလည်း ရလိုက်သည်။ အတီးရော အဆိုပါ ပထမရသဖြင့် ရွှေတံဆိပ်နှင့် ငွေသားများ အသီးသီးရလိုက်သည်။ ခင်မောင်ညိုက နှစ်ဦးအတွက် ရရှိသည့် ဆုကြေးငွေကို ပေါင်းပြီး ရွှေလက်စွပ်တစ်ကွင်းပြုလုပ်လိုက်သည်။ ထိုလက်စွပ်ကို မြပန်းနွယ်ကို ချစ်သက်လက်ဆောင်အဖြစ် ကိုယ်တိုင်ဝတ်ဆင်ပေးလိုက်သည်။

ချစ်သူဘဝသို့ ရောက်သောအခါ သိုက်နန်းသို့ ပြန်ရန်ကိစ္စ၊ အသက် ၂၀ ကိစ္စကို မေ့ထားလိုက်ကြသည်။ အဆိုအတီးနှင့် ပျော်အောင် ဖန်တီးနိုင်ခဲ့ကြသည်။ သီချင်းကြီးတစ်ပုဒ်ပြီး တစ်ပုဒ် သင်ကြားရင်း စိုးရိမ်စရာများကို မေ့အောင် ကြိုးစားခဲ့ကြသည်။

◈◈◈

ပျော်ရွှင်စရာဘဝများကို ဖန်တီးနေစဉ် ရင်ထိတ် တုန်လှုပ်စရာအဖြစ်က ရုတ်တရက် ပေါ်လာသည်။

ခင်မောင်ကျော်က သူတွဲရသည်နှင့် လှပန်းနွယ်ကို လက်ထပ်ရန် စီစဉ်သည်။ လှပန်းနွယ်က အသက် ၂၀ ပြည့်ရန် ရက်ပိုင်းသာ လိုတော့သဖြင့် အချိန်ဆွဲထားခဲ့သည်။ လှပန်းနွယ် အသက် ၂၀ပြည့်သည့်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ ခင်မောင်ကျော်မှာ ရူးမတတ် ခံစားခဲ့ရပါသည်။ ခင်မောင်ကျော်၏ အပူမီးသည် ခင်မောင်ညိုနှင့် မြပန်းနွယ်တို့ဆီသို့ ကူးစက်လာပါတော့သည်။ ခင်မောင်ကျော်မှာ လှပန်းနွယ်ကို မေ့ပျောက်အောင် ကြိုးစားရန် ဂျပန်နိုင်ငံသို့ အလုပ်လုပ်ရန် ထွက်ခွာသွားပါတော့သည်။ ခင်မောင်ညိုမှာ စိတ်ခိုင်သူဖြစ်၍ စိတ်ကို တည်ငြိမ်အောင် ကြိုးစားရင်း မြပန်းနွယ်ကို အားပေးခဲ့သည်။

"မြပန်းနွယ် ဘာမှစိုးရိမ်မနေနဲ့၊ လှပန်းနွယ်ဖြစ်တိုင်း မြပန်းနွယ် မဖြစ်နိုင်ပါဘူး။ လူတစ်ဦးစီမှာ ကံက ပါလာပြီးသားပါ။ လှပန်းနွယ်က သူ ကွယ်လွန်ရမယ့် အချိန်၊ နေရက်မှာ ရောင်လွှဲမရဖြစ်ရတာပါ။ မြပန်းနွယ်က ကံတစ်မျိုးပါ။ မတူနိုင်ပါဘူး"

မြပန်းနွယ်ကလည်း စိတ်ဓာတ်ခိုင်မာပါသည်။ ခင်မောင်ညိုကို ပြန်လည် အားပေးပါသည်။

"အစ်ကိုက မြပန်းနွယ်အပေါ် ဒီလောက် ဂရုစိုက်ပြီး ဒီလောက်ချစ်မှန်း သိလိုက်ရလို့ ဘာမှ အားမငယ်တော့ပါဘူး။ အစ်ကိုနဲ့ ပေါင်းရမှာ သေချာပါတယ်။ အသက် ၂၀ကို ရဲရဲကျော်ဖြတ်ပြပါ့မယ်။ အစ်ကိုသာ အနားမှာ ရှိနေရင် ဘာမှမကြောက်ပါဘူး"

"အစ်ကိုလည်း ညီမအနားမှာ အမြဲရှိနေချင်ပါတယ်။ အထူးသဖြင့် ညီမအသက် ၂၀ ပြည့်တဲ့အချိန်ကို အနားမှာ ရှိနေရအောင် ယာယီတော့ ညီမနဲ့ ခွဲခွာရဦးမယ်"

"ဘာဖြစ်လို့ ယာယီခွဲရမှာလဲ အစ်ကိုရယ်၊ အစ်ကို ဘယ်မှမသွားပါနဲ့"

"အစ်ကို အားလုံးစီစဉ်ပြီးနေပါပြီ။ အစ်ကို့ရဲ့ အစ်ကိုကြီးက အခု ကျပန်မှာ အခြေကျနေပါပြီ။ အစ်ကို သူ့ဆီကို သွားမယ်။ ညီမက အခုမှ ၁၈ နှစ်ဆိုတော့ အသက် ၂၀နီးတဲ့အချိန် အစ်ကို အရောက်ပြန်လာပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို့ကို မခွဲနိုင်ဘူး အစ်ကို ရယ်"

"အစ်ကိုကလည်း ဘယ်ခွဲချင်ပါ့မလဲ။ အခုအချိန်သွားမှ နောင်ရေးအတွက် အဆင်ပြေမှာ။ အစ်ကို့အိမ်ကလည်း တက္ကသိုလ်ဆက်တက်ဖို့ တိုက်တွန်းနေကြတယ်။ ဘွဲ့ရဖို့က ဘယ်အချိန်ယူယူ ရတာပဲ။ ဂျပန်မှာ အစ်ကိုရှိနေတုန်း အချိန်မီ သွားရမယ်။ ဘာမှမပူပါနဲ့၊ အစ်ကိုတို့ အောင်မြင်မှာပါ။ အစ်ကိုပြန်ရောက်ရင် ညီမက အသက် ၂၀ကျော်ပြီပို့ အစ်ကိုတို့လက်ထပ်ကြတာပေါ့နော်"

◈◈◈

ခင်မောင်ညီသည် မြပန်းနွယ်ကို နှစ်သိမ့်ပြီး ဂျပန်ပြည်သို့ ထွက်ခဲ့သည်။ ဂျပန်သို့ အရင်ရောက်နေသော ခင်မောင်ကျော်မှာ သူ၏ နေရာတွင် ခင်မောင်ညီကို အစားထိုးပြီး မြန်မာပြည်သို့ ပြန်ခွင့်ရသည်။ ဂျပန်မှ မြန်မာပြည်တွင် ဖွင့်လှစ်ထားသော ကုမ္ပဏီတွင် တာဝန်ယူရမည်ဖြစ်သည်။ နောက် ၂နှစ်ကြာပါက ခင်မောင်ညီကလည်း မြန်မာပြည်သို့ ပြန်ခွင့်ရမည်ဖြစ်ပါသည်။

ခင်မောင်ကျော်သည် အမိမြန်မာပြည်သို့ ပြန်လည်ရောက်သည်နှင့် ဒေဘဂီရှိ မိဘနှစ်ပါးကို ရန်ကုန်သို့ ခေါ်လိုက်ပြီး မိသားစုအတူနေထိုင်ခဲ့သည်။ ဂျပန်ရှိ ညီလေး ခင်မောင်ညီထံသို့လည်း အားပေးသည့်စာများ ပို့ခဲ့သည်။ ခင်မောင်ညီ ဂျပန်မှ တာဝန်ပြီး ဆုံး၍ အမိမြေသို့ ပြန်လည်ရောက်ရှိပါက အလုပ်တာဝန်ယူရမည့် ဌာနကလည်း အသင့်ရှိနေပါသည်။

ခင်မောင်ညီသည် တာဝန်များကို ကြိုးစားဆောင်ရွက်ပါသော်လည်း တာဝန်ပြီးခါနီးမှ အခက်အခဲတစ်ခုကြုံရသည်။ သူ၏ အထက်အရာရှိက

စင်ကာပူတွင် ရုံးခန်းသွားရောက်ဖွင့်နေသဖြင့် ထိုပုဂ္ဂိုလ်ရောက်မှ မြန်မာပြည်သို့ ပြန်ရတော့မည်ဖြစ်သည်။ မြပန်းနွယ် အသက် ၂၀ပြည့်ရက်အမီ ပြန်ရန် ကြိုးစားသော်လည်း မဖြစ်နိုင်တော့သဖြင့် အားလျော့ရသည်။ သို့သော် မြပန်းနွယ်ကလည်း သူ ကျန်းမာရေး ကောင်းကြောင်း၊ တာဝန်ပြီးမှ အေးအေးဆေးဆေးပြန်လာရန် စာအတန်တန် ရေးသဖြင့် ကျေနပ်နေရသည်။ သို့သော် ကံတရားက သူတို့ဘက်တွင် မရှိပါ။ အသက် ၂၀ ပြည့်သည့်နေ့တွင် မြပန်းနွယ်သည် လုပန်းနွယ်၏ နောက်သို့ လိုက်သွားခဲ့ရပါသည်။

မြပန်းနွယ် မရှိတော့ဟု သိလိုက်ရသည်နှင့် မြန်မာပြည်သို့ ပြန်ချင်စိတ် မရှိတော့ပါ။ ဂျပန်တွင် ဆက်လက်နေရန် စီစဉ်ပါသော်လည်း တာဝန်အရ အမိမြေသို့ မပြန်မဖြစ် ဖြစ်ရချေတော့မည်။ မိဘနှစ်ပါးနှင့် အစ်ကိုကြီးကလည်း ခင်မောင်ညီကို စိတ်မချ၍ အမြန်ပြန်လာရန် ခေါ်နေသဖြင့် ပြန်ရန် စီစဉ်ရတော့သည်။ မြန်မာပြည်သို့ ပြန်မည့်ညတွင် ထူးဆန်းသော အိပ်မက်ကို မြင်မက်ခဲ့သည်။ အိပ်မက်တွင် မြပန်းနွယ်ကို တွေ့လိုက်ရသည်။

"အစ်ကို... အမိမြေကို ပြန်ရောက်ရင် ဝေဘဂီကို လာခဲ့ပါ။ ဘကြီး သာလှဆီမှာ အစ်ကို့အတွက် ပစ္စည်းတစ်ခုထားခဲ့ပါတယ်"

မြပန်းနွယ်က ထိုမျှသာ ပြောပြီး ပျောက်ကွယ်သွားပါသည်။ နောက်ညများတွင် မြပန်းနွယ်ကို တွေ့ရန် မျှော်လင့်ခဲ့သော်လည်း နောက်ထပ် မတွေ့ရတော့ပါ။ ရန်ကုန်သို့ ရောက်သည်နှင့် မိသားစု စုံစုံလင်လင်နေခွင့်ရသော်လည်း ဝေဘဂီသို့ တစ်ခေါက်သွားခွင့်ရရန်သာ မျှော်လင့်နေခဲ့သည်။

◈◈◈

တစ်နေ့ ရန်ကုန်နှင့် ဝေဘဂီ ဆန်သယ်ယူနေသော "ရောဆွေ"မော်တော်ပိုင်ရှင်နှင့် တွေ့သည်။ ငယ်သူငယ်ချင်းဖြစ်၍ ဝေဘဂီသို့ ဆန်သွားသယ်မည်။ နှစ်ရက်သာ ကြာမည်ဖြစ်၍ လိုက်ခဲ့ပါရန် ခေါ်သဖြင့် လိုက်ခဲ့သည်။

ရောဆွေသည် ညနေတွင် ရန်ကုန်ဆိပ်ကမ်းက ထွက်ပြီး နောက်နေ့နံနက် ဝေဘဂီသို့ ရောက်မည်ဖြစ်သည်။ မော်တော်က တစ်ညလုံး သွားနေခဲ့ရာ ပြင်ပလောကတွင် အမှောင်ဖုံးနေ၍ ဘာမျှမမြင်နိုင်ပါ။ ဝေဘဂီမရောက်မီ ရွှေဘုံသာဘုရားကို တွေ့ရမည်ဖြစ်သော်လည်း အိပ်မောကျနေသဖြင့် မသိလိုက်ပါ။ မြစ်ဝကျွန်းပေါ်တွင် နာမည်ကြီး "ရွှေချိုးပြု၊ မူလခဲသိုက်၊ ရွှေလောင်းသိုက်၊ ရွှေဘုံသာဘုရားသိုက်"ဟု ထင်ရှားသော သိုက်များစွာရှိကြောင်း ကြားဖူးထားပါသည်။ ဝေဘဂီရွာကြီးသို့ မော်တော်ဆိုက်မှ နိုးလာသည်။ အိပ်ရာက နိုးသော်လည်း မိုးမလင်းသေးဘဲ အပြင်လောကတွင် မှောင်အတိရှိနေသေးသဖြင့် ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com

အိပ်နေခဲ့သည်။ မိုးစင်စင်လင်းမှ မျက်နှာသစ်ပြီး မော်တော်ကား ကျွေးသည့် နံနက်စာကို စားပြီးမှ ကုန်းပေါ်သို့ တက်ခဲ့ပါသည်။

မိမိ ဝေဘာဂီကို ကျောခိုင်းခဲ့သည်မှာ ၄နှစ်ကျော်ခဲ့ပြီ ဖြစ်သည်။ ထိုကာလများတွင် တိုးတက်ပြောင်းလဲမှုများကို တွေ့ရပါသည်။ ဝေဘာဂီသည် မြို့ကြီးတစ်မြို့လောက် စည်ကားနေပါသည်။ မြို့တစ်ပတ်လှည့်လည် ကြည့်ရှုပြီးမှ ဘကြီး သာလှတို့အိမ်သို့ ဝင်လိုက်သည်။

"ခင်မောင်ညို... မင်းလာရင် ပေးဖို့ ရှိတယ်ကွ"

ဟု ဘကြီး သာလှက ခင်မောင်ညို့ကို မြင်သည်နှင့် နှုတ်ဆက်ရင်း ပြောလိုက်သည်။

"ဘာများပါလိမ့် ဘကြီး"

"ထူးတော့ ထူးတယ်ကွ။ မြပန်းနွယ်ပေါ့။ သူ မသေခင် တစ်ပတ်တိတိ အလိုမှာ ပစ္စည်းတစ်ခုလာပေးတယ်။ မင်းအတွက် ပေးပေးပါလို့ ပြောလို့ ငါ လက်ခံလိုက်တယ်။ သူသေမယ်ဆိုတာ ကြိုတင်သိနေတာ မထူးဆန်းဘူးလား"

"ဟုတ်တယ် ဘကြီး။ သူ အသက် ၂၀ ပြည့်တဲ့နေ့ ကွယ်လွန်မယ်ဆိုတာ သူ ကြိုတင်သိပါတယ်။ ကျွန်တော်က မယုံကြည်ခဲ့တာပါ။ ကျွန်တော်သာ သူ့ပြောတာကို လက်ခံလိုက်ရင် ဂျပန်ကို သွားဖြစ်မှာမဟုတ်ဘူး"

"မင်း ဝေဘာဂီမှာ ဘယ်လောက် ကြာကြာနေဦးမှာလဲ"

"ကြာကြာမနေနိုင်ဘူး ဘကြီး။ မနက်ဖြန်ည ရောဆွေ မော်တော်နဲ့ ပြန်လိုက်ရမယ်။ မြပန်းနွယ်ရဲ့ အိမ်ကိုတော့ သွားပြီး နှုတ်ဆက်ချင်သေးတယ်။ သူ့မိဘတွေ ဘယ်မှာနေသလဲ"

"သမီးနှစ်ယောက်လုံး ဆုံးပါးသွားတော့ အထက်အညာကို ပြောင်းသွားကြတယ်။ ဘာသတင်းမှလည်း မရတော့ဘူး"

ဘကြီး သာလှသည် အခန်းထဲသို့ ဝင်သွားပြီး ယွန်းသေတ္တာငယ်တစ်ခုကို ယူလာပြီး ခင်မောင်ညို့ကို ပေးပါသည်။ ခင်မောင်ညိုသည် ချက်ချင်းပင် ယွန်းသေတ္တာကို ဖွင့်လိုက်ရာ စာတစ်စောင်နှင့် လက်စွပ်တစ်ကွင်းကို တွေ့လိုက်ရသည်။ လက်စွပ်မှာ ဂီတာပြိုင်ပွဲတွင် ဆုရစဉ်က သူလုပ်ပေးထားသော လက်စွပ်ဖြစ်ပြီး စာကို ချက်ချင်း ဖောက်၍ ဖတ်လိုက်သည်။

"အစ်ကို့ကို နောက်ဆုံး နှုတ်မဆက်ခဲ့ရတာ တစ်ခုပါပဲ။ ဖြစ်လာမယ့် ကိစ္စတွေက ကြိုတင်သိပြီးသားတွေမို့ မတုန်လှုပ်ပါဘူး။ မြပန်းနွယ်ကို တစ်ခါလောက် လာပြီး နှုတ်ဆက်ပါ အစ်ကို့။ စကားမပြောရသည့်တိုင် အစ်ကို့ကို နောက်ဆုံး မြင်ခွင့်ရရင် ကျေနပ်ပါပြီ"

မြပန်းနွယ်

မြပန်းနွယ်အတွက် စိတ်မကောင်းဖြစ်ရသည်။ လက်စွပ်ကို

ရွှေဂုဏ်သာဘုရားတွင် လှူပြီး မြပန်းနွယ်အတွက် ကောင်းမှုတစ်ခုလုပ်ပေးချင်ပါသည်။ ဝေဘာဂီကို ရောက်ရုံသာ လာခဲ့ရသဖြင့် ဘာမျှ အစီအစဉ် မရှိပါ။ နောက်တစ်ခေါက်ပြန်လာပြီး ကောင်းမှုပြုကာ မြပန်းနွယ်ကို အမျှဝေရန် ဆုံးဖြတ်လိုက်သည်။ ယခုတစ်ခေါက် မလာနိုင်သေးသည်ကို ခွင့်လွှတ်ပါ မြပန်းနွယ်ဟု ရင်ထဲက ပြောလိုက်မိပါသည်။

◈◈◈

ညနေတွင် မော်တော်က ရန်ကုန်သို့ ပြန်ရန်ဖြစ်သော်လည်း ရေအလှည့် မသင့်သဖြင့် ရေစောင့်ရင်း ည ၁၀နာရီမှ မော်တော်ထွက်နိုင်ခဲ့သည်။ ၁၀နာရီကျော်သဖြင့် ပြင်ပ ပတ်ဝန်းကျင်ကို ကြည့်၍ မရတော့သဖြင့် အိပ်ရာထဲ ဝင်လိုက်သည်။

မော်တော်စက်သံ၊ ရေလိုင်းရိုက်သံက စည်းချက်ကျပြီး မော်တော်လူးပုံက ပုခက်လွှဲပေးသလို တငြိမ့်ငြိမ့်ရှိသဖြင့် ခဏအတွင်း အိပ်ပျော်သွားပါသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ရုတ်တရက် မော်တော်စက်ရပ်သဖြင့် နိုးသွားပါသည်။ မော်တော်ရပ်လိုက်သဖြင့် အိပ်၍မရ၊ ခြင်က ကိုက်၊ လေက မတိုက်သဖြင့် အိပ်ရာမှ ထလိုက်သည်။ စက်ဆရာများ ဟိုပြေးသည်လွှားဖြင့် စက်ပြင်နေကြသံကို ကြားနေရသည်။ ပြန်အိပ်၍ မရသဖြင့် ထပြီး စက်ပြင်နေသည်များကို သွားရောက် ကြည့်မိပါသည်။

"မော်တော်စက်ရပ်သွားတယ်။ ဘာဖြစ်တယ်ဆိုတာ တစ်ခုခုချင်း စစ်ဆေးတာ စက်မှာ ဘာချို့ယွင်းချက်မှ မတွေ့ရဘူး။ တစ်ခုခုပျက်တာဆိုရင် ပြင်ရတာ မခက်ပါဘူး။ ခုတော့ ဘာအပြစ်မှမရှိဘဲ စက်ခိုးမရတာ။ မနေ့က

www.burmeseclassic.com

www.burmeseclassic.com

ဖြန် ရန်ကုန်ရောက်ဖို့ အရေးကြီးတယ်"

ညဘက်ခရီးဖြစ်၍ ဝေဘာဂီက လည်း နောက်မှာ ကျန်ခဲ့ပြီ။ ရှေ့ဆိပ်ကမ်းရောက်ဖို့ကလည်း ဝေးသေးသဖြင့် အားလုံး မကြံတတ်အောင် လက်မှိုင်ချ နေကြရသည်။

"ပိုးလင်းမှပဲ ပတ်ဝန်းကျင်က အကူအညီရှာရတော့မယ် ထင်တယ်"

အားလုံး စိတ်ပျက်နေစဉ် ခင်မောင်ညီသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ မီးရောင်လဲ့လဲ့ကို တွေ့မြင်လိုက်ရသည်။

"ဟို မြင်ရတဲ့ မီးရောင်က ဘယ်ကလဲဟင်"

"အဲဒါ ရွှေဘုံသာဘုရားလေ"

ခင်မောင်ညီ့အမေးကို စက်ပြင်တစ်ယောက်က ဖြေလိုက်သည်။

ရွှေဘုံသာဘုရားဆိုမှ သတိရသည်။ ရွှေဘုံသာဘုရား၊ ရွှေဘုံသာသိုက်နန်း။ မြပန်းနွယ်သည် ရွှေဘုံသာသိုက်နန်းတွင် ရှိသည်။ မြပန်းနွယ်က သူ့ကို နှုတ်ဆက်ချင်နေသည်။ အချိန်မရ၍ မသွားနိုင်ခဲ့သော်လည်း ယခုကြုံကြိုက်နေစဉ် သွားရောက်နှုတ်ဆက်ရလျှင် ကောင်းမည်ဟု တွေးလိုက်သည်။

ဟုတ်ပြီ၊ မြပန်းနွယ်က မိမိကို နှုတ်ဆက်ချင်ရှိများ ဖြစ်နေမလားဟု စဉ်းစားမိသည်။ ခင်မောင်ညီသည် အားလုံးကို အသိပေးပြီး မော်တော်ပေါ်မှ ဆင်းလိုက်သည်။ မီးရောင်မြင်ရသည့် ဘုရားဆီသို့ လမ်းလျှောက်၍ သွားခဲ့သည်။

မကြာမီ ဘုရားခြေတော်ရင်းသို့ ရောက်ခဲ့သည်။ အုတ်လှေကားအတိုင်း ဘုရားမီးရောင်ကို အားကိုး၍ ဘုရားကုန်တော်ပေါ်သို့ တက်ခဲ့သည်။ တောင်ကုန်းမှာ ၁၅ပေခန့်သာ မြင့်သဖြင့် ဘုရားသို့ ခဏအတွင်းရောက်ခဲ့သည်။ ဘုရားရှေ့တွင် ထိုင်ပြီး ဘုရားရှိခိုးလိုက်သည်။ ဘုရားရှိခိုးပြီး ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရာတွင် သက်ရှိသတ္တဝါဟူ၍ လုံးဝ မမြင်ရပါ။

တစ်နေရာရာတွင် မြပန်းနွယ်က သူ့ကို ကြည့်နေလိမ့်မည်ဟု တွေးလိုက်မိသည်နှင့် ကြက်သီးများ တဖြန်းဖြန်းထလာပါသည်။ မြပန်းနွယ်ကို ရည်စူးပြီး အမျှဝေလိုက်ပါသည်။

"မြပန်းနွယ်ရေ... အစ်ကိုပြုခဲ့သမျှ ကုသိုလ်ကောင်းမှုများအတွက် မြပန်းနွယ်ကို ရည်စူးပြီး အမျှပေးဝေပါတယ်။ သာဓုခေါ်လိုက်ပါ မြပန်းနွယ်။ အမျှ...အမျှ...အမျှ ယူတော်မူပါ"

မြပန်းနွယ်ကို အမျှပေးဝေလိုက်ရ၍ ကျေနပ်နေပါသည်။ ဘုရားပေါ်က ပြန်မဆင်းခင် မြပန်းနွယ်ကို နှုတ်ဆက်လိုက်ပါသည်။

"မြပန်းနွယ်... မင်းကို အမျှပေးဝေလိုက်ရလို့ ဝမ်းသာပါတယ်။ အခု အစ်ကို ရန်ကုန်ကို ပြန်မယ်။ မကြာခင် ဒီဘုရားမှာ အလှူတစ်ခုလာလုပ်မှာပါ။ အဲဒီအခါမှ ပြည့်ပြည့်စုံစုံ အလှူပေးမှာဖြစ်လို့ သာဓုခေါ်နိုင်အောင် ကြိုးစားပါ။ မင်းက နှုတ်ဆက်ချင်တယ်ဆိုလို့ အစ်ကို လာပြီးနှုတ်ဆက်တာပါ။ မြပန်းနွယ် ကျေနပ်ပါတော့နော်"

ခင်မောင်ညီ့ တောင်ပေါ်ဆီသို့ မုန်းဆကာ လက်ပြ နှုတ်ဆက်ပြီး မော်တော်ရှိရာသို့ ပြန်ခဲ့ပါသည်။ မော်တော်ပေါ်သို့ ရောက်သည်နှင့် စက်ဆရာ၏ ဆီးကြိုပြောလိုက်သော စကားကြောင့် သူ အထူးအဲ့သြနေမိပါသည်။

"ကိုခင်မောင်ညီရေ... ခင်ဗျားက ရွှေဘုံသာဘုရားမှာ ဆုများ တောင်းခဲ့သလား မသိဘူး။ အခု ဘာမှမပြင်ရဘဲ မော်တော်စက် ပြန်ကောင်းသွားပြီ။ အခု ထွက်ခွာလို့ ရပြီ။ ခင်ဗျားကို စောင့်နေတာ။ ရန်ကုန်ကို ပိုးလင်းရောက်အောင် မောင်းတော့မယ်"

ခင်မောင်ညီက နှုတ်က ပြန်မပြောနိုင်သော်လည်း စိတ်ထဲက သိနေပါသည်။ မြပန်းနွယ်က သူ့ကို နှုတ်ဆက်စေချင်၍ မော်တော်ကို တားဆီးလိုက်ခြင်းဖြစ်ပေမည်။ ချစ်သူကို မြင်လိုက်ရပြီး ချစ်သူဟောင်း၏ နှုတ်ဆက်ခြင်းကို ခံယူလိုက်ရပြီဖြစ်၍ မော်တော်ကို သွားခွင့်ပြုလိုက်ခြင်းဖြစ်ပေမည်။

"ဩော်...မြပန်းနွယ်ရယ်၊ ဘဝချင်း ခြားနေသည့်တိုင် သံယောဇဉ်မပြတ်နိုင်သေးကြောင်း သိလိုက်ရပါတယ်။ မြပန်းနွယ် ရွှေဘုံသာဘုရားမှာ ရှိနေတာကို အစ်ကို သိလိုက်ရပါပြီ။ သည်နယ်မြေကို ရောက်တိုင်း မြပန်းနွယ်ကို နှုတ်ဆက်ပါ့မယ်။ အစ်ကို ကုသိုလ်ပြုတိုင်းလည်း မြပန်းနွယ်ကို အမျှပေးပါ့မယ်။

အစ်ကိုတို့နှစ်ဦးရဲ့ အမှတ်တရ ပစ္စည်းဖြစ်တဲ့ ရွှေလက်စွပ်လေးကို ရောင်းချပြီး ရွှေဘုံသာဘုရားမှာ အလှူလုပ်ပါ့မယ်။ မကြာမီ ပြန်လာခဲ့မှာ ဖြစ်၍ သာဓုခေါ်ရန်သာ စောင့်နေပါတော့ မြပန်းနွယ်ရေ..."

ဘုရားမီးရောင်ကို မုန်းဆပြီး မြပန်းနွယ်ရှိရာသို့ ကြည့်လျက် နှုတ်က ပြောလိုက်မိပါသည်။ ရောဆွေမော်တော်ကြီးကလည်း ရန်ကုန်ဆီသို့ ဦးတည်လျက် ရှိပါတော့သည် ■

* * *

ဧကာဇ်းခေသင်

www.burmeseclassic.com

၂၀၁၄ ဖေဖော်ဝါရီလအတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ခေတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မုန်တိုင်း ထဲတဲ့အခါ သံလိုက်အိမ်မြောင်က တောင်-မြောက် လှမ်းညွှန်ပြသလို၊ မိမိရဲ့ ဘဝကံအတွက် အထောက်အကူပြုပါလိမ့်မယ်။

"အကြောင်းတရားကို ဦးစွာ ပြုလုပ်သူအား၊ ထိုအကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးရလဒ်ကို မလွဲမသွေ လက်ခံရရှိလေ၏။ အကြောင်းရှိနေသမျှ အကျိုးရှိနေ၏။ အကျိုးမခံစားလိုပါက အကြောင်းကို မပြုရ။ အကြောင်းတရား တို့က ရှေးက အရင်ဖြစ်နှင့်၍၊ အကျိုးတရားတို့က နောက်မှ လိုက်၍ ဖြစ်ခြင်းသဘော၊ သဘာဝ နိယာမအနေဖြင့် ထင်ရှားလှ၏။"

(ပဋ္ဌာန်းတရားတော်)

၂၀၁၄၊ ဖေဖော်ဝါရီလ စန်းပွင့်ရက်များ

၁၊ ၂၊ ၁၀၊ ၁၁၊ ၁၉၊ ၂၀၊ ၂၁၊ ၂၈ ရက်များ	အနောက်အရပ် စန်းပွင့်သည်။
၃၊ ၄၊ ၁၂၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃ ရက်များ	မြောက်အရပ် စန်းပွင့်သည်။
၅၊ ၆၊ ၁၅၊ ၁၆၊ ၂၄၊ ၂၅ ရက်များ	အရှေ့အရပ် စန်းပွင့်သည်။
၇၊ ၈၊ ၉၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ	တောင်အရပ် စန်းပွင့်သည်။

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်းဖြစ်ပါတယ်။ ဉာဏ်ရှိသလို အသုံးပြုနိုင်ပါတယ်။ အရေးကြီးကိစ္စများ ရှိပါက ရက်အလိုက် ဆိုင်ရာ စန်းပွင့်ရပ်ဘက်ကို မျက်နှာမူပြီး အကြံအစည်ပြုနိုင်ပါတယ်။ ရှေ့လများတွင် အသုံးအခွဲပြုပုံကို ဖော်ပြခဲ့ပြီးဖြစ်ရာ ရှာဖွေကြည့်ရှုနိုင်ပါတယ်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်ပါတယ်။ ပြိဿ၊ ကန်၊ မကာရတွင် ရှိပါက တောင်အရပ် စန်းပွင့်ပါတယ်။ မေထုန်၊ တူ၊ ကုမ္ဘာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်ပါတယ်။ ကရကဋ်၊ မြီးစွာ၊ မိန်တွင် ရှိပါက မြောက်အရပ် စန်းပွင့်ပါတယ်။ စန်းပွင့်အရပ်များကို မျက်နှာမူပြီး ဉာဏ်ရှိသလို ကြံဆောင်နိုင်ပါတယ်။

ထီကံ



ဤဇာတာသည် သူဌေးလောင်းရွေးမယ့် ထီဖွင့်ရက် ကောဇာ ဇာတာဖြစ်ပါတယ်။ (၃၊ ၀၊ ၁၊ ၀) ဂဏန်းများ များများပါအောင် ရွေးထိုးပါ။ အဓိဋ္ဌာန် အာရုံပြု ဂဏန်းကတော့ (၅ ၊ ၉)ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရတနာအဆောင်

ဤလတွင် ဖေဖော်ဝါရီလ ၁၈-ရက်နေ့ထိအတွင်း နီလာကို အဆောင်ပြုပါ။ ၁၉ရက်မှ လကုန်အတွင်း ပတ္တမြား (သို့မဟုတ်) ကျောက်နီကို ဆောင်ပါ။ ဘေးရန်ကင်းကွာ စိတ်ချမ်းသာပါမယ်။

ငွေကြေးကံ ပွင့်လန်းရန်

တနလ်္ဂာနေ့ နံနက်စောစောတွင် နေအိမ်ဘုရား၌ လက်ဖက်ဆွမ်း ကပ်လှူ၍ လိုရာဆုတောင်းပါ။ ၎င်းနေ့ ညနေတွင် ကလေးငယ်များအား လက်ဖက်ရည်ချို တိုက်ပါ။ သို့မဟုတ်၊ အရပ်ထဲသို့ လက်ဖက်ရည် ၁၅ခွက် ဝေပါ။

ဒီဝါတပတိ ဂါထာတော်ကို တစ်နေ့လျှင် (၁၀၈)ခေါက် တစ်လလုံး ရွတ်ပွားပါ။

ဖြေဆေး ယတြာ

မိဘများအား လိုအပ်သော ပစ္စည်းပစ္စယများကို တတ်နိုင်သလောက် ဝယ်လှူပါ။ ဆေးဝါး ဒါနပြုပါ။ နေအိမ်အတွင်းရှိ အဝတ်ဟောင်းများ၊ ဖိနပ်အဟောင်းများ၊ ဖန်ခွောင်း မီးလုံးအကျွမ်းများ စွန့်ပစ်ပါ။ အင်္ဂါ စနေ၊ တနင်္ဂနွေနေ့များတွင် တလျော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပါ။ ခင်ပွန်းကြီး ဆယ်ပါးကို တောင်းပန်ပါ။

အလုပ်အကိုင် အခွင့်အလမ်း ပွင့်လန်းစေရန်

နေအိမ်ရှိ ဘုရားတွင် သပြေညွှန့်များ ဝေနေအောင် တစ်လလုံး ပူဇော်ပါ။ တစ်နေ့လျှင် သောက်တော်ရေ သုံးကြိမ်ထက် မနည်း ကပ်လှူပါ။ ရှင်သီဝလိ မထေရ်မြတ်ကို ပင့်လျှောက်ပြီး သကြားဆွမ်း ကပ်လှူပါ။

ဘုရားတစ်ဆူဆူ၏ မွေးနံ့ထောင့်တွင် မွေးနေ့မနက်၌ အညွှန့်ပန်းများ လှူ၍ ဆုတောင်းပါ။ ဂုဏ်တော်ကိုးပါးကို အမြဲရွတ်ပွားပါ။ အညွှန့်ပန်းမှာ -

* တနင်္ဂနွေသားသမီးများ - ကံ့ကော်ပန်း
* တနလ်္ဂာသားသမီးများ - စံပယ်ပန်း
* အင်္ဂါသားသမီးများ - ရွှက်လှုပန်း
* ဗုဒ္ဓဟူးသားသမီးများ - မေမြို့ပန်း
* ကြာသပတေးသားသမီးများ - သပြေပန်း
* သောကြာသားသမီးများ - နှင်းဆီပန်း
* စနေသားသမီးများ - အုန်းပန်း

အလှပြင်ဆိုင်များ၊ အုတ်-သဲ-ကျောက်-ထုံး ရောင်းဝယ်ရေးဆိုင်များ၊ ဆံပင်ညှပ်ဆိုင်များ၊ ကွန်ပျူတာ-မိတ္တူဆိုင်များ၊ စာစောင်-မဂ္ဂဇင်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များသည် ဂုဏ်သားသမီးများအား ထန်းလျက်ခဲ ကျွေးပေးပါ။ ထူးခြားစွာ ရောင်းအားတက်လာပါမည်။ စေတနာပါပါ ကျွေးသင့်ပါတယ်။

ပွဲစား၊ အကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများ တစ်လလုံး ခြေလေးချောင်းသား ရှောင်ပါက ကောင်းပါတယ်။ ဖြစ်နိုင်လျှင် တစ်လလုံး "သုဂတော" အဓိဋ္ဌာန်ဝင်သင့်ပါတယ်။

ကျောင်းသား-ကျောင်းသူများ အိပ်ရေးပျက် မခံပါနှင့်။ ဇယစင်္ကော ဂါထာကို လည်းကောင်း၊ သမ္မဒ္ဓေဂါထာကို လည်းကောင်း မနက်တိုင်း ဂုဏ်ရှိက်ရွတ်ပါ။ မနက်စောစော အိပ်ရာမှ ထလျှင် "ငါသည် စာမေးပွဲကို အမှတ်ကောင်းကောင်းဖြင့် အောင်မည်" ဟု ပါးစပ်မှ (၁၀)ကြိမ် အော်ပေးပါ။

အကြံပြု ယတြာ

ခုနစ်ရက်သားသမီးများအားလုံး သံဃာတော်များအား ရေသန့်လှူပါ။ အမိအဖများအား စားစရာပို့ပေးပါ။

* * *

ခေတ္တရာ ဆရာကျော်

www.burmeseclassic.com

www.burmeseclassic.com

လဆန်းရက်မှာ ခေါင်းလျှော်ပါ

ချစ်မမသက်

မြန်မာလတစ်လျှင် လဆန်းရက်ဆိုသည်ရှိ၏။ လဆုတ်ရက်လည်းရှိ၏။ ပိဓိတို့အဖို့ ဦးခေါင်းဆေးခြင်း၊ ခေါင်းလျှော်ခြင်းကိစ္စ၌ အလေးအနက်ထားကြ၏။ မင်္ဂလာယူဖွယ်ရာကိစ္စဟူ၍လည်း ခံယူထားကြ၏။ သို့ဖြစ်၍ မင်္ဂလာယူပြီး ခေါင်းလျှော်မည်ဆိုသောအခါ လဆုတ်ကာလထက် လဆန်းကာလကို သာ ရွေးချယ်ပြုလေ့ရှိ၏။

ဤ၌ ရှေးပြန်မာပညာရှိကြီးများက လဆန်းရက်၌ ခေါင်းလျှော်သင့်ကြောင်း ခေါင်းဆေး၊ ခေါင်းလျှော်ရမည့်ရက်များကို ရွေးချယ်ပေးလျက်ရှိလာမည့် အကျိုးတရားကို ဆိုမိန့်ထားရာ စာရှုသူတို့ အကျိုးအတွက် လေ့လာထားသမျှ တင်ပြလိုက်သည်။

၁။ တန်ခူးလဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် ဗျားနာပျောက်ကင်း၏။ ဘေးရန်စွယ်များ ကင်းပသည့်အကျိုး ခံစားရတတ်၏။

၂။ ကဆုန်လဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် နတ်ကောင်းနတ်မြတ်တို့၏ မစခြင်းအကျိုးကို ခံစားရတတ်၏။

၃။ ဝါဆိုလဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် ဆွမ်းသာကြီးပွားသည့်အကျိုးကို ခံစားရတတ်၏။

၄။ ဝါဆိုလဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် စီးပွားဥစ္စာများ တိုးတက်မည့်အကျိုးကို ခံစားရတတ်၏။

၅။ ဝါခေါင်လဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် နတ်ကောင်းတို့၏ မစခြင်းအကျိုးကို ခံစားရတတ်၏။

၆။ တော်သလင်း လဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် သက်ရှည်ကျန်းမာမည့်အကျိုးကို ခံစားရတတ်၏။

၇။ သီတင်းကျွတ်လဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် ဘေးရန်များ ကင်းပသည့်အကျိုးကို ခံစားရတတ်၏။

၈။ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် အသက်ရှည်မည့် အကျိုးကို ခံစားရတတ်၏။

၉။ နတ်တော်လဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် ဥစ္စာပစ္စည်းများ တိုးပွားမည့်အကျိုးကို ခံစားရတတ်၏။

၁၀။ ပြာသိုလဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် ဘုန်းတန်ခိုးကြီးမားမည့်အကျိုးကို ခံစားရတတ်၏

၁၁။ တပို့တွဲလဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် ချမ်းသာသုခနှင့် ပြည့်စုံမည့်အကျိုးကိုခံစားရတတ်၏။

၁၂။ တပေါင်းလဆန်း ၁ ရက်နေ့၌ ခေါင်းလျှော်လျှင် အသက်ရှည်မည့်အကျိုးကို ခံစားရတတ်၏

သို့ဖြစ်၍ "မသိသူကျော်သွား..... သိသူဖော်စား" ဆိုသည့် စကားရပ်အတိုင်း လောကီလူသားများ အကျိုးရှိစေရန် တင်ပြလိုက်ရပါတော့၏။

* * *

ချစ်မမသက်

www.burmeseclassic.com

www.burmeseclassic.com

စိုးမာန်ရဲ့ကောက်ခဲ့သောဂျ

ဇာဂီ

(ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုးနှင့် ကိုရဲတို့က တစ်ပြိုင်တည်း တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း အတူနေထိုင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်ကြသည်။ ငယ်စဉ်ကပင် မြို့ကျောင်း၌ အတူတူ ပညာသင်ယူခဲ့ကြသူများ ဖြစ်လေသည်။ နှစ်ယောက်စလုံး စာကြိုးစားခဲ့ကြ၍ တစ်နှစ်တစ်တန်း ပုံမှန်ပင် အောင်မြင်ကြသည်။ နေ့စဉ်ပင် ကျောင်းတက်အတူတူ၊ ကျောင်းပြန်အတူတူနှင့် လွန်စွာချစ်ခင်ကြလေသည်။

"ကိုရဲရေ . . . ငါတို့မိဘတွေက ငါတို့ကို ပညာတတ်ကြီးတွေ ဖြစ်လာအောင် ကျောင်းထားပေးကြတာနော်။ ဒါကြောင့် ငါတို့ကလည်း မိဘတွေရဲ့ အလိုဆန္ဒအတိုင်း ဖြစ်လာကြရအောင် စာကြိုးစားသင်ယူကြရမယ်ကွ"

"မှန်တာပေါ့ ကျော်မိုးရာ။ ငါတို့ ပညာတတ်တွေ ဖြစ်လာကြမှ ကြီးပြင်းလာရင် ဘဝကို သက်သောင့်သက်သာစွာနဲ့ လုပ်ကိုင်ရှာဖွေနိုင်လာကြမှာလေကွာ။ ပြီးတော့ ငါတို့မိဘတွေကိုလည်း ပြန်လုပ်ကျွေးပြီး မိဘကျေးဇူးဆပ်ကြရမယ်မဟုတ်လားကွ"

"ဟုတ်တယ်နော်။ တို့မိဘတွေဟာ တို့ကို စွန့်စွန့်စားစားမွေးပေးခဲ့ကြရပြီး ကြီးပြင်းလာတဲ့အထိ ကျွေးမွေးပြုစုပေးကြရတယ်။ ကျောင်းနေအရွယ် ရောက်လာတော့ ပညာတတ်အောင် ကျောင်းထားပေးကြပြန်တယ်။ ငါတို့ကို ဒီအရွယ်ထိ ရောက်လာကြအောင် ခြိုးခြွေခြွေတာပြီး အကုန်အကျတွေခံ ကျောင်းထားပေးကြလို့ အခု ငါတို့ ဆယ်တန်းတောင် ရောက်ခဲ့ကြရပြီနော်"

"ပြီးတော့ ငါတို့ကို ကျောင်းထားပေးကြရတဲ့ စရိတ်ကလည်း သေးတာမဟုတ်ဘူးကွ။ တော်တော်ကြာ စာအုပ်ဖိုး၊ တော်တော်ကြာ ဘာကြေးညာကြေးဆိုပြီး ကောက်ခံကြလို့ မိဘတွေဆီက လက်ဝါးဖြန့် တောင်းခဲ့ရတာလည်း အကြိမ်ကြိမ်ပါပဲကွာ။ မိဘတွေကလည်း သားသမီးပညာရေးမှာ မျက်နှာမငယ်ရအောင် ရှာဖွေပေးရာခဲ့ကြပါတယ်။ ပြန်စဉ်းစားကြည့်ရင် ငါတို့မိဘတွေဟာ ငါတို့ကျောင်းထားစရိတ်တွေနဲ့ နှစ်မြုပ်နေကြတော့တာပဲကွ"

"အေးလေ၊ ဒါကြောင့် ငါတော့ ဆယ်တန်းအောင်သွားပြီဆိုရင် တက္ကသိုလ်ဆက်မတက်တော့ဘဲ အဝေးသင်နဲ့ပဲ ဖြေတော့မယ် စိတ်ကူးထားတယ်လေ။ တက္ကသိုလ်ကိုသာ ဆက်တက်ကြရင် ဒဏ်ထပ်ပိုပြီး အကုန်အကျများမှာလေကွာ"

သူငယ်ချင်းနှစ်ယောက်မှာ သူတို့ရှေ့ရေး မျှော်တွေးကာ တိုင်ပင်ခဲ့ကြသည်။ မိဘများကိုလည်း သနားခဲ့မိကြသည်။ တကယ်တော့ ကျော်မိုးတို့ ကျောင်းပြီးသွားလို့ အလုပ်အကိုင်တွေနဲ့ ပြည့်စုံလာခဲ့လျှင် မိဘများကို လုပ်ကျွေးလျှင်လည်း လေးငါးနှစ်မျှသာပင်။ ပညာတုံးပြီး ကြင်ယာစုံချင်ကြမည်။ ထို အခါ မိဘများအရေးထက် သူ့မိသားစုအရေး အလေးပေးကြမည်သာ ဖြစ်သည်။ မိဘများအနေနှင့်ကတော့ မိဘတို့၏ ဝတ္တရားအတိုင်း သားသမီးများ ပညာတုံးပြီး ပြည့်ပြည့်စုံစုံ ဘဝရပ်တည်သွားနိုင်ကြမည်ဆိုလျှင်ပင် ကျေနပ်နေကြမည်သာ ဖြစ်သည်။

"ဟုတ်တယ်ကွ။ ငါလည်း မင်းလိုပဲ အဝေးသင်နဲ့ ဘွဲ့ရအောင် ကြိုးစားမယ်။ ဒီကြားထဲမှာ အလုပ်တစ်ခုခုရှာလုပ်မယ်လို့ စိတ်ကူးမိတယ် ကျော်မိုးရ"

◈◈◈

သူတို့နှစ်ယောက် ဆယ်တန်းစာမေးပွဲကို ကောင်းစွာ ဖြေဆိုနိုင်ခဲ့ကြပြီး ငွန်လထဲ ရောက်ခဲ့တော့ အောင်စာရင်းထွက်လာလေသည်။

"ဟာ . . . ကျော်မိုးရော ငါရော နှစ်ဘာသာဂုဏ်ထူး ကိုယ်စီပါပြီး အောင်တယ်ဟေ့"

သူတို့ ဝမ်းသာကြသလို၊ မိဘများမှလည်း အကုန်အကျခံကာ ကျောင်းထားပေးရကျိုး နပ်ခဲ့ကြ၍ ကျေနပ်အားရကြလေသည်။

"ဟာ . . . ကျော်မိုးတို့၊ ကိုရဲတို့ပါလားကွ။ မင်းတို့ တက္ကသိုလ်ဆက်မတက်ကြဘူးလား။ ငါတို့တော့ ဆက်တက်ကြဖို့ ပုံစံတွေ ဖြည့်စွက်နေကြပြီလေကွာ"

"အေးလေ၊ မင်းတို့မိဘတွေက ပြည့်စုံကြတော့ တက်ကြပေါ့ကွာ။ ငါတို့မိဘတွေက ငါတို့ကို မပြည့်စုံတဲ့ကြားက ထားပေးနေရတာကွ။ ဒါကြောင့် ငါတို့မိဘတွေကို သနားမိကြလို့ တက္ကသိုလ်ဆက်မတက်ကြတော့ဘဲ အလုပ်တစ်ခုခုရှာလုပ်ပြီး အဝေးသင်နဲ့ပဲ ဖြေကြတော့မယ်ကွာ"

"အေးလေ၊ ဒီလိုဆိုရင်တော့ တို့သူငယ်ချင်းတွေ တကွဲတပြားစီ ဖြစ်ကြရပြီပေါ့နော်"

"ဘယ်တတ်နိုင်ပါ့မလဲ သူငယ်ချင်းတို့ရာ။ အခြေအနေအရပဲပေါ့"

ကျော်မိုးနှင့် ကိုရဲတို့လည်း သူတို့ရည်မှန်းချက်အတိုင်း အလုပ်ရှာဖွေခဲ့ကြ၏။ ကံအားလျော်စွာ ကုမ္ပဏီတစ်ခုတွင် အလုပ်ရခဲ့ကြ၍ ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။ နှောက်တွင် အလုပ်သွား၍ ညဘက်တွင် အဝေးသင်စာများကို လေ့လာကာ ဖြေဆိုခဲ့ကြရသည်။

နှစ်ယောက်သား အလုပ်တစ်ဖက်လုပ်ကာ ဘွဲ့ရသည်အထိ

www.burmeseclassic.com

www.burmeseclassic.com

အပင်ပန်းခံ ကြိုးစားခဲ့ကြခြင်းကြောင့် သုံးနှစ်တာ ကာလရောက်တော့ နှစ်ယောက်စလုံး စီးပွားရေးနှင့် ဘွဲ့ရလာခဲ့ကြသည်။

◈◈◈

"ကဲ - ကိုရဲရေ၊ ငါတို့ ရည်မှန်းချက်တော့ ပြီးမြောက် အောင်မြင်ခဲ့ကြပြီနော်"

"ဟုတ်တယ်ကွ။ ငါတို့ ကုမ္ပဏီမှာ အဆင့်မြင့်တာဝန်တွေ ထမ်းဆောင်ဖို့ လျှောက်ထားကြရမှာပဲ"

"ကိုရဲရာ... မင်းနဲ့ ငါက ရည်မှန်းချက် သိပ်မှန်သွားတယ်လေကွာ"

"ဘာကြောင့်လဲ ကျော်မိုးရ"

"ဒီလိုလေကွာ။ တခြား သူငယ်ချင်းတွေဆိုရင် တက္ကသိုလ်မှာ နေ့တက်နဲ့ တက်ခဲ့ကြတယ်မဟုတ်လား။ အခု သူတို့ ဘွဲ့ရကြသလို၊ ငါတို့လည်း ဘွဲ့ရခဲ့ကြရတာပဲ မဟုတ်လား။ ဒီနေရာမှာ ပြန်နှိုင်းယှဉ်ကြည့်ရင် ဒီကောင်တွေက မိဘတွေ ငွေကြေးများစွာကုန်ကျခံပြီးမှ ဘွဲ့ရခဲ့ကြတာလေ။ မိဘအတွက် ဘာကျေးဇူးမှ ဆပ်ခွင့်မရကြသေးဘူး။ အဲ... ငါတို့နှစ်ယောက်ကတော့ အလုပ်တစ်ဖက်လုပ်ပြီး အဝေးသင်ကို ကိုယ့်ဝင်ငွေနဲ့ ကိုယ်ဖြေခဲ့ကြတယ်။ မိဘတွေကိုလည်း ငါတို့ရတဲ့ လစာငွေတွေကို ပြန်ပေးပြီး ကျေးဇူးဆပ်နိုင်ခဲ့ကြတယ် မဟုတ်လားကွ"

"ဟာ... ဟုတ်တာပေါ့။ သူတို့က အလုပ်ရှာရဦးမယ်။ အလုပ်ရကာမှ မိဘကို ပြန်ကျေးဇူးဆပ်နိုင်ကြမှာလေ။ ငါတို့က ရာထူးတိုးပြီး လာစာပို ရလာခဲ့ရင် ရှေ့ဆက်ပြီး မိဘတွေကို ပိုပြီးကျေးဇူးဆပ်ပေးနိုင်လာကြတော့မှာပဲမဟုတ်လား"

ကျော်မိုးတို့နှစ်ယောက် ရည်မှန်းချက်အတိုင်း စီးပွားရေးနှင့် ဘွဲ့ရခဲ့ကြသဖြင့် အလွန်ကျေနပ်နေကြသည်။ မိတ်ဖက်ကိုလည်း လစာကောင်းကောင်းနှင့် ပို၍လုပ်ကျွေးလာနိုင်ကြတော့မည်ဟု ကြိုတင်ကြည်နူးခဲ့ကြတော့သည်။

◈◈◈

နှစ်အတန်ကြာလျှင် ကျော်မိုးမှာ သူ တာဝန်ထမ်းနေသော ကုမ္ပဏီမှာပင် ရာထူးတိုးခန့်ထားခံခဲ့ရသည်။

မကြာမီရက်တွင် ကိုရဲက ကျော်မိုးထံ ရောက်လာခဲ့သည်။

"ကျော်မိုးရေ... မင်းနဲ့ ငါက တော့ တစ်ယောက်နဲ့ တစ်ယောက် တကွဲတပြားနဲ့ တစ်နေရာစီ ရောက်ကြရတော့မယ် သူငယ်ချင်းရ"

"ဟင်... ဘာဖြစ်လို့လဲကွာ"

"ဒီလိုကွ။ ငါက ငါ့ကုမ္ပဏီမှာ ရာထူးတိုး လျှောက်ထားခဲ့တယ်လေ။ လက်ရှိ ငါလုပ်နေတဲ့ ကုမ္ပဏီမှာက ရာထူးတိုးပေးစရာ နေရာမရှိဘူးကွ။ ဒါပေမယ့် မန်နေဂျင်းဒါရိုက်တာက ငါလုပ်နိုင်မယ်ဆိုရင် ဟိုနယ်ဘက်က ကုမ္ပဏီခွဲတစ်ခုမှာတော့ ရာထူးတိုးပေးလို့ ရတယ်လို့ ပြောတယ်ကွ"

"အေးလေ၊ နေရာလပ် မရှိလေတော့လည်း အလုပ်တယ်ပေးနိုင်မှာလဲ။ ဒါပေမယ့်ကွာ ငါတို့နှစ်ယောက်က အချစ်ဆုံးသူငယ်ချင်းတွေပဲဟာ၊ ဘယ်နေရာပဲ ရောက်ရောက် အချစ်မပျက်၊ အခင်မင်မပျက်ပါဘူးကွာ။ ငါလည်း အခုအချိန်မှာ ငါလုပ်တဲ့ ကုမ္ပဏီမှာ ရာထူးတိုးရခဲ့ပေမယ့် တစ်ချိန်ချိန်မှာ ကုမ္ပဏီတိုးချဲ့လို့ တိုးချဲ့တဲ့ နေရာကို မပြောင်းရဘူးလို့ မပြောနိုင်ဘူးကွ။ ဒီတော့ ရာထူးတိုးပေးလာတုန်းမှာ မင်း လက်ခံသင့်တယ်ကွ။ တို့နှစ်ယောက်က အပြီးအပိုင် ပြန်မဆုံကြမှာမှ မဟုတ်တာဘဲကွာ။ အလုပ်တာဝန်အရ တစ်ယောက် တစ်နေရာစီမှာ ရှိနေကြမှာပဲမဟုတ်လား"

"အေးကွာ၊ ဒါလည်း ဟုတ်ပါတယ်။ ဒါဆို ငါ လက်ခံလိုက်တော့မယ်နော်"

ထိုနေ့မှစ၍ ကျော်မိုးနှင့် ကိုရဲတို့ နှစ်တွေ အတန်ကြာသည်အထိ ပြန်မဆုံဖြစ်ခဲ့ကြတော့ပေ။ မိမိတာဝန်ကျရာ ကုမ္ပဏီလုပ်ငန်းများထဲတွင်သာ နစ်မြုပ်နေခဲ့ကြတော့သည်။

◈◈◈

"ဟင်... ကိုရဲရဲ့ မင်္ဂလာဖိတ်စာပါလား"

ဖိတ်စာကို ဖတ်ကြည့်လိုက်တော့ သူ အလုပ်တာဝန်ထမ်းဆောင်နေသော မြို့ကလေးမှ ကုမ္ပဏီတွင် အတူလုပ်ကိုင်နေသော ဝန်ထမ်းအမျိုးသမီးတစ်ဦးနှင့်ဖြစ်သည်။

"ဩော်... ကိုရဲတောင် အိမ်ထောင်ပြုသွားခဲ့ပြီပဲ"

ကျော်မိုးက သူ့သူငယ်ချင်း အိမ်ထောင်ပြုသွားတော့မှပင် သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်ကြည့်ခဲ့မိလေသည်။

"ငါလည်း အရွယ်မငယ်တော့ပါလား။ အိမ်ထောင်ပြုရမယ့်အရွယ်ရောက်နေပါလား"

သူ အိမ်ထောင်မပြုသေးဘဲ လွတ်လွတ်လပ်လပ်နှင့် မိဘကို လုပ်ကျွေးနေခဲ့သဖြင့် မိဘများလည်း ချောင်ချောင်လည်လည်ဖြစ်နေခဲ့ကြပြီ။

"သားရယ်... အမေတို့ မိဘတွေ အတွက် မလိုအပ်တော့ပါဘူး။ သားလည်း အရွယ်မငယ်တော့ဘူးလေ။ အိမ်ထောင်ဖက်ရှာသင့်ပြီ သားရဲ့။ အမေတို့ မြေးကလေးကို ချီသွားပါရစေ သားရယ်"

မိဘများက မြေးလိုချင်နေကြ၏။ ကျော်မိုးမှာလည်း သူ ဝင်လုပ်နေသော ကုမ္ပဏီတွင် သူ စိတ်ဝင်စားသည့်

www.burmeseclassic.com

အေးအေးနွယ်တစ်ယောက်တော့ ရှိသည်။ သူမကလည်း သူ့ကို စိတ်ဝင်စားပုံ ရသည်။ သူက စတင်ပြီး ကမ်းလှမ်းပါလျှင် မဆွတ်မိက ညှတ်မည့်သူပင်ဖြစ်သည်။ ကျော်မိုးသာ ဆက်လုပ်ရမည်ကို ဇဝေဒရောက်နေပေတော့သည်။

ထိုသို့ ချီတုံချတုံဖြစ်နေခဲ့ရင်းက ၂နှစ်တင်းတင်းပြည့်လာခဲ့တော့သည်။

"ဆရာ...မန်နေဂျင်းဒါရိုက်တာက ဆရာ့ကို သူရှုံးခန်းထဲ လာခဲ့ပါလို့ အခေါ်လွှတ်လိုက်တယ် ဆရာ"

"ဩော်...ဟုတ်လား။ ဆရာ အခုပဲ သွားလိုက်ပါ့မယ်"

"ကဲ...ရောက်လာပြီလား။ ထိုင်ပါ ကိုကျော်မိုး"

"ကိုကျော်မိုးကို ခေါ်ရတာက လုပ်ငန်းတစ်ခုအတွက် ဆွေးနွေးဖို့ပါပဲ"

"ဟုတ်ကဲ့၊ အပိန့်ရှိပါခင်ဗျာ"

"ဒီလိုပါ ကိုကျော်မိုး။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နောက်ထပ် လုပ်ငန်းတိုးချဲ့ဖို့ ရှိနေပါတယ်။ ဒီလို တိုးချဲ့လုပ်ကိုင်ရာမှာ ဟိုနယ်ဘက်မှာ လုပ်ငန်းတိုးချဲ့ပြီး ကုမ္ပဏီခွဲ ထောင်ထားတဲ့ ကုမ္ပဏီကို ကိုကျော်မိုး သွားရောက်ပြီး သူတို့ ဘယ်လိုတွေ စီမံဆောင်ရွက်နေကြတယ်ဆိုတဲ့ အချက်အလက်တွေကို သွားရောက်လေ့လာခဲ့ဖို့ပါပဲ။

ဒီလို သွားရောက်လေ့လာတဲ့ အခါ အသေးစိတ်အချက်အလက်တွေ အထိ သိလာအောင် ရေးမှတ်လာစေချင်ပါတယ် ကိုကျော်မိုး"

ကျော်မိုးလည်း သူ့သူငယ်ချင်း တာဝန်ထမ်းဆောင်နေခဲ့သော ကုမ္ပဏီကို သွားရောက်လေ့လာရမည်ဖြစ်၍ ပျော်သွားမိသည်။ နှစ်အတန်ကြာ ကွဲကွာနေသော သူငယ်ချင်းနှင့် ပြန်ဆုံတွေ့ရမည်လည်း ဖြစ်သည်။

"အင်း... ငါ အဲဒီ ကုမ္ပဏီကို သွားလေ့လာရင်တော့ သူငယ်ချင်း ကိုရဲအိမ်မှာပဲ တည်းခိုရမယ်"

◈◈◈

အိမ်ရှေ့တွင် တက္ကစီကားတစ်စီး ထိုးရပ်လာသဖြင့် ကိုရဲ အိမ်ရှေ့ထွက်ကြည့်မိသည်။

"ဟာ...ကျော်မိုးပါလားကွ။ မင်း ဘယ်လိုလုပ်ပြီး ငါ့အိမ်ကို သိတာလဲ"

"ဟောဒီ ကားဆရာက မင်းအိမ်ကို သိလေတော့ သူ့ကားနဲ့ လိုက်လာခဲ့ရတာပဲ ကိုရဲရေ"

ကျော်မိုးက သူ လာခဲ့ရသည့် ကိစ္စကို ကိုရဲအား ပြောပြလိုက်သည်။

"ဟာ...ဟုတ်လား။ ဒီလိုဆို မင်း ငါ့အိမ်မှာ ကြိုက်သလောက် တည်းကွာ။ မင်းရောက်လာတုန်း ငါ မင်းကို ကျွေးမွေးမည့်ခံ တာဝန်ယူပါရစေကွာ"

ထိုညနေက ကျော်မိုးလည်း ကိုရဲအိမ်မှာပင် ညစာစားခဲ့ရသည်။ ပြီးလျှင် နှစ်ယောက်သား ညည့်နက်ထဲတွင် ထိုင်ကြကာ ည ၉နာရီအထိ စကားထိုင်ပြောဖြစ်ခဲ့သည်။

"ကဲ - သူငယ်ချင်း၊ မင်းလည်း တစ်နေကုန် ကားစီးပြီး လာခဲ့ရတာပင်ပန်းရောပေါ့ကွာ။ မင်း စောစော အနားယူတော့။ မင်း အိပ်ရမယ့် အခန်းမှာ အဆင်သင့် ပြင်ပေးထားပြီးပြီ"

ထိုသို့ဖြင့် သူတို့ အသီးသီး အိပ်ရာဝင်ကာ အိပ်ပျော်သွားကြတော့သည်။

◈◈◈

"ဟာ...ညဘက်ကြီးမှာ ဘယ်က ဖုန်းပါလိမ့်"

"ဟင်...ငါ့ယောကျ်ားမ အသည်းအသန်ဖြစ်လို့ ဆိုပါလား"

အရေးပေါ် ဖုန်းဖြစ်ပြီး ဇနီးသည်၏ ဖခင်ဖြစ်သောကြောင့် သူတို့ လင်မယားနှစ်ယောက်စလုံး သွားကြရမည်ဖြစ်၍ ကျော်မိုးကို အိမ်တွင် ထားခဲ့ကာ ထွက်လာခဲ့ကြလေသည်။ ကျော်မိုးလည်း အိမ်၌ တစ်ယောက်တည်း ကျန်ရစ်ကာ ပြန်၍အိပ်နေခဲ့တော့၏။

ညဉ့်အတော်နက်သောအခါ အိမ်ရှေ့တံခါးခေါက်သံလိုလိုကြား၍ ထ,ဖွင့်ခဲ့သည်။

"ဟင်...ဘယ်သူမှလည်း မတွေ့ပါလား"

"အို...အိမ်ရှေ့ပေါက်ဘက် ပြန်ထွက်သွားနေတာ ကိုရဲလည်း မဟုတ်ပါလား။ ဒီလူ ဘာလဲ၊ သူခိုးလား။ အိမ်မှားဝင်ပြီး တံခါးလာခေါက်တာပဲလား"

"ဟေ့လူ...နေဦး၊ နေဦး"

"ဟင်...ခပ်သုတ်သုတ်ထွက်သွားပြီပဲ"

"မဖြစ်တူး၊ ငါ အဲဒီလိုက်မေးမယ်

www.burmeseclassic.com

www.burmeseclassic.com

မှပဲ"

ကျော်မိုးက နောက်က လိုက်၊ ထိုလူက ရှေ့က သွားနှင့်၊ ခပ်လှမ်းလှမ်း ရောက်သောအခါ ရုတ်တရက် မြင်ကွင်းရှေ့က ပျောက်ကွယ်သွားခဲ့သည်။

"ဘယ်လိုလူလဲကွာ၊ မေးတာလည်း ဘာမှပြန်မပြောဘဲ လှည့်တောင် မကြည့်ဘဲ ထွက်သွားခဲ့ပါလား"

ကျော်မိုး တံခါးကို အသေအချာပြန်ပိတ်၍ အိပ်ခဲ့သော်လည်း တော်တော်နှင့် အိပ်မပျော်ခဲ့ချေ။

မေးမေး···မေးမေးဖြစ်နေရာမှ တံခါးခေါက်သံ ထပ်ကြားလာပြန်ကာ တံခါးမဖွင့်ပေးသေးဘဲ အထဲမှ ပြန်မေးရာ ကိုရဲ ပြန်လာခဲ့ခြင်းဖြစ်သည်။

"ဟင်···မင်းတစ်ယောက်တည်း ပြန်လာတာလား၊ မင်းဇနီးရော"

"ငါ့ယောကျ်မတော့ ညက တစ်ချက်တီးလောက်မှာ ဆုံးသွားပြီကွာ"

"ဟာ···ဟုတ်လားကွာ။ မင်းတို့သွားပြီး ညတစ်ချက်လောက်မှာ လူတစ်ယောက် တံခါးလာခေါက်သေးတယ်ကွ။ အဲဒါ တံခါးဖွင့်ကြည့်တော့ ပြန်လှည့်ဆင်းသွားတာ အိမ်ရှေ့အပေါက်ဝ ရောက်နေပြီလေ။ ငါက လှမ်းမေးပြီး လိုက်တော့ ခပ်သုတ်သုတ် ထွက်သွားလိုက်တာ ခပ်လှမ်းလှမ်းလည်း ရောက်ရော ဘယ်ပျောက်သွားမှန်းမသိဘူး။ ဒါနဲ့ ငါလည်း အိမ်ပေါ်ပြန်တက်ပြီး တံခါးကို အသေအချာပြန်ပိတ်ပြီး အိပ်နေတာ။ မေးနေတုန်း မင်းလာပြီး တံခါးခေါက်သံ ကြားရတာပဲ"

"ငါ့အသိထဲက တစ်ယောက်ယောက်များလားကွာ"

"ငါကတော့ ရုပ်ကို နောက်ကနေမြင်ရတာဆိုတော့ မသဲကွဲလိုက်ဘူးကွ။ ဒါပေမယ့် သူကိုယ်မှာ ဝတ်ထားတာက အင်္ကျီအဖြူနဲ့ ပုဆိုးက အနက်ကွက်ပဲကွ"

"ဟင်···"

"ဒါ···ဒါဆိုရင် မင်းတွေ့လိုက်တာ ငါ့ယောကျ်မပဲကွ။ အခု အသက်တွက်ချိန်မှာ သူဝတ်ထားတာက အင်္ကျီအဖြူ၊ ပုဆိုးအနက်ကွက်ပဲလေ"

"ဒါဆိုရင်တော့ သူသေဆုံးကြောင့် လာနှုတ်ဆက်ပြတာပဲဖြစ်မယ်ကွ"

ထိုအခါမှပင် သူငယ်ချင်းနှစ်ယောက်လည်း သေသူ ဝိညာဉ်မှ နှုတ်ဆက်လာခဲ့ကြောင်း သိရှိခဲ့တော့သည်။

* * *

ဘဉ်ထူး(ဧရာဝတီ)

ဆရာဦးပိုင်ဇနောင်(ဝိဇ္ဇာဘွဲ့)[လက္ခဏာဗေဒင်ဟောခန်း]

အဆင်မပြေဖြစ်နေလို့ စိတ်ဓာတ်ကျနေသူများ အမြန်ဆုံးအဆင်ပြေလာဖို့၊ ဒါလောက်တောင်ကံဆိုးနေရသလားဆိုပြီး အားငယ်နေသူများ အမြန်ဆုံးကံကောင်းလာစေဖို့၊ သူများအကြွေးပူတွေရှိရင် အမြန်ဆုံးပြန်ဆပ်နိုင်စေဖို့၊ ကိုယ်ရရန် အကြွေးငွေတွေကိုလည်း လွယ်ကူစွာ အမြန်ဆုံးပြန်ရရှိစေဖို့၊ ကိုယ်ဝယ်ယူချင်တဲ့ တိုက်၊ အိမ်၊ တိုက်ခန်း၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ဆိုင်ခန်း၊ စက်ရုံအစရှိတာတွေကို အဆင်ပြေစွာ အမြန်ဆုံး ဝယ်ယူရရှိစေဖို့၊ ကိုယ်ရောင်းချင်တဲ့ပစ္စည်းတွေကိုလည်း ကြိုက်စေးရပြီး အမြန်ဆုံးရောင်းဆွဲသွားစေဖို့၊ ထီထိုးရင်လည်း ဆလတ်ဆုကြီး အမြန်ဆုံး ပေါက်နိုင်စေဖို့ ထီဆိုင်ကြီးတွေလည်း အရောင်းအဝယ်လုပ်ငန်းတိုးတက်အောင်မြင်ပြီး ဆလာဘ်ဆုကြီးတွေ များများပေါက်အားကောင်းလာဖို့၊ စေးဆိုင်ကြီးတွေမှာ လူဝင်များ၊ လူစည်ကား၊ ရောင်းအားကောင်း၊ ငွေဝင်ကောင်းစေဖို့။

(ကမ္ဘီရုန်းလမ်းကောင်းများဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးပါသည်။)

ဇောခန်းလိပ်စာ - တိုက်(၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်(မဟာရန်ကုန်ဆိုင်သစ်ကြီးအနီး)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဝဂ္ဂ-၇၃၁၄၇၀၂၄၊ ဝဂ္ဂ-၅၀၉၃၈၉၁

(ဝိတ်ရက်မရှိ) ယုံကြည်အားကိုးမှုသာ လာခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

အိမ်တော်ကြီးမှ စနစ္စရားသံ

(လယ်ဧရာ)

ဒီဇင်ဘာလဏ် အအေးဓာတ်ကား ပိုမိုလွန်ကဲလို့ နေ၏။ ညစောစော အိပ်ရာဝင်ခဲ့သော်လည်း အချမ်းက မပြေ။ အိပ်ရာထက်ဝယ် ဟိုမှ ဒီမှ လူးလိုမ့်ရင်း အိပ်မပျော်သည့်နောက် ဆုံးတွင် အပြင်ထွက်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။ အိပ်ရာမှ ထပြီး အနွေးထည်ထူထူဝတ်ကာ လည်ပင်း၌ မာဖလာပတ်၊ အနွေးဦးထုပ်ဆောင်း၍ အိမ်အပြင်သို့ ထွက်လာခဲ့မိတော့သည်။

လပြည့်ညဖြစ်၍ လမင်းကြီးက ကောင်းကင်ထက်ဝယ် ထိန်ထိန်သာလို့ နေလေ၏။ မြန်နှင်းခွေများ ရစ်သိုင်းနေသော ပတ်ဝန်းကျင်ကြီးက တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆန်နေပါသည်။ အိမ်ရှေ့ စည်းရိုးဘေးမှ ချယ်ရီပင်ပျိုလေးက လရောင်အောက်တွင် ဖွေးဖွေးလှုပ် လတ်ဆတ်စွာ ပွင့်ဝေနေသည်။ ကလောမြို့၏ လမ်းမီးတိုင်လေးတွေကတော့ ဝါစိမ်း၊ နီ၊ ပြာဖြင့် လစ်းထိန်လို့ နေပါသည်။ ကလောမြို့။ ဒီဇင်ဘာလ ဆောင်း၏ ခိုက်ခိုက်တုန်အောင် ချမ်းလှသော ရာသီဥတုကို ခံစားရင်း ကျေနပ်နေမိသေးသည်။

တကယ်တော့ တောင်ကြီးမြို့နှင့် ကလောမြို့က ရာသီဥတု သိပ်မကွာလှပါ။ အေးတာချင်း တူပေမယ့် ကျွန်တော့်အထင် ဒီနှစ် ဒီဇင်ဘာလတွင် ကလောမြို့က အအေးပိုနေသယောင်။ မွေးကတည်းက တောင်ပေါ်ဒေသ တောင်ကြီးမြို့မှာ ကြီးပြင်းလာခဲ့သော ကျွန်တော့်အဖို့ အအေးဓာတ်ကတော့ နေသားတကျရှိနေခဲ့လေပြီ။ ကျွန်တော့်ကဲ့သို့ပင် အပူပိုင်းမှာ ကြီးပြင်းခဲ့သောသူများအဖို့လည်း အပူဒဏ်ကတော့ ဆန်းတော့မည် မထင်။

ကျွန်တော် အိမ်အပြင်ဘက်မှာ လမ်းလျှောက်နေရင်း ကဗျာသမားဝီပီ ကဗျာစပ်ချင်စိတ်က ပြင်းပြလာ၏။ ကဗျာဆိုသည်ကလည်း စိတ်အားထက်သန်သည့်အခါ စပ်လျှင် ပြောင်မြောက်သော ကဗျာဖြစ်တတ်၏။ ထိုသို့ စိတ်အားထက်သန်နေသည့် အခွင့်အရေးကို အဆုံးရှုံးခံ၍ မဖြစ်ပေ။

ထို့ကြောင့် အိမ်ထဲ ဝင်လိုက်ပြီး ကော်ဖီတစ်ခွက်မျော်ကာ စာကြည့်မီးအိမ်နှင့်အတူ ရေးနေကျ ကဗျာစာအုပ်နှင့် ဘောပင်ယူပြီး အိမ်အပြင်သို့ ထွက်လာခဲ့ပြန်သည်။

နာရီကို ကြည့်လိုက်တော့ ည ၁၂နာရီပင် ထိုးပါတော့မည်။ လပြည့်ည လမင်းကြီးတောင် ကောင်းကင် အလယ်တည့်တည့်ရောက်လို့နေလေပြီ။ သို့သော် ကျွန်တော့်အတွက် ထိုည မှာကား ရိုးအီလို့ နေခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ခြံထဲမှ ခုံတန်းလေးကို သွားပြီး ကဗျာစပ်ဖို့ ပြင်ဆင်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသဖြင့် အဆင်ပြေလှသည်။

ကဗျာမစပ်ခင် အသင့်ပါလာသော ဒိုင်ယာရီစာအုပ်ထဲတွင် ယခုနေကလောမြို့သို့ ရောက်ဖြစ်ခဲ့သည့် အကြောင်းရေးဖို့ စိတ်ကူးမိသည်နှင့် ဒိုင်ယာရီစာအုပ်လေးကို အရင်ဖွင့်လိုက်မိသည်။

ကျွန်တော်က မွေးကတည်းက တောင်ကြီးမြို့မှာ ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ တောင်ကြီးမြို့၏ အနီးတစ်ဝိုက် မြို့လေးတွေဖြစ်သည့် ဟိုပုန်း၊ အောင်ပန်း၊ ပင်းတယ၊ ညောင်လှေ၊ ရပ်စောက်၊ ရွာငံ စသည့် မြို့ငယ်လေးများကိုတော့ မကြာခဏဆိုသလို ရောက်ခဲ့သည်ဆိုသော်လည်း ကလောမြို့ကိုတော့ မရောက်ဖြစ်ခဲ့ပါ။ ယခုအကြိမ်ဆို ကျွန်တော် ကလောမြို့သို့ ရောက်သည်မှာ သုံးကြိမ်သာ ရှိပါသေးသည်။

ယနေ့ည နေပိုင်းမှ ကလောမြို့က အစ်မဖြစ်သူ ဖုန်းဆက်၍ အလည်ခေါ်သောကြောင့် ဆိုင်ကယ်ဖြင့် ဆင်းလာခဲ့ခြင်းဖြစ်သည်။ အစ်မတို့ လင်မယားက ယခုအိမ်နှင့် ခြံကို ဝယ်ထားသည်မှာ သိပ်မကြာလှသေး။ လပိုင်းလောက်သာ ရှိပါသေးသည်။ အိမ်ခြံဆိုပါသော်လည်း ခြံကို အုတ်တံတိုင်း မခတ်ရသေး။ အိမ်က မြို့စွန်တွင်ဖြစ်၍ လူနေကျဲသောကြောင့် အေးချမ်းလှပါသည်။

ကျွန်တော် ဒိုင်ယာရီစာအုပ်လေးကို ဝိတ်လိုက်ပြီး ကဗျာစပ်ဖို့ စတင်လိုက်ပါတော့သည်။ စိတ်က လွတ်လပ်ပြီး ဦးနောက်ကြည်လင်နေ၍ နေထိုင်ကောင်းလှသည်။ အအေးဓာတ်က လွန်ကဲနေသည်ဆိုပေမယ့် နွေးနွေးထွေးထွေးဝတ်ထားသည့် အတွက် နေသာထိုင်သာ ရှိပါသည်။ ဘေးမှ ကော်ဖီကို တစ်ငုံသောက်လိုက်ပြီး ကဗျာခေါင်းစဉ် စတင်ပေးလိုက်သည်။ ထို့နောက် ကဗျာတစ်ပုဒ် စတင်ဖို့ တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ စိတ်ကူးကောင်းဖြင့် အားယူနေခိုက် ဆိတ်ငြိမ်သော ပတ်ဝန်းကျင်ကို ထိုးခွင်းပြီး သာယာငြိမ်ညောင်းသော စန္ဒရားသံတစ်ခု လေပြေအေးအေးလေးနှင့် အတူ ပျံ့လွင့်လာ၏။

နဂိုကတည်းက စန္ဒရားမှာ ဝါသနာထုံလှသော ကျွန်တော့်အဖို့ စန္ဒရားသံကို ညည်းသာစွာ နားစွင့်နေလိုက်မိသည်။ ကျွန်တော့်ဘဝတစ်လျှောက် ကြားခဲ့ရဖူးသော စန္ဒရားသံတွေထဲတွင် ယခုကြားရသော အသံက နားဝင်အချိုဆုံးဟု ထင်မိ၏။ ခုံနောက်ကျောတန်းလေးကို ပက်လက်လှန် မှီထိုင်ပြီး အသံလေးကို သေချာစွာ နားစွင့်ကြည့်တော့ စန္ဒရားသံက မြန်မာသံစဉ်မဟုတ်။ အနောက်တိုင်းသံစဉ်ဖြစ်နေသည်။ အဘယ်ကြောင့် အနောက်တိုင်းသံစဉ်ဟု ကျွန်တော်သိနေသည်ဆိုသော် ထိုသံစဉ်နှင့် ရင်းနှီးကျွမ်းဝင်ရှိခဲ့ဖူးသောကြောင့် ဖြစ်သည်။ ထိုသံစဉ်သည် ရေးကျလှသော အင်္ဂလိပ်သီချင်းကြီးတစ်ပုဒ်၏ သံစဉ်ဖြစ်ပါသည်။

ကျွန်တော် စန္ဒရားသံကို ဆိတ်ငြိမ်စွာ နားထောင်နေရင်း အသံပိုင်ရှင်ကို သိလိုစိတ် ပြင်းပြလာသည့်အတွက် ကဗျာစာအုပ်လေးကို ပိတ်ခဲ့ပြီး အသံလာရာသို့ လိုက်ရှာမိတော့သည်။

ကျွန်တော် တွေ့လိုက်ရပါ၏။ စန္ဒရားသံ ထွက်ပေါ်လာသည်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရောက်ရှိနေသော အိမ်၏ အရှေ့ဘက်ခြံကြီးထဲတွင်ရှိသော အိမ်တော်ကြီးထဲမှ ထွက်ပေါ်လာနေခြင်း ဖြစ်ပါသည်။ ကျွန်တော် ထိုအိမ်ကြီးအား အိမ်တော်ကြီးဟု တင်စားခေါ်ရခြင်းမှာ အိမ်၏ ပုံစံသည် ရှေးခေတ် အင်္ဂလိပ်အရာရှိကြီးများ နေထိုင်သည့် အိမ်တော်ပုံစံမျိုးဖြစ်နေ၍ ဖြစ်သည်။ ထို အိမ်တော်ကြီးကို ကျွန်တော် ညနေ ၅နာရီလောက်အချိန် အစ်မအိမ်ကို စရောက်ကတည်းက သတိထားမိခဲ့သည်။ အိမ်၏ ပုံစံမှာ ရှေးကျလှသော အနောက်တိုင်းပုံစံမျိုးဖြစ်၏။ သို့သော် အတော်ပင် အိုနွမ်းနေပြီဖြစ်သည်။ လက်ရာမြောက်စွာ ဆောက်လုပ်ထားသော်လည်း သက်တမ်းအားဖြင့် ကြာမြင့်နေပြီဟု ခန့်မှန်းမိ၏။

ထို့အိမ်တော်ကြီးတွင် လူမနေဟု ကျွန်တော်ထင်ခဲ့သည်။ သို့ပါ၍ ယခုတွင် လူရှိနေသောကြောင့် ကျွန်တော် အံ့သြသွားရပါသည်။ ကျွန်တော် အိမ်အပြင်ထွက်လာခဲ့စဉ်က အိမ်တော်ကြီးတွင် မီးရောင်မရှိ။ လရောင်အောက်တွင် အရပ်ကြီးပြတ် တိတ်ဆိတ်ငြိမ်စွာ တည်ရှိနေသည်ကို ကျွန်တော် သတိထားမိခဲ့သည်။ ထိုအိမ်က လူသည်လည်း ကျွန်တော့်နည်းတူ အိမ်မဟော်သဖြင့် စန္ဒရား ထ,တီးနေခြင်းဖြစ်မည်ကို တွေးမိရင်း ကျွန်တော် သဘောကျစွာ ပြုံးလိုက်မိသည်။

ထို့နောက် ကျွန်တော်နှင့် ရွယ်တူ ကောင်လေးတစ်ယောက် (သို့မဟုတ်) အမျိုးသားတစ်ဦးသာဆိုလျှင် ကျွန်တော် ထိုအိမ်သို့ ဝင်လည်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအိမ်သို့ ဝင်လည်ပြီး စန္ဒရားသံပိုင်ရှင်နှင့် မိတ်ဖွဲ့ကာ စန္ဒရားအတီးသင်ရန် ဖြစ်သည်။ ထို့ကြောင့် သာယာငြိမ့်ညောင်းသော

စန္ဒရားသံကို နားစွင့်ရင်း ထိုအိမ်တော်ကြီးထံသို့ ကျွန်တော် တဖြည်းဖြည်း ချဉ်းကပ်သွားလိုက်သည်။ အိမ်အနီးသို့ ရောက်သော်လည်း စန္ဒရားသံက ပို မကျယ်လာ။ ကျွန်တော် အိမ်မှ ကြားနေရသည့် အသံနှုန်းအတိုင်းပင်။ ထို့ကြောင့် စန္ဒယားသံပိုင်ရှင်အား "လက်သံကို ထိန်းနိုင်လိုက်တာ"ဟု ကျွန်တော် တစ်ယောက်တည်း ခီးမှတ်ခန်းဖွင့်လိုက်သေးသည်။

အိမ်အနီးသို့ ရောက်သော်လည်း စန္ဒရားသံပိုင်ရှင်ကို မတွေ့ရသေး။ အိမ်တော်ကြီးကို ကျွန်တော် အသာအယာ လှည့်ပတ်ပြီး ကြည့်လိုက်သည်။ ထို အခါမှာတော့ အိမ်ရှေ့ ညှော့ခန်းတွင် စန္ဒရားထိုင်တီးနေသော စန္ဒရားသံပိုင်ရှင်ကို အိမ်ပြတင်းပေါက်က တစ်ဆင့် ကျွန်တော် တွေ့လိုက်ရပါသည်။ ကျွန်တော် စန္ဒရားသံပိုင်ရှင်ကို တွေ့လိုက်ချိန်၌ နေရာမှာပင် အတော်ကြာမှင်တက်မိကာ နေရာမှာပင် ခြေစုံရပ်လျက် ငြိမ်သက်သွားခဲ့ရသည်။

စန္ဒရားသံပိုင်ရှင်မှာ ကျွန်တော် တွေးထင်ထားသလို အမျိုးသားတစ်ဦး မဟုတ်။ ထို့ပြင် အသက်အရွယ်ကြီးကြီး အမျိုးသမီးလည်း မဟုတ်။ အလွန်ဆုံးရှိမှ အသက် ၁၈/၁၉ အရွယ် ကောင်မလေးတစ်ဦးဖြစ်၏။ ထို့ပြင် ထိုကောင်မလေးသည် မြန်မာမိန်းကလေးတစ်ဦးဟုတ်မည် မထင်။

သူမ၏ ဆံပင်များသည် ရွှေအိုရောင်အဆင်းရှိ၍ ပျော့နွဲ့နေသည်။ ထို့နောက် သူမ၏ မျက်လုံးများက အပြာရောင်တောက်နေ၏။ ထိုမျက်လုံးများကို စန္ဒရားသံထဲ စီးမျောရင်း မိတ်လိုက်ဖွင့်လိုက်ပြနေသည်။ ရွှန်းစိုပါလှသော နှုတ်ခမ်း ရှည်မျောမျော နာတံလေးနှင့် ဖြူဝင်းသော အသားအရေတို့ဖြင့် သူမအလှ ဘာမှပြောစရာမရှိ၊ ညအိပ်တစ်ခုရွေအိုရောင်ကလေးကို လုပစွာ ဝတ်ဆင်ထားသည်။

ရာသီဥတုက ခိုက်ခိုက်တုန်အောင်ချမ်းနေသော်လည်း သူမပုံစံက ချမ်းနေသည့် အရိပ်ရောင်မတွေ့။ ညအိပ် ဝတ်စုံ ရွေအိုရောင် ဒိုင်းလေးမှာ သူ၏ ဝင်းအို စိုပြည်နေသော ပခုံးထက်မှသည် ကြီးသေးသေးလေးဖြင့် ရင်သားနှစ်မှာမှတစ်ဆင့် ဒူးအောက်ထိ လုံခြုံစွာ ဖုံးထားသော ဒိုင်းကလေးကို လုပစွာ တွယ်ထားသည့် ဒိုင်းကလေးဖြစ်သည်။

ဘယ်လိုပင်ကြည့်ကြည့် သူမ အရမ်းလှပါသည်။ အနောက်တိုင်း ရုပ်ရည်က လွဲလျှင် သူမ၏ အလှက ဘာမှ ပြောစရာမရှိ။ စန္ဒရားတီးနေရင်း သူမ၏ ပြာလဲ့လဲ့ မျက်ဝန်းအကြည့်က ကျွန်တော့်ဘက် ရောက်လာသဖြင့် ကျွန်တော် ကမန်းကတန်း အနီးမှ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် စဉ်းစားရင်း ဝေခွဲမရ နိုင်တော့ပါ။ ထို့ကြောင့် အဖြေကို အရှင်းသိနိုင်အောင် အစ်မဖြစ်သူထံ မေးမည်ဟူသော အသိဖြင့် မျက်နှာပင် မသစ်သေးဘဲ အစ်မဖြစ်သူရှိနေသော မီးဖိုဆောင်ထဲသို့ ဝင်သွားလိုက်သည်။ အစ်မက ကျွန်တော့်အတွက် နံနက်စာ ပြင်ဆင်ပေးနေခြင်းဖြစ်၏။

"ဟော်...မောင်လေး၊ နိုးလာပြီလား။ အစ်မက အခုပဲ လာနိုးတော့မလို့ လုပ်နေတာ။ မနေ့ညက ငါ့မောင် အိပ်မပျော်ဘူးထင်တယ်၊ ဟုတ်လား"

"အိပ်ပျော်ပါတယ် မမ။ ကိုစိုင်းကျော်ရော"

"ရုံးသွားပြီ မောင်လေးရဲ့။ အစောကြီး သွားလိုက်တယ်"

"ဩော်..."

ကိုစိုင်းကျော် ဆိုသူမှာ အစ်မ၏ ခင်ပွန်းဖြစ်သည်။ အစိုးရရုံးတစ်ခုတွင် အလုပ်လုပ်ခြင်း ဖြစ်၏။ ကျွန်တော်ညက တွေ့ခဲ့သော အိမ်တော်ကြီး အကြောင်းကို သိလိုဇောဖြင့် အစ်မအား မဆိုင်းမတွ မေးလိုက်မိပါတော့သည်။

"အစ်မ... ဟိုးအရှေ့ဘက်က အိမ်ကြီးမှာ ဘယ်သူတွေ နေလဲဟင်"

"ဘယ်သူမှ မနေပါဘူး ငါ့မောင်ရဲ့။ အဲဒါ ဟိုးအရင်တုန်းက အစ်မတို့ နိုင်ငံမှာ အင်္ဂလိပ်အရာရှိ မိသားစု နေခဲ့တဲ့ အိမ်တဲ့"

"ဗျာ..."

ကျွန်တော် အစ်မ၏ စကားကြောင့် လွန်စွာ အံ့သြမှုနှင့်အတူ အာမေဋိတ်သံပင် ထွက်သွားခဲ့မိ၏။ ဤသည်ကို အစ်မက...

"ဘာဖြစ်လို့ အံ့သြလောက် အံ့သြသွားရတာလဲ မောင်လေး"

"မမ... ညက အဲဒီအိမ်တော်ကြီးဆီက စန္ဒရားသံကြားလို့ ကျွန်တော် သွားကြည့်ခဲ့တယ်။ အဲဒီမှာ အရမ်းလှတဲ့ အနောက်တိုင်း ကောင်မလေး တစ်ယောက် စန္ဒရားတီးနေတာကို တွေ့ခဲ့တယ်"

"ဟုတ်လို့လား ငါ့မောင်ရယ်။ မင်း အိပ်ရာပြောင်းလို့ အိပ်မက်မက်တာလားမှ မသိတာ"

"ဟုတ်...ဟုတ်ပါတယ် အစ်မရယ်။ ကျွန်တော် တကယ်တွေ့ခဲ့တာပါ။ တကယ်ပါဗျာ"

အစ်မက ကျွန်တော်ပြောသည်ကို မယုံကြည်ပါ။ ထို့နောက်မှ အတန်ကြာ စဉ်းစားပြီး...

"အင်း... အစ်မတို့ ဒီကို စ,ရောက်တုန်းကတော့ ဒီက လူတွေ ပြောဖူးတယ်။ အဲဒီအိမ်ကြီးမှာ နေခဲ့ကြတဲ့ အင်္ဂလိပ်အရာရှိ မိသားစုက မကျွတ်ဘူးတဲ့။ အခုလည်း အဲဒီ မကျွတ်လွတ်တဲ့ မိသားစုရှိနေလို့ အိမ်ကြီးကို ဖျက်လို့ မရဘူးလို့လည်း ပြောကြတယ်။ နောက် လပြည့်၊ လကွယ် ညတွေဆို အိမ်တော်ကြီးမှာ စန္ဒရားသံကြားရတယ်လို့လည်း ပြောကြတာပဲ။ အစ်မတို့ကတော့ အယုံအကြည်လည်း မရှိတော့ ဘာမှမကြား၊ မမြင်ရပါဘူး။ နောက်ပြီး ငါ့မောင်ပြောသလို စန္ဒရားတီးသူကို တွေ့တယ်လို့တော့ မကြားဖူးပါဘူး"

အစ်မကတော့ ကျွန်တော့်စကားကို လုံးဝ ယုံကြည်ဟန်မရှိပါ။ ထို့ကြောင့် ကျွန်တော်က...

"ဟာ...အစ်မကလဲဗျာ၊ ကျွန်တော် တကယ်တွေ့ခဲ့တာပါဆို"

"ကဲပါ ငါ့မောင်ရယ်၊ ဒါတွေ ထားလိုက်ပါတော့။ မျက်နှာသွားသစ်နော်။ နံနက်စာ စားရအောင်"

အစ်မကတော့ ကျွန်တော်ပြောပြသည်ကို နောက်ဆုံးထိ လက်မခံခဲ့ပါ။ သို့သော် ကျွန်တော်ကြုံတွေ့ခဲ့ရသည်မှာ အမှန်တကယ်ပင် ဖြစ်ပါ၏။ အစ်မပြောပြသည့် အိမ်တော်ကြီး၏ ရာဇဝင်ထဲကလို ဆိုလျှင် မနေ့ညက ကျွန်တော်တွေ့ခဲ့သော ကောင်မလေးသည် အမှန်တကယ်ပင် မကျွတ်မလွတ်သည့် ပရလောကသားများလား ဟု တွေဝေခဲ့သည်။ ထိုကောင်မလေးသည် ပရလောကသားသာဆိုလျှင် လွန်စွာ သနားစရာကောင်းလှပါ၏။

ကျွန်တော် အဖြစ်အပျက်များ အားလုံးကို အသေအချာပြန်လည် စဉ်းစားသုံးသပ်ကြည့်သောအခါ မနေ့ညက တွေ့ခဲ့သော အိမ်တော်ကြီး၏ မြင်ကွင်းနှင့် ယခုမနက် တွေ့ရသော အိမ်တော်ကြီး၏ မြင်ကွင်းမှာ လားလားမျှ မတူ။ ထိုအိမ်တော်ကြီးတွင် လူမနေတာ ကြာမြင့်နေပြီဆိုသည်မှာ လုံးဝ ထင်ရှားနေ၏။ ထိုအချက်များကြောင့် စန္ဒရားတီးနေသော ကောင်မလေးသည် မကျွတ်မလွတ်သော ပရလောကသား တစ်ဦးဖြစ်သည်ကို ကျွန်တော် လက်ခံရတော့မလိုလိုဖြစ်ခဲ့သည်။

ထိုသို့တွေးရင်း ကျွန်တော် မျက်စိထဲဝယ် ထိုအိမ်တော်ကြီးနှင့် စန္ဒရားတီးနေသော မျက်ဝန်းပြာပြာ ကောင်မလေး၏ ပုံရိပ်လွှာကိုသာ မြင်ယောင်နေမိပါတော့သည်။

* * *

ညီဇလေးမေ(လယ်ဇော်)

www.burmeseclassic.com

ကျော်တင့်ဆွေ

ဂိုဠ်းရင်းဆေးပါးများ နှင့် ရောဂါကုသနည်း

ဆီးနှင့် ပတ်သက်သော ရောဂါကုဆေး

ပါဝင်သော ဆေးဖက်ဝင်များမှာ ကျွန်းခေါက် ၁၀သား၊ တရုတ်စကားခေါက် ၁၀သား၊ တောကြက်မောက်(စစ်သိမ်ပင်၊ ပဉ္စငါးပါး) ၁၀သား၊ သနပ်ခါးရွက် ၅ကျပ်သား၊ စမုန်မျိုးငါးပါး(တစ်မျိုးလျှင် ဟစ်မတ်သားစီ) တစ်ကျပ် လေးငါးသား၊ ကြွေစေ့နှစ်စေ့မှ သွေး၍ရရှိသော အရည်နှင့် ရေကောင်းရေသန့်တစ်ပိသာကို ရောစပ်၍ ပြုတ်ဆေးရည်အဖြစ် ချက်ပါ။ ပြုတ်ဆေးရည် ၃၅ကျပ်သားခန့်ကျန်လျှင် မီးဖိုပေါ်မှ ချ၍ ပုလင်းနှင့် ထည့်ထားပါ။ ပြုတ်ဆေးရည်၊ စိမ်ဆေးရည်ဟူသမျှကို တစ်ရက်ခန့်သာ ထား၍ သောက်ဆေးအဖြစ် အသုံးပြုရပါမည်။ ထို့ထက်ပိုထား၍ သုံးခြင်းကို ရှောင်ကြဉ်ရမည်။ ဆေးရည်များမှာ အချဉ်ပေါက်တတ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် နေ့စဉ် အသစ်ပြုတ်၊ အသစ်စိမ်၍ သောက်ပေးရပါမည်။

အထက်ပါ ပြုတ်ဆေးရည်ကို ဆေးတစ်ခွက်စာ ပမာဏအားဖြင့် ဟင်းစား စတီးဇွန်းတစ်ဇွန်းကို တစ်ကြိမ် သောက်ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ နံနက် တစ်ကြိမ်၊ ညတစ်ကြိမ်ဖြင့် တစ်နေ့ နှစ်ကြိမ်သောက်ပေးရပါမည်။

ဤဆေးနည်းကို မြန်မာနိုင်ငံ ခေတ်အဆက်ဆက်မှ မြန်မာဆေးဆရာများ အသုံးပြုခဲ့သော ဆေးနည်းဖြစ်ပါသည်။ ဆီးရောဂါများနှင့် ပတ်သက်၍ အများဆုံး သုံးသော ဆေးနည်းပင်ဖြစ်သည်။ မြန်မာ့ဆေးပညာ မှီဖုဆက်သစ်များ၊ ဆေးသုတေသီများ သိရှိစေရန် ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဆီးနည်းခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းအတွင်းတစ်လျှောက်၌ နာကျင်ကိုက်ခဲခြင်း၊ ဆီးကျဉ်ခြင်း၊ ရင်ဖြူရိနိုကျဆင်းခြင်း၊ ဆီးပူညောင်းကျခြင်း၊ ဆီးလမ်းကြောင်းတွင် ကျောက်တည်ခြင်း အစရှိသည့် ရောဂါလက္ခဏာတို့ကို ပျောက်ကင်းစေနိုင်ပါသည်။

အရိုးအဆစ်ရောင်ရောဂါ ကုသနည်း

ဤရောဂါနှင့် ပတ်သက်ပြီး ဆောင်းပါးအဖြစ် ရေးသားတင်ပြရာတွင် ကျယ်ဝန်းလှသဖြင့် စာအုပ်တစ်အုပ်ပြု၍ ရေးသားဖော်ပြမှသာလျှင် ပြည့်စုံပေလိမ့်မည်။ ပြီးပြည့်စုံသော ကုသမှုများကို ရရှိနိုင်ပါလိမ့်မည်။ ယခုတော့ လတ်တလော အိမ်တွင်း ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လက်တွေ့အသုံးပြုနိုင်သည့် ကုသနည်းတစ်လက်ကိုသာ ရေးသားတင်ပြလိုက်ရပါသည်။

အများအားဖြင့် ဖြစ်ပေါ်ခဲ့စားရတတ်သော နေရာများတွင် အထူးသဖြင့် ဒူးဆစ်၌ အဖြစ်များပေသည်။ ခြေမျ[illegible]စ်

www.burmeseclassic.com

www.burmeseclassic.com

နှင့် ခြေချောင်းကလေးများ၏ အဆစ်တို့တွင်လည်း အဖြစ်များပေသည်။ ထို့အပြင် လက်အရိုးအဆစ်များတွင်လည်း ဖြစ်နိုင်ချေရှိပေသည်။

ဤရောဂါတွင် အကြောအချဉ်များ တင်းလာခြင်း၊ နောက်ကြော၊ ဇက်ကြောများ တက်လာခြင်း၊ အိပ်ငိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဝမ်းချုပ်ခြင်း။ အသားအရေခြောက်သွေ့ခြင်း၊ ခေါင်းအုံခြင်း၊ ရွေးအန့်နှင့် ပါးစပ်အနံ့များ မကောင်းခြင်း၊ ကိုယ်လက်လေးလံ ထုံကျဉ်ခြင်း အစရှိသည့် လက္ခဏာများကို ဦးစွာ ခံစားရတတ်ပေသည်။

ထိုသို့ဖြစ်လျှင် မိမိနှင့် သင့်တော်သော ဝမ်းပျောဆေးတစ်မျိုးမျိုးကို ရွေးချယ်စားသုံးသင့်ပါသည်။ သောက်ဆေးအဖြစ် ဇာတိလဝဏ်ဆေးကြိုးကို ဂရုတ်ကောင်းဖြစ်စေ၊ ပရုတ်ဖြစ်စေ အနည်းငယ်မျှ ကဲ၍ သောက်သုံးပေးခြင်းဖြင့် ကုသနိုင်ပါသည်။ နံနက် ၈-နာရီမှ ညနေ ၄နာရီအထိ တစ်ကြိမ်မှ လေးကြိမ်၊ နာရီခြား၍ ဆင့်ကဲဆင့်ကဲ သောက်သုံးပေးနိုင်ပါသည်။ ဆေးချိန်နည်းစေပြီး ဆေးခွက်ရေ အကြိမ်များက ဆေးအာနိသင်မှာ ပို၍ထက်မြက်စေသည်။

ညနေနှင့် ညပိုင်း ကုသဆေးအဖြစ် ခြောက်ပါးဆေးကို သက်ရင်းကြီး ကဲ၍ ပထမ ဆေးတစ်ခွက်စာအဖြစ် တိုက်ကျွေးပြီး နောက်ပိုင်း ဆေးတစ်ခွက်စာကို ခြောက်ပါးဆေးနှင့် မင်းကိုးကာဆေးမှုန့်ကို ဆတူရောစပ်၍ နှမ်းဆီ၊ သဘာဝ ပျားရည်နှင့် တေဆေးပြုလုပ်ပြီး သောက်သုံးနိုင်ပါသည်။

အတွင်းသောက်ဆေးနှင့် အပြင်လိမ်းဆေးများ တွဲဖက်ကုသသင့်သည့် ရောဂါဝေဒနာများလည်း ရှိသေးသည်။ ထိုရောဂါများတွင်လည်း ဤစနစ်ကို အသုံးပြုသင့်ပေသည်။

လိမ်းဆေးအဖြစ် တြိကဋ္ဌက်ဆေးမှုန့်တစ်ဆ၊ မင်းကိုကာဆေးမှုန့်တစ်ဆကို နှမ်းဆီနှင့်ချက်၍ လိမ်းပေးပါ။ နေ့လယ်ပိုင်းတွင် ဒဏ်ကို ကြေစေသော သက်ရင်းကြီးပြုတ်ဆေးရည်ဖြင့် ခါးအောက်ပိုင်းကို ဆွေးထုတ်ပေးပါ။ သက်ရင်းကြီးရွက်ကို ကြော်ထုပ်တိုးပေးနိုင်ပါသည်။

အအေးဒဏ်နှင့် အပူဒဏ်ကြောင့် ဖြစ်ပွားသောရောဂါကုသနည်း

ငါးရှဉ့်ပန် ငါးကင်ခြောက်ကို ဆီးပြူးသီးနှင့် ရောပြုတ်၍ အရိုးထွင်ပြီး ကြိတ်မှန့်ရွက်၊ နှမ်းဆီစစ်စစ်၊ ဂရုတ်ကောင်း အိမ်သုံးဆားဖြင့် မကြာခဏ ချက်စားပေးခြင်းဖြင့် အပူဒဏ်ကြောင့် ဖြစ်သော ရောဂါဝေဒနာများနှင့် အအေးဒဏ်ကြောင့် ဖြစ်သော ရောဂါဝေဒနာတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

ခရုသင်းရောဂါ

သခ် (ဝါ) ခရုသင်းရောဂါ၊ ကိလာသ (ဝါ) အရေပြားပေါ်၌ အပြူးကွက်၊ အဝါကွက်၊ အပြောက်အစင်းထင်သော ရောဂါ၊ မီးလောင်နာ၊ အမာရွတ် စသည့် ရောဂါလက္ခဏာများကို အလွယ်ဆုံးနှင့် အပြန်ဆုံး ပျောက်ကင်းစေနိုင်သော အဲ့ဖွယ် ဆေးပင်မှာ ကြိတ်မှန်ပင် ဖြစ်ပေသည်။

ခရုသင်းကွက်၊ သမင်ပြူးကွက်၊ သမင်နီကွက်၊ သမင်ဝါကွက် စသည်တို့အတွက် ကုသဆေးအဖြစ် ကြိတ်မှန်ရွက်-ရက္ခမူဆားကို ကုသရာတွင် အသုံးဝင်ပေသည်။

အရေပြားရောဂါလိမ်းဆေး

အရေပြားရောဂါလိမ်းဆေးအဖြစ် ကြိတ်မှန့်ပင်အဖြစ် တစ်ဆ၊ ဖန်ခါးမြစ်တစ်ဆ၊ ကန့်ချွဉ်နီပြစ် တစ်ဆတို့ကို ပြေအိုးတွင် ထည့်၍ မီးကျွမ်းအောင် ဖုတ်ပါ။ ပြာအဆင့်အထိ ရောက်လျှင် ၎င်းပြာအား ဆန်ဆေးရည်နှင့် ဖျော်၍ လိမ်းဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ ခရုသင်းရောဂါ၊ အစက်အပြောက်ရောဂါနှင့် သမင်သဖန်ခေါ်သော ပန်းရောင်အကွက်အဆင်းများကို လျင်မြန်စွာ ပျောက်ကင်းစေနိုင်ပါသည်။

သကျည်းကိုက်ရောဂါဆေး

ကြိတ်မှန့်ရွက်ကို ပါးပါးလှီးဖြတ်ပြီး ပတဲကောအနည်းငယ်ကို ရောစပ်ကာ ကြက်သွန်နီ၊ နှမ်းဆီ၊ အိမ်သုံးဆား၊ ရေတို့နှင့် ငါးကျည်းခြောက်ကို နှိုင်နှိုင်ထည့်၍ သံပရာရည်ညှစ်ပြီး စားသုံးပေးခြင်းဖြင့် အကြောအချဉ်များနှင့် ပတ်သက်သော ရောဂါဝေဒနာများကို ပျောက်ကင်းစေနိုင်ပါသည်။ ကိုယ်ဝန်ရှိစဉ် ထိခိုက်မိ၍ ဒဏ်ရာရရှိပြီး၊ ကုသရာတွင် ပျောက်ကင်းသော်လည်း နောက်တစ်ကြိမ် ကိုယ်ဝန်ပြန်လည် ရလာချိန်တွင် ရောဂါဟောင်း ပြန်ထလာခြင်း၊ သကျည်းကိုက်ရောဂါဖြစ်ခြင်း စသည်တို့ကို သက်သာပျောက်ကင်းစေနိုင်သော ဆေးဖက်ဝင် ဟင်းလျာတစ်လက်ဖြစ်ပေသည်။

* * *

ဇကျာ်တင့်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့် (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွဋ်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

တနင်္ဂနွေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ပျဉ်းမ (၅)ညွှန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၁၅)ညွှန့်နှင့် ထီးပြူ (၁၅)လက်တို့ကို သွားရောက်လှူဒါန်းကာ မိမိလိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ပျဉ်းမ (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်းကာ မိမိလိုရာဆုကို တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ကိတ်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက်(၉)ညွှန့်နှင့် တံခွန်ကုက္ကား(၉)စုံကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ဖြင့် မိမိရောင်းချလိုသော ကုန်ပစ္စည်းများကို ရိုက်ပါ။

ထီကံကြမ္မာ - (၉)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

တနလ်းသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနလ်းနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူတွင် ထီးဖြူ(၁၀) လက်နှင့် နှင်းဆီ (၁၀)ပွင့်တို့ကို မွေးနံ့ထောင်တွင် လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့သေန ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင်တွင် ရှိသော ဘုရားရှင်၏ ရင်ဘတ်တော်ကို ဒူးခွေ၍ မိမိလိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင်တွင် အင်ကြင်း (၃)ညွှန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တန်ခိုးမွေးထောင်တွင် သိဖိုင်ဥ (၆)ညွှန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - အင်္ဂါနေ့သေန ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင်တွင် ဩဇာ (၁၄)ညွှန့် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင်တွင် နာနတ်ယို (၉)ကျပ်သားခန့်ကို သွားရောက်လှူဒါန်းကာ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တန်ခိုးမွေးထောင်တွင် ဆီးယို (၉)ကျပ်သားခန့် လှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သိဖိုင်ဥ (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၈)ထိပ်စီး၊ (၈)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။

အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင်တွင် ထန်း (၁၀)ညွှန့် ဒူးရင်းပို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့သေန ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ရေသာစေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး(၉)ဘူးကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် သရက် (၉)ညွှန့် ဆီမီး (၉)တိုင်နှင့် ရေသာစေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနလ်းနေ့သေန ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ခရေ (၉)ညွှန့်နှင့် ရေသာစေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စီပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနလ်းနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို ငွေ (၉၀၀)ကျပ်လှူပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့် လှူဒါန်းပါ။

ထီကံကြမ္မာ - (၉)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နှင့်နက် ဥနာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း(၉)လုံးနှင့် လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေလောင်းစေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စီပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နှင့်နက် ဥနာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၁၅)ညွှန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၁၈)ပတ်စီပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂနေနှင့်နက် ၇နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္္ဂလာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နှင့်နက် ဥနာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေပြိုပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နှင့်နက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကား(၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နှင့်နက် ဥနာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကား ရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နှင့်နက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၃)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (၈)အက္ခရာပါသောထီကို ရွေးထိုးပါ။

ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နှင့်နက် ဥနာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကဲ့ကော် (၁၅)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စီပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နှင့်နက် ဥနာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စီမ်း (၈)ညွှန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္္ဂနွေနေ့နှင့်နက် ဥနာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်း လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နှင့်နက် ဥနာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွှန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်္ကြင်း (၂၁)ညွှန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နှင့်နက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (၁)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၁၀)ညွှန့်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စီပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ဆီး(၈)ညွှန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၂၇)ပတ်စီပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၇)ညွှန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ် / ကား ရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၄)ညွှန့်ကို တရော်ကင်ပွန်းနှင့် ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (အ)အက္ခရာပါသောထီကို ရွေးထိုးပါ။

စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ရာဟုထောင့်တွင် အုန်းသီးတစ်လုံးကို အဝလုပ်၍ ရွက်လှ (၄)ညွှန့်ကို ထိပ်ဝတွင် စိုက်ပြီး ဂြိုဟ်တံခွန် (၉)လက်နှင့်အတူ လှူဒါန်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စီပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၁၅)ညွှန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စီပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဝိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သိပ္ပိန္ဒ (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် လွန်ခဲ့သော ၁၀ နှစ်ခန့်က သူငယ်ချင်း တစ်ဦး၏ ခေါ်ဆိုမှုအရ အကျွတ်အလွတ်ပဲ ကျင်းပသည့် သခင်ရွှေငြိမ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုစဉ်က ဘုန်းတော်ကြီး တစ်ပါး(ဘွဲ့အမည် မမှတ်မိတော့ပါ)၏ မိန့်ဆိုမှုကို မှတ်သား မိခဲ့ပါသည်။ မိမိ၏ မိဘ၊ ဆွေမျိုးဥာတိများ သေဆုံးသွားပါက ၎င်းတို့အတွက် ရည်စူးပြီး ကုသိုလ်ဒါနပြုလုပ်ရာတွင်

ဆွေမြင့်
(ကျောက်ဆည်)

တမလွန်ဘဝသို့ ရောက်ရှိနေသော မိဘဆွေမျိုးတို့အား ပြတ်ဒေါနာခြင်း

www.burmeseclassic.com

www.burmeseclassic.com

တမလွန်ရောက်သူများကို ကုသိုလ်အကျိုး သာဓုခေါ်ဆိုနိုင်ရန် မည်သို့ ဖိတ်ကြားခေါ်ဆောင်ရမည်ကို စာရွက်များ ဝေ၍ ရှင်းလင်းမိန့်ကြားခဲ့ပါသည်။ စာရေးသူ၏ ကွယ်လွန်သွားကြပြီဖြစ်သော မိဘနှစ်ပါးနှင့် အိမ်သူ သက်ထားအတွက် ရည်စူး ကုသိုလ်ကောင်းမှုပြုတိုင်း ဘုန်းဘုန်း မိန့်ကြားသည့် အတိုင်း ဖိတ်ခေါ်မှု၊ အကူအညီတောင်းခံမှု ပြုပြီးမှ ရည်စူး ကုသိုလ်ပြုလုပ်ခဲ့ရာ ထိရောက်မှုရှိကြောင်း တွေ့ကြုံရပါသည်။

မိရိုးဖလာ ပုဒ္ဓဘာသာဝင်များ၏ "တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း" ဆိုသလို ကွယ်လွန်သူများအား ခေါ်ဆို ဖိတ်ကြားမှုအမျိုးမျိုး ကျင့်ပြားခြားနားမှုကြောင့် တမလွန်ရောက်သူများကို ဖိတ်ခေါ်နည်းများထဲမှ စာရေးသူ လုပ်ဆောင်နေသော ဖိတ်ခေါ်နည်းအား တင်ပြခြင်းဖြစ်ပါသည်။

တမလွန်ရောက်နေသူများသည် သေခါနီးဆဲဆဲတွင် ဖြစ်ပေါ်လာသော ဇောကြောင့် ဘဝကူးကောင်းသူ ရှိသလို၊ မကောင်းသူများလည်း ရှိကြပါသည်။ ကွယ်လွန်သူများ လားရာဘုံဘဝ ၅ဘုံရှိရာ ရည်စူး ကုသိုလ်ရရှိနိုင်သည့် ဘုံဘဝသည် ပြိတ္တာဘုံဘဝသာ ဖြစ်သည်။ ဤဘုံဘဝသည် စိတ်စွဲလမ်းမှု မမုန်ကန်၍ ရောက်ရှိရခြင်းဖြစ်သည်။ လူသည် သံယောဇဉ်များသောသူများ ဖြစ်ပါသည်။ မိမိနှင့် အနီးစပ်ဆုံး နေကြသူများအပေါ်၌ လည်းကောင်း၊ ပစ္စည်းဝတ္ထုများအပေါ်၌ လည်းကောင်း စွဲလမ်းမှု အားကြီးသူများပီပီ သေခါနီးဆဲဆဲ၌ စွဲလမ်းမှု မမုန်ကန်မှုအပေါ် နိမ့်ကျဆင်းရဲသော ဘုံဘဝသို့ သက်ဆင်းရသူများ များပြားမည်ဖြစ်ပါသည်။ သို့ပါ၍ နိမ့်ကျဆင်းရဲသော ဘုံဘဝမှ မြင့်မားချမ်းသာသော ဘုံဘဝသို့ ကူးပြောင်းစေရန် ကျန်ရစ်သော မိသားစု၏ တမလွန်ရောက်သူကို ဖိတ်ကြားခေါ်ဆိုမှု မှန်ကန်ရန် လိုအပ်ပါသည်။

ကွယ်လွန်သွားသူများအတွက် ရည်စူး အလှူဒါနပြုရာတွင် ကွယ်လွန်သူအား ကုသိုလ်သာဓုခေါ်နိုင်ရန် ဖိတ်ခေါ်မှုများ အမျိုးမျိုးကျင့်ပြားနေသော်လည်း လုပ်ဆောင်ကြရသည့် ကုသိုလ်ရမှုမှာ အတူတူပင်ဖြစ်သည်။ သေဆုံးသူများအား အိမ်တွင် သုံးရက်၊ ငါးရက် စသည်ဖြင့် ထားပြီးမှ သင်္ဂြိဟ်ခြင်းသည် မိမိတို့၏ မိသားစုအခြေအနေအရ ထားကြခြင်းဖြစ်သည်။ သို့သော် ရက်လည်ဆွမ်းကပ်၍ သေဆုံးသူအတွက် အလှူဒါနပြုခြင်းသည် သေဆုံးသူ၏ မိသားစုဝင်တိုင်း ပြုလုပ်ကြမြဲ ဖြစ်ပါသည်။ လပတ်လည်၊ နှစ်ပတ်လည် စသည့် ကုသိုလ်ဒါနပြုမှုတို့သည် ကျန်ရစ်သူ မိသားစုဝင်တိုင်း ပြုလုပ်နိုင်ကြသည် မဟုတ်ပါ။ ၎င်းတို့၏ စီးပွားရေးအခြေအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြုလုပ်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် သေဆုံးသူ၏ ရည်လည်တွင် ပြုလုပ်သည့် အလှူဒါနသည် ဒေသတိုင်းရှိ ဗုဒ္ဓဘာသာဝင်တိုင်း ပြုလုပ်သည့် ဓလေ့ထုံးစံဖြစ်သဖြင့် ဤရက်လည်တွင် သေဆုံးသူအား ဖိဖိစီးစီး ဖိတ်ခေါ်မှု မှန်ကန်ပါက ထိရောက် အကျိုးရှိမည်ဖြစ်ပါသဖြင့် ဤစာစုကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

ကွယ်လွန်သူအတွက် ရည်စူး အလှူဒါနပြုလုပ်မည့် နေ့ရက်မတိုင်မီ အနီးဆုံးရက်နေ့ ညနေ နေဝင်ခါနီးနှင့် ဆွမ်းကပ် အလှူဒါနပွဲပြုလုပ်မည့်နေ့ နံနက်စောစောတွင် ရည်စူး အလှူဒါနပွဲပြုလုပ်မည့် အိမ်ရှေ့ လမ်းပေါ်မှ ကွယ်လွန်သူ၏ အမည်တပ်၍ သုံးကြိမ်တိုင်တိုင် ဖိတ်ခေါ်ရပါမည်။ ဤသို့ ဖိတ်ခေါ်ရာတွင် ကွယ်လွန်သွားသူများ၏ နယ်ပယ်၌ အနှောင့်အယှက် အဟန့်အတားများ ရှိနေကြပါသည်။ လူ့ဘဝလောကမှာကဲ့သို့ ကြီးသူက ငယ်သူကို အနိုင်ကျင့်ခြင်း၊ ကုသိုလ်ရသွား၍၊ တစ်နည်းအားဖြင့် သာဓုခေါ်နိုင်သွား၍ ကောင်းသောဘဝသို့ ကူးပြောင်းသွားမည်ကို မလိုလားခြင်း တို့ကြောင့် အလှူဒါနပြုမည့်နေရာသို့ မသွားရောက်နိုင်ရန် သာဓုခေါ်မည့် ကွယ်လွန်သူအား အဝေးသို့ ခေါ်သွားခြင်း၊ မတရား ထိန်းချုပ်ထားခြင်းများ ပြုလုပ်ကြပါသည်။ ထိုသို့ အနှောင့်အယှက် အဟန့်အတားများ မပြုလုပ်နိုင်ရန် တမလွန်ရောက်နေသူများကို ထိန်းသိမ်း စောင့်ရှောက်ထားသည့် အေဆိုင်ရာ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို အမျှပေး ဝေ၍ တစ်ဆက်တည်း အကူအညီတောင်းခံ ပန်ကြားထားရန် လိုအပ်ပါသည်။ ထို့ကြောင့် တမလွန်ရောက်သူကို လာရောက် သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ရန် ဖိတ်ခေါ်မှုနှင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရောက်ထားသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို အကူအညီတောင်းခံနည်းများကို တစ်ဆက်တည်း တင်ပြအပ်ပါသည်။

အောက်ပါ ဖော်ပြချက်မှ ကွက်လပ်ချန်ထားမှုများသည် ကွယ်လွန်သူနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဖြည့်စွက်ရန်ဖြစ်သည်။ ဖိတ်ကြားရာ၌ ကွယ်လွန်သူ၏ ဆွေမျိုး၊ အနီးစပ်ဆုံး ပုဂ္ဂိုလ်မှ သုံးကြိမ် အသံထွက်၍ (စိတ်ထဲမှ မဟုတ်ပါ) ဖိတ်ခေါ်ရပါမည်။

◈◈◈

----------ရက်နေ့က နေအိမ်/လမ်း/ဆေးရုံ/နိုင်ငံခြားမှာ သေဆုံးသွားတဲ့ ----------သား/သမီး

www.burmeseclassic.com

www.burmeseclassic.com

ဦး/ဒေါ်----------ကို သား/သမီး/လင်သား/ဇနီးဖြစ်တဲ့ ဦး/ဒေါ်/မ/မောင်----------က ဖိတ်ခေါ်ပါတယ်။ ----------ခု၊ ----------နေ့၊ နံနက်( )နာရီမှာ ရက်လည်/ ----------လပြည့်/ ----------နှစ်ပြည့် ရည်စူးပြီး အလှူဒါနပြု အမျှပေးဝေမှာဖြစ်တဲ့အတွက် ----------ရပ် နေအိမ်ကို လာရောက်ပြီး အတူတကွ အလှူဒါနပြု သာဓုခေါ်ဖို့ရာ လှာပါလို့ ဖိတ်ခေါ်အပ်ပါတယ်။

ကွယ်လွန်သူကို ဖိတ်ခေါ်ပြီးနောက် ဆက်လက်၍ ကိုယ်နေထိုင်ရာအရပ်၊ ဒေသအလိုက် စောင့်ရှောက်ကြတဲ့ ဘိုးဘိုးကြီးတွေ၊ ပဂိုလ်တွေကို မေတ္တာပို့ အမျှပေးပြီး အကူအညီတောင်းခံရန် ဖြစ်ပါတယ်။

----------ဘိုးဘိုးကြီးနဲ့တကွ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့တော်ရှင်၊ ရွာတော်ရှင်၊ ကွင်းပိုင်၊ နယ်ပိုင်၊ ဒေသပိုင်များအားလုံးကို ကျွန်တော်/ကျွန်မတို့ ယခင်-ယခု ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးပို့ပါတယ်။ အမျှ...အမျှ...အမျှ... ယူတော်မူကြပါ။ သာဓုခေါ်တော်မူကြပါ။

သာဓုခေါ်ရန် ခေတ္တစောင့်၍ ဆက်လက် အကူအညီတောင်းခံရပါမည်။

ကျွန်တော်/ ကျွန်မတို့ ပေးပို့တဲ့ အမျှမေတ္တာ ကုသိုလ်ရဲ့ အဖို့ဘာဂတွေကို ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာခေါ်ဆိုကြပြီးလျှင် ----------ရက်နေ့က ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်တော် / ကျွန်မတို့ရဲ့ အဖေ/အမေ/ဇနီး/ခင်ပွန်းဖြစ်တဲ့ ဦး/ဒေါ်----------ကို ----------ရက်၊ နံနက် ( )နာရီအချိန်မှာ ကွယ်လွန်သူ ဦး/ဒေါ်-------- အတွက် ရည်စူးပြီး ပြုလုပ်သော ရက်လည်/ ---------- လပြည့်/ ----------နှစ်ပြည့် အလှူဒါနပွဲကို ကွယ်လွန်သူ ဦး/ဒေါ် ---------- ဧရောက်ရှိနေတဲ့ ဘဝ၊ ရောက်ရှိနေတဲ့ နေရာကနေ အလှူဒါနပွဲ ပြုလုပ်မယ့် ----------ရပ် နေအိမ်ကို လာနိုင်အောင် ကူညီပြီး အကြောင်းကြားပေးကြပါ။ စေလွှတ်ပေးတော်မူကြပါ။ သူလာရာ လမ်းခရီးမှာလည်း အနောင့်အယှက်၊ အဟန့်အတားများ ရှိနေပါက ကူညီပြီး ဖယ်ရှား ရှင်းလင်းပေးတော်မူကြပါ။ နေအိမ်အတွင်း ဝင်ခွင့်ပေးတော်မူကြပါလို့ အနှုးအညွတ် ပန်ကြားအပ်ပါတယ် ခင်ဗျား/ ရှင့်။

သုံးကြိမ်တိတိ အသံထွက်၍ အကူအညီတောင်းခံပြီးနောက် အထက်ပါ ပဂိုလ်တို့ထက် အဆင့်မြင့် ပဂိုလ်များထံကိုလည်း ဆက်လက် အကူအညီတောင်းခံရပါမည်။

ကျွန်တော် / ကျွန်မတို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြကုန်သော ပဂိုလ်ထူး၊ ပဂိုလ်မြတ်အပေါင်းတို့နှင့် တကွ နတ်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့အား ရည်မှန်း၍ လည်းကောင်း၊ ကျွန်တော် / ကျွန်မတို့ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှမေတ္တာပေးပို့ပါတယ်။ အမျှ...အမျှ...အမျှ...ယူတော်မူကြပါ။ သာဓုခေါ်တော်မူကြပါ။

သာဓုခေါ်နိုင်ရန် ခေတ္တစောင့်ပြီး ဆက်လက် ပန်ကြားအကူအညီတောင်းခံရန် ဖြစ်ပါသည်။

ကျွန်တော် / ကျွန်မတို့ ပေးပို့သော အမျှမေတ္တာကုသိုလ်၏ အဖို့ဘာဂတို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုတော်မူကြပြီးလျှင် ကွယ်လွန်သွားလေပြီဖြစ်သော ကျွန်တော် / ကျွန်မ၏ ဖခင် / မိခင် / ဇနီး/ခင်ပွန်းဖြစ်သူ ဦး/ဒေါ်----------ကို ----------ရက်နေ့ နံနက် ( )နာရီအချိန်မှာ ကွယ်လွန်သူ ဦး/ဒေါ်-------- အတွက် ရည်စူးပြီး ပြုလုပ်မယ့် ရက်လည်/ -------လပြည့်/ ----------နှစ်ပြည့် အလှူဒါနပွဲ ပြုလုပ်သော -------ရပ် နေအိမ်ကို ရောက်အောင် စေလွှတ်ပေးတော်မူကြပါ။ အနောင့်အယှက် အဟန့်အတားများကိုလည်း ဖယ်ရှား ရှင်းလင်းပေးတော်မူကြပါရန် အနှုးအညွတ် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်ခင်ဗျား/ရှင့်။

သုံးကြိမ်တိတိ သေသေချာချာ ပန်ကြားရန်ဖြစ်ပါသည်။

ကွယ်လွန်သူအတွက် ရည်စူးပြီး ရက်လည်ဆွမ်းကပ်ရာ၌ မိမိတို့၏ အင်အားအလျောက် လှူဖွယ်ပစ္စည်းထည့်ဝင် လှူဒါန်းပါက ပိုမိုဖြစ်ထွန်း အောင်မြင်ပါသည်။ **လှူဖွယ်** ပစ္စည်းမှာ သင်္ကန်းအဓိက ထား လှူဒါန်း၍ ထိ။ **ဖိနပ်၊** ယပ် ပါဝင်နိုင်အောင် လှူဒါန်းပါက ပို၍ကောင်းမွန်ပါသည်။

တမလွန်ဘဝသို့ ရောက်နေသူတိုင်း သုဂတိဘုံသို့ ရောက်ရှိစေကြောင်း မေတ္တာ ဆန္ဒမွန်ဖြင့်...■

* * *

ဧဆွဖြင့်(ဓနုဂ်ဆည်)

www.burmeseclassic.com

www.burmeseclassic.com

ဇလွန်ကျော်ဦး
နှတ်ဆိုးကောင်မလေး



ပန်းချီစံလွင်ဇော

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခေါက် ကျွန်တော်တို့ သင်္ဘော ခရီးထွက်ရန် အော်ဒါရပြီး သွားရမည့်ခရီးစဉ်က "နတ်ဒိုးရွာ"ဖြစ်သည်။ ထို့ကြောင့် သင်္ဘောအတွက် ရေ၊ မီး၊ ဆီ ရိက္ခာပြည့်စုံရန်အတွက် ကြိုတင်ပြီး အသင့်ဖြစ်အောင် လုပ်ရသည်။ အားလုံး အသင့်ဖြစ်မှ ခရီးစတင်ထွက်ခဲ့ရသည်။

အမှန်တော့ ကျွန်တော် တာဝန်ထမ်းဆောင်နေရသည့် သင်္ဘောက ကုန်တင်အမျိုးအစား ဇက်ကလပ် သင်္ဘောဖြစ်သည်။ သင်္ဘောက ဝမ်းပြားပြီး သင်္ဘောဦးတွင် အတက်အဆင်းတံခါး တပ်ဆင်ထား၍ ကားကြီး၊ ကားငယ်များနှင့် ကြီးမားသည့် ကုန်ပစ္စည်းများကိုသာ တင်ဆောင်နိုင်သည့် သင်္ဘောဖြစ်သည်။

ကျွန်တော်တို့ သွားရမည့် ခရီးစဉ်က အဆန်ခရီးဖြစ်၍ ရက်ပေါင်းအတန်ကြာ ကြာမြင့်မည်ဖြစ်သည်။ ကျွန်တော်တို့သင်္ဘော ဇရောဝတီမြစ်ကို ဆန်တက်ပြီး လာခဲ့ရာ နတ်ဒိုးရွာသို့ ရောက်ရှိသည်။ သင်္ဘောတွင် ပါလာသည့် ကုန်သည်တွေကြီးများက ကြီးမားသည်။ ကုန်ချရန် ဝန်ချိစက်ကြီးများ ရောက်မလာသေး၍ ရက်အတော်ကြာ စောင့်ရမည်ဖြစ်၍ ကျွန်တော် ပျော်သွားသည်။

ယခင်က ကျွန်တော်တို့ နတ်ဒိုးရွာသို့ ကုန်ပစ္စည်းတစ်ခေါက် နှစ်ခေါက် ပို့ခဲ့ဖူးသော်လည်း ရက်ကြာကြာမနေခဲ့ရ။ သင်္ဘော ကုန်ချပြီး ပြန်ထွက်ခဲ့ရသည်။ ယခု ကုန်ချရက် ကြာမည်ဖြစ်၍ ကျွန်တော်တို့ နတ်ဒိုးရွာနှင့် ဆက်လျက်နီးပါးရှိသည့် နတ်ဒိုးတောင်ကို စိတ်ဝင်စားနေမိခြင်းဖြစ်သည်။

"နတ်ဒိုးတောင်က သိပ်အံ့ဩဖို့ကောင်းတယ်ဗျ။ တော်ရုံတန်ရုံလူ မသွားရဲကြဘူး။ နတ်ဒိုးတောင်က နတ်ကြီးတယ်ဗျ"

ကျွန်တော်သည် အံ့အဲ့ဖွယ်ဖွင်းနှင့် တွေမြင်နေရသည့် နတ်ဒိုးတောင်ကို ကြည့်မိရင်း နတ်ဒိုးရွာသား ပြောသည့် စကားကြောင့် နတ်ဒိုးတောင်ကို ပို၍စိတ်ဝင်စားသွားမိသည်။ ဒါကြောင့်လည်း ကျွန်တော် ဆီလောင်းဖြစ်သူ ဦးတင်ကို စကားစ,လိုက်မိသည်။

"ဦးလေးတင်...ဒီတစ်ခေါက် သင်္ဘောကုန်ချမှာ ရက်ကြာမယ် ဆိုတော့ ကျွန်တော် နတ်ဒိုးတောင်ကို ရောက်ဖူးအောင် သွားချင်တယ်"

"သွားလေကွာ။ ဒါပေမယ့် နတ်ဒိုးတောင်က နတ်ကြီးတယ်ဆိုတာ မင်းလည်း သိသားပဲ"

"ဘာ... နတ်ကြီးတယ် ဟုတ်လား ဦးတင်။ ကျုပ်က နယ်ပေါင်းစုံအနှံ့ တာဝန်ထမ်းလာတာဗျ။ ဘာနတ်ကိုမှ ကျုပ်က မယုံဘူး"

ကျွန်တော်နှင့် ဦးတင် နတ်ဒိုးတောင် သွားရန် စကားပြောဆိုနေစဉ် ရုတ်တရက် ကြားလိုက်ရသည့် စကားဆရာ ဦးညွှန့်စကားသံကြောင့် ကျွန်တော် အံ့သြသွားသည်။

"စက်ဆရာရယ်...သူရုပ်၊ သူ့ဓလေ့ဆိုတာ ရှိတယ်လေဗျာ။ ခု နတ်ဒိုးတောင်က နတ်ကြီးလို့ နတ်ဒိုးရွာသားတွေတောင် မသွားရဲကြဘူးမဟုတ်လား"

"ဒီဗျာ... ဒီလူတွေက နတ်ကို တွေးပြီး ကြောက်နေတာ။ ဟေ့ကောင် မောင်ကျော်၊ မင်းတို့ နတ်ဒိုးတောင်သွားရင် ငါလိုက်မယ်။ အဲဒီမှာ နတ်တွေ တကယ်ရှိ,မရှိ လက်တွေ့ငါကြည့်ချင်တယ်"

စက်ဆရာ ဦးညွှန့်က အကျင့်ရှိသည်။ အရက်ဝင်မိလျှင် ပါးစပ်က စည်းကမ်းမရှိတော့။ ပြောချင်ရာ ပြော၊ ဆိုချင်ရာ ဆိုတတ်သည်။ ယခုလည်း မူးမူးနှင့် ပြောနေ၍ ကျွန်တော် နတ်ဒိုးတောင် သွားချင်သည့်ကိစ္စအတွက် စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားမိသည်။

"ဘယ်လိုလဲ မောင်ကျော်၊ မင်း နတ်ဒိုးတောင်က နတ်ကို ကြောက်နေပြီလား။ ငါ့အတွက် စိတ်မပူပါနဲ့ကွာ။ ငါ့မှာ အဆောင်ရှိပါတယ်။ ဟောဒီမှာ ကြည့်"

စက်ဆရာ ဦးညွှန့်က အသင့်ဝယ်ထားသည့် အရက်ပုလင်းများကို ပြပြီး ပြောနေသည်။

"ကဲပါကွာ၊ ငါလည်း လိုက်မယ်။ စက်ဆရာနဲ့ဆိုတော့ အဖော်စုံသွားတာပေါ့"

စက်ဆရာ ဦးညွှန့်စကားကြောင့် ဆီလောင်း ဦးတင် မနေသာ။

ဆီလောင်း ဦးတင်က ကျွန်တော်နှင့် တစ်နယ်တည်းသားဖြစ်၍ ကျွန်တော့်ကို တူလို၊ သားလို သဲယောင်ငဲ့ရှိသူဖြစ်သည်။ ကျွန်တော်က သင်္ဘော ဘယ်ခရီးစဉ်ရောက်ရောက် ဗဟုသုတအဖြစ် သွားတတ်လာတတ်သူဖြစ်သည်။ ယခုလည်း ကျွန်တော် နတ်ဒိုးတောင်ကို သွားချင်မှန်း သိ၍ ဦးတင်က စိတ်မချ။

"ကဲ - မနက်ဖြန် စောစောသွားကြမယ်။ ထမင်းထုပ် ထုပ်ကွာ။ လမ်းမှာ ဆာရင် စားကြတာပေါ့။ ငါက ဟောဒါပါရင် လမ်းခရီး ဘယ်လောက် ဝေးဝေး သွားနိုင်တယ်ကွ"

စက်ဆရာက ဦးညွှန့်က ကျွန်တော့်ကို ပြောရင်း သူ သောက်နေကျ အရက်ပုလင်းနှင့် အမြဲတမ်း ပြည့်နေ

www.burmeseclassic.com

www.burmeseclassic.com

ကျ အမဲခြောက်ဖုတ်ကို ပြသည်။ ကျွန်တော် စက်ဆရာ ဦးညွှန့်ပါ၊ လိုက်မည်ဆို၍ မသွားလိုတော့ဟု ငြင်းပယ်ရန် ခက်နေသည်။ စက်ဆရာ ဦးညွှန့်က နယ်ပေါင်းစုံ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သော်လည်း အရက်ကို ခဲ့ခဲမင်မင် သောက်နေခြင်းဖြစ်သည်။

ပို၍ဆိုးသည်မှာ အရက်မူးလာလျှင် ထိန်းမရတော့။ အော်ချင် အော်၊ ဆဲချင် ဆဲနှင့် ပါးစပ်ထဲ ပေါက်ကရ ပြောပြီး ပွဲကြမ်းသူဖြစ်သည်။ စက်ဆရာ ဦးညွှန့်ကို ထိန်းနိုင်သူက ဦးတင်ဖြစ်သည်။ ဦးတင်က ရာထူးငယ်သော်လည်း စက်ဆရာ ဦးညွှန့်ထက် အသက်ကြီးသူ။ ဒါကြောင့်လည်း စက်ဆရာ ဦးညွှန့်ကို အမြဲတမ်း အရက်နှင့် ပတ်သက်၍ ဆုံးမနေကျဖြစ်သဖြင့် စက်ဆရာ ဦးညွှန့်က ဦးတင်ကို ရိုသေလေးစားသည်။

"မောင်ကျော်... စက်ဆရာလည်း တို့နဲ့အတူ လိုက်မယ်ဆိုတော့ လမ်းမှာ စားဖို့ အသင့်ပြင်ထားကွာ"

ဦးတင်၏ အဆုံးသတ် စကားကြောင့် ကျွန်တော် မနေသာ။ မနက်ဖြန် စောစောသွားမည့် နတ်ဒိုးတောင် ခရီးအတွက် စားစရာ၊ သောက်စရာများကို စီစဉ်ရလေသည်။

◈◈◈

"ဟူး... မောလိုက်တာကွာ၊ အမောပြေ တစ်ခွက်တော့ သောက်ထားမှဖြစ်မယ်"

အစကတည်းက ယဉ်သကို ဆိုသည့်ပမာ၊ သစ်ပင်ကြီးငယ်များ အုပ်အုပ်ဆိုင်းဆိုင်းလွှမ်ခြုံထားပြီး လျှို့မြောင် ချောက်ကမ်းပါးအသွယ်သွယ်နှင့် နတ်ဒိုးတောင်ခရီးစပြီး မကြာခင် စက်ဆရာ ဦးညွှန့်မှ စကားသံ ပေါ်လာသည်။ မနက် အဆာပြေစားပြီးကတည်းက

ကျွန်တော်တို့ သုံးဦး တောင်ပေါ်တက်ခဲ့သည်က နေပင် မွန်းတိမ်းလုနီးပါးပင် ရှိခဲ့ပြီ။

ကျွန်တော် ရောက်ဖူးချင်သည့် နတ်ဒိုးတောင်၏ သဘာဝ အခင်းအကျင်းကို လက်တွေ့ သိခွင့်ရ၍ ပျော်နေမိသည်။ ကျွန်တော် ပျော်နေမိသလောက် တစ်လမ်းလုံး အမောပြေဟု ပြောရင်း အရက်သောက်လာသူက စက်ဆရာ ဦးညွှန့်။ ဦးတင်ကတော့ စက်ဆရာ ဦးညွှန့်အလိုကျ ခေါ်လာခဲ့ရသော်လည်း နတ်ဒိုးတောင်ပေါ်တွင် တစ်ခုခုဖြစ်မှာကို စိုးရိမ်နေဟန်တူသည်။

"စက်ဆရာ...သတိလည်း ထားစမ်းပါဦးဗျာ။ ခင်ဗျားက တစ်လမ်းလုံး သောက်လာတာ။ တော်ကြာ လမ်းမှာ မူးလဲနေရင် အခက်တွေ့နေဦးမယ်"

"ဘာ... ကျုပ် မူးလဲနေရင်၊ ဟုတ်လား။ ဒီမှာ ဦးတင်၊ ကျုပ်သောက်လာတာ ကြာပြီဆိုတာ ခင်ဗျားလည်း အသိပဲ။ ကျုပ်မူးလဲလို့ ခေါ်မရရင် ပစ်ထားခဲ့ဗျာ။ ဒီတောင်မှာ နတ်တွေ တကယ်ရှိတယ်ဆိုရင် ကျုပ်ကို သဘော်ပြန်ပို့မှာ သေချာတယ်၊ ဟားဟားဟား..."

စက်ဆရာ ဦးညွှန့်က ပြောရင်း သဘောကျ ရယ်သံက ပေါ်လာသည်။ ဦးတင်က ဘာစကားမှ ဆက်မပြောတော့ဘဲ နတ်ဒိုးတောင်ကို လှည့်ပတ်ကြည့်ပြီး အတန်ကြာမှ...

"မောင်ကျော်... ဒီ နတ်ဒိုးတောင်ပေါ်မှာ အန္တရာယ်ပေးမယ့် သားကောင်ကြီးတွေ ခုထက်ထိ တစ်ကောင်မှ မတွေ့ရတာက ထူးဆန်းနေတယ်ကွ။ တို့ တွေ့ခဲ့ရတာက သတ္တဝါငယ်လေးတွေပဲ တွေ့ရတာ"

ဦးတင် ပြောလည်း ပြောစရာပင်။ ကျွန်တော့်ကြောင့်သာ ဦးတင် နတ်ဒိုးတောင်ပေါ်သို့ ရောက်ခဲ့သော်လည်း တောအကြောင်း၊ တောင့်အကြောင်းကို နားလည်တတ်ကျွမ်းကြသူများ မဟုတ်။ နတ်ဒိုးတောင်သို့ တစ်ခါမှ မရောက်ဘူး၍ ခရီးထွက်လာကြသူများ ဖြစ်သည်။

"ဦးလေးတင် ပြောတာ မှန်တယ်။ နတ်ဒိုးရွာသားတွေ ပြောသလို၊ အုံသြဖို့ ကောင်းတယ်။ ကျွန်တော်တို့ ထမင်းစားပြီး ပြန်ဆင်းကြမယ်"

"အေး ကောင်းတယ်။ စက်ဆရာကတော့ ဒီအတိုင်းဆို မလွယ်ဘူး မောင်ကျော်"

ကျွန်တော်က အသင့်ပါလာသည့် ထမင်းထုပ်ကို ဖြေပြီး စားလိုက်သည်။ ဦးတင်က ထမင်းထုပ်ကို ဖြေပြီး မစားသေးဘဲ စားဦးစားဖျားများကို တောစောင့်နတ်၊ တောင်စောင့်နတ်ကို တိုင်တည်နေသည်ကို တွေ့လိုက်ရ

www.burmeseclassic.com

သည်။

"ဟေ့လူ...ဘာလုပ်တာလဲ"

ဦးတင်က ထမင်းစားဦးစားဖျား ကို ပြောက်ပြီး ပါးစပ်က တတွတ်တွတ် ရွတ်ဆိုနေသည်ကို တွေ့လိုက်၍ စက်ဆရာ ဦးညွန့်က ပြူးတဲပြဲတဲ မျက်နှာ ဖြင့် ကြည့်ကာ ခက်ထန်စွာ မေးလိုက်သည်။

"တောထဲ တောင်ထဲဆိုတော့ မမြင်ရတဲ့ အန္တရာယ်တွေရှိလို့ စားဦး စားဖျားတင်ရတာ စက်ဆရာ"

"ခက်တာပဲဗျာ။ ခင်ဗျားတို့က တစ်ဆိတ်ရှိ ဘာမှ မမြင်ရတဲ့ နတ်ကို ပဲ ကြောက်နေရတယ်လို့ဗျာ"

စက်ဆရာ ဦးညွန့်က ပါးစပ်က တတွတ်တွတ်ပြောရင်း အသင့်ထုပ် ထားသည့် ထမင်းထုပ်ကို ဖြေပြီး ပါးလုတ်ပလောင်း စားနေသည်။ ဦးတင် က စက်ဆရာကို စကားမတုံ့ပြန်တော့ ဘဲ စိတ်ပျက်လက်ပျက်ဟန်ဖြင့် ထမင်းစားနေသည်။

"ထမင်းစားပြီးရင် ပြန်ဆင်းကြ မယ် မောင်ကျော်။ စက်ဆရာအခြေ အနေက မကောင်းဘူး"

"ဟုတ်တယ် ဦးလေးတင်။ လိုက်မယ် အတင်းပြောလို့သာ ခေါ် လာခဲ့ရတာ။ စက်ဆရာက အရက် သောက်နေတော့ ပြောလို့ ဆိုလို့ မရ တာ ခက်တယ်"

ကျွန်တော်နှင့် ဦးလေးတင် တိုင်ပင်ပြီး နတ်ဒိုးတောင်က ပြန်ဆင်း ရန် နေလုံးကို မော့ကြည့်လိုက်မိသည်။ အုပ်ဆိုင်းနေသည့် သစ်ပင်ကြီးများကြား မှ တိမ်းစောင်းနေသည့် နေမင်းအလင်း ရောင်။

"စက်ဆရာ...မကြာခင် ညနေ စောင်းတော့မယ်၊ ပြန်ကြစို့"

ကျွန်တော်နှင့် ဦးတင် ထမင်းစား နေစဉ် စက်ဆရာ ဦးညွန့်က သစ်ပင် ကြီးကို ကျော်ငိုပြီး တခေါခေါမြည်သံ နှင့် အိပ်ပိုက်နေခြင်းဖြစ်သည်။ ဦးတင် အတင်းလှုပ်နှိုး၍ အိပ်ရာနိုးပြီး ဒယီး ဒယိုင်ဖြင့် ထလာသည်။

ဦးတင်က စက်ဆရာကို ထိန်း ပြီး နတ်ဒိုးတောင်က တဖြည်းဖြည်း ပြန်ဆင်းလာမိသည်။ အတန်ကြာ သွား မိသောအခါ ကျွန်တော်တို့ တက်လာ ခဲ့သည့် လမ်းကလေးကို တွေ့လိုက်ရ ၍ ဆင်းလာခဲ့သည်။

"ငါ...ငါ ဆီးသွားချင်တယ်"

စက်ဆရာ ဦးညွန့်က ပြောပြော ဆိုဆို အနီးရှိ သစ်ပင်ကြီးဘေးတွင် မတ်တတ်ရပ် ဆီးသွားနေသည်။ ဦးတင် အချိန်မီ တားဆီးလို့ မရတော့။

"စက်ဆရာကလဲဗျာ၊ ဆီးသွား မယ်ဆို တောင်းပန်ပြီးမှ သွားပေါ့ဗျာ"

"ဘယ်သူ့ကို ကျုပ်က တောင်း ပန်စရာလိုလို့လဲ။ ဘယ်နေရာ ဆီးသွား သွား ရတယ်"

စက်ဆရာ ဦးညွန့်က ပြောမရ တော့။ မကြာမီ သစ်ပင်ချုံနွယ်များ အုပ်ဆိုင်းနေသည့် နေရာသို့ အရောက် မမျှော်လင့်ဘဲ တွေ့လိုက်ရသည်က နတ်စင်ဟောင်းလေးတစ်ခုဖြစ်သည်။ စက်ဆရာက နတ်စင်ဟောင်းကို တွေ့ လိုက်၍ အပြေးသွားပြီး ကြည့်ကာ -

"ဟာ... တွေ့ပြီ တွေ့ပြီ။ ကျုပ်ကို ခင်ဗျားတို့ မတွဲနဲ့၊ ဒီမှာ တွေ့ လား၊ ကျုပ်ပြန်ရင် စီးတော်မြင်းနဲ့ ပြန် မှာ"

စက်ဆရာက နတ်စင်ဟောင်းထဲ မှ ဟောင်းနွမ်းပျက်စီးနေသည့် မြင်းရုပ် လေးကို ယူကာ ကျွန်တော်နှင့် ဦးတင် ကို ပြပြီး သဘောကျနေခြင်းဖြစ်သည်။

"စက်ဆရာ... ဘာတွေ ပြော နေတာလဲ။ ဒီနေရာက နတ်ကြီးတဲ့ နတ်ဒိုးတောင်ဗျ"

"နတ်ဒိုးတောင်...ဘာဖြစ်လဲ၊ ကျုပ် အပြန်ခရီးအတွက် ဒီမြင်းစီးပြီး ပြန်ဖို့ ပြောနေတာ"

စက်ဆရာ ဦးညွန့်က မူးမူးနှင့် ပျက်စီးနေသည့် မြင်းရုပ်လေးကို ယူ ပြီး ဟန်ပါပါဖြင့် မြင်းစီးဟန် ပြနေ၍ ကျွန်တော် ရင်ထိတ်သွားမိသည်။

"စက်ဆရာ... ကျုပ်တို့ ပြန်ဖို့ ခရီးက သိပ်မဝေးတော့ပါဘူး။ ခင်ဗျား မပြန်နိုင်ရင် ကျုပ်နဲ့ မောင်ကျော် တွဲ ပြီး ပြန်ပါ့မယ်ဗျာ။ ဒီမြင်းရုပ်ကို ထားခဲ့ ပါ။ ကျုပ် တောင်းပန်ပါတယ်"

ဦးတင်က စက်ဆရာကို တောင်း တောင်းပန်ပန် ပြောဆိုပြီး စက်ဆရာ လက်ထဲက မြင်းရုပ်ဟောင်းလေးကို ယူပြီး နတ်စင်ဟောင်းလေးပေါ်သို့ ပြန် တင်ကာ တတွတ်တွတ်ဖြင့် တောင်း ပန်နေသည်။ ပြီး ဒယီးဒယိုင်ဖြစ်နေ သည့် စက်ဆရာကို ကျွန်တော်နှင့် ဦးတင် ဝိုင်းကူတွဲပြီး နတ်ဒိုးတောင်ပေါ် မှ တရွေ့ရွေ့ဆင်းခဲ့ကြသည်။

◈◈◈

နေလုံးက တအိအိဖြင့် အနောက်ဘက် တောအုပ်သို့ ဝင်လုဆဲ ဖြစ်သည်။ ကျွန်တော် တဖြည်းဖြည်း အလင်းရောင်နည်းပါးလာသည်ကို တွေ့ လိုက်ရ၍ အပြန်ခရီးအတွက် စိုးရိမ် သွားမိသည်။ ကျွန်တော် နတ်ဒိုးတောင် ပေါ်သို့ တက်စဉ်က အမှတ်အသားပြု ခဲ့သည့် နေရာများကို လုံးဝ ရှာမတွေ့ တော့ဘဲ လမ်းပျောက်နေခြင်းဖြစ်သည်။

"ဦးလေးတင်... ကျွန်တော်တို့ ဆင်းမယ့် အပြန်လမ်းကို ရှာမတွေ့ တော့ဘူးဗျ။ ရေမှာ ချောက်ကြီးပဲ ရှိ တယ်။ ချောက်ကြီးထဲ ခြေချော်ကျသွား ရင် မလွယ်ဘူး"

ကျွန်တော်က နက်ရှိုင်းစွာ ညည်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကို ဦးတင်က တွေးတွေးစစဖြင့် ပြောနေ၍ စိတ်ဖြေသာသွားသော်လည်း စက်ဆရာအဖြစ်က အသက်ရှင်ဖို့ထက် အသက်သေဖို့က များနေသည်။ ကျွန်တော်နှင့် ဦးတင် တောင်အောက်ရောက်တော့ နှတ်ဖိုးတောင်တစ်ခုလုံး ညအမှောင်ထုက ဖုံးလွှမ်းနေပြီဖြစ်သည်။ ညအမှောင်ထု ဖုံးလွှမ်းနေ၍ ကျွန်တော်နှင့် ဦးတင် စက်ဆရာကို ရှာဖွေဖို့ မလွယ်တော့။

"တို့ သဘော်ကို အရောက်ပြန်ကြမယ် မောင်ကျော်။ ဟိုရောက်မှ ဆလင်ကို အကျိုးအကြောင်းပြောပြီး မနက်ကျမှ စက်ဆရာကို ရှာကြမယ်"

ဦးတင်က ကျွန်တော့်ကို ပြောပြီး နှစ်ဦးသား ညအမှောင်ထဲမှ စမ်းတဝါးဝါးဖြင့် သဘော်ဆိုက်ကပ်ထားရာသို့ မှန်းစ၍ ပြန်လာခဲ့သည်။

◈◈◈

"ဦးလေးတင်... ဟို...ဟိုမှာ ကြည့်စမ်းပါဦး၊ နှတ်ဖိုးရွာက လူတွေနဲ့ တူတယ်။ မီးတုတ်တွေနဲ့ ဘာကိစ္စရှိလို့ သွားနေကြတယ် မသိဘူး"

ကျွန်တော် ညအမှောင်ကြားမှ ထူးထူးခြားခြား လှမ်းတွေ့ရသည့် မြင်ကွင်းကြောင့် ဦးတင်ကို ပြောလိုက်သည်။ မီးတုတ်ကိုင်ထားသည့် လူတစ်စုသည် ကျွန်တော်တို့သဘော်ဆိုက်ကပ်ထားသည့်နေရာသို့ တရွေ့ရွေ့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရ၍ ကျွန်တော် အံ့သြသွားသည်။

"ကျွန်တော်တို့ အမီလိုက်ပြီး မေးကြည့်ရအောင် ဦးတင်"

ကျွန်တော်က ပြောပြောဆိုဆို ညအမှောင်ထဲတွင် မီးတုတ်များ ကိုင်ဆောင်ပြီး သွားနေသည့် လူစုနောက်သို့ အပြေးလိုက်ရင်း အသံပြုလိုက်မိသည်။

ကျွန်တော် ညအမှောင်ကြားမှ ထူးထူးခြားခြား လှမ်းတွေ့ရသည့် မြင်ကွင်းကြောင့် ဦးတင်ကို ပြောလိုက်သည်။ မီးတုတ်ကိုင်ထားသည့် လူတစ်စုသည် ကျွန်တော်တို့သဘော်ဆိုက်ကပ်ထားသည့်နေရာသို့ တရွေ့ရွေ့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရ၍ ကျွန်တော် အံ့သြသွားသည်။

"ကျွန်တော်တို့ အမီလိုက်ပြီး မေးကြည့်ရအောင် ဦးတင်"

ကျွန်တော်က ပြောပြောဆိုဆို ညအမှောင်ထဲတွင် မီးတုတ်များ ကိုင်ဆောင်ပြီး သွားနေသည့် လူစုနောက်သို့ အပြေးလိုက်ရင်း အသံပြုလိုက်မိသည်။

ကျွန်တော် ညအမှောင်ကြားမှ
ထူးထူးခြားခြား
လှမ်းတွေ့ရသည့်
မြင်ကွင်းကြောင့်
ဦးတင်ကို ပြောလိုက်သည်။
မီးတုတ်ကိုင်ထားသည့်
လူတစ်စု
ကျွန်တော်တို့သဘော်
ဆိုက်ကပ်ထားသည့်နေရာသို့
တရွေ့ရွေ့ ဦးတည်သွားနေသည်ကို
တွေ့လိုက်ရ၍
ကျွန်တော် အံ့သြသွားသည်

မြင်ရသည့် ချောက်ကမ်းပါးကြီးကို ကြည့်ပြီး ဦးတင်ကို ပြောလိုက်မိသည်။ ကျွန်တော်ပြောပြမှ ဦးတင်က သတိပြုမိဟန်တူသည်။ ဝင်လုဆဲ နေရောင်ဖြင့် တွေ့မြင်နေရသည့် နေရာက ရင်ထိတ်စရာဖြစ်နေသည်။ ခန္ဓာကိုယ်က ဒယီးဒယိုင်ဖြစ်နေသော်လည်း ပါးစပ်က ပေါက်တတ်ကရပြောတတ်သည့် စက်ဆရာကြောင့် ကျွန်တော်နှင့် ဦးတင် အခက်တွေ့နေမိသည်။

"မထူးတော့ဘူး မောင်ကျော်၊ ငါတော့ ဘယ်ရောက်ရောက်၊ ဘယ်ပေါက်ပေါက် ဒီလမ်းမြောင်းလေးကပဲ ဆင်းတော့မယ်"

ဦးတင်က စက်ဆရာကို တာရည်ကူတွဲပြီး ဆင်းနေရ၍ စိတ်ရှည်ဟန်မတူတော့။ လူတစ်ကိုယ်စာ သွားနိုင်သည့် ကွေ့ကောက်နေသည့် လမ်းကလေးအတိုင်း တဖြည်းဖြည်းဆင်းလိုက်သည်။

"ဟာ...ဟိုမှာ ငါစီးမယ့် မြင်းကို တွေ့ပြီကွ၊ တွေ့ပြီ"

ကျွန်တော်နှင့် ဦးတင် ကူတွဲထားသည့် စက်ဆရာက ရုတ်တရက် အော်ပြောရင်း အတင်းရုန်းကန်၍ တောင်ပေါ်အဆင်းလမ်းကလေးအတိုင်း အပြေးသွားရင်း လိမ့်ကျသွားသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်နှင့် ဦးတင် စက်ဆရာအဖြစ်ကို ရုတ်တရက် ကြောင်ပြီး ကြည့်နေမိသည်။ တောင်ပေါ်အဆင်းလမ်းကလေးထဲသို့ လိမ့်ကျသွားသည့် စက်ဆရာသည် ရုတ်တရက် လဲနေရာမှ ထပြီး အပြေးဆင်းသွားသည်ကို တွေ့လိုက်ရပြန်သည်။

အတန်ကြာမှ ကျွန်တော်နှင့် ဦးတင် သတိရပြီး မတိုင်ပင်ဘဲနှင့် နှစ်ဦးသား တောင်ပေါ်လမ်းကလေးမှ အပြေးဆင်းသွားမိစဉ် မတ်စောက်သည့် လမ်းဖြစ်၍ လိမ့်ကျမည်ကို စိုးရိမ်ပြီး တရွေ့ရွေ့ထိန်းပြီး ဆင်းလိုက်မိသည်။

"ဦးလေးတင်... စက်ဆရာက တော့ ဒီအတိုင်းဆို သေပြီထင်တယ်။ တစ်ခုခုဖြစ်သွားရင် ကျွန်တော်တို့ မလွယ်ဘူးဗျ။ ခုလောက်ဆို ဆလင်လည်း မျှော်နေမှာ သေချာတယ်"

ကျွန်တော် စိတ်မပူလို့ မဖြစ်။ စက်ဆရာ သေဆုံးသွားလျှင် ဌာနဆိုင်ရာ အစစ်ဆေးခံရမည်မှာ သေချာသည်။ ပြီး စက်ဆရာ တောင်ဆင်းလမ်းအတိုင်း မြင်စီးသလို အပြေးဆင်းသွားသည်တာ မယုံနိုင်စရာဖြစ်နေသည်။

"တို့ လောလောဆယ် တောင်အောက်ကို ရောက်ဖို့ အရေးကြီးတယ် မောင်ကျော်။ တောင်အောက်ရောက်မှ စက်ဆရာအခြေအနေကို အတိအကျ သိရမှာကွ။ မင်း စိတ်ပူမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဗျို့... ခင်ဗျားတို့ ဘယ်သွား ကြမှာလဲ"

ကျွန်တော်အသံကြားမှ မီးတုတ် ကိုယ်စီကိုင်ထားကြသူများက မီးတုတ် များကို ကိုင်မြှောက်ပြီး ညအမှောင် ကြားမှ ထူးထူးခြားခြားတွေ့ရသည့် ကျွန်တော်နှင့် ဦးတင်ကို ကြည့်ပြီး အံ့အားသင့်နေကြသည်။

"ခင်...ခင်ဗျားတို့က ကုန်တင် သင်္ဘောက လူတွေလား"

"ဟုတ်ပါတယ်ဗျာ။ ဘာကိစ္စများ ရှိလို့လဲ"

"ဟောဒီမှာ ခင်ဗျားတို့သင်္ဘော က လူနဲ့တူတယ်။ ညမိုးချုပ်ကြီး ရွာ ထဲမှာ တစ်ယောက်တည်း ပြေးလွှား နေတာ တွေ့လို့ ကျွပ်တို့ရွာသားတွေ ဖမ်းချုပ်တော့ သတိမေ့သွားလို့ လာပို့ တာ"

နတ်ဒိုရွာသားများ စကားကြောင့် ပုခက်စောင်ဖြင့် ထမ်းပိုးလာသူကို ကျွန်တော်နှင့် ဦးတင် ကြည့်လိုက်မိ သည်။ မျက်နှာတစ်ခုလုံး ဒဏ်ရာဖရွ နှင့် သတိမေ့နေသည့် စက်ဆရာကို တွေ့လိုက်ရသည်။

"ကျွပ်တို့ မနက်ကတည်းက နတ်ဒိုးတောင်ပေါ် တက်ခဲ့တာဗျ"

"ဘာ... ခင်ဗျားတို့ နတ်ဒိုး တောင်ပေါ် တက်ခဲ့တယ်၊ ဟုတ်စ"

ဦးတင် စကားကို ကြားလိုက်ရ ၍ နတ်ဒိုရွာသားများက အထူးအဆန်း ဖြစ်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေသည်ကို တွေ့ လိုက်ရသည်။

"အဲဒါ အပြန်မှာ စက်ဆရာက တောင်ပေါ်လမ်းကနေ လိမ့်ကျသွား တာ။ ကျွပ်တို့လည်း ညအမှောင်ဖုံးနေ တော့ ဆက်မရှာနိုင်ဘဲ သင်္ဘောကို ပြန်လာခဲ့တာ"

ဦးတင်စကားကို ဆက်ကြား လိုက်၍ နတ်ဒိုးရွာသားများ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့် ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေကြ သည်။ ထိုလူများထဲမှ အသက်ကြီးကြီး ရွာသားတစ်ယောက်က ပုခက်စောင် ဖြင့် ထမ်းလာသည့် စက်ဆရာမျက်နှာ ကို တစ်ချက်ကြည့်ပြီး...

"ခင်ဗျားတို့ စက်ဆရာက နတ် ဒိုးတောင်ပေါ်မှာ တစ်ခုခုအမှားအယွင်း လုပ်ခဲ့မိလို့ နတ်တိုက်ခံရတာ ဖြစ်မယ်"

"ဗျာ...နတ်တိုက်ခံရတာ ဟုတ် လား"

နတ်ဒိုရွာသားကြီးစကားကြောင့် ကျွန်တော် အံ့သြတကြီးဖြစ်သွားမိ သည်။ နတ်ဒိုရွာသားကြီး၏ နတ်တိုက် ခံရတာဆိုသည့် စကားသံနှင့်အတူ ကျွန်တော် ဒဏ်ရာ ဖရွနှင့် သတိမေ့ နေဆဲဖြစ်သည့် စက်ဆရာမျက်နှာကို ကြည့်မိလျက်သား ဖြစ်သွားမိသည်။

"ခင်ဗျားတို့...မညာပါနဲ့ဗျာ။ ခင်ဗျားတို့ စက်ဆရာ ကျွပ်တို့ရွာထဲ မဝင်ခင် မြင်းဟီသံ၊ မြင်းခွာသံတွေ ကြားရတာဗျ။ ကျွပ်တို့လည်း အံ့အား သင့်ပြီး မီးတုတ်တွေနဲ့ ထွက်ကြည့် တော့ ဒီလူတစ်ယောက်တည်း မြင်းစီး သလို ခုန်ပေါက်ပြီး သွားနေတာကို တွေ့ရတာ။ ကျွပ်တို့ကလည်း လူစိမ်း မျက်နှာဆိုတော့ ဝိုင်းဖမ်းရတာ"

"ဟုတ်ပါတယ်ဗျာ။ နတ်ဒိုး တောင်ပေါ် ရောက်ပြီး ကျွပ်တို့ ပြန် အဆင်းမှာ စက်ဆရာက နတ်စင် ဟောင်းက မြင်းရုပ်တွေ့ပြီး..."

"ဘယ်လို...၊ ခင်ဗျားတို့ တောင် ပေါ်မှာ နတ်စင်ဟောင်းတစ်ခုတွေ့ခဲ့ တယ်...ဟုတ်လား"

ဦးတင်စကားကို ကြားလိုက်၍ နတ်ဒိုးရွာသားကြီး တအံ့တသြကြီး ဖြစ်သွားပုံရသည်။

"ဟုတ်တယ်ဗျ။ အဲဒီနတ်စင်က မြင်းရုပ်ကို တွေ့ပြီး စက်ဆရာက အရက်မူးမူးနဲ့ မြင်းစီးပြန်မယ် ပြောရင်း တောင်ပေါ်လမ်းအဆင်းမှာ လိမ့်ကျခဲ့ တာပါ"

"အင်း... ခင်ဗျားတို့ ပြောတဲ့ နတ်စင်က နတ်ဒိုးတောင်မှာ လုံးဝ မရှိဘူးဗျ။ ခင်ဗျားတို့လူ ကဲကြီးလို့ အသက်မသေခဲ့တာပဲ။ နတ်ဒိုးတောင် နတ်ကြီးလို့ တစ်ခုခုများယွင်းသွားရင် မလွယ်ဘူး။ နောင်ဆို နတ်ဒိုးတောင် သွားမယ်ဆိုရင် ကျွပ်တို့ရွာခံသား တစ်ယောက်ယောက်ကို ခေါ်ပြီးသွား ဗျာ။ ခု ခင်ဗျားတို့လူ လောလောဆယ် သတိရဖို့ ဆိုင်ရာပိုင်ရာကို တောင်းပန် ကြပါ"

နတ်ဒိုရွာသားကြီးက ပြောပြီး စက်ဆရာကို သင်္ဘောပေါ်အရောက်

www.burmeseclassic.com

www.burmeseclassic.com

ပို့ပြီး ပြန်သွားကြသည်။

ဦးတင်က စက်ဆရာအတွက် နတ်ဒိုးတောင်ကို ရည်မှန်းပြီး တောင်းပန်ကာ ပြုစုမှု စက်ဆရာ သတိရလာသည်။ စက်ဆရာ သတိရပြီး ကျွန်တော်နှင့် ဦးတင်ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားသည်။

"ဟင်... ခင်... ခင်ဗျားတို့က ကျုပ် မြင်းစီးပြီး ပြန်လာတာတောင် မီအောင် လိုက်လာတာ အံ့ပါ့ဗျာ။ ကျုပ်ဖြင့် တောင်ပေါ်မှာ မြင်းစီးလို့ ကောင်းနေတာဗျ။ ခု ကျုပ် ဘယ်လို ကြောင့် သင်္ဘောကို ပြန်ရောက်လာတာလဲ"

"ခင်ဗျားဗျာ... ကျုပ် အတန်တန် ပြောနေတာတောင် မရဘူး။ ခင်ဗျား မသေတာ ကံကောင်းတယ်။ ခင်ဗျား တောင်ပေါ်က အဆင်းမှာ လိမ့်ကျခဲ့တာ။ အဲဒါ မိုးချုပ်သွားလို့ ကျုပ်တို့က မနက်မှ ရှာဖို့ စီစဉ်နေတာ"

ဦးတင်စကားကို ကြားလိုက်ရ၍ စက်ဆရာ အံ့သြသွားဟန်တူသည်။

"ကျုပ်... ကျုပ် တောင်ပေါ်က အဆင်းမှာ လိမ့်ကျခဲ့တာ ဟုတ်လား။ မဖြစ်နိုင်ပါဘူးဗျာ။ ကျုပ် မြင်းစီးပြီး ဆင်းလာတာဗျ"

"တယ်ခက်ပါလား စက်ဆရာရယ်။ ခင်ဗျားမျက်နှာက ဒဏ်ရာတွေကိုလည်း ပြန်စမ်းကြည့်ပါဦး"

ဦးတင်ပြောမှ စက်ဆရာက သူ့မျက်နှာကို လက်ဖြင့် ပြန်စမ်းကြည့်ရင်း နာကျင် ရုံမဲ့သွားသည်။

"နတ်နဲ့ နဂိုး မလုည့်စားနဲ့ ဆိုတာ အမှန်ပဲ စက်ဆရာ။ ခင်ဗျားက နတ်ဒိုးတောင်က နတ်ကြီးတယ်ဆိုတာ မယုံဘူး။ သူ့ရုပ်၊ သူ့လေ့က ရှိပြီသား ဗျ။ ခင်ဗျား မယုံကြည်လည်း စိတ်ထဲထားပေါ့ဗျာ။ ခု ခင်ဗျားက မူးမူးရူးရူးနဲ့ ပါးစပ်က စည်းကမ်းမရှိ၊ မြင်းစီးသွားမယ် ပြောတော့ လက်တွေ့ မြင်းစီးခဲ့ရတာ မဟုတ်လား"

ဦးတင်စကားကြောင့် စက်ဆရာ ငိုင်တွေသွားသည်။ အတန်ကြာမှ သူ့အဖြစ်ကို စဉ်းစားသွားမိဟန်တူသည်။

"အေးဗျာ၊ ကျုပ်လည်း မူးမူးနဲ့ ဆိုတော့ ဘာမှ သတိမထားမိဘူးဗျ။ အဲနဲ့ ကျုပ် ဘယ်လိုနဲ့ ဒီပြန်ရောက်လာတာလဲဆိုတာ ပြောစမ်းပါဦး"

"စက်ဆရာ တောင်ပေါ်က လိမ့်ကျသွားတော့ မိုးအတော်ချုပ်သွားပြီ။ အဲဒါနဲ့ ကျွန်တော်နဲ့ ဦးတင် ဆက်မရှာနိုင်ဘဲ သင်္ဘောကို ရောက်အောင် မနည်းပြန်လာခဲ့ရတယ်။ အဲဒါ စက်ဆရာက နတ်ဒိုးရွာထဲကို ရောက်နေတာ"

"ဘယ်လို... ကျုပ်... ကျုပ်က နတ်ဒိုးရွာထဲ ရောက်နေတာ..."

စက်ဆရာက သူ ဖြစ်ပျက်ခဲ့သည်ကို ကြားလိုက်ရ၍ မယုံနိုင်အောင် ဖြစ်နေရသည်။

"ပို့ပြီး ထူးခြားတာက ခင်ဗျားက မြင်းစီးသလို ခုန်ပေါက်ပြီး နတ်ဒိုးရွာထဲမှာ ပြေးနေတာ တွေ့လို့ ရွာက လူတွေ ဝိုင်းဖမ်းပြီး သင်္ဘောကို လာပို့တာ။ တကယ်လို့များ စက်ဆရာ နတ်ဒိုးရွာမရောက်ဘဲ မြစ်ကမ်းပါးကြီးဘက် ရောက်သွားခဲ့ရင် မတွေးဝံ့စရာပဲ"

ထပ်ဆင့်ပြောလာသည့် ဦးတင်စကားသံကြောင့် စက်ဆရာ ပို၍တုန်လှုပ်သွားသည်။ ကျွန်တော်တို့သင်္ဘော ဆိုက်ကပ်ထားသည်က မြစ်ရေကျချိန် ဖြစ်၍ မတ်စောက်နေသည်။ မြစ်ကမ်းပါးပြတ်ဘေးတွင်ဖြစ်သည်။

"အေးဗျာ၊ ပြောမယုံ ကြည်ဖူးမှ သိဆိုတဲ့ စကားလိုပဲ ကျုပ်ကိုယ်တွေ့ ဆိုတော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ"

စက်ဆရာ ဦးညွှန်ကားသံနှင့် အတူ ကျွန်တော် နတ်ဒိုးတောင်ပေါ်မှ နတ်စင်ဟောင်းလေးကို အလိုလိုမြင်ယောင်သွားမိသည်။ နတ်ဒိုးရွာသားကြီး ပြောပြချက်အရ နတ်ဒိုးတောင်တွင် နတ်စင် လုံးဝမရှိကြောင်း အခိုင်အမာ ပြောလာသည့် စကားကို ကျွန်တော် မယုံကြည်လို့ မရခဲ့။

ဒါဆို စက်ဆရာက နတ်မယုံကြည်သူဖြစ်၍ နတ်ဒိုးတောင်ပေါ်တွင် အရက်မူးမူးနှင့် ပါးစပ်စည်းကမ်းမရှိဘဲ နှုတ်ကျွံပြောဆိုခဲ့မှုကြောင့် နတ်ဒိုးတောင်ရှိ ဘုမ္မစိုး၊ ရက္ခစိုးနတ်များက နတ်စင်ဟောင်းကို လှည့်စားပြီး ပြခဲ့လေသလား။

ကျွန်တော် မတွေးတတ်အောင် ဖြစ်သွားမိသည်။ လောကတွင် မမြင်အပ်သည့် အရာများစွာထဲတွင် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည့် နတ်ဒိုးတောင်ခရီးက ကျွန်တော့်တစ်သက်တွင် မမေ့နိုင်စရာ ဖြစ်ရပ်တစ်ခုပင် မဟုတ်ပါလား ■

* * *

ဇလွန်စကျင်ဦး

www.burmeseclassic.com

www.burmeseclassic.com

မင်းဘူး နဂါးပွက်တောင် မောင်နှမ

မကွေးညိုစိမ့်





ရှေစက်တော် ခြေတော်ရာဖွင့်ပွဲကို နှစ်စဉ် တပို့တွဲလဆန်း ၅ရက်၊ ဇန်နဝါရီလ ၂၀ ရက်ဝန်းကျင်မှာ ဖွင့်လှစ်ခဲ့ပြီး ပွဲတော်ကျင်းပရက် နှစ်လမှ သုံးလအထိ ကျင်းပပြီး ခြေတော်ရာပိတ်ပွဲကို နှစ်စဉ် မြန်မာနှစ်ဆန်း ၁ရက်၊ ပြေ(၁၆/၁၇)ရက်တွင် ပိတ်ပွဲ ကျင်းပပါသည်။

မကွေးမြို့မှ သွားလျှင် ၃၈-မိုင် ဝေးပါသည်။ ယခုတင်ပြမည့် နဂါးပွက်တောင်သည် မကွေးမြို့နှင့် ၅မိုင်ခန့် ဝေးပြီး မင်းဘူးမြို့အဝင် ရေနံပြင်ရပ်ကွက်တွင် တည်ရှိပါသည်။

ရှေစက်တော်သို့ မကွေးမှတစ်ဆင့် သွားကြသော ဘုရားဖူးများအားလုံး ကျွတ်ဆုန်းလသော နဂါးပွက်တောင် [illegible] လေ့လည်း လေ့လာသင့်သော နေရာဌာနတစ်ခုဖြစ်သည်။

စာရေးသူတို့ ငယ်စဉ်က ကျွန်နဂါးပွက်တောင်တွင် မြည်သည့် နတ်ကွန်းမျှ မရှိပါ။ သာမန်ရိုးရိုး ရွှံမီးတောင်တစ်ခု ဟုသာ သိပါသည်။ မသမာသူ လူတချို့က ကျွန်ရွှံမီးတောင်မှ ရွှံမှုန့်များကို ဘိလပ်မြေဖြင့်ရောပြီး ဘိလပ်မြေအတုလုပ်ကာ ရောင်းစားကြရာ အတော်စီးပွားဖြစ်ကြသည်။ မန္တလေးနှင့် ရန်ကုန် ကုန်သည်များ အတော်ခံလိုက်ကြရပါသည်။ ရွှံမီးတောင်အမှုန့်သည် ယနေ့အထိ ဘိလပ်မြေနှင့် ခွဲမရအောင် တူပါသည်။

၁၉၉၃ ခုနှစ်က ဂျပန်ပြည်မှ ဘူမိဗေဒပညာရှင်(ဟီးရိုး) ခေါင်းဆောင်သော ရေနံရာဖွေရေးအဖွဲ့မှ ကျွန် ရွှံမီးတောင်

www.burmeseclassic.com

www.burmeseclassic.com



သည် ၁၀နှစ်အတွင်း ပေါက်ကွဲလိမ့်မည်။ ဂုဗိုင်အတွင်းရှိ လူနေအိမ်ခြေနှင့် မြို့ရွာများ ပျက်စီးပြီး လူအများ သေကြေပျက်စီးလိမ့်မည်ဟု တွက်ချက်ပြီးသကာလ ရေနံရှာဖွေခြင်းလုပ်ငန်းကို ရပ်ကာ ဂျပန်သို့ ပြန်သွားခဲ့ရာတွင် စာရေးသူဦးစီးဖွဲ့၏ မိတ်ဆက်စားပွဲများ ပြုလုပ်ပေးခဲ့ရသည်။

၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၁ရက်နေ့တွင် နဂါးပွက်တောင်သည် ရှုခင်းရှည်ပွက်မှု လုံးဝ ရပ်ဆိုင်းသွားခဲ့ပြီး (အနာပြည်တည်သကဲ့သို့ ဖြစ်ကာ) အတွင်းမှာ အောင်းပြီး ပေါက်ကွဲ ထွက်မည် ပြောပါသည်။



ဂျပန်မှ ဘူမိဗေဒပညာရှင်များ ကြောက်မည်ဆိုလည်း ကြောက်လောက်ပါသည်။ ရေနံပြင်ရပ်ကွက်တစ်ခုလုံး မြေကြီးအား တွင်းအနက် တက်တောင်လောက် တူးလိုက်ပါက ဓာတ်ငွေ့များ ပန်းထွက်ပါသည်။ ၎င်းရပ်ကွက်တွင် နေထိုင်သူများသည် ထွက်လာသော ဂက်စ်များအား မီးရှို့ပြီး ထမင်းပြင်းချက်ကြပါသည်။ ထမင်းဟင်းကျက်ပါက အုတ်ခဲဖြင့် ကျင်းဝကို ပိတ်ထားပြီး လိုအပ်လျှင် ထိုအုတ်ခဲအား ဖယ်၍ မီးရှို့ပြီး ထမင်းဟင်းချက်ကြပါသည်။

နဂါးပွက်တောင်မှာ ရှုခင်းရှည်များ မထွက်ဘဲ မြို့နေရာ ကြာလျှင် ပေါက်ထွက်လာနိုင်ဖွယ်ရှိသဖြင့် ဂျပန်များ

www.burmeseclassic.com

www.burmeseclassic.com

ကြောက်ပြီး ပြန်သွားကြခြင်းဖြစ်ပါသည်။ ဤအဖြစ်အပျက်မှာ ယခုဆိုလျှင် ၄၈နှစ်ပင် ရှိသွားပြီဖြစ်သော်လည်း ထိုရွာမီးတောင်မှာ မပေါက်ကွဲသေးပါ။ မပေါက်ကွဲရခြင်း၏ အကြောင်းရင်း ဇစ်မြစ်ကို ဆန်းစစ်ကြည့်လိုက်သောအခါ အောက်ပါအတိုင်း မှတ်သား သိရှိလိုက်ရပါသည်။

နဂါးပွက်တောင်မှ ချော်ရည်များ မထွက်တော့သည့် ကိစ္စနှင့် ပတ်သက်ပြီး မင်းဘူးပြို့ အမှတ်(၁) ရပ်ကွက်မှ လူကြီးမင်းများ စုဝေးပြီး သက်ဆိုင်ရာ ဌာနများသို့ တင်ပြရာ သိပ္ပံနည်းကျ ခေတ်မီ စက်ကြီးများဖြင့် တူးဖော်ကြည့်ပါသော်လည်း လုံးဝ ချော်ရည် မထွက်သည်ကို တွေ့ရှိကြတူနေပေ၏။

နဂါးပွက်တောင် သာယာရေးအဖွဲ့မှ လူကြီးမင်းများသည် ရွှေပေါ်ကျွန်း ဆရာတော်ထံ သွားရောက်၍ ဩဂါဒ ခံယူရာတွင် ဆရာတော်ဘုရားကြီးမှ (၂၈-၇-၁၉၉၄)နေ့တွင် ကန်တော့ပွဲများ၊ လှူဖွယ်ပစ္စည်းများကို ရတနာသုံးပါး ဦးထိပ်ထား၍ အစ်မတော် သုစီတ၊ မောင်တော် နန္ဒတို့ စောင့်ရောက်နေခြင်းကြောင့်၊ ၎င်းတို့ မောင်နှမနှင့်တကွ နဂါးပွက်တောင် ဘိုးဘိုးကြီးအား မေတ္တာပို့ အမျှဝေပေးပါက နဂါးပွက်တောင် ချော်ရည်များ ပြန်လည်ထွက်လာလိမ့်မည်ဖြစ်ကြောင်း မိန့်ကြားခဲ့သဖြင့် ထိုနေ့တွင် ရွှေပေါ်ကျွန်း

သဖြင့် အစည်းအဝေး ထပ်မံခေါ်ယူ၍ အစည်းအဝေးထိုင်နေစဉ် ရုပ်ပြည်နယ်မှ မချိုဆိုသော အမျိုးသမီးရောက်လာပြီး ရွှေပေါ်ကျွန်း ဆရာတော်အား အကူအညီတောင်းရန် နဂါးမောင်နမ နှစ်ယောက်က မချိုအား ဝင်ပူးပြီး ပြောလေ၏။

မချို နတ်ဝင်ပူးသည့် ပုံသဏ္ဌာန်မှာ လွန်စွာ ထူးဆန်းလှ၏။ လက်နှစ်ချောင်းပူးပြီး နဂါးတစ်ကောင်သွားသကဲ့သို့ မြေပြင်ပေါ်တွင် ဝမ်းလျားမှောက်လျက်အနေအထားဖြင့် မြွေတစ်ကောင်သွားသကဲ့သို့ တွန့်လိမ်ကွေးကောက်၍၊ လက်နှစ်ချောင်းပူးထားသည်မှာလည်း နဂါးအမောက်နှင့် လွန်စွာ နတ်ဓိုးအဖွဲ့အား ခေါ်ယူပြီး ကန်တော့ပွဲများ ပေးခြင်း၊ မေတ္တာပို့ခြင်းများ ပြုလုပ်ခဲ့ရာ ၅နာရီ ၄မိနစ်တွင် မြွေနဂါးများ တွန်ကျူးသကဲ့သို့ ရှီ...ရှီ...ရှီဖြင့် အော်မြည်ကာ ရှဉ့်ချော်ရည်များ ပွက်လာရုံမက၊ အမြင့်သို့ပင် ပန်းထွက်လာသည်ကို တွေ့ရှိကြသဖြင့် မင်းဘူးသူ-မင်းဘူးသားများ နဂါးပွက်တောင် ပေါက်ကွဲခြင်းရန်မှ ကင်းလွတ်ကြပြီဟု ပျော်ရွှင်မှုတူးသွားကြပါသည်။

အစ်မတော် သုစီတနှင့် မောင်တော် နန္ဒတို့သည် ဒွတ္တဘောင်မင်းကြီး၏ သားတော်၊ သမီးတော်ဟူ၍ လည်း

www.burmeseclassic.com

ကောင်း။ နမ္မဒါ နဂါးမင်းကြီး၏ သားတော်၊ သမီးတော်ဟူ၍ လည်းကောင်း ပြောဆိုနေကြပါသည်။

နဂါးပွက်တောင်သည် ပေ ၃၀ ခန့်မြင့်၍ ဧလုကားထစ် ၆၀ ထစ် တက်ရသည်။ ထိပ်ဝအကျယ် ၉ပေရှိပြီး တွင်းဝ တွင် ရှုရည်များ အဆက်မပြတ် ထွက်လျက်ရှိသည်။

ရာသီအလိုက် နဂါးခေါင်းလှည့်သော အရပ်တက်သို့ ချော်ရည်များ နဂါးငွေတန်းသကဲ့သို့ ပြောင်းရွေ့ စီးဆင်းတတ် သည်မှာလည်း ထူးခြားချက်တစ်ခုဖြစ်ပါသည်။ ချော်ရည်ကို မီးရှို့ကြည့်ပါက ခေတ္တခဏ မီးလောင်သည်ကိုလည်း တွေ့ ရသည်။

အဓိဋ္ဌာန်ကြည့်ပါ။ သင်၏ လုပ်ငန်း တစ်ခုခုအောင်မြင် မည်၊ မအောင်မြင်မည်ကို ဓိဋ္ဌာန်ကြည့်ပါက သိရှိနိုင်ပါသည်။ ဥပမာ - တပည့်တော် စာမေးပွဲ အောင်မြင်မည်ဆိုပါက နဂါးခေါင်းပုံသဏ္ဌာန် ပွက်ပြပါဟု ဓိဋ္ဌာန်ကြည့်ပါက သင် အောင်မြင်မည်ဆိုလျှင် ကြီးကြီးမားမား ပွက်ပြပါလိမ့်မည်။ မအောင်မြင်ဘူးဆိုပါက သာမန်သာ ပွက်ပြပါလိမ့်မည်။ သင် ၏ လုပ်ငန်းနှင့် ပတ်သက်၍လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။

နဂါးပွက်တောင်တွင် အစ်မတော် သုစိတာ၏ ရွှေရုပ်ထု ရှိပါသည်။ ၎င်းအား ရွှေချပေးပြီး ဆုတောင်းပါက လိုရာ ပြည့်သည်ဟု သိရှိရပါသည်။

ယခင်က နတ်ကွန်းမရှိခဲ့သော နဂါးပွက်တောင်တွင် ယခုအခါ သာသနာ့အကျိုး လိုလားကြသော နဂါးပွက်တောင် ဂေါပက လူကြီးမင်းများ၏ ရိုးသား ကြိုးစားမှုများကြောင့် အဘ(မြတောင်ညို) ဆရာတော်ဘုရားကြီး၏ သြဝါဒကို ခံယူ လျက် ရန်ကုန်ပြိုမှ (ဦးမိုး+ဒေါ်စန်း) သားတပည့်များမှ နဂါး ပုံတော်များနှင့် အစ်မတော် သုစိတာနှင့် မောင်တော် နန္ဒတို့ ၏ ရုပ်ပွားတော်များကို ထုလုပ် လူးဒါန်းထားသည်ကို တွေ့ ရှိခဲ့ရပါသည်။

ရွှေစက်တော်သို့ မကွေးပြိုမှ ဖြတ်သန်းသွားလာကြ မည်ဆိုပါလျှင် ဤထူးဆန်းလှသော နဂါးပွက်တောင်ကို လွယ်ကူစွာ ရောက်ရှိနိုင်သည်ဖြစ်၍ တစ်ခါတစ်ခေါက် လာ ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် ■

သဇွေ အနိစ္စ သဒ္ဓါရ

* * *

မစကွေးညီစိန်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားငါးဆူအင်းနှင့် စပ်လျဉ်း၍

ဦးကျော် (မြည်)

၂၀၁၄-ဇန်နဝါရီလထုတ် ကဗျာရဆန်းကြယ် မဂ္ဂဇင်းကြီးတွင် ပါရှိသော (ဆရာ) ရောမြေ ထွန်းထွန်း ရေးသည့် "ဘုရားငါးဆူအင်းတော်ကြီး" ဆောင်းပါးကို ဖတ်အပြီး ဤဆောင်းပါးကို စေတနာထား အပြုသဘောဆောင် ရေးသားရပါသည်။

ဆရာ၏ ဆောင်းပါးပါ ဘုရားငါးဆူအင်းတွင် (ကွန်ပျူတာအများလည်း ဖြစ်နိုင်သည်) သံ၊ ဂုံ၊ ပ၊ မ၊ ယျ အစား သံ၊ ရုံ၊ ပ၊ မ၊ ယျ ဖြစ်နေပါသည်။

"ရုံ" မဟုတ်ပါ။ "ဂုံ" ဖြစ်ပါသည်။

ဘုရားငါးဆူ၏ ဘွဲ့တော် နောက်စာလုံးကို ရေးသွင်းထားခြင်းဖြစ်ပါသည်။

သံ - ကောဏ္ဍသံ

ဂုံ - ဂေါဏဂုံ

ပ - ကဿပ

မ - ဂေါတမ

ယျ - အရိမေတ္တယျ ဟူ၍ဖြစ်သည်။

စာဖတ်သူ ဝါသနာရှင်များ အမှတ်မမှားစေလိုရင်း ဖြစ်ပါသည်။ တချို့သော စာဖတ်သူများမှာ စာစောင်၊ မဂ္ဂဇင်းများပါ နည်းနယျများကို ကိုယ်တိုင်လုပ်ဆောင်တတ်ကြောင်း ကျွန်တော် လက်တွေ့ မျက်တွေ့ သိရှိသဖြင့် အပြုသဘောဆောင် ရေးသားရပါကြောင်း သိစေချင်ပါသည်။

ဆက်လက် ရေးပြောချင်သည်မှာ "မူကွဲ" ဖြစ်ပါသည်။ ဆရာ၏ အင်းပါ ဂါထာများ ရေးသွင်းပုံ ကွဲလွဲခြင်းဖြစ်သည်။ ကျွန်တော်သည် နှစ်များစွာက အင်းအိုင် လက်ပွဲဆိုင်ရာများ၊ အင်္ဂရုတ်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်းများကို အချိန်ပေး လေ့လာသင်ယူခဲ့ဖူးပါသည်။ မြန်မာနိုင်ငံအနှံ့ အပြားသို့လည်း ရောက်ဖြစ်ခဲ့သလို၊ တစ်ကျောင်း တုန်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ပညာရပ်ဆိုင်ရာ လောကီအစီအမံများကို တတ်နိုင်သရွေ့ သင်ယူခဲ့ပါသည်။ ပါရမီဓာတ်ခံပါသည်ဟုပင် ဆိုရပါမည်။ တကယ့်ဆရာကောင်းများသာ တွေ့ကြု ဆုံတွေ့ခဲ့ပါသည်။

ကျွန်ုပ် လေ့လာခဲ့သမျှထဲတွင် ထိုဘုရားငါးဆူအင်း အစီအရင်လည်း ပါပါသည်။ အဓိက ရေးပြောချင်သည်မှာ ဂါထာရေးသွင်းပုံ ကွဲလွဲခြင်းဖြစ်ပါသည်။ "ကွဲလွဲ" ဟူသော စကားကိုသာ ကျွန်တော်သုံးပါသည်။ "မှား"သည်"ဟု မပြောပါ။ အဘယ်ကြောင့်ဆိုသော် လောကီပညာသည် ကျယ်ပြန့်သည်။ နက်ရှိုင်းသည်။ အယူချင်း မတူ၊ မူချင်း မတူပါ။

ကျွန်တော်တို့ အသုံးအစွဲပြု စီရင်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ရွှေပြား၊ ငွေပြား သွပ်ပြား၊ သံပြားတွင် ရေနှိုင်သည်။ ဂုဏ်တော်ကိုးပါး(ဂုဏ်တော်ဆယ်ပါးလည်း စိပ်နိုင်သည်)ကို တစ်ထောင်ပြည့်အောင် ရွတ်ပွားရသည်။ ပြီးမှ "ဥ၊ တီလောမာလောဇ၊ ဇလောမာလောတိ ဥ" ဟူ၍ ၃၇ခေါက် ဂါထာချပ်ရသည်။ ထိုဂါထာရေးသွင်းပုံချင်း ကွဲပြားနေပေသည်။ သေချာပြုကြည့်လျှင် မြင်ပါမည်။

အကျိုးပေးမှာ ကံငါးပါးလုံ၍ သီလ သမာဓိ ရှိလျှင် ရှိသလောက် လောကီကောင်းကျိုးများ၍ ဘေးရန်ကင်းဝေးသော အကျိုးပေးပါသည်။

ထိုအင်းတော်ကြီးကို လောကီ ကဗျာရပညာရပ်ဝန်းတွင် ဉာဏ်ရှိသလို အသုံးအစွဲပြုကြပါသည်။ သွပ်ဓာတ်လုံးတွင် ထည့်သွင်း စီမံတတ်ပါက အပွင့်အလန်းအတွက် အလွန်ကောင်းပါသည်။ ထိုအကြောင်းကို ကဗျာရမဂ္ဂဇင်းတွင် ရေးသားထားသဖြင့် ဤနေရာတွင် မဖော်ပြတော့ပါ။■

* * *

ဦးကျော်(မြည်)

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၅ ခုနှစ်လောက်က ဖြစ်ပါသည်။ နမ့်တူပြီး မီးရထားဘူတာရုံတွင် တစ်စုံတစ်ခုကို လူအများ စိတ်ဝင်တစား တိုးတွေ့ကြည့်ရှုနေကြသည်။ နမ့်တူစေးနှင့် ဘူတာရုံမှာ ကပ်လျက်တည်ရှိသဖြင့် ကွန်မတို့သားအမိလည်း စေးလာရင်း အများနည်းတူ လူအုပ်ကြား တိုးတွေ့ကြည့်မိသည်။ ကြည့်နေကြသောအရာကို တွေ့ရပါပြီ။ သစ်သားသေတ္တာကြီးနှစ်လုံးတွင် မြွေကြီးနှစ်ကောင်ကို သေတ္တာတစ်လုံး

ကျိန်စာသင့်ခဲ့လေသလား

ညွှန့်ဝင်း (နတ္ထလင်း)

www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်စီ ထည့်ထားသည်။ တစ်ကောင်မှာ အထီးဖြစ်ပြီး ကျန်တစ်ကောင်မှာ အမဖြစ်သည်။ လူများက သနား၍ အမဲသားများ ချကျွေးသော်လည်း မြွေကြီးများက မစားပါ။ ထိုမြွေကြီးနှစ်ကောင်ကို ရန်ကုန်သို့ ပို့မည်ဖြစ်ကြောင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေသံ ကြားရပါသည်။

ညနေ ၅နာရီလောက်အထိ မြွေကြီးများ ဘူတာရုံတွင်သာ ရှိနေသဖြင့် "မြွေကြီးတွေကို ဘယ်အချိန် တင်ပို့မှာလဲ" ဟု သိလိုသူများက မေးကြသည်။ ညပိုင်း ရထားမရှိသဖြင့် မနက်ရောက်မှသာ ရထားတင်မည်ဖြစ်ကြောင်း သိရ၏။ ထိုနေ့ည ၁၂နာရီလောက်တွင် မြွေကြီးနှစ်ကောင်အနက် မြွေအမမှာ သေဆုံးသွားခဲ့သည်။ ကျန်သည့် မြွေအထီးကို နောက်နေ့မနက်တွင် ရထားဖြင့် တင်သွားကြရာ နမ့်မျှော်ဘူတာအရောက်တွင် သေဆုံးသွားပြန်သည်။ မြွေအမ သေခဲ့သဖြင့် မြွေအထီးလည်း ရင်ကွဲနာကျ သေလေသလား မသိ။ ထူးဆန်းလှပါဘိ။

ဘော်တွင်းမြို့ကလေးသည် တောင်ပေါ်တွင် တည်ထားသော မြို့ကလေးဖြစ်ပြီး သတ္တုရိုင်းများ တူးဖော်ရာဒေသလည်း ဖြစ်သည်။ တောင်များ၏ အလယ်တွင် ဘော်တွင်းချောင်းက စီးဆင်းနေသည်။ နေထိုင်သူအများစုမှာ သတ္တုတွင်းလုပ်သားများဖြစ်သည်။ ထို့အပြင် တရုတ်၊ ရှမ်း၊ ကချင်စသည့် အသေခံများလည်း ရှိသည်။ ထိုအချိန်က ယခုခေတ်ကဲ့သို့ လမ်းပန်းဆက်သွယ်ရေး မတိုးတက်သေး၍ ဘော်တွင်းမှ နမ့်မတူသို့ ရထားဖြင့်သာ သွားလာကြရသည်။

ဘော်တွင်းမြို့ဝန်းကျင်ရှိ သဘာဝ တောတောင်များသည် စိမ်းလန်းစိုပြည်လျက်ရှိ၏။ နမ့်မတူ ဘူတာတွင် တွေ့ခဲ့သော မြွေကြီးနှစ်ကောင်မှာ ထိုတောတောင်များမှ မုဆိုးက ဖမ်းခဲ့ပြီး ရန်ကုန်သို့ အဆင့်ဆင့်တင်ပို့ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ရောက်လျှင် တိရစ္ဆာန်ဥယျာဉ်သို့ လွှဲပြောင်းပေးရန် ဖြစ်ပါ၏။ သို့သော် မြွေကြီးနှစ်ကောင်စလုံး အသက်မရှင်ဘဲ အလိုလိုသေဆုံးသွားခဲ့ရသည်။

မြွေကြီးများ သေဆုံးပြီး ၁၀ရက်ခန့်အကြာတွင် မမျှော်လင့်သည့် ကြမ္မာမုန်တိုင်းက ဝင်လာခဲ့သည်။ နံနက်ခင်းအချိန် ရုံးသွား၊ ကျောင်းသွား၊ စျေးသွားသူများနှင့် လူရှုပ်နေချိန်တွင် ဘယ်လိုရောက်လာမှန်း မသိလိုက်သော ရေလုံးကြီးက ဝေါခနဲ တစ်ဟုန်ထိုးကျလာကာ ဘော်တွင်းစျေးထဲသို့ ဖြတ်သန်း စီးဆင်းသွားရာ အရှိန်ပြင်းလှသည့် ထိတောင်ကျရေနောက်သို့ စျေးသူစျေးသား၊ စျေးဝယ်သူများ ချောင်းရိုးတစ်လျှောက် မျောပါသွားကြသည်။ အချို့မှာ အသက်ရှင်သော်လည်း အချို့မှာ ရေနစ်သေဆုံးခဲ့ရသည်။ အလွန်ဝမ်းနည်း ကြေကွဲစရာကောင်းလှသည်။

မြွေကြီးများ ဖမ်းပိတ်ပြီး မကြာမီ ဘော်တွင်း ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် အိပ်မက် မက်လေသည်။ အိပ်မက်ထဲတွင် ကြီးမားလှသော ခူကောင်ကြီးတစ်ကောင်က "ငါ့သားနဲ့ ငါ့မိန်းကို ပြန်ပို့ပေး၊ လွှတ်မပေးရင် လူတွေ ဒုက္ခတွေ့ရစေမယ်" ဟု ကြိမ်းဝါးပြောဆိုသည်။ သို့သော် မြွေကြီးနှစ်ကောင်ကို ပြန်မလွှတ်နိုင်သည့်အပြင် သေဆုံးသွားခဲ့ရသဖြင့် မည်သို့မျှ မတတ်နိုင်တော့ချေ။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဘော်တွင်းစျေးထဲမှာ လူအများ ရေဘေးသင့်ခဲ့ရသည်။ ထိုနေ့က ရာသီဥတုအခြေအနေမှာ မိုးလည်း မရွာ၊ လေလည်း မတိုက်၊ မိုးအုံ့ခြင်းပင် မရှိဘဲ ရုတ်တရက် ဆန်ကြယ်ဖွဲနုံးလှသော ကြမ္မာဘေးဆိုးကြီး ကျရောက်ခဲ့ရသည်။ တစ်သက်နှင့် တစ်ခါ မကြုံဖူးသော ဖြစ်ရပ်ဆန်းပို့ ဘော်တွင်းမြို့သူမြို့သားအားလုံး စုတ်တသပ်သပ်နှင့် ရင်နှင့်စရာ ဖြစ်ခဲ့ရပါသည်။ ■

(ဗိတ်ဆွေတစ်ဦး၏ ပြောပြချက်ကို ခံစားရေးဖွဲ့ပါသည်။)

* * *

ညွှန့်ဝင်း(နတ္ထလင်း)

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့ဘီလူး

(ဝိုင်းကတ္တရာ)

Human Termite

by james Whitmore

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ကျွန်ုပ်သည် စုံထောက်ဝတ္ထုအများအပြားရေးသားခဲ့ဖူးပါသည်။ ရေးသားခဲ့ရာတွင် စိတ်ကူးဉာဏ်ကွန့်မြူးလျှင် ကွန့်မြူးသလောက် ပြဿနာကျူးလွန်သူ ဇာတ်ကောင်၏ ထွေထွေပြားပြား ဆန်းကြယ်ပုံများကိုလည်း ရေးသားခဲ့ဖူးပါ၏။

သို့သော် အခု တကယ့်ဖြစ်ရပ်မှန်မှုခင်းမှ ခြလူသား၏ စရိုက်မျိုးကို သရုပ်ဖော် ဖန်တီးနိုင်ဖို့ မဆိုထားဘိ၊ သရုပ်ဖော် ကလောင်စွမ်းပြခဲ့ခြင်း မရှိပါ။

တကယ့်ဖြစ်ရပ်ဆန်းများသည် စိတ်ကူးယဉ်ထက်ပင် ထွေပြားဆန်းကြယ်သည်ဟု ဆိုစမှတ်ပြုကြသည်။ အခုလည်း သက်ရှိထင်ရှား တကယ့်ဖြစ်ရပ်ဆန်းကို မြင်ရသည်။ ကြားရသည်။

သည်ဖြစ်ရပ်ဆန်းက ယုံရခက်ခက်။ စိတ်ကူးယဉ် စုံထောက်မှုခင်း ဝတ္ထုများကို ဖတ်သူများပင် လက်ခံနိုင်အံ့မထင်ပါ။

သည်အပြစ်ကို ကျူးလွန်သူသည် အသိဉာဏ်ရင့်သန်ပါသည် ဆိုသော လူပါဟု စီးစဉ်းမျှ မျှော်လင့် သတ်မှတ်ကြလိမ့်မည် မထင်။

◈◈◈

အမေရိကန်ပြည်ထောင်စု၊ ကော်လိုရာဒိုပြည်နယ်၊ ဒင်ဗာမြို့အနောက်မွန်းကရိဖ်လမ်းရှိ နှစ်ထပ်အိမ်ပြူပြူကြီးကို တရေးရေးမြင်ယောင်လာအောင် စိတ်မှန်းဖြင့် ကြည့်ကြပါ။

သည်အိမ်အိုကြီးကြီးသည် ဖီးလစ်ပီတာနှင့် ဇနီး ဟယ်လင်တို့၏ ဘုံနန်းလည်း ဖြစ်ပါ၏။ ဇနီးမောင်နှံနှစ်ဦးစလုံး အသက် ၇၀ နီးပါးရှိကြ၍ ဇရာထောင်းကြပြီဟု ဆိုရပါမည်။

ဖီးလစ်သည် ဒင်ဗာမြို့အခြေစိုက်၊ အနောက်ပိုင်း ဖီးရထားလမ်း ကုမ္ပဏီ၏ ဒင်ဗာရိုင်အိုဂရင်းဒီခုံတွင် နှစ်ပေါင်း ၄၀ ကြာ အမှုထမ်းခဲ့ပြီးမှ အငြိမ်းစားယူခဲ့သူဖြစ်သည်။

နွေရာသီ ညနေစောင်းအချိန်များတွင် ဖီးလစ်က ဂစ်တာတစ်လက်ဖြင့် လသာဆောင်တွင် ဆိုတီးနေရသည်ကို ပျော်သည်။ အိမ်နီးနားချင်းမှ ကလေးများက သူ့အောပတ်ပတ်လည်နေ၍ဖြစ်သည်။

ဖီးလစ်နှင့် ဟယ်လင်တို့ ဇနီးမောင်နှံတွင် အိမ်ထောင်ခွဲ သားတစ်ယောက်ရှိသည်။ ကော်လိုရာဒို ပြည်နယ် "ရင်းကွန်ရင်း" တွင် နေသည်။ ဖီးလစ်တို့ ဇနီးမောင်နှံက မကြာခဏ သားရှိရာသို့ အလည်အပတ်သွားတတ်ကြသည်။

တစ်နေ့တွင် ဖြစ်သည်။

ထိုနေ့တွင် ၁၉၄၁ ခု ဩဂုတ်လ နေ့တစ်နေ့ဖြစ်သည်။ သည်နေ့တွင် ဖီးလစ်တို့ ဇနီးမောင်နှံ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသည့် ဘဝနိဂုံးချုပ်သည့်နေ့ဟုပင် ဆိုရချို့မ့်မည်။

ဇနီး ဟယ်လင်သည် လေ့ကားပေါ်မှ လိမ့်ကျသည်။ တင်ပါးဆုံရိုးကျိုးသွားသည်။ အသက်အရွယ်ကြီးသဖြင့် လွယ်လွယ်နှင့် အရိုးမဆက်နိုင်။ သည်ဒဏ်ရာကြောင့် စိန်အန်ထော်နီဆေးရုံတွင် သတင်းပတ် တော်တော်ကြာ တက်ရောက်ကုသရသည်။

ဖီးလစ်က ဧည့်တော်ချိန်တွင် ဇနီး၏ ခုတင်ဘေးတွင် တစ်ချိန်လုံး ထိုင်လျက် အားပေးစကားပြောနေတတ်သည်။ ညနေခင်း အိမ်ပြန်လျှင် အိမ်ဘေးခန်းမှ မစ္စ ဂျုံးရိစ်တို့ မိသားစုနှင့် အတူ ဖီးလစ်က ညစာအတူစားတတ်သည်။

◈◈◈

တစ်ညတွင် ဖီးလစ်တစ်ယောက် မစ္စရိစ်၏ နေအိမ်ခန်းသို့ ပေါ်မလာခဲ့။

"ဖီးလစ် သူ့အိမ်ခန်းကို ပြန်လာသံတော့ ကြားလိုက်ရတယ်။ ၆နာရီ အချိန်ထိ ပေါ်မလာလို့ ကျွန်မက သူ့အခန်းတံခါးဝမှာ သွားရပ်ပြီး ခေါ်ကြည့်တယ်။ အခန်းထဲက ပြန်မထူးတော့ ကျွန်မ စိုးရိမ်လာတယ်။ အိမ်နီးနားချင်းတစ်ဦးရဲ့ အကူအညီကို ယူပြီး လသာဆောင်က အိမ်ထဲဝင်တဲ့ တံခါးကို ပုဆိန်နဲ့ ပေါက်ပြီး ဖွင့်ခဲ့ပါတယ်"

ဟု မစ္စရိစ်က ပြောသည်။

မစ္စရိစ်နှင့် အိမ်နီးနားချင်းအဖော်သည် ဖီးလစ်၏ အိမ်ထဲမှ သွေးရူးသွေးတန်းဖြင့် ပြေးထွက်လာကြသည်။ အရပ်ကို အကူအညီအော်ခေါ်သည်။ မစ္စရိစ်တို့က ဖီးလစ်ပီတာကို အိပ်ခန်းအတွင်း ကြမ်းပြင်ပေါ်တွင် လဲလျက်သေနေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

◈◈◈

မစ္စရိစ်တို့က ရဲကို အကြောင်းကြားသည်။ စုံထောက် ဂျိမ်းစ်ချေလ်ဒါးက အမှုကို လက်ခံသည်။ စုံထောက်ချေလ်ဒါးသည် အတွေ့အကြုံများပြီး သမ္ဘာရင့်သူဖြစ်သည်။ ပြီး သူလက်အောက်တွင် တာဝန်ထမ်းဆောင်သူများကလည်း တကယ်အားကိုးအားထားရသူများပင် ဖြစ်ချေသည်။

စုံထောက်ဌာန ဓာတ်ပုံဆရာနှင့် ဆေးမှူးတို့ လိုက်ပါလျက် စုံထောက်ကပ္ပတိန် ချေးလ်ဒါးသည် ဖီးလစ်အိမ်သို့ အလျင်အမြန်ရောက်လာခဲ့သည်။

မီးဖိုဆောင်မှ အိပ်ခန်းအထိ ကြမ်းပြင်နေရာအနှံ့တွင် သွေးစက်များ

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ ဖီးလစ်၏ ဂျူဖိုနပ်တစ်ဖက်ကိုတော့ မီးဖိုချောင်တွင် တွေ့ရသည်။ ကျန် ဖိနပ်တစ်ဖက်ကို အိပ်ခန်းထဲရှိ ဖီးလစ်၏ အလောင်းဘေးတွင် တွေ့ရသည်။ ဖီးလစ် စုဆောင်းထားသော ကြိမ်တုတ်များထဲမှ သစ်သားကြိမ်တုတ်နှင့် ဆူးမဲများပါသော ကြိမ်တုတ်နှစ်ချောင်းကိုလည်း သွေးများစွန်းပေလျက် အလောင်းအနီး ကြမ်းပြင်ပေါ်တွင် တွေ့ရသည်။

"အခန်းအနှံ့ နေရာအနှံ့ လုံးထွေးသတ်ကြုံပဲပို့။ ပရိဘောဂပစ္စည်းတွေကလည်း ဇောက်ထိုး မိုးမျှော်ဖြစ်၊ သွေးတွေ စွန်းနေတာကလည်း ကြမ်းပြင်မှာသာ မကဘူး၊ နံရံမှာပါ စွန်းပေနေတယ်။ ဖီးလစ်ခေါင်းဟာ အချက်သုံးဆယ်ထက်မနည်း အရိုက်ခံရပုံ ရတယ်"

သို့သော် လူသတ်တရားခံမည်သူမည်ဝါဖြစ်မည်ကို ဖော်ထုတ်ပေးနိုင်မည့် သဲလွန်စ တစ်စုံတစ်ရာကိုမျှ မတွေ့ရ။ သို့သော် ဖီးလစ်နှင့် ရန်ပြိုးရှိသူ၏ လက်စားချေ တုံ့ပြန်ခြင်းများဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။

ဖီးလစ်တွင် ရန်သူမရှိ။ ဖီးလစ်သည် လူချစ်လူခင်ပေါသူ ဖြစ်သည်။ ဖီးလစ်နှင့် လက်မွန်းတန်းတီး ပေါင်းသင်းဖူးသူတိုင်းက ဖီးလစ်ကို ချစ်ခင်လေးစားကြသည်။

ယခုဖြစ်ရပ်မှာ နေ့အချိန် အိမ်ကို ဖောက်ထွင်းဝင်သူနှင့် လုံးထွေး သတ်ပုတ်ရာမှ လူဆိုး သူခိုး၏ လက်ချက်ကြောင့်လည်း ဖြစ်နိုင်သည်။

ဖောက်ထွင်း ဝိဇ္ဇာများသည်ပင် လျှင် အနောက်မွန်းကရိုဗ်လမ်းရှိ နေအိမ်များသို့ နေ့အချိန်တွင် ဖောက်ထွင်းဝင်တတ်ကြပါ။ အနီးအနား အိမ်နီးနားချင်းများက မတွေ့ဘဲ ရှိလိမ့်မည်

မဟုတ်။ ဖီးလစ်တို့၏ ဇနီးမောင်နှံပိုင် ငွေကြေးအနည်းအကျဉ်းတော့ရှိသည်။ ဆေးရုံတက်နေရသူတစ်ဦးအတွက် လွယ်လင့်တကူ သုံးစွဲနိုင်ရန် ထားရှိခြင်းဖြစ်သည်။ သည်ငွေများသည်လည်း လက်ရာမပျက် ရှိနေသည်။ ယုတ်စွအဆုံး၊ ဖီးလစ်၏ အင်္ကျီ၊ ဘောင်းဘီ အိတ်များထဲမှ ငွေများသည်ပင်လျှင် မပျောက်ဘဲ ရှိနေသည်။

စုံထောက် ချေးလ်ဒါးတို့ ဦးနှောက်ခြောက်ကြရပြီ။ လူသတ်တရားခံကို ဖော်ထုတ်ဖို့ ဝေးစွ၊ စိတ်ရှုပ်စရာ ပြဿနာများကသာ တစ်ခုပြီး တစ်ခုပေါ်လာခဲ့သည်။

ဖီးလစ်အိပ်ခန်းအတွင်း နေရာအနှံ့တွင် မာကျောပြီး ဟောင်းနွမ်းမည်းညစ်နေသော ရာဘာအစအနအများအပြားကို တွေ့ရသည်ကတော့ ထူးဆန်းလှသည်။

သည်ရာဘာစများက ဘာအဓိပ္ပာယ်ပါလိမ့်။

ပြတင်းပေါက်နှင့် တံခါးပေါက်များ တစ်ခုချင်းတို့ကို စစ်ဆေးကြည့်ပြန်သည်။ တံခါးအားလုံး၊ ပြတင်းပေါက်အားလုံးကို အိမ်တွင်းမှ ဂျက်ချပြီး အလုံပိတ်ထားကြောင်း တွေ့ရှိရပြန်သည်။

လူသတ်တရားခံက အိမ်တွင်းမှ အိမ်ပြင်သို့ ဘယ်လိုများ ထွက်သွားပါလိမ့်။ လူသတ်ကောင်သည် ခြေတစ်ကောင်အလား အုတ်နံရံကို ဖောက်ထွင်းထွက်သွားခြင်းဖြစ်ပေလိမ့်မည်။

ထိုစဉ်က သတင်းစာတစ်စောင်မှ ပြက်ချော်ချော်နှင့် ရေးသားဖော်ပြခဲ့သည်။

ယခု လူသတ်မှုကို စစ်ဆေးပြီး တရားခံ ဖော်ထုတ်နိုင်ဖို့ စုံထောက် ချေးလ်ဒါးနှင့်အဖွဲ့ အပူတပြင်း ကြိုးပမ်းအားထုတ်ပေမယ့် ရက်တွေ၊ သီတင်းပတ်တွေသာ ကုန်လွန်ခဲ့သည်။ လူသတ်တရားခံကို မဖော်ထုတ်နိုင်ပေးသည့်အကြောင်း စာဖွဲ့ထားသည်။

စုံထောက် ချေးလ်ဒါးနှင့်အဖွဲ့က ဖီးလစ်၏ နှစ်ထပ်အိပ်ခန်းကို ထပ်တလဲလဲ လှန်လှောရှာသည်။ လျှစ်လျူရှု မေ့ကျန်ရစ်သော သဲလွန်စ တစ်ခုတလေ တွေ့ပိုတွေ့ပြား မွှေရနှောက်ရသည်။ သို့သော် ဘာသဲလွန်စ အထူးအဆန်းကိုမှ မတွေ့ကြရ။

မြို့လူထုက ဖီးလစ်တို့အိမ်ကြီးမှာ မသန့်။ တစ္ဆေခြောက်သလိုလို တီးတိုးပြောကြသံများက ပေါ်ထွက်လာသည်။ ခေတ်ပညာတတ် အသိုင်းအဝန်းက အကဲဆတ်ဖြစ်သည်။ သည်ကောလာဟလသတင်းကြောင့် စုံထောက်ချေးလ်တို့အဖွဲ့မှာ ဦးနှောက်ခြောက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်နီးနားချင်းများက ညအခါများတွင် တရုတ်ကပ်နောက်ကွယ်၌ မီးရောင် လင်းချည် မှိတ်ချည် တွေ့ရသည်ဟု ပြောတတ်ကြသဖြင့် ရဲက စောင့်ကြည့်သည်။ သို့သော် တစ္ဆေ သရဲခြောက်သည့် လက္ခဏာတစ်စုံတစ်ရာကိုမျှ မတွေ့ရပြန်ပေ။

◈◈◈

ဖီးလစ် အသတ်ခံရပြီး သိတ္တင်းတစ်ပတ်အကြာတွင် ဇနီး ဟယ်လင်လည်း ဆေးရုံမှ ဆင်းသည်။ သူနာပြုဆရာမတစ်ဦးနှင့်အတူ နေအိမ်မှာပင် နေသည်။ ဟယ်လင်ကိုယ်တိုင်က ထူးထူးဆန်းဆန်းကြီးရကြောင်း မရိပါဟု သတင်းပေးသည်။ ဟယ်လင်သည် အသက် ၇၀ ပြည့်နီးပါးဖို့ နားလေးစပြုပြီဖို့လည်း ဖြစ်နိုင်သည်။

ဤအတောအတွင်း သူနာပြုဆရာမ တစ်ဦးပြီး တစ်ဦး အလုပ်မှ ထွက်သွားကြသည်ကတော့ အံ့သြစရာဖြစ်နေသည်။

သူတို့က ဤအိမ်ကြီးတွင် နေရသည်ကို ကြောက်သို့၊ လန့်လို့ဟု ဆိုကြသည်။ ညစဉ်ညတိုင်း သန်းခေါင်ယံအချိန်တွင် ခြေသံကြားရတတ်သည်ဟု ပြောကြသည်။

ဟက်တီဂျန်ဆင် ဆိုသူ ဟယ်လင်၏ သူနာပြုဆရာမတစ်ဦးက နေအိမ် လှေကားထိပ်တွင် သရဲကို မိမိမျက်စိဖြင့် တပ်အပ်မြင်ခဲ့ရပါသည်ဟုလည်း ဆိုပြန်သည်။

"အရိုးစုကြီးမှ တကယ့်အရိုးစုကြီးပါပဲရှင်"

ဟု ပြောပြနေစဉ်မှာပင် ကြက်သီးမွေးညင်းများ ထနေသည်။

ဟယ်လင်ကလည်း ခင်ပွန်းဆုံးခဲ့သော အိမ်ကြီးတွင် ဆက်မနေတော့ဘဲ သားရှိရာ ဂရင်းဂျန်ရှင်းသို့ ပြောင်းရွှေ့ နေထိုင်သွားသည်။

ဖီးလစ် အသတ်ခံရပြီး လပေါင်းများစွာ အချိန်တွေ့ ကုန်လွန်ခဲ့သည်။ အနောက်မွန်းကရိပ်လမ်းရှိ ဖီးလစ်အိမ်တွင် လူသတ်တရားခံကို ဖော်ထုတ်ပေးစွမ်းနိုင်သည့် သက်သေခံ အထောက်အထား တစ်စုံတစ်ရာကိုမျှ မတွေ့ရသေးပါ။

အိမ်နီးနားချင်းများကမူ ဖီးလစ်အိမ်တွင် သရဲခြောက်သည့်အကြောင်းကိုတော့ ပြောနေကြဆဲဖြစ်သည်။

ထို့ကြောင့် စုံထောက် ချေလ်ဒီးက မိမိလက်အောက်မှ စုံထောက် ရွှင်ဘလို့ဒ်မင်းနှင့် ဝီလျံကွက်ဆင်တို့အား ဖီးလစ်အိမ်တွင် နေစေပြီး တာဝန်ချထားပေးခဲ့ရသည်။

◈◈◈

ပထမည... ။

စုံထောက်နှစ်ဦးက မီးမောင်းချပြီး မီးဖိုခန်းတွင် ထိုင်စောင့်နေကြသည်။ သို့ပေမယ့် ဘာသံမျှ မကြားရ။ သို့သော် မနက် ၂နာရီခန့်တွင် စုံထောက်နှစ်ဦးစလုံး ဟာတရက် ထိတ်ထိတ်ပျာပျာဖြစ်သွား [illegible] အိမ်ပေါ်တွင် လူခြေသံကို သူတို့နှစ်ဦးစလုံး နားနှင့် ဆတ်ဆတ်ကြားရသောကြောင့် ဖြစ်သည်။

စုံထောက်နှစ်ဦးလုံးက ခြောက်လုံးပြူးသေနတ်များ ကိုယ်စီထုတ်ပြီး လက်နှိပ်ဓာတ်မီးထိုးလျက် အိမ်ပေါ် ထပ်သို့ အပြေးအလွှားတက်လိုက်ကြသည်။

အိမ်ပေါ်တွင် ခြေကို ဖွဖွနင်းပြီး ပြေးသံကိုလည်း သဲသဲကွဲကွဲကြားရသည်။ တံခါးပိတ်သံကိုလည်း ကြားရသည်။ အသံကြားရာဆီသို့ စုံထောက်နှစ်ဦးက အပြေးအလွှားရောက်သွားကြသည်။ အဝတ်ထည် နံ့ရကပ် ဗီရိုကြီးဖြစ်၍ ဗီရိုတံခါးကို အလျင်စလိုဖွင့်ကြည့်လိုက်သည်။

အံ့သြစရာမြင်ကွင်းပင် ဖြစ်သည်။

သေးသေးသိမ်သိမ် လူခြေထောက်တစ်ချောင်းက ဗီရိုမျက်နှာကြက်ပေါ်သို့ ကြမ်းပေါက်မှ ဆွဲမသွားသည်ကို ရိပ်ခနဲ မြင်တွေ့လိုက်ရသည်။

စုံထောက် ဘလော့ဇ်မ်းက ဗီရိုအတွင်းဝင်၍ ဝင်လုဝင်ဆဲ သေးသေးသိမ်သိမ် ခြေထောက်ကလေးကို ကမန်းကတန်းပြေးဆွဲပြီး အောက်သို့ ဆွဲချလိုက်သည်။ ရုပ်ကြမ်းကြမ်း အရိုးပဒေသာရုပ်မှာ လူသတ္တဝါနှင့် လုံးဝ မတူ။ တိရစ္ဆာန်နှင့်သာ တူသည်။ စုံထောက် ဘလော့ဇ်မ်းက အကိုင်အတွယ်ကြမ်းလိုက်၍ နာကျင်လွန်းသည်ထင့်၊ အရိုးပဒေသာရုပ်သည် ကြမ်းပြင်ပေါ်တွင် ဒိုးဒိုးဒွန့်ဒွန့်နှင့် လိမ်ကောက်နေတော့သည်။

ကြည့်နေစဉ် အရိုးပဒေသာသည် စောစောက ထင်သလို သေးသေးကွေးကွေးမဟုတ်တော့ပါချေ။ အရပ်အမြင့်က ၆ပေထက် ပိုလိမ့်မည်မထင်။ သို့ပေမင့် ပိန်ပိန်လှီလှီနှင့် အရိုးပဒေသာမို့လည်း အလွန်သေးငယ်သော ပေါင် ၁၀၀ထက် မပို။ ဤလို ပိန်လှီလှီမို့လည်း အလွန်သေးငယ်သော ဗီရိုအထွက် မျက်နှာကြက်အပေါက်ထဲသို့ ဝင်နိုင်၊ ထွက်နိုင်ခြင်း ဖြစ်ပေလိမ့်မည်။

စောစောပိုင်းဌ သဲလွန်စများကို ရှာခဲ့စဉ်ကတည်းက နံ့ရကပ် အဝတ်ဗီရိုအတွင်းမျက်နှာကြက်မှ သည် အပေါက်ကို မြင်ပြီးသား။ သည်လောက် သေးငယ်သော အပေါက်အတွင်းသို့ လူတစ်ယောက်ဝင်နိုင်၊ ထွက်နိုင်လိမ့်မည်ကို မတွေးမိခဲ့။ ဗီရိုအတွင်း မျက်နှာကြက်မှ သည် အိမ်ခေါင်မိုးအောက် လေထဲ

www.burmeseclassic.com

www.burmeseclassic.com

ကိုနေးသည် ၁၉၁၀ ပြည့်နှစ်က ဒင်ဗာမြို့သို့ ရောက်လာခဲ့သည်။ ကြောပြာလုပ်ငန်းဖြင့် စီးပွားဖြစ်လိုသူများ ကစမ်းကြည့်သည်။ သို့သော် သူ ကဲ့မကောင်းခဲ့။ ကြေးနီလုပ်ငန်းတွင် ဝင်အလုပ်လုပ်ရသည်။ ထိုအခွင့်မှာပင် ဖီးလစ်ပီတာနှင့် ဒင်ဗာမြို့ မက်ဇင်ဂစ်တာအတီးကလပ်တွင် ဆုံမိကြသည်။

"အဲဒီမှာပဲ ကျုပ်တို့နှစ်ယောက် ရင်းရင်းနှီးနှီးဖြစ်ခဲ့ကြတယ်။ တကယ့် မိတ်ရင်းဆွေရင်းတွေအတိုင်းပါပဲ။ သူ့အိမ်ဟာ ကျွန်တော့်စားအိမ်သောက် အိမ်ဖြစ်နေခဲ့တယ်"

ဟု ကိုနေးက ပြောပြသည်။

၁၉၁၇ ခုနှစ်တွင် ကိုနေးသည် အလုပ်မှ ထွက်ရသည်။ ပြီး ဒင်ဗာမြို့မှပါ တိမ်မြုပ်ပျောက်ကွယ်သွားတော့သည်။

၂၄နှစ်ကျော်ကျော် ခြေဦးတည့်ရာ သွားလာနေခဲ့ပြီးမှ ဒင်ဗာမြို့သို့ ပြန်ရောက်လာခဲ့သည်။ ဆင်းဆင်းရဲရဲနှင့် အငတ်ငတ် အပြတ်ပြတ်ဖြစ်နေ၍ တစ်ခွိန်က ရင်းနှီးခဲ့သော ဖီးလစ်ပီတာတို့ ဇနီးမောင်နှံတွင် ငွေကလေးအကူအညီ ရလိုရငြား ဖီးလစ်တို့အိမ်သို့ ရောက်လာခဲ့သည်။

သို့သော် ဖီးလစ်တို့အိမ်ရောက်လို့ လူခေါ်ခေါင်းလောင်းတီးခေါ်ပေမယ့် တစ်ဦးတစ်ယောက်မျှ ပြန်မထူးခဲ့။ အိမ်ဝင်တံခါးကို သော့ခတ်မထားသဖြင့် ကိုနေးက အိမ်ထဲသို့ ဝင်သွားသည်။ အစာငတ် ရေတစ်နေပြီမို့ ရေခဲသေတ္တာဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားသည်။ ခွင့်မပန်ဘဲ ရေခဲသေတ္တာဖွင့်စားသည်။ ဗိုက်ပြည့်သွားသည်။

ဤတွင် အိမ်ခေါင်မိုးအထပ်မိုးထဲ ဝင်ပန်းနေပြီး ပီတာတို့ ဇနီးမောင်နှံ

အိမ်ခေါင်မိုးအထပ်မိုးထဲ ဝင်ပန်းနေပြီး ပီတာတို့ ဇနီးမောင်နှံ အိမ်တွင် မမျှော်လင့် အဖောအဖော များ ထွက်စောပြီး နေ့ဂျွတ် ကောင်းလေ့ဖွဟု အကြံရသည်။ ရုတ်တရက်ပြန်ပေါ်လာသော အခါ နဲ့မတော် အဝတ်ဝတ်ရွှီကြီးအတွင်း မျက်နှာကြက်တွင် ကြမ်းပေါက်တစ်ခုကို တွေ့လိုက်ရသည်။ မိမိကိုယ်ခန္ဓာကာ ပိန်ကပ်ကပ်ဖြစ် တိုးဝင်နိုင်သည်။

ကျက်ဆင်က ဘလော့ဂ်မ်းကို လှမ်းပြောလိုက်သည်။

ပိန်ပိန်လှလှလှ သတ္တဝါကိုလည်း မီးဖိုခန်းရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်စေပြီး ကော်ဖီအေးတစ်ခွက်ကို မော့တိုက်ရသည်။

သည်ပုဂ္ဂိုလ်၏ ဇာတ်လမ်းကို ပြည့်ပြည့်စုံစုံသိရှိုအရေး စုံထောက် ချေးလ်ဒါးက တစ်နာရီကျော်ကျော်ကြာမျှ စစ်ကြောမေးမြန်းရသည်။

သည်သတ္တဝါ၏ ဇာတ်လမ်းက ဆန်းဆန်းကြယ်ကြယ်တော့ မဟုတ်ပါချေ။

သူ့အမည်က "သီယိုဒိုကိုနေး" ဖြစ်သည်။ စကားပြောလျှင် တိုတိုတောင်းတောင်း။ သူ့အသံက သြဩကြီးဖြစ်သည်။

◈◈◈

ပေါက်နေရာထိ ရောက်သည်။ ထိုနေရာသည် အကျယ် ၄ပေမျှရှိပြီး လေဝင်ပေါက်နေရာသည် ၂ပေမျှ အမြင့်ရှိပေလိမ့်မည်။

ဤလို ကျဉ်းကျဉ်းကျပ်ကျပ်နေရာမျိုးတွင် လူသတ္တဝါတစ်ဦးအဖို့ လနှင့်ချီ၍ ပုန်းအောင်းနေထိုင်ဖို့ မဆိုထားဘိ၊ နာရီပိုင်းမျှပင် နေ၍မရနိုင်။

စုံထောက် ကျက်ဆင်က ကုလားထိုင်တစ်လုံးကို ယူပြီး တက်ကာ မျက်နှာကြက်အပေါက်မှ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ကျက်ဆင်က ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ ပြန်ဆင်းသောအခါ စုံထောက် ကျက်ဆင်၏ မျက်နှာတွင် သွေးမရှိတော့။ ကြမ်းပြင်ပေါ်တွင် တွန့်လိမ်နေသော ပုဂ္ဂိုလ်သည် မျက်နှာကြက် လေဝင်ပေါက်နေရာတွင် သည်းမခံကြာကြာ လန့်ဖိုင်၍နေခဲ့သည်ကို မတွေးတတ်အောင် ဖြစ်နေသည်။ မိမိအဖို့မူ လဲလျောင်းနေရသည်က ထ,ထိုင်လို့ မရနိုင်အောင် နှိမ့်လွန်းသည်။ ပြီး အေးပတ်ပတ်လည်တွင် ရောဂါရာအဟောင်းများ၊ သံဘူးစုတ်များ၊ အဝတ်စုတ်များနှင့် စက္ကူစုတ်များက ပုံလို့ ရှိနေသည်။

စုံထောက်နှစ်ဦးက ကြမ်းပြင်ပေါ်တွင် တွန့်လိမ် လဲလျောင်းနေသော ပုဂ္ဂိုလ်ကို လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် ထိုးကြည့်ကြသည်။

သူ့ဆံပင်က မွဲခြောက်ခြောက်၊ မျက်လုံးအစုံက အတွင်းသို့ ဝင်နေပြီး မျက်လုံးအိမ်များက ဟောက်ပက်ဖြစ်နေသည်။ မီးရောင်ကို လက်ဝါးဖြင့် ကာပြီး မျက်လုံးအကြည့်ကို တစ်ဖက်သို့ လွှဲရှောင်နေသည်။

"ကဲ - ချေးလ်ဒါးဆီ ဖုန်းဆက်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင် မရှိလျှင် အစားအစာများ ထွက်စားပြီး နေရလျှင် ကောင်းလေစွဟု အကြံရသည်။ ရက်အနည်းငယ်မျှ အနားယူနေရန်သာ စိတ်ကူးသည်။ အိမ်ပေါ်ထပ်ရောက်သောအခါ နံရံကပ် အဝတ်ဗီရိုကြီးအတွင်း မျက်နှာကြက်တွင် ကြမ်းပေါက်တစ်ခုကို တွေ့လိုက်ရသည်။ မိမိကိုယ်ခန္ဓာက ပိန်လိုလိုမို့ တိုးဝှေ့ဝင်နိုင်သည်။

မိမိတစ်ယောက် ဗီရိုမျက်နှာကြက်ထဲ၌ ရှိနေသည်ကို ဘယ်သူမှ မသိနိုင်။ အိမ်ရာအဖြစ် သတင်းစာစက္ကူစုတ်၊ အဝတ်စုတ်များကို စုဆောင်းခင်းလိုက်သည်။ ခေါင်းအုံးအဖြစ် သားရေသေတ္တာအကျီ အဟောင်းကြီး တစ်ခုကို အသုံးချသည်။

သိတင်းပတ်အတော်ကြာသည် အထိ သည်အတိုင်း ပုန်းအောင်းနေခဲ့သည်။ ဖီးလစ်တို့ ဇနီးမောင်နှံ အိမ်တွင် မရှိသောအခါမှ (သို့မဟုတ်) ညအခါ အိပ်မောကျနေသောအခါမှ ပုန်းရာမှ ဆင်းလာတတ်သည်။

ရုတ်တရက်သမျှ အစားအစာများကို စားပြီး တစ်ဖန် ပုန်းအောင်းနေပြန်သည်။ ဤအတောအတွင်း ဟယ်လင်ကို ဆေးရုံသို့ တင်လိုက်ရသည်ကိုလည်း ကိုနေး သိသည်။

အောက်ထပ်တွင် ပြောကြဆိုကြသည်များကိုလည်း သူကြားရစသည်။

ဖီးလစ်သည် ဇနီးအား ပြုစုရန် အချိန်ရှိသရွေ့ ဆေးရုံ၌ နေသောအခါ ထိုနေ့အဖို့ တစ်အိမ်လုံးတွင် ထင်သလို ကြဲခွင့်ရတော့သည်။

တစ်နေကုန် တစ်နေခန်း အိမ်အတွင်း စိတ်တိုင်းကျ လှည့်လည်သွားလာချင်တိုင်း သွားလာနိုင်နေပြီ။ ညအခါတွင် ကိုနေးက အထက်ထပ်ရှိ မိမိဘုံသို့ တက်ပြီးနေလိုက်သည်။

"ကျုပ်အဖို့တော့ ဗိမ်ကျနေတာပဲ။ တစ်ခါတစ်ခါတော့လည်း အေးလိုက်၊ ချမ်းလိုက်တာ မပြောပါနဲ့တော့။ အဲဒီလိုအချိန်မျိုးမှာ အောက်ထပ်ဆင်းပြီး နွေးအောင် နေလိုက်တယ်လေ"

ကိုနေးက ပြောပြသည်။

တစ်နေ့သော နေ့လယ်ခင်း အချိန်၌ ခါတိုင်းလို စိတ်အေးလက်အေး နေခိုက်တွင် ဖီးလစ်တစ်ယောက် အိမ်ပြန်ရောက်လာသည်။ ဖီးလစ်ရှိနေသည်ကိုလည်း ကိုနေးက မသိ။ ကိုနေးက ရေခဲသေတ္တာဖွင့်ပြီး စားသောက်နေခိုက် ဖီးလစ်က ပီးဇိုခန်းအတွင်းသို့ ရုတ်တရက် ဝင်လာသည်။

ကိုနေးက လူပိန်၍ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ကြောက်ကြောက်လန့်လန့်နှင့် ဖီးလစ်ကို ခုန်အုပ်လိုက်သည်။ အနီးတွင် တွေ့ရသော ကြိမ်တုတ်ကို ဆွဲယူပြီး ဖီးလစ်ကို ဖိရိုက်ဖြစ်သည်။ ခေါင်းနံရံတွင် ချိတ်ဆွဲထားသော သေနတ်ဟောင်းကြီးကိုပါ ဆွဲယူပြီး ဖီးလစ်ကို သေနတ်ဒင်ဖြင့် ဆက်တိုက် ရိုက်ဂီက်သည်။ သေနတ်က ရာဘာဖြင့် ခြုံထားခြင်းဖြစ်၍ ရာဘာများ ကွဲပြီး နေရာအနှံ့တွင် ရာဘာစများ ကျဲကျဲကွဲသည်။ ပြီးသေနတ်ကို ယူ၍ အထက်ထပ်ခိုးပေါ်သို့ ပြန်တက်ကာ ပုန်းနေလိုက်သည်။

ရဲတို့က လူသတ်တရားခံရှာနေစဉ် ကိုနေးက ခြင်ထောင်အကြား နံရံအတွင်း ဖောက်ထွင်း ပုန်းအောင်းနေသလို၊ ဗီရိုမျက်နှာကြက်အထပ်ခိုးတွင် သိတင်းပတ်များစွာ ပုန်းခိုနေရသည်။

ညအခါများ၌သာ အောက်ထပ်သို့ ဆင်းဝံ့သည်။ ပူပူနွေးနွေးရှိစေရန်၊ အစားအစာ စားရန်နှင့် ခြေဆန့် လက်ဆန့်နေရန် အောက်ထပ်သို့ ဆင်းရသည်။

ကိုနေးအဖို့ ပုန်းခိုနေရာ ဖီးလစ်အိမ်မှ တိမ်းရောင်သွားနိုင်ပါလျက် အထက်ထပ် ကျဉ်းကျဉ်းမြောင်းမြောင်းထဲတွင် ဒုက္ခခံပြီး အခုလို နေ့နေသည်မှာ ကိုနေးသည် စိတ်နေစိတ်ထား မမှန်သူတစ်ဦးဖြစ်၍ ဖြစ်နိုင်သည်။ အထက်ထပ်သည် ကိုနေးအတွက် လုံခြုံသော ပုန်းခိုရာအရပ်ပင် ဖြစ်နေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ကိုနေးကို သည်နေရာတွင် တွေ့နိုင်လိမ့်မည်မထင်။ သည်နေရာတွင် သူအိုး၊ သူအိမ်၊ သူအသိုက်ဖြစ်နေလေပြီ။ အပြင်လောကသို့ ထွက်ရမည်ကိုလည်း ကိုနေးက ကြောက်နေသည်။

ဖီးလစ်ကို သတ်မှုအတွက် ကိုနေးအား တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်သည်။

သို့ပေမင့် စိတ်ကူးယဉ်မှုခင်း၊ လျှို့ဝှက်သည်းဖိရေး ဝတ္ထုဖတ်ရှုသူများက လူသတ်တဝါတစ်ဦးမှ ခြကောင်လို နံရံကို ဖောက်ပြီး မိမိကိုယ်ကို ညှင်းပန်းနှိပ်စက်လျက် နေသည်ကို ယုံကြည်လက်ခံရန် ခက်ခဲပါလိမ့်မည်။

သည်အမူနှင့် ပတ်သက်ပြီး ဒင်ဟာမြို့ ရဲတပ်ဖွဲ့ ဗိုင်တွဲများတွင် ယခုတိုင် မှတ်တမ်းများ ရှိနေသေးသည်။

* * *

ဘန့်း(မြန်မာမြည်)

www.burmeseclassic.com

www.burmeseclassic.com



ဂျီဂျီရဆန်းကြယ်

ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အာတိတ် အောင်နိုမိတ်ဆရာ

➤တနင်္ဂနွေသားသမီးများ

ကံဇာတာကောင်းနေပါသည်။ ရတနာသုံးပါးကို အထူးပူဇော်အားထုတ်မှု ပြုသင့်ခြိုန်ပါ။ မိဘဆရာတွေကိုလည်း အထူးကန်တော့ပေးပါ။ ကောင်းကျိုးထူးပါအံ့။ ထို့အပြင် ရိုးရာနတ်တွေကိုလည်း ပ,သပေးတာ၊ ဂါဝရပြုပေးတာ၊ အထူး အမှုဝေပေးတာမျိုးတွေ ပြုသင့်ခြိုန်ပါ။

ဤလအတွင်း ငွေရေးကြေးရေး ခက်ခဲမည်ပုံ ကြုံရသော်လည်း တကယ်တွင် အလိုလို အဆင်ပြေရပါလိမ့်မည်။ ငွေအတွက်နှင့် သောက မဖြစ်ပါနှင့်။ အလုပ်ကို စိတ်မဝင်စားဘဲ၊ အလုပ်မှ ရှေ့ပြောင်း၍ လုပ်ငန်းသစ်များ လုပ်ကိုင်ရန် စိတ်ကူးမိနေပေလိမ့်မည်။ လောလောဆယ်၌ ရှေ့ပြောင်းရန် မသင့်သေးပါ။ အင်္ဂါနံပစ္စည်းများဖြစ်သည့် စက်၊ စိန် ဝင်တတ်ပါသည်။ အမှုဖြစ်တတ်၏။ အစားမှားခြင်း၊ အစာအဆိပ်သင့်ခြင်းများ ဖြစ်တတ်ပါသည်။ နှိုင်ငြားခရီးသွားရန် စာရင်းပါပြီးမှ အပယ်ခံရခြင်းမျိုး ဖြစ်တတ်ပါသည်။ ဝကားများရတတ်ခြင်း၊ တပည့်တပန်း သားသမီးနှင့် ပတ်သက်၍ စိတ်ညစ်ရတတ်ပါသည်။ မြေဝင်တတ်ပါသည်။ ပညာထူးတစ်ခုခုရတတ်ပါသည်။ ငယ်ရွယ်သူများ ရုတ်တရက် အိမ်ထောင်ပြုရတတ်သည်။ အနေအထိုင် အသွားအလာ ဆင်ခြင်ပါ။ စုတ်ရောလာဘ်ပါ ပွင့်လန်းနေ၏။ ကျန်းမာရေးကောင်းမည်။

ယတြာ။ ။ ဘုရားစင်ပေါ်မှာ စပယ်ပန်းရှစ်ကုံးကို ပန်းဓမ္မယာခင်းလိုက်ပါ။ ပြီးလျှင် မေတ္တာသုတ်ပရိတ်တော်ကို ကျက်မှန်နေရွတ်ပွားပူဇော်ပါ။ သတ္တဝါတွေကို လေးလေးနက်နက် အမှုဝေပေးပါ။ နံနက်စောစောတိုင်း ထိုသို့ဆောင်ရွက်ပါ။ ထို့ပြင် ထန်းလျက်ခဲ (၁၁)ခဲကို လမ်းဆုံတွေ့သောနေရာကို မစ်ရှိုက္ကေးလိုက်ပါ။ ကောင်းကိုးခွေးသားများ ရရှိလာပါလိမ့်မည်။

ထိုက်စမ်းရန်။ ။ (၃၊ ၄၊ ၅) ဂဏန်းတွေနှင့် ထီထိုးပါ။ ထီပေါက်လျှင် ဆယ်ပုံတစ်ပုံလှူဖို့ အမိန့်တာန်ပြုပါ။ ထီလက်မှတ်တွေကို အဝတ်ဗီရိုထဲမှာ ထည့်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

➢ တနလ်ာသားသမီးများ

ဤလတွင် ထိပေါက်သကဲ့သို့ ငွေများ အလုံးအရင်းနှင့် ဝင်လိမ့်မည်။ အလှူဒါနတွေ များစွာပြုဖြစ်မည်။ ကံတရာ အလွန်ကောင်းနေသည်လပါပဲ။ မျက်နှာပွင့်လန်းနေမည်။ ပြောဆိုသမျှ အထူးအောင်မြင်နေမည်။ အိမ်ထောင်ရှင်များ လင်မယား ကတောက်ကဆ ဖြစ်တတ်သော်လည်း ပြဿနာမဖြစ်ပါ။ သို့သော် အိမ်တွင်းရေးအဆင်ပြေအောင် နေလျှင် ပိုပြီး လာဘ်ရှင်နေမည်။ ငွေလည်း ပိုဝင်လာမည်။ အိမ်ထောင်ရေး သစ္စာရှိရမည်အချိန်ပါ။ ငယ်ရွယ်သူများအတွက် အချစ်ရေးကိစ္စများ ပြေလည်တတ်ပါသည်။ သို့သော် မျက်နှာအလွန်ပွင့်နေတတ်ခြင်းဖြစ်သဖြင့် ချွေးသူအပေါ် သစ္စာရှိဖို့ လိုသည်။ စက်၊ စိန် စသည်တို့ကို အကြောင်းပြု၍ စိတ်ညစ်ရတတ်၏။ ရာထူးတိုးသော်လည်း တစ်ခါတစ်ရံ၌ အလုပ်တွင် မပျော်သလိုလည်းဖြစ်မည်။ ရွှေထွက် တတ်ပါသည်။ ဝမ်းဗိုက် ဥပါဒ်ပေးတတ်ပါသည်။ နားရသည်ဟုမရှိဘဲ အလုပ်များခြင်း၊ ခရီးတိုများ တစ်ခုပြီးတစ်ခု ထွက်နေရပါလိမ့်မည်။ နိုင်ငံခြားခရီး စီစဉ်ထားသူများ ယခုလ မုချထွက်ရအုံး၊ ကောင်း၏။ ပျော်ပျော်နေပါ။ ဘာသာရေးဖိလုပ်ပါ။ တစ်ချက် တည်းနှင့် တစ်သက်စာအတွက် ကောင်းစားခွင့်ကြုံနေသည့်ကာလပါ။

ယတြာ ။ တနလ်ာနေ့ဆွဲ တစ်ကြိမ်၊ စနေနေ့ဆွဲ တစ်ကြိမ်၊ နန်းကြီးသုပ်ကို ဆွမ်းတော်ကပ်ပါ။ ထို့နောက် သင့်အိမ်မှ လွယ်အိတ်တစ်လုံးကို ပုံသဏ္ဌာန်သကဲ့သို့ အကျအနထုပ်၍ လမ်းပေါ်မှာ ပစ်ပါ။ ကောင်းကျိုးချမ်းသာများ သင့်ထံသို့ ရောက်လာပါလိမ့်မည်။ ယခုလမှစပြီး ကိုးနဝင်း မိုးလင်းမှ သိမယ်ဆိုသည့် အဓိဋ္ဌာန်ကို စွဲစွဲမြဲမြဲ ပွားထုံသွားစမ်းပါ။ ကောင်းကျိုးချမ်းသာတွေ မုချ ခံစားရပါအုံး။

ထီကံစမ်းရန် ။ (၇၊ ၁၊ ၂)ဂဏန်းများဖြင့် ထီကံစမ်းပါ။ ပြီးလျှင် ထီလက်မှတ်တွေကို ဘုရားကျောင်းဆောင်ပေါ်မှာ တရိုတသေ တင်ထားပါ။

➢ အင်္ဂါသားသမီးများ

ဤလအတွင်း မိမိအိမ်သားများနှင့် ပတ်သက်၍ စိတ်ညစ်စရာများ၊ ပြဿနာများ ဖြေရှင်းပေးရတတ်၏။ အလုပ်တွင် မိမိမျှော်လင့်ထားသည်များ အလွဲလွဲအချော်ချော်ဖြစ်နေတတ်၏။ မြေပယ်ခြင်း၊ နေရာသစ်တစ်ခု ထပ်မံတိုးချဲ့ခြင်းများ ပြုလုပ်ရတတ်၏။ မိမိလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သော သင်တန်းတစ်ခု တက်ရောက်သင်ကြားခွင့် ရရှိတတ်၏။ အမှုအခင်းများ ဖြစ်နေသူများ အတွက် မိမိဘက်မှ အောင်မြင်မှုလမ်းစ တွေ့ရတတ်၏။

ငယ်ရွယ်သူများ မိမိချစ်သူ၏အသိုင်းအဝိုင်းမှ မိမိအပေါ် အထင်အမြင်လွဲမှားစွာဖြင့် ဆက်ဆံလာတတ်၏။ ပညာရေးတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသော်လည်း အကူအညီပေးမည့်သူတစ်ဦးဦး သင့်ထံသို့ ရောက်ရှိလာလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သို့ပင် စိတ်ညစ်စရာများ ဖြစ်ပေါ်နေပါစေ၊ သင်၏ ကံတရားက သင့်အား အကူအညီပေးလိမ့်မည်မှာ မုချမလွဲဖြစ်ပေ၏။ သို့သော် အစစသည်းခံ၊ စိတ်ရှည်ပေးရမည်ကာလပါ။ အတတ်နိုင်ဆုံး သီးသန့်နေသင့်သည်။ တန်ခိုးကြီး ဘုရားစေတီတော်များသို့ မကြာခဏသွားပြီး ဘုရားဖူးကာ ကုသိုလ်ကံဆက်ပြုပေးသင့်သည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ကုသိုလ်ကံ ဖေးမိုမှန်နေသည်။ ဘာသာရေးဖိလုပ်ပါလော။

ယတြာ ။ ဘုန်းတော်ကြီးကျောင်းကို တံမြက်စည်း (၂)ချောင်း လှူဒါန်းလိုက်ပါ။ အည့်များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။ အရပ်ဂုဏ်တော်ကို နေ့စဉ် ပုတီး (၇)ပတ် ပွားထုံသင့်သည်။

ထီကံစမ်းရန် ။ (၁၊ ၆) ဂဏန်းများဖြင့် ထီကံစမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com

➢ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ယခုလတွင် သင်သည် ငွေဝင်သလောက် အကုန်အကျလည်း များပေလိမ့်မည်။ ငွေထွက်ပေါက်များ ပိတ်ဆို့၍ မရအောင် ဖြစ်နေလိမ့်မည်။ ခရီးရှည် သွားရတတ်ပါသည်။ နိုင်ငံခြားသို့ပင် သွားရတတ်ပါသည်။ ထိုခရီးမှာ သင့်အတွက် ကောင်းပါသည်။ မီးလျှံပစ် ဒုက္ခပေးတတ်၏။ အမှုပေါ်တတ်၏။ အလုပ်မှ ရုတ်တရက်နားရတတ်သည်။ အတိုက်အခံပေါ်တတ်ပါသည်။ တစ်သက်လုံး တွဲလာသော မိတ်ဆွေနှင့် စိတ်ဝမ်းကွဲတတ်ပါသည်။ မုဆိုးမ၊ မုဆိုးမများ အိမ်ရောက်လာပါက အမှုအခင်းဖြစ်တတ်၍ လက်မခံပါနှင့်။ ခိုးနာခဲ့သော် ဆေးထိုးခြင်းမပြုဘဲ လူဆေး သောက်ဆေးဖြင့်သာ ကုပါ။ သင့်အား သူတစ်ပါးက ဆေးဝါးအတင်းဖြင့် ဒုက္ခပေးတတ်ပါသည်။ အိုးအိမ်နေရာထိုင်ခင်းအတွက်လည်း စိတ်သောကရောက်စရာများ ပေါ်တတ်ပါသည်။ ကံညံ့နေတာတော့ မဟုတ်ပါ။ တိုးတက်ဖို့ ရှိနေတာကို အဖျက်တွေ ဝင်နေတဲ့သဘောပါ။ ဝန်းကျင်ကို အာရုံပြုပါ။ လေ့လာပါ။ သူများတွေကို စိတ်ဝင်စားကြည့်လိုက်ပါ။ သူများကိစ္စတွေမှာ (လိုအပ်သလို) စိတ်ပါလက်ပါ ကူညီပေးပါ။ ထူးခြားစွာ ကံကောင်းလာပါလိမ့်မည်။ ယခုအချိန်မှာ မောက်မာ မော်ကြွားတာတွေ လုံးဝ မလုပ်မိပါစေနှင့်။ အိမ်တွင်းရေးကိစ္စတွေ သိမ်မွေ့စွာ ကိုင်တွယ်ပါ။ စကားချိုသာပါ။

ယတြာ။ ။ ရှောက်သီးတစ်လုံးမှည့်မှည့်ကို ရှာ၍ ဘုရားကျောင်းဆောင်တွင် ဗုဒ္ဓဟူးနေ့တွင် နံနက်စောစော၌ အလုံးလိုက် ကပ်လှူလိုက်ပါ။ လေးလုံးလှူထားပါ။ ထို့ပြင် တနင်္ဂနွေနေ့ည နေ၌ ဘဉ်ပြုတ်တစ်လုံးကို အခွံနွာ၍ လင်္ဂ၌ ရှိသော ခွေးတစ်ကောင်အား ချကျွေးပါ။ ကောင်းကျိုးချမ်းသာများ သင့်ထံသို့ ရောက်လာပါလိမ့်မည်။ လောကဝိဒူ ဂုဏ်တော်ကို နေ့စဉ် ပုတီး(၁၀)ပတ်လောက် ပုံမှန်စိပ်သွားပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၆) ဂဏန်းတွေနှင့် ထီထိုးပြီး ပိုက်ဆံအိတ်ထဲမှာ သိမ်းထားပါ။

• • • •

www.burmeseclassic.com

➤ သောကြာသားသမီးများ

ယခုလတွင် ကိစ္စများ သောင်မတင် ရေမကူ၊ ဆုံးဖြတ်၍မရ ဖြစ်နေမည်။ ကံကြမ္မာက ကိုယ့်ကို အခွင့်ကောင်းတွေ ပေးထားပါလျက်၊ ပတ်ဝန်းကျင်က ကိုယ့်ကို အခွင့်အရေးတွေ ပေးထားပါလျက် ကိုယ်က မယူမိ၊ မသုံးမိ၊ မဆုံးဖြတ်ပိုဖြစ်နေမည်။ အခက်အခဲတွေ တွေ့ရတတ်သည်။ ကိုယ်ကလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး သဘောထားနေမိသည်။ ဘယ်ကိစ္စမဆို ရဲရင့်စွာ ဆုံးဖြတ် ရင်ဆိုင်ရမည့်လဖြစ်သည်။

ငွေရေးကြေးရေးကိစ္စကတော့ ကိုယ့်ရှိတာလေးကိုပဲ ချွေချွေတာတာ သုံးရမည့်လဖြစ်သည်။ ဝင်စရာရှိသည့်ငွေတွေ အခိုက်အတန့်မျှ လာဘ်ပိတ်နေမည်။ အလုပ်တွင် အလိုလိုနေရင်း စိတ်မွန်းကျပ်နေမည်။ သို့သော် အလုပ်တွင် ပုံမှန်လည်ပတ်နိုင်မည်။

အိမ်ထောင်ရှင်များ ယခုလတွင် အိမ်ထောင်ဖက်က ကိုယ့်အပေါ် မေတ္တာမှန်၊ စေတနာမှန် ဖြည့်ဆည်းပေးနေတာကို မခံယူမိဘဲ ဥပေက္ခာပြုမိတာမျိုး ကြုံမည်။ အိမ်ထောင်ဖက်၏ မေတ္တာကို နားလည်ပါလျက် စိတ်က တခြားကို ညွှတ်နေမိတာမျိုးလည်း ကြုံတတ်၏။

ငယ်ရွယ်သူများ မေတ္တာရေး ကောင်းမွန်မည်။ ချစ်သူအတွက် ဘာမဆို ပုံပေးမိတာမျိုး ကြုံမည်။ အချစ်အတွက် ဘာမဆို စွန့်စားဖို့ စိတ်တွေပေါ်မည်။ ကိုယ့်ချစ်သူအဖြစ် ကိုယ်နှင့် ရင်းနှီးသူတစ်ဦးက ချစ်ခွင့်ပန်လာတာမျိုးလည်း ကြုံမည်။ ချစ်သူအပေါ် သစ္စာရှိပါလေ။

ကျန်းမာရေးတွင် ခေါင်းကိုက်တာ ကြုံတတ်သည်။ ကျန်းမာရေး ကောင်းမွန်ပါသည်။ ယခုလတွင် မိုဒိုးဖလာ ထုံးတမ်းစဉ်လာတွေကို လိုက်နာဖို့ လိုအပ်ပါသည်။ မိသားစုဝင်များနှင့် ခင်မင်ရင်းနှီးစွာ အထူးသင့်မြတ်စွာ နေထိုင်ပေးဖို့လည်း လိုအပ်ပါသည်။

ယတြာ။ ။ သင့်ဧည့်ခန်းထဲတွင် ရေတံခွန်ပါသောပုံ၊ ပင်လယ်ပြင်ပုံတို့ ကပ်ခွဲတံထားလိုက်ပါ။ ညအိပ်ရာဝင်ဂိုင်း လောက သဘာဝကြီးထဲတွင် လွတ်လပ်စွာ ရှင်သန်ခွင့်ရှိသော လူဘဝ၏အနှစ်သာရကို ကျက်မှတ်ပေးပြီးမှအိပ်ပါ။

ထီကံစမ်းရန်။ ။ မွေးနေ့တွင် (၇)များများပါသော ထီလက်မှတ်ထိုးပါ။ အနည်းဆုံး (၇)လုံးပါပါစေ။

• • • •

www.burmeseclassic.com

ဂန္ဓိရဆန်သော ခြင်္သေ့မာန်နှင့် ခြင်္သေ့

ဘုန်းပြည့်လှိုင်ဝေ(စရာဇမြေ)

တစ်နေ့တွင် စာရေးသူနှင့် တပည့်ကျော် မောင်လှကြည် တို့သည်၊ ဓာတုဝိဇ္ဇာလက်ာရကျောင်းသို့ ဦးဇင်းကြီး နေမိန္ဒနှင့်တွေ့ဆုံရန်အတွက် သွားရောက်ခဲ့ပါသည်။ ဦးဇင်းကြီး နေမိန္ဒသည် ဖိုရုံထဲတွင် ဓာတ်ထိုးနေသဖြင့်၊ တပည့်ကျော် မောင်လှကြည်က စာရေးသူကို "ဆရာကျော် ဓာတ်လုံး ဝါသနာပါသလား" ဟုမေးပါသည်။ စာရေးသူကလည်း "အေး ဓာတ်လုံးအဆောင်၊ ဆောင်တာတော့ ဝါသနာပါတယ်၊ ဒါပေမဲ့ ငါဓာတ်မထိုးတတ်ဘူး" ဟု ဆိုသောအခါ၊ မောင်လှကြည်က- "ဆရာကျော်ကို ဓာတ်ထိုးနေတဲ့ ဦးဇင်းကြီးနေမိန္ဒနဲ့ မိတ်ဆက်ပေးမလို့ပါ။ ဓာတ်ထိုးတာလည်း လေ့လာရင်း ဗဟုသုတလည်းယူရင်းပေါ့" ဟုဆိုပြီး ဦးဇင်းကြီးနှင့်မိတ်ဆက်ပေးပါသည်။ "ဦးဇင်းဘုရား ဓာတည့်တော်ရဲ့ အခင်မင်ခုံးဆရာပါဘုရား၊ ဂန္ဓိရစာပေတွေကို မဂ္ဂဇင်းတွေမှာရေးနေတဲ့ စာရေးဆရာတစ်ယောက်ပါ ဘုရား၊ သူကလောင်အမည်က ဆရာဘုန်းပြည့်လှိုင်ဝေပါဘုရား၊ တပည့်တော်တို့က သူကို

www.burmeseclassic.com

www.burmeseclassic.com

ဆရာကျော်လို့ပဲ နှုတ်ကျိုးပြီးခေါ်နေကျပါဘုရား" ဟု မောင်လှကြည်က မိတ်ဆက်ပေးသောအခါ ဦးဇင်းကြီး ဦးနေမိန္ဒက ဓာတ်ထိုးရင်းမှ လှုံကိုမိုတွင်းမှ ညှပ်ပြင့်ဆွဲပြီးသေးသို့ အသာချထားလိုက်လေသည်။ စာရေးသူကို ဦးဇင်းကြီးနေမိန္ဒသည် စေ့စေ့ကြည့်ပြီး "ဒကာကြီးကို ကျုပ်မြင်ဘူးသလိုလိုတော့ရှိသား၊ ဘယ်မှာမြင်ဘူးပါလိမ့်" ဟု ဆိုပြီး ကွမ်းအစ်ထဲမှ ကွမ်းနှင့် ထုံးဖြူ၊ ရှားစေး၊ အသင့်ညှပ်ပြီးသား ကွမ်းသီးတို့ကို အချိုးကျစွာဖြင့်ယာပြီး ပါးစပ်တွင်းသို့ ထည့်ဝါးလေသည်။ စာရေးသူဘက်သို့ ကွမ်းအစ်ကို လှမ်းပေးသောအခါ အလိုက်သိသောတပည့် မောင်လှကြည်က ဦးဇင်းကြီးလက်စွာယူလာပြီး စာရေးသူရှေ့သို့ချပေးပြီး "ဆရာကျော်စား" ဟု ဦးဇင်း လက်ဖက်ဖြင့် လောကွတ်ပြုလေသည်။ ကျွန်ုပ်သည်ကား အနည်းငယ် ၂၄ွန်းမှုစားပြီး ရေနွေးခွက်ဖြင့် တင်းတိမ်မိလေသည်။ အဘယ်ကြောင့်ဆိုလျှင် ဦးဇင်းကြီး၏ ရေနွေးကြမ်းသည်၊ ခါးဆိမ့်ဖန်ချိုဖြစ်နေသောကြောင့်ပင် ကျွန်ုပ်သည် လက်ဖက်သုပ်ထက် ရေနွေးကြမ်းကို သဘောကျ၍နေမိလေတော့သည်။ လက်ဖက်သုပ်သည် တပည့်ကြီးမောင်လှကြည်အတွက် အစာအိမ်ကိုဖြည့်တင်းပေးခဲ့လေသည်။ ဦးဇင်းကြီးနေမိန္ဒသည် ထိုးလက်စဓာတ်လုံးကို လူမြင်မခံလိုသည့်သဘောဖြင့် စာရေးသူတို့ကို စကားလွှဲပြောင်း၍ ဣန္ဒြေသို့



ထဲမှ လှမ်းယူပြီး "ဆရာက ကွမ်းမစားတတ်ပါဘူး ဘုရား၊ တပည့်တော်သာစားတတ်တာပါဘုရား" ဟု ဆိုသောအခါး ဦးဇင်းကြီးက "ဒကာကြီးက ကွမ်း ဆေးလိပ်မစားမသောက် တတ်တော့ ကျုပ်စားပွဲပေါ်မှာရှိတဲ့ လက်ဖက်ပွဲတော့ စားရမှာပေါ့၊ ဒကာလုကြည် သိပ်ကျောင်းပေါ်က ကျွန်စာကြည့်စား ခဲ့ရမှာ တင်ထားတဲ့ လက်ဖက်ပွဲကို သွားယူပြီး ဒီဒကာကြီးကို ကျွေးလိုက်ပါ" ဟု ဦးဇင်းကြီးညွှန်ကြားလိုက်သည့်အတိုင်း မောင်လှကြည်သည် ဖင်ပေါ်ကွာပြင့် လက်ဖက်ပွဲနှင့် ရေနွေးဓာတ်ဘူး လက်ဖက်ရည် ပန်းကန်တို့ကို လင်ပန်းနှင့် သေချာ ပေးလေသည် "ဒကာကြီး မီးရထားအမှုထမ်းဆိုတော့၊ အင်ပင်တို့ ဥသျှစ်ကုန်းတို့ မီးရထားဘူတာတွေကို ရောက်ဖူးမှာပေါ့။ ကျုပ် ဥသျှစ်ကုန်းနဲ့ အင်ပင်ကြားက အင်တောတွေမှာ ရက္ခမူတစ်လ ဓူတင်ဆောက်တည်ဖူးတယ်။ ဆောင်းတွင်းကာလရဲ့ ပြာသိုလတစ်လမှာပေါ့။ ဒကာကြီးက စာရေးဆရာဆိုတော့ ကမ္ဘီရဆန်တဲ့ အတွေ့အကြုံလေးတွေကို ဗဟုသုတအဖြစ် ကျုပ်ပြောပြဦးမယ်။ စာရေးချင်လည်းရေးပေါ့၊ ကျုပ်တစ်ကိုယ်တည်းကြီးမားတဲ့ ကညင်ပင်ကြီးအောက်မှာ တဲလေးတစ်လုံးဆောက်ပြီးနေခဲ့တယ်။ အင်ပင်းယပေါ်များတဲ့

www.burmeseclassic.com

www.burmeseclassic.com

အင်တောထဲမှာ ကညင်ပင်ကြီးက တစ်ပင်တည်းဆိုတော့ မနက်တိုင်းမှာ လှည်းတွေသုံးလေးစီးနဲ့ အင်ရွက်ခူးသူတွေ လာကြတယ်။ လှည်းတစ်စီးနဲ့ လာတဲ့မောင်နှမနှစ်ယောက်က ကျွဲကို နေစဉ်နေတိုင်း ဆွမ်းနဲ့ ဘယာကြော် (၄)လုံး အမြဲလာလှူကြတယ်။ သူတို့ကို နေတဲ့ရွာကိုမေးတော့၊ ဥသျှစ်ကုန်းဘူတာနဲ့ အင်ပင်ဘူတာကြားက၊ သမြေလှရွာမှာ နေတယ်လို့တော့ ပြောတာပဲ။ သက်သက်လွတ်ဘယာကြော် ကအာရံဆွမ်း (၂)လုံး၊ နေ့ဆွမ်း (၂)လုံး ဘုန်းပေးတာနဲ့ အဟာရသိဒ္ဓိပြည့်ဝသလိုပဲ ကျွဲပံခံစားရတယ်။ ကျွဲလည်း အာနာပါနတရား ရှုမှတ်နေပေမဲ့ ဆွမ်းလာလှူသူမောင်နှမကို အမြဲတမ်း မေတ္တာပို့ အမျှအတန်ပေးဝေပါတယ်။ တစ်နေ့မှာ ကျွဲပံနဲ့ မျက်စောင်းထိုးအင်ပင်ကြီး တစ်ပင်ဘေးက တောင်ပိုကြီးက လူတစ်ရပ်လောက်မြင့်ပြီး၊ တောင်ပိုထိပ်မှာ သက်တန့်ရောင်စုံထွက်နေသလို ကျွဲပံမြင်မိတယ်။ သက်တန့်ရောင်စုံထွက်ရင်၊ ခြသံစစ်စစ်တောင်ပို့တွင်းမှာရှိ တယ်ဆိုတာ ကြားဖူးနားဝရှိခဲ့ဖူးပေမဲ့ ကျွဲပံ ခြဆိုတဲ့ သတ္တဝါ တွေရဲ့ အသက်ကို မသတ်ရက်ဘူးလေ၊ နောက်တစ်နေ့ နံနက် (၆)နာရီလောက်မှာ လူနှစ်ယောက် တူရွင်းကိုယ်စီ ယူလာပြီး တောင်ပိုကြီးကို တူးတော့တာပါပဲ၊ သူတို့က တောင်ပို့တွင်းက ခြဘုရင်ကို ရှာတာပါ။ ခြဘုရင်ကတစ်ကောင်ထဲနဲ့ တောင်ပို့အလယ်မှာ နန်းထိုင်နေတတ်တယ်လေ၊ ယောက်ျားကြီးခြေမလောက်တော့ အကောင်ကြီးတယ်တဲ့၊ သူကိုယ်ခန္ဓာက ဖြူဖွေးပြီး နူးညံ့နေတယ်ဆိုပဲ၊ မွေးရာပါ ရင်ကျပ်ရောဂါသည်တွေအတွက် မီးကင်ကျွေးရင် ခွဲစားပျော်ပြီး ရင်ကျပ်ရောဂါ နှင်နေငါသွားဆိုသလို ပျောက်ကင်းတယ်တဲ့၊ သူတို့နှစ်ယောက်တူးလိုက်တာ တောင်ပို့ကြီးသာပြိုသွားတယ်၊ ခြဘုရင်ကို ရသလားမရသလားတော့မသိဘူး၊ သူတို့ ပြန်သွားမှ ပြိုသွားတဲ့တောင်ပို့နားကို ကျွဲပံလည်းမယောင်မလည်နဲ့ လျှောက်ကြည့်မိတယ်။ ခြဆိုတာ တစ်ကောင် တောင်မတွေ့ပါဘူး။ မြေဖြိုထားတဲ့ အတွင်းမြေသားတွေက မြေရောင်ဆွေးမြေနေတဲ့ သံချေးရောင်မြေဆွေးတွေလိုပါပဲ။ နောက်တစ်နေ့ မနက်နေထွက်ချိန်လောက်မှာ ကျွဲပံလည်း သက်တန့်ရောင်အလင်းတန်းပြန်နေတဲ့ ဖြိုထားတဲ့တောင်ပို့ ဘက်ကို မျက်စိကရောက်သွားတော့ တလက်လက်နဲ့ ရောင်စုံထနေတာတွေ့ရတော့ ထူးဆန်းတာတစ်ခုတော့ ရှိလိမ့်မယ်လို့အထင်ရှိတာနဲ့ ကျွဲပံလည်းအနားသွားပြီး ကြည့်မိတယ်။ အနားကိုရောက်တော့လည်း ဘာမှမတွေ့၊ မြေကြီး ဆွေးမဲမဲတွေသာတွေ့ရတယ်။ ကျွဲပံ့ရုတင်ဆောက်တည်တဲ့၊ တဲကနေပြန်ကြည့်မိတော့လည်း အရောင်တွေတလက်လက်နဲ့တောက်ပနေဆဲပဲ။ ကျွဲပံခြေလှမ်းကို (၂၄)လှမ်း ကြဲကြဲလှမ်းသွားပြီး သေချာကြည့်ပြီးကောက်လိုက်တော့ ခြသေ့ပုံနဲ့တူတဲ့ ကျောက်ခဲတစ်ခုကို ကောက်ယူမိတယ်။ ကျွဲပံလိုက်စားနေတဲ့ ဂန္ဓိရဗညာထဲမှာ အဂ္ဂိရတ်ကို အနှစ်သက်ဆုံးပဲ၊ ကျွဲပံခြသံအစစ်လို့တော့ထင်တာပဲ၊ အနည်းငယ် လေးပြီး သံလိုက်နဲ့စမ်းကြည့်တော့လည်း သံမလိုက်ပါဘူး၊ အဲပေမဲ့ ကျွဲပံဓာတ်မထိုးရဲဘူး။ အဆောင် အဖြစ်နဲ့ထားတာပါ၊ အကယ်၍ ဓာတ်ထိုးလိုက်ရင် ခြသံအစစ် ကပျောက်သွားမှာ လည်းစိုးရသေး။ အဆောင်အဖြစ်နဲ့ထားတာက ကျွဲပံအတွက် လက်တွေ့အကျိုးပေးတယ်လေ၊ ဓာတ်ထိုးနေလို့ ထိုက်မှ ဓာတ်လုံးကရမှာ၊ မထိုက်ရင်ပျောက်သွားမှာကသေချာတယ်။ "ဟုပြောပြီး ကိုယ်နှင့်မကွာဆောင်ထားသော သင်္ကန်းအိပ်ရဲ့ လေးထဲက ထုတ်ပြပါသည်၊ လက်မသာသာ အရွယ်လောက် ရှိခြသေ့ပုံတူကျောက်ခဲလေးသည်၊ အေး၍ အနက်ရောင် သန်းပြီး၊ လေးနေပါသည်။ စာရေးသူသည်၊ ကုန်ကြမ်းရသဖြင့် ပေးပါးရေးရန်အကွက်ဆိုက်လာပါသည်။ အဆောင်နှင့် အတူ ဦးဇင်းကြီး၏ မှတ်တမ်းတင်ဓာတ် ပုံကို ရိုက်ယူလိုပါသော်လည်း ခွင့်မပြုပါသဖြင့်၊ ခြသေ့ပုံတူ ခြသံပင်လော (သို့မဟုတ်) ကျောက်ခဲပင်လောဟုသာ လေ ၂ လောဖြင့် ကျေနပ်ခဲ့ရပါတော့သည်။ တစ်ခါက အမှတ်တရတပည့်ကြီး မောင်လှကြည်နှင့်အတူ ဝန်ထမ်းဘစလေးကို သတိရေးဖြင့် ခြသေ့ပုံတူ ဓာတ်ပုံလေးဖြင့်၊ ဤဂန္ဓိရဆန်းကြယ် မဂ္ဂင်းကြီးတွင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်မှန်ကို တင်ပြလိုက်ပါသည်။ စာဖတ်သူတို့ ပေါ့ရွှင်နိုင်ပါစေ။

(အဂ္ဂိရတ်ပညာဖြင့် ဦးဇင်းဦးနေမိန္ဒ၊ ဝိဇ္ဇာပညာအလင်း ဓာတ်များ ပေါက်မြောက်အောင်မြင်နိုင်ပါစေ။)

* * *

ဘုန်းပြည့်လှဒေဝ(ဧရာဝတီ)

www.burmeseclassic.com

www.burmeseclassic.com

ရွေးဟောင်း အင်းပညာရှိ ခေါင်းကိုက်ဝေဒနာ

ကိုနေဦးမောင် (ပခုက္ကူ)

၁	၂	၃
၆	၅	၄
၈	၇	၀

ငင်းခေါင်းကိုက်အင်းကို ခဲတံနှင့် စတုရန်း ၂လက်မ ရှိ စက္ကူပေါ်၌ ညီအောင်ရေးပါ။ မျဉ်းအစွန်းအစ မထွက်စေရ။ မျဉ်းဆက်လည်း ထိရမည်။ မျဉ်းဆက်မထိက အင်းပေါက်သည်ဟု ခေါ်သည်။ ငင်းအင်းချပြီး သွင်းရမည့် အင်းဆန်ကား ၁-နွေ၊ ၂-လာ၊ ၃-ဂီ။ ၄-ဟူး၊ ၀-နေ၊ ၅-တေး၊ ၈-ဟု၊ ၆-ကြာဟူ၍ ဂြိုဟ်စဉ်ရေးနည်းနှင့်ရေး။ လက်ဝဲထောင့်အစက လှည့်ချ။ အလယ်ကွက်လပ်၌ ခေါင်းကိုက်သူ၏ နံထည့်။ အင်းရေးသွင်းပြီး သတိနှင့် အိပ်ရန်ပြော။ ငင်းနောက် အင်းကို သေတ္တာ(သို့မဟုတ်) စားပွဲပေါ် ပက်လက်တင် ကျောက်ပျဉ်နှင့်ဖိ။ ငင်းဖိသည်နှင့် တစ်ပြိုင်နက် နားထဲ၌ အူ၍ ခေါင်းကိုက်ဝေဒနာ နုတ်ယူပစ် သကဲ့သို့ ပျောက်လိမ့်မည်။ ပြင်းထန်စွာကိုက်လေ ပိုထင်ရှား၏။ နံဆိုသည်မှာ ခေါင်းကိုက်သူ၏ မွေးနေ့ဂဏန်းကို ရေးရမည်။

*****

ကိုနေဦးမောင်(ပခုက္ကူ)

"ဗျို့. . . ကိုကျော်ကြီး၊ ကနေ့ စွေးမထွက်ဘူးလား။ နေတောင်အတော်မြင့်နေပြီပဲ"

"ဟုတ်တယ်. . . ကိုချစ်ဦးရေ၊ ခေါင်းတွေ တအား ကိုက်နေလို့ အိမ်ရှင်မကိုပဲ စွေးလွှတ်လိုက်ရတယ်"

"ဟင်. . . ဟုတ်လား၊ ဒါဆို လွယ်ပါတယ်။ ဒါပေမယ့် ဆေးနည်းက လွယ်လို့ အထင်တော့မသေးနဲ့နော်။ ရွှေဟောင်းပညာရပ်တွေက ကျုပ်တို့ ခင်ဗျားတို့တစ်တွေ ကာကွယ်မနိုင်အောင် ဆန်းကြယ်တယ်ဗျ"

"ရွေးထုံးလည်း မပယ်နဲ့၊ စွေးသုံးလည်း မလွယ်နဲ့ ဆိုတာလိုပေါ့။ ဒါနဲ့ ခင်ဗျားနည်းကို အပန်းမကြီးရင် လုပ်မယ်ဗျာ။ ကျုပ်ကလည်း တစ်ယူမသန်ပါဘူး။ ရွှေဟောင်းလောကီပညာတွေကို လေးစားတဲ့လူပါဗျာ"

ကိုကျော်ကြီးက ယခုကဲ့သို့ ပြောဆိုခဲ့ရာ ကျွန်ုပ်သည်လည်း မသိသူ ကျော်သွား၊ သိသူ ဖော်စားဆိုသလို ခေါင်းကိုက်ပျောက် အင်းတစ်ကွက်အား ရတနာသုံးပါးအား ဦးထိပ်ထား၍ စေတနာပါပါ လုပ်ဆောင်ပေးခဲ့ပါ၏။

နောက်နေ့တွင်ကား 'အမလေး' တ,နေသော ကိုကျော်ကြီး ခေါင်းကိုက်ရောဂါပျောက်၍ ရွှင်ရွှင်လန်းလန်းနှင့် စွေးထွက်လေသတည်း။ ငင်းခေါင်းကိုက်ပျောက် အင်းကား ဤသို့တည်း။

www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာ၏ ဖခင်သည် ပဲခူးတိုင်း ပြည်မြို့ ဒီစကြာဝိုင်း နှင်းမခမြို့ကလေး၏ မြို့နိုစီပါယ်အရာရှိ မင်းကြီး "ကျော်ခင်" ဆိုသူ ဖြစ်လေသည်။ ကွန်ပျူတာ၏ ဖခင်သည် ကွန်ပျူတာ အင်္ဂလိပ်စာ ဆယ်တန်းအောင်သောအခါ ကွန်ပျူတာ အား အိန္ဒိယပြည်၊ ကာလကတ္တား သိပ္ပံကျောင်းတော်ကြီးမှ အိုင်စီအက်စ် (ICS) သို့မဟုတ် (BABL) တတ်မြောက်အပြီးတွင် (BL) အတတ်ပညာ ထိတိုင် ရည်မှန်းထားလေတော့သည်။ တတ်လုံတော်ရမင်းအဖြစ် တွေ့မြင်လိုသော ဖခင်သည် ကွန်ပျူတာအား ပညာရေးတွင် မပြတ်ထောက်ပံ့နေသူဖြစ်သည်။

ထို့ကြောင့်ပင် မဟုတ်လော၊ ကွန်ပျူတာ မောင်ဘိုးစီသည် နှင်းမခမှ ရန်ကုန်တက္ကသိုလ်သို့ တက်၊ ထိုခေတ်က IC(A) ပထမနှစ်အတန်းတွင် တက်ရောက် ပညာသင်ကြားရလေသည်။ ထို IC(A) ပထမနှစ်အပြီးတွင် IC(B) ဒုတိယနှစ် တက်ရောက်အပြီး

ကန်တော်ရှင် မောင်ဘိုးစီ

မြရာပင် မောင်တင်ယုံ

www.burmeseclassic.com

www.burmeseclassic.com

တွင် ကျောင်းပိတ်သည်နှင့် မြို့ကလေး သို့ ပြန်လာဖြစ်ခဲ့လေသည်။

ကျွန်ုပ် မြို့ကလေး ပြန်ရောက်ပြီး တစ်ညဉ့် အလွန်ထူးဆန်းသော အိပ်မက်ကို မြင်မက်လေတော့သည်။ ထို အိပ်မက်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ မြို့ကလေး၏ အလယ်၊ အထင်ကရ ထင်ရှား သတင်းကြီးသော "မင်္ဂလာ ကန်တော်ရှင်" ဆိုသည့် ရေကန်ကြီး အကြောင်း အနည်းငယ် ပြောပြရပေဦး မည်။

ကျွန်ုပ်တို့ မြို့ကလေးအနောက် ဘက်၊ မြို့အထွက် သခ်ျိုင်းကုန်းသွား မြေနီလမ်းကလေး၏ တစ်ဖက်ဘေး တွင် ထိုရေကန်ကြီး တည်ရှိနေခြင်းဖြစ် သည်။ ထိုရေကန်ကြီးတစ်ဖက်ဘေး သည် ရန်ကုန်နှင့် မကွေး၊ ရေနံချောင်း၊ ချောက်မြို့ထိတိုင် အဝေးပြေး ကား လမ်းမကြီး ရှိသလို၊ မြောက်ဖျားတွင် တော့ မြို့ကလေးတစ်ဖက် နံဘေးဖြတ် မီးရထားလမ်းလည်း ရှိလေသည်။ ထို ကြောင့်ပင်မဟုတ်လော၊ ကျွန်ုပ်တို့ နှင်းမခမြို့ကလေးသည် မြန်မာပြည်၏ အချက်အချာကျ လမ်းဆုံ လမ်းခွဖြစ် လေသဖြင့် အလွန်မှ စည်ကားလှပေ သည်။

ကျွန်ုပ် ဆိုလိုရင်းမှာ မြို့၏ ကျက် သရေဆောင် ထိုမင်္ဂလာ ကန်တော်ရှင် ရေကန်ကြီးအကြောင်းကိုသာ ဖြစ်သည်။ ထိုရေကန်သည် ကေအားဖြင့် ၅၀၀၊ ၆၀၀ခန့် ကျယ်ဝန်း၍ အလွန်ထူးခြား သည်မှာ ကန်အလယ်တည့်တည့် နေရာတွင် အလွန်ကြီးမား တုတ်ခိုင်ပြီး အခက်အလက်အရွက် ဝေဖြာသော ပိန္နဲသရက်၊ ညောင်မုတ်ဆိတ်နှင့် ရေ သဖန်းပင်ကြီးများ ထီးထီးပေါက်နေ သည်။ ထိုအပင်ကြီး၊ အပင်ငယ်များကို ဆယ့်နှစ်ရာသီပန်းပင်၊ စက္ကူပန်းပင် အစရှိသော အပင်ငယ်များနှင့် ချဲ့နွယ် တို့က ပိတ်ကာဆီးသကဲ့သို့ ပေါက်နေ သည်။ ထိုထက် ထူးခြားသည်မှာ ထို အပင်တို့နံဘေးတစ်ဖက် အရွက် အလက်တို့ ကိုင်းဖြာထွက်နေသော ထန်းပင်မြင့်မြင့်ကြီးနှစ်ပင်ကလည်း ထိုးထွက်ပေါက်နေသည်။ ကုန်းပို့ပို့ ခေါ်ရလေမလား။ ရေအလယ်ကောင် ကျွန်းကလေး။ သို့မဟုတ် ကန်ရေ အလယ် သောင်ထွန်းကုန်းပို့လေးဟု ခေါ်ရမလား မသိသည့် ကုန်းပို့ပို့ ကလေး ရှိနေသည်မှာလည်း တစ်မူ ထူးပြီး မြင်ရသူအဖို့ အံ့မခန်းဖြစ်ရလေ သည်။

ကျွန်ုပ်တို့သည် ထိုမြို့ကလေးက အင်္ဂလိပ်ကျောင်းကြီးလွှတ်အပြန်နှင့် အချိန်အားရသည့် ညနေတိုင်းတွင် ထို ရေကန်ကြီး၏ ကန်ပေါင် တာရိုး တစ်လျှောက် လျှောက်ပြန်ဖြစ်၊ သွား ဖြစ်ခဲ့ကြလေသည်။ ထိုရေကန်ပတ် လည် ကန်ပေါင်တစ်ဝိုက် ဘေး တစ်ဖက်တွင် တမာ၊ ပိတောက်၊ စိန် ပန်းနှင့် အခြား သရက်၊ မန်ကျည်းပင် ကြီးတို့က အုပ်အုပ်ဆိုင်းဆိုင်း ညို့ညို့ မှိုင်းမှိုင်း ရစ်သိုင်းပေါက်နေသောကြောင့် အပန်းဖြေ အနားယူ ချစ်သူတို့ လမ်း အတူလျှောက်လို့ အလွန်ကောင်းလှ ပေသည်။

ထိုကန်ပေါင်နံဘေး အတွင်း ဘက်မှ ခြေဆင်း တံတားခင်း ညနေ ချိန်ဆို မြို့နေ လုံမပျိုတို့ ထိုတံတားများ မှ ရေခပ်ဆင်းလေ့ရှိရာ ကျွန်ုပ်တို့ လူငယ်တစ်စုက မယ်ဒလင်တီးသူ တီး၊ ဟွန်းတယောထိုးသူ ထိုး၊ ကျွန်ုပ် မောင်ဘိုးစိုက သီချင်းဆို ဟစ်ကြွေး သည်မှာလည်း ညနေဆည်းဆာလိုပင် ဖြစ်သည်။

"ချစ်လွန်းသူရယ် ××× ချစ်မိုးစွေ ခဲ့တယ် ××× ဘုံကြိုးပြတ်တဲ့ ဒေဝီ မြတ်နှန်းနွယ်××× သြော် ××× မျက် မာန်တော် ညှိုးလိုက်ပါနဲ့×××"

ထိုအခါတိုင်း ကျွန်ုပ် မောင်ဘိုးစိ၏ သီချင်းသံကို စွဲမက် နှစ်မြှုပ်လွန်း သော မြို့ကလေးပေါ်ရှိ သီရိသိရီ ရတနာ ရွှေဆိုင် ဦးကျင်ဆိုင်နှင့် ဒေါ်မလေးတို့ ၏ သမီးများဖြစ်ကြသော မယ်သုခ်တို့၊ မယ်မူန်တို့က ကျွန်ုပ်တို့အတွက် စား စရာ လက်ဖက်ပွဲနှင့် မုန့်များ လာချ ပေးသလို၊ တစ်ခါတစ်ရံတော့ ကျွန်ုပ် အတွက် အင်္ကလန်ပြည်လာ မာဖလာ ကွက်နှင့် လက်ရက် ပုဆိုးတို့ကိုပင် ကောင်းခီးပေး ထောပနာပြု လက် ဆောင်ပါးတတ်လေသည်။

ကျွန်ုပ် မောင်ဘိုးစိသည် ဘဝ ပေး ကုသိုလ်အရ မြန်နီစီပယ်အရာရှိ မင်း၏ သား၊ တက္ကသိုလ်ကျောင်းသား ဆိုသည့် ဂုဏ်ရည်ကလည်း ရှိ ဆို တော့ မြို့ကလေးပေါ်ကသာမက၊ အနယ်နယ်အရပ်ရပ်က သမီးရှင်များ မျက်စိကျဘိသို့၊ ရုပ်ရည်ရူပကာက လည်း နုရိုကပင် ချောမော၊ အရွယ်က လည်း နုနုငယ်ငယ်ဖြစ်ပြန် ဆိုတော့ အရပ်စကားဖြင့် ပြောရသော် ခုခိုန်တွင် ကျွန်ုပ် မောင်ဘိုးစိသည် လှမ်းတင့် ဆန်းပွင့်လျက်ရှိလေသည်။

ထိုတစ်ည အိပ်မက်ထဲတွင် ကျွန်ုပ်အား ကန်တော်ရှင် နမတော်မ ခေါ်ယူပြီး နွယ်ဒန်းဆင် ပန်းသီးပုခက် တွင် တင်၍ ပုခက်လွှဲ သီချင်းဆို ချော့ မြူနေသည်ဟူ၍ မြင်မက်ရခြင်းဖြစ် သည်။

"အို...ချစ်ရပါသော မောင်မောင်၊ ဝသုန်ဣမြေ ပျက်ပြုန်းတောင် မမုန်း နိုင်ပေါင်။ သက်သေတည်ထား နမ ကလေးရဲ့ ရင်ကို ခွဲပြဆိုက ခွဲပြခွင့်ပေး လှသနော်။ ယုံလိုက်စမ်းပါ ဦးလေး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အိပ်မက်တွင် အရပ်သူ၊ အရပ်သား ရိုးရိုးအဝတ် အစား အပြင်အဆင်နှင့် ဖြစ်မနေဘဲ၊ ထိုခေတ်က အလွန်အဖိုးထိုက်တန်သည့် ဇာတ်မင်းသားကြီး ဦးဖိုးစိန်တို့ နှစ်ပါးခွင်တွင် ဝတ်ဆင်သော ခါးတောင် (ခတောင်)အင်္ကျီ ပြူးပြူးပြောင်ပြောင် တလက်လက် အရောင်ထွက် အပြာရင့်ရင့်တွင် အပြာနုနှင့် ပန်းနုရောင် အကွက်ဖော် ကြိုးကြီးချိတ် တောင်ရှည်ပုဆိုးတို့ကို ဝတ်ဆင်ထားလျက် ရှိသည်။

ထို့ထက် အလွန်ထူးခြားသည်မှာ ကျွန်ုပ်၏ နဂိုရည် ဘိုကေဆံတောက်ပုံ ဆံပင်နေရာတွင် အလွန်မှ စိမ်းမောင် နက်ပြောင်၊ အလွန်မှ လည်း ရှည်လျား ထူထဲသော ဆံပင်ရှည်ကြီးဖြစ်နေခြင်းပင်။ ထိုဆံပင်အား ဘေးတစ်ဖက်ချိတ်၊ သျှောင်ထုံးတင် ထားခြင်းမဟုတ်ဘဲ၊ ကုပ်မှ သိမ်း၍ တစ်ပတ်လျှို့ စုစည်း ထုံးနောင်ထား ခြင်းဖြစ်သည်။

နောက်တစ်ခု ထူးခြားသည်မှာ ကျွန်ုပ်၏ အသားအရောင် ပြူဝင်းဝင်းသည် ယခုအခါ စိုပြည်ဝင်းလဲ့သော ပါးကြော၊ လည်တိုင်ကြောမျှင်ကလေးများ စိမ်းမြဴယုက်ဖြာနေသည်ကိုပင် အတိုင်းသား မြင်တွေ့နေရခြင်း ဖြစ်သည်။

ကျွန်ုပ် မောင်ဘိုစီသည် ပန်းတွေစီ၍ သီထားသော နွယ်ခန်းပုခက်တွင် ခြေနှစ်ဖက်ဆင်းထိုင်ပြီး လက်နှစ်ဖက်က နွယ်ပုခက်ခန်းကို တစ်ဖက်တစ်ချက် ဆုပ်ကိုင်ပြီး အငြိမ့်သား ပုခက်စီးလျက်ရှိသည်။ မပြင်မလျော့ ငြိမ့်ငြိမ့်သာသာ ခန်းစီးနေစဉ် ဘေးတစ်ဖက်တွင် သီချင်းဆိုရင်း ပုခက်လွှဲပေးနေသော နမတော် ကန်တော်ရှင်အား ငဲ့ဝောင်းကြည့်မိလေသည်။

လူ့ပြည်၊ လူ့လောကတွင် ချောလှပါသည် ဆိုသော အလှထိပ်ခေါင်မလေးများပင် မပီ။ လှချက်တွင် ယဉ်ချက်နေ၊ ယဉ်လည်း ယဉ်၊ လှလည်း လှသော ကန်တော်ရှင် နမပျိုကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေသည်။

အစိမ်းရင့်ရောင် ချိတ်ထဘီနှင့် ဇာကွက်ဖော် ဝိုဇာအင်္ကျီ ဆိုရသော ထိုင်မသိမ်း အင်္ကျီကို ဝတ်ဆင်ထားသည်။ ထို ထိုင်မသိမ်းအင်္ကျီသည် အစိမ်းနခေါ်မလား ဖက်ဖူးရောင်ခေါ် မလား အရောင်နုဖြစ်သဖြင့် အောက်တွင် ဝတ်ဆင်ထားသည့် ချိတ်ထဘီနှင့် အလွန်မှ လိုက်ဖက် ပထာတင့်လှပေသည်။

ထိုကန်တော်ရှင် နမ၏ ရုပ်ရည်နှင့် အသားတော်သည် ရှေးစာဆို အကျော် နဝဒေး၏ စာနှင့် နှိုင်းရသော်...

ထွတ်ထွတ်ဝင်းပြောင်
ထွန်းကိုယ်ရောင်မှု
တောက်လောင်ဘန်းး
ရွှန်းရွန်းနီကာယ်၊
တင့်မျိုးကြွယ်သား...

ဟူ၍ တစ်မူ၊ မျက်နှာတော် အလှကလည်း စာဆို ကဝိပညာရှိ ဝန်ကြီး ပဒေသရာဇာ စပ်ဆိုသော ကဗျာစာကဲ့သို့...

ယဉ်မျိုးထပ်စုံ
လှမျိုးကုန်၍
သွန်းပုံသိဂီ
စုံညီငါးအင်၊
ရွှန်းမြွေရှင်သည်...

တဲ့။ အလွန်မှ လှပကြော့ရှင်းသုံးရက်လပမာတန်၊ မဟာဆန် မျက်လုံး ခရာဟန် တစ်ချက်ပြူးလိုက်တော့ တစ်သက်လုံး မေ့နိုင်၊ ရွှေနှာတံ ပေါ်လိုက်တာက၊ တော်ဝင်ထိုက် နန်းသူကောင်ရယ်လို့တောင် နှုတ်မှ တ,ရ မလောက် လှလွန်းတွေ ပြီး၊ တစ်ကိုယ်လုံးမှာ ဆိုင်၊ ဘယ်သူပြိုင်လို့မှ မနိုင်ဆိုသလို အလှပိုင်ရှင်မလေးကို မြင်တွေ့လိုက်ရလေသည်။

ကျွန်ုပ် မောင်ဘိုစီအား နွယ်ခန်းလွှဲပေးပြီးနောက် သပျစ်၊ ပန်းသီး၊ လိမ္မော်၊ အချိုရသာ မုန့်အဖြာဖြာတို့ဖြင့် တစ်ဖန် တည်ခင်းကျေးခဲကျွေးပြီး သူမကိုယ်တိုင်ကလည်း စောင်းပိုက်၍ "ချစ်မောင်တော်ရေ...ပစ်ခွာလို့ မသွားလိုက်ပါနဲ့၊ မေတ္တာတော်ခြွေ×××ဇီပါသက်လုံးဆုံးတိုင် ချစ်ပါရစေ×××ခင်ခင်နမက အသနားခံသလေ×××" အစချီသော တေးသီချင်းကို သီဆိုနေသည်။

ထိုအချိန်တွင် ကျွန်ုပ် ဘယ်လို မှ မျော်လင့်မထားသော နင်းမခစေးချိတော်တွင်း ခေတ်ပေါ် အထည်ဆိုင်ပိုင်ရှင် ခေါ်လှျမ်းသမီး မခင်သီ၊ နင်းမခအရှေ့ပိုင်းသူ စိစိမော်၊ နင်းမခပြိုလယ် ကားပိုင်ရှင် ဦးစစ်မြင့်+ဒေါ်ဒေါ်အေးတို့သမီး သစ်သစ်ဆိုသူတို့ တစ်စုက ယိမ်းသမများသဖွယ် ကျွန်ုပ်အား ယိမ်းက ဖျော်ဖြေနေသည်ကို တွေ့မြင်ရပြန်လေသည်။ ထို မခင်သီ၊ စိစိမော်နှင့် သစ်သစ်ဆိုသူတို့မှာ ပျိုမျစ်နုနယ် အလှသွေးကြွယ်နေကြသည့် အချိန်ကောင်း၊ အရွယ်ကောင်းမှာပင် သည်မင်္ဂလာ ကန်တော်ရှင် ရောက်ကြီးတွင် ခုန်ဆင်း၍ တစ်နှစ် တစ်ယောက် ကျစီဆိုသလို သေဆုံးခဲ့ကြသူများ ဖြစ်သည်။

ကျွန်ုပ်သည် သီချင်းသံတွင် နှစ်ပြောသက်ဝင် သာယာနေရာမှ မခင်သီတို့၊ စိစိမော်တို့ကို တွေ့မြင်၍ အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com

ရှိသော အဘ ဦးကျော်သာခင်နှင့် အမိ ဒေါ်ဖွားရင်တို့အား သတိရလာသဖြင့် ပြန်မည်ဟု အထမှာပင် ကန်တော်ရှင် နှမက ကျွန်ုပ်ထံ အပြေးဝင်ပြီး···

"မပြန်ပါနဲ့လား မောင်မောင်ရယ်၊ ဒေဝီ ခင်နှမ မောင်မောင်ပြန်က ရှူးမတတ် ခံစားရကာ မတ်တတ်က ခွေယိုင်လဲရချေရဲ့"

ဟူ၍ ပြောပြီး ကျွန်ုပ်အားလည်း အတင်းအကျပ်ဖက်တွယ်၍ သူ ချစ်လှ ကြိုက်လှချေရဲ့လို့ အဆိုမှာ ကျွန်ုပ်က လည်း အတင်းရန်းကန်တွန်းလဲ၍···

"အို···မဖြစ်နိုင်လွန်းလို့ပါ နှမရယ်၊ မောင်မောင့်အား ပြန်ခွင့်ပြုပါတော့"

ဟု နှုတ်မှ ဆိုပြီး ကျုံးအထမှာ ကျွန်ုပ်သည် အိပ်မက်မှ လန့်နိုးခဲ့လေတော့သည်။

ထိုအချိန်တွင် ကျွန်ုပ်နားအစုံ၌···

"ကြင်ရာ မောင်မောင့်ကြောင့် ××× ပူဆွေးဖွာပို ××× ရွှေရင်စုံ တီးပါလို့ ဝို ××× အို ×××"

ဆိုသည့် "မုံမပြေ" ယိုးဒယားတေး သီဆိုသံတွေကို ကြားနေရသလိုပင် ရှိသည်။

◈◈◈

နောက်တစ်ကြိမ် အိပ်မက် ပြန်အမက်တွင်တော့ ကန်တော်ရှင် မောင်နှမတွင် အစ်ကိုကြီးဖြစ်ဟန်တူသည့် အမျိုးသားကြီးတစ်ဦးနှင့် တွေ့ဆုံရခြင်းပင် ဖြစ်သည်။

ထိုအမျိုးသားကြီးသည် အရပ်ပုပြတ်ပြတ်၊ မျက်နှာပြားပြားဝိုင်းဝိုင်း၊ မျက်နှာထားတည်တည်၊ ဆိုရသော် ဘိုင်စကုပ်(စာတတ်ရှင်)၊ ပြဇာတ်တို့တွင် လူကြမ်းမင်းသားနှင့် တူသော လူကြီးတစ်ဦးဖြစ်နေလေသည်။ ကျွန်ုပ်အား လည်း စေ့စေ့စူးစူးကြည့်ပြီး···

"နှမတော်အကြိုက် အလိုက်အထိုက် အကြိုက်မဆောင်ပါက ငါ့အကြောင်း သိစေရမယ်"

ဟူ၍ ကြိမ်းမောင်းထွက်ဆိုသွားကြောင်းကို ဖြစ်သည်။

ထိုအခြိန်မှစ၍ ကျွန်ုပ် မောင်ဘိုးစီသည် တကယ့်အဖြစ်တွင် အိမ်ပြန်မရောက်။ အိမ်ရှိ မိခင်၊ ဖခင်များလည်း စိုးရိမ်သောက အပူပွားနေကြပေတော့မည်။ ယခုအချိန်တွင် လူအများစုစည်း၍ ကျွန်ုပ် မောင်ဘိုးစီအား အပူတပြင်းလိုက်ရှာနေကြပေတော့မည်။ အိမ်မှ ပျောက်ဆုံးသွားသော ကျွန်ုပ် မောင်ဘိုးစီအတွက် ရတက်မအေး၊ ပူဆွေးသောကရောက်၊ မိဘတို့နှင့်တကွ နှမကလေး မယ်ထွေးလည်း အပူလုံးဆို့သို့ ရှိပေတော့မည်။ ဖခင်သည် ပုလိပ်အား အကြောင်းကြားကာ နေရာအနှံ့အပြား ပိတ်ဆို့ရှာဖွေခိုင်းပေတော့မည်။

ထိုစဉ် ကျွန်ုပ်ဖခင်အား လူအများက မြို့တွင် နာမည်ဂုဏ်သတင်းကြီး၊ အကြားအမြင်ရ ဆရာမကြီး ဒေါ်အေးမိအား သွားမေးကြည့်ရန် ပိုင်းအကြံပြုကြလေတော့သည်။ ကျွန်ုပ် ဖခင် ဂျော်သာခင်သည် နဂိုကပင် ခရစ်ယာန်ဘာသာကို ကိုးကွယ်သည့် ဗရင်ဂျီဘာသာဝင်တစ်ဦးဖြစ်သည်က တစ်ကြောင်း၊ မြို့ပေါ်တွင် အလွန်မှ နာမည်ဂုဏ်သတင်းကြီး အရာရှိကြီး တစ်ဦးဖြစ်ကာ၊ အရပ်သူ-အရပ်သားတို့ ပြုလုပ်လေ့ရှိသည့် ဤအပြုအမူမျိုး လုပ်လေ့လုပ်ထ၊ မေးလေ့မေးထ မရှိသည်က တစ်ကြောင်းကြောင့် ဒေါ်အေးမိအား သွားမေးမြန်းခြင်း မပြုခဲ့ပေ။

သည်လိုနှင့် ကျွန်ုပ် မောင်ဘိုးစီ ပျောက်ဆုံး၍ အိမ်ပြန်မရောက်သည်မှာ ရက်ပေါင်း ၆၀မျှအကြာ၊ ဘယ်လိုမှ လည်း ရှာမတွေ့သဖြင့် ပုလိပ်တို့အကူအညီယူ၊ ပိုက်စိပ်တိုက် လမ်းဆုံလမ်းခွမကျန် ရှာတာလည်း မတွေ့။ သတင်းအစအနတောင် မရသည်နှင့် ကျွန်ုပ်မိခင် ဒေါ်ဖွားရင်၊ နှမကလေး မယ်ထွေးတို့က ဖခင်အား အကျိုးအကြောင်းပြော၊ ဖျောင်းဖျလေမှ အကြားအမြင် ဆရာမကြီး ဒေါ်အေးမိထံ သွားရောက်ကာ ကျွန်ုပ် ဘယ်မှာ ရှိသည်ကို မေးမြန်းခြင်းအမှု ပြုကြလေတော့သည်။

"ဟဲ့···နင်တို့သား ဘယ်မှာမှ မဟုတ်ဘူး။ ဟို မင်္ဂလာကန်တော်ရှင် ရောက် ကုန်းပို့မှာ တစ်ယောက်တည်း။ ကန်တော်ရှင် မောင်နှမက သိမ်းထားတာဟဲ့"

ဟု အသိအတပ်ဟောပြောလိုက်လေတော့သည်။

ထိုအခါမှ လေဦးတွင် ပွဲတင်၍ အဖ ဦးကျော်သာခင်၊ မိခင်နှင့် နှမကလေးတို့တစ်စု အမိလိုက်လာကြလေသည်။ ယခုအခါ ကျွန်ုပ် မောင်ဘိုးစီသည် ကန်လယ် ကုန်းပို့သို့ မည်သို့မည်ပုံ ရောက်ရှိနေကြောင်းနှင့် မည်သည့် အာဟာရ အစားအသောက်တို့ကို စားသောက်၍ အသက်ရှင်နေသည်ကို လုံးဝ အမှတ်မရှိတော့ချေ။

ကျွန်ုပ်သည် ကုန်းပို့ကလေး ထက် ထန်းပင်နှစ်ပင်ခြေရင်းတွင် နေပြီး အဖနှင့် နှမကလေးတို့အား တွေ့မြင်ရသော်လည်း ရွေ့ပြောင်းအလယ် ကုန်းမြင့်ကလေးကိုသာ တပ်မက်ခင်တွယ်၍ အမိအဖတို့ကိုပင် မသိဟန် ဆောင်နေဖြစ်လေသည်။

နောက်ဆုံး ဒေါ်အေးမိအစီအမံဖြင့်သာ ကန်တော်ရှင် နှမနှင့် လက်ဆက် ပေးစားပါမည်ဟု ကတိတွေ

www.burmeseclassic.com

www.burmeseclassic.com

အထပ်ထပ်ပေးပြီး ယခုအခါ လူ့ပြည်မှာသာ သာသနာပြုနိုင်ဖို့ အခွင့်ပြုပါဟူ၍ ကန်တော့ပွဲ အခါခါတင်မြောက်၊ တောင်းပန်တိုးလျှိုးလေမဲ့ ကျွန်ုပ် မောင်ဘိုးစိလည်း လူကောင်းပကတိ၊ ပုံမှန်အသိဖြင့် အဖိ၊ အဖ၊ နမလေးနှင့် အတူ တစ်ပါတည်း ပြန်လိုက်လာနိုင်ခဲ့လေတော့သည်။

◈◈◈

"လူ့သမ္မ၊ တန်းသမ္မ၊ ရသမ္မ အကုန် သုံးဖြုန်းမပစ်လိုက်ပါနဲ့ မောင်မောင်ရယ်။ နမကလေး အတန်တန်မှာလိုက်ပါရဲ့။ ရသမ္မထဲက သာသနာအကျိုး၊ ဘာသာအကျိုးလည်း ဖဲ့သုံးပါ။ နမကလေးတို့အားလည်း အမြဲမပြတ် သာသနာပြုလေတိုင်း အမှုဝေ၊ သာဓုခေါ်ပေးပါ။ မောင်မောင့်အပါး နမတော်ကလေး အမြဲ ခ့စားရှိနေလျက်ပါ"

ဆိုသော အိပ်မက်ပေး အမှာစကား ပြောကြားလေသဖြင့် ကျွန်ုပ် မောင်ဘိုးစိသည် လူပျောက်၊ ကျွဲပျောက်၊ နွားပျောက်၊ ပစ္စည်းဥစ္စာများ ပျောက်ရာတွင် လည်းကောင်း၊ စုန်းပူး၊ နတ်ပူး၊ စုန်းတိုက်၊ နတ်တိုက်၊ အပင်း၊ အမော်၊ အတိုက်အခိုက် ပဇ္ဈောဂကုရာတွင် လည်းကောင်း၊ အလှူမင်္ဂလာ နာမည်ပေး ကင်ပွန်းတပ်၊ အခါကောင်း ရက်ကောင်းရွေးရာတွင် လည်းကောင်း၊ ကန်တော်ရှင်နမ အကူအညီဖြင့် အပျောက်အစင်ကုသပေး အမည်နှင့် အခါလည်း ပေးနိုင်ခဲ့လေသည်။ သည်လိုနှင့် ကျွန်ုပ် မောင်ဘိုးစီမှာ ကန်တော်ရှင်နမ ခေါင်းစီး၊ ခေါင်းစွဲဟူ၍ နာမည်ဂုဏ်သတင်းကြီးပြီး အနယ်နယ် အရပ်ရပ်တိုင်း ဂုဏ်သတင်းပျံ့နှံ့ကျော်စောလေတော့သည်။

လှူတန်းရသမ္မ ငွေကြေးလာဘ် လာဘမှ အခြို့အဂက်ကိုသာ သုံး၊ အမိအဖများအား လည်း ကျွေးမွေး၊ နမလေး ပညာရေးအတွက်လည်း ထောက်ပံ့၊ အဲဒီထဲကမှ ဖဲ့၍ ဘုရားတည်၊ ကျောင်းဆောက်၊ လမ်းဖောက်၊ တံတားခင်း၊ မရှိန္ဒမ်းပါးသူများအတွက်လည်း နာမကျွန်းဖြစ်လျှင် ဆေးကုသ စရိတ်မှုလေသဖြင့် ဘုရားဒါယိကာ၊ ကျောင်းဒါယိကာဘွဲ့ခံ အကြားအမြင်ရ ဆရာမောင်ဘိုးစီ၊ ကန်တော်ရှင် မောင်ဘိုးစီရယ်လို့ ဂုဏ်သတင်းကြီးလေတော့သည်။

အမှန်က ကန်တော်ရှင်နမတစ်ဦးတည်း၏ အကူအပံ့ဖြင့်သာ ကျွန်ုပ် မောင်ဘိုးစီ တွက်ချက် မေးမြန်းဟောပြော ကုသနိုင်ခြင်းဖြစ်သည်။ ဒါကြောင့်ပင်၊ ကန်တော်ရှင် မောင်ဘိုးစီဟူ၍ အရပ်တကာကျော်ခဲ့ခြင်း ဖြစ်တော့လေသတည်း ■

* * *

မြရာမင်္ဂလာဇော်ဇယ်

ဂျမ်းမလေးဓာတ်နှံ့

အမှတ် (၉၀၂)၊ ရန်ပြေ (၄)လမ်းအနောက်၊ (၂/ခ)
ရပ်ကွက်၊ သာကေတမြို့။
၆၂-ကားစီးရှိ ရန်ပြေမှတ်တိုင်ဆင်းပါ။
၆ ၀၁ - ၇၃၀၄၇၃၀၃

နေ့စဉ် - နံနက် (၇း၃၀) နာရီ မှ (၉း၀၀) နာရီ
ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ

စနေ-တနင်္ဂနွေ - နံနက် (၈း၃၀) နာရီ မှ (၁၂း၀၀) နာရီ
ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ

'က လေး ခေါ် မ လာ ရ ပါ ။'

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄၊ ဖေဖော်ဝါရီလ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၄၊ ဖေဖော်ဝါရီလ၏ ကောင်းကင်ထက်၌ မကာရရာသီရောက် တနင်္ဂနွေဂြိုဟ် ဖေဖော်ဝါရီ ၁၃ရက်နေ့တွင် ကုမ်ရာသီသို့ ပြောင်းရွှေ့ ဝင်ရောက်မည်ဖြစ်ပြီး ကန်ရာသီမှ အင်္ဂါဂြိုဟ် ဖေဖော်ဝါရီ ၅ရက်နေ့၌ တူရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ ကုမ်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် ဖေဖော်ဝါရီ ၇ရက်နေ့တွင် ဂြိုဟ်ပတ်လမ်းကြောင်းထဲတွင် ဖောက်ပြန်သွားပြီး ဖေဖော်ဝါရီ ၁၉ရက်နေ့၌ မကာရရာသီသို့ ပြောင်းရွှေ့ ဖောက်ပြန် ရပ်တည်ပါမည်။ မေထုန်ရာသီတွင် တည်ရှိနေသော ကြာသပတေးဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဆက်လက်၍ ဖောက်ပြန်၍ သွားလာပါမည်။ ဖေဖော်ဝါရီလအတွင်း သောကြာဂြိုဟ် ဓနုရာသီ၌ ပုံမှန်သွားလာ၍ ဖေဖော်ဝါရီ ၂၇ရက်နေ့၌ မကာရရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။

စနေဂြိုဟ် တူရာသီတွင် ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိသရာသီများအတွင်း တည်ရှိနေ၍ ယူရေနပ်စ်ဂြိုဟ် မိန်ရာသီ၊ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီ၊ ပလူတိုဂြိုဟ် ဓနုရာသီအတွင်း တည်ရှိနေပါလိမ့်မည်။ ဖေဖော်ဝါရီလ ၇ရက်နေ့၊ ညနေ ၆နာရီ ၂၄မိနစ်၌ စနေဂြိုဟ် ကမ္ဘာဘေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အနောက်လောင်ဂီတွဒ် ၈၄ ဒီဂရီ ၅၈ မိနစ်နှင့် တောင်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆မိနစ် တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်စဉ်ဖြစ်ပွားပြီး အမေရိကန်ပြည်ထောင်စုနှင့် တောင်အမေရိက အလယ်ပိုင်းနိုင်ငံအချို့၌ ငလျင်ဖြစ်စဉ် ဖြစ်ပေါ်နိုင်သည်။ ဖေဖော်ဝါရီ ၁၅ရက် နက္ခတ်လပြည့်ဆိုင်းဖြစ်သော နံနက် ၆နာရီ ၂၃မိနစ်တွင် စနေဂြိုဟ် မြန်မာနိုင်ငံ၏ မွန်းတည့်ကောင်းကင်၌ ရပ်တည်ပါမည်။ မြန်မာ့နိုင်ငံရေး အုပ်ချုပ်ရေး ထူးခြားဖြစ်စဉ်များနှင့် အဓိုးရအဖွဲ့အစည်းများအပေါ် မကျေနပ်မှု၊ ဆန္ဒပြမှုများ ဖြစ်ပေါ်လာပမည်။ မြန်မာ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ နိုင်ငံများ၌ အင်အားပြင်း ငလျင်ဖြစ်စဉ်များ ဖြစ်ပေါ်တတ်သည်။

ဖေဖော်ဝါရီ ၁၅ရက်နေ့ နေ့လယ် ၁၂နာရီ ၁၆မိနစ်၌ ဗုဒ္ဓဟူးဂြိုဟ် နေနှင့် ကမ္ဘာကြားထဲရှိ ဂြိုဟ်ပတ်လမ်းကြောင်းထဲ၌ ရောက်ရှိပြီး ကမ္ဘာဖြင့် တိုက်ရိုက် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ မြန်မာ့နိုင်ငံ၏ မွန်းတည့်မိုးကောင်းကင်၌ ဖြစ်ပေါ်ပြီး မြန်မာ့ရွှေစျေးနှုန်းများ ထူးခြားစွာ အပြောင်းအလဲဖြစ်ပေါ်စေပါမည်။ နိုင်ငံ၌ ဘာသာရေးနှင့်

www.burmeseclassic.com

ငွေကြေးကိစ္စများ၊ ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ လုပ်ငန်းအများအပြားတွင်းများကြောင့် ပြဿနာ ပဋိပက္ခများဖြစ်ပေါ်လာပါမည်။ ဖေဖော်ဝါရီ ၁၉ရက်နေ့တွင် ည ၉နာရီ ၂၉ မိနစ်၌ အလင်းရောင်အား ၈၀ ရာခိုင်နှုန်းခန့်ရှိသော လမင်းအား ကန်ရာသီရှိ စိတြနက္ခတ်ကြယ်မှ ထွင်းဖောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အနောက်လောင်ဂိုတွင် ၁၇၂ ဒီဂရီ ၅၃မိနစ်နှင့် တောင်လတ္တီတွင် ၉ ဒီဂရီ ၃၆ မိနစ်၊ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ဖေဖော်ဝါရီ ၂၂ရက်၊ နံနက် ၄နာရီ ၄၇ မိနစ်၌ မြန်မာနိုင်ငံ၏ မွန်းတည့် မိုးကောင်းကင်၌ အလင်းအား ၅၉ရာခိုင်နှုန်းခန့်ရှိသော လခြမ်းသဏ္ဌာန် လမင်းအား စနေကြာဟ်မှ ထွင်းဖောက်သောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ၌ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခ ပြဿနာများ ဖြစ်ပေါ်လာပါမည်။ ဖြစ်စဉ် ဖြစ်ပေါ်ချိန်တွင် မိမိတို့၏ ဦးခေါင်းထိပ်အနီးနား၌ လခြမ်းသဏ္ဌာန် လ၏ အနီး၌ စနေကြာဟ်အား သေးငယ်သော အဝါရောင် ကြယ်ပွင့်သဏ္ဌာန်ဖြင့် တွေ့မြင်လေ့လာနိုင်ပါမည်။ ဖေဖော်ဝါရီ ၂၂ရက် ည ၈နာရီ ၄၃ မိနစ်၌ အလင်းအား ၅၀ရာခိုင်နှုန်းခန့်ရှိသော လခြမ်းသဏ္ဌာန် လမင်းအား ဇြိဂ္ဂာရာသီ ကြယ်စု အတွင်းရှိ Graffias ကြယ်မှ နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ဖြစ်စဉ်အား မြန်မာမှ မမြင်တွေ့နိုင်ပါ။



ဝနေကြာဟ် ကမ္ဘာဘေးဘက် ကြာဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး ကမ္ဘာဖြင့် တစ်တန်းတည်းကျရောက်နေပုံ



လပြည့်ချိန်တွင် စနေကြာဟ် မြန်မာနိုင်ငံ၏ မွန်းတည့်ကောင်းကင်၌ ရပ်တည်နေပုံ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ဖေဖော်ဝါရီလ ဘဂ္ဂသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကဲကြမှာ

ARIES

မိဿလဂ်

မိမိ၏ ရည်မှန်းချက်များ ဆက်လက်၍ ပြည့်ဝ အောင်မြင်ချိန်။ ငွေကုန်ကြေးကျ များပြားတတ်ပြီး လက်ထဲ၌ ငွေမမြဲတတ်ပါ။ ခရီးဝေးသွားလာမှုနှင့် နိုင်ငံရပ်ခြား ခရီးစဉ်များ တွေ့ကြုံနိုင်သည်။ အသုံးအဆောင် ပစ္စည်းအသစ်အဆန်းများ လက်ဆောင်ရရှိတတ်မည်။ လုပ်ငန်းတာဝန်များ အတွက် အခွင့်အရေးများ ရရှိလာမည်။ အတိုက်အခံများကြားမှ ကံကောင်းမှုများ ဖန်တီးနိုင်မည်။ အကြံဉာဏ်ကောင်းများဖြင့် ခရီးဆက် ရွက်လွှင့်နိုင်မည်။ လူမှုရေးနယ်ပယ် အတိုက်အခံများ ရင်ဆိုင်ဖြေရှင်းရတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းသစ်များ တိုးချဲ့ ဆောင်ရွက်သင့်သည့် အချိန်ကာလ။ ပညာသင်ကြားသူများ ပညာရေးက တောက်ပ လင်းလက်ချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ လုပ်ငန်း၌ အခွင့်အရေးသစ်များ ရရှိလာမည်။ ချစ်သူများ ချစ်သူထံမှ အားအင်သစ်များရရှိပြီး ကြီးပွား အောင်မြင်မှုများ ဖန်တီး ပုံဖော်နိုင်ချိန်။

TAURUS

ပြိဿလဂ်

ပြဿနာတစ်ခုပြီး တစ်ခု ရင်ဆိုင်ရမည်။ ပင်ပန်းပြီး အရာမထင်သည့် ကာလဖြစ်သည်။ မိမိ ဆုံးဖြတ်မှု မှားယွင်းတတ်ပြီး ငွေကြေးဆုံးရှုံးနစ်နာမည်။ အကြီးအကဲ၊ မိသားစုအသိုင်းအဝန်းဖြင့် နားလည်မှု လွဲချော်နေမည်။ ခိုက်ရန်ဒေါသ ထိန်းချုပ်ပါ။ လုပ်ငန်းတွင် အခက်အခဲများ စိန်ခေါ်နေသော်လည်း မှန်ကန်သော ဆုံးဖြတ် ယူဆချက်ဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်။ ဘာသာရေး ကိစ္စများ ထူးခြားစွာ ဆောင်ရွက်ရချိန်။ ခက်ခဲပင်ပန်းမှု၏ နောက်ကွယ်မှ အောင်မြင်မှုပန်းတိုင်ဆီ သို့ လျှောက်လှမ်းနိုင်မည်။ လုပ်ငန်းရှင်များ အောက်လက်ကြောင့် ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံတတ်သည်။ ပညာသင်ကြားနေသူများ ကံအညံ့ ပြင်းထန်စွာ တွေ့ကြုံတတ်သည့် အချိန်ကာလ။ အိမ်ထောင်ရှင်များ ဆွေမျိုးသားချင်း အရေးကိစ္စများအတွက် အတိုက်အခံ၊ ပဋိပက္ခများ တွေ့ကြုံ ရင်ဆိုင်ရတတ်သည်။ ချစ်သူဖြင့် အမုန်းစစ်ပွဲများ ရင်ဆိုင်ဖြေရှင်းရမည့် အချိန်ကာလ။

GEMINI

မေထုန်လဂ်

ငွေကြေးအစုလိုက်အပုံလိုက် ရရှိတတ်ပြီး ထီကံစမ်းပေးသင့်ချိန်။ ကံဇာတာအကောင်းဘက်သို့ ဦးတည်ပြီး အောင်မြင် ကြီးပွားမှုများ ဖန်တီး ပုံဖော်နိုင်မည်။ လုပ်ငန်းတွင် အကျိုးခံစားခွင့်များ ထူးခြားစွာ ရရှိချိန်။ အတို[illegible]များ အောင်မြင်၍ မိမိရည်မှန်းချက်များ ပြည့်ဝလာမည်။ ကံကောင်း ကြီးပွားမှုများ ထူးခြားစွာ [illegible]မည်။ အဆင်မြင့် လုပ်ငန်းကိစ္စများမှ ငွေကြေးအကျိုးပေးကံကောင်းမွန်မည်။ ပြည့်စုံ ကြွယ်ဝမှုများ မိသားစုလက်ဝယ်သို့ ရောက်ရှိလာချိန်။ လုံလုံ ဝိရိယ အကျိုးခံစားရပြီး ကြိုးစားသလောက် အကျိုးခံစားရမည်။ အထက်အကြီးအကဲများထံမှ အကူအညီကောင်းများ ရရှိချိန်။ လုပ်ငန်းရှင်များ ကြိုးစားသလောက် အကျိုးဖြစ်ထွန်းမည်။ ပညာသင်ကြားနေသူများ ကံကောင်းမှု[illegible] ဖန်တီးနိုင်ချိန်။ အိမ်ထောင်ရှင်နှင့် ချစ်သူများ အရာရာ အဆင်ပြေ အေးချမ်းမှုများ ရရှိမည်။

CANCER

ကရကဋ်လဂ်

ကျန်းမာရေးအညံ့ဖြစ်စဉ်များ ရင်ဆိုင်တွေ့ကြုံတတ်သည်။ အပူများခြင်း၊ အဖျားကြီးခြင်း ရောဂါ ဝေဒနာများ ခံစားရချိန်။ စိတ်ဆိုး ဒေါသဖြစ်ရသော အကြောင်းကိစ္စရပ်များ သတိပြုပါ။ အတိုက်အခံများကြောင့် သောကကြုံမည်။ မတော်တဆ ထိခိုက်မှုများ တွေ့ကြုံတတ်သည်။ အတိုက်အခံများပြားသော ကာလဖြစ်ပြီး ဆုံးရှုံးမှု ကြီးမားတတ်သည်။ ဆန့်ကျင်ဘက် ဆောင်ရွက်လိုမှုနှင့် ဒေါသတရားကို ထိန်းချုပ်ပါ။ တန်ဖိုးကြီးပစ္စည်းများ ပျောက်ရှ ပျက်စီးတတ်သည်။ ဆုံးဖြတ် ယူဆချက်များ လွဲချော်၍ အရာရာ၌ ကံခေနေမည်။ လုပ်ငန်းရှင်များ လူမှုရေးပြဿနာ အနှောင့်အယှက်များ ရင်ဆိုင်ရတတ်သည်။ ပညာသင်ကြားနေသူများ စိတ်လေလွင့်မှု များပြား နေသည့်အချိန်ကာလ။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ သံသယ ပြဿနာများကြုံတွေ့ ဗျာများနေတတ်သည်။ ချစ်သူ၏ အဝေးဆုံးတွင် ရောက်ရှိနေတတ်သည့်အချိန်ကာလ။

www.burmeseclassic.com

www.burmeseclassic.com

LEO

သိဟ်လဂ်

အပူအဖျားနှင့် ပတ်သက်သည့် ကျန်းမာရေးပိုင်းအညွှန်းများ သတိပြုပါ။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုင်းမျှော်မှန်းသလောက် အဆင်မပြေနိုင်သော ကာလဖြစ်သည်။ ပညာသင်ယူသူများ လုံ့လစိုက်ထုတ်မှုနည်းပါးသောကြောင့် အရာရာ၌ ဆုံးရှုံးနစ်နာမည်။ နိုင်ငံရပ်ခြားအဆက်အသွယ်ကောင်းများ တွေ့ကြုံပေါ်ပေါက်လာမည်။ စပ်တူစပ်ဖက် ဆောင်ရွက်ကြိုးပမ်းမှုများတွင် အဆင်မပြေ ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံပေါ်ပေါက်လာနိုင်သည်။ ရည်မှန်းချက်များနှင့် လက်တွေ့အခြေအနေ လွဲချော်နေတတ်ပြီး စီးပွားရေးပိုင်း အနှောင့်အယှက်ကြုံမည်။ လုပ်ငန်းရှင်များ ကံအဆိုးဘက်သို့ ဦးတည်နေပြီး ငွေကြေး အနှောင့်အယှက်ပြဿနာများ သတိပြုပါ။ ပညာသင်ကြားနေသူများ မိမိရည်မှန်းချက်များ လွဲချော်တိမ်းစောင်းမှုများ ရင်ဆိုင်ရမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသာယာမှု နည်းပါးမည်။ ချစ်သူများ ကြားလူနှောင့်ယှက်မှုကြောင့် အဆုံးသတ် ပြီးဆုံးမှုဖြစ်စဉ်များ ရင်ဆိုင်ရတတ်သည်။

VIRGO

ကန်လဂ်

ပြဿနာများကြောင့် လုပ်ငန်းပိုင်း ရာထူးပိုင်း အနှောင့်အယှက်ကြုံမည်။ မိသားစုအရေးကိစ္စများ အတွက် သောကများပြားရသော ကာလဖြစ်သည်။ ရွှေရတနာပစ္စည်းများနှင့် ပတ်သက်၍ မိသားစုဒွန်ပြဿနာကြုံမည်။ ငွေကြေးပြဿနာများ တွေ့ကြုံ၍ မိမိဆောင်ရွက်သော လုပ်ငန်းကိစ္စများအတွက် ဆုံးရှုံးနစ်နာမည်။ လုပ်ငန်းတွင် လုံ့လစိုက်ထုတ်လိုမှု အားနည်းနေတတ်ပြီး အခွင့်အရေးကောင်းများ ဆုံးရှုံးတတ်သည်။ ကံဇာတာအကောင်း-အဆိုး ဒွန်တွဲနေပြီး အပူနှင့် ပတ်သက်သော ရောဂါများ ရရှိကိုက်ပါ။ စိတ်ပင်ပန်းမှုများပြားပြီး ကျန်းမာရေးအညွှန်းကိစ္စများအတွက် ငွေကုန်ကျမှု များပြားတတ်သော ကာလ။ လုပ်ငန်းရှင်များ စီးပွားရေးပိုင်းဆိုင်ရာ အမှုပြဿနာများ တွေ့ကြုံရင်ဆိုင် ဖြေရှင်းရတတ်သည်။ ပညာသင်ယူနေသူများ အတိုက်အခံများပြားပြီး စိတ်ပင်ပန်းရတတ်သည်။ အိမ်ထောင်ရှင်များ မိသားစု၏ ငြိုငြင်မှုခံရတတ်သော ကာလဖြစ်သည်။ ချစ်သူများ ငွေကြေးပြဿနာပဋိပက္ခများ တွေ့ကြုံ ဖြေရှင်းရမည်။

LIBRA

တူလဂ်

အကူအညီကောင်းများရရှိပြီး အနာဂတ် ရည်မှန်းချက်အချို့ ပြည့်ဝ အောင်မြင်ချိန်။ လုပ်ငန်းတာဝန်များတွင် အမည်နှင့် ဂုဏ်သတင်း ထင်ရှားကျော်ကြားချိန်ကာလ။ ငွေကြေးကံ ကောင်းမွန်သော ကာလဖြစ်ပြီး ကြီးပမ်းကြံစည် ဆောင်ရွက်မှုများ လွယ်ကူစွာ ပြည့်ဝအောင်မြင်မည်။ ငွေကြေးကိစ္စများတွင် စပ်တူစပ်ဖက်၊ ကုမ္ပဏီအဖွဲ့အစည်းများကို အကြိုးရှိ ကံကောင်းမည်။ စပ်တူစပ်ဖက် ထီကံစမ်းပေးသင့်သော ကာလ။ မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ချိန်။ ပျော်ရွှင်သော ရွှေရောင်နေ့ရက်များ ပိုင်ဆိုင်နိုင်မည်။ လုပ်ငန်းရှင်များ ထူးခြားသည့် အခွင့်အရေးသစ်များ လက်ဝယ်သို့ ရောက်ရှိလာမည်။ ပြဿနာကြားမှုတွင် ကောင်းမွန်သည့် အကူအညီများရရှိပြီး ကောင်းကျိုးပြုချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး သာယာအဆင်ပြေသောကာလ။ ချစ်သူများ ပျော်ရွှင်ခြင်း အနာဂတ်နေ့ရက်များ ရယူပိုင်ဆိုင်နိုင်မည်။

SCORPIO

ဗြိစ္ဆာလဂ်

အခွင့်အရေးကောင်းများ ပေါ်ပေါက်လာသော်လည်း ဝီရိယအားနည်းမှုကြောင့် လွဲချော်နေမည်။ လူမှုရေး အားနာမှုများကြောင့် ငွေကြေးဆုံးရှုံးမှုများ ရင်ဆိုင်ရတတ်သည်။ ကံအကောင်း-အဆိုး ဒွန်တွဲနေချိန်။ အထက်အကြီးအကဲများနှင့် ပတ်သက်၍ အတိုက်အခံ၊ ပဋိပက္ခများ တွေ့ကြုံရင်ဆိုင်ရတတ်သည်။ အတိုက်အခံပြဿနာ သောကမီးများ ဝန်းရံနေသည့် အချိန်ကာလ။ လူမှုရေး ထိုးနှက်ချက်များအောက် အလင်းရောင် ကွယ်ပျောက်သောအချိန်။ အရာရာ၌ စိတ်အလိုမကျမှုများ ပြည့်နှက်နေတတ်သည်။ အေးချမ်းတည်ငြိမ်သည့် စိတ်ခွန်အားဖြင့် အတားအဆီးများ ကျော်ဖြတ်သင့်ချိန်။ လုပ်ငန်းရှင်များ ငွေကြေးပိုင်း ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရမည့် အချိန်ကာလ။ ပညာရေးတွင် ကျန်းမာရေးအညွှန်းကြောင့် အဆင်မပြေမှုများ တွေ့ကြုံမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေး ပဋိပက္ခများ ပြင်းထန်ပေါက်ကွဲချိန်။ ချစ်သူများ အချစ်ရေးကံခေမှုများပြား၍ စိတ်ဖိစီးမှု မကြာခဏ တွေ့ကြုံတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

SAGITTARIUS

ဓနုလဂ်

အေးမြသော လရိပ်အောက် အေးချမ်းစွာ ခရီးဆက်နင်းခွင့်ရှိမည်။ ခရီးသွားလာမှု များပြားမည်။ စပ်တူစပ်ဖက်၊ ကုမ္ပဏီလုပ်ငန်းသစ်များ ဆောင်ရွက်ခွင့် ရရှိချိန်။ လုပ်ငန်းကိစ္စများ အဆင်ပြေ အောင်မြင်၍ ပျော်ရွှင်မှုများ ပြည့်စုံမည်။ ငွေကြေးအကျိုးပေးကာ ကောင်းမွန်၍ ထီကံစမ်းပေးပါ။ အခြေအနေအမျိုးမျိုးကြား ရွေးချယ်ရန် ခက်ခဲမည့်အခွင့်အရေးများ ပေါ်ပေါက်လာချိန်။ အိမ်ခြံမြေယာဉ်ယာဉ်ယူရန် ကြိုးပမ်းသူများ အဆင်ပြေမည်။ ဘုန်းကံနှင့် ဂုဏ်သိက္ခာပိုင်း တိုးတက်ကြီးမြင့်လာမည်။ ငွေကြေးအကျိုးအမြတ်များစွာရရှိ၍ မိသားစုဘဝအဆင့်အတန်း မြင့်မားတိုးတက်သော ကာလ။ ပညာသင်ကြားနေသူများ အေးချမ်းတည်ငြိမ်စွာဖြင့် ကံကောင်းကြီးပွားမှုများ ဖန်တီးပုံဖော်နိုင်မည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးပိုင်း အေးချမ်းသာယာမည်။ ချစ်သူများ အစစအရာရာ အဆင်ပြေ အောင်မြင်သည့် နေ့ရက်များအား ဖန်တီးရယူခွင့်ရှိမည်။

CAPRICORN

မကာရလဂ်

ငွေကြေးအစုလိုက်အပုံလိုက် ရရှိမှုများ ပေါ်ပေါက်တွေ့ကြုံတတ်ပြီး ထီကံစမ်းသင့်သော ကာလ ဖြစ်သည်။ လူမှုရေးနယ်ပယ်တွင် ဂုဏ်သိက္ခာထင်ရှားမြင့်မားပြီး စီးပွားရှာဖွေမှုအတွက် မိမိကဲမြင့်မားသော ကာလဖြစ်သည်။ အလုပ်တွင် စိတ်ပင်ပန်းမှုများ တွေ့ကြုံရသော်လည်း အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်။ အတိုက်အခံဖြင့် ဆောင်ရွက်ရသော လုပ်ငန်းကိစ္စရပ်များ ထူးခြားစွာ တိုးတက် အောင်မြင်မည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ လုပ်ငန်းမှ ငွေကြေး အထောက်အပံ့အကူအညီကောင်းများ ရယူခွင့်ရှိမည့်ကာလဖြစ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် မိမိမျှော်မှန်းထားသလောက် အကျိုးရှိ ကြီးပွားမည်။ ပညာသင်ကြားနေသူများ ကျန်းမာရေး အညံ့ကြောင့် ပညာရေးပိုင်း ထိခိုက်တတ်သည်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သည့် မိသားစုဘဝနေ့ရက်များ ဖန်တီးတည်ဆောက်နိုင်မည်။ ချစ်သူများ ထူးခြားစွာ စန်းထသော ကာလဖြစ်သည့်အတွက် သံသယပြဿနာအနှောင့်အယှက်များ ဖြေရှင်းရမည်။

AQUARIUS

ကုမ်လဂ်

မိမိဆောင်ရွက်ကြိုးပမ်းမှုများ၌ စိတ်အနှောင့်အယှက်များပြားပြီး အဆင်မပြေဖြစ်ရမှုများ ယှဉ်တွဲနေမည်။ ဝိရိယ၏အကျိုးကြောင့် ကံကြမ္မာ၏ မျက်နှာသာပေးခြင်းခံရချိန်။ မထင်မှတ်တဲ့ ငွေကြေး အများအပြားရရှိမည့်အခွင့်အရေးများ တွေ့ကြုံရသော်လည်း လက်ထဲ ငွေမမြဲတတ်ပါ။ ကံဇာတာ အကောင်း-အဆိုး ဖွဲ့ [illegible] ကျန်းမာရေးအညံ့တွေ့ကြုံတတ်သည်။ အိမ်ခြံမြေယာဉ်ကိစ္စများ၌ စိတ်သောက များပြား [illegible] အမှုပြဿနာများ ရင်ဆိုင်ရတတ်သည်။ စိတ်ဆိုး ဒေါသဖြစ်ရသည့် အကြောင်းကိစ္စရပ်များ မကြာခဏ တိုက်ဆိုင်တွေ့ကြုံရတတ်ပြီး ဒေါသကို ချုပ်ထိန်းပါ။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်းပွက်စီး နစ်နာဆုံးရှုံးပြီး အမှုပြဿနာကြုံတတ်သည်။ ပညာသင်ကြားနေသူများ ပညာရေးအတိုက်အခံ များပြားသောကာလ။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ထံမှ အခက်အခဲများ ဖြေရှင်းရန် အကူအညီကောင်းများရရှိချိန်။ ချစ်သူများ မကြာခဏ ပြဿနာ အသေးအဖွဲများ တွေ့ကြုံရတတ်သည်။

PISCES

မိန်လဂ်

ကံကောင်း ကြီးပွားမည့် အခွင့်အရေးကောင်းများ လက်ဝယ်ရောက်ရှိ၍ မိမိ၏ ဘုန်းကံအရှိန်အဝါ တိုးတက်မြင့်မားသော ကာလဖြစ်သည်။ ရွှေရတနာနှင့် အသုံးအဆောင် ပစ္စည်းအသစ်အဆန်းများ စိတ်တိုင်းကျ ရရှိပိုင်ဆိုင်သုံးစွဲရမည်။ အိမ်ခြံမြေယာဉ်တို့နှင့်ပတ်သက်၍ ငွေကြေးပိုင်း အကျိုး ရှိမည်။ နိုင်ငံရပ်ခြားဒေသများနှင့် ပတ်သက်သော လုပ်ငန်းကိစ္စများအတွက် ကောင်းသော အဆက်အသွယ်ကောင်းများ ရရှိချိန်။ ထီပေါက်သကဲ့သို့ ငွေကြေးအများအပြား ရရှိတတ်သည်။ လုပ်ငန်းရှင်များ ကြီးပွားအောင်မြင် တိုးတက်မှုများ အလွယ်တကူ တည်ဆောက်နိုင်မည်။ ပညာသင်ကြားသူများ ကံဇာတာအထူးမြင့်မားသည့် ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်အပေါ် အလိုလိုက် အကြိုက်ဆောင်ရသော အခွင့်ကောင်းကာလ။ ချစ်သူများ မိမိချစ်သူဖြင့် ဆုံတွေ့ခွင့်များ နည်းပါး၍ အဝေးခွဲ နေထိုင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄၊ ဖေဖော်ဝါရီလ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ် ၌ လဂ် ၁၂လဂ်ဖြင့် လူတန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် ၁၂လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့ သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ ဓနသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဓနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၇)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လဂ်တစ်လဂ် အဖြစ် သတ်မှတ်၍ လဂ် ၁၂လဂ်အတွက် နက္ခတ် ၁၂လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် လဂ်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြထားသည့် အလင်းအားကို စံပြထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့် နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။

မိမိတို့မွေးဖွားချိန်လဂ် အလွယ်တကူရာဖွေနိုင်ရန်အတွက် လဂ်ရာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် ပျမ်းမျှနေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လဂ်တစ်လဂ် နှုန်းဖြင့် လဂ် ၁၂လဂ်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃မှ မေ ၁၃အတွင်း နံနက် ၅း၄၅ မှ ၇း၄၅ နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိသုလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉း၄၅ မှ ၁၁း၄၅ နာရီအတွင်း မွေးဖွားပါက မေထုန်လဂ်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လဂ်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိသမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လဂ်များအား လဂ်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနလာ်) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လဂ်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနလာ်) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထိုက်စမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

ဦးဇေယျာကို (B.Sc)(D.S.A)

နက္ခတ်သိပ္ပံအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

ရုပ်လုံးဗဟိုဇာတ်သိမ်းရက်အတွင်း	
ဆွေးချိုန်	လက်
ဝဒုံးမ ဂုံးဝဒုံး	ကရကဋ်
ဝဒုံးမ ဇုံးဝဒုံး	သိဟ်
ဝဒုံးမ ဘဒုံးဝဒုံး	ကန်
ဝဒုံးမ ဘဒုံးဝဒုံး	တူ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြိန္ဆာ
ဝဒုံးမ ဘဒုံးဝဒုံး	ဓနု
ဝဒုံးမ ဘဒုံးဝဒုံး	မကာရ
ဝဒုံးမ ဘဒုံးဝဒုံး	ကုမ်
ဝဒုံးမ ဘဒုံးဝဒုံး	မိန်
ဝဒုံးမ ဘဒုံးဝဒုံး	မိဿ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြဿ
ဝဒုံးမ ဘဒုံးဝဒုံး	မေထုန်

ဒွန်ဘဂျက်မှဒုလိုင်ဘဂျက်အတွင်း	
မွေးချိုန်	လက်
ဂုံးဝဒုံးမ ဂုံးဝဒုံး	မေထုန်
ဂုံးဝဒုံးမ ဇုံးဝဒုံး	ကရကဋ်
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	သိဟ်
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	ကန်
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	တူ
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	ဖြိန္ဆာ
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	ဓနု
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	မကာရ
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	ကုမ်
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	မိန်
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	မိဿ
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	ဖြဿ
ဂုံးဝဒုံးမ ဘဒုံးဝဒုံး	မေထုန်

မောဂုရက်မှဒုနှစ်ဘွဲ့ဆရာထံအတွင်း	
မွေးချိုန်	လက်
ဂုံးဂုံးမ ဂုံးဂုံး	ဖြဿ
ဂုံးဂုံးမ ဂုံးဂုံး	မေထုန်
ဂုံးဂုံးမ ဂုံးဂုံး	ကရကဋ်
ဂုံးဂုံးမ ဂုံးဂုံး	သိဟ်
ဂုံးဂုံးမ ဂုံးဂုံး	ကန်
ဂုံးဂုံးမ ဂုံးဂုံး	တူ
ဂုံးဂုံးမ ဂုံးဂုံး	ဖြိန္ဆာ
ဂုံးဂုံးမ ဂုံးဂုံး	ဓနု
ဂုံးဂုံးမ ဂုံးဂုံး	မကာရ
ဂုံးဂုံးမ ဂုံးဂုံး	ကုမ်
ဂုံးဂုံးမ ဂုံးဂုံး	မိန်
ဂုံးဂုံးမ ဂုံးဂုံး	မိဿ

စဖြိုဘဂုရက်မှ မောဘုရက်အတွင်း	
မွေးချိုန်	လက်
ဂုံးဂုံးမ ဂုံးဂုံး	မိဿ
ဂုံးဂုံးမ ဂုံးဂုံး	ဖြဿ
ဂုံးဂုံးမ ဂုံးဂုံး	မေထုန်
ဂုံးဂုံးမ ဂုံးဂုံး	ကရကဋ်
ဂုံးဂုံးမ ဂုံးဂုံး	သိဟ်
ဂုံးဂုံးမ ဂုံးဂုံး	ကန်
ဂုံးဂုံးမ ဂုံးဂုံး	တူ
ဂုံးဂုံးမ ဂုံးဂုံး	ဖြိန္ဆာ
ဂုံးဂုံးမ ဂုံးဂုံး	ဓနု
ဂုံးဂုံးမ ဂုံးဂုံး	မကာရ
ဂုံးဂုံးမ ဂုံးဂုံး	ကုမ်
ဂုံးဂုံးမ ဂုံးဂုံး	မိန်

ဆောတ်ဘုမုန်ဘုအတွင်း	
မွေးချိုန်	လက်
ဂုံးဂုံးမ ဂုံးဂုံ	တူ
ဂုံးဂုံးမ ဇုံးဂုံ	ဖြိန္ဆာ
ဂုံးဂုံးမ ဘဒုံးဂုံ	ဓနု
ဘဒုံးဂုံးမ ဘဒုံးဂုံ	မကာရ
ဘဒုံးဂုံးမ ဘဒုံးဂုံ	ကုမ်
ဘဒုံးဂုံးမ ဘဂုံးဂုံ	မိန်
ဘဂုံးဂုံးမ ဘဂုံးဂုံ	မိဿ
ဘဂုံးဂုံးမ ဂုံးဂုံ	ဖြဿ
ဘဒုံးဂုံးမ ဂုံးဂုံ	မေထုန်
ဂုံးဂုံးမ ဂုံးဂုံ	ကရကဋ်
ဂုံးဂုံးမ ဂုံးဂုံ	သိဟ်
ဂုံးဂုံးမ ဂုံးဂုံ	ကန်

ဓာတ်ဘုရက်မအောက်ဘဝိရက်အတွင်း	
မွေးချိုန်	လက်
ဂုံးဂုံမ ဂုံးဂုံ	ကန်
ဂုံးဂုံမ ဇုံးဂုံ	တူ
ဇုံးဂုံမ ဘဒုံးဂုံ	ဖြိန္ဆာ
ဘဒုံးဂုံမ ဘဒုံးဂုံ	ဓနု
ဘဒုံးဂုံမ ဘဂုံးဂုံ	မကာရ
ဘဂုံးဂုံမ ဘဂုံးဂုံ	ကုမ်
ဘဂုံးဂုံမ ဘဒုံးဂုံ	မိန်
ဘဒုံးဂုံမ ဘဒုံးဂုံ	မိဿ
ဘဒုံးဂုံမ ဂုံးဂုံ	ဖြဿ
ဂုံးဂုံမ ဂုံးဂုံ	မေထုန်
ဂုံးဂုံမ ဂုံးဂုံ	ကရကဋ်
ဂုံးဂုံမ ဂုံးဂုံ	သိဟ်

နံဘဝိရက်မှဒုဘဂုရက်အတွင်း	
မွေးချိုန်	လက်
ဝဒုံးမ ဇုံးဝဒုံး	ဖြိန္ဆာ
ဇုံးဝဒုံးမ ဘဒုံးဝဒုံး	ဓနု
ဘဒုံးဝဒုံးမ ဘဒုံးဝဒုံး	မကာရ
ဘဒုံးဝဒုံးမ ဘဒုံးဝဒုံး	ကုမ်
ဘဒုံးဝဒုံးမ ဘဝဒုံးဝဒုံး	မိန်
ဘဝဒုံးဝဒုံးမ ဘဒုံးဝဒုံး	မိဿ
ဘဒုံးဝဒုံးမ ဂုံးဝဒုံး	ဖြဿ
ဂုံးဝဒုံးမ ဂုံးဝဒုံး	မေထုန်
ဂုံးဝဒုံးမ ဂုံးဝဒုံး	ကရကဋ်
ဂုံးဝဒုံးမ ဂုံးဝဒုံး	သိဟ်
ဂုံးဝဒုံးမ ဂုံးဝဒုံး	ကန်
ဂုံးဝဒုံးမ ဂုံးဝဒုံး	တူ

မတ်ဘဂုဆက်မှဒုပြဿဂုရက်အတွင်း	
မွေးချိုန်	လက်
ဝဒုံးမ ဇုံးဝဒုံး	ကုမ်
ဝဒုံးမ ဇုံးဝဒုံး	မိန်
ဝဒုံးမ ဘဒုံးဝဒုံး	မိဿ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြဿ
ဝဒုံးမ ဘဒုံးဝဒုံး	မေထုန်
ဝဒုံးမ ဘဒုံးဝဒုံး	ကရကဋ်
ဝဒုံးမ ဘဒုံးဝဒုံး	သိဟ်
ဝဒုံးမ ဘဒုံးဝဒုံး	ကန်
ဝဒုံးမ ဘဒုံးဝဒုံး	တူ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြိန္ဆာ
ဝဒုံးမ ဘဒုံးဝဒုံး	ဓနု
ဝဒုံးမ ဘဒုံးဝဒုံး	မကာရ

နံဒုဘဂုရက်အတွင်း	
မွေးချိုန်	လက်
ဂုံးဂုံမ ဂုံးဂုံ	ကန်
ဂုံးဂုံမ ဇုံးဂုံ	သိဟ်
ဇုံးဂုံမ ဘဒုံးဂုံ	ကရကဋ်
ဘဒုံးဂုံမ ဘဒုံးဂုံ	မေထုန်
ဘဒုံးဂုံမ ဘဂုံးဂုံ	ဖြဿ
ဘဂုံးဂုံမ ဘဂုံးဂုံ	မိဿ
ဘဂုံးဂုံမ ဘဒုံးဂုံ	မိန်
ဘဒုံးဂုံမ ဘဒုံးဂုံ	ကုမ်
ဘဒုံးဂုံမ ဂုံးဂုံ	မကာရ
ဂုံးဂုံမ ဂုံးဂုံ	ဓနု
ဂုံးဂုံမ ဂုံးဂုံ	ဖြိန္ဆာ
ဂုံးဂုံမ ဂုံးဂုံ	တူ

ဒဿဒုမတ်ဘုရက်အတွင်း	
မွေးချိုန်	လက်
ဝဒုံးမ ဇုံးဝဒုံး	ကုမ်
ဝဒုံးမ ဇုံးဝဒုံး	မိန်
ဝဒုံးမ ဘဒုံးဝဒုံး	မိဿ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြဿ
ဝဒုံးမ ဘဒုံးဝဒုံး	မေထုန်
ဝဒုံးမ ဘဒုံးဝဒုံး	ကရကဋ်
ဝဒုံးမ ဘဒုံးဝဒုံး	သိဟ်
ဝဒုံးမ ဘဒုံးဝဒုံး	ကန်
ဝဒုံးမ ဘဒုံးဝဒုံး	တူ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြိန္ဆာ
ဝဒုံးမ ဘဒုံးဝဒုံး	ဓနု
ဝဒုံးမ ဘဒုံးဝဒုံး	မကာရ

နံဒုဘဂုရက်မှ ဒေဘုရက်အတွင်း	
မွေးချိုန်	လက်
ဝဒုံးမ ဘဒုံးဝဒုံး	မကာရ
ဝဒုံးမ ဘဒုံးဝဒုံး	ကုမ်
ဝဒုံးမ ဘဒုံးဝဒုံး	မိန်
ဝဒုံးမ ဘဒုံးဝဒုံး	မိဿ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြဿ
ဝဒုံးမ ဘဒုံးဝဒုံး	မေထုန်
ဝဒုံးမ ဘဒုံးဝဒုံး	ကရကဋ်
ဝဒုံးမ ဘဒုံးဝဒုံး	သိဟ်
ဝဒုံးမ ဘဒုံးဝဒုံး	ကန်
ဝဒုံးမ ဘဒုံးဝဒုံး	တူ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြိန္ဆာ
ဝဒုံးမ ဘဒုံးဝဒုံး	ဓနု

ဒီဘဂုမနှစ်သုံးအတွင်း	
မွေးချိုန်	လက်
ဝဒုံးမ ဘဒုံးဝဒုံး	ဓနု
ဝဒုံးမ ဘဒုံးဝဒုံး	မကာရ
ဝဒုံးမ ဘဒုံးဝဒုံး	ကုမ်
ဝဒုံးမ ဘဒုံးဝဒုံး	မိန်
ဝဒုံးမ ဘဒုံးဝဒုံး	မိဿ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြဿ
ဝဒုံးမ ဘဒုံးဝဒုံး	မေထုန်
ဝဒုံးမ ဘဒုံးဝဒုံး	ကရကဋ်
ဝဒုံးမ ဘဒုံးဝဒုံး	သိဟ်
ဝဒုံးမ ဘဒုံးဝဒုံး	ကန်
ဝဒုံးမ ဘဒုံးဝဒုံး	တူ
ဝဒုံးမ ဘဒုံးဝဒုံး	ဖြိန္ဆာ

www.burmeseclassic.com

www.burmeseclassic.com

	ကန်လဂ်		သိဟ်လဂ်		ကရကဋ်လဂ်		မေထုန်လဂ်		ပြိဿလဂ်		မိဿလဂ်	
ရက်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်
၁	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၃	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၄	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၅	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၆	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၇	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၈	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၉	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၁	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၂	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၃	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၄	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၅	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၆	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၇	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၈	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၁၉	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၁	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၂	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၃	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၄	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၅	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၆	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၇	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၈	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၂၉	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၃၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀
၃၁	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀	၀၀ : ၀၀

www.burmeseclassic.com

www.burmeseclassic.com

ရက်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်
၁	၁၁ : ၁၀	၁၁ : ၄၁	၁၁ : ၁၀	၁၁ : ၄၁	၁၁ : ၁၀	၁၁ : ၄၁	၁၁ : ၁၀	၁၁ : ၄၁	၁၁ : ၁၀	၁၁ : ၄၁	၁၁ : ၁၀	၁၁ : ၄၁	၁၁ : ၁၀	၁၁ : ၄၁
၂	၁၁ : ၁၁	၁၁ : ၄၂	၁၁ : ၁၁	၁၁ : ၄၂	၁၁ : ၁၁	၁၁ : ၄၂	၁၁ : ၁၁	၁၁ : ၄၂	၁၁ : ၁၁	၁၁ : ၄၂	၁၁ : ၁၁	၁၁ : ၄၂	၁၁ : ၁၁	၁၁ : ၄၂
၃	၁၁ : ၁၂	၁၁ : ၄၃	၁၁ : ၁၂	၁၁ : ၄၃	၁၁ : ၁၂	၁၁ : ၄၃	၁၁ : ၁၂	၁၁ : ၄၃	၁၁ : ၁၂	၁၁ : ၄၃	၁၁ : ၁၂	၁၁ : ၄၃	၁၁ : ၁၂	၁၁ : ၄၃
၄	၁၁ : ၁၃	၁၁ : ၄၄	၁၁ : ၁၃	၁၁ : ၄၄	၁၁ : ၁၃	၁၁ : ၄၄	၁၁ : ၁၃	၁၁ : ၄၄	၁၁ : ၁၃	၁၁ : ၄၄	၁၁ : ၁၃	၁၁ : ၄၄	၁၁ : ၁၃	၁၁ : ၄၄
၅	၁၁ : ၁၄	၁၁ : ၄၅	၁၁ : ၁၄	၁၁ : ၄၅	၁၁ : ၁၄	၁၁ : ၄၅	၁၁ : ၁၄	၁၁ : ၄၅	၁၁ : ၁၄	၁၁ : ၄၅	၁၁ : ၁၄	၁၁ : ၄၅	၁၁ : ၁၄	၁၁ : ၄၅
၆	၁၁ : ၁၅	၁၁ : ၄၆	၁၁ : ၁၅	၁၁ : ၄၆	၁၁ : ၁၅	၁၁ : ၄၆	၁၁ : ၁၅	၁၁ : ၄၆	၁၁ : ၁၅	၁၁ : ၄၆	၁၁ : ၁၅	၁၁ : ၄၆	၁၁ : ၁၅	၁၁ : ၄၆
၇	၁၁ : ၁၆	၁၁ : ၄၇	၁၁ : ၁၆	၁၁ : ၄၇	၁၁ : ၁၆	၁၁ : ၄၇	၁၁ : ၁၆	၁၁ : ၄၇	၁၁ : ၁၆	၁၁ : ၄၇	၁၁ : ၁၆	၁၁ : ၄၇	၁၁ : ၁၆	၁၁ : ၄၇
၈	၁၁ : ၁၇	၁၁ : ၄၈	၁၁ : ၁၇	၁၁ : ၄၈	၁၁ : ၁၇	၁၁ : ၄၈	၁၁ : ၁၇	၁၁ : ၄၈	၁၁ : ၁၇	၁၁ : ၄၈	၁၁ : ၁၇	၁၁ : ၄၈	၁၁ : ၁၇	၁၁ : ၄၈
၉	၁၁ : ၁၈	၁၁ : ၄၉	၁၁ : ၁၈	၁၁ : ၄၉	၁၁ : ၁၈	၁၁ : ၄၉	၁၁ : ၁၈	၁၁ : ၄၉	၁၁ : ၁၈	၁၁ : ၄၉	၁၁ : ၁၈	၁၁ : ၄၉	၁၁ : ၁၈	၁၁ : ၄၉
၁၀	၁၁ : ၁၉	၁၁ : ၅၀	၁၁ : ၁၉	၁၁ : ၅၀	၁၁ : ၁၉	၁၁ : ၅၀	၁၁ : ၁၉	၁၁ : ၅၀	၁၁ : ၁၉	၁၁ : ၅၀	၁၁ : ၁၉	၁၁ : ၅၀	၁၁ : ၁၉	၁၁ : ၅၀
၁၁	၁၁ : ၂၀	၁၁ : ၅၁	၁၁ : ၂၀	၁၁ : ၅၁	၁၁ : ၂၀	၁၁ : ၅၁	၁၁ : ၂၀	၁၁ : ၅၁	၁၁ : ၂၀	၁၁ : ၅၁	၁၁ : ၂၀	၁၁ : ၅၁	၁၁ : ၂၀	၁၁ : ၅၁
၁၂	၁၁ : ၂၁	၁၁ : ၅၂	၁၁ : ၂၁	၁၁ : ၅၂	၁၁ : ၂၁	၁၁ : ၅၂	၁၁ : ၂၁	၁၁ : ၅၂	၁၁ : ၂၁	၁၁ : ၅၂	၁၁ : ၂၁	၁၁ : ၅၂	၁၁ : ၂၁	၁၁ : ၅၂
၁၃	၁၁ : ၂၂	၁၁ : ၅၃	၁၁ : ၂၂	၁၁ : ၅၃	၁၁ : ၂၂	၁၁ : ၅၃	၁၁ : ၂၂	၁၁ : ၅၃	၁၁ : ၂၂	၁၁ : ၅၃	၁၁ : ၂၂	၁၁ : ၅၃	၁၁ : ၂၂	၁၁ : ၅၃
၁၄	၁၁ : ၂၃	၁၁ : ၅၄	၁၁ : ၂၃	၁၁ : ၅၄	၁၁ : ၂၃	၁၁ : ၅၄	၁၁ : ၂၃	၁၁ : ၅၄	၁၁ : ၂၃	၁၁ : ၅၄	၁၁ : ၂၃	၁၁ : ၅၄	၁၁ : ၂၃	၁၁ : ၅၄
၁၅	၁၁ : ၂၄	၁၁ : ၅၅	၁၁ : ၂၄	၁၁ : ၅၅	၁၁ : ၂၄	၁၁ : ၅၅	၁၁ : ၂၄	၁၁ : ၅၅	၁၁ : ၂၄	၁၁ : ၅၅	၁၁ : ၂၄	၁၁ : ၅၅	၁၁ : ၂၄	၁၁ : ၅၅
၁၆	၁၁ : ၂၅	၁၁ : ၅၆	၁၁ : ၂၅	၁၁ : ၅၆	၁၁ : ၂၅	၁၁ : ၅၆	၁၁ : ၂၅	၁၁ : ၅၆	၁၁ : ၂၅	၁၁ : ၅၆	၁၁ : ၂၅	၁၁ : ၅၆	၁၁ : ၂၅	၁၁ : ၅၆
၁၇	၁၁ : ၂၆	၁၁ : ၅၇	၁၁ : ၂၆	၁၁ : ၅၇	၁၁ : ၂၆	၁၁ : ၅၇	၁၁ : ၂၆	၁၁ : ၅၇	၁၁ : ၂၆	၁၁ : ၅၇	၁၁ : ၂၆	၁၁ : ၅၇	၁၁ : ၂၆	၁၁ : ၅၇
၁၈	၁၁ : ၂၇	၁၁ : ၅၈	၁၁ : ၂၇	၁၁ : ၅၈	၁၁ : ၂၇	၁၁ : ၅၈	၁၁ : ၂၇	၁၁ : ၅၈	၁၁ : ၂၇	၁၁ : ၅၈	၁၁ : ၂၇	၁၁ : ၅၈	၁၁ : ၂၇	၁၁ : ၅၈
၁၉	၁၁ : ၂၈	၁၁ : ၅၉	၁၁ : ၂၈	၁၁ : ၅၉	၁၁ : ၂၈	၁၁ : ၅၉	၁၁ : ၂၈	၁၁ : ၅၉	၁၁ : ၂၈	၁၁ : ၅၉	၁၁ : ၂၈	၁၁ : ၅၉	၁၁ : ၂၈	၁၁ : ၅၉
၂၀	၁၁ : ၂၉	၁၂ : ၀၀	၁၁ : ၂၉	၁၂ : ၀၀	၁၁ : ၂၉	၁၂ : ၀၀	၁၁ : ၂၉	၁၂ : ၀၀	၁၁ : ၂၉	၁၂ : ၀၀	၁၁ : ၂၉	၁၂ : ၀၀	၁၁ : ၂၉	၁၂ : ၀၀
၂၁	၁၁ : ၃၀	၁၂ : ၀၁	၁၁ : ၃၀	၁၂ : ၀၁	၁၁ : ၃၀	၁၂ : ၀၁	၁၁ : ၃၀	၁၂ : ၀၁	၁၁ : ၃၀	၁၂ : ၀၁	၁၁ : ၃၀	၁၂ : ၀၁	၁၁ : ၃၀	၁၂ : ၀၁
၂၂	၁၁ : ၃၁	၁၂ : ၀၂	၁၁ : ၃၁	၁၂ : ၀၂	၁၁ : ၃၁	၁၂ : ၀၂	၁၁ : ၃၁	၁၂ : ၀၂	၁၁ : ၃၁	၁၂ : ၀၂	၁၁ : ၃၁	၁၂ : ၀၂	၁၁ : ၃၁	၁၂ : ၀၂
၂၃	၁၁ : ၃၂	၁၂ : ၀၃	၁၁ : ၃၂	၁၂ : ၀၃	၁၁ : ၃၂	၁၂ : ၀၃	၁၁ : ၃၂	၁၂ : ၀၃	၁၁ : ၃၂	၁၂ : ၀၃	၁၁ : ၃၂	၁၂ : ၀၃	၁၁ : ၃၂	၁၂ : ၀၃
၂၄	၁၁ : ၃၃	၁၂ : ၀၄	၁၁ : ၃၃	၁၂ : ၀၄	၁၁ : ၃၃	၁၂ : ၀၄	၁၁ : ၃၃	၁၂ : ၀၄	၁၁ : ၃၃	၁၂ : ၀၄	၁၁ : ၃၃	၁၂ : ၀၄	၁၁ : ၃၃	၁၂ : ၀၄
၂၅	၁၁ : ၃၄	၁၂ : ၀၅	၁၁ : ၃၄	၁၂ : ၀၅	၁၁ : ၃၄	၁၂ : ၀၅	၁၁ : ၃၄	၁၂ : ၀၅	၁၁ : ၃၄	၁၂ : ၀၅	၁၁ : ၃၄	၁၂ : ၀၅	၁၁ : ၃၄	၁၂ : ၀၅
၂၆	၁၁ : ၃၅	၁၂ : ၀၆	၁၁ : ၃၅	၁၂ : ၀၆	၁၁ : ၃၅	၁၂ : ၀၆	၁၁ : ၃၅	၁၂ : ၀၆	၁၁ : ၃၅	၁၂ : ၀၆	၁၁ : ၃၅	၁၂ : ၀၆	၁၁ : ၃၅	၁၂ : ၀၆
၂၇	၁၁ : ၃၆	၁၂ : ၀၇	၁၁ : ၃၆	၁၂ : ၀၇	၁၁ : ၃၆	၁၂ : ၀၇	၁၁ : ၃၆	၁၂ : ၀၇	၁၁ : ၃၆	၁၂ : ၀၇	၁၁ : ၃၆	၁၂ : ၀၇	၁၁ : ၃၆	၁၂ : ၀၇
၂၈	၁၁ : ၃၇	၁၂ : ၀၈	၁၁ : ၃၇	၁၂ : ၀၈	၁၁ : ၃၇	၁၂ : ၀၈	၁၁ : ၃၇	၁၂ : ၀၈	၁၁ : ၃၇	၁၂ : ၀၈	၁၁ : ၃၇	၁၂ : ၀၈	၁၁ : ၃၇	၁၂ : ၀၈
၂၉	၁၁ : ၃၈	၁၂ : ၀၉	၁၁ : ၃၈	၁၂ : ၀၉	၁၁ : ၃၈	၁၂ : ၀၉	၁၁ : ၃၈	၁၂ : ၀၉	၁၁ : ၃၈	၁၂ : ၀၉	၁၁ : ၃၈	၁၂ : ၀၉	၁၁ : ၃၈	၁၂ : ၀၉
၃၀	၁၁ : ၃၉	၁၂ : ၁၀	၁၁ : ၃၉	၁၂ : ၁၀	၁၁ : ၃၉	၁၂ : ၁၀	၁၁ : ၃၉	၁၂ : ၁၀	၁၁ : ၃၉	၁၂ : ၁၀	၁၁ : ၃၉	၁၂ : ၁၀	၁၁ : ၃၉	၁၂ : ၁၀
၃၁	၁၁ : ၄၀	၁၂ : ၁၁	၁၁ : ၄၀	၁၂ : ၁၁	၁၁ : ၄၀	၁၂ : ၁၁	၁၁ : ၄၀	၁၂ : ၁၁	၁၁ : ၄၀	၁၂ : ၁၁	၁၁ : ၄၀	၁၂ : ၁၁	၁၁ : ၄၀	၁၂ : ၁၁

www.burmeseclassic.com

www.burmeseclassic.com

သားကောင်းတစ်ယောက်
ကျောက်ကောင်းတစ်စု

အဂ္ဂမျိုး

ရာသီဥတုကောင်းမွန်သော နေ့တစ်နေ့ နံနက်ပိုင်းတွင် ဖြစ်၏။ ကျွန်တော်သည် အမှတ် (၂၀/၂၅) မြင်စိုင်းလမ်း ရှေပေါက်ကဲမြို့ နေအိမ်တွင် သာဆန်းရုံတွေ့ ပတ်ပျိုးအား မယ်ဒလင်ဖြင့် တီးရင်း နှုတ်မှ ဆိုညည်းလျက်ရှိလေ၏။ တေးသားနှင့် ဂီတသံစဉ်တို့ကြား အတွေးတို့ နစ်မြောနေစဉ် လက်ရှိ လုပ်ငန်းကူးပြောင်းမှုနယ်တွင် နေထိုင်သည့် ငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်း မလှမြတ်စိန် ရောက်လာ၏။ ခရီးလည်း ပင်ပန်းလာသည့် သူမက ဧည့်ခန်းတွင်း ရောက်သည်နှင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာပြင်နှင့် လက်တို့ကို သန့်စင်လေ၏။ လေပူတစ်ချက်ကို မှုတ်ထုတ်ပြီးမှ "နင်ကတော့ တယ်ဇိမ်ကျနေတာပေါ့လေ" ဟု စကားစလေ၏။ ကျွန်တော်က ရေခဲရေတစ်ဖန်ခွက်နှင့် ကိတ်ခြောက်မုန့်များဖြင့် ဧည့်ခံလေ၏။ သူမက ရေခဲရေကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီးလျှင် -

"နင် ကျန်းမာရေးမကောင်းလို့ မဟော မပြောတော့ ဘူးဆိုတာ ငါသိတယ်။ ဂျာနယ်၊ မဂ္ဂဇင်းတိုက်တွေအတွက် စာတွေ ရေးနေရတယ်ဆိုတာလည်း ငါသိတယ်။ နင်နဲ့ ငါ မတွေ့ဖြစ်ခဲ့ကြတဲ့ (၁၈)လလုံးလုံးပေါ့။ မိသားစုနဲ့ အပေါင်းအသင်းတွေရဲ့ ယတြာကိစ္စ၊ ဓာတ်ရိုက်ဓာတ်ဆင်ကိစ္စမှန်သမျှ တခြားဆရာတွေဆီပဲ ကိုယ်တိုင်သွားခဲ့၊ လိုက်ပို့ပေးခဲ့ရတယ်။ ခုတော့ ငါ့အမှုကိစ္စလည်း ဖြစ်တာရယ်၊ နင်လည်း ဟောနိုင်ပြောနိုင်ပြီထင်တာရယ်ကြောင့် မနက်စောစောကြီး ထွက်လာတာ။ ဒီတော့ ငါ့ကိစ္စကို နင်ဖြစ်အောင် ကူညီစောင့်ရောက်ရမယ်ဟာ"

"ကဲ- နင့်ကိစ္စသာ ပြောပါဟာ"ဟု ဆိုကာ မယ်ဒလင်ကို စင်ပေါ်တွင် အသာအယာတင်လိုက်ပြီး သူမ၏ ပြောပြချက်များကို နားစိုက်ရလေ၏။ သူမက -

"တခြားတော့ မဟုတ်ဘူးဟာ။ မိန်းမကိစ္စတွေ ပြောရမှာပို့ အားလည်း နာတယ်။ ဒါပေမယ့် တို့က မောင်နှမလို နေတဲ့ ငယ်ပေါင်းကြီးဖက်တွေမို့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဟာ။ ခုကိစ္စက သားကောင်း၊ သမီးကောင်းရစေတဲ့ အစီအရင်ကို သိချင်တာပါ"ဟု ဆိုလေလျှင် ကျွန်တော်က-

"ဩ . . . နင်ကလည်း အလာကြီးပါလား။ မင်္ဂလာဆောင်တုန်းကတော့ မဖိတ်မကြားဘဲ ခုမှ ခုလုတ်ထိလို့ အမိတတာပေါ့၊ ဟုတ်လား"ဟု ပြောရာ သူမက မျက်စောင်းထိုးရင်း . . .

"ဟဲ့၊ နင် ပေါက်တတ်ကရတွေ လျှောက်မပြောနဲ့။ ငါက ခုထိ အပျိုကြီးပဲဟဲ့။ ခုဟာက ငါညီမ အေမြတ်စိန်ရဲ့ သမီးကိစ္စပါ။ အဲဒီ ငါ့တူမလေးက အိမ်ထောင်ကျတာ

www.burmeseclassic.com

www.burmeseclassic.com

၂နှစ်ကျော်၊ ဥနှစ်ထဲကို ရောက်နေပြီ။ နှစ်ဖက် အတိုးအဘွား တွေက မြေးချီချင်လှပြီ။ တူမလေးကို သားသမီးရစေဖို့နဲ့ သားရတနာ၊ သမီးရတနာလေးတွေဖြစ်ဖို့ နင်တတ်တဲ့ လောကီပညာနဲ့ အကြံပြု ညွှန်ပြပေးပါဟာ"ဟု ဆိုလေ၏။

ကျွန်တော်က "အေးပါဟာ၊ တို့ မတွေ့ရတာကလည်း ကြာ၊ ခရီးဝေးက လာရတဲ့ နင်လည်း အမောပြေအောင် စလိုက် နောက်လိုက်တာပါ။ တကယ်တော့ တို့အရွယ်တွေ ဟာ "ကာလေဝန် ဓမ္မ သာဝန်"ကာလအားလျော်စွာ တရား ဓမ္မကို နာယူရမယ်၊ အားထုတ်ရမယ့်အရွယ်တွေပဲ။ ဘုရား ဟောတဲ့ ဥဂဇ္ဇာ မင်္ဂလာတရားတော်မှာ ပါတယ်လေ။ တဲ့-ဒီတော့ နင့်တူမလေးကိစ္စ ဆက်ကြရအောင်။ နင့်လို အပျိုကြီးကို ပြောရတာ အားတော့ နာတယ်။ နားနဲ့ မနာ၊ ဖဆိုနဲ့ နာပေါ့ဟာ။ ရော့၊ ဒီမှာ စာရွက်နဲ့ ဘောလ်ပင်၊ လိုက်မှတ်ပေတော့။ မမီလို့ကဲရင်၊ မရှင်းရင် ပြန်မေး၊ ဟုတ်ပြီနော်"ဟု ဆိုရာ သူမက သွက်လက်စွာ လိုက်လံရေးမှတ်ယူခဲ့လေတော့၏။

"အိမ်ထောင်သည် မိန်းကလေးက မီးယပ်ပေါ်ပြီး လေးရက်အတွင်းရယ်၊ လဆန်း/လဆုတ် ရက်နေ့များရယ်၊ လဆန်း ၁၄ရက်နဲ့ လပြည့်လကွယ်နေ့များရယ်မှာ မေထုန်မှု မပြုရဘူး။ ကျန်းမာရေးကောင်းပြီး စိတ်ဆန္ဒဖြစ်ပေါ်တဲ့အခါမျိုးမှာ ခင်ပွန်းဖြစ်တဲ့သူက စုံရက်ကျတဲ့ ရက်မျိုးမှာ စတင်ပေါင်းသင်းဆက်ဆံရမယ်။ ဒါဆိုရင် သားကောင်း၊ သမီးကောင်းရတနာရင်သွေးလေးတွေ ရတတ်ပါတယ်။ ဒီလောက်ကိုယ်တိုင်က ဘုရားမေ့၊ တရားမျေပြီး ကာမဂုဏ်တွေပဲ စံစား ခံစားနေမယ်ဆိုရင်လည်း သားသမီးကောင်းရတနာ ဖြစ်ထွန်းဖို့ ခဲယဉ်းတယ်။ မွေးလာတဲ့ သားသမီးရဲ့ ဇီဇသတ္တိက ရိုင်းနေတတ်တယ်။ ဒီတော့ မိဘနှစ်ပါးစလုံးက သူတော်ကောင်းတရားတွေ စွမ်းနိုင်သမျှ ကြိုးစားအားထုတ်ကြသင့်တယ်"ဟု ပြောပြကာ ကျွန်တော်က ရေနွေးကြမ်းကို ဓာတ်ဘူးထဲမှ ငဲ့ချသောက်လေ၏။

သူမက မှတ်သားထားသရွေ့ကို စိုးညှင်းစွာ ရေရွတ်ကြည့်နေခဲ့လေ၏။ ပြီးလျှင် အားလုံးကို ရေသားမှတ်ယူနိုင်ခဲ့ကြောင်း သဘောတရားကို နားလည်ပါကြောင်း ကျွန်တော့်အား ပြန်လည်ပြောပြလေ၏။ ထို့နောက် သူမက ရေခဲရေတစ်ခွက်ကို ရေသန့်ပုလင်းတွင်းမှ ငဲ့၍သောက်လေ၏။ ပြီးလျှင် -

"ငါ သဘောပေါက်သလို၊ ငါတူမကို သေသေချာချာ ရှင်းပြပါ့မယ်။ နောက်ပြဿနာတစ်ခုကို တစ်လက်စတည်း ပြောပြရဦးမယ်ဟ"ဟု ဆိုလေရာ ကျွန်တော်က မျက်မှန်ကိုင်းကို ကျော်၍ သူမကို ကြည့်ရင်း သူမထံမှ စကားကို နားစိုက်ရလေ၏။

"အဘိုး၊ အဘွားတွေက မြေးယောကျ်ားလိုချင်တဲ့သူ၊ မြေးမိန်းကလေးလိုချင်တဲ့သူနဲ့ တစ်ဖက်ကို ဆန္ဒတစ်မျိုးစီ ဖြစ်နေတာကလည်း ပြဿနာတစ်ခုပဟ။ အဲဒါလေးလည်း ကူညီပါဦး"ဟု ကျွန်တော့်အား အားတုံ့အားနာ မျက်နှာပေးဖြင့် တောင်းဆိုပြန်၏။

"နင်ကမှ အပြောကောင်း။ တောပြောင်းပြီး ဆန်ကော ရောင်းဖို့ပဲ ကောင်းတယ်။ ကဲကဲ- ဆက်သာမှတ်ပေတော့။

"မြောက်လေပြန်တဲ့ အခါမျိုးမှာ လင်မယားဆက်ဆံကြရင် သားယောကျ်ားလေးမွေးတတ်တယ်။ မြဟ္မာသားဝိုက်ထားတဲ့ ရုပ်ကို ပူဇော်ဆုတောင်းရင်လည်းပဲ သားယောကျ်ားလေး ထွန်းကားတတ်တယ်။ တောင်လေပြန်တဲ့အခါမျိုးမှာ ဆက်ဆံရင်တော့ သမီးပိန်းကလေးရတတ်တယ်။ ကြာပန်းတွေ ကိုင်ထားတဲ့ မြဟ္မာရုပ်ကို ပူဇော်ရင်လည်း သမီး မိန်းကလေးရတတ်တယ်။ ငါပြောတဲ့အတိုင်း၊ ညွှန်ပြတဲ့အတိုင်း ယုံကြည်စိတ်ချပြီး လုပ်ခဲ့တဲ့သူတွေဆီကတော့ အောင်မြင်ဖြစ်ထွန်းကြတယ်လို့ ပြန်ပြီး သိရတယ်။ ယုံကြည်မှုတော့ ရှိဖို့ လိုတာ အမှန်ပဲဟ"ဟု ရှင်းပြလေရာ သူမက အားလုံးကို သဘောပေါက်နားလည်ကြောင်း၊ ယုံကြည်လေးနက်စွာ လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုလေ၏။

ထို့နောက် သူမ ယူလာသည့် စက္ကူလက်ဆွဲအိတ်ဖြင့် ထည့်ထားသော ကော်ဖီမစ်ထုပ်ကြီးတစ်ထုပ်၊ Red Ruby စီးကရက်သုံးဘူးနှင့် ငွေကျပ်သုံးထောင်တို့ဖြင့် ပညာပူဇော်မှုပြုလေ၏။ အလုံးစုံ ပြီးစီးကြလေသော် ရေးဟောင်းနောင်းဖြစ်မှာ။ ရောက်တတ်ရာရာကို လွတ်လပ်ပေါ်ပါးစွာ ပြောဖြစ်ကြလေ၏။ အတန်ကြာလေသော် သူမက လှည်းကူးသို့ မပြန်မီ တခြားကိစ္စများ ရှိနေသောကြောင့် အချိန်ရရေး ပြန်ခွင့်ပြုပါရန် နှုတ်ဆက်စကားဆိုလေ၏။ ကျွန်တော်ကလည်း ငယ်မှငယ်ဥာဏ်အရ နောက်ပြောင်ကျိစယ်စကားဆိုခဲ့ပေရာ သူမက အမျက်ဒေါသမပါသော မျက်စောင်းတစ်ချက်ထိုးကာ လာရာလမ်းသို့ ပြန်လည်ထွက်ခွာသွားခဲ့ပါတော့သည်။ သူမ အား ကျိစယ်လိုက်သော စကားမှာ -

"နင့်အချစ်ရေးကိစ္စရှိရင်လည်း ငါ ကူညီဖို့ အသင့်ပါပဲ အပျိုကြီးအိုမရယ်"ဟူသတည်း ■

*****

www.burmeseclassic.com

မြန်မာရာဇဝင်တွင် ဘုရင်အဖြစ် ဂုရက်သာ နန်းသက် စံပြီး ထီးနန်းကို စွန့်ခဲ့ရသော "ဖောင်ကားစား မောင်မောင်" ဟူသော မင်းတစ်ပါးရှိခဲ့ပါသည်။ မည်သည့်အတွက်ကြောင့် နန်းသက်မရှည်ကြာခဲ့ဘဲ၊ ရက်ပိုင်းမျှသာ မင်းအဖြစ် ခံစားခဲ့ ရပြီး ထီးနန်းစွန့်၍ လုပ်ကြံခံခဲ့ရခြင်းကို ဗေဒင်ကျမ်းများတွင် မှတ်တမ်းတင်ထားခဲ့သည်ကို ဤသို့ တွေ့ရှိရပါသည်။

◈◈◈

၁၁၂၅ ခု၊ သီတင်းကျွတ်လဆန်း ၆ရက်၊ ကြာသ ပတေးနေ့ဖွား ဖောင်ကားစား မောင်မောင်သည် ဒုတိယ မြောက် ကုန်းဘောင်မင်း နောင်တော်ကြီး၏ သားတော်ဖြစ် သည်။ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ မြေးဖြစ် သည်။ စဉ်ကူးမင်းကို ပုန်ကန်ပြီး ထီးနန်းကို သိမ်းပိုက်ကာ မင်းလုပ်ခဲ့သည်။



(ဖောင်ကားစား မောင်မောင်၏ ဇာတာ)

နန္ဒာဦးကျော်
ဂုရက်သာ နန်းသက်စံခဲ့ရသော မင်းတစ်ပါး၏ ဇာတာအလင်္ကာဇ်း တစ်စုံတစောင်း

www.burmeseclassic.com

www.burmeseclassic.com

၁၁၄၃ ခု၊ တပို့တွဲလဆုတ် ၈ရက်၊ အင်္ဂါနေ့တွင် နှန်းတက်ခဲ့သော်လည်း နှန်းတက်ပြီး ၇ရက်အကြာ ၁၁၄၃ခု၊ တပို့တွဲလဆုတ် ၁၄ရက်နေ့တွင် ဘိုးတော်ဘုရား၏ တိုက်ခိုက် ကွပ်မျက်ခြင်းကို ခံခဲ့ရသည်။ ခုနစ်ရက်သာ နန်းစံခဲ့ရသည်။ နန်းကျပြီးနောက် အသတ်ခံခဲ့ရရှာသည့်အချိန်၌ အသက်မှာ ၁၈နှစ်၊ ၄လ၊ ၇ရက်သာ ရှိသေးသည်။ မြန်မာရာဇဝင်တွင် နန်းသက်အတိုဆုံးမင်းတစ်ပါးဖြစ်သည်။

အဘယ်ကြောင့် ခုနစ်ရက်တည်းသာ နန်းစံရှင် ဘုရင်ဖြစ်ခဲ့ရသနည်းဆိုသည်ကို နက္ခတ်ဗေဒင် ပညာရှင်ထောင်မှ လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက ဤသို့တွေ့ရှိရပါမည်။

၁။ ကန်လင်-စန်းမှ ၈တန် မရဏာဘာဝတွင် (စနေ၊ ၈ဟု) ဂြိုဟ်နှစ်လုံး ရပ်တည်နေသည်။ မရဏာဘာဝ၏ ကရကင်ဂြိုဟ်(၀နေ)သည် ၈တန်တွင် (နိစ်၀နေ)အဖြစ် ရပ်တည်နေသဖြင့် အသက်ရှည်မှုကို အာမခံချက် မပေးနိုင်ခဲ့ချေ။

၂။ ၁၂တန်(ဗျာယဘာဝ)တွင် (၁နွေ၊ ၃ဂျီ၊ ၄ဟူး၊ ၆ကြာ) ဂြိုဟ်လေးလုံး ရပ်တည်နေသည်။

မရဏာဘာဝနှင့် ဗျာယဘာဝတွင် ဂြိုဟ် ၆လုံး တောင် ရပ်တည်နေသဖြင့် မင်းဖြစ်သူပင် မခံနိုင်ချေ။ ၇ရက်တည်နှင့် ကိစ္စပြတ်ခဲ့ခြင်းအချက်တွင် ၎င်းအချက်ကလည်း ဆိုးအားများစေရန် အထောက်အပံ့ပြုလျက်ရှိသည်။

၃။ လင်္ဂနှင့်တကွ ဂြိုဟ် ၇လုံးသည် (၈ဟုနှင့် ၉ကိတ်) ဂြိုဟ်နှစ်လုံးစပ်ကြား ရာသီများစွာတည်ကြလျှင် အရောင်မည်းနက်၍ ညှင်းဆဲသတ်ဖြတ်လေ့ရှိသော "ကာဠသရဏယုဂ်" ကို ရ၏။ ဖောဝ်ကားစား မောင်မောင်၏ ဇာတာကို ကြည့်မည်ဆိုလျှင် ၈ဟုနှင့် ၉ကိတ် ဂြိုဟ်နှစ်လုံးစပ်ကြား ရာသီများတွင် (မိဿဌ် ၀နေ၊ ပြိဿဌ် ၅တေး)သိဟ်၌ ၁နွေ၊ ၃ဂျီ၊ ၄ဟူး၊ ၆ကြာ၊ ကန်၌ လင်္ဂနှင့် ၂လ်စန်းတို့ ရပ်တည်နေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ၈ဟုနှင့် ၉ကိတ်ကြား လင်္ဂနှင့်တကွ ဂြိုဟ် ၇လုံးရတည်နေသဖြင့် "ကာဠသရဏယုဂ်" ကို ရရှိနေကာ၊ ၎င်းယုဂ်ကို ရရှိသူသည် ဥစ္စာ၊ စည်းစိမ်၊ ချမ်းသာကုဏ်ထူး ရာထူးပျက်ပြားစေသည်။ ဆင်းရဲနွမ်းပါးစေသည်။ ယာယီ 'အကျိုးပေးမှုကိုသာ ခံစားရရှိစေပြီး နောက်ဆုံးတွင် ပျက်စီး ပြုန်းတီးစေသော အကျိုးကို ခံစားရရှိစေသည်။ ၎င်းယုဂ်ကို ရသော ဇာတာရှင်၏ ဘ၀ဖြစ်စဉ်မှာ စိတ်မချရပေ။ တိုးတက်အောင်မြင်မှု ရရှိလင့်ကစား အကျနာတတ်သည်။ အစကောင်းသော်လည်း အနောင်းမသေချာတတ်။ နောက်ဆုံးတွင် ဩဇာ၊ အာဏာ ပိုင်ဆိုင်မှုမှန်သမျှ ပျက်ပြုန်း ပျောက်ကွယ်သွားရတတ်သည်။

၄။ လင်္ဂ ၂ကန်နှင့် ၁၂ကန် ဘာ၀ရာသီများတွင် (ပါပဂြိုဟ်)ရှိလျှင် "ပါပကတ္တရီယုဂ်"ကို ရ၏။ လင်္ဂကိုပါ ဂြိုဟ်နှစ်လုံးညှပ်ပိတ်ထားသည်ဆိုလျှင် မည်သို့ ကောင်းခွင့်ကြုံမည်နည်း။ ဖော်ကား မောင်မောင်၏ ဇာတာကို ကြည့်မည်ဆိုလျှင် လင်္ဂဟူသော မိဓိ၊ စန်း ၂လ်ဟူသော စိတ်တို့ကို ၁၂ကန် ဗျာယဘာဝတွင် ပါပဂြိုဟ်(၁နွေ၊ ၃ဂျီ)နှင့် ၂ကန် ကတုနဘာဝတွင် ၉ကိတ်ဂြိုဟ်တို့က ပူးညှပ်ထားလေသည်။ ပါပကတ္တရီယုဂ် သင့်လျော်ရှိသဖြင့် ထိုယုဂ်ရှသူသည် ဒီဇော အဆိပ်ဘေး လက်နက်ဘေး ကြုံတတ်သည်။ လောကကြီးတွင် ဘေးရန်အထွေထွေနှင့် ရင်ဆိုင် ကြုံတွေ့ရတတ်သည်ဆိုသော ဇာတာကဒေသမဂ္ဂကျမ်းအရ ကိုက်ညီလျက်ရှိပေသည်။

၅။ လင်္ဂ ၁၂ကန် ဗျာယဘာဝတွင် ပဉ္စကားဂြိုဟ် ရပ်တည်လျှင် အသုဘယုဂ်ကို ရသည်။ မကောင်းသောယုဂ်ဖြစ်သည်။ ဖောဝ်ကားစား မောင်မောင်၏ ဇာတာကို ဆန်းစစ်ကြည့်လျှင် လင်္ဂ ၁၂ကန် ဗျာယဘာဝတွင် ပဉ္စကားဂြိုဟ်များဖြစ်သော (၃ဂျီ၊ ၄ဟူး၊ ၆ကြာ) ဂြိုဟ်သုံးလုံး ရပ်တည်နေသည်။ ၁၂ကန် ဗျာယဘာဝမှ ဂြိုဟ်တည်လျှင် မကောင်းကြောင်း သိနိုင်သည်။ အသုဘယုဂ်ကို ရသူသည် စိတ်ထားသေးသိမ်တတ်သည်။ ကိုယ်အင်္ဂါချို့ယွင်းမှုကို ကြုံရတတ်သည်။ အသက်တို့၌ ရေရှည် တိုးတက်အောင်မြင်မှု ရရှိမည့်သူ မဟုတ်ဟု ဖွင့်ဆိုချက်နှင့် ကိုက်ညီလျက်ရှိလေသည်။

* * *

နန္ဒာဦးကျော်

www.burmeseclassic.com

www.burmeseclassic.com

လေးဖက်နာရောဂါ ပျောက်စေရာ

မောင်မောင်သိန်း သတင်းထောက်(ဇီးကုန်း)

လေးဖက်နာရောဂါသည် သွားလာလုပ်ကိုင်၍မဖြစ်အောင် ဒုက္ခပေးသောရောဂါ ဖြစ်လေသည်။ အများအားဖြင့် ခြေ၏အရင်း ဝဲယာနှစ်ဖက်၊ ဝဲဘက်ဆိုလျှင် ယာ၊ ယာဘက်ဆိုလျှင် ဝဲ၊ ခြေမျက်စိအောက်ဖနောင့်အထက်တွင်လည်းကောင်း၊ အဆစ်တွင်လည်းကောင်း ဖြစ်တတ်သည်။

လက်ဆစ်တို့၌လည်း ဖြစ်တတ်၏။ အခြားသောအဆစ်တို့၌လည်း ပျံ့နှံ့၍ဖြစ်တတ်၏။ ရောဂါအမျိုးအစားများမှာ. . .

၁။ သာမညအမျိုးအစားမှာ ရောင်ရုံသာ အဆစ်များ ရောင်လေသည်။

၂။ ဒုတိယအမျိုးအစားမှာ အဆစ်များ အနာများလာသည်။

၃။ တတိယအမျိုးအစားမှာ အဆစ်များရောင်လည်းရောင်၊ နာလည်းနာ၍ အနည်းငယ်မျှ အထိမခံနိုင်အောင် ဖြစ်လာ၏။ ပူလည်း ပူလေသည်။

ဤသို့အားဖြင့် အဆစ်ရောင်လေးဖက်နာရောဂါသုံးမျိုးသုံးစား ဖြစ်သည်။ လေးဖက်နာအဆစ်ရောင်ရောဂါအား ဆေးရွက်ကြီးနှင့် ထုံး၊ ဆားတို့ အခိုးအငွေ့ကိုခံပေးလျှင် အမြီက်ဆေးအလားကဲ့သို့ ထိရောက်ကောင်းမွန်လေသည်။

ပြုလုပ်ဆောင်ရွက်ရန် နည်းလမ်းမှာ. . .

မြေအိုးအသစ်တွင် ဆေးရွက် (၅)ကျပ်သား၊ ထုံး (၂)ကျပ်သားခန့်နှင့် ဆား (၁)ကျပ်သားခန့် ထည့်၍ ပြုတ်ပါ။ အိုးအဖုံးအား လုံခြုံစွာ အငွေ့မထွက်အောင် အုပ်ထားပါ။ ဆူသောအခါ ထိုအိုးအပေါ်တွင် ကိုက်နေသော ခြေဆစ်လက်ဆစ်များတို့အား အငွေ့ကိုခံပါ။ အနံ့ကိုလည်း ရှူပေးပါ။

အိုးအပေါ်မှ အဝတ်ပါးပါးအုပ်ထားရန်နှင့် ခံနိုင်ရုံမြှင့်၍ မြှင့်၍ နာရီဝက်ခန့် အငွေ့အား ခံပေးပါ။ ရောဂါတက်နေခိုက် အကောင်းဆုံးသော အခိုးရှူနည်း၊ မှိုင်းခံနည်း ဖြစ်လေသည်။

ထုံး၊ ဆား၊ ဆေးရွက်ကြီး ၎င်းသုံးမျိုးကို ခန်းအောင်ပြုတ်၍ အနှစ်အား ယူပါ။ ၎င်းအနှစ်တွင် ဝါရုတ်တစ်ကျပ်သား၊ ရေနံချေးစစ်စစ် နှစ်ကျပ်သားထည့်၍ ပရုတ်ဆီကဲ့သို့ ကျိပါ။ အဆစ်ရောင်ရောဂါ လိမ်းဆေးအဖြစ်ဖြင့် အသုံးပြုနိုင်သည်။

ဤလိမ်းဆေးသည် အရောင်အတင်းအကိုက်မန်းဝင်ငန်းဝင်၊ အညောင်ဝင်ဟူသမျှတို့၌ အသုံးပြုနိုင်ပါသည်။ ဤဆေးအား သောက်လိုခဲ့သော် နှစ်ပဲသားခန့် ရေနွေးဖျော်၍ သောက်နိုင်ပါသည်။ ဆေးသောက်ရာတွင် အဝင်ကားဆိုး၍ အကျိုးမှာ မရေမတွက်နိုင်လောက်အောင် များပါသည်။

လေးဖက်နာရောဂါသည် အမြစ်ပြတ်ကုစားရခက်သောရောဂါ ဖြစ်လေသည်။ ရောင်နာလာသည်ကို ကာကွယ်နေစဉ်မှာပင် တရွေ့ရွေ့တိုးလာတတ်သည်။ လေးဖက်နာရောဂါအား အမြစ်ပြတ်ကုစားလိုသော် တောင်မရိုးအဖို့အသေးစား တောင်မရိုးခေါက်အား အမှုန့်ထောင်း၍ ပျားရည်နှင့် တေစားပါ။

ရှောင်ရန်အစားအစာများ

အစို့အညောက်ပေါက်သော မျှစ်၊ ပို့၊ အဆီပါသော ဝမ်းပျဉ်းသားကလီစာများကို ရှောင်ပါ။ ကုစားရခက်သော လေးဖက်နာရောဂါတစ်ရပ်အား ငွေမကုန်လူမပင်ပန်းဘဲ ရိုးရာကုထုံးဖြင့် ကုသနိုင်ရန် တင်ပြလိုက်ရပါသည်။

*****

မောင်မောင်သိန်းသတင်းထောက်(ဇီးကုန်း)

မှီငြမ်း ။ မြန်မာ့ရိုးရာ အိမ်တွင်းမှုဆေးပညာ

www.burmeseclassic.com

www.burmeseclassic.com

ဇော်ဂျီ ဆေးကြိတ် စျေးခေါ်အစီအမံ

ဦးကိုကိုအေး (ကြိုပင်ကောက်)

"ဆရာ စျေးရောင်းမကောင်းဘူး။ အပေါ်တွေ့ပဲ လာနေတယ်။ အရွေးမလာဘူး။ စျေးရောင်းကောင်းချင်တယ်။ အစီအမံတစ်ခုလောက် ဆရာလုပ်ပေးစေချင်တယ်"

BURMESE CLASSIC .com

တပည့်မတစ်ဦးမှ လာရောက်တောင်းခံနေခြင်းပင်။ ဆရာတို့မည်သည် သူလာသော ယုံကြည်မှုခြေတစ်လှမ်းကို လေးစားရပေမည်။ ကူညီရပေမည်။ သူနာမည်က ဆင့်ဆင့်၊ သူရောင်းတာက ရွှေဆိုင်။ ကျွန်တော်များစွာ စဉ်းစားရ၏။ အရောင်းအဝယ်ကို ပွင့်စေတတ်သော ဂါထာကျွင်စဉ်ကို ပေးရကောင်းမလား။ တတ်ပညာဖြင့် အညွှန်မိတ်၊ နဝင်မိတ်၊ ပင်စည်မိတ်ပညာကို ပေးရမည်လား။ ဥပမာအားဖြင့် နွယ်ဝင်တစ်ခုကို ဆိုင်ဦးမှာ ချိတ်ထားလိုက်ပါ။ နွယ်ဝင်၏ ဆန့်ကျင်ဘက်အဆိုသည် နင်ဝယ်မဟုတ်ပါလား။ နွယ်ဝင်ဆောင်ထားရုံဖြင့် ဆိုင်အဖွင့်ဓာတ်ကို ရစေပါသည်။ ထူးထူးကဲကဲနှင့် ပေါက်မြောက် အောင်မြင်ရန်အတွက်၊ စျေးရောင်းတက်အား ကောင်းရန်အတွက် စေတနာများစွာထားကာ စဉ်းစားရတော့သည်။

အချို့က အောင်မြင်မှုဆိုတာ ကိုယ်ကြိုးစားမှုပဲဟူ၍ လက်ဝယ် ဆုပ်ကိုင်တတ်ကြ၏။ အထောက်အကူပြုမှုများသည်လည်း အကျိုးပေးသန်လာလျှင် တိုးတက်မှု လျှင်မြန်၏။ ကျွန်တော့်တပည့်တစ်ဦး ကွမ်းရောင်းတာ တစ်နေ့ကို သုံးဆယ်သားကုန်အောင် မနည်းရောင်းနေရ၏။ ကျွန်ုပ်သည် သူ့ကို အစီအရင်တစ်ခု ပြုလုပ်ပေးလိုက်၏။ ယခုအခါတွင်တော့ ထိုတပည့်သည် တစ်နေ့ကို ကွမ်းချိန် ၁၀ ပိဿာ အထိ ရောင်းနေရသည်။ အိမ်ပိုင်၊ ခြံပိုင်နှင့်လည်း ဖြစ်သွားပေပြီ။ ကျွန်တော် စီရင်ပေးခဲ့သော ထိုစျေးခေါ် အဆောင်လေးကို သတိပြုမိ၏။ ဒါကြောင့်...

"ဆင့်ဆင့်... နင့်ကို အစီအရင်တစ်ခုလုပ်ပေးမယ်။ ဇော်ခါးပင်ရဲ့ အသားကို ဇော်ဂျီ ဆေးကြိတ်တဲ့ပုံလေးတစ်ခု ထုခိုင်း။ သဘော်ဆေး အပြူ/ အနီသုတ်။ ပြီးရင် သီလရှင်တစ်ပါးထံ လျှောက်ထားပြီး သူတို့ ဒါနခွက်မုံးခဲတဲ့ ဆန်ကောသေးသေးလေးတစ်ခုကို အလှူခံ၊ ဝတ္ထုငွေတော့ လှူခဲ့နော်။ အဲသည် ဆန်ကောလေး ရလာရင် ဆန်ကွဲထည့်ပြီး ဆန်ကွဲပေါ်မှာ ဇော်ဂျီရုပ်ကလေး တင်ထား။ ပြီးရင် ဆိုင်မှာ ရှိတဲ့ ဗီရိုတစ်ခုပေါ်မှာ တင်ထားလိုက်တော့။ အဆင်ပြေသွားစမ်းမယ်"

ယင်းအစီအရင်ကို လေ့လာလျှင် စျေးခေါ် ဇော်ခါး၊ ဇော်ဂျီ ဆေးကြိတ်၊ ဆန်ကော၊ ဆန်ကွဲ၊ ကက်ကင်း ငါးခု တွေ့ရပေမည်။ တစ်ပတ်အတွင်း သိသာထင်ရှားလာပါလိမ့်မည်။ ရောင်းအားများလည်း တစ်စတစ်စ တက်လာပါလိမ့်မည်။

အရောင်းအဝယ် ဖွံ့ဖြိုးမှု မရှိသေးသူများ၊ စီးပွားအသေး/ အကြီး လုပ်ငန်းရှင်များ ဤအစီအမံကို ပြုလုပ်၍ ဆောင်ထားကြည့်ပါ။ များစွာ တိုးတက်အောင်မြင်မှု ရရှိကြပါလိမ့်မည်။ အရောင်းအဝယ် ပွင့်လန်းလာပါလိမ့်မည်။

အစီအမံကဏ္ဍမှ ရေးသား တင်ပြလိုက်ရပါသည်။

* * *

ဦးကိုကိုစအား(ကြိုပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးဝေဖြာ အမြစ်အညွှန့်ယတြာ

ဆရာအောင်ဟိန်းဆက်(ပြည်)

BURMESE CLASSIC

စာရေးသူတို့ မြန်မာလူမျိုးများသည် မြန်မာ့ဂိုဏ်ရာ ကွန်ရက် ပညာရပ်များအပေါ် ယုံကြည်သက်ဝင်မှု ရှိကြသကဲ့သို့ ကမ္ဘာ့ဝိဇ္ဇာပညာရပ်များကိုလည်း စိတ်ဝင်စားမှုရှိကြသည်။ ဂိုးရာယဉ်ကျေးမှုကို အဘက်ဘက်မှ ထိန်းသိမ်းကြရာတွင် ရေးဆရာဆရာကြီးများ၏ အဆိုအမိန့်များ၊ ပညာရှင်များ၏ လမ်းညွှန် သြဝါဒများကိုလည်း အလေးထား ဂရုပြလိုက်နာ ထိန်းသိမ်းထားတတ်ကြသည်။

ထို့ကြောင့်ပင် စာရေးသူတို့နိုင်ငံတွင် အင်္ဂါဗိဇ္ဇာ၊ ဆန်းလက္ခဏာနှင့် ဝိဇ္ဇာခရ ကွန်ရယ်ပွဲ စသည့် ဂိုးရာပညာရပ်များမှာ မကွယ်မပျောက်ဘဲ တည်ရှိထွန်းသစ်နေခြင်းဖြစ်ပါသည်။

စာရေးသူ ယခု တင်ပြလိုသော အကြောင်းအရာမှာ အမြစ် ရေလောင်း၊ အညွှန့် ပန်းလှူဆိုသောအဆိုအရ လွယ်ကူပြီး အကျိုးသက်ရောက် ထိရောက်မှုရှိသော အမြစ်အညွှန့်ဖြင့် ပြုလုပ်ဆောင်ရွက် ယတြာပြုရသော "ကောင်းကျိုးဝေဖြာ အမြစ်အညွှန့်ယတြာပင် ဖြစ်ပေသည်။ စာရေးသူပင်လျှင် ဤယတြာအား ယုံကြည်စွာ လစဉ်မပျက် ယခုချိန်ထိ ပြုလုပ်ဆောင်ရွက်နေပြီး သိသာသော အကျိုးခံစားမှုများနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရ၍ စာဖတ်သူများထံသို့ ရေးသားတင်ပြလိုက်ရပေသည်။

ထိုယတြာမှာ အင်္ဂါဗိဇ္ဇာပညာရပ်ဖြင့် ပြုလုပ်စီရင်ဆောင်ရွက်ရသော ယတြာပင်ဖြစ်သည်။

ဤယတြာနှင့်ပတ်သက်၍ လက်တွေ့အကျိုးခံစားရပုံကို ထပ်မံ၍ တင်ပြရမည်ဆိုလျှင် စာရေးသူ၏ ဟောခန်းသို့ တစ်ချိန်က ကျေးဇူးမကြီးခဲ့သော သူငယ်ချင်းဖြစ်သူ ကျော်မိုးရောက်ရှိလာပြီး သူ၏ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ပတ်သက်သော ကိစ္စရပ်များတွင် စိတ်သောက ရောက်ရှိနေ၍ စာရေးသူထံသို့ ယတြာအကူအညီ အကြံဉာဏ်တောင်းခံရန် ရောက်ရှိလာခဲ့သည်။ ထိုအခါ စာရေးသူမှ "ကျော်မိုး၊ မင်း အခု ငါ့ဆီ ရောက်လာပြီဆိုတော့ မင်းကို လွယ်ကူသက်သာပြီး ထိရောက်တဲ့ အစီအရင်ယတြာပေးမယ်။ သေချာလိုက်မှတ်" ဟု ပြောလိုက်လေရာ သူငယ်ချင်းဖြစ်သူမှာ အားကိုးကြီးစွာပင် လိုက်လံမှတ်သားလေသည်။ ထိုယတြာအစီအရင်များအား လိုက်လံမှတ်သားပြီးစီး၍ သူငယ်ချင်းဖြစ်သူမှာ စာရေးသူအား ဝမ်းသာစွာ နှုတ်ဆက်၍ ပြန်လေတော့သည်။

တစ်လခန့်အကြာတွင် စာရေးသူထံ ကျော်မိုး ပြန်၍ ရောက်ရှိလာသည်။ သူ့ကို ကြည့်ရသည်မှာ အရင်တစ်ခါ လာတုန်းကနှင့်မတူတဲ့ ရွှင်ပျော်သာနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ကျွန်ုပ်ပေးခဲ့သော ယတြာအား သူငယ်ချင်းဖြစ်သူမှ ယုံကြည်စွာ ပြုလုပ်ဆောင်ရွက်ခဲ့၍ ၎င်း၏ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းများမှာ ထင်မြင်ချက်များထက်ပို၍ အမြတ်အစွန်းများ ရရှိခဲ့ပြီး စီးပွားရေးများ သိသိသာသာ တိုးတက်အောင်မြင်လာသည့်အတွက်ကြောင့် ကျေးဇူးတင်ကြောင်းနှင့် ကျွေးမွေးထောက်ခံမည့်အကြောင်းအား အားရပါးသာစွာဖြင့် လာရောက်ပြောခဲ့သည်။ ထိုအခါ သူငယ်ချင်း၏ အခက်အခဲအား ထိုယတြာဖြင့် အကူအညီပေးနိုင်ခဲ့သောကြောင့် စာရေးသူပင်လျှင် ဝမ်းသာပီတိဖြစ်မိပါသည်။

စာရေးသူမှ သူငယ်ချင်းဖြစ်သူအား ပေးလိုက်သော ယတြာအစီအရင်မှာ ၎င်းသည် တနင်္လာသားဖြစ်သောကြောင့် အင်္ဂါဝင်္ဂနည်းဖြင့် တနင်္လာအား တိုင်ထူကြည့်ပါက အမြစ်ကြိုဟ်သည့် တနင်္ဂနွေဖြစ်ပြီး အညွှန့်ကြိုဟ်သည့် အင်္ဂါဖြစ်သည်ကို တွေ့ရမည်။ ထို့ကြောင့် အမြစ်-တနင်္ဂနွေနှင့် အညွှန့်ဖြစ်သော အင်္ဂါတို့၏ ပေါင်းစပ်နှံညွှန့်ဖြစ်သော ဩဇာ (၁၄)ညွှန့်အား ရေဖြည့်ထားသော ငွေရောင်မြေအိုးသစ်တစ်လုံးအတွင်း ထိုးစိုက်၍ အိမ်ရှေ့ ဘုရားစင်တွင် လူနေဒါန်းစေပြီး ကြက်သွန်၃ (၈)လုံးအား လေးလက်မအမြင့်ရှိ စက္ကူယက် (၈)လက်ဖြင့် ကြက်သွန်တစ်လုံးစီတွင် တစ်လက်စီမျှ ထိုးစိုက်၍ မွေးနေ့နံနက် ၆နာရီ ၄၅မိနစ်တွင် အိမ်ဘုရား၌ ၎င်းအားလုံးအား လူနေဒါန်းရမည်။ ပြုလုပ်ဆောင်ရွက်သူသည် ကြက်သွန်တွင် "သောက"ဟု ကြက်သွန် (၈)လုံးအား ရွှစ်ခါရေးပြီး၊ ယက်(၈)လက်တွင် "ရပ်တန့်ပါစေ"ဟု ရွှစ်လက် ရွှစ်ခါရေးရမည်ဖြစ်သည်။ ပို၍၍ သဘောပေါက်စေရန် ပုံဖြင့် ဖော်ပြလိုက်ပါသည်။



ထိုသို့ အားလုံးစီရင်လူနေဒါန်းပြီးပါက မွေးနေ့မှစ၍ အဓိဋ္ဌာန် ၁၅ရက်ဝင်ရမည်ဖြစ်သည်။ မိမိကြိုက်နှစ်သက်ရာ ဂုဏ်တော်ဖြင့် ဝင်ပါ။ ကျိမ္မလောက်ဆို သဘောပေါက်နိုင်လောက်မည်ဟု ထင်ပါသည်။ ထိုအစီအရင်ယတြာမှာ လွယ်ကူပြီး ထိရောက်မှုရှိသောကြောင့် ယုံယုံကြည်ကြည် လေးလေးနက်နက် ပြုလုပ်ဆောင်ရွက်ပါက လက်တွေ့ ထူးခြားမည်ဖြစ်သည်။ ကျန် ခုနစ်ရက်သားသမီးများ ပြုလုပ်ဆောင်ရွက်စေနိုင်ရန် မိမိတို့၏ နေ့နံအလိုက် အောက်တွင် ထပ်မံဖော်ပြလိုက်ရပါသည်။

နေ့နံ	အမြစ်/ အညွှန့်နံပန်း	အညွှန့်အရေ အတွက်	စီရင်ရန် နေ့နံအားလုံး
တနင်္ဂနွေ	ဒါန်းကြီး	၂၅ ညွှန့်	ကြက်သွန် (၈)လုံး၊
တနင်္လာ	ဩဇာ	၁၄ ညွှန့်	ယက်(၈)လက်
အင်္ဂါ	ခရေ	၉၂ ညွှန့်	စိုက်၍ အဓိဋ္ဌာန်
ဗုဒ္ဓဟူး	စံပယ်	၂၇ ညွှန့်	၁၅ရက်ဝင်ရန်။
ကြာသပတေး	လောက်သေ	၃၈ ညွှန့်	(အားလုံး)
သောကြာ	ဝိတောက်	၂၉ ညွှန့်	ကြက်သွန်-သောက
စနေ	သစ်အယ်	၂၇ ညွှန့်	ယက်-ရပ်တန့်ပါစေ

BURMESE CLASSIC

အထက်တွင် ဖော်ပြခဲ့သော အမြစ်အညွှန့်တွဲစပ်နှံပန်းညွှန့်များ မိမိတို့အရပ်ဒေသတွင် ရှာ၍ မရရှိပါက တစ်ခုစီဖြင့် တွဲစပ်၍ အသုံးပြု၍လည်း ရပါသည်။ တနင်္လာသားဆိုပါစို့။ ဩဇာညွှန့် မရရှိပါက တနင်္ဂနွေကြိုဟ် "ဩ" အစား အုန်းညွှန့်နှင့် အင်္ဂါကြိုဟ် "ဇာ" အစား ငွေညွှန့်အား သုံး၍ တနင်္ဂနွေ၏ ကြိုဟ်သက်မှာ (၆)ဖြစ်၍ အုန်း (၆)ညွှန့်၊ အင်္ဂါ၏ ကြိုဟ်သက်မှာ (၈)ဖြစ်သောကြောင့် ငွေ (၈)ညွှန့်၊ ၎င်းနှစ်ဦးအား ပူး၍ လူနေဒါန်းသော (၁၄)ညွှန့်ရရှိမည်ဖြစ်ပါသည်။

ယခုလောက်ဆိုလျှင် နားလည်သဘောပေါက်လောက်မည်ဟု ထင်ပါသည်။ ထိုအစီအရင်ယတြာများအား မိမိမွေးနေ့မှစ၍ ၁၅ရက်အဓိဋ္ဌာန်ဖြင့် ပြုလုပ်ဆောင်ရွက်လျှင် အဓိဋ္ဌာန်ပြီးဆုံး အောင်မြင်သောနေ့သည် မိမိ၏ မွေးနေ့တွင် ဖြစ်သည်။ ထိုသို့ အောင်မြင်သော မိမိမွေးနေ့၏ နံနက် ၉ နာရီ ၄၅မိနစ်တွင် အိမ်ဘုရားတွင် လူနေဒါန်းထားသော ငွေရောင်မြေအိုးနှင့် အပြစ်အညွှန့် နံသင့်ပန်းအား မိမိ၏ မွေးနံ့ထောင့်တွင် လူနေဒါန်းပြီး လိုရာဆုတောင်းပါ။

ကျန် ကြက်သွန်နှင့် ယက်အား ညနေ ၃နာရီမှ ၄နာရီအတွင်း ရေမျှောပါ။ ရေမျှောစဉ် မိမိ၏နှုတ်မှ "ကျွန်ုပ်တွင်ရှိသော (————)ကိစ္စရပ်၏ သောကများ ဤကြက်သွန်အတွင်း၌ ပါသွားပါစေ"ဟု ပြောဆို့ရမည်။

တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်။

*****

ဆရာအောင်ဟိန်းဆက်(ပြည်)

www.burmeseclassic.com

www.burmeseclassic.com

၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

မိဿရာသီ

ARIES

(မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း)

ပန်းအိုးတွင်းမှ ပျိုးပင်ပေါက်ကလေး မြေကြီးပေါ် ပြောင်းရွှေ့ ကြီးထွားခွင့် ရတတ်ချိန်။ ပြောင်းလဲမှု တစ်စုံတစ်ရာကြောင့် အရာရာ လှုပနေပါလိမ့်မည်။ အောင်မြင်ခြင်း၊ အဆင်ပြေခြင်းကြောင့် ဂုဏ် ကျက်သရေတိုးခြင်း၊ ခိုက်ကျူးခံရခြင်း ကြုံလိမ့်မည်။ သို့ရာတွင် စိတ်ကူးယဉ်မှုကို လျော့ပါ။ ပန်းတိုင်မရှိ လျှင် ဘဝ မလှနိုင်ပါ။ ထို့ကြောင့် ဦးတည်ချက်၊ ရည်ရွယ်ချက် တိကျသော ပန်းတိုင်တစ်ခုထားရှိပြီး လှုပ်ရှားဆောင်ရွက်ကြည့်သင့်၏။ စီးပွားဥစ္စာ တရိပ်ရိပ်တိုးတက်မှု ကြုံရပါလိမ့်မည်။ ကျန်းမာရေး ကောင်းမွန်နေတတ်ပါသည်။ ဘဝခရီးအတွက် ရာသက်ပန် ခရီးဖော်ကို တွေ့ရှိရပါလိမ့်မည်။

ထီထိုးသင့်သောနေ့ - ကြာသပတေး၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၉)အဆုံး၊ (၆)အစ (၀)အဆုံး။
ယတြာ - မွေးနေ့တူသူ တစ်ဦးနှင့် တစ်နေ့တည်း ဘုရားသုံးဆူဖူးပါ။

ပြိဿရာသီ

TAURUS

(ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း)

စိတ်ကူးယဉ် အတွေးအခေါ်သစ်များကို လက်တွေ့ အကောင်အထည်ဖော်ခွင့်ရချိန်ပါ။ "ယုန်နှင့် လိပ်" ပုံပြင်ထဲမှ ယုန်ကလေးလို မဖြစ်စေရန် သတိပြုပါ။ သင်၏ အခြေခံ စွမ်းရည်စိတ်ဓာတ်မှာ ထက်မြက် နိုင်မာ၏။ သို့သော် တွေဝေစွာ စိတ်ကူးယဉ်နေပါက သင့်ဘဝ ဆိုးဝါးသွားနိုင်ကြောင်း သတိပြု ဆင်ခြင်ပါ။ ဘာမဟုတ်သော အသေးအဖွဲ ခံစားမှုများကို သင်၏ စိတ်ဓာတ်နှင့် သတိမူ ထိန်းသိမ်းသွားရန် အထူးလိုအပ်ပါသည်။ သင့်ကိုယ်သင် ယုံကြည်မှု ပြည့်ဝရန် အထူးလို၏။ ကျန်းမာစေရန် အပျော်အပါး အသောက်အစားရှောင်ပါ။ ချစ်ကံကောင်း၏။

ထီထိုးသင့်သောနေ့ - တနလ်း၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၄)အဆုံး၊ (၇)အစ (၂)အဆုံး။
ယတြာ - မေတ္တာသုတ်ရွတ်ပါ။ မေတ္တာပွားပါ။

မေထုန်ရာသီ

GEMINI

(မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း)

စိမ်းလဲ့လဲ့ မြင်ခင်းပြင်ပေါ်မှာ ကြည်နူးသာယာစွာ လျှောက်လှမ်းနိုင်ခွင့် ကြုံမည်။ မိုးပေါ်က ကျလာသည့် ထူးခြားသော စွမ်းအားသစ်များကို ရရှိတတ်ချိန်ပါ။ ပြဿနာအသေးအမွှားအချို့ကို ပုံကြီးချဲ့၍ လုပ်ကိုင် ဆောင်ရွက်ခြင်းကိုတော့ ဆင်ခြင်သင့်သည်။ ယခုကာလ အတောအတွင်း မိတ်ဆွေသစ် ရရှိခြင်း၊ ဝန်းကျင်သစ် ရရှိခြင်း ကြုံမည်။ စီးပွားရေးစွေးကွက်သစ်နှင့်လည်း အဆင်ပြေစွာ အကျိုးရှိ တတ်သည်။ ကျန်းမာရေးသင့်သော်လည်း အအေးမခံသင့်ပေ။ အအေးမိခြင်း၊ ရေချိုးမှားခြင်းကြောင့် ရောဂါရတတ်၏။ ချစ်သူထံမှ မင်္ဂလာစကား ကြားရတတ်၏။

ထီထိုးသင့်သောနေ့ - တနလ်း၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၆)အစ (၈)အဆုံး၊ (၂)အစ (၄)အဆုံး။
ယတြာ - မွေးနေ့တွင် သက်သတ်လွတ် စားပါ။

www.burmeseclassic.com

www.burmeseclassic.com

ကရကဋ်ရာသီ

CANCER

(ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း)

အောင်မြင် ကြီးပွားချမ်းသာလိုသော စိတ်ဓာတ်အား မီးကျည်ခဲကို မီးတရဲရဲတောက်လာအောင် မီးအားမြှင့်ပေးသင့်ချိန်မျိုးပါ။ ဖြစ်ချင်သည့်အရာထက် ဖြစ်နိုင်သောအရာကို ရွေးချယ်လုပ်ကိုင်သွားကြည့်ပါ။ လုံလ၊ ဝီရိယ ပိုနေခြင်းကြောင့် ခန့်ညားထည်ဝါသော ဘဝသစ်သို့ နေ့ချင်းညချင်း ပြောင်းလဲရောက်ရှိပါလိမ့်မည်။ ရသမှုနှင့် မရောင့်ရဲခြင်းကြောင့် စူးစမ်းရှာဖွေလေ့လာ အားထုတ်နေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ကြိုတင် ကာကွယ်ခြင်းသည် ရောဂါဖြစ်မှ ကုသခြင်းထက် ကောင်း၏။ ကျန်းမာရေး ဂရုစိုက်ပါ။

ထီးထိုးသင့်သောနေ့ - ကြာသပတေး၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၈)အဆုံး၊ (၂)အစ (၉)အဆုံး။
ယကြာ - မွေးနေ့ မွေးနံ့ထောင့်မှာ ရောသွယ်ပြီး ၂၄-ပစ္စည်း ပဌာန်းကို သုံးခေါက် ရွတ်ဆို ပူဇော်ပါ။

သိဟ်ရာသီ

LEO

(ဇူလိုင်လ (၂၂) ရက်မှ သြဂုတ်လ (၂၁) ရက်အတွင်း)

ဝိုင်ပေါ်က ကျလာသော စွမ်းအားသစ်များ ရရှိနိုင်ဖြစ်သည်။ မဖြစ်မနေလုပ်ဆောင်မှုကြောင့် ဘဝမြင့်မြတ်သို့ တက်လှမ်းနိုင်ပါလိမ့်မည်။ လူပြောမသန်၊ လူသန်မပြောဆိုသော ဆိုရိုးကို သတိထားပါ။ မိမိကိုယ် မိမိ ယုံကြည်မှု ပြည့်ဝစွာထား၍ လုပ်ဆောင်မှုကြောင့် ထူးချွန်စွာ တိုးတက်မှု ကြုံမည်။ အားပေး အားမြှောက်ပြုပြီး ကူညီအကြံပေးသည့် မိတ်ဆွေကောင်းများ မကြာခဏ တွေ့ ကြုံရတတ်၏။ အရာရာမှာ အောင်မြင်မှု ကြုံမည်။ ကိုယ်တိုင် သေချာစွာ လေ့လာလျက် ဝိုင်ဝိုင်နိုင်နိုင် ဆုံးဖြတ် လုပ်ဆောင်ကြည့်ပါ။ မိမိကိုယ်မိမိ ထိန်းချုပ်မှုနည်းပြီး အစားအသောက် မဆင်ခြင်၍ ကျန်းမာရေး ညံ့တတ်၏။ အချစ်ရေးမှာ ချစ်သူ၏ အထင်သေးမှု ခံရတတ်၏။

ထီထိုးသင့်သောနေ့ - ကြာသပတေး၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၈)အဆုံး၊ (၁)အစ (၇)အဆုံး။
ယကြာ - မွေးနံ့ထောင့်မှာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အုန်းဆွမ်း ကပ်လှူလျက် လိုရာဆုတောင်းပါ။

ကန်ရာသီ

VIRGO

(သြဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း)

ဖရိုဖရဲရှိသည့် မသေချာ မရေရာမှုများ [illegible]သွားပါပြီ။ ကံတရားအဆိုးအကောင်းအတွက် ကံကြမ္မာနှင့် စီးချင်းထိုးရလိမ့်မည်။ အခက်အခဲများစွာက စိန်ခေါ်နေ၍ ဒွိဟ သံသယများတတ်၏။ စိတ်မတည်မငြိမ်ဖြစ်နေခြင်းကြောင့် အားလုံးကို အရှုံးပေး၊ နှလုံးအားလိုစိတ်များ မကြာခဏဆိုသလို ဖြစ်ပေါ်နေတတ်ပါသည်။ ပူပြင်းသော သောကများ၊ ပြဿနာများကို ဖြေရှင်းရတတ်သည်။ ကျန်းမာရေးသင့်၏။ အချိန်အခါမဲ့ သွားလာမှုမျိုးကို ရှောင်ပါ။ စိတ်ရှည်ပြီး သဘောထား ပြည့်ဝသော ချစ်သူလေးတစ်ဦးကို ပိုင်ဆိုင်ခွင့် ကြုံမည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၈)အဆုံး၊ (၇)အစ (၉)အဆုံး။
ယကြာ - မွေးနံ့ထောင့်မှာ ရောသွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

တူရာသီ

(စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း)

ရင်ခုန်စရာ ကမ်းလှမ်းချက်တစ်ခုကြောင့် ပျော်ရွှင်ရချိန်။ ဘဝအမောများ ပြေပျောက်ခွင့်ရမည်။ ဆုံးရှုံးမည်ထင်ထားသော ငွေကြေးများ မထင်မှတ်ဘဲ ပြန်လည်ရရှိမည်။ ကိုယ်ချင်းစာနာတတ်သော စရိုက်ထူးက သင့်နှလုံးသားမှာ ရှိနေမည်။ သူတစ်ပါးကိစ္စကို စပ်စုရန် ဝါသနာမပါတတ်သကဲ့သို့ မိမိကိစ္စကိုလည်း သူတစ်ပါးကို ဖွင့်ပြောရန် မလိုလားတတ်ပေ။ ကျန်းမာရေးကောင်းပြီး လုပ်ငန်းဆောင်တာအဝဝကို တက်ကြွစွာ လုပ်ဆောင်နိုင်ရန် ဣရိယာပုဒ် လေးပါးကို မျှတစွာ နေထိုင်သင့်သည်။ လဲလျောင်းခြင်း။ ထိုင်ခြင်း။ ရပ်ခြင်း။ လမ်းလျှောက်ခြင်းတို့ မျှတစွာ နေခြင်းဖြင့် ပိုမိုကျန်းမာလာပါလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၆)အဆုံး၊ (၆)အစ (၉)အဆုံး။
ယကြာ - မွေးနေ့တွင် တန်ဖိုးကြီးဘုရားတစ်ဆူဆူသို့ သွားပြီး တံခွန်၊ ကုက္ကားနှင့် အောင်သပြေ လှူဒါန်းပါ။

ဗြိစ္ဆာရာသီ

(အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း)

အားပေးမှု လက်ခုပ်သံကျယ်ကျယ် ကြားရတတ်ခြိန်ဖြစ်သည်။ အပြုသဘောဆောင်သည့် လူမှုရေးကူညီမှုကို လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကြောင့် စေတနာအကျိုးပေးမှုကို ခံစားရလိမ့်မည်။ သင့်ဘဝ၏ လှုံ့ဆော်ချက်တစ်ခုကို ဆက်လက် လှုံ့ဆော်ထားရဦးမည်။ နီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များမှာ ထူးခြားသော အောင်မြင်ကိန်းရရှိပါတော့မည်။ ရပ်ဝေးဒေသ၊ နိုင်ငံရပ်ခြားမှ ကမ်းလှမ်းချက်များ ပြင်၏။ စက်မှုလုပ်ငန်း၊ ကွန်ပျူတာလုပ်ငန်း၊ ကုန်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို တိတိထိုင်ထိုင် လုပ်ကိုင်ရတတ်၏။ အပြင်ပန်းက ကြည့်လျှင် ကျန်းမာရေးကောင်းသည်ဟု ထင်ရသော်လည်း ကျန်းမာရေးအနည်းငယ် ချို့ယွင်းနေတတ်၏။ နေထိုင်စားသောက်မှု ဆင်ခြင်ပါ။ အောင်မြင် ပျော်ရွှင် သောအချစ်ကို ရရန် ဒေါသကို လျော့ပါ။

BURMESE CLASSIC .com

ထီထိုးသင့်သောနေ့ - တနလာ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၄)အစ (၇)အဆုံး၊ (၉)အစ (၀)အဆုံး။
ယကြာ - ယောဂီဝတ်တစ်ဦးကို ဆေးဝါးနှင့် ဝတ္ထုဒွေ လှူဒါန်းပါ။

ဓနုရာသီ

(နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၁) ရက်အတွင်း)

အခက်အခဲ ပြဿနာအချို့က စိန်ခေါ်နေပါသည်။ တွေဝေစရာ၊ စိတ်ညစ်စရာ၊ ဒုက္ခပြဿနာအချို့ကို ကြုံရတတ်ပါသည်။ ပရိယာယ် ကြွယ်ဝပြီး မိမိကိုယ်မိမိ အမြဲတစေ ဝေဖန် ဆန်းစစ်နေတတ်၍ အဆင်ပြေမှု ကြုံရပါလိမ့်မည်။ စဉ်းစား ဆုံဖြတ်မှု မလွဲမှားစေရန် အထူးအရေးကြီးပါသည်။ အလောင်အစားပြုမှုမျိုးနှင့် အဆင်မပြေတတ်ခြိန်ပါ။ မကောင်းမှုကို ရှောင်၊ ကောင်းမှုကို ဆောင်တတ်သူဖြစ်၍ ကူညီသူ မိတ်ဆွေ အထူးများပြားနေမည်။ မိမိ၏ ကျန်းမာရေး ဒေါင်ဒေါင်မြည်နေပါသော်လည်း ပိဘဆွေမျိုး အကြီးအကဲတစ်ဦး ကျန်းမာရေးအတွက် စိတ်လေးရတတ်၏။ ချစ်ကံထူး၏။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ တနလာ။
ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၄)အဆုံး၊ (၅)အစ (၂)အဆုံး။
ယကြာ - မွေးနေ့မှာ သမ္မဒ္ဓေဂါထာကို အခေါက်ရေ (၁၀၀) ရွတ်ဆို ပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

မကာရရာသီ

CAPRICORN

(ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း)

တိုးတက်မှုကို ဖော်ညွှန်းနေသော ကာလဖြစ်ပါသည်။ မိသားစုနှင့်အတူ ပေါ့ပေါ့ပါးပါး ပြုံးပျော်စရာ ကိစ္စလေးများ ကြုံမည်။ ကြိုးစားလျှင် ကြိုးစားသကဲ့သို့ အောင်မြင်ဖြစ်ထွန်း ကျယ်ပြန့်သော စီးပွားရေးအနေအထားတို့နှင့် ကြုံတွေ့ရပါလိမ့်မည်။ ခေါင်းအေးအေးထား လုပ်ဆောင်ပြီး သင့်အရည်အချင်း အစွမ်းအစများကို ဖော်ထုတ်နေမည်။ နိုင်ငံရပ်ခြားခရီးကို မမျှော်လင့်ဘဲ သွားရတတ်သည်။ ကျန်းမာရေးအတွက် ရာသီဥတုနှင့်အတူ ဝတ်စားနေထိုင်ပါ။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မှန်မှန်လုပ်ပါ။ ချစ်သူလေးက အလန်းလွန်၊ အလွန်လန်းနေမည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၆)အဆုံး၊ (၁)အစ (၃)အဆုံး။
ယတြာ - မိမိအိမ်နားရှိ ဘုရားရင်ပြင်ကို သန့်ရှင်းရေးပြုလုပ်ကာ ကုသိုလ်ယူပါ။

ကုမ်ဘာသီ

AQUARIUS

(ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း)

အကြံကောင်းတစ်ချက်ကြောင့် တိုးတက်မှု ကြုံရမည့်ကာလဖြစ်သည်။ ဘဝအတွက် ထူးခြားကောင်း မွန်သော အောင်မြင်မှု အခွင့်အရေးကောင်းများ ရရှိတတ်ပါသည်။ လတ်တလော ဆောင်ရွက်နေ သောကိစ္စတွင် နောင့်ယှက်သူအချို့ရှိနေပါသော်လည်း လုံးဝ ဂရုစိုက်ရန်မလိုပေ။ ယခုကာလတွင် ဂဏ္ဍီရဆန်သည့် ထူးဆန်းသော ကိစ္စရပ်အချို့နှင့် ကြုံတွေ့ရတတ်သည်။ ကျန်းမာစေရန် အစား အသောက်ကို ချင့်ချိန်စားသောက်ရန် လိုပါ။ ကျန်းမာစေရန် လေချွဲပ်စာကို လုံးဝရှောင်ပါ။ ရင်ကို အေးမြစေမည့် ချစ်သူလေးနှင့် တွေ့မည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၃)အဆုံး၊ (၆)အစ (၁)အဆုံး။
ယတြာ - ဘုရားသုံးဆူ ဖူးမြော်အောင် ဖူးပြီး အဓိဋ္ဌာန်ပုတီး (၉)ပတ်စီပါ။

ပိန်ရာသီ

PISCES

(ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း)

စီးပွားရေး လှုပ်ရှားနေအပိုင်းအခိုင်း ကျယ်ပြန့်မှု ကြုံရတတ်သော ကာလပါ။ လတ်တလော ဆောင်ရွက် သော ကာလမှာ ထင်ထင်ရှားရှား အောင်မြင်မှု ကြုံရပါလိမ့်မည်။ ဆရာသမား၊ မိဘဆွေမျိုးတို့နှင့် ရပ်ဝေးခရီးသွားရတတ်သည်။ ပြိုင်ဘက်တို့ အထင်ကြီး အားကျစေမည့် လုပ်ရပ်တစ်ခုကို လုပ်ကိုင် ခွင့်ကြုံမည်။ ရင်သန်ထက်မြက်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ခေါင်းမာသည့်အသွင်ကို ဆောင် နေတတ်ပါသည်။ ကျန်းမာရေး အစဉ်ကောင်းမွန်စေရန် လေ့ကျင့်ခန်းလုပ်ပါ။ ချစ်သူ၏ သဘောထား ပြောင်းလဲမှုကို ရုတ်တရက်ကြုံမည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၆)အစ (၀)အဆုံး၊ (၄)အစ (၂)အဆုံး။
ယတြာ - နှင်းဆီအနီရဲရဲ (၁၀)ပွင့် ကပ်လှူလျက် လိုရာဆုတောင်းပါ။

*****

www.burmeseclassic.com